
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နက္ခတ္တရောင်ခြည်


နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်













**စိန္တေယျလေးပါး**

**ဘုရားရှိခိုးဂါထာ**

၁။ ရူပအာစိန္တေယျဂါထာ
ရူပ ရူပ ဝိလာသဂ္ဂ
ရူပါ စိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ
တေနမှာတုလ ရူပဝါ။

၂။ ဝါစာအာစိန္တေယျဂါထာ
ဝါစာ ဝါစာ ဝိလာသဂ္ဂ
ဝါစာ စိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ
တေနမှာတုလ ဝါစကော။

၃။ ဉာဏအာစိန္တေယျဂါထာ
ဉာဏ ဉာဏ ဝိလာသဂ္ဂ
ဉာဏာ စိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ
တေနမှာတုလ ဉာဏဝါ။

၄။ ဣဒ္ဓိအာစိန္တေယျဂါထာ
ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ
ဣဒ္ဓိ စိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ
တေနမှာတုလ ဣဒ္ဓိမာ။

အနက်

၁။ **ရူပ ရူပ ဝိလာသဂ္ဂ ရူပါ စိန္တေယျ သံယုတ္တံ** – ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မြတ်သောအဆင်း၊ မကြံအပ်မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ** –ကျေးဇူးတော်စစ်ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ**–ရှိခိုးပါ၏။ **တေန**–ထိုသို့ ရှိခိုးရသောကောင်းမှုကြောင့်၊ **အတုလရူပဝါ** – အတုမရှိသောအဆင်းနှင့် ပြည့်စုံသည်၊ **အမို**– ဖြစ်ရပါလို၏။

၂။ **ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာ စိန္တေယျ သံယုတ္တံ** – ပကတိသောစကား၊ အလွန်တင့်တယ်သော စကား၊ မြတ်သောစကား၊ မကြံအပ် မကြံစည်နိုင်သော စကားနှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ** –ကျေးဇူးတော်စစ်ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ**– ရှိခိုးပါ၏။ **တေန**–ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်၊ **အတုလဝါစကော**–အတုမရှိသောစကားနှင့် ပြည့်စုံသည်၊ **အမို**– ဖြစ်ရပါလို၏။

၃။ **ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏာ စိန္တေယျ သံယုတ္တံ** –ပကတိသောဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မြတ်သောဉာဏ်၊ မကြံအပ်မကြံစည်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ** –ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ**–ရှိခိုးပါ၏။ **တေန**–ထိုသို့ ရှိခိုးရသောကောင်းမှုကြောင့်၊ **အတုလဉာဏဝါ**–အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်၊ **အမို**– ဖြစ်ရပါလို၏။

၄။ **ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိ စိန္တေယျ သံယုတ္တံ** –ပကတိသောတန်ခိုး၊ အလွန်တင့်တယ်သော တန်ခိုး၊ မြတ်သောတန်ခိုး၊ မကြံအပ် မကြံစည်နိုင်သောတန်ခိုးနှင့် ပြည့်စုံ တော်မူသော၊ **သာရဂုဏောပေတံ** –ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ**–ရှိခိုးပါ၏။ **တေန**–ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်၊ **အတုလဣဒ္ဓိမာ**–အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်၊ **အမို**– ဖြစ်ရပါလို၏။

လောကီ ပညာ ရသ စုံ မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း



အမြင့်(၉)လက်မကျော်ခန့်ရှိ၍ အလေးချိန်မှာ သာမန်ကြေးသံတို့ထက် များစွာ သာလွန်စီးပိုးနေသည့် လောဟာစပ်ရုပ်တုမှာ...

စာ-၄၅


နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics Training (London)
M.C.P.A; A.T.C.M (Wuhan), D.M.A
Senior Fellowship of Aryuvedic Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med., T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
မေ့မြဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊ သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယရေ၊ မေ့ဓာဝရိယ)
* ဦးသန်းအောင်ဌေး
[မေ့ဓာဝရိယ (မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊ တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးဖြန့်ချိရေး
နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိလ္လိနာစာပေ (တောင်ကြီး)၊
ဝဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ဋ္ဌေး
မင်္ဂလာ ဒီးပွားရေး ကြော်ငြာလုပ်ငန်း




၂၀၁၆ ခုနှစ်၊ မတ်လ
အမှတ် ၃၅၆
တန်ဖိုး – ၂၁၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်တစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄




F.1B. March, 2016.

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော အလင်းတန်းကြီး
ဖြစ်ပေါ်နေသော
လေးမျက်နှာ ရွှေလှကြီးစေတီတော်မှာ...
စာ-၉၀

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်
မပုပ်သိုးဘဲ ရုပ်ကလာပ်တော်ကို
မှန်ခေါင်းသွင်းကာထားသည်...
စာ-၂၆



## တွေ့ဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
သဘာဝဓမ္မတိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း
(တဆ-ဝ၂၀၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
လေငန်းလေဖြတ်ရောဂါ ကာကွယ် စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၁၇၄

## ပညာပေးရောင်ခြည်

တိမ်တံခွန် နိမိတ် [ဗိုလ်မင်း-မင်းလှ] ၉၁
ပေဒင်အတွေး၊ ပေဒင်အမြင် (ဘုမ္မိအရပ်က ဗိမ်ာတောင်ရှင်)
[အေးချမ်းအောင်-ရမည်းသင်း] ၁၅၉
အင်္ဂဝိဇ္ဇာအတွေး၊ အင်္ဂဝိဇ္ဇာအမြင်
(ထွက်စေလိုလျှင်သတိယှဉ်) [အင်္ဂဝိဇ္ဇာသုတေသီတစ်ဦး] ၂၀၆

## လက္ခဏာရောင်ခြည်

သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၃
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊
မင်္ဂလာလမ်း၊ မင်္ဂလာသိရိပရိယတ္တိစာသင်တိုက်ကြီး၏
ဦးစီးပဓာန နာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ
ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ(စေတီယင်္ဂဏ၊ သာသနဓဇ
ဓမ္မာစရိယ၊ ပရိယတ္တိသာသနပါလဓမ္မာစရိယ၊ LL,B)၏
လက္ခဏာတော် [ဆရာဦးခင်မောင်လင်း-B.Sc၊ ရွှေဘို] ၁၃၇
နိုင်ငံခြားမှာ ပညာသွားသင်ရကိန်းရှိလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၄၉
လက္ခဏာပဟေဋ္ဌိ အဖြေညီကြစို့ ၁၈၂
ချစ်မှုရေးရာ လက္ခဏာ [ဦးသော်ခင်-ဟသ်ာတ] ၂၀၈

## လမ်းညွှန်ရောင်ခြည်

ရေစာတွ် အထောက်အပံ့အားကောင်းသည့်
ရမည်းသင်းမြို့ ရဟန္တာသိမ်နှင့် ရုပ်ပွားစေတီများ
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၉
သမိုင်းဝင် ကျောက်တန်းလေး ရေလယ်စေတီတော်
[အရပ် ဆရာသိန်း-လပွတ္တာ] ၁၇
ကျောက်တံခါးမြို့အနီးမှ ဖြစ်စဉ် ထူးခြားသော
ရွှေဘုန်းပွင့်မြတ်စွာဘုရား ကုန်းတော်မြေ(၁)[စံထွန်းသာ] ၁၃
မှတ်လအိ မှတ်လအပ် တောင်ထွတ်များပေါ်
ဆံတော်ရှင် ဘုရားဖူးခရီး (၆) [အောင်ဇ-LL,B] ၇၃
ပဉ္စမီစေတီ ပုလဲမြူဆီသို့(၂) [ထိုင်ငယ်စု] ၁၂၉



www.burmeseclassic.com

www.burmeseclassic.com


## ○ အထူးကဏ္ဍရောင်ခြည် ○

ဆားတောင်မ ရွာဦးမှ ငရဲဘုရားနှင့်
ရှေးမှတ်တမ်းများ(၁) [ဇင်ညိုငယ်] ၅၇
ဝေဘူချောင် တောင်တန်းတစ်ခွင်မှ ဖြစ်စဉ်ထူးခြား
ကြည့်ညိုဖွယ်ရာများ(၂) [ငြိမ်းသော်တာ] ၆၅
မြိုင်မြို့ ရွှေမြင်းထင်စေတီမှ ထူးခြားသော
နိမိတ်ဆောင် ရုပ်တုများ(၂) [ခရီးသည်သုတေသီ] ၈၁
တင်ဆုပန် ရှင်အရဟံ ခြေတော်ရင်းမှာလ
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၉၇
ကျိုက္ကမီနယ်မှ ကဒါတ်ထောက် ဝါးကျောင်းနှင့်
ဆရာတော်ဦးသုန္ဒရ၏ ဘဝကောက်ကြောင်းများ(၁) ၁၁၃
အာစရိ နမာမိ (၄)
[ဒေါ်သုမနဝီစိတ္တ-B.Sc, H.G.P, Dip.Ed] ၂၆၅

## ✌ ကိုယ်တွေ့ရောင်ခြည် ✌


ပရလောကသားကြောင့် သေဆုံးခြင်းလော
[ဘဘမှုံ-ဖျာပုံ၊ ဇရာဝို(မ)] ၂၄၉
ကြွေရည်သုတ် သံပန်းကန်ပြားတစ်ချပ် [ကောင်းသုခ] ၂၇၃
မနေသင့်သော မနေအပ်သော အိမ်ရှိုညပ်များ
[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၂၇၈
ဆေးရုံပေါ်မှ အတွေ့အကြုံများ[မျက်စိဆေးရုံကြီးဝယ်]
[စောမိသွင်-ရန်ကုန်] ၂၈၅
ထူးတာတွေ့တော့ ပြောချင်ပြချင်[ရဟန္တာကို ဖူးခဲ့ဖူးသော်
လည်း မည်သည့်ဆုမျှ မတောင်းခဲ့မိ]
[မောင်ကံ-တံတားရွာ] ၂၉၅

## * ကျင့်စဉ်ရောင်ခြည် *

စပ်မိစပ်ရာ ကိုယ်တွေ့ကျင့်စရာ
[သီလ-ရေတံခွန်တောင်] ၁၂၅
ရာဟုဂြိုဟ် ဂြိုဟ်အိပ်ဂြိုဟ်စားနှင့် ကျင့်စဉ်
[မနှင်းဆီ-ရေဆင်း၊ နေပြည်တော်] ၁၉၃

## ● အစီအရင်ရောင်ခြည် ●

မကျန်းမာသူများအတွက် သက်ရှည်ကျန်းမာစေရန်
သဲပုံစေတီတည်နည်း [စလင်း ဦးကျော်] ၁၃၃
တိုးနဝင်း ကက်ကင်းဘုရား [မောင်အောင်ဝင်းမန်း] ၁၇၇
တွမ်းခလေ့ အခေါ်အဝေါ်အချို့နှင့် ဖူးစာတိုင်
ပူဇော်မှုအစီအစဉ် [ထွေးမောင်] ၁၇၉
တိရစ္ဆာန်အဝဝတို့အတွက် ယတြာအစီအရင်
[ဂါမဏိဇော်-ဝိဇ္ဇာရေ၊ စစ်ကိုင်း] ၂၀၁
ကမ္ဘက်တစ်ထောင် စာမ ဆေးအစီအရင်
[ခရီးသည်သုတေသီ] ၂၀၉
အလုပ်အကိုင် ရာထူးအရွေ့အပြောင်းများအတွက်
ဝမ္ဗိရနည်းလေးတစ်ခု [မောင်အောင်ကျော်-အိမ်မဲ] ၂၈၀

ဘုံမြင်းဖြူကွင်း
သားသမီးရတနာ မထွန်းကားသူများ
ပွဲတင်ဆုတောင်းပါက ... စာ-၁၃၀


ရေပြည့်ကျင်းရေကား
ရောဂါအသွယ်သွယ်ကို မဖြစ်ပွားအောင်
ကာကွယ်ပေးသည်ဟု ... စာ-၆၈





www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့ အနေအထားမှာ
စက်လဲမကျိုး မျက်လုံးဖွင့်ပြီး ပြုံးကြည့်နေတဲ့
ပုံစံရှိနေပေမယ့် ဂူ့မ်းစကို နှာခေါင်းနားကပ်ကြည့်တော့

စာ-၁၀၅

မေဂျာကာချစ်ဒွေးကဲ့သို့
ကိုလုံကြွယ်ဝစေရေးရည်မှန်းကာ ဆိတ်ရုပ်များကို
သင်ပုတ်ပဋ္ဌာန်းအောက်ခံပြုလုပ်၍

စာ-၈၂




## ❐ အပ္ပိရုပ်ကံရောင်ခြည် ❐

သရေခေတ္တရာ ကျောက်ညွန့်ကျမ်းလာ
ရသေ့ရိက္ခာထောက်လမ်း [ခင်စိုး-အုပ်ဖို] ၇၀
ဆရာဆောင်၏ ဆေးဒန်းသတ္တုချနည်း
[ဗိဇ္ဇာမဟိဒ္ဓိဆရာဦးသန်းမြင့်] ၁၀၂
ဂန္ဓာရီ ဝိဇ္ဇာတို့ ပြောသော ပြဒါးအတတ်
[ရဲမျိုးသူ-ပောမိမြို့င်] ၁၆၉
တောဟင်းဂလာနှင့် ပြဒါးမှုလခဲ
[မောင်နေသွေး-ဝက်လက်] ၂၀၀

## ✶ ဂါထာမန္တန်ရောင်ခြည် ✶

အံ့ဩစရာ သည်ဂါထာ [နန္ဒကျော်-လ/သ] ၁၉၁
ဂမ္ဘီရအနွယ်ဝင်နှင့် သိဒ္ဓိတင်ဂါထာများ [အုံကြွယ်] ၁၉၄
အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ [ကိုစနေ] ၂၆၂

## ✻ ဆေးနည်းဟိုရောင်ခြည် ✻

ဆီးချိုသွေးချိုနှင့် ကင်းပုံခါးသီး [မောင်အေးကြူ-စီးပွားရေး] ၁၇၂
ဆီးကျောက်တည်ဝေဒနာရှင်နှင့် အစွမ်းထက်လှသည့်
ရှူးပုံသေး [စိုးမင်း-မြောက်စည်း] ၁၇၉
မိတ်ပေါက်သူများနှင့် သွားကိုက်သွားနာပျောက်စေဖို့
[ဆရာမဒေါ်ခင်သန်းဦး-ဖန်ခါးမြေ] ၃၀၁

## ◆ ဆေးဗေဒရောင်ခြည် ◆

သံဖြူဇရပ်မြို့နယ်မှ တိုင်းရင်းဆေးဆရာကြီးတစ်ဦး၏
လိမ်းဆေးနည်းနှင့် ဆေးဖော်နည်း [နယ်လှည့်ခရီးသည်] ၄၇
သွားကိုက်ရောဂါအတွက် ဆေးကောင်းတစ်လက်
[ကိုထွန်း-မင်းလှ] ၈၇

## ⁜ ဂမ္ဘီရပုတ္တရောင်ခြည် ⁜

အဘိုးတလမွန်နှင့် စိန်ဘလာတောင်ရတနာသိုက်(၃)
[ဝသုန်သက်လွင်] ၂၅၇
ငှက်ပျောပင်စောင့် နတ်သမီး [မျိုးတင့်-ညောင်လေးပင်] ၂၈၉

## † ထူးခြားသစ်ပင်ရောင်ခြည် †

မယ်တော်ကြီးဂမုန်းအပြိုင် စီးပွားလှိုင်
[နတ်မောက် ကောင်းမွန်မြင့်] ၁၅၃
မှော်ရှင်နှင့် နွယ်ရှင် [ဇင်ငြိမ်းလင်း] ၁၆၄

## ✤ ဗဟုသုတရောင်ခြည် ✤

ခွေးရူးကိုက်ပျောက်ဆေး၊ ပိတုန်းအစီအရင်၊ ပုဂ္ဂလပညတ်
ဆေးပညာနှင့် အခြားမှတ်သားစရာများ
[ပေါင်းတည်မြရှိန်] ၂၁၇
မြေရာကိုကြည့် လူ့အရပ်သိ [ကျော်ဝင်းဖြူ] ၂၂၁




www.burmeseclassic.com

www.burmeseclassic.com


**† ထူးခြားပစ္စည်းရောင်ခြည် †**

သထုံမြို့ စတုဘုမ္မိက ကျောင်းမှ ထူးခြားပစ္စည်းများ
[ခင်ထွန်း] ၄၁

ထူးခြားသော ဝါးအမြွတော [သက်မှူးပိုင်-ပန်းတောင်း] ၁၁၉

**✳ ကုထုံးရောင်ခြည် ✳**

နောက်ပြန်လမ်းလျှောက် ဒူးနာပျောက် [ဆရာသညာမှူး] ၁၆၀

ကိုယ်သင်းရနံ့ လေညင်းသို့ ပျံ့စေရန်
[ဦးမင်းဖေ-ရွှေနဝင်း] ၂၀၃

ခါးနာခြင်းအတွက် ကုထုံးဆေးချက်(၃) [ခွန်စိုင်းဝမ်း] ၂၁၁

**✤ အမျိုးသမီးအထူးရောင်ခြည် ✤**

စားကောင်းတဲ့ ဝက်သားကောက်ညှင်းထုတ်လေး
[ဇွလိုင်မိုး] ၁၀၁

ဝက်သားမျှစ်ချဉ် ပိန်းဥဟင်း [ခင်ဖြူဝင်း] ၁၁၀

**○ သုတေသနရောင်ခြည် ○**

စိတ်ဝင်စားဖွယ်ကောင်းသော ထိုမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥမ္မဒေဘွဲ့] ၁၄၁

ထုတ္တန့်သိမ်ပုထိုးတော်မှ ရှေးခေတ်ရခိုင်ရိုးရာ
ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၇)
[ပန်းချီထူးလှ-ရှေးဟောင်းသုတေသန] ၁၄၅

**○ မြစ်ချင်းပြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○**

အဆိပ်ကိုပြေစေသော ခရာနီပင်အစွမ်း [မြဒင်-ဖင်းကျိုက်] ၂၁

**✲ ဗေဒရှာနဲ့ရောင်ခြည် ✲**

ကျွဲနွား အသားမာရောဂါ ကုသနည်း မခက်ပါ
[ကိုကိုအောင်-မြကန်သာ၊ ဝက်လက်] ၃၈

နွားကျွမ်းကျင်ဆရာကြီး ဦးထွန်းသိန်း ချီးမြှင့်သည့်
အစက်အပြောက် အမှတ်အသားကို ကြည့်၍
နွားကောင်းနွားညံ့ ခွဲခြားနည်း
[ရတနာဆင်မင်း-တုံရွာ၊ ဆားလင်းကြီး] ၂၁၄


**⊠ ကြည်ညိုခြင်းရောင်ခြည် ⊠**

မင်းလှမြို့ မြောက်ဖျားဆီမှ မဏိရတနာစေတီနှင့်
ကြည်ညိုဖွယ် ရဟန်းတစ်ပါး [ခရီးသည်သုတေသီ] ၁၂၁

**✻ အောင်မြေရောင်ခြည် ✻**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၃၇) [ရွှေဂူကြီးစေတီတော်]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၉

တောင်တန်းသာသနာပြု ဆရာတော်ကြီး တည်တော်မူခဲ့
သော အိမ်မဲမြို့နယ်မှ မေတ္တာစာတိပန္နက်အောင်မြေ
စေတီတစ်ဆူ [မောင်အောင်ကျော်-အိမ်မဲ] ၁၆၁

**တရားရှုမှတ်မှုကို လုပ်ချင်ရင်လည်းလုပ်မည်**
**မလုပ်ချင်ရင်လည်းလုပ်မည်**
**နောက်သို့ဆုတ်မည် မဟုတ်…**

စာ-၄၉

**တောင်တန်းသာသနာပြု ဆရာတော်ကြီးသည်**
**ဒေါင့်ချွတ် နံ့သား ဂူမြို့မြိုင်ပြောင်းပြောင်းလေး၌**
**ထိုင်းသော်မှုကြီး ပရိတ်တရားရွတ်ဖတ်ခြင်းနှင့် မေတ္တာပို့ခြင်းကို…**

စာ-၁၆၁





www.burmeseclassic.com

www.burmeseclassic.com



ရေဘယ်လောက်ကြီးကြီး
ဘုရားအောက်ပလ္လင်အဆင့်ကိုတော့
ရေတစ်ခါမှ မရောက်ဘူးလို့ ပြောကြတယ်...
စာ-၁၇



ဝိဇ္ဇာဓရ
ဆိုင်ရာ
ပယောဂ
ဝေဒနာ
အားလုံးအတွက်
အသုံးပြုသော
ကမ္မက်
တစ်ထောင်
သေးစာမ
ဖြစ်သည်...
စာ-၂၀၉



လူသူ
အဝင်အထွက်
စည်ကား
စေသော
သစ်တံခါး
ဟု...
စာ-၄၂

✧ ထီဗေဒရောင်ခြည် ✧


၂၀၁၆ ခုနှစ်၊ မတ်လ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၂၇
၂၀၁၆ ခုနှစ်၊ မတ်လတွင် ထီဆုကြီးများ
ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၆၈


✪ အင်းဓမရောင်ခြည် ✪


ပဌာန်းစေအင်းဖြင့် အန္တရာယ်ကင်းပြီး လာဘ်ရွှင်အောင်
[အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်] ၁၀၉
သားသမီးရရန် ယတြာ [နိုင်ဇော်အောင်-ရွှေကျွန်း] ၂၇၁


✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


ရွှေဘိုမြို့နယ် သီးလုံးရွာမှ ရုပ်ကလာပ်တော်မပုပ်သိုးသော
ဆရာတော်ဦးစန္ဒိမာ [လွယ်ကောင်းအောင်] ၂၅
မိုးကုတ်ဆရာတော်ကြီး၏ တရားတိပ်ခွေဖြင့် တရားထူး
ပေါက်မြောက်တော်မူသည့် ဆရာတော်ဦးသာဂရ
[စံထွန်းသာ] ၄၉
ရေးမြို့ မူရင်းမူလ တောရကျောင်းမှ ရုပ်ကလာပ်
မပျက်စီးသည့် ဆရာတော်ဦးသူရိယ(၂) [ဇင်ညိုငယ်] ၁၀၅


✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤


အောက်လမ်းဆရာကြီး ဘစိမ်းနှင့်
ကဝေရုပ်ပိုင်ရှင် အဘွားပု [ထွန်းအေးကြိုင်-ရွှေတောင်] ၂၃၃
ကျောင်းအောက်မှ သိုက်နန်းရှင်များနှင့် ထူးခြားသော
ဆရာလေး [စိုးလင်းအောင်-မြန်အောင်] ၂၄၁
နဂါးကျစ်မှာတွေ့သော မြွေကြီးသည် နဂါးလေလား
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၈၁


✣ စာမေးပွဲအထူးရောင်ခြည် ✣


စာမေးပွဲကြီး အောင်ပါစေ [အောင်နန္ဒစံ-ကျိုက်လတ်] ၁၆၂


✪ အမေးအဖြေရောင်ခြည် ✪


အောင်ဗိုးတည်ခြင်း အစီအရင်နှင့် အခြားအစီအရင်များ
သိသူများမှ ဖြေကြားပေးပါရန်
[နတ်မောက် ကောင်းမွန်မြင့်] ၇၉
အသံမပြည်သောဆည်းလည်းလေး သိသူများမှ ဖော်ထုတ်
ပေးစေချင် [ချစ်မုန်းခင်-ကြို့ပင်ကောက်၊ လယ်တီ] ၁၅၇

www.burmeseclassic.com

## ✧ ဗိဇ္ဇာဓရရောင်ခြည် ✧


ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်ခဲ့သော စဥ့်အိုးလေး
[ရဲမျိုးသူ-ဗောဓိမြိုင်] ၂၉

ကျွန်းပ်နှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ (၂)
[မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရ]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၈၅


## ✂ နေ့စဥ်သုံး ဘဝလမ်းညွှန်ရောင်ခြည် ✂


၂၀၁၆ခုနှစ်၊ မတ်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၅၅

၂၀၁၆ ခုနှစ်၊ မတ်လအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၂၁၆

၂၀၁၆ ခုနှစ်၊ မတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂

၂၀၁၆ ခုနှစ်၊ မတ်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၃၀၄


## ✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧


တစ်နှစ်တာအတွက် ခရီးမသွားသင့်သော၊ မနေအပ်သော
အရပ်သိရန် နမဥ္စကိန်းတွက်နည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၄၀

ကျေးလက်တောရွာက မြန်မာ့ရိုးရာ ယတြာအပိုင်းအစများ
[မောင်ဗဟိန်း-အင်းတော်] ၁၂၆


## ◆ ကျန်းမာရေး ဓာတ်ဓာရောင်ခြည် ◆



၂၀၁၆ ခုနှစ်၊ မတ်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၀၃


## ● ပရလောကရောင်ခြည် ●


အကျိုးစားသန်သည့် တစ္ဆေ [အောင်ကျော်သူ-ရှိုးမမြေ] ၂၂၅
မမှားနိုင်သော သင်္ကေတ [မောင်ရင်ထွေး-မအူပင်] ၂၃၀
ပရလောကသားတွေလဲ လူကို ကူညီတတ်ကြ၏
[နေဝန်းနီ] ၂၃၈
ကလေးတစ္ဆေစီးသော မရဏာပုခက် [ဦးစိုး-မတ္တရာ] ၂၅၅
ကြွေးတောင်းတဲ့ လူဝင်စား [ပန်းတနော် နောင်လတ်] ၂၅၃
ဆရာပင့်မှားသော ပရလောကသား [နေဇော်-နဂ္ဂဟာ] ၂၉၇
နှစ်(၄၀)က ညတစ်ည [ပင်စင်စား မောင်လှ] ၃၀၂




ဒီတွေကတော့ ကျိုက်ထိုမိကာဒိတ်ထောက်
ဝါးကျောင်းဆရာတော် ဦးသုန္ဒရဆီကို
အပိုအလျောက် ကြွတော်မူလာတဲ့ ဓာတ်တော်တွေပါ...
◆ စာ-၁၁၇



ဆရာတော်ကြီး
တွေကို
လျှာထား
တော့မှ
ရှင်အရဟံ
ရဲ့
မြေတော်ရာ
ဖြစ်ကြောင်း...
စာ-၉၉ ◆



ဒီ
ဆည်းလည်းကို
ဘာပစ္စည်းနဲ့
တီးခတ်သည်
ဖြစ်စေ
အသံ
လုံးဝ
မထွက်ဘူး...
စာ-၁၆၇ ◆



www.burmeseclassic.com

www.burmeseclassic.com

ရေစာတ် အယောက်အဝံ့ အားကောင်းသည့် ရမည်းသင်းမြို့

# ရဟန္တာသိမ် နှင့် ရုပ်ပွားတော်များ

ဘုန်းကျော်စွာ
(မြိုဝ်တက္ကသိုလ်)



▲ ရမည်းသင်းမြို့ ကျိုးနီကန်ရေပြင်တစ်စိတ်တစ်ဒေသ

ရမည်းသင်းမြို့ အနီးဝန်းကျင်မှ ထူးခြားသော နေရာဒေသအချို့သို့ သွားရောက်လေ့လာ မှတ်တမ်းပြုပြီးနောက် ခရီးမဆက်မီ ရဟန္တာသိမ်နှင့် မင်းနန်သူဘုရားအား သွားရောက် ကာ နှုတ်ဆက်ဂါရဝပြုသည်။

ရမည်းသင်းခရီးစဉ်တွင် ဆိုင်ကယ်ဖြင့် ကူညီပို့ဆောင်ပေးသည့် ငွေအိမ်စံ ကာဖီးပိုင်ရှင် ဦးမြဲဆောင်က ဤသို့ အကြံပြုသည်။

'မင်းနန်သူဘုရားသွားရင် ကျိုးနီကန်ကိုလဲ တစ်ပါတည်း လေ့လာသွားသင့်တယ်။ ရမည်းသင်းမြို့ရဲ့ အဓိကရ ရေကန်ကြီး၊ ရေးဟောင်းသမိုင်းဝင် နေရာပါ ဆရာ၊ ဘုရားနဲ့ သိပ်မဝေးပါဘူး'

## ကျိုးနီကန်

ဤသို့ဖြင့် ရမည်းသင်းမြို့ဦးရှိ ကျိုးနီကန်သို့ ဦးစွာ သွားရောက်လေ့လာဖြစ်သည်။ ကပ်ဦးမဟာသမ္မတမင်း တူးဖော်ခဲ့သည်ဆိုသော ဤရေကန်ကြီးမှာ အလျား,အနံ တစ်တိုင်(၂ မိုင်) စီရှိ၍ ရှေးက **ကုဏ္ဍလကန်**ဟု တွင်ခဲ့ကြောင်း သိရသည်။

ရေပြင်သည် ကြည်လင်၍ မျက်စိတစ်ဆုံး မြင်ရသော ရေပြင်ကျယ်ကြီးက ပင်လယ်ကမ်းခြေသို့ ရောက်နေသည့်အလား လွတ်လပ်အေးငြိမ်းခြင်း ခံစားမှုကို ပေးစွမ်းလေသည်။

ရမည်းသင်းမြို့ သမိုင်းအရ မွန်တိုင်းရင်းသားတို့ အခြေချ နေထိုင်ခဲ့ခြင်းကြောင့် ရာမညသင်မှ ရမည်းသင်းဟုခေါ်ကြောင်း ယူဆကြ၏။ **[ရမည်းသင်းမြို့ ရွှေမြင်တင်ဘုရားသမိုင်းအရင်းအမြစ် စာအုပ် စာမျက်နှာ–၁၄]** ရာမည=မွန်တို့ဌာနေ ဇာတိမြေ၏ အမည်နာမဖြစ်၍ သင်=(ငွေ)နှင်းဟု နီးစပ်သော အသံထွက်ရှိ၏။) ငွေဟု အဓိပ္ပါယ်ရ၏။

ငွေမြေဟု ယူသော်ရ၏။ မူလဌာနေ ရွှေမြေ(သုဝဏ္ဏဘူမိ)နည်းတူ မြင့်မြတ်သန့်စင်သော မြေဟု ညွှန်းဟန်ရှိသည်။

ပင်လယ်ကမ်းခြေဖြစ်သော **ရွှေမြေ** သုဝဏ္ဏဘူမိနည်းတူ **ငွေမြေ**ဟု ဆိုနိုင်သော ရမည်းသင်းမြို့အနီး ကျယ်ပြန့်သော ဤကန်ရေပြင် တည်ရှိခြင်းက မူလဂုဏ်ရည်ကို ပြည့်စုံစေပေသည်။

ရမည်းသင်းကား ပုဂံခေတ်တွင် စတင် စည်ကားခဲ့သော နေရာဒေသဖြစ်ကာ လယ်တောင်ကွင်း၊ စပါး ရမည်းသင်းဟု ဆိုရိုးရှိခဲ့၏။ တောင်ကျစမ်းရေများကို ဆည်ဖို့ ထိန်းသိမ်းဖြန့်ဝေလျက်ရှိသော လယ်တွင်းကိုးခရိုင်သည် လယ်ယာမြေကောင်းများ တည်ရှိသော အဖိုးတန်နေရာ ဖြစ်သကဲ့သို့ ရမည်းသင်းမှ စပါးမျိုးကောင်းမျိုးသန့်များ ထွက်ရှိသည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း သိရ၏။ **[ရမည်းသင်း ရွှေမြင်တင်ဘုရားသမိုင်း၊ စာမျက်နှာ–၃]**

စပါးတို့မည်သည် မျိုးကြဲရန် မြေပြင်ချိန်မှ စတင်ကာ အနှံများပေါ်စ အချိန်အထိ ရေအမြောက်အမြားကို အားပြု






www.burmeseclassic.com

www.burmeseclassic.com



▲ ရဟန္တာသိမ်အဝင်ဝ



ရဟန္တာသိမ် ဘုရားဆောင်ပြာသာဒ် ▶

ရသော သီးနှံဖြစ်လေရာ စပါးမျိုးသုန္ဒ နာမည်ကျော်သော ရမည်းသင်းနှင့် ကျယ်ပြန့်သော ဤကန်ရေပြင်သည်လည်း လိုက်လျောညီထွေ ရှိလှပေသည်။

**ကုန္တလာကန်မှ ကျီးနီကန်**ဟု ပြောင်းလဲလာရခြင်းကို မသိရှိရသော်လည်း ဤရေကန်ကိုမှီ၍ တရားအသိထူး ရရှိစေသည်ကို သတိပြုမိသည်။

အရှင်နာဂသိန်က မိလိန္ဒမင်းကြီးအား ဤသို့ မိန့်ကြားတော်မူခဲ့သည်။

'ရွှံ့ညွန် အလိမ်းလိမ်းကပ်သော ယောကျ်ားတစ်ယောက်သည် ကောင်းစွာပြည့်၍ အညစ်အကြေးမရှိ သန့်ရှင်းစင်ကြယ် အေးချမ်းသောရေ ရှိသော ရေကန်သို့ ရောက်လျက်နှင့် ရေမချိုးဘဲ ပြန်သွားသကဲ့သို့...

လာခြင်းကောင်းသော ဘုရားရှင်၏ မြတ်သော ဝိမုတ္တိဟု ဆိုအပ်သော ရေဖြင့် ပြည့်သည့် သူတော်တရားတည်းဟူသော ရေကန်သို့ ရောက်၍ ကိလေသာ အညစ်အကြေးကို မလျော်မဖွပ်ဘဲ ပြန်ထွက်သွားသည့် လူယုတ်ကို သာသနာတော်မြတ်သည် အလိုလို အဘယ်သို့ တရားကို သိစေနိုင်သနည်း'

ကြည်လင်သန့်ရှင်းသော ရေပြည့်ကန်နှင့်တူသော သာသနာတော်နှင့် ကြုံကြိုက်ခိုက် တရားအသိဓမ္မအရသာကို ရနိုင်သမျှ ရယူနိုင်ကြစေရန် တိုက်တွန်းသကဲ့သို့ ရှိပေသည်။

## ရဟန္တာသိမ်တော်

ယင်းကဲ့သို့ ရှင်နာဂသိန်၏ ဆုံးမဩဝါဒကို သတိရမိသဖြင့် ကျီးနီကန်ရေပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးအရသာကို ခံစားလျက် တရားလမ်းညွှန်ဆရာ သင်ပြခဲ့သည့် ပဋ္ဌာန်းဂုဏ်တော် စက်လှည့်ပူဇော်နည်းဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းကာ ဘာဝနာကုသိုလ်ပြုခဲ့သည်။

**ကျီးနီ(တနင်္လာ+စနေ) = ၂+၇=၉** နဝင်းကိန်းဆောင်သဖြင့် ဂုဏ်တော်ကိုးပါးရှိသော မြတ်စွာဘုရားအား အလေးအမြတ်ပြု ပူဇော်ခဲ့ခြင်း ဖြစ်ပေသည်။

ယင်းနောက်တွင် ဆိုင်ကာယ်မာတလေ ဦးမြဲဆောင် ဦးဆောင်မှုဖြင့် ရမည်းသင်းမြို့ ရေကြည်ပေါက်ရပ်ကွက်ရှိ ရဟန္တာသိမ်နှင့် သိမ်တွင်း ကိန်းဝပ်တော်မူသော မင်းနန်သူရုပ်ပွားတော်အား သွားရောက်ပူဇော် ကြည်ညိုဖြစ်သည်။

ဤသိမ်တော်ကား ပုဂံ နရပတိစည်သူမင်းလက်ထက် အနုရုဒ္ဓသူရိယအမတ်က ဆရာဖြစ်သူ ပေါင်လောင်ရှင်ကဿပမထေရ်၏ ဦးဆောင်မှုဖြင့် တည်ဆောက် ကုသိုလ်ပြုခဲ့သော သိမ်တော်ဖြစ်သည်။

ထိုအနုရုဒ္ဓသူရိယအမတ်၏ အမည်ရင်းမှာ ရန်မာန်ငထွေးဖြစ်၍ တလိုင်းပစ္စဂံ နာဂသမန်းဟုလည်းတွင်ကြောင်း ရွှေစကြာဦးစိုးမြင့်၏ သာသနာ့ရောင်ခြည်နှင့် ပုဂံပြည်စာအုပ်တွင် ဖော်ပြပါရှိ၏။ မင်းယဉ်နရသိခ်နှင့် ယမနာရှာသူ မိဖုရားတို့မှ ဖွားသော သားတော်ဖြစ်၏။

မင်းယဉ်နရသိခ်ကို ညီတော်





www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့စံ မင်းဖေယျာသူရ လုပ်ကြံ၍ ပုဂံထီးနန်းကို သိမ်းပိုက်ကာ ၅၃၆ ခုနှစ်၌ နရပတိစည်သူ အမည်ဖြင့် အုပ်ချုပ်စိုးစံသောအခါ ဦးရီးတော်ထံ မင်းမှုထမ်းသည်။ မိကျောင်း၊ ကျား၊ ဆင်တို့ကို တစ်ယောက်တည်းဖြင့် သတ်နိုင်ကာ ရန်အောင်ဖန် များသဖြင့် နရပတိစည်သူမင်းက အနန္တသူရိယ (အတိုင်းအဆမရှိ ရဲရင့်သူ)ဘွဲ့ ချီးမြှင့်၍ ပဒုမကျင်မိဖုရား(တရားရွာမှ ဥယျာဉ်သည်သမီး)မှဖွားသော သမီးတော်ကျောင်းတော်သည်မင်းသမီး ရှင်မင်းလှ (ဖေယျာသိခ်ခေါ် ထီးလှိုမင်းလှိုမင်း၏ နှမတော်)နှင့် လက်ဆက်ပေးလျက် "ဆွာချောင်းကမ္ဘားမြင့်"မြို့ကို စားစေ၏။

**(ထိုစဉ်က ရမည်းသင်းမြို့သည် အနော်ရထာမင်း တည်ဆောက်သော နယ်ခြားမြို့(၄၃)မြို့တွင် ပါဝင်ခြင်း မရှိသေးပါ။ နောက်ပိုင်းတွင်မှ ပုဂံမင်းဆက် ဆင်ဖြူမယ် မိဖုရားကြီးက ရမည်းသင်းမြို့ကို တည်ထောင်ခဲ့သည်ဟု ရမည်းသင်းရွှေမြင်တင်ဘုရားသမိုင်း စာမျက်နှာ (၁၄)၌ ဖော်ပြထားလေသည်။)**

အနန္တသူရိယခေါ် မင်းနန်သူသည် ဆွာချောင်းကမ္ဘားမြင့်မြို့ ဝန်းကျင်ဖြစ်သော ဤနေရာ၌ မြေသန့်စင် ကောင်းမွန်သဖြင့် သိမ်တော် ဆောက်လုပ်၍ ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားခဲ့သည်။

**သိမ်တော်ကြီးမှာ ထူးခြား၍ ပျက်စီးတိုင် စီးပြိုင် သစ္စာဆိုခြင်းများ နှင့်အမျှ ထင်ရှားစေ၏။ ဤသိမ်၌ ရုတ်နားဆောင် ဝင်ရောက်ခဲ့သော သူတော်များသည် အကျင့်သီက္ခာ ပျက်ပြား၍ မရကြောင်း မြင်းခြံမြို့နယ် သိမ်တော်ရှင် ဘုရားသမိုင်း စာမျက်နှာ(၉၇)တွင် ဖော်ပြပါရှိ၏။**

သိမ်တော်မှာ အုတ်တိုက် အဆောက်အအုံဖြင့် မွမ်းမံထားကာ ဘုရားဆောင်အထက်၌ ဘုံခုနစ်ဆင့် ပြာသာဒ်အထွတ် ထီးတော်တင်ထားသည်။

သိမ်အတွင်း၌ ပုဂံခေတ်(၁၂ ရာစု ကာလ)လက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်ကို တွေ့ရသည်။

ရန်မနင်ထွေးအား အနန္တသူရိယဘွဲ့ အပ်နှင်း၍ ဆွာချောင်းကမ္ဘားမြင့်မြို့ကို ပေးသနားသည့် အချိန်ကာလကို မှန်နန်းရာဇဝင်တော်ကြီး၌ မတွေ့ရှိရပါ။

သို့သော် အမရပူရမြို့ ရွှေကြက်ယက်၊ ရွှေကြက်ကျစေတီသမိုင်း စာမျက်နှာ(၃၈)တွင် အောက်ပါအတိုင်း တွေ့ရ၏။

နရပတိစည်သူမင်းကြီးသည် နိုင်ငံ



◆ မင်းနန်သူရုပ်ပွားတော်

www.burmeseclassic.com



◆ နိုဘာဟာဘောင်းမှ မူးမြော်ရုပ်



◆ အင်းဝခေတ်ရုပ်ပွားတစ်ဆူ

တော်အရေးကို နေသားတကျ စီမံဆောင်ရွက်ပြီးနောက် အရေးတော်ပုံအတွင်းက သစ္စာအဓိဋ္ဌာန်ပြုခဲ့သော ရွှေကြက်ယက်ဘုရားရှင်ကို နန်းစံ (၁၁)နှစ်အရ သက္ကရာဇ် ၅၄၇ ခုနှစ်တွင် ပြင်ဆင်တည်လုပ်ပြီးနောက် ရွှေထီးတော် တင်လှူရန် ပုဂံနေပြည်တော်မှ ဖောင်တော်ဖြင့် ရေကြောင်းဆန်တော်မူရာ ရွှေကြက်ယက်ဝဲချောင်းအတွင်း ခိုအောင်းနေသည့် မိကျောင်းကြီးတစ်ကောင်က ရွှေဖောင်တော်ကို ကျောကုန်းထက်ရွက်၍ မှောက်လှန်ပစ်လိုက်ရန် ကြံစည်၏။

ထိုအခါ ဖောင်တော်ထက် လိုက်ပါလာသော သူရဲကောင်း ရန်မန်ငထွေးသည် ရေအောက်ဆင်းငုပ်၍ သန်လျက်ဖြင့် တိုက်ခိုက်ရာ မိကျောင်း သေလေသည်။

ရန်မန်ငထွေးသည် ဆင်ကိုလည်း တစ်ယောက်ချင်း သတ်၏။ ကျားကိုလည်း တစ်ယောက်ချင်း သတ်နိုင်၏။ ရန်အောင်ဖန်များသဖြင့် အနန္တသူရိယဘွဲ့ကို အပ်နှင်း၏။

သို့ဖြစ်လေရာ ၅၄၇ ခုနှစ်တွင် အနန္တသူရိယအမတ်သည် ဆွာချောင်းကမ္ဘားမြင့်မြို့စား ဖြစ်လာကာ ဤရုပ်ပွားတော်အား ၅၄၇ ခုနှစ် ပတ်ဝန်းကျင်ခန့်တွင် သွန်းလုပ်ပူဇော်သည်ဟု ယူဆဖွယ် ရှိပေသည်။

ဆွာချောင်းကမ္ဘားမြင့် မြို့သည် အနော်ရထာမင်း တည်ထောင်ခဲ့သော ကမ္ဘောဇတိုင်းနှင့် ကမ္ဗောဒီပတိုင်းတို့အကြား နယ်ခြားမြို့(၄၃)မြို့တွင် အဝင်အပါဖြစ်သည်ကို တွေ့ရ၏။

## ဆုတောင်းပြည့် ရုပ်ပွားတော်

ပေါင်လောင်ရှင်ကဿပ မထေရ်၏ လမ်းညွှန်မှုဖြင့် မင်းနန်သူ တည်ထားပူဇော်ခဲ့သည်ဆိုသော ဤရုပ်ပွားတော်၏ ရှေ့တော်မှောက်တွင် မှန်ရာကို သစ္စာဆိုကာ မျက်နှာစာအသီးသီး၌ အောင်မြင်ကြီးပွားခြင်း ဆုကောင်းများ တောင်းပန်ပါက အမှန်ပင် ပြည့်ဝကြ



www.burmeseclassic.com

www.burmeseclassic.com

သည့်ဆို၏။


နေ့စဉ် ပူဇော်ဖူးမြော်သူ မပြတ်ရှိကာ ဝေယျာဝစ္စ အဖွဲ့ဝင်များကလည်း ပန်း၊ ရေချမ်း လဲလှယ်ကပ်လှူခြင်း၊ သိမ်တော်တွင်း၊ ပြင် ဝန်းကျင်တစ်ခို သန့်ရှင်းခြင်း ကုသိုလ်များ မပြတ်ပြုလုပ် ပူဇော်လျက်ရှိကြောင်း တွေ့မြင်သိရှိရသည်။

ရှေ့တော်မှောက် မနီးမဝေးတွင် အင်းဝခေတ်လက်ရာ ကျောက်ဖြူသား ရုပ်ပွားတစ်ဆူကို ဖူးတွေ့ရသည်။ ဆင်ဖြူမယ်မိဖုရားသည် မောမင်းတို့ နိုင်ငံဖြစ်သော ကမ္ဘောဇတိုင်းနှင့် မြန်မာနိုင်ငံ ကမ္ဘောဇတိုင်း နှစ်ဖက်စပ်ကြား ကူဋ္ဌာလ၌ခါ ကျိုးနီကန်အနီး မြေထူးမြေမြတ်ဖြစ်သော နေရာ၌ ထီး၊ ဘတ္တ၊ မြို့လှ၊ ပေါက်မြိုင် မြို့ရံ လေးမြို့နှင့် ရွာကြီး(၁၂၀)တို့ကို တေျးသီးခရိုင် လက်နက်နိုင်ငံပြုလျက် (ရမည်းသင်း)မြို့တော်ကို ထီးဖြူ မြှောက်စည် မင်းခမ်းတော်အစုံဖြင့် ဆင်ဖြူမယ်မိဖုရားသည် တရားသဖြင့် မင်းပြုတော်မူ၏ဟူ၍ ရမည်းသင်း ရွှေမြင်တင်ဘုရားသမိုင်း စာမျက်နှာ (၁၄)၌ ဖော်ပြထားသော်လည်း ခုနှစ်သက္ကရာဇ်များ မပါရှိပါ။

ပုဂံမင်းဆက်မှ ဆင်ဖြူမယ်မိဖုရားဟူသော ညွှန်းဆိုထားကာ ကြင်ရာဘုရင် မင်းအွဲ့တော်လည်း မတွေ့ရှိရပါ။

ပုဂံပြည်ကြီးသည် သက္ကရာဇ် ၇၃၀ ပြည့်နှစ်တွင် နောက်ဆုံးဘုရင် စောမွန်နှစ်မင်း နတ်ရွာစံပြီး၍ မင်းဆက်ပြတ်ဖျက်သုဉ်းခဲ့သည်။

ထို့နောက်တွင်မှ ပင်းယခေတ်၊ အင်းဝခေတ်ဦး ကာလများ၌ ဆင်ဖြူမယ်မိဖုရားက ရမည်းသင်းမြို့ကို တည်ထောင်သည်ဟု ယူဆဖွယ်ရှိသည်။ ထို့ကြောင့်ပင်လျှင် အင်းဝ




◆ မင်းနန္ဒသူကျိန်စာ

လက်ရာ ရုပ်ပွားတော် စံပယ်တော်မူသည်ဟု မှန်းဆရသည်။ ဒါယကာကိုမူ မသိရပေ။


ယင်းအနီး၌ **မင်းနန္ဒသူကျိန်စာ**ကို ခေတ်ထိုးကျောက်စာအဖြစ် ဖတ်ရှုရသည်။

## မင်းနန္ဒသူကျိန်စာ

'ငါ တည်ထားပြုစု ကောင်းမှုကုသိုလ် ဘုရားပုထိုး စေတီတော် ရုပ်ပွားတော် ကျောင်းသိမ်ဇယတ်တံဆောင်း ရေတွင်း ရေကန်တံခါး ဂူလှိုင် အစရှိသော ကောင်းမှုကုသိုလ်တို့သည် သွေးမြေပျက်စီး ရှိယွင်းရှိသဖြင့် အသစ်တတန် ထပ်မံပြုပေးသော သူတော်မြတ်တို့သည် ငါနှင့်ရည်တူ ထပ်တူ ထပ်မျှ ကုသိုလ်ရသည် ဖြစ်စေသတေား။

နိဗ္ဗာန်ပြည်ခွင် ဝင်စံသည်တိုင်အောင် ငါပိုင်ဆိုင်သော ဝတ္ထုပစ္စည်းမှုံလျှင် မီးမပြဖြစ်သော်လည်း မီးမလောင်နိုင်စေသတေား။ ငါပြုသော ကုသိုလ်ကောင်းမှုတို့ကို ဖျက်ဆီး

www.burmeseclassic.com



▲ နဂါးထီးစေတီ

၍ မရှိမသေပြုသောသူတို့သည် ဤဆား ဤဝါဂွမ်းတို့သည် အကြွင်းအကျန် မရှိသကဲ့သို့ လောင်ကျွမ်းကြစေသတေး။

ကုန်သွားကုန်းသော။ ရေသွားရေသော။ တောသွားတောသော။ မီးအတ်ခုနစ်ကြိမ် မင်းအတ်ခုနစ်ကြိမ် သင့်ပြီးလျှင် အမွေးအမြှင် ရှင်းရှင်းစင်ပြီးလျှင် မဟာအဝီစိငရဲ၌ ခံရစေသတေး။ ကောင်းအောင်ပြုလျှင် သုခံ ချမ်းသာကြစေသတေး။ မကောင်းအောင် ပြုလျှင် ဒုက္ခဆင်းရဲနှင့် လက်ငင်းတွေ့စေသတေး*[မှုရင်း သတ်ပုံအတိုင်း]*

(၃၀-၅-၁၉၉၇)နေ့တွင် အသစ်ရေးထိုးသော ကျောက်စာ ဖြစ်ပေသည်။

ဂေါပကအဖွဲ့ဝင်များသို့ ချဉ်းကပ်စုံစမ်းကြည့်သောအခါ ဆွာချောင်း ကမ္ဘာ့မြင့်မြို့စား မင်းနန်သူ ခေါ် အနန္တ သူရိယ အမတ်မင်းကောင်းမှုဖြစ်၍ နရပတိစည်သူမင်းလက်ထက်၌ တည်လုပ်ကြောင်းနှင့် အဓိဋ္ဌာန် အောင်မြင်ဆုတောင်း ပြည့်ဝသဖြင့် စီးပွားရေး အုပ်ချုပ်ရေး ဖျော်ဖြေရေး စသည့် မျက်နှာစာအသွယ်သွယ် အောင်မြင် နေသူများစွာ လာရောက် ပူဇော်လေ့ ရှိကြောင်း ပြောပြကြသည်။

ပူဇော်ဆုတောင်းရာတွင်လည်းနဝကိန်း ဆောင်ခြင်းဖြင့် ထူးခြားမှုများ ကြုံဆုံရတတ်သည်ဟုလည်း သိရှိရလေသည်။

သို့ဖြစ်လေရာ မင်းနန်သူရုပ်ပွားတော်ကြီးအား ထိခြင်းငါးဖြာဖြင့် ဂါရဝပြုပြီးနောက် ဗုဒ္ဓဂုဏ်တော်များကို (၁၀၈)လုံးပုတီးတစ်ပတ်ပြည့်အောင် ရွတ်ပွားပူဇော်ခဲ့သည်။

ဤဘာဝနာကုသိုလ် အကျိုးအားကြောင့် ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး ဆောင်ရွက်ရပါလို၏ဟုလည်း ဆုပန်ခဲ့သည်။

ကမ္ဘဋ္ဌာန်းသိမ်း၏ ဝေနေယျတို့အား အမှုပေးဝေပြီးနောက် ရုပ်ပွားတော်အား ကန်တော့ရာ ဘဏ္ဍချမ်းသာကြီးရှာရှိ လက်ညှိုးတော်မှ ရေတသွင်သွင်ထွက်ကျတော်မူသော ရုပ်ပွားတော်နှင့် ထုလုပ်မှုလက်ရာဟန်၊ ထုလုပ်ပူဇော်သော ခေတ်ကာလတို့ မတိမ်းမယိမ်း တူညီနိုင်ကြောင်း သတိပြုမိလေသည်။

## နဂါးထီးစေတီ

ယင်းနောက်တွင် သိမ်တော်ဝင်းအတွင်း လေ့လာကြည့်ရှုရာ ပေါင်လောင်ရှင်ကဿပမထေရ် စိုက်ပျိုးပူဇော်ခဲ့သည်ဆိုသော နှစ်ရှည် ဗောဓိညောင်ပင်ကို မတွေ့ရှိရပေ။

ဗောဓိညောင်ပင်ပျိုတို့သာ တွေ့ရသဖြင့် မူလအပင်ကြီး နှစ်ကြာပျက်စီးသွားခဲ့ပြီဟု တွေးဆရသည်။ ပုဂံခေတ် ပေါင်လောင်ရှင်ကဿပ မထေရ်သည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ကြွချီကာ ဗောဓိညောင်ပင်တော်များကို စိုက်ပျိုး သာသနာပြုခဲ့ကြောင်းနှင့်...

၁၉၈၀ ပြည့်နှစ်လွန် နှစ်များက ရမည်းသင်းမြို့၊ ရေကြည်ပေါက်ရပ်ကွက်ရှိ ရဟန္တာသိမ်တော်ကြီးနှင့် ရွှေညောင်ပင်ကြီးတို့သည် ထင်ရှားစွာ ဂိုဏ်းဝပ်တော်မူလျက် ရှိသည်ကို ဖူးတွေ့ရကြောင်း **တင်မမခိုင်(မန်းတက္ကသိုလ်)**က သိမ်တော်ရှင် ဘုရားသမိုင်း စာမျက်နှာ(၉၆)တွင် ဖော်ပြပါရှိ၏။

ထို့ကြောင့် ၁၉၈၀ ပြည့်နှစ်လွန် နောက်ပိုင်းကာလတွင်မှ ဗောဓိညောင်ပင်ကြီး ပြိုလဲသွားသည်ဟု ယူဆဖွယ်ရှိလေသည်။

သိမ်တော်အနီးတွင် စေတီခေါင်းလောင်းမှောက်အထက် ဖောင်းရစ်တော်ကို ရစ်ခွေလျက် ငုက်ပျောဖူးအထက် မေးတင်ကာ ထီးတော်အစား အုပ်မိုးပူဇော်ထားသည့် နဂါးပုံပါစေတီ တစ်ဆူကို ဖူးမြင်ရသည်။

ပေါင်လောင်ရှင်ကဿပ မထေရ်၊



www.burmeseclassic.com

www.burmeseclassic.com

မင်းနန်သူအမတ်ကြီး၊ ရမည်းသင်းမြို့သမိုင်း စသည်တို့တွင် နဂါးနှင့်ပတ်သက်သော ထူးခြားဖြစ်စဉ်များကို မတွေ့ရှိရသဖြင့် **ဤနဂါးထီးစေတီမှာ ပဟေဠိဆန်နေသည်။**

မြန်မာနိုင်ငံတစ်ဝန်းရှိ စေတီများစွာအနက် နဂါးထီးစေတီမှာ လက်ချိုးရေ၍ ရနိုင်ပါသည်။

၁။ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ ဗန်းမော်ကျောင်းတိုက်နီးတွင်တစ်ဆူ၊

၂။ ပျော်ဘွယ်မြို့နယ်၊ ဘတ္တချမ်းသာကြီးရွာ၊ လက်ညှိုးတော်ရေထွက် ဘုရားအနီးတွင်တစ်ဆူ၊

၃။ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရွာဘဲရွာဦးကျောင်း, (ပခုက္ကူနှင့် တစ်ဖက်ကမ်း)တွင်တစ်ဆူ၊

၄။ ပုသိမ်ကြီးမြို့နယ်၊ အုန်းကြော့ရွာ၊ ရွှေစာရံစေတီအထက် နားရောင်းကျချောင်းနံဘေးတွင်တစ်ဆူ

တို့သာလျှင် ကြားသိဖူးတွေ့ဖူးသည်။ အမရပူရခေါ် တောင်မြို့တွင်လည်း တစ်ဆူရှိကြောင်း ကြားရလျက်ကိန်းဝပ်ရာ နေရာအတိအကျ မသိရှိရသေး။

မြတ်စွာဘုရားရှင် မုစလိန္ဒာသတ္တာဟ စံပယ်တော်မူဟန်ကို ပြည့်စွန်းပူဇော်သည့် နဂါးရုံရုပ်ပွားတော်များနှင့် သဘောချင်းတူညီကြောင်း ဆရာတော်အချို့က မှတ်ချက်ပေးတော်မူကြသည်။

နောက်ခံဖြစ်စဉ်တော်ကို မသိရသော်လည်း ဤနဂါးထီးစေတီ၌ ကံ့ကော်ပန်း၊ ကံ့ကော်ညွန့်များ ကပ်လှူပူဇော်ပါက တောင်းသည့်ဆုကို လျင်မြန်စွာ ပြည့်ဝကြသည် ဆိုလေသည်။

နဂါးတို့သည် ရေ၌ အားကြီးသဖြင့် မြင်းမိုရ်တောင်၏ အာလိန်ငါးဆင့်၌ ပထမအာလိန်ဆင့်၌ နဂါးတို့ကို အစောင့်အရှောက်ထားကြောင်း အဆိုရှိ၏။ နဂါးတို့ကို **ရေနတ်မျိုး**ဟု ခေါ်ဝေါ်ကြသည်။

ရေဓာတ် အားကောင်းသော ကျိုးကန်အနီးရှိ ရမည်းသင်းမြို့၏ အမည်နာမ နောက်ခံဖြစ်စဉ်အရလည်း ပင်လယ်ကမ်းမြောင် ရာမညဒေသနှင့် ခွံက်စပ်လျက်ရှိရာ ရေ၌ အားကြီးသည့် နဂါးအထူးပြုသော နဂါးထီးစေတီသည် ကိန်းဝပ်တော်မူရာ ရမည်းသင်းမြို့ဌာနအတွက် လိုက်

**မင်းနန်သူ** = **ကြာသပတေး** + **စနေ** + **သောကြာ**
= ၁၉ + ၁၀ + ၂၁ = ၅၀
**ဆွာချောင်းကမ္ဘားမြင့်** = **အင်္ဂါ** + **တနင်္လာ** + **ကြာသပတေး** + **ကြာသပတေး**
= ၈ + ၁၅ + ၁၅ + ၁၉ + ၁၉ = ၇၆

ဖက်ညီစွာ အထောက်အပံ့ ကာရကအင်အား ကောင်းလှသည်ကို တွေ့ရှိရပေသည်။

## နိဂုံးချုပ်ပူဇော်ခြင်း

ရမည်းသင်းမြို့ ရေကြည်ပေါက်ရပ်ကွက်ရှိ ရဟန္တာသိမ်ခေါ် ပေါင်လောင်ရှင်ကဿပမထေရ် ဦးဆောင်သမုတ်ခဲ့သည့် သိမ်တော်နှင့် ရုပ်ပွားစေတီတို့အား လေ့လာကြည့်ရှုရာ၌ မထေရ်မြတ် သီတင်းသုံးခဲ့ရာ တောကျောင်းနေရာကို မသိရပေ။

စိုက်ပျိုးပူဇော်ခဲ့သော ဗောဓိညောင်ပင်ကြီးမှာ လဲပြိုသွားပြီ ဖြစ်သော်လည်း ဆယ်စုနှစ် အနည်းငယ်ခန့်က ထင်ရှားစွာ တည်ရှိခဲ့ကြောင်း သိရှိရသည်။ မင်းနန်သူအမတ် ပူဇော်ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်ကြီးကိုမူ လလက်ရာအတိုင်း ကြည်လင်သပ္ပါယ်စွာ ဖူးတွေ့ရလျက် ပူဇော်ဂါရဝပြုသူ မပြတ်စည်ကားလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် သိရှိရသည်။

ဤရုပ်ပွားနှင့် သိမ်တော်တွင် ကုသိုလ်ပြုရာ၌ နဝင်းဆောင် ပူဇော်ခြင်းဖြင့် ထူးခြားသော အကျိုးများ ခံစားရသည်ဟူသော ယုံကြည်မှုနှင့် ပတ်သက်၍ ဝေဒရှုထောင့်မှ ဆန်းစစ်ကြည့်ရာ...

ရုပ်ပွားတော်ဘွဲ့ပညတ် **မင်းနန်သူ**နှင့် ကိန်းဝပ်ရာ **ဆွာချောင်းကမ္ဘားမြင့်**မြို့တို့၏ နံသင့်ဂြိုဟ်သက် ပေါင်းခြင်းမှာ...

* * *

၅၀+၇၆=၁၂၆ ပေါင်း (၉) နဝင်းကိန်းဆောင်သောကြောင့် ဖြစ်သည်ဟု ယူဆမိသည်။

နဂါးထီးစေတီ၌ ကံ့ကော်ပန်း၊ ကံ့ကော်ညွန့် ကပ်လှူဆုတောင်းပြည့်ရခြင်းကား မဂဓအဘိဓာန်တွင် နဂါးပရိယာယ် "နာဂ" ဟူ၍ တစ်ပုဒ်သာရှိ၏။ "နာဂ" ဟူသော ပုဒ်သည် နဂါး၊ မြွေ၊ ဆင်၊ မြတ်သည် ပြဋ္ဌာန်းသည်ဟူသော အနက်များ ရှိသကဲ့သို့ အနက်တူ ဂုဏ်တူထပ်၍ အမြတ်ပြု ပူဇော်ခြင်းဖြစ်လေသည်။

သို့ဖြစ်လေရာ ရေဓာတ် ပံ့ပိုးမှုအားကောင်းလှသော ရမည်းသင်းမြို့ ရေကြည်ပေါက်ရပ်ရှိ ရဟန္တာသိမ် ရုပ်ပွားနှင့် စေတီများတွင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုခြင်းဖြင့် (၁၁)ပါးသော မီးများကို ငြိမ်းသတ်နိုင်ကြောင်း လမ်းညွှန် တိုက်တွန်းလိုက်ရလေသည်။

ဘုန်းကျော်စွာ
(မြိုင်ထက္ကသိုလ်)

www.burmeseclassic.com


## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**
TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင်

# ကျောက်တန်းလေး ရေလယ်စေတီတော်

စာရေး ဆရာဝိန်း (လမ္ဘူဒ္ဓာ)

ကျွန်ုပ်တို့ လိုက်ပါသွားသော ဖဲ့ထောင်စက်လှေသည် မြစ်ကြောင်းအတိုင်း တရိပ်ရိပ် ပြေးနေသည်။ ရှေ့တွင် စေတီတစ်ဆူကို လှမ်းမြင်နေရသည်။ ထိုစေတီကို မြစ်ရေလယ်တွင် ထင်ထင်ရှားရှား လှမ်းမြင်ရသည်။ ကမ်းနှင့် အစပ်အဆက်မရှိ စေတီတစ်ဆူတည်းဖြစ်သည်။


'အဲဒါ ကျောက်တန်းလေး ရေလယ်ဘုရားပေါ့။ ရေအာယ်လောက်ကြီးကြီး ဘုရားအောက် ပလ္လင်အဆင့်ကိုတော့ တစ်ခါမှ ရေမရောက်ဘူးလို့ ပြောကြတယ်'

ရေလယ်ဘုရားသို့ အကြိမ်ကြိမ်ရောက်ဖူးသူ ကိုဌေးဦးမှ ပြောပြသည်။ ဤရေလယ်ဘုရား ရောက်သောအခါတွင် ဘုရားစေတီတော်မှာ တစ်ဆူတည်း ကျောက်တောင်ပေါ်တွင် တည်ထားသည်။ ဘုရားပတ်လည်တွင် စီးသန်သော ရေကြောင်းဖြစ်နေသည်။ ကမ်းနှင့် အစပ်အဆက်မရှိကြောင်း သိရသည်။

ထို ရေလယ်ဘုရားကမ်းသို့ ဖဲ့ထောင်စက်လှေ ကပ်လိုက်သည်။ ကမ်းက ကျောက်တောင်ဖြစ်သည်။ အောက်ရေစပ်တွင်လည်း ကျောက်ဖျာများဖြင့် ကျောက်သားများ ပေါ်နေသည်။

တက်ရေ ကျရေ ဒီရေ ရောက်သော ကျောက်ဖျာမှာ ရွှံ့နှစ်များ တင်နေသဖြင့် ချော်မလဲအောင် စမ်းလျှောက်ရသည်။ ဘုရားတောင်ပေါ် တက်သည့် လမ်းကို ရှာ၍တက်ရသည်။ တောင်မှာ ကျောက်တောင်ဖြစ်ပြီး အနည်းငယ်မြင့်သည်။

တောင်ထိပ်ကို ရောက်သောအခါ ရွှေတောင်းစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားပတ်လည်




ကျောက်တန်းလေး ရေလယ်ဘုရား

ကို လိုက်ကြည့်သည်။ ရှေးဟောင်းစေတီ အနီးတစ်ဝိုက်တွင် ကမ္ဘာ့ကပ်ကျော်စေတီ၊ ရှင်ဥပဂုတ္တအဆောင်၊ ကျိုက်ထီးရိုးပုံတူစေတီများနှင့် အခြားစေတီငယ်များလည်း ဖူးတွေ့ရသည်။

www.burmeseclassic.com


▲ ဘုရားတောင်မှ ရသေ့ကြီးပုံ


ဒီလေးဆိုင်စေတီတော် အဝေးမှ မြင်ရပုံ


▲ သမိုင်းဝင် ဒီလေးဆိုင်စေတီတော်

## ရသေ့ကြီးကျောင်းဆောင်

စေတီတော်ကြီး၏ အရှေ့မြောက် ဘက်တွင် ကျောင်းဆောင်တစ်လုံး တွေ့သဖြင့် သွားကြည့်ကြသည်။ ရသေ့ကြီးကျောင်းဖြစ်သည်။ ကျောင်း ပေါ်သို့ တက်ကြည့်ကြသည်။ ရသေ့ ကြီးက ဖော်ရွေစွာဖြင့် ညွှန်ခံပါသည်။ သိလိုသည်များကို မေးကြည့်ကြသည်။

ရသေ့ကြီးဘွဲ့မှာ **ဦးကိတ္တိသာရဖြစ်** ကြောင်းနှင့် ဤဘုရားတွင် နှစ်ကြာပြီ ဖြစ်ကြောင်းသိရသည်။ ဤစေတီတော် မှာ ရှေးဟောင်းစေတီတော်ဖြစ် ကြောင်း ပြောပြသည်။ ရသေ့ကြီးမှ ဆက်လက်ပြောပြသည်။

"ဒီစေတီတော်ဘွဲ့က "ဒီလေးဆိုင်စေတီ တော်"ဖြစ်တယ်။ မြစ်လေးခွဆုံတဲ့ အမှတ် အသားဖြစ်မယ်ထင်တယ်။ မူလ ဘုရား ဒကာတွေကတော့ အာသောကမင်းကြီးရဲ့ သမီးတော် သင်္ဃမိတ္တာရဟန္တာမ ဒီတောင် ကို ကြွလာပြီး စတင်တည်ခဲ့တဲ့ စေတီဖြစ် တယ်။

ပထမက ဒီလောက်မမြင့်ဘူး။ နောက်မှ ဘုရင်မကြီးရှင်စောပု ရောက်တဲ့အခါ ထပ်မံ ဖုံးပြီး တည်ခဲ့လို့ ဉာဏ်တော် ပိုမြင့်သွားတယ်

လို့ သိရတယ်'

ရသေ့ကြီးက ဆက်လက်၍ စိတ် ရှည်စွာ ရှင်းပြသည်။

'တစ်ခါက ရွာသားဦးတင်ကြီးဆိုတဲ့ သူက ဘုရားမှာ အသုံးပြုဖို့ တစ်ဖက် ကမ်းက ပွန်ဝရွာမှာ ကျောက်ပြားများ သွားမှာတယ်။ ရင်းနှီးတဲ့ သူတွေဆို တော့ ငွေချက်ချင်း ပေးစရာမလိုဘူး။ ကျောက်များ ပို့ပေးတယ်။'

ဦးတင်ကြီးလဲ ကျန်းမာရေး မကောင်းလို့ ပွန်ဝရွာကို မသွားနိုင်ဘူး။ သူ့သားသမီးတွေကိုလဲ ပြောထား တယ်။ ဘုရားအတွက် ကျောက်ပြား များ ငါ့ကို ယုံကြည်လို့ ပို့ပေးတာ မင်းတို့ သွားရှင်းကြရမယ် ပြောထားပြီး မကြာခင် ဦးတင်ကြီး လူကြီးရောဂါနဲ့ ဆုံးသွားတယ်။

ဒါနဲ့ ရက်လည်လို့ ဦးတင်ကြီး အသုဘကိစ္စပြီးသွားတော့မှ သားသမီး များတိုင်ပင်ပြီး မြစ်တစ်ဖက်ကမ်း ပွန်ဝ ရွာကို သွားကြတယ်။

သူ့အဖေမှာတဲ့အတိုင်း ကျောက် ပြားပို့ပေးတဲ့ ကျောက်ပွဲစားကို ငွေ သွားရှင်းကြတာပေါ့။ အဲဒီလူက လက်

မခံဘူး။ အသားမည်းမည်း အရပ်ပုပု လူနှစ်ယောက်လာတယ်။ ဦးတင်ကြီး ယူထားတဲ့ ကျောက်ပြားဖိုးဆိုပြီး ငွေ ပေးသွားတာကြာပြီ။ ဦးတင်ကြီး သားသမီးတွေက တအံ့တသြ ကျုပ်ကို လာပြောသွားကြလို့ သိရတာ'

ကျွန်ုပ်တို့ကလည်း အထက်ပါ အသားမည်းမည်း လူပုပုနှစ်ယောက် ဆိုတာ "**ဒီဘုရားတောင်နှင့် ပတ်**

ဒီလေးဆိုင်စေတီ (၂)ထပ် ကျောင်းရုံ



www.burmeseclassic.com


www.burmeseclassic.com



ကျောက်ဆင်
စေတီငယ်



ရသေ့ကြီးကျောင်းမှ
ရုပ်ပွားတော်



ကျောင်းတိုင်
စေတီငယ်

**သတိနေမလား**"ဟု ရသေ့ကြီးအား မေးမိသည်။

'ဟုတ်တယ် ပတ်သက်နိုင်တယ်။ ဒီနားမှာ ပိုက်ထောင်တဲ့ ကိုတင်မြင့် ဆိုတဲ့သူဟာ ည(၈)နာရီ ပိုက်ထောင်ဖို့ ချောင်းရင်း ဒီဘုရားတောင်စောင်းက ကျောက်တုံးကြီးပေါ်မှာ ခဏနားနေ ... အိပ်ပျော်သွားပြီး အသား ညိုမည်း အရပ်ပုပုလူနှစ်ယောက် ... အနားရောက်လာပြီး အိတ်အကြီး ... အိတ်အသေး ယူမလား ... တယ်။

သူတို့လက်ထဲမှာလဲ အထုပ်တွေနဲ့၊ ... လန့်ပြီး ကျောက်တုံးပေါ်က ဆင်းပြေးတယ်။ နောက် အဲဒီ ကျောက်တုံးပေါ်မှာ မနားရဲတော့ဘူး။ ... အသားမည်းမည်း အရပ်ပုပု ... နှစ်ယောက်ပဲ'

ရသေ့ကြီးမှာလည်း ဤဘုရား ... နှင့်ပတ်သက်သော အကြောင်း ... များ ရှင်းပြသည်။ ဘုရားတောင် ... မြစ်ဘက်ခြမ်းတွင် သီလရှင်ကျောင်း ရှိကြောင်း ပြောပြသည်။

ရသေ့ကြီးအား ဓာတ်ပုံရိုက် မှတ်တမ်းယူ၍ ကျေးဇူးတင်စကား ပြောကြားနှုတ်ဆက်ခဲ့သည်။ မြစ်ဘက် ခြမ်းတွင် အဆင်းလှေကားမှာ ကြွေပြားများခင်းပြီး ပြုပြင်ထားသဖြင့် ဆင်းကြည့်သည်။

## ရည်ရွယ်ချက်ကြီးသော သီလရှင်မလေး

တောင်အဆင်းတွင် အရင်ဆုံးတွေ့ရသည်က ကွန်ကရစ်တိုင်များ ထူထားပြီး အမိုးအကာ မရှိသေးသော နှစ်ထပ်ကျောင်းဆောင်ကို တွေ့ရသည်။ ဒီရေတက်လျှင် ကျောင်းအောက်ခြေကို ရေရောက်သည်။ ယင်း အဆောင်အနီးတွင် အဆောင်အသေးလေး တစ်လုံးနှင့် သီလရှင်ကြီးတစ်ပါးကို တွေ့ရသည်။

'ဒါကတော့ သီလရှင်ကျောင်းလား'

မေးကြည့်ရာ ထိုသီလရှင်မှာ...

'ဟုတ်ပါတယ် သီလရှင်ကျောင်းပါ ဘယ်က လာကြသလဲ'

ဟု မေးသည်။ ကျွန်ုပ်တို့လည်း ပြန်ဖြေပြီး ကွန်ကရစ်တိုင်များဖြင့် ဆောက်ထားသော ကျောင်းဆောင်ကို စိတ်ဝင်စားသဖြင့် **"ဒီကျောင်းဆောင် ဒကာက ဘယ်ကလဲ"**ဟု မေးကြည့်မိသည်။

ကျောင်းဆောင် အသေးလေး အတွင်းမှ သီလရှင်ကြီးက ချက်ချင်း မဖြေသေးပါ။ ထိုအချိန်တွင် ကျောင်းဆောင်၏ အပေါ်ထပ်တွင် အခင်းစလစ်လောင်းထားသည့် လေးဘက်အကာမရှိသော ကျောင်းဆောင်ပေါ်တွင် လူမရှိဟု ထင်ထားသော ကျွန်ုပ်တို့ အံ့ဩသွားသည်။


ထို ကျောင်းဆောင်အပေါ်ထပ်မှ သီလရှင်တစ်ပါး ထွက်လာသည်။ အသက်က သုံးဆယ်ကျော်ခန့်ဟု ခန့်မှန်းရသည်။

'ဒီကျောင်းဆောင် ဒကာက ကျွန်ုပ်။ အလှူခံလိုက် ဆက်လုပ်လိုက်နဲ့ ပါဖြည်း




www.burmeseclassic.com

www.burmeseclassic.com



◆ ကျွဲကပ်တောင်ချ်စေတီ



◆ စေတီတော်အနီးမှ ကျောက်ကမ်းပါး

ဖြည်း ဆောက်နေတာပါ’

ကျွန်ုပ်တို့ကလည်း ဝမ်းသာကြောင်း၊ သာဓုခေါ်ပါကြောင်း အားပေးလိုက်သည်။ ကျောင်းဆောင်ကို ဓာတ်ပုံရိုက်ယူပြီး သီလရှင်ကို ဓာတ်ပုံမှတ်တမ်း ရိုက်လိုပါကြောင်း ပြောရာ ဆန္ဒမပါသဖြင့် မရိုက်ဖြစ်ပါ။ ထိုသီလရှင်က ဆက်ပြောပြသည်။

ထိုကျောင်းဆောင်မှာ ဓမ္မာရုံဖြစ်ကြောင်း ပြောပြသည်။ ၎င်းအဆောင်ပြီးစီးပါက သီလရှင်များကို စာသင်ပေးခြင်း၊ တရားအားထုတ်ရန် ပြပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောပြသည်။ ထိုသီလရှင်ဘွဲ့မှာ **သီလရှင် ဥဿာထေရီ** ဖြစ်ကြောင်း၊ ဥပဇ္ဈာယ်ဆရာက လပွတ္တာလုပ်တောင်မှန်ကျောင်းဆရာတော် ဦးဥက္ကံသ ဖြစ်ကြောင်း ပြောပြသည်။

ထိုသီလရှင်မှာ ဆယ်တန်းအောင်ပြီး ဘွဲ့ရဖြစ်ကြောင်းလည်း ပြည့်ပြည့်စုံစုံ ပြောပြသေးသည်။

‘အခုခေတ်က အားလုံး သိတဲ့အတိုင်းပဲ သီလရှင်တွေဆိုရင် အထင်သေးချင်ကြတယ်။ လင်သေလို့၊ ကြွေးထူလို့ လင်ပစ်လို့ ဝတ်သလိုလို ဖြစ်နေတယ်။ သီလရှင်ဆိုရင် ဘယ်သူမှ မလေးစားချင်ကြတော့ဘူး။

မလေးစားရင် နေကြပါ။ အထင်မသေးရင်တော်ပြီပေါ့။ ဆရာလေးက သီလရှင်တွေကို သီးသန့် ဒီဓမ္မာရုံမှာ လေ့ကျင့် မွေးထုတ်ပေးမယ်’’

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့မှာ ရှားရှားပါးပါး သာသနာပြုနေသော သီလရှင်မလေးဥဿာထေရီ၏ သီလရှင် ဓမ္မာရုံကိုလည်း လေ့လာနိုင်ခဲ့သည်။ ရှေးဟောင်း သမိုင်းဝင် စေတီတော်ကိုလည်း သွားရောက် ဖူးမြော်နိုင်ကြပါသည်။

လပွတ္တာမြို့မှ ကားဖြင့်၊ ဆိုက်ကယ်ဖြင့် လပွတ္တာလုပ်ရွာသို့သွား၍ ယင်းမှတစ်ဆင့် ပဲ့ထောင်စက်လှေဖြင့် ကျောက်တန်းလေးသို့ နာရီဝက်ခန့် သွားရပါသည်။

***အေးမြချမ်းသာပါစေ။***

**အရပ် ဆရာသိန်း**
**(လပွတ္တာ)**



www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်ကို ပြေစေသော ခရာနီပင်အစွမ်း

မြဒင် (ဖင်းကျိုက်)



ခရာနီပင်အပေါ်မျက်နှာပြင်ပုံစံ

ယခု စာရေးသူ ဖော်ပြပေးချင်တာကတော့ အဆိပ်ရှိ သတ္တဝါများ ကိုက်ခြင်း၊ စူးခြင်းများကို ကြုံတွေ့ခံစားခဲ့ရပါက လျင်မြန်စွာ အဆိပ်ကို ပြေပျောက်စေနိုင်သည့် ခရာနီပင်၏ အစွမ်းထက်ပုံကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မျှဝေဖော်ပြပေးလိုက်ရပါသည်။

လွန်ခဲ့သော လအနည်းငယ်က စာရေးသူသည် ဖင်းကျိုက်မြို့၊ ဘူတာရုံလမ်းပေါ်ရှိ ဒေါ်ထွန်းသန်း ထမင်းဆိုင်ရှိရာသို့ ရောက်ရှိလေသည်။ အချိန်အားဖြင့် နံနက်(၁၀)နာရီခန့် ရှိပါသည်။ စာရေးသူလည်း ထမင်းဆိုင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ထမင်းဆိုင်ရှင် ဒေါ်ထွန်းသန်းက...

'ဟဲ့...ငါ့တူ ဆိုင်ကိုလဲ မရောက်တာကြာပေါ့'

'ဟုတ်ပါတယ် ဒေါ်ဒေါ် အလုပ်တွေက နည်းနည်းရှုပ်နေလို့ ဆိုင်ဘက်ကို မရောက်ဖြစ်တာပါ'

'ဒါနဲ့...အခု ဘာစားမလဲ၊ ထမင်းပဲလား'

'ဟုတ်ကဲ့ ထမင်းတစ်ပွဲ စီစဉ်ပေးပါ'

ဟု ဒေါ်ထွန်းသန်းအား ပြောလိုက်လေသည်။ ဒေါ်ထွန်းသန်းလည်း စာရေးသူ စားနေကျ ဟင်းမျိုးကို သိနေပြီဖြစ်၍ မေးမနေတော့ဘဲ အလိုက်သင့် စီစဉ်ပေးလေသည်။

ခဏမှာပဲ "ကဲ...ငါ့တူရေ စားလို့ရပါပြီ" ဟု ဆိုကာ စာရေးသူအရှေ့သို့ ထမင်းဝိုင်းကို ပြင်ဆင်ပေးလေသည်။

ထို့နောက် စာရေးသူလည်း စားသောက်ပြီးသောအခါ ဆိုင်ရှင် ဒေါ်ထွန်းသန်းနှင့် ခေတ္တခဏ စကားပြောနေသည်။

စကားပြောနေစဉ်တွင် စာရေးသူ၏ အကြည့်က ဆိုင်အရှေ့ထောင့်တွင် တာယာအိုးတစ်လုံးဖြင့် စိုက်ပျိုးထားသော အပင်တစ်ပင်အား တွေ့လိုက်ရသည်။ ဤတွင် စာရေးသူက...

'ဒေါ်ဒေါ် တာယာအိုးအတွင်းမှာ စိုက်ထားတဲ့ ရွက်လှပန်းမျိုးက ဘာပန်းမျိုးလဲ၊ အရောင် နှစ်မျိုးဖြစ်တယ်နော်'

'ဟဲ့...ငါ့တူ အဲဒါ ရွက်လှပန်းပင်မျိုး မဟုတ်ပါဘူး။ **ခရာနီပင်**လို့ ခေါ်တယ်။ **အဆိပ်ပြေဆေးပင်** တစ်မျိုးပါပဲ'

ဟု ပြောလေသည်။

စာရေးသူလည်း ထိုင်ရာမှထ၍ ခရာနီပင်ဟုခေါ်သော အပင်ဆီသို့ သွားကာ အနီးကပ်ကြည့်လေသည်။

စာရေးသူလည်း ခရာနီပင်အား လေ့လာစပ်စုချင်သောကြောင့် အရွက်များကို အသေချာ ကိုင်ကြည့်လိုက်မိသည်။

အရွက်နှင့် ပင်စည်တို့သည် ပျော့ပျောင်းလျက်ရှိပြီး အရွက်၏ ဘေးအနားသတ်များ၌ ဆူးများ ပါရှိသည်။ ပင်စည်မှာတော့ ဆူးများ မပါရှိပါ။

အရွက်၏ အပေါ်မျက်နှာပြင်တွင် အစိမ်းနှင့် အပြာရောင် ရောစပ်နေပြီး အောက်ဘက်ကျောပြင်တွင် ခရမ်းရောင် ဖြစ်နေသည်။

ထိုအခါ စာရေးသူက...

'ဒေါ်ဒေါ် ခရာနီပင်ကိုရော ဘယ်လိုနေရာမျိုးမှာ သုံးတာလဲ၊ နောက်ပြီး ဒေါ်ဒေါ်ကိုယ်တိုင် ကိုယ်တွေ့ သုံးဖူးလို့လား'

'သုံးခဲ့ဖူးတာပေါ့ ငါ့တူရယ်'

www.burmeseclassic.com



ခရာနီပင် ကျွေတက်အခြမ်း အနီးကပ်ပုံ

'အဲဒါဆိုရင် ဒေါ်ဒေါ်ရဲ့ ခရာနီပင် အစွမ်းထက်ပုံလေးကိုရှင်းပြပေးပါလား'

'ရှင်းပြပေးမှာပေါ့ ငါ့တူရယ်၊ လွန်ခဲ့တဲ့(၃)နှစ်တုန်းကပေါ့။ ဒေါ်ဒေါ့်လက်ကို ပိတုန်းအကိုက်ခံရဖူးတယ်။ တစ်ခါမှ ဒီလိုမျိုး အဆိပ်ရှိသတ္တဝါများ အကိုက်မခံရဘူးတဲ့အတွက် တော်တော်လေး ခံစားရတယ်။

ပိတုန်းအကိုက်ခံရတဲ့ နေ့ကဆိုရင် ဆိုင်အတွက် ဘာမှ မစီစဉ်ပေးနိုင်တော့ဘူး။ သမီးအကြီးကပဲ ဦးစီးပြီး ဆိုင်ဖွင့်ရတယ်။

ဒေါ်ဒေါ်လဲ လက်ဖဝါးတစ်ခုလုံး ရောင်အန်းပြီး အဆိပ်ကတက်နေတော့ ဒဏ်ရာကို ထုံးရည်ကြည်လေး သုတ်လိမ်းပြီး အိပ်ရာထဲမှာပဲ မှေးနေမိတယ်။

အဲဒီအချိန်မှာပဲ ဖင်းကျိုက်ရွာကပဲ မိတ်ဆွေတစ်ဦး ထမင်းစားဖို့အတွက် ဒေါ်ဒေါ်ဆိုင်ကို ရောက်လာခဲ့တယ်။ ဆိုင်ထဲကို ရောက်တာနဲ့ ဒေါ်ဒေါ်ကို မတွေ့တော့ သမီးတွေကို မေးတယ်။

သမီးကလဲ မေမေ ပိတုန်းကိုက်ခံရလို့ အိပ်ရာထဲမှာ မှေးနေတယ်လို့ ပြန်ပြောပြလိုက်တယ်လေ။ အဲဒီမိတ်ဆွေ လူကြီးလဲ သမီးပြောလိုက်တဲ့စကားကြောင့် ခဏနေဦး ပြန်လာခဲ့မယ်လို့ ပြောပြီး ထမင်းဆိုင်အတွင်းက ပြန်ထွက်သွားတယ်။

(၁၀)မိနစ်ကြာတော့ ထမင်းဆိုင်အတွင်းကို မိတ်ဆွေလူကြီး ပြန်ဝင်လာတယ်။ လက်ထဲမှာလဲ အပင်တချို့ကိုင်ခဲ့တာကို တွေ့တယ်။

"ရော့ ကောင်မလေး နင့်တို့အမေကိုပေးလိုက်ပါ။ ဒီဆေးရွက်ကို(၄)ရွက်(၅)ရွက်လောက် ဝါးစားလိုက်။ ပြီးရင် အရွက်တချို့ကိုလဲ ထောင်းခြေပြီး ဒဏ်ရာမှာ အုံပေးပါ။ မကြာခင်အဆိပ်ကျသွားလိမ့်မယ်။ ဘယ်လိုအဆိပ်ရှိ သတ္တဝါတွေ ကိုက်တာဖြစ်ဖြစ်၊ စူးတာဖြစ်ဖြစ် အားလုံးကို သုံးလို့ရပါတယ်"

လို့ ပြောပြီး သမီးကို ဆေးပင်တွေပေးခဲ့တယ်။ ဆေးပင်ရဲ့ နာမည်ကိုလဲ ခရာနီပင်လို့လဲ ပြောသွားသေးတယ်။

အဲဒီမိတ်ဆွေလဲ ထမင်းစားသောက်ပြီး ပြန်သွားတော့မှ သူပေးခဲ့တဲ့ ဆေးပင်ကို ဒေါ်ဒေါ်ဆီ သမီးယူလာပြီး သူပြောတဲ့ ဆေးနည်းအတိုင်း သုံးကြည့်တာ တော်တော် အစွမ်းထက်တာ တွေ့ရတယ်။ ခဏလေးနဲ့ပဲ အဆိပ်ကို ပြေစေခဲ့တယ်။

ဒေါ်ဒေါ်ဆိုရင် အဲဒီ မိတ်ဆွေကြီးကို ကျေးဇူးတင်မိတယ်။ အခု ငါ့တူတွေ့တဲ့ ဆေးပင်တွေကသုံးလို့မကုန်တဲ့ဆေးပင်တွေကို ပြန်စိုက်ထားတာလေ။ အလိုရှိတဲ့သူတွေလဲ သုံးလို့ရအောင်လို့ပါ။

အကယ်၍ အဆိပ်ရှိတဲ့ သတ္တဝါတွေ ကိုက်တာမဟုတ်ဘဲ **ငါးကျည်း၊ ငါးခူ၊ ငါးစင်ရိုင်း၊ ပင်လယ်ငါးခူတို့ စူးခဲ့ရင်လဲ (၄)ရွက်,(၅)ရွက်မျှ ဝါးစားပြီး ဒဏ်ရာဖြစ်တဲ့နေရာကို အရွက်အချို့ကို ထုံးခြေလို့ပဲဖြစ်ဖြစ်၊ ထောင်းခြေလို့ပဲဖြစ်ဖြစ် အုံပေးပါက** လျင်မြန်စွာ အဆိပ်ကို ပြေပျောက်စေနိုင်တယ်။

ကဲ ငါ့တူ...ငါ့တူကိုတော့ ဒေါ်ဒေါ်ရဲ့ ခရာနီပင်ရဲ့ အစွမ်းထက်ပုံနဲ့ အသုံးပြုပုံကို ဆေးမြီးတိုတစ်ပုဒ် ပေးလိုက်တယ်နော်'

'ဒေါ်ဒေါ်အနေနဲ့ အခုလိုမျိုး စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ'

'ရပါတယ် ငါ့တူရယ်၊ ဒေါ်ဒေါ်ပေးလိုက်တဲ့ ဆေးနည်းအတိုင်း သုံးစွဲလို့ ဝေဒနာ ပျောက်ကင်း သက်သာခဲ့မယ်ဆိုရင် ဝမ်းသာတာပေါ့ကွယ်'

'ကဲ...ဒေါ်ဒေါ် ကျွန်တော့်ကိုလဲ ပြန်ခွင့်ပြုပါဦးနော်'

ဟု ဆိုကာ ထမင်းဆိုင်ရှင် ဒေါ်ထွန်းသန်းအား နှုတ်ဆက်၍ပြန်ခဲ့လေသည်။

အထက်ပါ ဖော်ပြပေးခဲ့သော အဆိပ်ကို ပြေစေနိုင်သည့် ခရာနီပင်ကို စာရှုသူများအနေနှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် ဓာတ်ပုံနှင့်တကွ ဖော်ပြပေးလိုက်ရပါသည်။

**(၇)ရက်သားသမီး၊ အပေါင်းတို့ အန္တရာယ်ကင်း ရောဂါရှင်းစွာ ကောင်းကျိုးအဖြာဖြာ ပြုနိုင်ကြပါစေလို့...**

**မြဒင်(ဖင်းကျိုက်)**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

**◎ စနေဂြိုဟ်ခုံစတဲ့ နှလုံးလမ်းကြောင်းကို တွေ့ရတယ်။ (က.က)**

ဒါကတော့…

အနည်းနဲ့အများဆိုသလို ကိုယ်ကျိုးကို ငဲ့ကွက်တတ်တဲ့ သဘောပါပဲ။

**◎ ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ဝေးကွာနေတယ်။ (ခ.ခ)**

ဒါကတော့…

သူတစ်ပါးရဲ့ လွှမ်းမိုးခြင်းကို မကြိုက်တတ်တဲ့ ဉာဏ်တစ်မျိုးရှိကြောင်း ပြပါတယ်။

**◎ ဖြောင့်တန်းတဲ့ ဉာဏ်လမ်းကြောင်းကို တွေ့ရတယ်။ (ဂ.ဂ)**

ဒါကတော့…

စိတ်မြန်လက်မြန်
တင့်တယ်ထိုး
ဉာဉ်စရိုက်ကို
ဖော်ပြပါတယ်။
ကဲ ဒါဆိုရင်…
သူ…ဘယ်လို
လူစားလဲလို့
အကဲခတ်နိုင်လောက်ပါပြီ။

***အေးပါစေ အောင်ပါစေ။***

**သန်းပညာ**

www.burmeseclassic.com

www.burmeseclassic.com





# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ဝန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိရှင်တော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ သိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်ထဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) သိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့


www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော် ဦးစန္ဒိမာ၏ ရုပ်ကလာပ်တော် [သက်တော် (၆၄)နှစ်၊ ဝါတော် (၄၄)ဝါ]

လွယ်ကောင်းအောင်

ရွှေဘိုမြို့နယ် သီးလုံးရွာမှ

# ရုပ်ကလာပ်တော် မပုပ်သိုးသော ဆရာတော် ဦးစန္ဒိမာ

သီးလုံးရွာသည် ရွှေဘိုမြို့မှ (၇)မိုင် ကျော်ဝေး၏။ သီးလုံးရွာတွင် ကျောင်း ([illegible])ကျောင်းရှိ၏။

မင်းကြီးကျောင်းသည် ပထမ သီးလုံးဆရာတော်ကြီး၏ ကျောင်းဖြစ် ...ထို မင်းကိုးကွယ်သောကျောင်း။ ...ာစည်၊ တောင်ပုလုဆရာတော်ကြီး များ၏ ဆရာစဉ်ဆက်ကို လိုက်ပါက သီးလုံးဆရာတော်ကြီး ဦးစန္ဒိမာမှာ ...ဆုံး၏။

မင်းကြီးကျောင်း၏ အနောက်ဘက် ...င် သာသနာရိပ်သာကျောင်းရှိသေး ၏။

ထိုဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် မပုပ်မသိုးဘဲ ရုပ်ကလာပ်တော်ကို မှန်ခေါင်းသွင်းကာထားသည်။ ထိုဆရာတော်၏ ဘွဲ့အမည်တော်မှာလည်း **ဦးစန္ဒိမာ**ဖြစ်၏။

သာသနာရိပ်သာကျောင်း ရောက်တော့ လက်ရှိကျောင်းထိုင်ဆရာတော် ဦးကောသလ္လ၊ သက်တော်(၇၂)နှစ်၊ ဝါတော်(၅၁)ဝါကို အဆင်သင့်တွေ့ရ၏။

ရုပ်ကလာပ်ထားရာ ဗိမာန်တော်ကို ညွှန်ပြ၏။ မှတ်တမ်းဓာတ်ပုံများ ရိုက်ပြီးသောအခါ သိလိုသမျှကို မေးစရာမလိုတော့လောက်အောင် ရှေးဟောင်းနှောင်းဖြစ်များ၊ ဆရာတော်ကြီး၏ ထူးခြားသော ဖြစ်စဉ်များကို အိတ်သွန်ဖာမှောက် ပြောပြလေတော့သည်။

ဆရာတော်ကြီးသည် **ကန့်ဘလူနယ်၊ ဆူးတစ်ရွာဇာတိ**ဖြစ်၏။ သပိတ်၊ သင်္ကန်းမျှဖြင့် သီးလုံးရွာကို ရောက်ရှိခဲ့သည်။ ဆရာတော်ကြီးသည် စစ်ကိုင်းစကုမှော်ကျောင်းတွင် စာဝါလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော် ဦးစန္ဒိမာ၏ ဂုဏ်ကလျာဏ်တော် ဦးသော်ဇိုင်းမှ မြင်တွေ့ရပုံ

▼ ဆရာတော် ဦးစန္ဒိမာ ဂုဏ်ကလျာဏ်တော် ပူဇော်ထားရှိရာ ဗိမာန်တော်



ဆရာတော်ကြီးသည် **ဘုရားဆုပန်** ဖြစ်၏။ ထို့ကြောင့် ဉာဏ်ရည်ထက်မြက်၏။ လောကီ ဈာန်၊ အဘိညာဉ် စခန်းများထိ ပေါက်မြောက်လောက်သော အတွေ့အကြုံဖြစ်စဉ်များ။ မြောက်မြားစွာ ရှိနေပါသည်။

ပထမငယ်နှင့် ပထမလတ်ကို (၁)နှစ်တည်းနှင့် အောင်ခဲ့သည်။ မန္တလေးမှာ အကြီးတန်းနှင့် (၁၀)တန်းကို (၁)နှစ်တည်းနှင့် အောင်ခဲ့ပြန်သည်။

ထို့နောက် ရန်ကုန်မြို့ ကျောက်မြောင်း ဦးပဏ္ဍိတ၏ကျောင်းကို ရောက်ခဲ့သည်။ ဆရာတော်သည် ကန့်ဘလူမြို့နယ် ဆူးပုတ်ကုန်းရွာ ဇာတိဖြစ်သောကြောင့် ဦးစန္ဒိမာကို မြှောက်စား၏။


ထိုစဉ်က ဂျပန်ခေတ်ဖြစ်၏။ ပညာရေးဝန် ဦးသန်းမောင်သည် ညနေတိုင်းလိုလို ဘုန်းကြီးကျောင်းကို လာသောကြောင့် ဦးသန်းမောင်နှင့် ရင်းနှီးလာခဲ့၏။

ဂျပန်စစ်တပ်က ဦးသန်းမောင်အား ဖမ်းဆီးရန် အမိန့်ထုတ်တာ သိရသောအခါ ဦးသန်းမောင်သည် ဘုန်းကြီးတွင် နေ့အခါ မျက်နှာကျက်ပေါ် စားစရာအပြည့်အစုံနှင့် တက်ရောက် ပုန်းအောင်းနေခဲ့သည်။ ညအခါ အောက်ဆင်းအိပ်၏။

ဂျပန်စစ်ရှုံးသွားသောအခါ ဦးစန္ဒိမာသည် (၁၀)တန်းအောင်ထားပြီး ဦးသန်းမောင်သိရှိကာ ရဟန်းဝတ်နှင့်ပင် ရန်ကုန်တက္ကသိုလ်ကို တက်ရောက်သင်ကြားခွင့် ရရှိခဲ့သည်။ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com





● ဆရာတော် ဦးစန္ဒိမာ၏ ရုပ်ကလာပ်တော်

ဆရာတော်ကြီး ဦးစန္ဒိမာ
သက်တော်ထင်ရှားရှိစဉ်
ယခင်က ပုံတော် ▶

● ယခု လက်ရှိကျောင်းထိုင်ဆရာတော်
ဦးတေဇာသလ္လ



တက္ကသိုလ်မှ B.Sဘွဲ့ ရရှိခဲ့သည်။

အိန္ဒိယဒေလီမြို့တွင် မဟာဝိဇ္ဇာဘွဲ့ ဆက်လက်သင်ယူခဲ့သည်။ ဆေးပညာ သုတေသန ၊ ဆေးဝါးဖော်စပ်သည့် ဒေါက်တာဘွဲ့ကို အမေရိကန်မှာ (၄)နှစ်၊ အင်္ဂလန်မှာ (၂)နှစ် တက်ရောက်ယူခဲ့သည်။

ဆရာတော်ကြီး၏ လောကီဘက်တွင် ရဟန်းဝတ်နှင့်ပင် ဘွဲ့တွေများစွာ ရယူနိုင်ခဲ့၏။

**လောကုတ္တရာဘက်တွင်မူလမင်းကွန်း ဆရာတော်၊သထုံဇေတဝန်ဆရာတော်ကြီး ဦးနာရဒထံမှာ တရားအားထုတ်ခဲ့၏။ မင်းကွန်းမှာ ဖြစ်၏။ ရက်ပေါင်း (၄၀)ကျော် ကြာမြင့်ခဲ့၏။**

မဟာစည်ဆရာတော်၊ တောင်ပုလုဆရာတော်ကြီးများနှင့် ခေတ်ပြိုင်လောက်ဟု ထင်ရပါမည်။ သီးလုံးရွာနှင့် မဟာစည်ဆရာတော်ကြီး၏ ဇာတိဆိပ်ခွန်ရွာသည်လည်း သိပ်မဝေးလှပေ။


ဆုကြီးပန်ပုဂ္ဂိုလ်ကြီးများ တရားအားထုတ်ပါက အနုလောမဉာဏ်မှဆော်၍ မတွေ့ကြတော့ပေ။ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





▲ ဆရာတော်ကြီး
သက်တော်ထင်ရှားရှိစဉ်က ပုံတော်

ဆရာတော်ကြီး
သက်တော်ထင်ရှားရှိစဉ်က ပုံတော် ▶

သည့် သီးလုံးရွာတွင် ကမ္မဋ္ဌာန်းပြသပေး၏။ သတိပဋ္ဌာန်နည်းပင်ဖြစ်၏။

ဝမ်းဗိုက်မှာ စိတ်ကိုထားကာ အသက် ရှူသွင်းလိုက်သောအခါ ပူလာတဲ့သဘော၊ ကြွကြွတက်လာတဲ့သဘော၊ အသက်ရှူထုတ်လိုက်သောအခါ ဝမ်းဗိုက်ပိန်ကျသွားတဲ့သဘော၊ ရှပ်သွားတဲ့သဘောကိုပင် ရှုခိုင်း၏။ စကားအသုံးကတော့ **"ဖောင်းတယ်၊ ပိန်တယ်"** အသုံးမဟုတ်ဘဲ **"ပူတယ်၊ ရှပ်တယ်"**ဟု အသုံးပြုခဲ့ပါသည်။

ဆရာတော်ကြီးသည် **ဝိဇ္ဇာမယပညာရှင်**ဟု ခေါ်ဆိုရနိုင်၏။ ယခုဆရာတော်ကြီး ဦးကောသလ္လသည် ဆရာတော်ကြီးနှင့် ဆွေမျိုးလည်းတော်စပ်၏။ အနီးနေ တပည့်တစ်ဦးလည်းဖြစ်သောကြောင့် ဆရာတော်ကြီးနှင့် ပတ်သက်သမျှ တော်တော်လေး နှံ့စပ်စွာ ပြောပြနိုင်၏။


ဆရာတော်ကြီး၏ ခမည်းတော်သည် ဦးဘအုံး၊ မယ်တော်သည် ဒေါ်ဘေမှိုဖြစ်၏။ ဘေကို မှီလိုက်သောကြောင့်ဖြစ်၏။ ဆရာတော်ကြီးသည် **သက်တော် (၆၄)နှစ်၊ ဝါတော် (၄၄)ဝါ၊ ၁၃၅၆ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်နေ့တွင်** ပျံလွန်တော်မူခဲ့ပါသည်။

မဟာစည် ဆရာတော်ကြီးသည် ဆိပ်ခွန်မှာ တရားပြ၏။ ဦးစန္ဒိမာသည် သီးလုံးမှာ တရားပြ၏။ ယောဂီအချင်းချင်း စကားစပ်မိကာ ဦးစန္ဒိမာအကြောင်း မဟာစည်ဆရာတော်ကြီးထံ လျှောက်ထားသောအခါ မဟာစည်ဆရာတော်ကြီးမှ...

"အဲဒီ ရှမ်းဘုန်းကြီးကို လူထဲကဖြစ်ဖြစ်၊

စာမျက်နှာ (၁၁) သို့

www.burmeseclassic.com





ရဲမျိုးသူ
(ဇောမိမြိုင်)

ရွှေပေါ်ကျွန်း

# ဆရာတော်ကြီး ချီးမြှင့်ခဲ့သော

## စဉ့်အိုးလေး

သိသူတို့ သိကြပေလိမ့်မည်ဟု အဘကျော် ဆိုပါသည်။ အဘကျော်ဟု ကျွန်တော်တို့ ရင်းနှီးခင်မင်စွာ ခေါ်ဆိုကြသော်လည်း အမည်ရင်းမှာ ဦးကျော်စွာ ဖြစ်ပါသည်။

စာတိမြေ ရေစကြိုမှ စေတော်ဝင်ကျောင်း၊ ရွှေပေါ်ကျွန်းသာသနာမြေသို့ အဘကျော်ရောက်ရှိစဉ် **ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်ပေးခဲ့သည့် ထူးထူးခြားခြား စဉ့်အိုးလေးအကြောင်း** ပြောပြခဲ့သည်က စိတ်ဝင်စားစရာ ဖြစ်ပါသည်။

'ဆရာတော်ဘုရားကြီး အဖူးမြော်ခံ တာက **ဓမ္မသာလ**မှာတဲ့'

'ဓမ္မသာလဆောင်က ဘယ်မှာလဲ'

ရွှေပေါ်ကျွန်း သာသနာပြုစခန်းသည် ယခင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့မှတစ်ဆင့် မြေသားလမ်းသဲတောသဲချောင်းများကို ဖြတ်ကာ ဂျစ်ကားဖြင့် သွားရပါသည်။

အညာနွေကပူ ဖုန်က ထူလှသဖြင့် ကားသမားနှင့် ခရီးသည်များအားလုံး ဖုန်မှုန့်များ လူးနေပါတော့သည်။

ဂျစ်ကား စေတော်ဝင်ကျောင်းသို့ အဝင် ရွှေပေါ်ကျွန်း သာသနာပြုစခန်းသို့ ယခင်ကပင် ရောက်ရှိခဲ့ဖူးသူ ဦးလေးကြီးက ဆရာတော်ကြီး အဖူးမြော်ခံသည့် နေရာအား ကြိုတင်ဆော်ဩပေးလိုက်ခြင်း ဖြစ်တော့သည်။

'ကိုကျော်စွာ ဒီဘက်မှာတဲ့ဗျ'

မိတ်ဆွေကိုတင်ရှိန်၏ စကားကြောင့် ဖုန်မှုန့်များကိုခါ၊ ခရီးဆောင်အိတ်ကိုပြင်ရင်း ဓမ္မသာလဆောင်ဆိုသော နေရာသို့ ရောက်ခဲ့တော့သည်။

စေတော်ဝင်ကျောင်း၊ ရွှေပေါ်ကျွန်း သာသနာမြေသို့ ရောက်ဖူးခဲ့ကြသော တပည့်ဝေနေယျများအားလုံး ဓမ္မသာလဆောင်ကို သိကြပေသည်။

(၇)ရက်သားသမီး ကပ်(၃)ပါးကို ကျော်လွှားနိုင်ရန် နိမိတ်မြင်ကာ ဓာတ်ချခြင်းက ဝါးကတ်ကြမ်းများကိုသာ ခင်းထားသည့် ဓမ္မသာလဆောင်တွင် သာ ရွှေပေါ်ကျွန်းဆရာတော်ကြီး အဖူးမြော်ခံပါသည်။

ဓမ္မသာလဆောင်သို့ ဝင်ရောက်ကြ

www.burmeseclassic.com

ကာ ဘုရားဝတ်ပြုပြီး ကုန်းသတ္တဝါတို့၏ အသွေးအသားများအား အလှူခံရာဌာနသို့သွားကာ အဘကျော်(၃)လတာမျှ စတင် လှူဒါန်းသည်ဟု ဆိုပါသည်။

အဘကျော်တစ်ယောက် ကျွန်တော့်အား ရွှေပေါ်ကျွန်းသာသနာမြေသို့ စတင်ရောက်ရှိခဲ့သော ပထမဆုံး အတွေ့အကြုံများအား အားပါးတရ အသေးစိတ် ပြောပြနေပါတော့သည်။

**မင်းရ** ။ ။ 'အဘကျော်က ဘယ်လိုအကြောင်း၊ ဘယ်လို အဆက်အသွယ်နဲ့ ရွှေပေါ်ကျွန်းကို ရောက်ခဲ့ရတာလဲ'


**ဦးကျော်စွာ**။ ။ 'ဒီလိုကွယ့်၊ အဘက တစ်ချိန်တုန်းက ကုန်သွယ်လယ်ယာအစိုးရဲ့ ဒိုင်မှူးတစ်ယောက်ဖြစ်ခဲ့တယ်။ ဒိုင်မှူးဘဝမှာ စပါးကိစ္စတွေ စိတ်ပျက်စရာကောင်းလောက်အောင် ဆုံးရှုံးမှုတွေ ကြုံခဲ့ရတယ်။

အခက်အခဲတွေ တွေ့အားကြီးတော့ အားကိုးအားထားရှာကာ ရွှေပေါ်ကျွန်း ဆရာတော်ကြီးဆီ ရောက်ခဲ့ရတာ။

အဘတို့ ရေစကြိုမြို့က ဆရာတော်ကြီးရဲ့ တပည့်တွေများကြတော့ အဘရဲ့ မိတ်ဆွေတွေက ရွှေပေါ်ကျွန်းကို သွားဖို့ တိုက်တွန်းကြလို့ပဲပေါ့။

ပြောရရင်တော့ တပည့်မကောင်း ဆရာ့ခေါင်းပေါ် ပုံကျပြီး ရာထူးပါ ပြုတ်ခဲ့ရတဲ့ အထိပဲ။ အဘဟာ တပည့်အပေါ်မှာ ကောင်းခဲ့ပါလျက် ငါ့အပေါ် မကောင်းခဲ့တာဟာ အတိတ်က ပေးဆပ်ရမယ့် ဝဋ်ကြွေးမကုန်သေးလို့ဘဲဆိုပြီး ခွင့်လွှတ်တဲ့စိတ်သာ မွေးခဲ့တယ်။

တော်တော်လေး ဒုက္ခရောက်ခဲ့ရ



တယ်။ ထိုသူလဲ သူ့ရဲ့ မကောင်းတဲ့ အကုသိုလ်ကံပြန်ပြီး အကျိုးပေးသွားတာပါပဲ'

**မင်းရ** ။ ။ 'အဘကျော် ရွှေပေါ်ကျွန်း ရောက်ရောက်ချင်း ဆရာတော်ကြီးကို ဖူးခွင့် မရဘူးပေါ့'

**ဦးကျော်စွာ**။ ။ 'ဟုတ်တယ် မရခဲ့ပါဘူး မောင်ရင်။ ဓမ္မသာလဆောင်ကြီးကိုရောက်တော့ ဆရာတော်ကြီး အဖူးမြော်ခံရာက ပြန်ကြွသွားပြီလို့ ဆိုတာကြောင့် အဘတို့လဲ ရေစကြိုသားတွေ စုပေါင်းလှူဒါန်းဆောက်လုပ်ထားတဲ့ ရေစကြိုဆောင်မှာ ညအိပ် တည်းခိုခဲ့ကြတယ်။

နောက်တစ်နေ့ ဆရာတော်ကြီးကို ဖူးမြော်ပြီး စကားပြောလျှောက်ထားခွင့်ရစေဖို့ **စိတ်မနောက ကြိုလျှောက်နေခဲ့တာပေါ့'**

**မင်းရ** ။ ။ 'နောက်နေ့ ကျတော့ ဆရာတော်ကြီးကို ဖူးခွင့်၊ စကားပြော လျှောက်ထားခွင့်ရလား အဘကျော်'

**ဦးကျော်စွာ**။ ။ 'ဖူးခွင့်ရတဲ့ အပြင် ထူးခဲ့တယ်လို့ ဆိုရမှာပေါ့'

**မင်းရ** ။ ။ 'ဘယ်လိုများ ထူးခဲ့လို့လဲ အဘကျော်'

**ဦးကျော်စွာ**။ ။ 'ဘယ်လို ထူးလဲဆိုတော့ အခု အဘာ အသက်ကြီးပြီး အေးအေးဆေးဆေး အိုဇာတာကောင်းစွာ နေနိုင်တာရယ်၊ သားစဉ်မြေးဆက် ဆန်ပွဲရုံ ပိုင်ရှင်ဖြစ်ခဲ့ရတာ ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့်ပဲ မောင်ရင်'

**မင်းရ** ။ ။ 'အဘကျော် ပြောပြတာ စိတ်ဝင်စားစရာပဲ'

**ဦးကျော်စွာ**။ ။ 'မောင်ရင်ကို အဘ ပြောပြမယ်။ ရွှေပေါ်ကျွန်း ဆရာတော်ကြီးဟာ အကြောင်းထူးရှိသူကို သိတယ်။ အဘအမြင်တော့ အပူနဲ့လာသူမို့ ကူလို့ ကယ်တင်တာရယ်၊ အကြောင်းဆက် ပဋ္ဌာန်းဆက်ကြောင့်လားတော့ မသိဘူးကွယ်။ ဆရာတော်ကြီးဟာ လူပရိသတ် ဒကာ၊ ဒကာမတွေကြား အဘကို ဖြတ်ခနဲ တစ်ချက်ကြည့်လိုက်တာ ရင်ထဲ တလှပ်လှပ် ဖြစ်သွားတာ အမှန်ပဲ။

မှတ်မှတ်ရရ ဆရာတော်ကြီးကို အနီးကပ် တွေ့ဆုံဖူးမြော်ခွင့်ရခဲ့တာ ဦးလေးမြဲဆိုသူ ဆရာတော်ကြီးရဲ့ တပည့်ကြီး ကျေးဇူးပါတယ်။

အဘကို ဦးမြဲဆိုတဲ့သူက လာပြောတယ်"**ဆရာတော်ကြီးနောက် လိုက်ခဲ့ပါတဲ့"**။

ဒါနဲ့ အဘလဲ ဦးလေးမြဲနောက်က လိုက်ခဲ့တာပေါ့။ ဆရာတော်ကြီးဟာ လူပရိသတ်များစွာကို ဓမ္မသာလမှာ အဖူးမြော်ခံပြီး ထန်းလက်တဲလေးကို ပြန်ကြွကာ ပက်လက်ကုလားထိုင်မှာ ထိုင်နေတယ်။

ဆရာတော်ကြီးထိုင်တဲ့ ဘေးက စားပွဲပုလေးပေါ်မှာ စဥ့်အိုးသေးသေးလေးထဲ ဆန်အပြည့် ထည့်ထားတာကို တွေ့တယ်။ အဘလဲ ဆရာတော်ကြီးကို စုတ်ချက်နိတော့လိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဆရာတော်ကြီး ကွမ်းတံတွေး ထွေးတယ်။ ဘာမှ မပြောဘူး။ ဦးလေးမြကဲ လျှောက်တယ်။ "**ရေစကြိုမြို့က ကိုကျော်စွာလို့ ခေါ်ပါတယ်ဘုရား**" အဲလို လျှောက်တယ်'

**မင်းရ** ။ ။ 'ဆရာတော်ကြီး ဘာ ပြန်မိန့်လဲအဘ'

**ဦးကျော်စွာ**။ ။ 'ကြို သိနေသလိုပါပဲ မောင်ရ၊ "**မောင်ကျော်စွာ နောက်ထပ် မိုးမခေါင်တော့ပါဘူး ကွယ်**"လို့ မိန့်ပြီး...

"ဆန့်အိုးကိုယူ၊ စိတ်မှာယုံထား၊ ဆန်ကိုပွား၊ ဂုဏ်တော်ထပ်ရွား ရွတ်ခါသွားပေတော့ အမျိုးမြတ်သူမို့ အဖိုးမဖြတ်နိုင်ပါဘူး"

ဆိုပြီး ဆန်အပြည့် ထည့်ထားတဲ့ စဉ့်အိုးလေးကို ချီးမြှင့်ခဲ့တာပဲမောင်ရင်'

**မင်းရ** ။ ။ 'အဘကျော် ဘာမှ မလျှောက်လိုက်ရ ဘူး လား'

**ဦးကျော်စွာ**။ ။ 'ဆရာတော်ကြီး ရှေ့ ရောက်တော့ ဘာမှလဲ လျှောက်ရဲဘူးကွယ့်၊ ဒါနဲ့ပဲ ဝတ်ချ ကန်တော့ပြီး ဆန်အပြည့် ထည့်ထား တဲ့ စဉ့်အိုးလေးကိုယူကာ ဝမ်းသာ အားရနဲ့ ပြန်ခဲ့တော့တာ။

စာတ်လမ်းက အဲဒီမှာ မပြီးသေးဘူး မောင်ရင်။ ဦးလေးမြဲဆိုသူက လာထပ် ပြောတယ်။

"မောင်ကျော်စွာ အားလုံး အဆင်ပြေတော့ ... ဦးလေးမြဲ ပြောရဲတယ်။ ဦးလေးနိုင်း ... တစ်ခုလုပ်သွား၊ အညာ မိုးခေါင်ကျော်စွာ ... ကို ပွဲ(၁)ပွဲပေးခဲ့"

... မှာတယ်'

**မင်းရ** ။ ။ 'နောက်တော့ ဘာထူး သေးလဲ အဘကျော်'

**ဦးကျော်စွာ**။ ။ 'ဘာမှ မထူးတော့ဘူး မောင်ရင်၊ အဘလဲ ဦးလေးမြဲပြောတဲ့အတိုင်း မိုးခေါင် ကျော်စွာနတ်ကို ပွဲပေးခဲ့တယ်။ နောက် မှ သိရတာက ဦးမြဲကို ရွှေပေါ်ကျွန်း သာသနာပြုစခန်းမှာ "**အပါးတော်မြဲ**" လို့ခေါ်ပြီး ဆရာတော်ကြီးရဲ့ တပည့် ကြီးဆိုတာ သိခဲ့ရတယ်။

ဆရာတော်ကြီးနှုတ်က မိန့်တဲ့အတိုင်း "**စိတ်မှာယုံထား၊ ဆန်ကိုပွား**"ဆို တဲ့ စကားအရ ဆန်စပါးလုပ်ငန်း အကြောင်းသာ သေသေချာချာသိတဲ့ အဘဟာ ဆန်စပါးလုပ်ငန်းပဲ လုပ်ရ မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချတယ်။

ပြီးတော့ ဆန်ဆိုင်ကလေးဖွင့်ပြီး ဂုဏ်တော်ကိုးပါးကို မိသားစု တစ်စုလုံး မပြတ် ပွားများကာ ရိုးသားကြိုးစား ရှာဖွေလုပ်ကိုင်ရာက ဆန်ပွဲရုံကြီး ပိုင်ဆိုင်ခွင့်ရခဲ့တာပါပဲ မောင်ရင်'

**မင်းရ** ။ ။ 'အဘကျော် အဲဒီနောက် ပိုင်း ဆရာတော်ကြီးဆီ ထပ်ရောက်သေးလား'

**ဦးကျော်စွာ**။ ။ 'ရောက်တာမှ အဘ သာမပြောတ်ဘူး။ မိသားစု တွေအားလုံး နှစ်တိုင်းကိုရောက်ပြီး နှစ်စဉ် ဆန်ကားတစ်စီးတိုက် ဆန်လှူ နိုင်ခဲ့တယ်။

အဘတို့ မိသားစုတွေအားလုံးဟာ ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့ ပေမယ့် ဆရာတော်ကြီးရဲ့ ပုံတော်ကို အမြဲမပြတ် ပူဇော်ပြီး ကျေးဇူးတော်ကို အောက်မေ့နေကြဆဲပါပဲကွယ်'

*ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက် လျက်...*

**ရဲမျိုးသူ(ဗောဓိမြိုင်)**

**စာမျက်နှာ (၂၈)မှ အဆက်**

ရဟန်းတော်ထဲကဖြစ်ဖြစ် မကောင်းတာ ပြော၊ ကြံရင်၊ လုပ်ရင် မိန့်ခြောက်တယ်ပြီတော့ သေတာပဲ'

ဟု မိန့်ခဲ့ဖူးသည်ဟု သိရပါသည်။

ဆရာတော်ကြီး၏ မမြင်အပ်သော ပုဂ္ဂိုလ်များနှင့် ဆက်စပ်မှုများ၊ ထူးခြား ဖြစ်စဉ်များလည်း များစွာ ရှိနေပါသေး သည်။ ဆောင်းပါးရှည်နေပြီဖြစ်၍ အဆုံးသတ်ပါတော့မည်။

**လွယ်ကောင်းအောင်**

စာရှုသူ သုတေသီ

ပညာရှင်တို့ ခင်ဗျာ...

**ယခု ဆောင်းပါးပါ ဆရာတော်ကြီး ဦးစန္ဒိမာ၏ အကြောင်းကို ပြည့်ပြည့်စုံစုံ သိသူများ၊ တပည့်များမှ တစ်ထောင့်တစ်နေရာမှ လိုအပ် သော ကွင်းဆက်ကွက်လပ်များ ကို နကွစ္ဆရောင်ခြည်မဂ္ဂဇင်း ကြီးတွင် ပါဝင်ရေးသားပေးကြ ပါရန် ပန်ကြားအပ်ပါသည်။**

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းမှူး

နကွစ္ဆရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင်
# အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




အမှတ်တံဆိပ်

ထဆဝတ (တိုင်းရင်း) ၀၂၀/၀၆၀၇

ဓာတ်ပုံထပ် ၁၀၀၆ (ဗိုလ်) ၀၀၂၅၃၃ ထိုင်ခင် ၁၀၁၂၈ (ဆိုး)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ **အင်ကြင်းပန်း** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက် တဲ့ **အင်ကြင်းပန်း** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့ တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
"ဒါနဲ့ တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့ စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . ."
"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန် များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ ကျန်းမာရေးသတိမရှိလို့ သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့ လိုရာ မရောက်ဘူးခုပါလာတဲ့ **အင်ကြင်းပန်း** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .**"

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တံခါးမြို့အနီးမှ ဖြစ်စဉ်ထူးခြားသော

# ရွှေဘုန်းပွင့်မြတ်စွာဘုရား

ကုန်းတော်မြေ (၁)

စံလွင်းသာ

## တည်နေရာ

ရွှေဘုန်းပွင့် စေတီတော်သည် ကျောက်တံခါးမြို့၏ အရှေ့တောင် ထောင့်ယွန်း နှစ်မိုင်ခန့်အကွာ **ဘုရားကြီးကုန်းရွာခေါ် ခိုလုံကျေးရွာအနီး**တွင် ကိန်းဝပ်တော်မူသည်။


ကျောက်တံခါးမြို့ တောင်ဘက် အဝေးပြေးကားလမ်းအတိုင်း နှစ်မိုင်ခန့် ကွာလေးသော သုဓွေးကုန်းရွာမှ မြောက် ထောင့်ယွန်း မြေလမ်းအတိုင်း လာရောက် နိုင်သကဲ့သို့ ကျောက်တံခါးမြို့ အရှေ့ တောင်ထောင့် ရွှေဘုန်းတိုးစေတီအနီး မြေလမ်းမှလည်း သွားရောက်နိုင်လေ သည်။

## ကုန်းတော်ဆီသို့

ကျောက်တံခါးမြို့မှ ဦးတင်ကြည်က သုဓွေးကုန်းလမ်းမှတစ်ဆင့် လိုက်ပို့ ပေးသည်။ သုဓွေးကုန်းရွာအဆုံးတွင် ရွှေဘုန်းပွင့်ကုန်းတော်သို့ သွားရာ မြေလမ်းနှင့် မုခ်ဦးကို တွေ့ရသည်။ **ထုပ်ဝပ်နေသော ဆင်နှစ်ကောင်က မုခ်တော်တစ်ချက်စီ ရံထားသည်။**

ဤလမ်းကို ၂၀၀၃ ခုနှစ်ဦးတွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရွှေဘုန်းပွင့် ကျောင်းမှ သံဃာများ ဆွမ်းခံကြွရာ လမ်း အဆင်ပြေစေရန် ရည်ရွယ်လျက် "**ဆွမ်းခံလမ်း**" ဟု ခေါ်တွင်ခဲ့ကြ သည်။

ထိုလမ်းအတိုင်း ဆိုင်ကယ်ဖြင့် ငါးမိနစ်ခန့် မောင်းနှင်ခဲ့သောအခါ ကုန်းတော်အဝင် တောင်ဘက်မုခ်ဦး ကို တွေ့ရသည်။ မုခ်ဦးအလယ်တွင် လက်ရာမြောက်၍ သပ္ပါယ်လှသော ကျောက်ဖြူသား တင်ပျဉ်ခွေရုပ်ပွား တော်ကို လိုဏ်မုခ်နှင့်တကွ ဖူးတွေ့ ရသည်။



◆ ရွှေဘုန်းပွင့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုန်းပွင့်စေတီ ပြန်လည် ပွင့်ထွန်းစေရန် ဦးဆောင်တော်မူခဲ့သည့် ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်း ဆုထူးပန်ဆရာတော် ဦးကေသရ ကိုယ်တိုင် ပင့်ဆောင်ပူဇော်ခဲ့သည့် ရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

ကျောင်းဝင်းအတွင်း ဝင်ရောက်ကာ စေတီအနီးရှိ ရွှေဘုန်းပွင့်ကျောင်းသို့ သွား၍ ဆရာတော် ဦးအဂ္ဂသီလအား ဦးစွာဝင်ရောက်ဖူးမြော်သည်။

ဒါယကာရင်းဖြစ်သူ ဦးတင်ကြည်က အကျိုးအကြောင်း လျှောက်ထားသောအခါ ကုန်းတော်၏ နောက်ခံဖြစ်စဉ်ကို လိုလားစွာပင် ရှင်းလင်းမိန့်ကြားပေးတော်မူသည်။

ဤကုန်းတော်သည် ပုဂံခေတ် အနော်ရထာမင်းကြီး သုဝဏ္ဏဘူမိ သထုံပြည်မှ ရတနာသုံးပါးနှင့်တကွ ဓာတ်တော်မွေတော်၊ ပိဋကတ်တော်၊ လက်မှုပညာရှင်များအား ပင့်ဆောင်ရာတွင် ခရီးတစ်ထောက် နားခဲ့ရာ နေရာဖြစ်ကာ "ဝါဖတ်ခြင်း" ပမာဏရှိ အထိမ်းအမှတ် စေတီငယ်တစ်ဆူ တည်ဆောက်ပူဇော်ခဲ့သည်။

ယင်းနောက် မြစ်တော် အလောင်းစည်သူမင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာ ဖောင်တော်နားစဉ် ဖောင်တော်ဦး၌ လင်းလက်သော အရောင်များ တွေ့ရသဖြင့် ရှာဖွေစေသောအခါ ဘေးတော် အနော်ရထာမင်း၏ စေတီငယ်ကို ချုံအတွင်း စံပယ်တော်မူသည်ကို တွေ့ရ၏။

ပညာရှိ အမတ်များ လျှောက်တင်၍ အကြောင်းစုံ သိရသောအခါ ထိုစေတီကိုငုံ၍ ကိုးတောင်ပြည့်စေတီ တည်လျက် **ဖောင်တော်ဦးစေတီ**ဟု ဘွဲ့မည်ကပ်လှူ၏။

ယင်းနောက်တွင် မင်းအဆက်ဆက်



▲ သုဓမ္မာကုန်းရွာမှ ထွက်ဆုံလမ်းဘေး

▼ ရွှေဘုန်းပွင့်ကုန်းတော် တောင်ဘက်မုခ်



ကာလရှည်ကြာစွာ မြုပ်တစ်ခါ ပေါ်တစ်လှည့် ကိန်းဝပ်တော်မူခဲ့ကာ အင်္ဂလိပ်အစိုးရ လက်ထက်တွင် ချုံအတိ ဖုံးလွှမ်း၍ ဖုန်းဆိုးမြေအဖြစ် တည်ရှိခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၂၉ ခုနှစ်ခန့်တွင် စွန်းလွန်းဆရာတော် ဦးကဝိ၏ တပည့် အရှင်ရေဝတသည် ဤတောအုပ်အတွင်း တောရဆောက်တည်ကာ ကမ္မဋ္ဌာန်းဘာဝနာ ကျင့်ကြံတော်မူသည်။

ထိုအခါ အနီးတွင် တောင်ယာလုပ်ကိုင်နေသည့် စကောကရင်တိုင်းရင်းသား ဦးထွန်းမြင့်က တောအတွင်း လူအရိပ်အယောင် မြင်ရသဖြင့် သွားရောက်စူးစမ်း၏။ တောရဆောက်တည် ကျင့်ကြံကြောင်း သိရသောကြောင့် ဖျာ၊ ခေါင်းအုံး စသည့် သယ်ယူလှူဒါန်းသော်လည်း သီတင်းသုံးတော်မမူချေ။

ကုက္ကိုပင်ရင်း၌ ကောက်ရိုးခင်းထွေးသောအခါ လက်ခံတော်မူသည်။ ထွမ်းဘုဉ်းပေးသည်ကိုလည်း မတွေ့ရ တိတ်တဆိတ် သွားပြည့်လေတိုင်း





www.burmeseclassic.com

www.burmeseclassic.com



◆ ဦးဝိဇာသရ ပူဇော်ခဲ့သည့် မုဆိုးဖိုရှင်မွှားတော်

ရွှေကျိုက်မှန်ကျိုးတော် မြောက်တက်မုခ်ဦး ◆

◆ ဆရာတော်ကျောင်း





...ရှုမှတ်နေသည်ကိုသာ တွေ့ခဲ့ရ ...သည်။

ဘုန်းကြီးက အဲဒီတုန်းက ...သောက်သမားကွယ့်။ သံဃာကို ...ညှိပေးမယ့် အချိန်ကျရင် သောက် ...သဲကွယ့်။ ရက်နည်းနည်းကြာ ...တော့...

"...ဟာ မင်း ဘုရားတည်ရမယ်ကွယ့်" ...ဆို မိန့်တယ်။

...ကောင်းယာ လုပ်စားနေတာ ဘယ် ...ပိုက်ဆံရမှာလဲ အရှင်ဘုရား။ ဘုရား တည်ရင် ပိုက်ဆံ မနည်းမနော ကုန်မှာ ဘုရား"

"တည်ရမှာပါ။ မင်း အရက် မသောက်ဘဲ တရားအလုပ် လုပ်ပါ"

"ဘယ်နှရက် ကြာမှာလဲ"

"ကိုးရက်"

"ဟာ မနေနိုင်ဘူး။ သုံးရက်ဆိုရင် လုပ်မယ်"

"ကဲ...ကဲ...ငါးရက်တော့ အဓိဋ္ဌာန် ကြည့်ပြီးမှ ဆန္ဒရှိရင် ဆက်လုပ်ပေါ့"

ဒါနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ သရဏဂုံတည်၊ ငါးပါးသီလယူပြီး ဘုရားဂုဏ်တော် ပုတီးစိပ်ရတယ်။ စစချင်း အကျင့်မှ မရသေးတော့ အရပ်တစ်ပါးတည်း စိပ်တယ်။ ညနေ ကျရင် စိတ်ကို မနည်းထိန်းရတယ်။ တစ်ရက်ပြီးတစ်ရက် လက်ချိုးရေနေ တာပဲ။

ငါးရက်ပြည့်တော့...


"အရှင်ဘုရား ငါးရက်ပြည့်သွားပြီ။ ဘာမှမလဲ မထူးခြားပါလား။ တပည့် တော် အရက်ပြန်သောက်တော့မယ်"

"ဟဲ့...ဟဲ့...နေပါဦး ဟိုသစ်ပင် အောက်ကို သွားကြည့်လိုက်ပါ"

သွားကြည့်တော့ ခြတောင်ပို့လိုလို သစ်ရွက်တွေ ဖုံးနေတာ တွေ့ရတယ်။ သစ်ရွက်တွေအောက်မှာ ငွေစက္ကူတွေ အများကြီး။ တစ်ဆယ်တန် နှစ်ဆယ် တန်အသစ်တွေ။

"တပည့်တော် ဒီပိုက်ဆံတွေ မလို ချင်ပါဘူး ဘုရား"

www.burmeseclassic.com



▲ ဆရာတော် ဦးအာဂ္ဂသီလ

"ဟဲ့ မင်းသုံးဖို့ မဟုတ်ဘူး။ ဘုရားတည်ရင် သုံးရမှာ"

ဒီလိုနဲ့ ကိုးရက်ပြည့်အောင် အဓိဋ္ဌာန်ဝင် ကိုးပါးသီလစောင့်ပြီး သက်သတ်လွတ်စား ပုတီးစိပ်ဖြစ်တယ်။ နောက်ပိုင်း အလိုလို မြဲသွားပြီး ဘုရားတည်ဖို့ ကြိုးစားတယ်။ ကြိုးစားတယ် ဆိုပေမယ့် ငါတစ်ယောက်တည်း ဘယ်လိုတည်ရပါ့မလဲလို့ အမြဲ စဉ်းစားမိတယ်။ ဒီတော့ ဆရာတော်က...

"ဘုရားကြီးကုန်းရွာမှာ မကြည်ဆိုတာ ရှိသလား"

"တပည့်တော် ခိုလုံရွာသားပဲလေ။ ကရင်စကား မြန်မာလို ဘုရားကြီးကုန်းတဲ့။ မကြည်ဆိုတာ တပည့်တော်အစ်မပဲ"

"အေး သွားခေါ်လာခဲ့"

ဒေါ်ကြည် ရောက်လာတော့ အတိတ်က ဆွေမျိုးတော်စပ်ကြောင်း အထောက်အထားတွေနဲ့ ပြောပြတယ်။ ဒေါ်ကြည်လဲ မျက်ရည်တွေကျပြီး ဘုရားတည်ရင် သူ အလှူပါဝင်ပါရစေလို့ လျှောက်ထားတယ်။

ဒီလိုနဲ့ပဲ ဟိုး... ပိန်းဇလုတ်မြို့က ဦးရာလှ စသဖြင့် အတိတ်က ဆွေမျိုးတော်စပ်တဲ့ သူတွေကို စုပေးတယ်။ အားလုံးစုံတော့ မြင်းခြံကို ပြန်တော့မယ်တဲ့။

"ဟာ ဒီဘုရားကို ဘယ်လို လုပ်ရမှာလဲ ဘုရား"

"ဘုန်းရှင် ကံရှင် ပေါ်လာပါလိမ့်မယ်"

ဒါနဲ့ ဆရာတော်ကို လိုက်ပို့ကြတယ်။ ငွေစက္ကူတွေ တစ်ရွက်မယူဘူး။ အကုန်ချန်ခဲ့ပြီး မီးရထားလမ်းဘက်ထွက်သွားတယ်။

သံလမ်းပေါ်ရောက်တော့ ရထားလုံး (မီးရထားလမ်းများ စစ်ဆေးရန် သံလမ်းပေါ် ပြေးနိုင်သည့် တွန်းလှည်း) တစ်စီးရောက်လာပြီး ဆရာတော်ကို တင်ခေါ်သွားတယ်။

နောက်တော့ သထုံမြို့ အလံတရာ ဆရာတော်ကြီးရဲ့တပည့် အရှင်နန္ဒသေန ရောက်လာပြီး ဘုရားကုန်းပေါ်မှာ သာသနာ့အလံ စိုက်တယ်။ ဘုရားတည်ဖို့ နေရာတော့ အလံစိုက်ပြီးပြီ။ ဘုရားတော့ မပွင့်သေးဘူး။ ဘုန်းရှင်ကံရှင်ဆိုတာ ဘယ်မှာပါလိမ့်လို့ စဉ်းစားတယ်။

အလံတရာဆရာတော် ဒေ့ကြွားတော့မှ မဖွီမာရုံကျောင်းဆရာတော် ဦးကေသရကို သတိရပြီး သွားလျှောက်

www.burmeseclassic.com



◆ ဆရာတော်ကျောင်းမှ ဘုရားဆောင်



ရုပ်ရှင်တော် တန်ဆောင်း ▶

ဖြစ်တယ်။ ၁၃၂၇ ခုနှစ်မှာ ဦးကေသရ ဦးဆောင်ပြီး စေတီဟောင်းနေရာမှာ အသစ်ပြန်တည်ဖို့ ပန္နက်ချတယ်။ အခက် အခဲတွေ ကြုံရလို့ နှစ်အတော် ကြာ သွားတယ်။ ၁၃၃၅ ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်နေ့ရောက်မှ ထီးတော်တင်ဖြစ်ခဲ့တယ်'

## ကြုံခဲ့ရသည့် အခက်အခဲ

စေတီတော် ပွင့်ထွန်းတော်မူရန် ဆရာတော် ဦးကေသရ ဦးဆောင်၍ ဒါယကာ ဦးထွန်းမြင့်နှင့် ကောင်းမှုရှင် ဆွေမျိုးအစဉ်အဆက်တို့ ကြိုးပမ်းစဉ် ကာလသည် လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် အစိုးရတပ်တို့ မကြာခဏ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားလေ့ရှိရာ ရွှေတုန်းပွင့် ကုန်းတော်ဝန်းကျင်သည်လည်း စစ်တလင်း ဖြစ်ခဲ့ရသည်။

ဦးစွာပထမ လက်နက်ကိုင် တစ်ဖွဲ့က လာရောက်စစ်မေးသည်။ ဦးထွန်းမြင့်က ချေငံစွာ ပြောဆိုရှင်းပြသဖြင့် ပွင့်ထွန်းလာတော့မည့် စေတီတော်အား ရည်မှန်းဦးတင်ကာ ပြန်သွားကြသည်။

ဒုတိယအကြိမ်တွင် ဦးထွန်းမြင့်က ကိုးပါးသီလ ဆောက်တည်၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ကိုးပတ်စီ(စုစုပေါင်း(၈၁)ပတ်) စိပ်ပွား၍ အဓိဋ္ဌာန်(၉)ရက်ဝင်စဉ် ဒုတိယအကြိမ် မြောက် လာရောက်စစ်မေးကြသူများကား မြန်မာ့တပ်မတော်မှ ဗိုလ်မင်းဟိန်း ဦးဆောင်သော နောက်ပါအင်အား ရဲဘော်(၆၀)ခန့်ဖြစ်သည်။

'မင်းတို့ တောခေါင်ခေါင်မှာ လူစုလူဝေးနဲ့ နိုင်ငံတော်ကို ပုန်ကန်ကြဖို့ ပြင်ဆင်နေကြတာ မဟုတ်လား'

'မဟုတ်ပါဘူး ဗိုလ်မင်းရယ် ဘုရားတည်နေကြတာပါ။ ဦးဆောင်တဲ့ ဆရာတော်လဲ ရှိပါတယ်'

စစ်ဗိုလ်က လိုက်ပို့နိုင်းသဖြင့် ဝါးကျောင်းကလေးတွင် သီတင်းသုံးနေတော်မူသော ဆရာတော် ဦးကေသရထံ ပို့ဆောင်ပေးရသည်။ စစ်ဗိုလ်က စစ်ဖိနပ်မချွတ် ရှိခိုးဦးချခြင်း မပြုပါ။

'ဘာဆုပန်သလဲ ဦးပဉ္ဇင်း'

'သမ္မာသမ္ဗုဒ္ဓ'

'ပျင်းစရာ ကောင်းလိုက်တာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရမှာ'

'အေး ငါက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးရင် ဘုရားဖြစ်နိုင်သေးတယ်။ မင်းကကော နိဗ္ဗာန်ရောက်ဖို့ ဘာတွေ ပြင်ဆင်ထားသလဲ'

'ကောင်းပြီလေ ဒီဘုရားတည်ဖို့ ဦးဆောင်တဲ့ ဒါယကာက ဘယ်သူလဲ'

'ဟောဒီ မောင်ထွန်းမြင့်ပါ'

'သူက ဦးဆောင်အကြီးအကဲလား'

'သူပဲ အကြီးဆုံး၊ သူပဲ အငယ်ဆုံး စေတီတည်ဖို့ ကြိုးပမ်းတာ သူတစ်ယောက်တည်း ရှိပါတယ်'

'ကဲ မင်းက ဘုရားဒါယကာဆိုတော့ ဘယ်သူ့ခွင့်ပြုလို့ တည်တာလဲ၊ ခွင့်ပြုချက် မရဘဲ အခုလို လူစုတာ နိုင်ငံတော်ပုန်ကန်မှုနဲ့ ပတ်သက်နိုင်တယ်။ မင်း သေနိုင်တယ်ဆိုတာ သိသလား၊ မင်း သေရဲသလား'

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနွား အသားမာရောဂါ





**ကုသနည်း မခက်ပါ**

တစ်နေ့ ဝက်လက်မြို့အနောက်ဘက် လိန်ပင်ရွာတွင် နေထိုင်သော စာရေးသူ၏ စာပေမိတ်ဆွေ ဆရာမောင်နေသွေး(ဝက်လက်) အိမ်သို့ အလည်သွားခဲ့သည်။

မောင်နေသွေးမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ရင်း သူဝါသနာပါသည့် စာပေများကိုလည်း ရေးသားနေသည့် လူငယ်တစ်ဦးဖြစ်သည်။

စာရေးသူက စက်ဘီးလေးကို စီးလာရင်း မောင်နေသွေး အိမ်ခြံဝင်းအတွင်း အဝင်တွင် စက်ဘီးပေါ်မှ ဆင်းကာ တွန်း၍ဝင်ခဲ့သည်။ မောင်နေသွေးတို့ ဇနီးမောင်နှံမှာ အိမ်ရှေ့ ကုက္ကိုပင်ရိပ်တွင် သံငရုတ်ဆုံဖြင့် ဘာတွေ ထောင်းနေကြမှန်း မသိပါ။

စာရေးသူကို မြင်လိုက်သည်နှင့်...

'ဟော... ဆရာကိုကိုအောင်ပါလား၊ လာဗျ ထိုင်ပါဦး၊ ရွာမရောက်တာ အတော်ကြာပြီနော်'

စာရေးသူကို ဝမ်းသာအားရ ဖိတ်ခေါ်ရင်း အိမ်ရှေ့အခန်းတွင်း ဦးဆောင်၍ ခေါ်သွားသည်။ မောင်နေသွေးဇနီးကတော့ သံငရုတ်ဆုံကို တဂွမ်ဂွမ် ထောင်းနေရင်း...

'ဆရာရေ... တော့်သူငယ်ချင်းနဲ့ စကားပြောကြဦး၊ စားပွဲပေါ်မှာ ရေနွေးကြမ်းအိုးနဲ့ လက်ဖက်ပွဲလဲ ရှိတယ်၊ သောက်ကြစားကြဦး၊ ကျွန်မ ဒါလေး ထောင်းပြီး ပြာလိုက်ပါဦးမယ်'

ဆိုပြီး ဆက်ထောင်းနေသည်။ ဒီတော့မှ စာရေးသူက ဆရာမောင်နေသွေးအား...

'ဘာတွေများ အရေးတကြီး ထောင်းနေကြတာလဲဗျ'

ဟု မေးလိုက်သည်။ ဆရာမောင်နေသွေးက...

'ပြောင်းဖူးစေ့တွေပါဗျာ အမှုန့်ထောင်းတာပါ၊ ကျွဲနွား အသားမာတွေတက်နေလို့ ဆေးမြီးတိုနည်းနဲ့ ကုသပေးမလို့ ဆရာရဲ့'

'ဟာ... တယ်ဟုတ်ပါလား၊ ဆေးနည်းလေး ပြောပြစမ်းပါဦးဗျ၊ ဗဟုသုတအဖြစ်ပေါ့'

စာရေးသူ၏ စကားအဆုံး မောင်နေသွေးက စာရေးသူကို ရေနွေးကြမ်းငှဲ့ပေးရင်း...

'ဒီလိုဗျာ့ ကျွဲနွားတွေ အသားမာဖြစ်ရင် ပြောင်းဖူးစေ့ ရင့်ရင့်တွေကို ထောင်းပြီး အမှုန့်ပြုရမယ်ဗျ၊ အမှုန့်ချ ဆန်ကာပိုင်းပြီး ရလာတဲ့ အမှုန့်တွေကို ဆားအနည်းငယ် ထည့်၊ ရေအနည်းငယ်နဲ့ဖျော်၊ ဖြစ်နေတဲ့ အသားမာအပေါ် ထူထူလိမ်းပေးပြီး ပိန်းရွက်တစ်ရွက်နဲ့ အုပ်ထားပေးရတယ် ဆရာရဲ့၊ အဲဒီလို ဆေးမြီးတိုနည်းနဲ့ ကုသပေးရင် မကြာပါဘူးဗျာ ဖြစ်နေတဲ့ အသားမာတွေ ပျောက်ကင်းသွားတယ် ဆရာရဲ့'

သည်တွင် အခန်းအတွင်းဝင်လာသည့် ဆရာမောင်နေသွေးဇနီးက...

'ဟော...ကြည့်အစ်ကိုရေ ဒီလူကြီး အစ်ကိုပြောပြတာနဲ့ ကုန်ကြမ်းရသွားပြီ၊ မကြာခင် စာမူရေးပို့တော့မှာ'

ဆိုကာ နောက်လိုက်ရာ မောင်နေသွေးက...

'သြော်...မိန်းမရာ ဒါက ရေးရမှာကွ။ သိတဲ့လယ်သမား သိသလို၊ မသိသေးတဲ့ လယ်သမားတွေအတွက် ကျေးရွာရှင် ကျွဲ၊နွားတွေ ကုသပေးဖို့ ဆေးမြီးတိုနည်းရတာပေါ့ ဟုတ်ဖူးလား ဆရာအောင်ရာ'

စာရေးသူက မောင်နေသွေးကို ပြုံးပြပြီး ခေါင်းညိတ်ထောက်ခံလိုက်ပါတော့သည်။

**ကိုကိုအောင်(မြကန်သာ)**
**ဝက်လက်မြို့**

**စာမူရှင်များသို့...**

**ပေးပို့သော**
**စာမူများကို**
**မူပွား**
**ထားကြပါရန်နှင့်**
**မရွေးချယ်ပါက**
**ပြန်လည်ပေးပို့မည်**
**မဟုတ်ပါကြောင်း**
**အသိ**
**ပေးအပ်ပါသည်။**

လေးစားစွာဖြင့်...

**နက္ခတ်ရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃



ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ဖြန့်လည် ဧည့်သည်ကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေးအခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ ဆိုရင် မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည် ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ လိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးဝါးတွေများ သုံးရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ... လေး သုံးဆောင်ပါဦး'

'... ရှိပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ... ကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ၈,၀လာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှိပ်နယ်ပေး ရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တား ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း–မြန်မာ့စျေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး

သုဝဏ္ဏမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄၁

www.burmeseclassic.com



◆ စေတုတ္တမ္ဗိုက မူလဆရာတော် အရိုးစာတ်စေတီ

ခင်လွှန်း

သထုံမြို့

# စေတုတ္တမ္ဗိုကကျောင်းမှ

## ထူးခြားပစ္စည်းများ

သစ်ကွင်း

**သထုံမြို့ ရွှေစာရံ ဘုရားလမ်းရှိ စေတုတ္တမ္ဗိုက ဇွက်တွင်းကျောင်းသို့** ရောက်ရှိစဉ် လက်ရှိဆရာတော် ကျောင်းဆောင်အနီးတွင် သစ်ကွင်းကြီးတစ်ခုကို မြင်တွေ့ရသည်။

စေတုတ္တမ္ဗိုကကျောင်းရှိ သာသနိကအဆောက်အအုံများကို တာဝန်ယူ ကြီးမှူးပြုပြင်ပေးနေသော ဗိသုကာ ဆရာ ဦးစိုး လာရောက်လှူဒါန်းသွားခြင်းဖြစ်ကြောင်း သိရသည်။ သူက...

ဆရာတော် ဦးတိက္ခဉာဏ သထုံစေတုတ္တမ္ဗိုကကျောင်းထိုင်အဖြစ် တာဝန်ယူရတဲ့ ၁၉၇၉ ခုနှစ် အချိန်ပိုင်းလောက်မှာ ဒီထဲက တရုတ်စံကားပင်အိုကြီးတစ်ပင် ပြိုလဲနေတာတွေ့ရလို့ ထင်းသုံးရအောင် ခုတ်ဖို့ သယ်လာတယ်။ ခုတ်ပိုင်းတဲ့အခါ သစ်ကွင်းဖြစ်နေလို့ ဒီအတိုင်းပဲထားလိုက်တယ်။ လွန်ခဲ့တဲ့ တစ်လလောက်ကမှ အနား အပိုအစွန်းတွေ ချိုင်ပစ်ရာမှာ မြင်းခေါင်းလိုလို သမင်ခေါင်းလိုလို ပုံစံဖြစ်နေတာနဲ့ အိမ်မှာမထားဝံ့လို့ ဆရာတော်ကို လာလျှောက်တယ်။ "မင်း အိမ်မှာ မထားဝံ့ရင် ကျောင်းယူလာခဲ့" ဆိုတာနဲ့ လာပို့ထားတာပါ'

ဟု ပြောပြသည်။

ဆရာတော်ကလည်း...

'ဒီသစ်ကွင်းကြီး ရောက်လာတော့ တိုက်ဆိုင်တယ်ဆိုရမလားပဲ။ ကျောင်းမှာရှိနေတဲ့ ကွင်းထိုးဂမုန်းတွေက ကွင်းမထိုးတော့ဘူး'

ဟူ၍ မိန့်တော်မူသည်။

သစ်ကိုင်းများ အဖျားချင်း ထိစပ်ပေါင်းစည်းကာ ကွင်းသဏ္ဍာန် ဖြစ်ပေါ်နေခြင်းကို သစ်ကွင်းဟုခေါ်ကြသည်။ အရွယ်အစား အတိအကျ သတ်မှတ်ထားခြင်း မရှိသော်လည်း တစ်ကိုင်းစာ (ယေဘူယျအားဖြင့် သစ်ကွင်း ဖြတ်အကျယ် တစ်ပေနှင့်အောက်) သစ်ကွင်းများကို ဘေးရန်ကွင်း၊ မီးကွင်း အဆောင်အဖြစ် အသုံးပြုတတ်ကြသည်။

ဘေးရန်ကွင်းသကဲ့သို့ လာဘ်လာဘများလည်း ကွင်းစေလိမ့်မည်ဟု ကြောင့်ကြ၍ သစ်ဖောက်၊ နွယ်ဝင်ကွင်းထိုး၊ ဝါးအမြုတေတစ်ခုခုနှင့် တွဲဖက် အဆောင်ပြုထားခြင်းဖြင့် ကာကွယ်တတ်ကြသည်။

**အရွယ်အစား ကြီးမားသော သစ်ကွင်း ဥပမာ ယခုမြင်တွေ့ရသော စေတုတ္တမ္ဗိုက (သထုံ)ကျောင်းမှ**





www.burmeseclassic.com

www.burmeseclassic.com






◄ သစ်တံခါးမှ မြင်းဆိုင်းပုံ

◄ တရုတ်စကား သစ်ကွင်းထဲ သစ်တံခါး

**သစ်ကွင်း။ နေပြည်တော် သာဝတ္တိ မြို့အနီး တောင်သုံးလုံး ဇေတဝန် ကျောင်းမှ လူတစ်ရပ်မျှရှိသည့် သစ်ကွင်း]**တို့ကိုမူသစ်တံခါးဟုခေါ်ကြ၏။

လူသူ ဝင်ထွက်လို့ရသော သစ်ကွင်းကြီးဖြစ်သည်။ အများစုနှင့် သက်ဆိုင်သော ကျောင်း၊ ဘုရား စသည်တို့နှင့် ပို၍သင့်လျော်၏။

၎င်းသစ်ကွင်းကို စတင်ရရှိချိန်တွင် ဦးစိုးသည် စတုဘုမ္မိကကျောင်းတွင် သာသနိက အဆောက်အအုံများကို လုပ်ကိုင် ဆောက်လုပ်ခွင့် ရခဲ့သည်။ သစ်ကွင်းကြီး ကျောင်းသို့ရောက်ရှိသွားချိန်မှစ၍ မူလဆရာတော် အထိမ်းအမှတ်စေတီတော် တိုးချဲ့ မွမ်းမံဖြစ်ကာ တန်ဖိုးမဖြတ်နိုင်သော ရှေးအဆောက်အထားအုတ်ခွက်ဘုရားမှာ များစွာ တူးဖော်ရရှိခဲ့လေသည်။

တောင်သုံးလုံးဇေတဝန်ဆရာတော် ဦးဝေပုလ္လကလည်း သူ့ကျောင်းသို့ သစ်ကွင်းကြီး ရောက်ရှိလာပြီးနောက် တောင်သုံးလုံး ဇေတဝန်ကျောင်းဝင်း အတွင်း သာသနိကအဆောက်အအုံ များစွာ စည်ကားတိုးတက်လာကြောင်း မိန့်ကြားတော်မူ၏။ **လူသူ အဝင်အထွက် စည်ကားစေသော သစ်တံခါးဟုပညတ်သမှုပြုတော်မူ၏။**

## ဂဝံကျောက်တိုင်

ရွှေစာရံစေတီ ဝတ္တကနယ်မြေ အထိမ်းအမှတ် နိမိတ်တိုင်များ ဖြစ်သည်။ ဂဝံကျောက်သားဖြစ်သည်။

ကျောက်ဆုံပမာရှိ၍ မြေကြီးများ ထည့်ကာ ပန်းပင်များ စိုက်ထားရာမှ သုတေသီများက ဘုရားမြေနိမိတ်တိုင်များဖြစ်ကြောင်း ပြောပြကြသဖြင့် မြေကြီးများ ထုတ်ဖယ်သန့်စင်ကာ ထိန်းသိမ်းထားခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀၀)ကျော် ဓမ္မစေတီမင်းလက်ထက် ကာလက လက်ရာဖြစ်ကြောင်း ခန့်မှန်းကြသည်။

## သစ်ဖောက်


အချင်း သုံးလက်မခန့်ရှိသော ပင်စည်အား အချင်း တစ်လက်မခန့် ရှိမည့် အပိုင်းက ဖောက်ဝင်နေခြင်း ဖြစ်သည်။

ပေါက်မြောက်ခြင်း၊ အခက်အခဲ အကျပ်အတည်းများ ပြေလည်

www.burmeseclassic.com



[illegible] မြေနီကျောက်တိုင်များ



ဘော်ဓာတ်လုံး

ပျောက်ကွယ်ခြင်း နိမိတ်ယူကာ နေအိမ်တွင် အဆောင်ပြုတတ်ကြသည်။ ဗိသုကာဆရာ ဦးစိုးကပင် လှူဒါန်းထားသည်ဆို၏။

## ဘော်ဓာတ်လုံး

ဆရာတော်တစ်ပါး လှူဒါန်းသွားခြင်းဖြစ်ကာ ဘုရားတည်၊ ကျောင်းဆောက် သာသနာပြု လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေကြောင်း မြွက်ကြားသွားသည်ဟု သိရ၏။

ရွှေဆိုင်းများ(လိုမ့်၍) ကျွေးထားသည်မှာ အတန်များလှပြီဆို၏။ ပရိက္ခရာဓာတ်လုံး ဖြစ်သည်။

အေးချမ်းစေ၍ အပွင့်ဓာတ်ဆောင်ကြောင်းကိုမူ လေး။ အနောက်ပြင်ရပ်၊ အထွတ်ပွတိုက်၊ သီရိမာလာကျောင်း ဆရာတော် အရှင်ဓမ္မပိယ (ယခုပျံလွန်တော်မူပြီး) မိန့်ကြားတော်မူခဲ့သည်။

မီးသေး အပူတိုက်ကာ တည်လုပ်သော ဓာတ်လုံးမဟုတ်၊ ရေဓာတ်ဖြင့် ပြုလုပ်သော (သီတတေဇောဆောင်) အေးဓာတ်လုံးဖြစ်၍ "ပရိက္ခရာဓာတ်လုံး"ဟု ခေါ်သည်ဆို၏။

ဘော်စင် တစ်ကျပ်သားကို တံစဉ်း တိုက်စား၍ ရသောအမှုန့်ကို တစ်ကျပ်သားဖြင့် နှဲ၍နယ်ကာ လုံးသည်။

ထိုသို့ သံပရာရည်တွင် နှစ်လ၊ များရည်တွင် နှစ်လ၊ ရေသန့်တွင် နှစ်လ စိမ်ထားရသည်။ (၆)လပြည့်သောအခါ ရွှေဆိုင်းကလေးများ နိုင်သလောက် ပွတ်လိုမ့်ကျွေးရသည်။

ရွှေစား (ဓာတ်လုံးအတွင်း စိမ့်ဝင်ခြင်း)များသည်နှင့်အမျှ ကျစ်လစ်တောက်ပြောင်လာကာ ယင်းကို အဆောင်ပြုထားခြင်းဖြင့် ရေမနစ် (ရေလမ်းခရီးတွင် ဘေးရန်ကင်းခြင်း)၊ မျက်နှာပွင့်လန်း၍ အေးချမ်းမှုကိုခံစားရနိုင်သည်ဟု ဆရာတော်(ဦးဓမ္မပိယ)က မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

## နန္ဒင်းနက်ပင်

အစိမ်းရောင် အရွက်များမှာ နန္ဒင်းရွက်ပုံသဏ္ဌာန်အတိုင်း ဖြစ်သော်လည်း အရွက်အနားတစ်လျှောက် နီညိုရောင် အကွက်ကလေးများပါမှ ရှိ၏။ အမြစ်ဥမှာ အပြာရောင်ရှိ၏။ အပွင့်မှာ သေးငယ်၍ ပြောင်းဖူးစေ့ အရွယ်ခန့်ရှိ၏။

နက်ပြာရောင် ပွင့်ဖတ်ကြီးတစ်ခုနှင့် ခေါင်းပေါင်းစ,သဖွယ် ထောင်နေသော ပွင့်ဖတ်ငယ်နှစ်ခု ပါဝင်လေ့ရှိသည်။

ပန်းထိမ်ဒိုပန်းကဲ့သို့ ရိုးတံတစ်ခု တွင် အပွင့်များစွာ စီတန်းပွင့်လေ့မရှိ။ တစ်ပွင့်စီသာ ပွင့်လေသည်။

နန္ဒင်းနက်ပင်သည် မြေကြီးတွင် ချစိုက်ပါက နေရာပြောင်းရွှေ့တတ်သည်။ အရွက်ကြွေ အပင်ကသွားပြီး




www.burmeseclassic.com

www.burmeseclassic.com



သစ်ဖောက်

သစ်ဖောက်(အခြားတစ်မျက်နှာ)



နနွင်းနက် အပွက်ပုံစံ (အနားပတ်လည် နီညိုရောင်ရှိ၏။)



နောက် မိုးဦးတွင် အညွန့်အညှောင့် ထွက်ရာ၌ အခြားသော တစ်နေရာသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ပန်းအိုးဖြင့် စိုက်ပျိုးထားပါက အရောင်ပြောင်းတတ်၏။ ကျိုက္ကရော မြို့နယ်၊ ဒူးရင်းစမ်းဗေဒာရတွင် ပေါက်ရောက်နေသော နနွင်းနက်ပင်များသည် လေး,ငါးနှစ်တစ်ကြိမ် အဖြူရောင်သို့ ပြောင်း၏။

ထိုအခါ အပွင့်များသည် ပန်းထိမ်ငိုပန်းကဲ့သို့ အခိုင်လိုက် ပွင့်လေသည်။

ကျွန်ုပ် စိုက်ပျိုးထားသော နနွင်းနက်ပင်များမှာ (၇)နှစ်ကြာချိန်တွင် မန္တလေး၊ အလ္လကာပ္ပတိုက်၊ သီရိမာလာကျောင်းမှ ဦးပဉ္ဇင်း အရှင်နေမိန္ဒ စိုက်လိုသည်ဆိုသဖြင့် တူးဖော်ပေးရာ အဖြူရောင်ဖြစ်နေကာ ထိုနှစ် အပွင့်ပွင့်သောအခါ ပန်းထိမ်ငိုပန်းသဖွယ် အခိုင်လိုက်ပွင့်ကြကြောင်း ဦးနေမိန္ဒက မိန့်ကြား၏။

နနွင်းနက်ပင်ကို စိုက်ပျိုးထားသော အိမ်ဂေဟာ၊ ကျောင်းဝိဟာရ၊ ခြံဝင်း အတွင်းသို့ မကောင်းသော နတ်ကြမ်းများ မနှောင့်ယှက်နိုင်၊ အနှောင့်ပယောဂများ မဝင်နိုင်ဟု ဂမုန်းကျမ်းများက ဖွင့်ဆိုထား၏။

ဗေဒတွက်ကိန်းအလိုအရ နနွင်းနက်သည် နသုံးလုံး=စနေသုံးလုံးဖြစ်၏။ ပုံမှန်အားဖြင့် စနေဂြိုဟ်သည် ပါပဂြိုဟ်ယှဉ်ခြင်း၊ မြင်ခြင်း ခံရသော ပါပစနေနှင့် သောမဂြိုဟ်ယှဉ်ခြင်း မြင်ခြင်းခံရသည့် သောမ စနေဟူ၍ စနေနှစ်မျိုး ရှိ၏။

ဂြိုဟ်သွားအရ ကြည့်ပါက စနေဂြိုဟ်သည် ပဉ္စဝါရဖြစ်သည့် အား



www.burmeseclassic.com

www.burmeseclassic.com



◆ လောသာစပ် ရှေးရုပ်တု

◆ နန္ဒင်းနက်ပင်



...ရှိ၍ နောက်ဆုတ်ခြင်း၊ ရပ်ခြင်း၊ ...လွှားခြင်းဟူ၍ ဂြိုဟ်သွားသုံးမျိုး ... စနေသုံးမျိုးရှိ၏။

...နက်သည် ထိုစနေသုံးမျိုးကို ... နန္ဒင်းနက်ကို စိုက်ပျိုး ...ထားခြင်းဖြင့် နောက် ...သွားသော စနေ၊ ရပ်တန့်နေသော စနေနှင့် လျင်မြန်စွာ ခုန်ကျော်သွားသော စနေသုံးမျိုး၏ အဆိုးတရား ကာကွယ်ပေးသည်။

တစ်နည်းအားဖြင့် စနေဂြိုဟ်၏ အခြေအနေအားလုံးရှိ အဆိုးတရားများကို ကာကွယ်ပေးခြင်း ဖြစ်လေသည်။ (နန္ဒင်းနက်နှင့် ချင်းနက် အမြစ်ဥချင်း တူညီကြသည်၊ အပင်ကျရိုးနှံ့ ဥအတက်ကိုချိုးကြည့်ပါက အပြာရောင်အဝိုင်းကလေး မြင်တွေ့ရပါမည်။

အချိန်ကြာသည်နှင့်အမျှ တဖြည်းဖြည်း အနက်ရောင်သို့ ပြောင်းသွား၏။ အပင်ပုံသဏ္ဌာန်ချင်းလည်း ဆင်တူသော်လည်း နန္ဒင်းနက်အရွက်ပတ်လည် အနားတစ်လျှောက် နီညိုရောင် အကွပ်ပါရှိ၍ ချင်းနက်အရွက်မှာ အလယ်ကျောရိုးအနီးတွင် နီညိုရောင် အစင်းကြောင်း ပါရှိသည်။

ချင်းနက်ပင်မှာ "ချင်းနက်" သည့် သဘောဆောင်၍ အချိန်ကြာရှည်နေသည့် လုပ်ငန်းကိစ္စများ၊ အချက်အချာကျသည့် လုပ်ငန်းကြီးများ လျင်မြန်စွာ အောင်မြင်ခြင်း အကျိုးကို ပေးစွမ်းနိုင်သည်ဟု ရွှေဘိုမြို့၊ ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဦးဥတ္တမက မိန့်ကြားတော်မူခဲ့သည်။)

www.burmeseclassic.com



◆ နှင်းနက်ပွင့်



◆ ဗိသုကာဆရာ ဦးနိုး

◆ နှင်းနက်အရွက်ပုံစံ (အလယ်ကြော၌ နီညိုရောင်ရှိ၏။)



## လောဟာစပ် ရှေးရုပ်တု

ငှက်တွင်းမူလဆရာတော်ကြီးဦးပဏ္ဍဝ အရိုးတော်ဓာတ်စေတီ မွမ်းမံရာတွင် အနီးဝန်းကျင် မြေပြင်မှ ရှေးအုတ်ခွက်ဘုရားများစွာ ထွက်ပေါ်ခဲ့ရာ တစ်ခုတည်းသော သတ္တုသွန်းရုပ်တုဖြစ်သည်။

ကာလကြာရှည်လှသဖြင့် ပျက်ယွင်းနေကာ ရုပ်တုပုံတော် (သို့မဟုတ်) ဘုရားရှင်ကိုယ်စား ရုပ်ပွားဆင်းတုတော်ဟူ၍ ခွဲခြား မသိနိုင်ပါချေ။

အမြင့် (၉)လက်မကျော်ခန့်ရှိ၍ အလေးချိန်မှာ သာမန်ကြေးသံ စသည့် သွန်းထည်ပစ္စည်းများထက် များစွာ သာလွန်စီးပိုးနေသည်။ လောဟာစပ် (သို့မဟုတ်) ပြဒါးစပ်သွန်းထည်ဖြစ်ဟန်ရှိသည်ဟု ယူဆကြသည်။

ထူးခြားစွာ တစ်ခုတည်း တွေ့ရသဖြင့် [ကျန်ရုပ်တု၊ ရုပ်ပွားအားလုံး အုတ်ခွက်ဘုရားများချည်းသာ ဖြစ်၍ အဆူ(၅၀၀)ကျော်လေသည်။] သီးခြား ထိန်းသိမ်းထားရှိသည်။

**သိနားလည်သော သုတေသီများက ဖော်ထုတ်ပေးကြပါရန်** လက်ရှိဆရာတော် ဦးတိက္ခဉာဏက မေတ္တာရပ်ခံ မိန့်ကြားတော်မူလေသည်။

သထုံမြို့ စတုဘုမ္မိကကျောင်းသို့ ရောက်ခိုက် သဲကြီးမဲကြီး ကြာရှည်စွာ ရှာသွန်းနေသည့် မုန်တိုင်းမိုးကို ရှောင်တိမ်း ခိုလှုံနေရခိုက် တွေ့မြင်ရသော ထူးခြားပစ္စည်းများကို မှတ်တမ်းပြု တင်ပြခြင်း ဖြစ်ပါသည်။

**ခင်ထွန်း**

www.burmeseclassic.com

သံဖြူဇရပ်ခရိုးတွင် တိုင်းရင်းဆေးဆရာကြီး ဦးစောသိမ်းဆောင်ထံသို့ ခရီးကြုံ၍ ဝင်ရောက်ဖြစ်ခဲ့သည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် လွန်ခဲ့သော (၁၅)နှစ်ကာလ၌ ဆေးမြီးတိုနှင့် ဆေးဗေဒဆိုင်ရာ ကုထုံးဆေးနည်းများစွာ ဖြေပြကူညီပေးခဲ့သော တိုင်းရင်းဆေးပညာရှင် တစ်ဦးဖြစ်သည်။

'ဆရာ အနားယူတော့ ဘယ်မှာ အခြေချမလဲ၊ ဇာတိ မအူပင်ကို ပြန်မှာလား'

'သံဖြူဇရပ်မှာပဲ အခြေချမှာပါ။ မြို့နယ်အားကစားကွင်းဘေးက မြေကွက်မှာ ဆေးဥယျာဉ်လဲ ပျိုးထားပြီးပြီ။ အဲဒီမှာနေပြီး ဆေးကုခန်းကလေးဖွင့်၊ ဆေးသုတေသနလုပ်မယ် စိတ်ကူးထားတယ်။ နောက်နှစ် သံဖြူဇရပ်ရောက်ဖြစ်ရင် အဲဒီကိုသာ လာခဲ့ပါ'

'ဆေးထုတ်လုပ်ဖို့ အစီအစဉ် မရှိဘူးလား'

'အခု ထုတ်လုပ်လက်စ သော့ညီနောင်လိမ်းဆေးကိုပဲ ဆက်လုပ်သွားမှာပါ။ မြို့နယ်အနီးတစ်ဝိုက် လူသိများလာခဲ့နေကြပါပြီ။ နေပြည်တော်က တိုင်းရင်းဆေး ထုတ်လုပ်ခွင့် မှတ်ပုံတင်လဲ ရပြီးပြီ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆရာတွေ အဝေးကြီး သွားခဲ့ကြတယ်လေ။ အခုတော့ စိတ်သွားတိုင်း ကိုယ်မလိုက်နိုင်တော့ဘူး။ သဘာဝနဲ့ ဆေးသုတေသနလုပ်ငန်းမှာပဲ ဘဝမြှုပ်နှံတော့မယ်'

[illegible] 'သဘာဝတဲ့ အတွေ့အကြုံ ရင့်ကျက်လို့ ပိုပြီးတော့ စွမ်းဆောင်နိုင်ပါလိမ့်မယ်။ ဆရာ့ဆေးက [illegible]ပါတယ်။ အလှမ်းဝေးတဲ့ [illegible]ဒေသက လူတွေလဲ ကိုယ်တိုင် [illegible]သုံးနိုင်အောင် ဗီဇိတဒါနပြုပါဦး'

သံဖြူဇရပ်မြို့နယ်မှ တိုင်းရင်းဆေးဆရာကြီးတစ်ဦး၏

# လိမ်းဆေးနည်းနှင့် ဆေးဖော်နည်း





◆ ဦးစောသိမ်းဆောင်

◀ ထုတ်လုပ် ရောင်းချလျက်ရှိသော သော့ညီနောင် လိမ်းဆေးဘူးများ

**'သော့ညီနောင်လိမ်းဆေးက...**

၁။ ရှောက်ဘီလူးအဆီ (၃) ကျပ်သား။
၂။ မိသလင်အဆီ (၃) ကျပ်သား။
၃။ ကြောင်မြီးတူသစ်ခွအဆီ (၁) ကျပ်သား။
၄။ ပရုတ် (၁၃) ကျပ်သား။
၅။ ပရုတ်အအေး (၁၃) ကျပ်သား

စုပေါင်း ဖော်စပ်ရပါတယ်။ သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့...

၁။ လေငန်းရောဂါဖြစ်ခြင်း။
၂။ ထုံကျဉ်ညောင်းညာကိုက်ခဲခြင်း၊ အကြောတက်ခြင်း။
၃။ ထိခိုက်ပွန်းပဲ့ ကွဲရှဒဏ်ရာများ

တို့အတွက် လိမ်းဆေးအဖြစ် သုံးနိုင်ပါတယ်။ ဒဏ်ရာ (သို့မဟုတ်) ဝေဒနာဖြစ်ပွားရာနေရာမှာ ဆေးရည် ရွှဲရွှဲလူးပြီး ပတ်တီး (သို့မဟုတ်) အဝတ်စည်းပတ်ထားပေးပါ။ မီးလောင်နာဆိုရင် ဒီဆေးကို လိမ်းပေးခြင်းအားဖြင့် အရည်ကြည်ဖောင်း မဖြစ်ဘဲ လျင်မြန်စွာ အနာကျက်စေပါတယ်။

သော့ညီနောင်လိမ်းဆေးရဲ့ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်က TMR ၀၁၀၉၂၃(၀၆၁၄)ပါ။

**ဆေးအဆီရရန် အခက်အခဲ ရှိပါက** ရှောက်နူသီး၊ မိသလင်၊ ကြောင်မြီးတူအစိမ်း (၁၃)ကျပ်သားစီကို စုပေါင်းထုထောင်းကာ အရက်တစ်ပုလင်းဖြင့် (၅)ရက်မျှ စိမ်ထားပါ။ ထို့နောက် ပရုတ်နှင့် ပရုတ်အေး (၁၃)ကျပ်သားစီ ရောမွှေကာ လိမ်းဆေးအဖြစ် အသုံးပြုနိုင်ပါတယ်'

နယ်လှည့်ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တာဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်ဖို၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည့်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်ရေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတာနဲ့ဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိန်အဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဈေး(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၁၅၂၂၈၊ ၀၉ ၂၅၀၀၁၈၉၄။

မြောင်းမြ မောင်ယဉ်တင်



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်ဆရာတော်ကြီး၏ တရားတိပ်ခွေဖြင့် တရားထူး ပေါက်မြောက်တော်မူသည့်

စံထူးနိုးသာ

# ဆရာတော် ဦးသာဂရ

နီဒါန်း

၁၉၈၈ ခုနှစ်မတိုင်မီ ကာလများက ဖြစ်သည်။ မြန်မာ့ရေးဟောင်း ယဉ်ကျေးမှုနယ်မြေ တစ်ခုဖြစ်သော ပုဂံမြို့ဟောင်း သရပါတံခါးကို ကျော်လွန်သည်နှင့် လမ်းဘေးဝဲယာရှိ ဆိုင်တန်းများက အစီအရီ ကြိုဆိုကြသည်။ ကျိုက်ထီးရိုးတောင်တက်လမ်း မဖောက်လုပ်မီက ရေမြောင်ကြီးခန်းနှင့် ဆင်တူနေသည်။

ဆိုင်တစ်ဆိုင်တွင်း ဝင်ရောက်ကာ ထမင်းဟင်း အာဟာရ စားသောက်၍ အမောတည်းခိုခွင့်ရသည်။ ပုဂံနယ်တွင် ညအိပ်ရန် စက်ဘီး အလိုပါရှိပါက ငှားရမ်းပေးကြသည်။ တစ်နေ့လျှင် (၃)ကျပ်နှုန်းဖြင့် ငှားရမ်းပေးကြသည်။

ထိုစဉ်ကာလက ဆိုင်တိုင်းလိုလိုမှာ ပင် ဖီးတောဆရာတော် ဦးသာဂရ၏ (ဓာတ်ပုံ)ပုံတော် ပူဇော်ထားကြသည်ကို မြင်တွေ့ခဲ့ရသည်။ မြိုင်မြို့နယ်၊ ဖီးတောကျေးရွာ မြသီတာကျောင်း ထိုက်ဆရာတော် ဖြစ်သည်။

မိုးကုတ်ဆရာတော်ကြီး ဦးဝိမလထံ မှ ဆည်းပူးသင်ယူကာ ဆရာတော်၏ တရားဟောတိပ်ခွေများကို နာယူလျက် ကမ္မဋ္ဌာန်းအဖြစ်သို့ ရောက်ကြောင်း ကိုယ်တိုင် မှတ်တမ်းရေးသား ဝန်ခံခဲ့သည်ဟု သိရလေသည်။

၁၉၉၀ ပြည့်နှစ်၌ ပုဂံသို့ ထပ်မံရောက်ရှိသောအခါ သရပါတံခါး၏ အတွင်း၌ မီးသတ်ရေကန်များသာ ချန်လှပ်ရန်ဟု အမိန့်ပြယ်ရသော



မြသီတာကျောင်းဆရာတော် ဦးသာဂရ

ကြက်ခြေခတ်အမှတ်အသားဖြင့် တွေ့မြင်ရကာ မြင်းကပါရွာအနီးတွင် ပုဂံမြို့သစ်တည်၍ နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် ဖီးတောဆရာတော်အကြောင်း မေ့မေ့ပျောက်ပျောက် ရှိခဲ့လေသည်။

ဖီးတောရွာသို့

ရာသီဥတုသာယာသော တန်ခူးဆောင်မုန်းလတွင် မြိုင်မြို့မှ ဦးတင်ထွန်း၊ ဦးတင်မောင်လင်း စသည့် မိတ်ဆွေများ ကူညီမှုဖြင့် ဖီးတောဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



◀ ဆရာတော် ဦးသာဓု ရုပ်ပွားတော်

အား ပူဇော်ခွင့်ရခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ မြိုင်–ရန်ကုန် တိုက်ရိုက် အဝေးပြေးယာဥ်များ နေ့စဥ် ပြေးဆွဲလျက်ရှိ၍ မြိုင်မှ ဇီးတောရွာသို့ ဆိုင်ကယ်အငှားယာဥ်ဖြင့် (ခြောက်သွေ့ရာသီချိန်၌) လွယ်လင့်တကူ သွားရောက်နိုင်ကြောင်း သိရသောကြောင့် မြိုင်မြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြိုင်မြို့တွင် ဦးတင်မောင်လင်းက မင်းကန်ကျေးရွာမှ မိတ်ဆွေများနှင့် ဆက်သွယ်ပေးသည်။ မင်းကန်ရွာ အလယ်တန်းကျောင်းမှ ဆရာဦးသိန်းလွင်က ကိုယ်တိုင် လမ်းပြပို့ဆောင်ပေးခဲ့လေသည်။


ခရီးစဥ်မှာ လမ်းနှစ်သွယ်ဖြင့် သွားရောက်နိုင်သည်။ တစ်သွယ်မှာ မြိုင်မြို့မှ အရှေ့တောင်ထောင့်ယွန်းယွန်း (၁၀)မိုင်ခန့် ကွာဝေးသော မင်းကန်ရွာသို့ သမန်းကန်၊ သင်ပေါင်းကန်၊ လေးတန်း စသည့် ရွာများ ကျော်ဖြတ်၍ သွားရသော မြေလမ်းဖြစ်သည်။

ထိုမင်းကန်ရွာမှ တောင်စူးစူး(၅)မိုင်အကွာရှိ ပန်းတိုင်းတောကို ဖြတ်သန်း၍ အိုရင်းရွာသွားလမ်းအတိုင်း (၂)မိုင်ကျော်ခန့်တွင် ဇီးတောရွာရှိသည်။ ယခုအခါ "မြဇီးတောရွာ"ဟု ဆိုင်းဘုတ်စိုက်ထူထားသည်။

ကျန်လမ်းတစ်သွယ်မှာ မြိုင်မြို့မှ ပုသိမ်–မုံရွာ ကားလမ်းအတိုင်း တောင်စူးစူးသို့ (၉)မိုင်ခန့်အကွာတွင် ရှိသည့် ကျောက်တိုင်ရွာမှ အရှေ့ဘက် ကိုင်းတောမရွာသို့ ကတ္တရာလမ်းအတိုင်း သွားရောက်နိုင်သည်။



▼ ဇီးတောရွာ မြသီတာကျောင်းမုခ်ဦး



◆ ဆရာတော် ဦးသာဂရ
ထေရုပ္ပတ္တိကျောက်စာ

ထိုမှ **ထန်းပင်တော၊ ဇီးတောတိုက်၊ ချောင်းနားတိုက်၊ စိုမြင်၊ ပန်းတိုင်းတောရွာ**တို့အား ဖြတ်သန်း၍ ဇီးတောရွာသို့ သွားနိုင်၏။ ကိုင်းတောမနှင့် ပန်းတိုင်းတောမှာ (၆)မိုင်ကွာဝေးလေသည်။

သို့ဖြင့် မင်းကန်ရွာအတိုင်း သွားကာ ကိုင်းတောမရွာမှ မြို့သို့ လက်ယာရစ်ခရီး တစ်ပတ်လှည့် သွားရောက်ဖြစ်ခဲ့သည်။

## မြသီတာကျောင်းတွင်

ဇီးတောရွာဦးထိပ်ရှိ **"မြသီတာတိုက်ကျောင်း"**ဟု ကမ္ပည်း တင်ထားသော ကျောင်းဝင်းအတွင်း ဝင်ရောက်သွားသောအခါ တည်ဆောက်လက်စ နှစ်ထပ်တိုက်ကျောင်းကြီး တစ်ဆောင်ကို တွေ့ရသည်။


ထိုမှ အနီးတွင် တစ်ထပ်အုတ်ကျောင်းဆောင်ရှိ၍ နံရံတွင် **"သက္ကရာဇ် ၁၃၄၃ ခုနှစ်"**ဟူသော ကမ္ပည်း မြင်ရသည်။ ဆရာတော်ပျံတော်မမူမီ တစ်နှစ်အလိုတွင် ဆောက်လုပ်ပြီးစီးခြင်းဖြစ်သည်။ **ဤကျောင်းဆောင်တွင် ဆရာတော် ဦးသာဂရ ခန္ဓာဝန် ချတော်မူခဲ့ကြောင်း သိရပေသည်။**

ကျောင်းဆောင်အတွင်း အခန်းထောင့် တစ်နေရာရှိ ပက်လက်ကုလားထိုင်ပေါ်တွင် လက်ရှိ ဆရာတော် ဦးသုန္ဒရကို ဖူးတွေ့ရသည်။ ဆရာတော် ဦးသာဂရ၏ ကြည်ညိုဖွယ် ဖြစ်စဉ်များ အကြောင်း လျှောက်ထား မေးမြန်းသောအခါ ဤသို့ မိန့်၏။



◆ ဆရာတော် ဦးသာဂရ ခန္ဓာဝန်
ချတော်မူခဲ့သည့် ကျောင်းဆောင်

www.burmeseclassic.com



▲ မြသိန်္ဒီစေတီ

'ထေရုပ္ပတ္တိ စာအုပ်တော့ရှိတယ်။ ဆောက်လက်စကျောင်းကြီး ပြီးမှပဲ ထုတ်ပေးမယ်။ အဲဒီအခါ ဆရာတော် ရေးခဲ့တဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းဦး ခေတ်ကြေးမုံ စတဲ့ စာအုပ်တွေကိုပါ ဖြန့်ချိမယ်။ ဆရာတော်က (၇)ပါးရကတည်းက တပိုဆရာတော်ရဲ့ ထေရုပ္ပတ္တိကို ရေးခဲ့တဲ့ ကျမ်းပြုဆရာတော်ပဲ'

'ဆရာတော်ရဲ့ ထေရုပ္ပတ္တိကို ခဏ လောက်ကြည့်ပါရစေ။ ယူသွားဖို့ မဟုတ်ပါဘူး။ ကင်မရာနဲ့ ကူးရုံတင်ပါ'

'ဒီမှာ မရှိဘူး။ မန္တလေးက ပုံနှိပ်တိုက်မှာ အပ်ထားတယ်'

'အရှင်ဘုရား မှတ်မိသလောက် မိန့်ကြားပေးပါလား'

'ကျုပ်လဲ မမှတ်မိဘူး'

'ဆရာတော်ကြီးရဲ့ အသုံးအဆောင်တွေကော ရှိသေးလားဘုရား'

'ဒီဓာတ်ပုံကြီးတစ်ပုံတည်း ကျန်တယ်'

ကျောင်းခန်းနံရံရှိ ဆရာတော် ဦးသာဂရဓာတ်ပုံကို မှတ်တမ်းပြုနေစဉ် ဦးသိန်းလွင်က လျှောက်ထားသည်။

'အရှင်ဘုရား တပည့်တော်ကို မှတ်မိသလား။ မင်းကန်ရွာက ဦးသိန်းလွင်ပါ'

'အိုး အသံကြားတာနဲ့ မှတ်မိ[illegible]တယ်။ ဘယ်လို ရောက်လာတာလဲ'

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းက ဒီဆရာက ဖိုးတောဆရာတော် အကြောင်း ပူဇော်ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ'

ဆရာဒကာနှစ်ဦး ရှေးဟောင်း နှောင်းဖြစ်များ ပြောဆိုကြပြီးနောက် ဦးသုန္ဒရက...

'ဆရာတော်ရဲ့ လွမ်းစေတီမှာ[illegible] ထေရုပ္ပတ္တိကျောက်စာရှိတယ်။ အဲဒီ[illegible] ကူးသွားပေါ့'

ဟု မိန့်ကြားလေသည်။

သို့ဖြစ်လေရာ ဦးသုန္ဒရအား [illegible] ဆက်ကန်တော့၍ ဆရာတော်[illegible] လွမ်းစေတီသို့ သွားရောက် ဝတ်[illegible] ကြည်ညိုသည်။

## မြသိန္ဒီဓာတုစေတီ

ကျောင်းဆောင်မြောက်ဘက် [illegible] မြင့်ထက်တွင် ဆရာတော် ဦးသာ[illegible] ၏ ဓာတ်တော်များ ဌာပနာပြု ပူ[illegible] ထားသည့် **"မြသိန္ဒီဓာတုစေတီ"** [illegible] အရှေ့ အာရုံခံတန်ဆောင်းနှင့်တ[illegible] ဖူးတွေ့ရသည်။

ဆရာတော်သည် ၁၃၄၄ ခု[illegible] ကဆုန်လဆုတ်(၁၄)ရက်ညတွင် [illegible] တော်မူ၍ (၈)လအကြာ [illegible] လပြည့်နေ့တွင်မှ [illegible] သဘင် ဆင်ယင်ကျင်းပခြင်းဖြစ်[illegible]

မီးသဂြိုဟ်သောအခါ တစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com

အချင်းရှိသော အလင်းလုံးကြီးသည် မီးသဂြိုဟ်သော နေရာမှ ဆရာတော် ခန္ဓာဝန်ချရာ ကျောင်းတော်သို့ ကူးလာ ကူးသန်းနေ၏။ ဆရာတော် ပျံလွန် တော်မူခါနီး သွေးသွန် သွေးစက်ကျရာ နေရာများနှင့် ဖဲ့စွာကုဋီတို့တွင် အရောင် တဖျပ်ဖျပ် တောက်ပနေသည် ဆို၏။

မီးသဂြိုဟ်ပြီးနောက်တွင် ဘိန်းစေ့ များမာ သေးငယ်လှသော ဖွေးနုသည့် အရောင်ရှိ ဓာတ်တော်များ ကျတော် မူသည့် စသည်ဖြင့် ဆရာ ဦးသိန်းလွင် က သူ ကြားသိရမှုကို ပြောပြသည်။

မြသိဒ္ဓိဓာတုစေတီ တိုက်မ၏ တောင်ဘက်နံရံတွင် ဆရာတော် ဦးသာဂရ၏ ထေရုပ္ပတ္တိကျောက်စာကို တွေ့ရသည်။

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဖီးတော ကျေးရွာ၊ မြသီတာတိုက်ကျောင်းတွင် **ခန္ဓာဝန်ချတော်မူသော အရှင် သာဂရ၏ ထေရုပ္ပတ္တိအကျဉ်း**...

၁၂၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက် သောကြာနေ့တွင် ပခုက္ကူ ခရိုင်၊ မြိုင်မြို့နယ်၊ အိုရင်းရွာနေ ဦးကြာ စင်၊ ဒေါ်ရွှေမိတို့မှ စတုတ္ထသားရတနာ အဖြစ် ဖွားမြင်ခဲ့သည်။

၁၂၉၃ ခုနှစ်၊ တပေါင်းလဆုတ်(၂) ရက်နေ့တွင် လယ်လျားဆရာတော် အား ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ မန္တလေးမြို့ အနောက် ပြင် တောင်သမန်၊ စကု၊ ခင်မကန် စသော ကျောင်းများတွင် ပညာသင်ယူ ခဲ့သည်။


၁၃၀၃ ခုနှစ်၊ နယုန်လဆုတ်(၈) ရက်နေ့မှ တပေါင်းလကွယ်နေ့အထိ အမရပူရမြို့ တူမောင်းတိုက်ဆရာ တော် ဦးနန္ဒိယ၊ မူလမင်္ဂလာတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဝိမလ (မိုးကုတ်ဆရာတော်ကြီး)တို့ ထံတွင် အဘိဓမ္မာ ညဝါများ သင်ယူခဲ့သည်။

ထို့နောက် စစ်ဖြစ်လာသဖြင့် အမရ ပူရမှ ဖီးတောရွာသို့ ခြေကျင်ကြွ၍ ပြန်လာခဲ့သည်။ ဖီးတောရွာကျောင်းရှိ ငယ်ဆရာ ဦးသီလအား ဝတ်ကြီးဝတ်



▲ မြသိဒ္ဓိစေတီနှင့် အာရုံခံတန်ဆောင်

▼ ဆောက်လက်ခ နှစ်ထပ်ကျောင်းကြီး



ငယ် ပြုစုခဲ့သည်။

၁၃၁၇ ခုနှစ်တွင် ဆရာတော် ဦးသီလ ပျံလွန်တော်မူသောအခါ သံဝေဂဉာဏ် ဖြစ်တော်မူကာ အောက် ပါအတိုင်း အဓိဋ္ဌာန်ပြုသည်။

**သေရမည့်ရက်ကို မသိသော ငါ သည် တဏှာဥပါဒါန်က ဟူသော ပစ္စုပ္ပန် သမုဒယသစ္စာနှင့် ဇာတိ၊ ဇရာ၊ မရဏ ဟူသော အနာဂတ် အတွက် ဒုက္ခသစ္စာ၏ ငြိမ်းကြောင်း ဖြစ်သော တရားရှုမှတ်မှုကို လုပ် ချင်ရင်လည်း လုပ်မည်။ မလုပ်ချင် ရင်လည်း လုပ်မည်။ နောက်သို့ ဆုတ်မည် မဟုတ်။**

၁၃၄၁ ခုနှစ်မှ စတင်ကာ ၁၃၄၄ ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက်နေ့ အထိ မိုးကုတ်ဆရာတော်ကြီး၏ တရားတိပ်ခွေ အမြောက်အမြားကို နာယူလျက် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်၏။


၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ်(၁၂)ရက်၊ ကြာသပတေးည တွင် ရဟန္တာဖြစ်ကြောင်း အောက် ဖော်ပြပါ ကိုယ်တိုင်ရေး ဘာဝနာစက်ကွေ့ အတွေ့အကြုံ မှတ်တမ်းဖြင့် ဝန်ခံခဲ့ သည်။

"၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက် ကြာသပတေးနေ့ ည (၁၁)နာရီ အချိန်ဝယ် ထွန်းကြိုင်၊ တင်မေလှ၊ ခုတင် ပေါ်၌ စောင်းလျက် ထိုင်သိနှာပြုသည့်မှုကို မလွှတ်အောင် ရှုမှတ်နေစဉ် ကာယကိုယ်လုံး သည် ရိုရိုရှရှဖြစ်ကာ တုန်လှုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့အာရုံခံတန်ဆောင်းတွင်းမြင်ကွင်း



မြို့သီတာကျောင်း လက်ရှိဆရာတော် ဦးသုန္ဒရ

ထိုတုန်လှုပ်သံကို ပကတိ နားဖြင့်ကြားရ၏။ ရုပ်မမြင်ရ၊ ပျက်မှုဖြစ်၍ ဒုက္ခသစ္စာသာဟု သိ၏။ ထိုည (၁၂)နာရီထိုးရန် ဆယ်မိနစ်ခန့်အလို(ခန့်မှန်းချက်)တွင် အပြင်းအထန် ကြက်သီးမွေးညင်းထ၏။ သို့ရာတွင် ကြောက်ကား မကြောက်။

ထို့နောက် ဝင်လေထွက်လေ သိမ်မွေ့သွား၏။ မရှုတော့ မရှိက်တော့ဟုပင် ထင်မိ၏။ ထိုည(၁၂)နာရီ ထိုအချိန်မှစ၍ တဖျာဉ်ပါဒ်နှင့် ဝဋ္ဋနိဿိတ ကုသိုလ်ကပင် ရပ်စဲနေမှုကို ထပ်တလဲလဲ စဉ်းစားမိ၏။ သို့ စဉ်းစားရင်းပင်(၁၂)နာရီခွဲသံကို ကြားလိုက်ရလေသည်”

ဆရာတော် အရှင်သာဂရသည် ၁၃၄၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက်နေ့ည (၁၂)နာရီ (၂၅)မိနစ်တွင် ခန္ဓာဝန်ချတော်မူသည်။

## ထူးခြားမှု

၁။ ခန္ဓာဝန်ချမည့်ညတွင် ထူးဆန်းသော အလင်းလုံးကြီးများ မထေရ်၏ ခုတင် ရှိရာသို့ ရောက်ရှိလာခြင်း။

၂။ ရုပ်ကလာပ်တော် မီးသဂြိုဟ်ချိန်အထိ(ပျံလွန်တော်နောက် (၈)လ ကျော်အကြာ) ပျော့ပျောင်း၍ နွေးနေသဖြင့် ခွဲစိတ်ကြည့်ရာ သွေးပေါက်ပေါက်ပန်းထွက်၏။

၃။ မီးသဂြိုဟ်ရာတွင် ညှော်နံ့မရှိ၊ မီးခိုးမထွက် ဖယောင်းတိုင်မီးပမာ အထက်သို့ တက်၏။

၄။ သဂြိုဟ်ပြီး (၇၂)ရက်ပြည့်သောအခါ ဝင်းဝါသော အလင်းရောင်များ မီးသဂြိုဟ်သည့် နေရာနှင့် မထေရ်ကျောင်းသို့ ကူးလူးနေခြင်း။

၅။ မီးသဂြိုဟ်သောနေရာ၌ ဓာတ်တော်များတွေ့ရခြင်း၊ အရိုးအပိုင်းအစများကို ပုလင်းတွင်း ထည့်၍ ပူဇော်ထားရာ ဓာတ်တော်များ ဖြစ်လာခြင်း။ ထန်းသီးလုံးပမာဏခန့် ဓာတ်တော်ရောင်များ မကြာခဏ ကွန့်မြူးသည်ကို လူအများ ဖူးတွေ့ရခြင်းတို့ ကြုံရသည်။

၆။ ခန္ဓာဝန်ချသောနေ့တွင် ကျောင်းဝင်းအတွင်းရှိ စိန်ပန်း၊ ပိတောက်၊ တမာတို့ အထူးပွင့်သည်။ ခန္ဓာဝန်ချပြီးနောက် ပိတောက် (၅)ကြိမ် ပွင့်၏။ စိန်ပန်း ခဏခဏ ပွင့်၏။ တမာ အဆက်မပြတ် ပွင့်၏။

၁၃၄၄ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်နေ့တွင် ဓာတုစေတီ ဌာပနာပြုပွဲကျင်းပပူဇော်၍ ထိုနေ့၌ပင် ကျောက်စာတည်ထားပြီးသည်...

ဟူ၍ ဖတ်ရှုရလေသည်။

ဆရာတော်၏ ဘဝဖြစ်စဉ် အပြည့်အစုံ မပါဝင်သော်လည်း ထေရုပ္ပတ္တိအကျဉ်းနှင့် တရားထူး ပေါက်မြောက်ပုံတို့ကို အားကျဝမ်းမြောက်ဖွယ် တွေ့ရှိရသည်။

ဦးသိန်းလွင်က အောက်ပါအတိုင်း ဖြည့်စွက်ပြောပြခဲ့သည်။

‘ကျွန်တော်တို့ မြိုင်မြို့နယ်က မိုးခေါင် ရေရှား ရပ်ဝန်းပါ။ ရေကို အားထားနေရတဲ့ တောင်သူလယ်သမားတွေအတွက် မိုးခေါင်တဲ့နှစ်တွေမှာ အကြီးအကျယ် ဒုက္ခရောက်ရပါတယ်။ အဲဒီအခါ ဇီးတောဆရာတော်ကြီးက...

“အေးကွယ် မိုးခေါင်တော့ တောသူ တောင်သူသားတွေ ဆင်းရဲကြတာပေါ့။ ဒါပေမယ့် သူတော်ကောင်းကြီးများရဲ့ မေတ္တာကြောင့် မိုးရွာတတ်ပါတယ်”

လို့ မိန့်တော်မူတယ်။ ဒီလို မိန့်ပြီးတော့ မကြာမီ မိုးရွာတော့တာပဲ။ ဇီးတောဆရာတော် အစွမ်းကြောင့် ရွာတဲ့မိုးလို့ ယုံကြည်ကြပါတယ်’

ထို့နောက်တွင် အာရုံခံတန်ဆောင်းတွင်းဝင်၍ စေတီ၏ အရှေ့ဘက်လိုဏ်မုခ်တွင်း ပူဇော်ထားသည့် ဆရာတော် ဦးသာဂရ ရုပ်တုတော်အား ဖူးမြော်ဂါရဝပြုကာ ဇီးတောရွာမှ ပြန်လည်ထွက်ခွာခဲ့ကြလေသည်။

စံထွန်းသာ




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ မတ်လ

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



◎ **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်** ရွက်လှပန်း(၆)ခက်၊ ဥသျှစ်ရွက်(၆)ရွက်၊ အောင်သပြေ(၆)ညွန့်၊ ခွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် တန်ခိုးကြီးဘုရားစေတီ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူကာ လာဘ်လာဘ ဝေဆာရွှင်လန်းစေရန် ဆုတောင်းပါ။

◎ **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်** သီဟိုဠ်ရွက်(၃)ရွက်၊ ဆီးညွန့်(၃)ညွန့်၊ သရက်ညွန့်(၃)ညွန့်၊ ယပ်(၆)လက်တို့ကို စနေနေ့တွင် အများကိုးကွယ်သော စေတီပုထိုး၌ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည်** ဩဇာ(၅)ညွန့်၊ စံပယ်ပန်း(၅)ကုံး၊ ကေရာဇ်(၅)ညွန့်၊ သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီပုထိုးတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်** ပေါက်ပေါက်(၇)ပန်းကန်၊ ထန်းလျက်(၇)ခဲ၊ သီဟိုဠ်ဆန်(၇)ပန်းကန်၊ ဖယောင်းတိုင်(၅)တိုင်တို့ဖြင့် တနင်္လာနေ့၌ ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်** စွယ်တော်ညွန့်(၁၀)ညွန့်၊ ပိတောက်(၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် အများကိုးကွယ်သည့် စေတီ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကန်ရာသီဖွား(ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက်အတွင်း မွေးသူ)တို့သည်** ခတ္တာပန်း(၅)ပွင့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ အုန်းလက်(၅)ရွက်၊ တံခွန်(၁၀)ခုတို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်း)မွေးသူတို့သည်** သဘော်သီး(၃)စိတ်၊ ဆီးချိုသီး(၃)လုံး၊ သီဟိုဠ်ဆန်(၃)ပန်းကန်၊ သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် လူအများ ကိုးကွယ်သည့် စေတီ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)တို့သည်** ကောက်ညှင်းထုပ်(၆)ထုပ်၊ ကြက်သွန်(၆)ဥ၊ ဖရဲသီး(၆)စိတ်၊ ဖယောင်းတိုင် (၃)တိုင်တို့ကို တနင်္ဂနွေနေ့၌ တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးသူ)တို့သည်** သီဟိုဠ်ညွန့်(၈)ညွန့်၊ သရက်ညွန့်(၈)ညွန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ ဆွမ်း(၆)ပန်းကန်တို့ကို စနေနေ့၌ စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)တို့သည်** ခရေညွန့်(၂)ညွန့်၊ ကံ့ကော်ညွန့်(၂)ညွန့်၊ အောင်သပြေ(၂)ခက်၊ တံခွန်(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် ဘုရားစေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးသူ)တို့သည်** ကြံရည်(၁)ခွက်၊ အုန်းလက်(၁)ရွက်၊ ဩဇာညွန့်(၁)ညွန့်၊ ဖယောင်းတိုင်(၂)တိုင်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)တို့သည်** ကန်စွန်းဥ(၇)စိတ်၊ ကျောက်ဖရုံယို(၇)ယှက်၊ လိုင်ချီးသီး(၇)လုံး၊ ဆွမ်း(၁)ပန်းကန်တို့ကို အင်္ဂါနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

*လာဘ်လာဘများ ဝေဆာစွာ ဝင်ရောက်လာပါလိမ့်မည်။*

**ထက်မင်းကျော်မွှာ**

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး ရှိပါပြီ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၅၁၁ YR ဝဝ၆ဝ၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်
စကြာမင်းတိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမုတ်တိုင်အနီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၁

ကိုကြီးကောင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆားတောင်မ ရှာဦးမှ

## ငရဲဘုရားနှင့် ရှေးမှတ်တမ်းများ (၁)

စင်သိုင်ယ

စစ်ကိုင်း–ရွှေဘိုကားလမ်း လမ်းခုလတ် စခန်းထောက်ရွာကြီးဖြစ်သော ဆားတောင်ရွာသို့ ရောက်သော် ဈေးအနီးရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ အညောင်းအညာဖြေရင်း... ခေတ္တနားကြည့်သည်။

နရပတိစည်သူမင်း လက်ထက်မှ ... မင်းဆရာဖြစ်သော ပေါင်လောင်... မထေရ်သည် တောကျောင်းများ တည်ဆောက်ကာ ဘုရားစေတီများ မှန်းမံတည်လုပ်ခဲ့ရာ ဆားတောင်မရွာတွင်လည်း ကျောင်းနှင့် စေတီများ တည်လုပ်ထားရှိခဲ့သည်ဟု သမိုင်းမှတ်တမ်းများ တွေ့ရသည်။

ထို့ကြောင့် ဆားတောင်ရွာ ရောက်... အရှင်မြတ်၏ ကုသိုလ်များကို ... ကြည့်ခြင်း ဖြစ်သည်။

... လိုက်စားဟန်တူသော ... လေးဆယ်ခန့် လူရွယ်က ဤ... မေးပြ၏။

'ဆားတောင်မ ငါးရွာဆိုတာ ဒီဆားတောင် ... အခုတော့ ရပ်ကွက်တွေ တိုးပွားလာ... ဆားတောင်မ ကိုးရွာ ဖြစ်နေပါပြီ'

'... ဆားတောင်ရွာတွေကော ...လို့လား'

'...တယ်။ ဟန်လင်းဘက်၊ ဝက်လက် ...ပေါ့။ အဲဒီမှာ **လိနိုပင်ဆားတောင်ရွာဆိုတာ** ရှိတယ်'

'...မှာ ပေါင်လောင်ရှင်စေတီတို့၊ ... တောရကျောင်းတွေ မရှိဘူး ...'

'...ကိုင်းဘက်အထွက်မှာ ကျန်စစ် ... အောင်မူးတဲ့ ဂူရှိတယ်။ ကျောင်း ... နောက်ပိုင်း စောင့်ရှောက်



ငရဲဘုရားစေတီရှေ့ဘက်မြင်ကွင်း

သီတင်းသုံးတဲ့ သံဃာတွေနေတဲ့ ကျောင်းပဲ ရှိတယ်။ ဆားတောင်မှာ ပေါင်လောင်ရှင်စေတီလို့တော့ မရှိပါဘူး'

'ဟို ရှေးစေတီဟောင်းတွေ၊ ဆေးရေးပန်းချီတွေ မတွေ့မိဘူးလား'

'ဆားတောင်အထွက် ရွှေတောင်ဦးကျောင်းဝင်းမှာတော့ ငရဲဘုရားဆိုတာ ရှိတယ်။ ဘိုးဘွားမိဘတွေ အစဉ်အဆက် ခေါ်ကြတဲ့နာမည်ပါ။ အတွင်းမှာ ဆေးရေးပန်းချီတွေ ရှိတယ်။ ပန်းချီပုံတွေက ခေတ်လက်ရာနဲ့ မတူတဲ့ ငရဲသားပုံတွေ

www.burmeseclassic.com





◄ [illegible]

[illegible] ►

မှတ်ပြီး ငရဲဘုရားခေါ်ကြသလားတော့ မသိဘူး'

ဤသို့လျှင် စမ်းမိသော သတင်းအစကလေးကို ဆုပ်ကိုင်ကာ ရွှေတောင်ဦးကျောင်းသို့ ထွက်ခဲ့ကြသည်။

ဆိုင်ကယ်သမား ကိုစန်းဦးမှာ ဤလမ်းကို အကြိမ်ကြိမ် ဖြတ်သန်းမောင်းနှင်ဖူးသော်လည်း ဤကဲ့သို့ ချောင်ကြိုချောင်ကြား မရောက်ဖူးဘူးပါဆိုသဖြင့် သုံး,လေးပတ်မျှ တဝဲလည်လည် ဖြစ်နေပြီးနောက် လမ်းနံဘေးကော်ဖီဆိုင်သို့ ဝင်ရောက် အားပေးပြီးမှ သတင်းစုံစမ်းရသည်။ ဆိုင်ရှင်လူကြီးက သေချာစွာ နားထောင်ပြီးနောက်...

'ဒီလိုစေတီဆိုတာ မကြားမိဘူး။ ရွှေတောင်ဦးကျောင်းဆိုရင် ရေကျော်အလွန်ကနေ လမ်းအောက်ဘက် ဆင်းသွားပါ။ မနီးမဝေးမှာ ကရဝိက်တန်ဆောင်းရှိတဲ့ ကျောင်းပဲ'

ဟူ၍ လမ်းညွှန်လေသည်။

သို့နှင့် လမ်းနံဘေး မြေကွက်လပ်တွင် ကရဝိက်ပုံစံ တွေ့ရသည်နှင့် ဝင်ရောက်စုံစမ်းသည်။ ညနေခင်း ရေသန့်စင်ရန် ထွက်လာသော ဆရာတော် ဦးကဝိန္ဒာစာရနှင့် ပက်ပင်းတွေ့ရသည်။

'ဘာကိစ္စများလဲ ဒကာတို့'

'ငရဲဘုရား လေ့လာချင်လို့ပါဘုရား'

'ဩော် ဟိုရှေ့နားက ဘုရားပဲ။ အထဲတော့ မဝင်ရင် ကောင်းမယ်။ အချိန်မရွေး ပြိုကျနိုင်လို့ပါ'

ဤသို့လျှင် ငရဲဘုရားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ဖြစ်ကာ သာမှ[illegible] ငယ်တစ်ပါးကလည်း လိုက်ပါ ကူညီပေးလေသည်။

## ပြိုလုနီးနီး ငရဲဘုရားစေတီ

တရုတ်ဝေါဟာရတွင် ဟုန်ကျီးကျီး (Hŏng Jí Jí) ဟူသော ဝေါဟာရသည် **"ပြိုလုနီးနီး"** ဟူသော အဓိပ္ပာယ်[illegible]သည်။ မြင့်မားလှသော အဆော[illegible] အအုံ၊ တောင်ထွတ် စသည်တို့[illegible] မြင့်မားပုံကို အလက်ာရြောက် ညွှန်းဆိုခြင်း ဖြစ်သည်။ မြင့်မားလှသဖြင့်

www.burmeseclassic.com





ပြုံးသောင်မျက်နှာတော်

ဗဟောတီတွင်း ရုပ်ပွားတော်

ရှုံ့ကြွဲကြွနေသော လက်တော်



ပြိုကျမည်ကို စိုးရိမ်ရလောက်သည်ဟု ဆိုသည်။

ယခု တွေ့မြင်ရသော ငရဲဘုရား စေတီမှာ မြင့်မားခြင်းကိုမဆို မကြာမီ ပျက်စီး၍ ပျောက်ကွယ်တော့မည့် စိုးရိမ်ဖွယ် တကယ့်အခြေအနေကို ညွှန်းဆိုသော ပြုံလုနီးနီး အခြေအနေ ဖြစ်သည်၊


နံဘေးဝန်းကျင်တွင် ဖောင်းရစ်တော် စောင်း၍ ချုံနွယ်ပိတ်ပေါင်းဖုံးနေသော စေတီ၊ နဘဲရွှေထီး၊ စောင်ချမ်းထီး၊ ဆီးချုံထီးတော်များနှင့် စံပယ်ရသော စေတီ၊ အုတ်ပုံဘဝ ပျပ်ဝပ်နေသောစေတီ စသည့် သင်္ခါရသဘော ဆောင်လျက်ရှိရာမှ အခြေအနေ အကောင်းဆုံး ကျန်ရစ်သည့်စေတီ ဖြစ်သည်။


ငရဲဘုရားမှာ ကုလားကျောင်းခံ့၍ ဘုံပြာသာဒ်အဆင့်ဆင့် တင်ထားသော ပုံစံဖြစ်သည်။ စေတီပုထိုးများစွာကဲ့သို့ ခေါင်းလောင်းမှောက် သို့မဟုတ် ကွမ်းတောင်ပေါက်ထားခြင်း မရှိသော ကြောင့် စေတီမဟုတ် ဘုန်းတော်ကြီး တစ်ပါး၏ အရိုးဂူဖြစ်နိုင်သည်ဟု တွက်



www.burmeseclassic.com

www.burmeseclassic.com





◆ တောင်ဘက်မုခ် အဝင်အဝ

မြောက်ဘက်မုခ်၏ ကွဲကြေမှု ▶

◆ ပုံ(၁) ဒီပင်္ကရာဘုရားရှင်နှင့်

သုမေဓာရှင်ရသေ့ သုမိတ္တာမင်းသမီး နံရံဆေးရေးပန်းချီ



ဆသူလည်း ရှိကြလေသည်။

အဓိကအဝင်မုခ်ဖြစ်သော အရှေ့လှည့်မုခ်သည် မုခ်တံကဲများ ပြိုကျကာ ပေါင်းမိုးအထက် အုတ်ချပ်များ လျှိုက်ပြိုကာ ကြီးမားသော အက်ကွဲကြောင်းကြီးက နေ့လားညလား ကြည့်နေလျက်ကပင် ရုတ်ခြည်းပြိုကျလေမလား ထင်မှတ်ရလေသည်။

'ဘုန်းကြီးက အထဲမဝင်နဲ့ဆိုတော့ ပန်းချီကားတွေ ဘယ်လိုကြည့်ရမှာတုံး ကိုရင်လေး'

'ဘုန်းကြီးက ပြိုကျမှာ စိုးရိမ်လို့ပါ။ ဒီလောက်ကြီးလဲ မဟုတ်သေးပါဘူး'

အဖော်ရပြီဖြစ်၍ ယောက္ခမအိမ်တက်သော သမက်လောင်းပမာ မုခ်ဦးအား ကမန်းကတန်းဖြတ်ကာ အတွင်းသို့ ဝင်လိုက်သည်။ ပြိုကျစေဦးတော့ အတွင်းပိုင်းတွင် အသက်ရှူပေါက်ရကောင်းရဲ့ဟု တွေးမိသည်။

မုခ်လေးခုရှိရာ ပတ်လည်မုခ်များ အားလုံး ဂူနည်းနှင်နှင် ဖြစ်သောကြောင့် ရှေ့မုခ်မှပင် ဝင်ရောက်ခြင်းဖြစ်သည်။ အနီးကပ်ကြည့်လေမှ အက်ကြောင်းကြီးမှာ တစ်ညိုခန့် ကြားလပ်ဖြစ်နေသည်ကို တွေ့ရသည်။

ဝင်ခဲ့ပြီမို့ မထူးတော့ပါ။ မြင်သမျှ လိုက်လံကြည့်ရှု မှတ်သားရသည်။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးမှာ မူလက ဦးခေါင်းတော်အထက် မို့မောက်နေသော ဥဏှိသ၊ ရောင်လျှံချွန်များ ပါရှိခဲ့ပေမည်။ ယခုသော် ပြိုပျက်လေပြီ။

အင်းဝခေတ်ဦးလက်ရာနှင့် တူသော ရုပ်ပွားတော်မှာ မျက်နှာတော် ပြုံးယောင်ရှိကာ ဘူမိဖဿမုဒြာ၏ လက်ယာ လက်ချောင်းတော်မှာ အုတ်ချပ်များပေါ်၍ လက်ဖဝါးမှ ရှန်းကြွပွဲကွာနေသည်။

တောင်ဘက်နှင့် မြောက်ဘက်မုခ်များတွင်လည်း အက်ကြောင်းကြီးများက ပင့်ကူအိမ်သဖွယ် ပျံ့နှံ့၍ ပြိုမြောက်နေကြသည်။ ပေါင်းနံရံတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com





▲ ပုံ(၂)မြင်းစီးထားသော 'လူတစ်ဦး'ပုံ နံရံဆေးရေးပန်းချီ

ပုံ(၄) အောင်ခြင်းရှစ်ပါးသရုပ်ဖော် နံရံဆေးရေးပန်းချီ ▶

▼ ပုံ(၃)ဘုရားရှင်နှင့် သာဝကများ၊ ဖူးမြော်သူပရိသတ်များပုံ နံရံဆေးရေးပန်းချီ



...တ်ချပ်များစွာ ထွက်ပေါ်နေသော် ...ည်း ကျန်ရှိသမျှ အင်္ဂတေနံရံမှ ဆေးရေးပန်းချီများကို လေ့လာခွင့်ရ ...သည်။

ဒီပင်္ကရာဘုရားရှင်နှင့် သုမေဓာရှင် ...၊ သုမိတ္တာမင်းသမီး ပုံ(၁)မှာ ...ပျက်အစီးအောက်တွင် ဆေးသား ...များ ကောက်ကြောင်းများ ပီပြင်ပါ ...သည်။

ပုံ(၂)တွင် ပျက်စီးနေသော ပိုးတဝါး ရုပ်ပုံများအထက်၌ (ပရိနိဗ္ဗာန် စံယူတော်မူရာ ကုသိနာရုံပြည်) ဟူသော ကမ္ပည်းစာနှင့်အတူ မြင်းစီးထားသော လူတစ်ဦး ဝန်းရံကြည့်ရှုနေသူများမှာ ဘောင်းဘီ၊ ဖောင်းထုပ်၊ ဝတ်ရုံရှည်၊ ပုဆိုး စသည့် စုံလင်စွာဖြင့် တွေ့ရသဖြင့် လူမျိုးတစ်ရပ်တစ်ပါး လာရောက်ပူဇော်ဟန်ကို ရည်ညွှန်းဖွယ် ရှိလေသည်။

ယင်း၏အောက် ပျက်ယွင်းနေသော အကွက်မှာ ငရဲပြည် သရုပ်ဖော်ခန်း ဖြစ်နိုင်ကြောင်း ပိုးတဝါး ကျန်ရစ်သော ကောက်ကြောင်းများအရ မှန်းဆရသည်။

ပုံ(၃)မှာ ဝေသာလီပြည်၌ ဝါဆိုပုံ ဟု စာတန်းတွေ့ရသည်။ ကျောင်းတော်တွင် စံပယ်တော်မူသော ဘုရားရှင်နှင့် သာဝကများ၊ ဖူးမြော်သူပရိသတ်များပုံကိုလည်း မြင်ရသည်။

ပုံ(၄)မှာ အောင်ခြင်းရှစ်ပါးထဲမှ လေးခုကို သရုပ်ဖော်ထားသည်။

ပုံ(၅)မှာ နာဠာဂီရိဆင်ကို အောင်တော်မူခန်း ဖြစ်သည်။

ပုံ(၆)မှာ နေမိမင်းသား နတ်ပြည်ကို လှည့်လည်ကြည့်ပုံဟု ကမ္ပည်းတင်၏။

ပုံ(၇)မှာ တာဝတိံသာနတ်ပြည်မှ သိကြားမင်းဟူသော စာတမ်းရှိ၏။ စာတမ်း အထက်ပုံများ ပျက်ယွင်းနေရောက် စာတမ်းအောက်တွင် မီးလျှံနှင့် ငရဲသားများ ငရဲကျသူပုံများ ရေးဖွဲ့ထား

www.burmeseclassic.com



▲ ပုံ(၅) နာဠာဂီရိဆင်ကို အောင်တော်မူခန်း နံရံဆေးရေးပန်းချီ




▲ ပုံ(၇) မီးလျှံနှင့် ငရဲသားများ၊ ငရဲကျခံရသူများပုံ နံရံဆေးရေးပန်းချီ

◀ ပုံ(၆) နေမိမင်းသား နတ်ပြည်ကို လှည့်လည်ကြည့်ရှုပုံ နံရံဆေးရေးပန်းချီ



▼ ပုံ(၈) ဘုရားရှင် နဝမမြောက်ဝါကို ကောသမ္ဗီပြည်၌ ကပ်ဆိုပုံ နံရံဆေးရေးပန်းချီ




သည်။

**ပုံ(၈)**မှာ နဝမမြောက်ဝါကို ကောသမ္ဗီပြည်၌ ကပ်ဆိုပုံဟု ရေးထားသည်။

ဤသည်တို့မှာ ငရဲဘုရားစေတီ လိုဏ်အတွင်း လေ့လာ၍ ရနိုင်သေးသော ဆေးရေးပုံအချို့ ဖြစ်သည်။ စေတီတွင်းမှ ပြန်ထွက်လာ မကြာမတင် ကာလအတွင်း ပျောက်ကွယ်သွားနိုင်သည့် ဤစေတီအား ပြန်လည်ပြုပြင်မွမ်းမံမည့် ကုသိုလ်ရှင် ရှိမရှိ မေးမြန်းသောအခါ အရိုးဂူပုံဟန်ဆန်သော စေတီပုံစံနှင့် ငရဲဘုရားဟူသော အပြည့် ပညတ်တို့ကြောင့် ပြုပြင်သူ ကင်းမဲ့ကြောင်း ဝမ်းနည်းဖွယ် ကြားသိရပေသည်။

www.burmeseclassic.com



◆ ရုံးရွယ်တို့မြင် ပျက်ယွင်းနေသောစေတီအချို့





◆ ဇေယျာဘုရားစေတီ

နောက်တောက်မြင်ကွင်း

## ရွှေတောင်ဦးစေတီ

ကျောင်းသို့ ပြန်ရောက်သောအခါ ဆရာတော်က ကျောင်းပေါ်သို့ ဖိတ်ခေါ်၍ ရုပ်ပွားတစ်ဆူ ဖူးမြော်စေသည်။ ရောင်လျှံခြုန်နှင့် ယွန်းဘုရားခေါ်မံဘုရား ဖြစ်သည်ကို တွေ့ရသည်။

'ဒါယကာတစ်ယောက် လာလှူထားတာ လပိုင်းပဲ ရှိသေးတယ်။ ရှေးဘုရားဆိုလားပဲ'

'တင်ပါ့ နှီးနဲ့ရက်ပြီး သရိုးမံထားတဲ့ ယွန်းဘုရားပါ။ ပုံဟန်အရ လွန်ခဲ့တဲ့ နှစ်(၂၀၀)လောက်က ပြုလုပ်တဲ့ လက်ရာပုံစံပါ ဘုရား'

'ဒီကျောင်းက ရွှေတောင်ဦးစေတီနဲ့ ကျောင်းတိုက် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ် ဆောက်လုပ် လှူဒါန်းတဲ့ကျောင်းပါ။ ရွှေတောင်ဦးစေတီကို ၁၁၄၄ ခုနှစ်မှ ဆားတောင်ရွာစား မင်းရဲနန္ဒမိတ် လှူဒါန်းတယ်လို့ အစဉ်အဆက် ဆိုကြတယ်။ ဘုရားဖူးသွားပါဦး'

ဆရာတော် မိန့်ကြားသဖြင့် အနီးရှိ စေတီဝင်းသို့ သွားရောက်ဖူးမြော် ဖြစ်သည်။ စေတီမှာ ကုလားကျောင်းခံ ပစ္စယံသုံးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ အရှေ့လှည့်မုခ်နှင့် အာရုံခံတန်ဆောင်း ပြာသာဒ်ကြီးကိုလည်း တွေ့ရသည်။ အာရုံခံမှာ အုတ်တိုင်ကြီးများနှင့် လည်ပေါ် နှစ်ထပ်တင်ကာ ခမ်းနားစွာ ဆောက်လုပ်ထားသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်

◆ အုတ်ပုံဘာသိမြင်လဲ စေတီတော်ဆု



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြားမဝိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဓနိုးဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ ဝဲ့(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ သွေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+)အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့်လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး ဝမ်း လေမှန်ကာပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇) (၁၁၈)လမ်း မင်္ဂလာဈေးအနီး
မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့
ဖုန်း-၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူချောင် တောင်တန်းတစ်ခွင်မှ

ဖြစ်စဉ်ထူးခြား ကြည်ညိုဖွယ်ရာများ (၂)

ငြိမ်းသော်တာ



◆ ပထမဝေဘူဆရာတော်ရုပ်ပွား

## ယခင်လမှ အဆက်

၁၃၄၅ ခုနှစ်မှ ၁၃၅၃ ခုနှစ်အထိ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ...ပိဋကနိကာယကျောင်းတွင် တိပိဋက ...နိကာယ် သာသနာထွန်းကားရေး ...တွက် အနုနာယက ဆရာတော် အဖြစ် တာဝန်ထမ်းဆောင်တော်မူ သည်။

ထိုစဉ်ကာလ ဒုတိယဝေဘူဆရာ တော်ဦးခေမိန္ဒသည် ဝေဘူချောင်၌ ...ပတ္တိ ပဋိပတ္တိစွယ်စုံထွန်းကားစေ ...ရည်ရွယ်၍ မင်းကွန်း၊ တိပိဋက ဆရာတော်ကြီးထံ အကူအညီတောင်း ...ဆရာတော်ကြီးက ဦးဉာဏိန္ဒကို ...တော်မူသည်။ ဒုတိယဝေဘူ ဆရာတော်သည် ဦးဉာဏိန္ဒအား ...ဝေဘူဆရာတော်အဖြစ် ...နှစ်တွင် လွှဲအပ်တော်မူခဲ့သည်။

...မဝေဘူဆရာတော်၏ နည်း ...အတိုင်း ဝိပဿနာတရား ...နည်းများကို (ဒုတိယဝေဘူ ဆရာတော် ပျံတော်မူသည့်)၁၃၆၀ ...အထိ (၇)နှစ်တာပတ်လုံး သင် ...တော်မူခဲ့သည်။


## ဒုတိယဆရာတော်ဗိမာန်

...ဆရာတော် သုံးပါး၏ ...များကို လေ့လာကြည်ညိုပြီး ... ဒုတိယဆရာတော်(ရွှေ ...ဆရာတော်)၏ ဗိမာန်သို့ ...ဂါရဝပြုသည်။

...ကုန်းထက်တွင် လေးထောင့် တိုက်မခံကာ အထက်၌ ခေါင်းလောင်း မှောက် စေတီပေါက်ထားသည်။ အရံ စေတီလေးဆူ ပူဇော်ထားသည်။ တိုက်မအတွင်း၌ မဏ္ဍိုင်ခံလျက် အရပ် လေးမျက်နှာ၊ ပလ္လင်လေးခုတွင် ဆရာ တော်၏ ရုပ်တုတော်၊ အရိုးတော်ဓာတ် များ၊ ဆရာတော်၏ အသုံးအဆောင် များကို ပူဇော်ထားသည်။

ပလ္လင်တစ်ခုတွင် ပုံဆောင်ခဲ သဏ္ဍာန်၊ အဖြူနှင့် အညိုရောင်ဓာတ်

www.burmeseclassic.com







▲ စံကျောင်းတွင်း မြင်ကွင်း

ဒုတိယဝေဘူဆရာတော်ရုပ်ပွား ▶

▼ ဒုတိယဝေဘူဆရာတော်နှင့် မင်းကွန်းဆရာတော်ကြီး

တော်များကို ကျိုက်ထီးရိုး၊ ရွှေတိဂုံပုံစံ ဖန်ကြုတ်အတွင်း ဖူးမြင်ရသည်။ ထိုဓာတ်တော်များကို ကြည်ညိုနိုင်ကြစေရန် အနီးကပ် ချဲ့၍ ရိုက်ကူး တင်ပြထားပါသည်။

ရွှေစောလူးဆရာတော်၏ ရုပ်ကလာပ်ကို တေဇောဓာတုပနသဘင်ကျင်းပပြီးသောအခါ "ဓာတ်တော်ပူဇော်ခွင့်ပေးပါဘုရား" ဟု အဓိဋ္ဌာန်ပြုဆုတောင်းလျက် မြေပြင်တွင် ရှာဖွေလျှင် ဤသို့သော ဓာတ်တော်များ တွေ့ရှိရသည်ဟု သိရသည်။

တတိယဆရာတော် ပူဇော်ခွင့်ရသော ဓာတ်တော်အချို့ရှိခဲ့သော်လည်း ရင်းနှီးသော ဒါယကာများ တောင်းပန်သဖြင့် အနည်းငယ်မျှစီ လှူခဲ့ရာ ယခု မကျန်ရှိတော့ဟု ကား ဆရာကလေးက ပြောပြသည်။

ထို့ကြောင့်ပင် မိမိလျှောက်ထားတောင်းခံစဉ်က ဆရာတော် ဆိတ်ဆိတ်နေခြင်းဖြစ်မည်ဟုယူဆရလေသည်။

ဓာတ်တော်ကြုတ်များနှင့် အတူ ပုလင်းတစ်လုံးတွင် ဆရာတော်ပုံတူ ပန်းချီကားတစ်ဖက်၊ ဝေဘူချောင်ရှုခင်း ပုံတစ်ဖက် ရေးချယ်ပူဇော်ထားသည်ကိုလည်း တွေ့ရ၏။

ဆရာတော်ထင်ရှားရှိစဉ်က အလှူခံရရှိသော ကြာသကန်းကို ငွေဖလားတွင် ထည့်၍ ပြသထားကာ အနီးတွင် ဆရာတော်ရှိစဉ်က ရိတ်သင်ထားသော ဆံတော်အချို့ကို ပုလင်းငယ်တွင်း ထည့်သွင်းပြသထားသည်။ ဆံတော်များမှာ လုံးခဲနေသဖြင့် ဓာတ်ပုံ မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

## စံကျောင်း

ထိုမှ စံကျောင်းသို့ လိုက်ပါပို့ဆောင်ပေးသည်။ ဝေဘူဆရာတော်ကြီး သီတင်းသုံးခဲ့ရာ ကျောင်းဖြစ်၍ ဒုတိယ၊ တတိယ ဝေဘူဆရာတော်တို့ ဆက်လက် သီတင်းသုံးခဲ့ကြသည်။

လက်ရှိ (တတိယ)ဆရာတော်သည် ညအချိန်တွင်သာ ကျိန်းစက် သီတင်းသုံး၍ နေ့အခါ၌ မုခ်ဝအနီးရှိ ကျောင်းတွင် သီတင်းသုံးလျက် ဝေယျာဝစ္စများ

www.burmeseclassic.com

တို့ စီမံခန့်ခွဲတော်မူလေသည်။

စံကျောင်းအတွင်း၌ ပထမဝေဘူ ဆရာတော်ရုပ်တုတော်၊ ဒုတိယဝေဘူ ဆရာတော်ရုပ်တုတော်များနှင့် ဘုရားရှင်ဓာတ်တော်၊ ရဟန္တာများ၏ ဓာတ်တော်အချို့ကိုလည်း ပူဇော်ထားသည်။

ပထမဝေဘူဆရာတော်၏ ဓာတ်တော်များကို သပိတ်တွင်းထည့်ကာ အဝတ်ဖြင့် လုံခြုံစွာ သိမ်းထုတ်ထားသည်။ လှပ်၍ ဖူးမြော်ခွင့် မရှိပါ ဆိုသဖြင့် မဖူးမြော်ခဲ့ရပါ။

ဓာတ်ပုံ မှတ်တမ်းအချို့ကိုလည်း မြင်တွေ့ရသဖြင့် ဒုတိယဝေဘူဆရာတော်နှင့် မင်းကွန်းတိပိဋက ဆရာတော်ကြီးတို့ စကားစမြည် ပြောဆိုနေကြပုံကို မှတ်တမ်းပြုခဲ့လေသည်။

## ရေဖြူတွင်း

စံကျောင်းမှ ပြန်ဆင်းလာပြီးနောက် ပထမဝေဘူဆရာတော်အား သိမီလိုက်၍ ဩဝါဒခံယူဖူးသည့် တပည့်ဒါယကာ အချို့ ကျန်ရှိသေးကြောင်း ကြားသိရသဖြင့် သီလရှင်လေးဒေါ်ပညာ၏ အကူအညီဖြင့် ဒေါ်မာလာရီအား တွေ့ဆုံဖြစ်သည်။

အသက် (၆၀)အရွယ်ခန့်ရှိ၍ အသက်(၈)နှစ်သမီးအရွယ် (၁၃၂၄ ခုနှစ်ခန့်)တွင် ဝေဘူချောင်သို့ သီလရှင်အဖြစ်ရောက်လာကာ ဝေဘူဆရာတော်ကြီး၏ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ပေးခဲ့သူဖြစ်ကြောင်း သိရသည်။

ဒေါ်မာလာရီက "**ရေဖြူတွင်း**"ဟု အမည်တွင်ထားသည့် ရေတွင်းလေးဆီသို့ ခေါ်ဆောင်သွားသည်။ ဝေဘူဆရာတော်ကြီး စတင်ရောက်ရှိသည့် ကျောက်လိုဏ်ဂူအတွင်း၌ သီတင်းသုံးစဉ်က ဤရေတွင်းမှ ရေကို အားထားခဲ့ရသည်။

ရေမှာ ဆန်ဆေးရည်ပမာ ဖြူနေသော်လည်း သန့်စင်သော ရေဖြစ်သည်ဆို၏။

**ဓာတ်မလျှောတွင်းရေမှာ ရေပြာဖြစ်၍** ဝေဘူဆရာတော်ကြီးကိုယ်တိုင် ရေးသားတော်မူသော ဓမ္မတေး(၁၂)ပိုဒ်တွင် ရေဖြူရေပြာကို ထည့်သွင်းဖော်ပြထားခဲ့သည်။

ဤဓမ္မတေးကို မပျောက်မပျက်စေရန်အတွက် ဒေါ်မာလာရီက ဆော်ဩကာ ရေဖြူတွင်းအနီးတွင် ကျောက်စာကမ္ပည်းတင်ထားသည်ကို တွေ့ရသည်။

ရေဖြူတွင်းသည် ရေအနက် နှစ်တောင်ခန့်ရှိ၍ နွေမိုးဆောင်း မပြောင်းလဲပေ။ သို့သော် ၁၃၆၅ ခုနှစ်က (၂)နှစ်တာမျှ ကြာအောင် တွင်းရေ ခန်းခြောက်သွားခဲ့ဖူးသည်။ အကြောင်းရင်းကို မသိရပါ။

ဝေဘူချောင် အပြင်ဘက်ရှိ ဓာတ်

## ဝေဘူဆရာတော်၏ ရှစ်လုံးဖွဲ့

မမွှေးတား

***

၁။ သာသနာတွင်း မပျင်းပျော်ရှင် ကုသိုလ်ပြုကြား သနားအစဉ်၊
လူပြည့်နတ်ထဲ ထူးကဲပေါ်တွင် နိဗ္ဗာန်နန်း စံမြန်းဝင်ဖို့ပင်။
၂။ ဝေဘူတောင်တန်း ရစ်သန်းပတ်လည် တောမြိုင်စခန်း ရေခန်းကြည်ကြည်၊
သူတော်ကောင်းတို့ ခိုအောင်းမှီ ဝေဘူစ ဌာနရိပ်သာတည်။
၃။ ယောဂီအပေါင်းတို့ စိတ်ကောင်းတည်စေ ထွက်မြောက်ခြင်းကို စိတ်သွင်းပါလေ၊
ဒုက္ခခပ်သိမ်း ကင်းငြိမ်းဖို့ပေ ချမ်းသာစစ် အားသစ်နိုင်ကြစေ။
၄။ စားမှုဝတ်မှု အိပ်မှုအလွန် မလိုလားနဲ့ နည်းပါးစေရန်၊
တရားအကျင့် တိုးမြင့်အားသန် သည်းခံခြင်း အရင်းတည်ခဲ့ပြန်။
၅။ နိဗ္ဗာန်ထက်နန်း တက်လှမ်းညီစေ လူရှင်နတ်များ သိကြားဗိဿ၊
ရှင်လုံးပျော်လုံး မဆုံးနိုင်ပေ မယိုင်လဲ ခိုင်မြဲသဗ္ဗညုတွေ။
၆။ လာခဲ့ရှာထက် သာထက်သာစေ နိဗ္ဗာန်အောင်နန်း တက်လှမ်းဖို့ပေ၊
သဗ္ဗညုနိုင်မြဲ ယိုင်လဲမသွေ့ အမြိုင်ပွဲ နိုင်မြဲတို့ပါလေ။
၇။ ကိုယ်တိုင်ပြုထား သူများမဆိုင် မတွက်ကြနဲ့ ထက်မြတ်နိုင်နိုင်၊
နိဗ္ဗာန်ထက်နန်း တက်လှမ်းမြိုင်မြိုင် မရှုပ်ရ လုပ်ကြကိုယ့်အပိုင်။
၈။ နှစ်မည်ပေါင်းစပ် တောင်မြတ်နေရာ့ရေဖြူရေပြာ ဝေဘူဝေသာ၊
ဝိဇ္ဇာမှောင်ကင်း ရောင်လင်းဖြာဖြာ မြိုက်တရား ဆိုက်ကြွေးများဝေထား။
၉။ သစ်ပင်ပျိုများ ခိုနားစဖွယ် သီးလားပွင့်လား ညွတ်တွားသွယ်သွယ်၊
ခွတ်ယူသူရှုံး ပွင့်(အုံး)ဦးပါမယ် ငုံအဖူး ဂုဏ်ထူးမွှေးနံ့ကြွယ်။
၁၀။ ဥယျာဉ်ရိပ်ကြီး ပွင့်သီးစုံတယ်၊ အညွန့်အဖူး ကွန့်မြူးခြယ်လှယ်၊
ကြည့်ရှုသူများ အားမရဖွယ် ကန်ရေတွင်း လွန်မင်းတင့်တင့်တယ်။
၁၁။ ချမ်းသာသုံးဝ ရကြလိုလျှင် လူဖြစ်ဒုလ္လဘ ရကြည်တွင်၊
ဒါနသီလ ဘာဝနာတွဲယှဉ်၊ သွေမဆိုင်း နေ့တိုင်းပွဲကြီးဆင်။
၁၂။ ကုသိုလ်ကောင်းမှု ပြုစုအောင်စည် အဖို့အာဂ ဝေငှပါသည်၊
သုံးပါးခေတ်လုံး ရှင်ပြုံးကြည်ကြည် ပျော်ပျော်ခု သာဓု သာဓုမြည်။



www.burmeseclassic.com

www.burmeseclassic.com





▲ (လက်ရှိ)တတိယဆေးဆရာတော် ဦးဉာဏိန္ဒ

ဆေးဆရာတော်၏ ရှေးဟောင်းကျောက်စာ ▶

မလျှော့တွင်းခေါ် ရေပြာတွင်းရေမှာ ဝမ်းပျက်၊ ဝမ်းနာရောဂါအတွက် အထူးကောင်းမွန်၍ ရေဖြူတွင်းရေကား ရောဂါအသွယ်သွယ်ကို မဖြစ်ပွားအောင် ကာကွယ်ပေးသည်ဟု ယုံကြည်လျက် အမြတ်တနိုး သောက်သုံးယူငင်ကြကြောင်း သိရသည်။

## ရွှေစေတီ

ရေဖြူတွင်းမှ ရှေ့ဆက်ကာ မဝေးလှသော နေရာတွင် ရွှေစေတီကို ဖူးမြော်ရသည့် ဂန္ဓကုဋိပြာသာဒ်အတွင်း ခေါင်းလောင်းမှောက်စေတီ တည်ထားခြင်းဖြစ်သည်။

၁၃၂၈ ခုနှစ်ခန့်က ဤနေရာတွင် နှစ်ရှည် ဗောဓိညောင်ပင်ကြီး လဲပြိုသဖြင့် အပင်အကိုင်းများ ဖြတ်တောက်

▼ ရေဖြူတွင်းတန်ဆောင်း





www.burmeseclassic.com

www.burmeseclassic.com





ရွှေစေတီကုဋီပြာသာဒ်



ဓာတ်မြှုပ်တွင်းအတွင်းဘက်မြင်ကွင်း



ရုပ်ပွားတော် ထုဆစ်ကိုးကွယ်လိုသူများအား ဝေငှပေးခဲ့သည်။

ထို ဗောဓိညောင်ပင်ကြီးနေရာ၌ အထိမ်းအမှတ်စေတီ တည်ခဲ့ခြင်း ဖြစ်သည်။ ဗောဓိညောင်ပင်ငုတ်တိုမှ အညွန့်များထွက်လာသဖြင့် ဝေဘူချောင် မြောက်ဘက် တံတိုင်းအနီးသို့ ရွှေ့ပြောင်းစိုက်ထားခဲ့ရာ ယခုအခါ ခက်မကြီးများ ဖြာဝေလျက် ရောမ ညောင်ပင်ကြီးဖြစ်လျက်ရှိသည်ဟု သိရသည်။

ဤရွှေစေတီကား ဗောဓိညောင်ပင်၊ ပရိဘောဂစေတီတော် နှစ်ရှည်ကြာ ကိန်းအောင်းတော်မူခဲ့သော နေရာရှိ အထိမ်းအမှတ်စေတီဖြစ်ရာ အလုပ် အကိုင်၊ နေရာ၊ အိမ်ခြံမြေနှင့် ရာထူး စည်းစိမ်တို့ မဆုတ်မနစ် တည်တံ့မြဲမြဲ ရေးအတွက် အထူးပြု ဆုပန်လေ့ရှိသော စေတီတော်မြတ်ဖြစ်ပေသည်။

## အရိယာသိမ်တော်

ရွှေစေတီ၏ တောင်ဘက်တွင် အရိယာသိမ်တော်ရှိသည်။ သိမ် အတွင်း၌ ကျောက်ဖြူသား တင့်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။

ပထမ ဝေဘူချောင်ဆရာတော်ကြီး ကိုးကွယ်ခဲ့သော ရုပ်ပွားတော် ဖြစ်သည်။ မူလအဆောက်အအုံသည် သစ်လုံးတိုင်နှင့် ဘုံပြာသာဒ် တင်ထားရာ ကာလကြာရှည် ပျက်ယွင်းသဖြင့် အုတ်တိုက်သိမ်အဖြစ် ထပ်မံပြုပြင် ထားကြောင်း သိရသည်။

## ရွှေလ ဆက်ဖတ်ပါရန်

**ငြိမ်းသော်တာ**



www.burmeseclassic.com

www.burmeseclassic.com

### သရေခေတ္တရာ ကျောက်ညွှန်းကျမ်းလာ

# ရသေ့ရိက္ခာထောက်လမ်း



စာရေးသူ ၁၃၂၇ ခုနှစ်၊ နောက်အနှစ် (၅၀)ခန့်က နွေရာသီကျောင်းပိတ်ရက်များတွင် ဇာတိမြေ အုပ်ဖိုမှ မိုင်(၅၀)ခန့်ဝေးသော ပြည်ရွှေဆံတော်ဘုရားအနီး ကြက်တင်းတောင် တောင်ပေါ်ကျောင်း ဆရာတော် ဦးသုဇာတထံတွင် နေခဲ့စဉ် ဂမ္ဘီရ၊ ပေစာ၊ ပုရပိုက်များမှ သရေခေတ္တရာ၊ ကျောက်ကျမ်းမှ ညွှန်းသော မြင်ဘာဟု တောင်မှ မောရဂိဝါကျောက်ကို ရှာခဲ့ဖူးပါသည်။

သိုက်စာအညွှန်းအရ မြင်ဘာဟု သင်ပုတ်ပလ္လင်အောက်တွင် ရွှေငွေများကိုယူ၍ သာသနာပြုရန် ညွှန်းသော ကြောင့် စုံစမ်းခဲ့ရာ ကပ္ပိယကြီးက ယခင်က တူးယူသွားကြောင်း ကြားဖူးသည်ဟု သိရသည်။

ပြည်မြို့တွင် ထိုအချိန်က သိုက်ဆရာများ၊ ဗိုလ်ထိုးသူများ၊ များပြားကြောင်း အမြွက်မျှ ဖော်ပြရခြင်း ဖြစ်ပါသည်။

ကြက်တင်းတောင်၏ တောင်စဉ်တွင် ပွင့်လှသိန်ကုန်းဘုရား၊ ယုံဖြူတောင်နှင့် တစ်ဆက်တည်းတည်ရှိပြီး ပြည်မြို့၏အလှကို အထက်စီးက မြင်တွေ့ရ၍ ရွှေဆံတော်ဘုရားရင်ပြင်၊ ရေဝတီမြစ်နှင့် တန့်ကြည့်တောင်တန်းကြီးတို့ မြင်ကွင်းသည် ညနေဆည်းဆာချိန်တွင် အလွန်လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းပါသည်။

ဤတောင်တော်မှ ရရှိသော ရသေ့ရိက္ခာထောက်နည်းလမ်းမှာ သရေခေတ္တရာကျောက်ညွှန်းကျမ်းမှ နောက်ဆုံးတစ်ခုတည်းသော နည်းလမ်းကောင်း ဖြစ်ပါသည်။

ထို ရိက္ခာထောက်လမ်းမှာ သဒိသဓာတ် သုံးလုံးသတ်၊ မှတ်လော့ဒူး(၃-မူး)ရွှေ၊ ကျောက်နဂါးဆီ သတ္တုမှိုယူပြား မျိုး(၆-မူး)ပေ၊ ဗျက္ခဆိုသား ဆေးရွှေသားယူပြား ဌူး(၄-မူး)ပေ၊ သုံးလုံးသတ်က နိက္ခမပြောင်းကြွသူ့သန္ဓေ၊ နာ ဒိ(တစ်ကျပ်)တွင် ဒွဲ(တစ်ပဲ)ဝင်၊ နာလျှင် ညက်ညက်ကြေ၊ ဘော် ဒိ(တစ်ကျပ်)တွင် ဒွဲ(တစ်ပဲ)ဝင် ဘော် လျှင်သုဝဏ္ဏ၊ ယင်းဓာတ်တွင် ရွှေဟု ခေါ်ဝေါ်သမုတ်သောအခါ ရာဟုနံဖြစ်၍ ရွှေဓာတ်နှင့် ဟင်းရိုင်းဓာတ်သည် ဓာတ်ခြင်းနံခြင်း တူသောကြောင့် သဒိသဓာတ်ဟု ဆိုပါသည်။

သို့ပါ၍ ဟင်းရိုင်း ဒူး(၃-မူး)မှ ဒူး(တစ်မူး)ယူ၍၊ ရွှေ ဒူး(၃-မူး)၏ အထက်အောက်နှီး၍ ဖော်သရွတ်လုံစွာမံ၊ နေမှာသွေ့ခြောက်အောင်လှန်း။ ယင်းကို ကင်းပုံသီးမှည့်လောက်နီအောင်ထိုး၊ မီးလျှို၊ အလိုငှေး၊ ကျန်၂ူး(၂-မူး)နှင့် အထက်ပါတိုင်း ထိုးလေ။

ကျောက်နဂါးဆိုသည်မှာ ဆေးအန်းကို ဆိုလိုပါသည်။ ဆေးအန်းမျိုး(၆-မူး)၊ ဗျက္ခဆိုသား ဆေးရွှေသား ယူပြား ဌူး(၄-မူး)ဆိုရာ၊ ကန့် ဌူး(၄-မူး) ရော၍၊ ညက်စွာကြိတ်၊ ယင်းဓာတ်ဆေး (၃)ပုံ ပုံထား။ ယင်းဆေး(၃)ပုံမှ (၁)ပုံယူ၍ ဟင်းရိုင်းဖြင့် နှပ်ပြီး ရွှေဒူး(၃-မူး)ကို အထက်အောက်နှီးပြီး ဖော့လုံစွာမံ၍ ကင်းပုံသီးမှည့်လောက် နီအောင်ထိုး။ အထက်နည်းတူ (၂)ပုံနှင့် ထိုးသတ်လေ၊ အလိုငှေး၊ ကြိတ်ကြေ ပြာကျ၏။

ရွှေပြာဒွဲ(တစ်ပဲ)ယူ၍ နာစင် ဒိ(တစ်ကျပ်) အရည်လင်ရာမှာ ခတ်ထိုး၊ နာမှာ ညက်ညက်ကြေ၍ ပြာဖြစ်လေ၏။ ယင်းပြာ ဒွဲ(တစ်ပဲ)ယူ၍ ငွေစဉ် ဒိ(တစ်ကျပ်) အရည်လင်ရာမှာ ခတ်ထိုး သုဝဏ္ဏ။

**မှတ်ချက်**

**ရွှေဒူး(၃-မူး)ကို အပြားခတ်ထိုးသင့်သည်။ နှပ်မီးဖြင့်သာ ထိုးသင့်သည်။ လုံဖင်တိုက် မထိုးသင့်ပါ။**

**ခင်စိုး (အုပ်ဖို)**



www.burmeseclassic.com

www.burmeseclassic.com

(ဆရာကြီး... ရေးပါ)

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် ...ရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ...လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ...။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ...ပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ...သန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု ...တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ...မြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း ...ပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး ... သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် ...ကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ...ဖြစ်တဲ့ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ... လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ ...အရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ...ရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ...တော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ...ည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ ...တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း ...ကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ...တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ...ကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ...သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ...အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု ... အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ...ရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ...တော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိသန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်ပေါ်စေနိုင်တဲ့ ဗိုက်ပူခြင်း ဗိုက်ခေါက်တွေထူလာခြင်း အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံမှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**


"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂၉

www.burmeseclassic.com

www.burmeseclassic.com



▲ မွတ်လအီဆံတော်ရှင်ရင်ပြင်မှ မြောက်ဘက်ယွန်းယွန်း တွေ့မြင်

ရဟန်းသာဂွန်း၊ ကာရင်မှာ၊ မျှော်လုံးအနှင့် နာဂီဗဗွာ၊ ဟာဗိဗွာ၊ လိပ်ဗိဗွာ စေတီငယ်(၃)ဆူ

# မွတ်လအီ မွတ်လဇာပ်

## တောင်ထွတ်များပေါ် ဆံတော်ရှင် ဘုရားဖူးခရီး (၆)

**အောင်ဇေ (LL.B)**

**ယခင်လမှ အဆက်**

ဆင်းကျိုင်းမြစ်ဆုံမှ တစ်ဖန် ...သို့ ပဓာမြစ်တစ်လျှောက် ...(ခေါ်) ပအာဝနုမြို့နှင့် အစပ်ဖြစ် ...၏။

ဒွါရပူရမြို့(ဇယမြို့)၏ မြို့ရံ(၆)မြို့ ...မြို့စားမင်းအမည်တို့မှာ အောက်ပါ ...အတိုင်း ဖြစ်ကြသည်။

၁။ ...အရပ်တွင် "မြဝတီ"ခေါ် ကွန်ဖရဲ့ပတီ ...မြို့ = သုပနုမြို့စားမင်း။

၂။ ...တောင်ထောင့် အရပ်တွင် "...လောင်မြို့" = ဝဋ္ဋုမြို့စားမင်း။

၃။ ...အရပ်တွင် "ကျိုက်မြို့"ခေါ် "...မြို့" = ကလဘုမြို့စားမင်း။

၄။ တောင်အရပ်၌ပင် "တောင်ပို့" ခေါ် "ဒုံပုံမြို့" = ဗုဒ္ဓဝံ့ပြဟ္မာမြို့စားမင်း။

၅။ အနောက်မြောက်ထောင့် အရပ်တွင် "ပေါင်မြို့" = ဒေါ်ရဲမြို့စားမင်း။

၆။ အရှေ့မြောက်ထောင့် အရပ်တွင် "ဝုံမွှေမြို့" = ဗုဒ္ဓသေဋ္ဌလုံမြို့စားမင်း။

ထိုမြို့စားမင်းအားလုံးမှာ ကရင်တိုင်းရင်းသားများသာ ဖြစ်ကြသည်။

သက္ကရာဇ် ၁၄၈ ခုနှစ်တွင်မှ စောဗျညားကုန္တသေနရာဇာမင်းကြီး နတ်ရွာစံတော်မူခဲ့သည်။ **ဇယမြို့** (ခေါ်) **ဒွါရပူရမြို့တော်**တွင် မင်းဆက်ပြတ်ခိုက် လက်အောက်ခံ မြို့စားမင်းများက သီးခြားဘုရင်များအဖြစ် ထိုမြို့အသီးသီးတွင် ထီးနန်းတည်ထောင် အုပ်ချုပ်စိုးစံခဲ့ကြသည်။

နှစ်များမကြာမီ ဝုံမွှေမြို့နှင့် မဲကလောင်မြို့တို့ကို ယိုးဒယား(ထိုင်း) ယွန်းတို့ တိုက်ခိုက်သိမ်းယူလိုက်ကြသဖြင့် ယခုခေတ်တိုင်အောင်ပင် ထိုမြို့ဒေသမှာ ယိုးဒယား(ထိုင်း) နယ်နိမိတ်အတွင်း ရောက်ရှိနေပါသည်။

ဤ မွတ်လအီဆံတော်ရှင်စေတီတော်ကို တည်ထားသော ခုနှစ်မှာ သက္ကရာဇ် ၁၁၁ ခုနှစ်ဖြစ်၍ ဒွါရပူရ (ဇယ)မြို့ဘုရင် စောဗျညားကုန္တသေနရာဇာမင်းကြီး သက်တော်ထင်ရှားရှိနေချိန်ဖြစ်သည်။

ကျိုက်မြို့ ကလဘုမင်းမှာ ဆိုစဉ်က





www.burmeseclassic.com

www.burmeseclassic.com

လက်အောက်ခံ မြို့စားမင်းမျှသာ ဖြစ်ပါသည်။ အလားတူ မွတ်လအိဆံတော်ရှင်စေတီကို နာရဒရသေ့ကြီးနှင့်အတူ ဦးဆောင်တည်ထားခဲ့သော ရှမ်းမင်းမောင်ဝဏ္ဏ ဆိုသူမှာလည်း မွတ်လအဝ်ဘုရားတည်သော သက္ကရာဇ် ၁၁၄ ခုနှစ်မှာ မဲကလောင်မြို့စားမင်းမျှသာ ဖြစ်သည်။

ဒွါရပူရ(ဇယ)မြို့ဘုရင် စောဗျညားကုန္တသေနရာဇာမင်းကြီး၏ လက်အောက်ခံ မြို့စားမင်းများသာ ဖြစ်သည်။

စောဗျညားကုန္တသေနရာဇာ မင်းကြီးသက်တော်(၉၀)အရွယ်တွင် နတ်ရွာစံပြီးနောက် သားတော် သို့မ်နွတ်ကုမ္မာမင်း နန်းတက်ပြီး မြို့တော်ကို ဖခမည်းတော် တည်ထောင်ခဲ့သော နေရာမှ ရွှေ့ပြောင်း၍ ပေါင်တရောမြစ်၏ အရှေ့မြောက်ထောင့်ဘက် ကမ်းတွင် မြို့သစ်တည်ပြီး **ဇယမြို့**ဟု သမုတ်ခဲ့သည်။

**ဖွဲ့ယျှဲမြို့**ဟု အသံထွက်ခေါ်ကြသည်။ ထိုအနီးတွင် ပေါင်တရောမြစ်ကိုလည်း ဖွဲ့ယျှဲမြစ်ဟု ပင်ခေါ်ကြပါသည်။

မြို့သစ်တည်သော ကာလမှာ အဇာတသတ်မင်းဖြိုကြွင်း သက္ကရာဇ် ၁ ခုနှစ် ဖြစ်သည်။ ဖွဲ့ယျှဲမြို့သစ်တည်သို့မ်နွတ်မင်း၏ ဘွဲ့အမည်မှာ **ကုန္တဒေဝပါလရာဇာ** ဖြစ်သည်။ ဖွဲ့ယျှဲမြို့သစ်တွင် မင်းဆက်(၂၇)ဆက်အထိ ထီးနန်းစိုးစံခဲ့ကြသည်။

မွတ်လအိဆံတော်ရှင်စေတီ၏ မူလဘွဲ့အမည်မှာ **ကျိုက်မွတ်လအိ** ဖြစ်ရာ ထိုစဉ်က မွန်တိုင်းရင်းသားဘာသာစကားကို ဦးစားပေးသုံးထားကြောင်း သိရပါသည်။

ဆံတော်ရခဲ့သော ကပ္ပရှင်ရသေ့နှင့်



◆ မွတ်လအိဆံတော်ရှင်စေတီတောင်ထိပ် ရင်ပြင်မှမြင်ရသော
လမ်းတော်နေရာမှ ဓာတ်ပုံရိုက်ပုံ

◆ မွတ်လအိတောင် ကားရပ်နားစခန်းမှ မှတ်ဗိုလ်စေတီသို့အသွားလမ်းရှိ
နတ်ရေကန်သို့အသွားလမ်း အစပိုင်း



အတူ သာသနာပြုခဲ့သည့် ကျိုက်မြို့စားမင်းကာလဘု၏ ဘွဲ့အမည်မှာ **ဝဂ္ဂလာပုရာဇာ** ဖြစ်ပါသည်။ ကျိုက်မြို့တွင် မင်း(၁၀)ဆက် ထီးနန်းစိုးစံပြီး မင်းဆက်ပြတ်ကာ ရွာနီဂုံးကြီး ဖြစ်သွားသည်။ မြို့ပျက်၍ တောချုံ ဖုံးလွှမ်းသွားသည်။

ကျွန်ုပ်လည်း မွန်ရာဇဝင်နှင့် ကရင်ရာဇဝင်စာအုပ်များတွင် ဖတ်ရှုလေ့လာခဲ့ရသော ရာဇဝင်ကြောင်းများကို ပြန်ပြောင်း စဉ်းစားနေမိခြင်း ဖြစ်ပါသည်။

ဤ မွတ်လအိဆံတော်ရှင်စေတီတော် တောင်ထွတ်၏ ပတ်ဝန်းကျင်မှာ ရှေး နှစ်ပေါင်းနှစ်ထောင့်ငါးရာဝန်းကျင်က ပဒေသရာဇ်မင်းများ ထီးနန်းစိုးစံသော မြို့ပြငယ်များနှင့် လူနေစည်ကားခဲ့ပုံကို စိတ်ကူးပုံဖော်နေမိပါသည်။


မွတ်လအိတောင်ထွတ်၏ အနောက်မြောက်ဘက်ခရီး မြန်မာ (၄)တိုင်ခန့်အတွင်း မည်သည့်အပင်မှ မရောက်သော လက်ဖက်ပင်များ၊ ပင်စည်လုံး





www.burmeseclassic.com

www.burmeseclassic.com



◆ မုဆိုးစေတီအသွားလမ်းမှ အရှေ့ဘက်သို့ အနီးကပ်မှုမြင်ရသော နဂါးဝိဇ္ဇာ၊ ဟားဝိဇ္ဇာ၊ လိပ်ဝိဇ္ဇာ စေတီငယ်(၃)ဆူ

◆ မွတ်လအိတောင်ပိုင်းဘိုတို့နှုန်းသို့ လမ်းညွှန်တိုင်းဘုတ်နှင့် ထိုတိုင်းဘုတ်အနီးရှိ ဆေးပင်များ



တော်(၄)တောင်၊ (၅)တောင်ခန့် ကြီးမားသော ငရုတ်သီး မိုးမျှော်ပင်များ ရှိကြောင်း မှန်ရာဇဝင်တွင် ဖော်ပြထား ချက်အရဆိုလျှင် ထိုနေရာမှာ ယခင် မြို့ဟောင်းနေရာတစ်ခုခု ဖြစ်နိုင်သည်။ ခဲ့မြို့သစ်ဖြစ်ဖွယ် ရှိပါသည်။

ဘရင်ရာဇဝင် စာအုပ်အရ သော့ကရိုတ်မြို့နယ် ပောင်တရော မြစ်၏ အရှေ့မြောက်ဘက်ကမ်းရှိ သပြုကျွန်းကုန်းရွာအနီး နောင်တမန် ရွာအနီးရှိ မြို့ပောင်းမြို့ပျက်နေရာဟု ဆိုပါသည်။

'ကဲ ပြန်ဆင်းကြရအောင်ပေါ့၊ ဦးပဥ္စင်း ဥတ္တမက မုဆိုးစေတီကို လိုက်ပို့ပြီး ပိဋ္ကသီး တွေနဲ့ ရှားပါးတဲ့ သစ်ခွပန်းတွေ ပြပေးမယ် လို့ ပြောထားတယ်'

မိကရင်ကျောင်း ဆရာတော်ဝဏ္ဏိတ မှ နှိုးဆော်သံဖြင့် ကျွန်ုပ်တို့လည်း မွတ်လအိဆံတော်ရှင် စေတီတောင် ထွတ်မှ ပြန်ဆင်းကြပါသည်။

ကျွန်ုပ်တို့၏နောက်မှ ဖွဲ့ကာပင် တောင်ခြေ လုမ္ဗိနီအင်ကြင်းတစ်ထောင် ဆရာတော် ဦးဆောင်သော ဘုရားဖူး အဖွဲ့များ လိုက်ဆင်းခဲ့ကြသည်။

တောင်ထွတ် အဆင်းလမ်းတစ် နေရာတွင် ခေတ္တရပ်နားရင်း တောင် ထိပ်ရှိ ဆံတော်ရှင်စေတီတော်နှင့် အဆင်းလမ်း တစ်နေရာကို နောက် ပြန်လှည့်၍ ဓာတ်ပုံမှတ်တမ်း ရိုက် လိုက်သည်။

ထိုမှတစ်ဖန် ဆက်၍ ဆင်းလာကြ ပြီး အဆင်းလမ်းတစ်ဝက်ခန့်ရှိ ကိုရင် လေးဂူဘုရားသို့ အသွားလမ်း အနီး တွင်လည်း ကျွန်ုပ်ရှေ့မှ သွားနေကြ သော မိကရင်ကျောင်းဆရာတော် ဦးဝဏ္ဏိတ၊ ကပ္ပိယကျောင်းသား မောင်ကျော်လှနှင့် မြဝတီတောရ တိုက်ကျောင်း တိုက်အုပ်ဆရာတော် ဦးသောဘိတတို့၏ နောက်ကျောဘက် မှနေ၍ မွတ်လအိတောင်၏ မြောက် ဘက်ရှိ တောင်စဉ်တောင်တန်း ရှုခင်း တို့ကို ဓာတ်ပုံမှတ်တမ်း ရိုက်လိုက်ပြန် ပါသည်။

ဤ မွတ်လအိတောင်ထွတ်မှာ တောင်တန်းများ ဝန်းရံထားသော အလယ်မှ မတ်စောက်မြင့်မားသော တောင်ထွတ်ဖြစ်ရာ နဂါးရုံဘုရား ပုံတော်တွင် ရစ်ခွေနေသော မြွေနဂါး ကြီး၏ ပါးပျဉ်းထောင်နေသည့် အမောက်နေရာကဲ့သို့ ဖြစ်နေသည်။

တောင်ထွတ်ပေါ်ရှိ မွတ်လအိဆံ တော်ရှင်စေတီတော်ရင်ပြင်မှ ကား ရပ်နားစခန်းရှိရာသို့ အဆင်းခရီးမှာ အချိန် (၁၅)မိနစ်မျှသာ ကြာခဲ့ပါသည်။

'ကဲ မုဆိုးစေတီတော်ကို သွားဖူးကြမယ်' ကားရပ်နားစခန်းရှိ ကျွန်ုပ်တို့ ည အိပ်တည်းခိုရာ မွှာရုံရှေ့ရှင် အသင့်

စောင့်နေသော ဦးပဉ္စင်းဥတ္တမ(ခေါ်) ဦးပုတီးက ကျွန်ုပ်တို့ကို နှိုးဆော်ပြီး ရှေ့မှ ဦးဆောင်သွားပါသည်။

မုဆိုးစေတီ အသွားလမ်းမှာ အဘိုး ကျော်င်း(ကျောက်လုံးကြီး) ရှေ့မှ တောင်ဘက်သို့ သွားရသည့် လူသွား လမ်း ရှိပါသည်။

(၃)မိနစ်ခန့် လျှောက်ပြီးနောက် လူသွားလမ်း၏ အရှေ့ဘက် ကိုက် တစ်ရာခန့်အကွာ တောင်စောင်းလျှို တစ်နေရာတွင် စေတီတော်တစ်ဆူကို သစ်ပင်များကြားတွင် ဖူးတွေ့ရသည်။

'အဲဒီနေရာမှာ ရသေ့တစ်ပါး သီတင်းသုံး သာသနာပြုနေတယ်။ စေတီတော်ကတော့ အဲဒီရသေ့ တည်ထားတာ သိပ်မကြာလှ သေးဘူး။ အဲဒီကိုသွားရင် (၇)မိနစ်သာသာ လောက်တော့ အတက်အဆင်း လုပ်ရမယ်'

ဦးပဉ္စင်းဥတ္တမက ပြောပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ အချိန်မရတော့သဖြင့် မသွားဖြစ်ပါ။ ရှေ့ဆက် လျှောက်ကြရာ မကြာမီလမ်းပေါ်တွင် အသီးစိမ်းစိမ်း များ ကြွေကျနေသည်ကို တွေ့ရ၏။

ဆီးဖြူသီး အကြီးမျိုးအရွယ်ခန့် ရှိသည်။ အပြင်ခွံမှာ လက်နှင့်ကိုင် လိုက်လျှင် ကတ္တီပါစ ကိုင်ရသလိုဖြစ်၍ ကျွန်ုပ်တို့ တစ်ခါမှ မမြင်ဘူးပါ။ လက် နှင့် ကုတ်ဖဲ့လိုက်ရာ အရည်ရွှမ်း ကြောင်း တွေ့ရသည်။

'အဲဒါ ဝိဇ္ဇာသီးလို့ ခေါ်တယ်။ အစိမ်းစားရင် အချဉ်စူးတယ်။ သူ့ကို ပျားရည်နဲ့စိမ်ပြီး စားရတယ်။ ဟောဒီ တောထဲမှာ ဝိဇ္ဇာသီး ပင်တွေ အများကြီးရှိတယ်။


ရှေးအခါက ဒီမွတ်လအိတောင်ထွတ်မှာ လာပြီး တရားအားထုတ်ကြတဲ့ ရဟန်းဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာတွေ စားသုံးကြောင်း သိရတယ်။

ဒီတောဒီတောင်ရဲ့ ကြမ်းတမ်းတဲ့ ရာသီ



▲ မုဆိုးစေတီအနီး ကျောက်တောင်စွန်းမှ တောင်ဘက်သို့ ရှုခင်းနှင့်အမှတ်တရပုံ
ဝဲမှယာ မိကျောင်းဆရာတော်၊ မြဝတီတောရကျောင်းဆရာတော်၊
စာရေးသူအောင်အေး၊ လိုက်ပို့သူ ဦးပဉ္စင်း ဥတ္တမ (မှတ်လေး)

▼ မုဆိုး လေး မြား ရှိခဲ့သောနေရာ အထိမ်းအမှတ် စေတီငယ်တည်ရန်
အိမ်မက်ပေးခဲ့သော ကျောက်တုံးသုံးလုံးဆင့်နေရာ



ဥတုဒဏ်ကို ခံနိုင်ရည်ရှိစေတယ်။ တောင် တက်တောင်ဆင်း အမောအပန်း ခံနိုင်တယ်။ ရောဂါတွေ ပျောက်ကင်းပြီး ကျန်းမာနုပျို သန့်စွမ်းစေတယ်လို့ သိရတယ်'

ဦးပဉ္စင်းဥတ္တမက ပြောပြပြီးနောက် ကျွန်ုပ်တို့လည်း ဝိဇ္ဇာသီးတစ်လုံးစီ ကောက်ယူပြီး ကိုက်စားကြည့်ရာ မရန်းသီးတမျှ ပိုချဉ်သည်။ သို့သော် ကြာကြာငုံထားလိုက်လျှင် အချိုဓာတ် ပေါ်လာသည်။

ထိုနေရာမှ ရှေ့ဆက်သွားရင်း အပေါ်မော့ကြည့်လိုက်ရာ သစ်ပင် အကြီး,အငယ်,အလတ် အားလုံး၏ လို၏ အကိုင်းများတွင် အဖြူရောင် သဖင်ခက်များနှင့်အတူ ပန်းများ အလွန် လှပစွာ တွေ့မြင်ရသည်။

'အဲဒီပန်းတွေက ဒီမှာ တစ်တောင် တစ်တောလုံး ပွင့်ကြတယ်။ မွတ်လအိတောင်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်တုံးကြီးများ ရေယာဉ်တစ်သွယ် (၉)တုံးစီရသော နိဗ္ဗာန်တောင်တန်း



◆ မှုဆိုးတော် အရှေ့တည့်တည့်သို့မြင်ရသော ကျိုက်ထီးရိုးလားအစ် ဆံတော်ရှင်ဘုရားတောင်ကို ကင်မရာဖြင့် ချဲ့ယူ ရိုက်ကူးထားပုံ

ပန်းလို့ ခေါ်ကြတယ်။ ဒီတောင်မှာ သဇင်နီ ထဲရှိတယ်။ ရှားတော့ ရှားတယ်။ သူက အပင်မြင့်ကြီးတွေပေါ်မှာပင် ပွင့်တယ်။ တက်ခူးို့ မလွယ်ကူဘူး။

တစ်ခါတစ်ရံ သစ်ပင်ကြီးတွေ လဲကျတဲ့ အခါမျိုးမှာပဲ ရရှိနိုင်တယ်။ တခြားထူးဆန်းတဲ့ သစ်ခွပန်းအမျိုးမျိုးလဲ ရှိတယ်’

ဦးပဍ္ဍင်းဥတ္တမက ရှင်းပြရင်း ရှေ့ဆက်သွားသည်။ တစ်နေရာတွင် အရှေ့ဘက်လျှိုထဲသို့ ဆင်းသော လူသွားလမ်းတွေ့ရပြီး **“နတ်ရေကန်သို့”** ဟူသည့် ဆိုင်းဘုတ်ငယ်တစ်ခုလည်း တွေ့ရသည်။

“ဒီတောင်ပေါ် ကားရပ်နားစခန်းကို ရေပိုက်နဲ့သွယ်ယူတဲ့ သဘာဝ ရေထွက်နေရာတစ်ခုပဲ။ ရှေးတုန်းက ဒီတောင်ပေါ်မှာ တရားအားထုတ်ခဲ့တဲ့ တောမှီရသေ့ကြီးတွေ ရေအတွက် မခက်ခဲဖို့ နတ်သိကြားတွေ ဖန်ဆင်းခဲ့တာလို့ ယုံကြည်ခဲ့ကြတယ်။

ဒါကြောင့် နတ်ရေကန်လို့ ခေါ်ကြတာပါ။ ဒီလမ်းထိပ်ကနေ (၁၀)မိနစ်လောက် တောင်စောင်းအတိုင်း ဆင်းသွားရတယ်’

ကျွန်ုပ်တို့ရှေ့မှ လမ်းပြသွားနေသော ဦးပဍ္ဍင်းဥတ္တမက ရှင်းပြသည်။ နတ်ရေကန်ရှိရာသို့ ကျွန်ုပ်တို့ မသွားကြပါ။ ရှေ့ဆက်သွားကြရာ အချို့နေရာတွင် တောင်ကုန်းနှစ်ခုကြား အဖုအထစ်များသော တောင်ကြားလမ်းငယ်ကို ဖြတ်ရသည်။ အတက်အဆင်း အကွေ့အကောက်လည်း ရှိသည်။

“တောင်ပိုင် ဘိုးဘိုးသို့”

လမ်း၏ အနောက်ဘက်ဘေးတွင် မြားထိုးထားသော သစ်သားဆိုင်းဘုတ်ငယ်တစ်ခု တွေ့ရှိရသည်။ လူသွားလမ်းငယ်လေး ရှိသည်။

‘အဲဒီအတိုင်းသွားရင် ယောဟို မွတ်လအိတောင်စောင်းမှာ တောင်ပိုင်ဘိုးဘိုးရုပ်တုနဲ့ နတ်နန်းရှိတယ်။ အချိန်တော်တော် ကြာမယ်။ အဲဒီမှာ တရားထိုင်တဲ့ဂူလဲ ရှိတယ်’

ဦးပဍ္ဍင်းဥတ္တမက ရှင်းပြသည်။ ကျွန်ုပ်တို့ ထိုနေရာကို မသွားကြပါ။ ထိုဆိုင်းဘုတ်အနီးတွင် ဆေးရွက်ကြီးပင်နှင့် အလွန်တူသော အပင်များစွာ တွေ့ရှိရသဖြင့် ကျွန်ုပ် စိတ်ဝင်စားမိပါသည်။

ကားရပ်နားစခန်း ပြန်ရောက်မှ မေးတော့မည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်သည်။

ရှေ့သို့ အနည်းငယ်သွားပြီး တောင်ကုန်းမြင့်ပေါ် ရောက်သောအခါ အရှေ့မြောက်ဘက်တောင်စောင်း ကျောက်တုံးများပေါ်တွင် တည်ထားသော နဂါးဝိဇ္ဇာ၊ ဖားဝိဇ္ဇာနှင့် လိပ်ဝိဇ္ဇာ စေတီငယ်များကို အနီးကပ် ဖူးမြင်ရသည်။

သို့သော် ထိုနေရာသို့ (၁၀)မိနစ်ခန့် သွားရမည်ဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်တို့ မသွားကြဘဲ ရှေ့သို့ ခရီးဆက်ကြရာ လူသွားလမ်း၏ အရှေ့



www.burmeseclassic.com

www.burmeseclassic.com



▲ မုဆိုးစေတီသို့သွား လမ်းကျဉ်းတစ်နေရာ

▼ ကြံ့ပုံကျောက်တုံးကြီး



ဘက်ဘေးတွင် ကြံ့ပုံ ကျောက်တုံးကြီး တစ်တုံးကို တွေ့ရသည်။

'ကပ္ပရှင်ရသေ့ မုဆိုးဘဝမှာ ကြံ့ယောင်ဆောင်ထားတဲ့ သိကြားမင်းကို မြားနဲ့ ပစ်လိုက်တော့ အဲဒီ ဆံတော်ရှင်တောင်ပေါ်က လိမ့်ဆင်းလာပြီး ဒီနေရာမှာ ကျောက်တုံးကြီး ဖြစ်နေတယ်လို့ ဒဏ္ဍာရီ ဆန်ဆန် ဒေသခံ သက်ကြီးရွယ်အိုတွေ ပြောတယ်'

ဦးပဥ္စင်းဥတ္တမက ထိုကျောက်တုံးကို ညွှန်ပြရင်း ရှင်းပြပါသည်။ ထိုနေရာ၏ ရှေ့မနီးမဝေးတွင် လူသွားလမ်း၏ အနောက်ဘက် တောင်ကုန်းပေါ်၌ ကျောက်တုံး(၃)တုံးဆင့် တင်နေပုံ မြင်ရသည်။

မုဆိုးကြီး လေးမြားစွန့်သော နေရာ အထိမ်းအမှတ်အဖြစ် စေတီငယ်တည် ထားရန် အိပ်မက်ပေးဖူးကြောင်း သိရသည်။

ထိုစေတီ၏ အနောက်ဘက်တွင် မြင့်မတ်ချွန်ထွက်နေသော မွတ်လအိ တောင်ထိပ်နှင့် ဆံတော်ရှင်စေတီငယ်ကို ဖူးမြင်ရပါသည်။

'အဲဒီမုဆိုးစေတီပေါ်။ ကပ္ပရှင်ရသေ့ မုဆိုးဘဝက ဒီနေရာမှာနေပြီး ဟောဟိုတောင်ထွက်ပေါက သိကြားမင်း ဖန်ဆင်းပြတဲ့ ကြံ့ကြီးကို မြားနဲ့ ပစ်ခဲ့တယ်လို့ ရှေးလူကြီးတွေ ပြောပြဖူးတယ်'

မြဝတီတောရတိုက်ကျောင်း တိုက်အုပ်ဆရာတော် ဦးသောဘိတက ပြောပြသည်။ ကျွန်ုပ်တို့ ရောက်ရှိနေသော မုဆိုးစေတီ၏ အရှေ့၊ အနောက်နှင့် တောင်ဘက်တို့မှာ နက်ရှိုင်းသော ချောက်ကြီးများ ဖြစ်သည်။

အနောက်ဘက် တောင်စောင်းတွင် ကျောက်တုံးကြီး(၉)တုံးက လှေကားထစ်သဖွယ် မုဆိုးစေတီရှိရာသို့ ဦးတည်နေသည်။

'အဲဒီအောက်ခြေ လျှိုထဲက မုဆိုးကြီးဟာ ဒီလှေကားထစ်တွေအတိုင်း တက်လာခဲ့ပြီး မုဆိုးစေတီရှိရာ ကျောက်တုံးပေါ် ရောက်တယ်။ ဒီကမှ ဆံတော်ရှင်တောင်ထိပ်က ကြံ့ကို မြားနဲ့ပစ်တယ်။

ပြီးတော့ အကျွတ်တရားရပြီး ရသေ့ဝတ်တယ်။ ဈာန်အဘိညာဉ် ရခဲ့တယ်။ ဒါကြောင့် အဲဒီကျောက်တုံး လှေကားသဏ္ဌာန်ကို နိဗ္ဗာန်စောင်းတန်းလို့ ဒေသခံတွေ ခေါ်ကြတယ်'

မုဆိုးစေတီ ကျောက်တုံးကြီး၏ အနောက်ဘက် အောက်ခြေမှာ တစ်ဖက်ရပ် ဂူသဏ္ဌာန် ဖြစ်နေသည်။ ထိုနေရာမှာ ဗလတ်စတစ်ဖျာတစ်ချပ် ရှိသည်။ နေကာလည်း ရှိသည်။ ထိုနေရာမှ မွတ်လအိဆံတော် ရှင်တောင်ထိပ်ရှိ စေတီတော်ကို ဖူးမြင်ရသည်။

'အဲဒီနေရာက ဒီမှာ တရားလာအားထုတ်ကြတဲ့ သူတော်စင်တွေ မနက်ပိုင်း နေထိုးချိန်မှာ ဆံတော်ရှင်စေတီကို အာရုံပြုပြီး တရားအားထုတ်လေ့ရှိတယ်'

ရှေ့လဆက်ဖတ်ပါရန်

ဒေါင်ဇ (L.B)

www.burmeseclassic.com

www.burmeseclassic.com

# အောင်အိုးတည်ခြင်း



**အစီအရင်နှင့် အခြားအစီအရင်များ**

**သိသူများမှ ဖြေကြားပေးပါရန်**

နယ်ကျေးရွာတစ်ရွာသို့လေ့လာရေး ...သွားရာ နေအိမ်တစ်အိမ် ဘုရား ...ဘုရားစင်၊ ဘုရားရှေ့တွင် "အောင်အိုး" တည်ထားသည်ကို ...မြင်သဖြင့် မေးမြန်းလေ့လာ ...တ်သားခဲ့ပါသည်။

'ဘုရားစင်ပေါ် ဘုရားဆောင်ရှေ့က ...အိုးလဲဗျ။ ဘုရားသောက်တော် ...အိုးလား'

'မဟုတ်ပါဘူးခင်ဗျာ။ အောင်အိုး ... ပြီးခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ...ရာတစ်ဦးက စီရင်လမ်းပြ တည်ပေး ...တာပါ'

'ဘယ်လို စီရင်လမ်းပြခဲ့တာလဲ။ ...ခွင့်ပြုနိုင်မယ်ဆိုရင် ပြောပြစေချင် ...တယ်'

'ပြောပြပါ့မယ်ဗျာ။ ပြောမပြနိုင်စရာ ...ကြောင်း မရှိပါဘူး။ မိတ်ခွေလဲ ...တ်ပါရင်၊ ကြည့်ရင် လုပ်ပေါ့၊ တည် ...ပေါ့ဗျာ။

ဒီလိုပါ...။ ပြီးခဲ့တဲ့သုံးနှစ်လောက် ... ကျွန်မိသားစုမှာ လုပ်သလောက် ... ကြိုးစားသလောက် မဖြစ်ထွန်း။ ...ညည်သမျှ ပျက်၊ ရရင် ရှုယ်သမျှ ...မမြောက်၊ မအောင်မြင် ဖြစ်ခဲ့ဖူးပါ ...တယ်။

ဒီနဲ့ ရွာထဲက ရှေးမီနောက်မီ အဘ ...မောင်ဆီသွားပြီး အကြံညာဏ် ...င်းတော့ အဘဆရာက အိမ်ကို ...လာပြီး ဒီအောင်အိုးကို တည်ပေး စီရင်ပေးတာပါပဲ။

ညောင်ရေသွန်းလောင်းတဲ့ ပြည်တောင်းသာသာ မြေအိုးချောချောသန့်သန့် တစ်လုံး ဈေးမဆစ်ဘဲ ဝယ်ရပါ့မယ်။ ရေနဲ့ သန့်အောင် ဆေးပြီး မြေအိုးထဲကို ရေ သုံးပုံနှစ်ပုံထည့်။ အောက်က ကရွတ်ခွေခံပြီး ဘုရားစင်ပေါ် တင်ရပါ့မယ်။ အိုးကို ငွေမင်၊ ရွှေမင် ကြိုက် တာသုတ်ပါ။

ပြီးရင် **ကန်စွန်းညွန့် (၉)ညွန့်၊ ကြံညွန့်(၉)ညွန့်၊ ကံ့ကော်ညွန့် (၉)ညွန့်၊ ကြေးဖွန်း (၃)ချောင်း** အောင်အိုးထဲ ထိုးစိုက်ရပါ့မယ်။

**ကန်စွန်း၊ ကြံ၊ ကံ့ကော်ညွန့်တွေဟာ အနာအဆာကင်း၊ ပိုးကိုက်ကာင်းမရှိ [illegible] တယ်။**

ရှင်းပြရရင်တော့ **ကံတရားတွေ စွမ်းလာအောင်** ကံစွမ်း(ကန်စွန်း)ညွန့် ထည့်တာပါ။

**ကံကော်အောင်၊ ကော်ပေါက် တွေရအောင်** ကံ့ကော်ကို ထည့်တာပါ။

**ကြေးဖွန်းကတော့** ကြီးလေစွမ်းလေဖြစ်အောင် ကြေးဖွန်း(ကြီးစွမ်း) ထည့်တာပါ။

**ငွေမင်,ရွှေမင် သုတ်ထားတာကတော့** ဝင်းဝင်းလက်လက်၊ ပြောင်ပြောင်လက်လက် ဘဝမှာ တောက်ပလာအောင်ပေါ့ဗျာ။

စီရင်သူဟာ (၉)ရက် နဝင်္ဂသီလ စောင့်ရမယ်၊ အရက်သေစာ လုံးဝ မသောက်သူဖြစ်ရမယ်။ အိမ်ထောင် ဦးစီး (အိမ်ဦးနတ်)ရဲ့ မွေးနေ့နံနက် (၇း၄၅)နာရီကနေ (၉း၄၅)နာရီအတွင်း အပြီး ဆောင်ရွက် အောင်အိုးတည်၊ မေတ္တာပို့၊ အမျှဝေ၊ လိုသောဆုဆန္ဒ တွေ တောင်းရပါတယ်ဗျာ။

နေ့စဉ် ဘုရားစင်မှာ ရေချမ်း၊ ဆွမ်း၊ ပန်း၊ ဆီမီး၊ ကပ်လှူပေးပေါ့။ ကန်စွန်း၊ ကြံ၊ ကံ့ကော်ညွန့်တွေ ညှိုးရင် အသစ်လဲပေး ရမယ်။

သုံးလ,သုံးနှစ်အတွင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက် လိုရာ ပေါက်ရောက် စေပါတယ်ဗျာ။ လက်တွေ့ပါပဲ'

နယ်ကျေးရွာများမှ သိမြင်ရရှိ ကြားနာ မှတ်သားခဲ့ရသော အောင်အိုး တည်ခြင်း ဗဟုသုတဖြစ်ပါသည်။

**ကွဲပြားသော၊ ခြားနားသော၊ အခြားအောင်အိုးတည်ခြင်း၊ စီရင်ခြင်းများရှိပါက ပိုမိုသိရှိသူများမှ ဖြေကြားတင်ပြပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။**

**နတ်မောက်ကောင်းမွန်မြင့်**

www.burmeseclassic.com

ပုတ်ပုံတင် - ၀၁၁၄၃ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တာဆာလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အဘက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ၊ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

**အမှတ်-(၅/၃၅၆)ဒေါပုံလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂**

**မြောင်းမြ ထောင်းယဉ်တင့်**

www.burmeseclassic.com

မြို့ပြ

# ရွှေမြင်းထင်ပေါ်မှ

## ထူးခြားသော နိမိတ်ဆောင် ရုပ်တုများ (၂)

ခင်သန္တာတေဇာ

**ယခင်လမှ အဆက်**

"**သေန**"သူကြွယ်သည် ဘုရား ...နာရ၍ ရဟန်းပြု၏။ ညီဖြစ်သူက ...ပယ်တော်မူရန် ရတနာအတိ ...သော အရုပ်များ တန်ဆာဆင်၍ ...ဂွိုဟ်တိုက်တော် ဆောက်လုပ် ...ခဲ့ပါသည်။

...ပြတ်စွာဘုရားရှင်အား အဖိုးသုံးသိန်း ... နေ့ာမလ ပတ္တမြားဆက်ကပ်၍ ...ဂွိုဟ်တိုက်တော်အတွင်း ရွှေငွေ ...ကျာက်သံပတ္တမြားများ ဖြန့်ကြဲထား ... သူကြွယ်ညီနောင်၏ အလှူတွင် ...မြတ်စွာဘုရား လက်ထက်၌ ...ကသူဌေးဖြစ်လာမည့်) တူတော် ...သည်း ပါဝင်လှူဒါန်းသည်။

...ဏ္ဍကသူဌေး လောင်းလျာသည် ...တွင် သံဃာတော်များနားနေရန် ...ဆောက်လုပ်သည်။ ဇရပ်တိုင်ခြေ ... ခုတင်ညောင်စောင်း၊ အင်ပျဉ် ...များ၌ ဆိတ်ရုပ်များခံထားသည်။ ...ကုသိုလ်ကြောင့် မေဏ္ဍက ...ဖြစ်လာသောအခါ အိမ်နောက် ... ရှစ်ပယ်စာကျယ်ဝန်းသော ...ကျက်လပ်၌ နွားလားဥသဘ ... ရွှေဆိတ်ရုပ်များ မြေခွဲ၍ ...ကျက်လာသည်။

...ဆိတ်ရုပ်များ ပါးစပ်တွင် ပိတ်ဆို့ ...သော အဆင်းဝါးပါးရှိ ချည်စများ ... ဆွဲထုတ်လိုက်သည်နှင့် ရွှေငွေ ...ကျာက်သံပတ္တမြား၊ အဝတ်တန်ဆာ ...ဆင်သောက်ဖွယ်များ သုံးစွဲ၍



◆ မှန်ရိုက်တွင်း ရုပ်ပွားတော်ကြီး

မကုန်အောင် ထွက်ကျလာသည်။

(ဓမ္မပဒ)

မေဏ္ဍကသည် ဘဒ္ဒိယမြို့ သူဌေး မျိုး၌ဖြစ်သည်။ ဇနီးမှာ စန္ဒပဒုမာဖြစ်သည်။ သူ၏သားမှာ ဝိသာခါ၏ဖခင် "**ဓနဥ္စယ**"သူဌေးဖြစ်သည်။ မေဏ္ဍက





www.burmeseclassic.com

www.burmeseclassic.com



▲ ဆိတ်ရှင်ဝ သင်းပုတ်ပလ္လင်

၏ ထူးခြားသော ဂုဏ်ရည်များကား ဤသို့ဖြစ်သည်။

သူဌေးကြီး၏ ရေးကောင်းမှုကံကြောင့် ရွှေဆိတ်ရုပ်များ၊ ကျောက်ကုန်းချင်း ထိခတ်ဆက်စပ်လျက် အိမ်၏အနောက်ဘက်မြေတွင် ပေါ်လျက်ရှိ၏။ ရွှေဆိတ်ရုပ်တစ်ရုပ်စီ၏ ခံတွင်းမှ ဇမ္ဗူဒီပကျွန်း၌ နေသူအားလုံးတို့အတွက် ထောပတ်၊ တင်လဲ၊ ဆီ၊ အဝတ်အထည် ရွှေငွေတို့ ထွက်ကျလာကုန်၏။

ကျွန်းသူကျွန်းသားတို့သည် မေဏ္ဍကသူဌေးထံ လာ၍ ယူကြရသည်။ မေဏ္ဍကသူဌေးသည် ဘဒ္ဒိယမြို့တွင် ဘုန်းကံကြီးမားသူငါးဦးတို့၏ အကြီးအမှူး ဖြစ်သည်။

မိမိတွင်ရှိသော စပါးကျီ (၁၂၅၀)တို့ကို သုတ်သင်ရှင်းလင်းပြီး ကောင်းကင်သို့ မော့ကြည့်လျှင် သလေးနီ စပါးမိုးကြီးရွာချ၍ စပါးကျီအားလုံး ပြည့်လေသည်။

▼ တန်ဆောင်းအဝင်မုခ်မှ သင်္ကေတ



ရှေးဘဝမှ တော်စပ်ခဲ့သော ဇနီး၊ သား၊ ချွေးမ၊ ကျွန် တို့သည်လည်း ယခုဘဝ ယခင်အတိုင်း ပြန်ဖြစ်ကြ၏။

မြတ်စွာဘုရားရှင်သည် မေဏ္ဍကသူဌေးကြီးအား သူ၏စရိုက်နှင့် သင့်လျော်သောတရားကို ဟောကြားတော်မူသည်။ ဒေသနာတော်အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာ ဖြစ်လေသည်။

သူဌေးကြီးလည်း (၁၅)ရက်ပတ်လုံး ကြီးစွာသော အလှူဒါနပြု၏။ *(သာသ... နာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာ... မှ ထုတ်ဝေသည့် ဗုဒ္ဓဘာသာရေး... တစ်ယောက် စာအုပ်စာမျက်နှာ ၅၉... ၅၉၇)*

သို့ဖြစ်လေရာ မေဏ္ဍကသူဌေး...




www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆစ်ဝိတ်ရုပ်တစ်ခု

ဒုတိယ တကောင်းရာဇာသော်ကလှူသည့် ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ ကုံလုံကြွယ်ဝစေရေးရည်မှန်းကာ ဆိတ်ရုပ်များကို သင်ပုတ်ပလ္လင် အောက်ခံပြုလုပ် လှူဒါန်းလေ့ ရှိကြောင်း ယူဆရပေသည်။

**(ဆိတ်ရုပ်ခံ သင်ပုတ်ပလ္လင်များကို ပခုက္ကူမြို့နယ်၊ ကမ္ဘူကျေးရွာအနီးရှိ ဂေါတမမုဋ္ဌောစေတီ၊ ပေါက်မြို့နယ်၊ ဘုရားတောင်ရွာ၊ ယောရွှေပေါင်လောင်စေတီ ရင်ပြင်တို့၌လည်း တွေ့မြင်ခဲ့ရပါသည်။)**

## ဗားကရာသိမ်

စေတီကုန်းတော် တောင်ဘက်ကပ်လျက်အခြေတွင် ရှေးသိမ်တော်ကြီးတစ်ဆောင် မြင်တွေ့ရသည်။ ဗားကရာဆရာတော်ဦးစီး၍ သမုတ်တော်မူခဲ့သည့် သိမ်ဖြစ်သည် ဆို၏။

သိမ်အတွင်း အရှေ့ဘက်တွင် လျောင်းတော်မူတစ်ဆူ ဖူးတွေ့ရသည်။ ကုသိနာရုံ လျောင်းတော်မူဖြစ်ကာ မြောက်သို့ခေါင်းပြုကာ ကြည်သာသော မျက်နှာတော်ဖြင့် အပူဇော်ခံယူတော်မူပါသည်။

လျောင်းတော်မူရှေ့ အလယ်ဗဟိုခန်းတွင် အုတ်ပလ္လင်ခံ လိုဏ်မုခ်ပြုလုပ်ကာ တင်ပျဉ်ခွေရုပ်ပွားငယ်တစ်ဆူ ပူဇော်ထားသည်။ လိုဏ်မုခ် နောက်ခံတံကဲတွင် "**ဆုတောင်းပြည့်**"ဟူသော ကမ္ပည်းကို မြင်ရသည်။

လျောင်းတော်မူအား ကာဆီးထားသကဲ့သို့ဖြစ်နေကာ တည်ဆောက်ပူဇော်သည့်ကာလနှင့် နောက်ခံဖြစ်စဉ်တို့ကို မသိရှိရပေ။

သိမ်တွင်း မျက်နှာကျက်အစပ်၌ ပေပျဉ် (တစ်ပေအကျယ်ရှိသော ပျဉ်ချပ်)ပေါ် ကမ္ပည်းစာများ ရေးထားသော်လည်း မှေးမှိန်ကာ ဖတ်၍ မရတော့ပါ။



▲ ကျောင်းတော်မူရှေ့မှ အုတ်ပလ္လင်နှင့် ရုပ်ပွားငယ်

▼ ဗားကရာသိမ်





www.burmeseclassic.com

www.burmeseclassic.com



▲ သိမ်တွင်းကျောင်းတော်မှ

'အရင်က ရွှေပိန်းချထားတာကို ပွတ်ယူကြတော့ စာတွေလဲ မှိန်ပြီး ပျောက်ကုန်တယ်။ ရွှေက များများစားစား ရမှာ မဟုတ်ပါဘူး။ ကမ္ပည်းစာတမ်းပျက်စီးအောင် ရည်ရွယ်တယ်လို့ ယူဆရပါတယ်'

ဂေါပကအဖွဲ့ဝင်တစ်ဦး၏ မှတ်ချက်ဖြစ်လေသည်။

ထိုစဉ်ကာလ မြိုင်မြို့ မိုးက လိုက်လှဲစွာ ကြိုဆိုခွန်းဆက်လေသဖြင့် စေတီရင်ပြင် အာရုံခံတန်ဆောင်းတွင်း ပြန်လည်ဝင်ရောက်ကာ ဂေါပကအဖွဲ့ဝင်များနှင့် မြိုင်မြို့အနီးဝန်းကျင် စိတ်ဝင်စားဖွယ်ရာများ ပြောဆိုမှတ်သား၍ မိုးခိုရလေသည်။

## ဥလူကာပဉ္ဇာ

ထိုအခါ အာရုံခံတန်ဆောင်းတွင်းရှိ ဖီးကွက်ရုပ်ကို စိတ်ဝင်တစားလေ့လာမိသည်။ နေအိမ်၊ ဆိုင်ခန်းစသည်တို့တွင် အလှဆင် အဆောင်ပြုလေ့ရှိကြသော ဖီးကွက်ရုပ်များနှင့်မတူ သဘာဝဖီးကွက်ငှက်ပုံ ထုလုပ်ထားသော ပန်းပုလက်ရာ ဖြစ်သည်။

ထို့ကြောင့် အရှင်နာဂသိန်၏ ဥလူကပဉ္ဇာခေါ် ဖီးကွက်ငှက် ဥပမာကို နှလုံးသွင်းမိပေသည်။ ("ဥလူက"သည် ဖီးကွက်ဒီးဒုတ်စသည့် ခင်ပုပ်အနွယ်ဝင် ငှက်(၇)မျိုးစလုံးကို ညွှန်းသည်ဖြစ်ရာ အချို့က "ခင်ပုပ်ငှက်ဥပမာ" ဟုလည်း အနက်ပြန်လေ့ ရှိပါသည်။

## ဖီးကွက်ငှက်ဥပမာ(၂)ခု

၁။ "ဖီးကွက်"ငှက်သည်"ကျီး"ငှက်တို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဆိတ်ငြိမ်သောညအခါ၌ ကျီးတို့ရှိရာသို့ သွား၍ ကျီးများကို သတ်သကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်သည် မိမိမသိသောအရာ၌ ဆန့်ကျင်ဘက်ကို မပြုရာ၊ ဆိတ်ငြိမ်သောနေရာ၌နေ၍ မိမိမသိသော အရာကို ကောင်းစွာ သိအောင် ပြုရာ၏။

၂။ ဖီးကွက်ငှက်သည် ကောင်းစွာ ပုန်းလျှိုး၍ နေသကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာတွင် တစ်ကိုယ်တည်း ကောင်းစွာ မွေ့လျော်ရာ၏။

ဤသို့လျှင် ဖီးကွက်ငှက်၏ အင်္ဂါနှစ်ခုကို ယူရာ၏ဟု အရှင်နာဂသိန်က မိလိန္ဒမင်းကြီးအား ဥပမာပြု မိန့်ကြားတော်မူလေသည်။

## ကိုက်ဟွန်းချက်

မြိုင်မြို့ ရွှေမြင်းထင်စေတီကုန်းတော်ရှိ **ဆိတ်ရုပ်နှင့် ဖီးကွက်ရုပ်တို့မှာ**



www.burmeseclassic.com

www.burmeseclassic.com



◆ မီးကွက်နှက် ပန်းပုရုပ်

'လောကီလောကုတ္တရာ လိုရာအကျိုးအတွက် နှလုံးသွင်းဆင်ခြင်ကာ မြတ်ဗုဒ္ဓကိုယ်စားတော် စေတီမြတ်အား ကုသိုလ်ပြု ပူဇော်နိုင်သည့် ထူးခြားသောနိမိတ်ဆောင်ရုပ်တုများ ဖြစ်ကြလေသည်။

ထို့ကြောင့် ပခုက္ကူခရိုင် မြိုင်မြို့သို့ ရောက်ပါလျှင် သွားရောက်ကြည်ညိုလေ့လာကြပါရန် တိုက်တွန်းရပါသည်။

**ခရီးသည်သုတေသီ**

စာမျက်နှာ (၈၇)မှ အဆက်

ရောဂါ နှေးနှေးလေး ငုံပေး။ သုံးခါ မငုံရဘူး သက်သာသွားလိမ့်မယ်'

ကျွန်တော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ယူလာပါသည်။ သူပြောသည့်အတိုင်း ပြုတ်၍ ငုံလိုက်ရာ ငါးမိနစ်အတွင်း သွားကိုက်ရောဂါ ပျောက်သွားပါသည်။

နောက်ထပ်နှစ်ကြိမ်ခန့် ကိုက်သောအခါ ယင်းထံမှ ဆေးတောင်း၍ ပြုတ်ငုံရာ လုံးဝပျောက်သွားပါသည်။ ယခု မကိုက်တော့ပါ။ သွားလဲ မနုတ်ရတော့ပါ။ ငွေလဲ တစ်ပြားမှ မကုန်ပါ။

ကျွန်တော် မမေးဘဲမနေနိုင်တော့ပါ။

'အဲဒါ ဘာဆေးခေါ်လဲ'

''အဲဒီဆေးအမည်က အများသား **လောက်သေပင်**လို့လဲ ခေါ်တယ်။ **ဖောင်းမေးခါး**လို့လဲ ခေါ်တယ်။ **အဖိုးကြီးထမ်းတောင်း**လို့လဲ ခေါ်တယ်။ ပြည်တို့ ဝက်ထီးကန်တို့ဘက်ကတော့ **သွားဖုံးဆေးပင်**လို့လဲ ခေါ်တယ်'

ယင်းဆေးပင်သည် နေရာအနှံ့ ပေါက်တတ်ပါသည်။ နွယ်ပင်မျိုးဖြစ်ပါသည်။ မိုးအခါပေါက်၍ နွေအခါ ခြောက်နေတတ်ပါသည်။ ငါးပိအိုးထဲ ထည့်ပါက ပိုး၊ လောက် မတက်ပါ။ တီဘီရောဂါဖြစ်၍ ချောင်းခြောက် ဆိုးနေပါက ပြုတ်သောက်လျှင် ချောင်းဆိုးသက်သာ ပျောက်ကင်းပါသည်။

ကလေးများ သန်ထနေပါက ပြုတ်သောက်လျှင်လည်းကောင်း၊ အသီးကို ထန်းလျက်ဖြင့်ကြိတ်၍ ကျွေးလျှင်လည်းကောင်း၊ သန်ကောင်များ ကျပါသည်။ ကိုယ်တွင် ယားယံနေပါက ယင်းပြုတ်ရည်ကို ရေတွင်ထည့်၍ ချိုးပေးလျှင် ပျောက်ပါသည်။

အလွန်အသုံးဝင်သော အစွမ်းထက်သောဆေးပင်ဖြစ်ပါသည်။ အများအကျိုးဖြစ်စေရန်အတွက် ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ပါသည်။ ဆေးပေးခဲ့သော သူငယ်ချင်းအားလည်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

**ကိုထွန်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# သွားကိုက်ရောဂါ အတွက်

## ဆေးကောင်းတစ်လက်

ကိုလှုန်း (မင်းလှ)

လူများဖြစ်တတ်သောရောဂါထဲတွင် သွားကိုက်ရောဂါမှာအလွန်ဆိုးဝါးသော ရောဂါဖြစ်ပါသည်။ လူတိုင်း သွားကိုက်ဖူးမည်ထင်ပါသည်။ သွားမကိုက်ဘူးသောသူ ရှိမည်မထင်ပါ။

သွားကိုက်လျှင် အိပ်လို့လည်းမရပါ။ စား၍လည်းမရပါ။ တော်ရုံတန်ရုံ အကိုက်အခဲပျောက်ဆေးနှင့်လည်း မပျောက်ပါ။ အသားများများစားသူများ သွားများများ ကိုက်တတ်ပါသည်။

ကျွန်တော်လဲ အသားများများစားပါသည်။ သွားမကြာခဏ ကိုက်တတ်ပါသည်။ သွားကိုက်လျှင် သွားဆရာဝန်သွားပြရာ သွားဆရာဝန်က ကိုက်သောသွားကို ခေါက်ကြည့်ပါသည်။ ပြီးတော့ နုတ်ရမည်ဆိုကာ နုတ်ပစ်ပါသည်။ နုတ်လိုက်တော့ သက်သာသွားပါသည်။

သို့သော် သွားအစားမရတော့ပါ။ သွားအစားစိုက်ပါက အတုသာ ဖြစ်ပါသည်။ အစစ်ကဲ့သို့ မကောင်းပါ သွားကိုမနုတ်လိုပါ။ သွားကိုက်သက်သာလိုပါက လေးညှင်းဆီကို နာသည့် သွားအရင်းသို့ ထည့်ပေးနိုင်ပါသည်။ အလွန်ပူပါသည်။ အခံရခက်ပါသည်။ သွားကိုက်ကလဲ မပျောက်ပါ။ ငွေကုန်တော့ များပါသည်။

တစ်ခါက ကျွန်တော် သွားကိုက်ပါသည်။ ဆရာဝန်သွားပြရာ ဆရာဝန်က သွားနုတ်ရမည်ဟု ပြောပါသည်။ နုတ်လိုပါ။ သို့နှင့် ကျွန်တော့်ဆေးခန်းမှ အိမ်အပြန် ကျွန်တော့်မိတ်ဆွေနှင့် တွေ့ပါသည်။

'ဘာဖြစ်နေတာလဲ ကိုလှ မျက်နှာ မကောင်းပါလား'

'သွားကိုက်နေလို့ သွားဆေးခန်းက ပြလာတာ'

'သက်သာရဲ့လား'



◆ လောက်အသင် (ဓါ) ဓာတ်ပုံ

'ကျွန်တော်က ခေါင်းခါပြီး အဖြေပေးလိုက်သည်'

'ကိုလှ မြန်မာဆေးကို ယုံလား'

'ယုံပါတယ်ဗျာ ပျောက်ဖို့သာ အဓိကပါ'

'ကောင်းပြီ ဆေးပေးမယ်'

ဟု ဆိုကာ ယင်းအိမ်ထဲ ဝင်ရှိပြီး အရှည်တစ်ပေခန့် အစွယ်လို အမြစ်လို ဆေးပင်တစ်ခု ပေးပါသည်။

'အဲဒါကို ရေနဲ့ သုံးခွက်လောက်ခွက်ပြုတ်ပြုတ်

www.burmeseclassic.com



注册 商標



ရှိုပို- ကျားရတနာဆေးသည် တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

ရှိုပို- အမျိုးသားအားဆေး
ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဖောင်ကီရတနာ (လုံဖုန့်ပေါင်)

(ယောက်ျားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရှိုပို- ကျားရတနာဆေး (မူလအမည်၊ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရှိုပို-ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။ ယောက်ျား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။**

**အာနိသင် ။ ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး- ဦးမြင့်ဆွေ၏သားများ-** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း-၂၄၄၃၂၅၊ ၇၀၉၉၈၈။ ❖ဆိုင်အမှတ်(၂၈)၊ ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း ၀၃၂-၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်-အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း-၂၁၂၆၂။ ❖မဥ္စူရီမြန်မာဆေးဆိုင်-(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်-အမှတ်(၁၀)၊မင်းလမ်း၊ ဗိုလ်ကနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း-၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်-၄၅/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။ ❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း-၀၈၂-၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်-(၆)လမ်း၊ တောင်ငူမြို့။ ဖုန်း-၀၅၄-၂၁၈၃၉။ ❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ ဖုန်း-၂၁၄၂၁။ ❖ကိုသိန်းရွှေ-အမှတ်(၁၈၇)၊ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ❖ရွှေစွန်ညိုစတိုး-ဒေါ်ခင်စန်းရီ(၁၁/အေ)၊ ကုန်သည်လမ်း၊ပုသိမ်မြို့။ ဖုန်း-၂၁၇၁၅။ ❖ရောစ်-အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး-၃၃/၁၅၀၊ ဦးကြီးခမ်းလေဘ်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း-၀၇၄-၂၂၉၉၅။ ❖ဝါးခယ်မမြို့၊ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်-ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၂၄၄၃၀၄။ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်-အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း-၀၆၆-၂၁၄၄၁။ ❖Topကုန်မာဆိုင်- လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း-၀၈၅-၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်-အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း-၂၁၂၆၂၊ ၀၈၅-၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း-ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့-ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘူတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ-ဖုန်း-၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း-ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း၊ဖုန်း-၀၇၂-၂၂၀၀၂။ ထွန်းသောင်စတိုး-ဖုန်း-၂၁၆၉၇။ ဆောင်းပေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းဝဘဏ်ရှေ့၊ မြစ်ကြီးနား။ ဖုန်း-၂၂၀၀၆။ ❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်-ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်-ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း-၅၁၂၂၅၇။ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း-ဒို့ညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်-၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း-၀၃၂-၂၂၅၇၂။ ❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊ ❖ဆိုင်အမှတ်-(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း-၀၃၂-၂၃၁၁၄။ ❖ကိုအင်ဒီ (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း-၀၅၆-၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး - ရှိုပိုဆေးတိုက်အမှတ်(14)၊ ပထမထပ်၊ ထီးတန်း(2)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလမ်းမှတ်တိုင်ဆင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀ ၉၈၆၀၆၊ ၀၉-၅၀၅ ၈၁၀၈၊ ၀၉-၄၂၀၀ ၁၈၇၂၁၊ ၀၉-၇၉၄ ၅၅၀၅၀၇။**

**Ph: 09-730 98606, 09-505 8108, 09-4200 18721, 09-794 50507.**


www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး သမိုင်းဝင်စေတီများ

ဆောင်းရွှေမြတ် (စစ်ကိုင်းတောင်)

၏ အောင်မြေနှင့် ပြိုင်ဘက်ကင်းဂါထာတော်များ (၃၇)





◄ မိုးမက်ဆောင် လောကချမ်းသာ
ရွှေကျောင်းတော်အနီးမှတာဆိုတော်ကြီး
ဦးပုည၏ ရွှေညောင်ပင်သာကျောင်းတော်အား ရှုမြင်ရပုံ

▲ မိုးမက်ဆောင် လောကချမ်းသာ
ရွှေကျောင်းတော်ကြီး၏ အဝင်မုခ်ဦး

ရွှေဂူကြီးစေတီတော်

နမောတဿ ဘဂဝတောအရဟ
တော သမ္မာသမ္ဗုဒ္ဓဿ။
[၃-ကြိမ် ရွတ်ဆိုပါ။]

ရွှေဂူကြီးရှ ပဋိမာယော၊
သောဘနာ စာရုဒဿနာ။
သမနဿရံ သမ္ဗုဒ္ဓ
ဂုဏော ဝန္ဒာမိ အာဒရံ။

ပါဠိသော ပါဠိအဓိပ္ပာယ်

သောဘနာ = ဒတ်သနာ

ဿရံ = နုတ်သရံ

သမ္ဗုဒ္ဓ = သန်ဗုတ်ဓ

ဝန္ဒာမိ = ဝန်ဒါမိ



မြန်မာပြန်

အဟ်-"..."နာမသမုတ် အကျွန်ုပ်သည်၊

သောဘနာ- ဖူးမြင်မဝ တင့်တယ်လှသော၊

စာရုဒဿနာ - ချမ်းမြေ့ သပ္ပါယ်စွာ ဖူးမြင်အပ်သော၊

ရွှေဂူကြီးရှ ပဋိမာယော-ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမတည်း ဟူသော ရွှေဂူကြီးဘွဲ့အမည်ရှိတော်မူသော ဗုဒ္ဓဆင်းတုတော်တို့အား။

သမ္ဗုဒ္ဓဂုဏော - သံဂုံပမည်ကုန်ကြသား ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို၊

သသမနုဿရံ - အဖန်ဖန်အထပ်ထပ် မပြတ်အောက်မေ့မိသည်ဖြစ်၍။

အာဒရံ - လေးမြတ်ကြည်ညိုရိုသေလှစွာ၊

ဝန္ဒာမိ -ခြေ လက် နဖူး တံတောင်ဒူးဟု ငါးဦးတည်ရိုးကော်ရော်မျိုးဖြင့် ရှိခိုးဦးချ ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်။ ။သက္ကရာဇ် ၈၀၄ ခုနှစ်။

ဘုရားဒါယကာ။ ။ အင်းဝဘုရင် နရပတိ၏ အမတ်ကြီး။

တည်နေရာ။ ။ စစ်ကိုင်းမြို့ မြေဝတီရပ်ကွက် ရောဝတီမြစ်ကမ်း။

ပွဲတော်ရက်။ ။နှစ်စဉ် သီတင်းကျွတ်လနှင့် နတ်တော်လ။

အောင်မြေ။ ။ လိုဏ်၏အရှေ့ဘက် ရှင်တော်ဂေါတမ၏ မျက်နှာမူရာဌာန၊

အစောင့်အရှောက်။ ။ရွှေညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com





◆ လေးမျက်နှာ ရွှေဂူကြီးစေတီတော် အရှေ့ဘက်လိုဏ်အတွင်းမှ အင်းဝခေတ်လက်ရာ တော့်ုင်သား ရုပ်တော်ဒေါ်တာမြတ်စွာဘုရား

◆ ထူးထန်းသော အလင်္ကာနံကြီး မြင်ပေါ်နေသော လေးမျက်နှာ ရွှေဂူကြီးစေတီတော်အား အနီးကပ်မှမြင်ရပုံ

◆ လေးမျက်နှာ ရွှေဂူကြီးဘုရား၏ မွေသာလာတိုက်



ဘိုးဘိုးကြီး၏။

**ထူးခြားချက်။** ။ ရွှေဂူကြီးစေတီတော်အား စာဆိုတော်ကြီး ဦးပုည၏ ကျောင်းနှင့် မျက်နှာချင်းဆိုင် တည်ရှိသော မင်းကျောင်း၏ အနောက်ဘက် ပရိဝုဏ်အတွင်း တည်ရှိသောကြောင့် ဒေသခြား ဘုရားဖူးများအတွက် လွယ်လင့်တကူ မဖူးမြင်နိုင်ကြပါ။

ထူပါရုံ စေတီတော်မြတ်ကြီး၏ ဒါယကာဖြစ်သော **"သီရိတြိဘဝနာဒိတျပဝရ နရပတိမဟာရာဇပတိ"** ဘွဲ့ယူတော်မူသော အင်းဝဘုရင် နရပတိကြီး၏ ပညာရှိအမတ်ကြီးက တည်ထားကိုးကွယ်ခဲ့လေ၏။

စာဆိုတော်ကြီး ဦးပုည၏ လက်ာတွင် **"လေးမျက်နှာရွှေဂူကြီး"** ဟူ၍ ထည့်သွင်း စပ်ဆိုမှတ်တမ်းပြုထားပြီး စေတီတော်၏မုခ်ဝတွင်လည်း **"လေးမျက်နှာရွှေဂူကြီး"** စေတီဟု ကမ္ပည်းတပ်ထားသော်ငြား၊ ဒေသခံများကမူ ရွှေဂူကြီးဘုရားဟူ၍သာ တွင်နေပါသည်။

**စာဆိုတော်ကြီး ဦးပုည၏ တေးထပ်**

သက္ကရာဇ် ရှစ်ရာကျော်ကာလက
ရှေးဦးအစ ပွင့်ထွန်းစည်
အင်းဝ နရပတိ အမတ်တည်သည်
ခြောက်မည်ရောင်ရှိန် ထိန်ထိန်လှ။
သံဂုံပမြတ်လေးဆူ
စံနန်းရွှေဂူ တင့်ထူးသပ္ပါယ်စွ။
တစ်ထောင့်နှစ် လေးဆယ်ကျော်မှာ
တန်ခိုးထင်ပေါ် တဖန်ကြွ။
ပဌမသင်္ဂါ ရာဇိန္ဒ၏
ညာလက်ရုံးတမျှ ပွင့်နှစ်ရှည်
စစ်ကိုင်းဒေသမှာ နယ်တစ်လုံးကို
ထားရုံးပိုင်တဲ့ မတ်ဝန်ထပ်၍တည်
ကိုးဂုဏ်မြင့်တဲ့ ငါးဟန်နည်းမှာ
ခြောက်ပါးရောင်ခြည် ထိန်ထိန်ကြွလို့
သီတင်းကျွတ်လ နတ်တော်မှာသာ
နှစ်ပွဲမြိုးမြိုးညာ။
ဘွဲ့တော်နာမ မွေးလိုင်ဖြာတယ်
လေးမျက်နှာ ရွှေဂူကြီးပဲ့လေ။ ။






www.burmeseclassic.com

www.burmeseclassic.com



◆ လေးမျက်နှာရွှေဂူကြီးစေတီတော်အား အထက်မှ မြင်ကြည့်ရှုနိုင်သောပုံ



◆ လေးမျက်နှာ ရွှေဂူကြီးမြတ်စွာဘုရား ၏ ယခုခေတ်ကျောက်စာ



◆ လေးမျက်နှာ ရွှေဂူကြီးစေတီတော် တောင်ဘက်လိုဏ်အတွင်းမှ "ကကုသန်"မြတ်စွာဘုရားနှင့် ရှေးဟောင်းနှောင်းမြင်များကို ရှာဖွေပေးသော ဓာတ်တော်ရာကြီး ကျောက်ရုပ်အောင်မောင် မန်းတာရှင်ပိုလ်အား အမှတ်တရပုံ

တွင်၍ မှတ်တမ်းပြုခဲ့လေ၏။

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ရောင်ခြည်တော်များ ထွန်းလင်းပေါ်ပေါက် ကွန့်မြူးခဲ့သောကြောင့် စစ်ကိုင်းတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဘုရားဖူးများ တိုးမရအောင် စည်ကားခဲ့လေ၏။

အလွန် တန်ခိုးတော်ကြီးလှသော ရွှေဂူကြီးစေတီတော်အား ထိုနှစ်မှာပင် စစ်ကိုင်းမြို့ဝန် ဦးရိုးက ထပ်မံ မွမ်းမံပြင်ဆင်ခဲ့လေသည်။

စစ်ကိုင်းမြို့ဝန် ဦးရိုးသည်ကား ပါနာပုံခေတ် သီပေါမင်းလက်ထက် တိုင်အောင် အမှုတော် ထမ်းဆောင်ခဲ့ခြင်းကြောင့် "နေမျိုးသီရိရာဇာ" ဘွဲ့ ရရှိခဲ့သော စစ်ကိုင်းမြို့သား အမှုထမ်းကောင်း ဖြစ်လေ၏။

## စေတီတော်၏ပုံဟန်

ရွှေဂူကြီးစေတီတော်၏ ရင်ပြင်တော် လေးမျက်နှာမှာ ရှစ်လက်မ ပတ်ပြင့် ဂဝံကျောက်များဖြင့် စီခင်းထားလေ၏။ အခင်း၏ ပတ်လည်တွင် အင်းဝခေတ် ပန်းတမော့လက်ရာ ဖြစ်သော စိန့်တောင်များဖြင့် ဝန်းရံထား ရှိလေသည်။

စေတီတော်အား ကုလားကျောင်းခံ၍ အတွင်းတော်၌ လိုဏ်ဖွဲ့ထားလေသည်။ လိုဏ်မှာ အရှေ့ဘက်အရပ် မျက်နှာပြုပြီး ရှင်တော်ဂေါတမ၏ ရုပ်ပွားတော်ကြီး အပူဇော်ခံ ထားရှိလေ၏။

နန်းဦးမြို့သစ်ရပ်ရှိ ရွှေကြက်တောင်စေတီတော်ကဲ့သို့ ပုံဟန်ဖြင့် ဖြစ်လေသည်။ စေတီတော်၏ အနောက်ဘက်၊ မြောက်ဘက်နှင့် တောင်ဘက်တို့တွင် မုခ်ကပ်လိုဏ်ငယ် ကလေးများဖြင့် တန်ဆာဆင် ထားရှိလေသည်။

- ○ တောင်ဘက်မုခ်အတွင်း ကကုသန် မြတ်စွာဘုရား။
- ○ အနောက်ဘက်မုခ် အတွင်း ကောဏာဂုံမြတ်စွာဘုရား။
- ○ မြောက်ဘက်မုခ်အတွင်း ကဿပ မြတ်စွာဘုရား။
- ○ အရှေ့လှည့်လိုဏ်အတွင်းဂေါတမ မြတ်စွာဘုရား

စသော ပွင့်တော်မူခဲ့ပြီးသောဘုရားရှင်တို့အား စကျင်ကျောက်သားဖြင့် ထုလုပ် ပူဇော်ခံထားသောကြောင့် လေးမျက်နှာ ရွှေဂူကြီးစေတီတော်ဟု ဘွဲ့တော် တွင်နေပါသည်။

ရောင်ခြည်တော်များ ထွက်ပေါ်လေ့ရှိသောကြောင့် သာသနာတော်ကိစ္စများ၊ အလှူမင်္ဂလာကိစ္စများအတွက် သစ္စာ ပြုဆုတောင်းပါက ပြည့်စုံလေ့ရှိကြောင်း ဒေသခံများက အထူးယုံကြည် ကိုးကွယ်ကြလေသည်။

ဘုရားပွဲတော်ကို သီတင်းကျွတ်လတွင် တစ်ကြိမ်၊ နတ်တော်လတွင် တစ်ကြိမ် ကျင်းပလေ့ရှိလေ၏။

သို့ရာတွင် တပို့တွဲလပြည့်နေ့တွင် ကျင်းမြဲဖြစ်သော ဗိန္ဒာန်အောင်



www.burmeseclassic.com

www.burmeseclassic.com



လေးမျက်နှာ ရွှေဂူကြီးစေတီတော်၏ အနောက်ဘက် လိုဏ်ဂူအတွင်းမှ "ကောဏာဂုံ" မြတ်စွာဘုရား



လေးမျက်နှာ ရွှေဂူကြီးစေတီတော်၏ မြောက်ဘက်လိုဏ်ဂူအတွင်းမှ "ကဿပ" မြတ်စွာဘုရားအား ဖူးမြင်ရပုံ

ရှေးအခါကချမ်းသာ ကြေးဘုရားကြီး ပွဲတော်ရက်လည်း ဆွမ်း၊ ပန်း၊ ရေချမ်း ရှိုမှုမယ်အစုံတို့ဖြင့် ပွဲတော်ကဲ့သို့ ဆက်ကပ်မြဲ ဖြစ်လေသည်။

ရုပ်ပွားတော်လေးဆူ တည်ရှိရာ လိုဏ်ဂူ၏ အထက်၌ ပစ္စယာသုံးထပ် ခရင့်တင်၍ ခေါင်းလောင်းမှောက်အား **"အမြိုက်ရေစင်ခအောင်အိုး"** ပုံစံ ကနုတ်ပန်းများဖြင့် အရုပ်ရှစ်မျက်နှာတွင် ရုပ်ကြွခြယ်ယင် ဖွဲ့စည်းလေ သည်။

ရှေးခေတ်အထက်ထက်က ကြေးဘုရားကြီးပွဲတော်ရက်တွင် အသုံးပြုခဲ့သော ရှေးဟောင်း ပဉ္စရူပတော်



အဓိကရက်စွန့် တစ်ဆယ့်တစ်မီးငြိမ်း ရန် ရည်သန်ခဲ့သောအားဖြင့် ခေါင်းရစ်များ (၁၃)ရစ် ဖွဲ့နှောင်ထားရှိသည်။ ခေါင်းရစ်များအထက်၌ ကြာအကုလပ် ရှပါဆောင်း ပဒုမ္မာကြာပွင့်ကြီးဖြင့် ပုဓော် ထားဟန် ခရေသီးကို ထူးခြားစွာ ဖူးမြင်နိုင်ကြလေ၏။

ပဒုမ္မာကြာ၏အထက်ဝယ် ရှေးမင်း များ၏ ဦးသျှောင်သဏ္ဌာန် ရွှေ... တော်ကြီးအလွတ်တင်ထားရှိလေသည်...

ရွှေဂူကြီးစေတီတော်အား ...

www.burmeseclassic.com



◆ မိုးမှောင်အောင်လောကချမ်းသာ
"မြို့လောကချမ်းကြေးဘုရားကြီး"အား ဤသို့ ရှေ့တည့်တည့်မှ
ဖူးကြည့်မိလျှင် ဖူးတွေ့ရမည့် ရှုရလေးနက်
ရင်ကျက်လှသော ရွှေမျက်နှာတော်



◆ ရွှေကျောင်းတော် အတွင်းဆန်းတွင်
ပူဇော်ထားသော "ပန်းပေါင်းတစ်ထောင်"
ရှစ်မျက်နှာစေတီတော်

ဆောက်ဖူးမြော်ကြည့်ညိုရန်မှာ လောကချမ်းသာ ကြေးဘုရားကြီး၏ အနောက်ဘက်ရှိ ကံ့ကော်၊ သရက်၊ မရန်းနှင့်တူသော ဝါးရုံကြီးများ အုပ်ဆိုင်းလျက် သာယာလှသော ဥယျာဉ်တော်အတွင်း တည်ရှိနေပါ၏။

စေတီတော်မြတ်အား ဖူးမြော်ရန်အတွက် မင်းကျောင်းဆရာတော်ကြီး၏ **"ဟံသာဝေယံ"**ကျောင်းတော်ခေါ် ကြေးဘုရားကြီးအား ဝင်ရောက်ကြည့်ညိုပြီးမှသာ ဖူးမြော်ကြည့်ညိုနိုင်ခွင့် ရရှိမှာ ဖြစ်လေသည်။

တစ်ချိန်တည်း တစ်ပြိုင်တည်း ထူးခြားလှသော ကြေးဘုရားရုပ်ပွားတော်မြတ်ကြီးနှင့်အတူ လေးမျက်နှာရွှေဂူကြီးစေတီအား ဖူးမြင်ခွင့် ရရှိကြပေလိမ့်မည်။

**"ဟံသာဝေယံမင်းကျောင်း"** အား သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် စဉ့်ကူးမင်း၏ ဝန်ကြီးဖြစ်သည့် ငွေခွန်ဝန်ကြီးက သုံးထပ်ဇေတဝန် ရွှေကျောင်းတော်ကြီး ဆောက်လုပ်၍ မင်းကျောင်းဆရာတော်ကြီးအား လှူဒါန်းခဲ့လေ၏။

ထိုကျောင်းတော်ကြီးအား လှူဒါန်းသောအခါ စဉ့်ကူးမင်းကိုယ်တိုင် ရေစက်ချ လှူဒါန်းလေသည်။ ဤကုသိုလ်ကား စဉ့်ကူးမင်း၏ နောက်ဆုံးအလှူ ဖြစ်လေတော့သည်။

စဉ့်ကူးမင်းကြီး၏ မင်းဆရာဖြစ်သောကြောင့် ဟံသာဝေယံကျောင်းတော်ကြီးမှာ မင်းကျောင်းဆရာတော်၏ဂုဏ်ပုဒ်အတိုင်း **"မင်းကျောင်း"** ဟူ၍သာ တွင်နေလေသည်။

သက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် စာဆိုတော်ကြီး ဦးပုည၏ တပည့်ဖြစ်သော ဆရာတော် ဦးသီရိသည် ထွက်ရပ်ပေါက်ဆံရှည်ဆရာတော်၊ ရှမ်းကလေးကျွန်း စကြံဆရာတော်၊ ဝဇီယာရာမဆရာတော်၊ စစ်ကိုင်းဝန်မင်းနှင့် ပညာရှိများတိုင်ပင်၍ ဆောင်ရွက်ကြလေ၏။

ဒကာ,ဒကာမများနှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းကြသော ကြေးစည်၊ ကြေးဖွန်း၊ ကြေးလင်ဗန်း၊ ကြေးပစ္စည်းများကို သရင်းပြု၍ ငွေသား၊ ငွေထည်နှင့် ရွှေလက်ဝတ်

www.burmeseclassic.com





◄ နတ်ရဲ့ညောင်ပင်ကြီးနှင့် ဧည့်ခံဇရပ်ဆောင်တော်

ကျောင်းတော်အနီးမှ နတ်ရဲ့ညောင်ပင်ကြီး ►

ရတနာတို့အား ရုပ်ပွားတော်ကြီး သွန်းလောင်းကြလေ၏။သွန်းလောင်းရာတွင်...

- ◆ ရွှေအချိန် သုံးဆယ်ကျပ်သား၊
- ◆ ငွေသားအချိန် သုံးပိဿာ၊
- ◆ ကြေးအချိန် ပိဿာ ခုနစ်ရာ ပါဝင်လေသည်။

၁၂၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့တွင် သွန်းလောင်း၍ ၁၂၆၇ခုနှစ်၊ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်တက် အချိန်တော်မင်္ဂလာတွင် သက်ရှိထင်ရှား ပွင့်တော်မူသော မြတ်စွာဘုရားအလား "တြိလောဟာ" ရုပ်ပွားတော်မြတ်ကြီး ပြီးမြောက်အောင်မြင်ခဲ့လေသည်။

ယခု သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် နှစ်ပေါင်း ၁၀၀ ပြည့်သည့်တိုင်အောင် တိုက်ချွတ်သန့်စင်ပူဇော်ရခြင်းမရှိဘဲ အစဉ်ဝင်းပလင်းလက် ကျက်သရေတော်မင်္ဂလာနှင့် အံ့ချီးဖွယ် ဖြစ်ပါလေသည်။

ရုပ်ပွားတော်မြတ်ကြီးအား ရှေ့တည့်တည့်မှ ဖူးကြည့်ပါလျှင် စူးရှလေးနက်ရင့်ကျက်လှသောရွှေမျက်နှာတော်ကို ထူးခြားစွာ ဖူးမြော်နိုင်ကြလေ၏။

မြတ်ဘုရားရှင်၏ ရွှေမျက်နှာတော်အား လက်ယာဘက် ထီးတော်အနီးမှ ဖူးမြော်ကြည်ညိုပါက ဘုရားရှင်ဓမ္မစကြာဟောနေဟန် အသွင်အပြင်တော်ကို အံ့ဩဖွယ်ရာ ရှုမြင်ပီတိခံစားနိုင်ကြလေ၏။

ထိုအခါ လက်ဝဲဘက်ဒူးတော်အနီးမှ ဖူးမြော်ကြည်ညိုမည်ဆိုလျှင် မြတ်စွာဘုရား၏ မဟာကရုဏာတော် အနန္တမေတ္တာပုံရိပ်ကို အငြိမ်းဓာတ် လွှမ်းမိုးလျက်ရှိပုံမှာ ရှိခိုး၍မဝ ကြည်ညိုလို့မငြီးအောင် တန်ခိုးတော် ကြီးမားလှပေ၏။

စစ်ကိုင်းမြို့တွင် ငါးထပ်ကြီး၊ ပြာသာဒ်ကြီး၊ လုံးတော်ကြီး၊ ချမ်းသာကြီးနှင့် ကြေးဘုရားကြီးဟူ၍ အဓိဋ္ဌာန်ဆုတောင်းပြည့် ကြီးငါးကြီး သမိုင်းဝင် ဖြစ်လေသည်။

မင်းကျောင်း ဆရာတော်ကြီးမှ **"ဇိနမာရ်အောင် လောကချမ်းသာ ရုပ်ရှင်တော်"**ဟု ဘွဲ့အမည်တော် သမုတ်ခဲ့သော်လည်း **"ကြေးဘုရားကြီး"**ဟူ၍သာ ယနေ့တိုင် ကျော်ကြားလှပါလေ၏။

ရွှေ၊ ငွေ၊ ကြေးတို့ဖြင့် သွန်းလုပ်ပူဇော်ထားသောကြောင့် စစ်ကိုင်းမြို့တွင် အလွန်ရှားပါးလှသည့် **"တြိလောဟာ"** မြတ်ဘုရားတစ်ဆူပင် ဖြစ်လေတော့သည်။

ကြေးဘုရားကြီးပွဲတော်အား နှစ်စဉ်မပျက် တပို့တွဲလပြည့်နေ့တိုင်း ကျင်းပပြုလုပ်မြဲ အစဉ်အလာ ဖြစ်လေရာ စစ်ကိုင်းမြို့နယ်တွင် အလွန်စည်ကားလှသော ပွဲတော်ကြီးလည်းဖြစ်လေ၏။

မြန်မာပြည်တစ်လွှား ဘယ်ဒေသမှာမှမရှိသော ဘဲဥထုပွဲနှင့် မုန့်ပေါင်းပွဲမှာ အသွင်ဆန်း၊ အမြင်ဆန်း၍ ရှုကြည့်စမ်းပါဟု ဖိတ်ခေါ်လိုက်ရပါ၏။

အလွန်တန်ခိုးကြီးလှသော လေးမျက်နှာ ရွှေဂူကြီးစေတီနှင့် တြိလောဟာကြေးဘုရား ရုပ်ရှင်တော်မြတ်ကြီးအား လာရောက်ဖူးကြရန် စိတ်အကြံရှိသလောက် ဝမ်းမြောက်အောင်မြင် လိုအင်ဆန္ဒ ပြည့်ဝနိုင်ပါကြောင်း သတင်းကောင်း ဒါနပြုလိုက်ရပါသည်။

***အဝေရာဘေးမဲ့ အေးမြချမ်းသာကြပါစေ...***

**ရွှေအောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com



# တိမ်တံခွန်နိမိတ်

စာရေးသူအနေဖြင့် ကျေးဇူးရှင် ကျောက်ထရံဆရာတော်ကြီးဦးကောဝိဒ ခမ္မ၏ မှတ်စုစာအုပ်ထဲမှ စာများ အတွက် အကျိုးရှိစေနိုင်သော အကြောင်းအရာများကို ရေးသား ဖော်ပြရာတွင် **တိမ်တံခွန်နိမိတ် နည်း**သည် စိတ်ဝင်စားစရာ ဗဟုသုတ တိုးပွားစေရာ အကြောင်းအရာတစ်ခု ဟု စာရေးသူ ယုံကြည်မိပါသည်။

သောကြောင့် မိမိကိုယ်တိုင် မသိနိုင် သေးသော အကြောင်းအရာများစွာ ရှိသည်။ အထူးသဖြင့် မြန်မာမှုနယ် ပယ်အသီးသီး၌ ရှေးက ပညာရှိများ ထုတ်ပြန်ခဲ့ကြသော ပညာရပ်များစွာ ရှိသည်။

စာရေးသူ ယခင်က ရေးသားဖော် ပြခဲ့သည်မှာ **ကြယ်တံခွန်နိမိတ်နည်း** ဖြစ်ပါသည်။

ကြယ်တံခွန်နိမိတ်နည်းနှင့် တိမ် တံခွန်နိမိတ်နည်းသည် ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒခမ္မ၏ ရေးသား မှတ်စုစာအုပ်ထဲမှ မှတ် တမ်းအဖြစ် ကူးယူရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

ကြယ်တံခွန်ကို စာရေး သူကိုယ်တိုင် တွေ့မြင်ဖူးပါ သည်။ သို့သော်တိမ်တံခွန် ဆိုသည်မှာ သက်တံရောင် ပေါ်ပေါက်မှုတို့ ဆိုလို သလား၊ (သို့မဟုတ်) တိမ် တံခွန်ဖြစ်ပေါ်မှု- သီးသန့် ရှိသလားဆိုသည်ကိုစာရေး သူ တိတိကျကျ မသိပါ။

**တိမ်တံခွန်နိမိတ်နှင့် ပတ်သက်၍ စာရှုသူများ၊ သုတေသီများ၊ ပညာ ရှင်များက ရေးသားဖော်ပြပေးကြပါ ရန် မေတ္တာရပ်ခံအပ်ပါသည်။**

ကျောက်ထရံ ဆရာတော်ကြီး၏ တိမ်တံခွန်နိမိတ်နည်းလင်္ကာ...

'တိမ်တံခွန်ထွက်မှာ၊ မှတ်သားရာ၊ ကျမ်းလာ ဤသို့ပြ၊ ရှေ့မြောက်တောင်ခွင်၊ စစ်မက်မြင်၊ နေ့လျှင် သုရင္ဂ။

နောက်မြောက်စစ်တပ်၊ ပေါ်လာချက်၊ နေ့ထွက်စန္ဒရား၊ နောက်တောင် အင်္ဂါ၊ အနောက်မှာ၊ ဗုဒ္ဓစစ်မက်ထ၊ ဆင်ရာတနာ ဆက်သလာ နေ့မှာ ဂုရု၊

ထပိန့်ဝတ်သောအတ်၊ စစ်မက်တန့်၊ ထွက်ပြန့် နေ့သောကြာ မိုးလည်းလွန်ရာ၊ ပြည်သာယာ၊ ထွက်လာနေ့နာဂ်'

တိမ်တံခွန်သည် **တနင်္ဂနွေနေ့တွင် အရှေ့မြောက်အရပ် (သို့မဟုတ်) တောင်ဘက်အရပ်တွင် တွေ့မြင်ရ လျှင်...**

စစ်ပွဲဖြစ်နိုင်သည်ဟု ဆိုပါသည်။

**တိမ်တံခွန်ကို တနင်္လာနေ့တွင် အနောက်မြောက်အရပ်က တွေ့မြင် ရလျှင်...**

ပုန်ကန်သောစစ်တပ် ပေါ်ပေါက် လာတတ်သည်။

**တိမ်တံခွန်ကို အင်္ဂါနေ့တွင် အနောက်တောင်အရပ်၌ တွေ့မြင်ရ လျှင် (သို့မဟုတ်) ဗုဒ္ဓဟူးနေ့၌ အနောက်ဘက်အရပ်တွင် တွေ့မြင် ပါက...**

ထကြွပုန်ကန်သော စစ်ပွဲဖြစ်မည် ဟု ဆိုပါသည်။

**ကြာသပတေးနေ့၌ တိမ်တံခွန်ကို တွေ့မြင်လျှင်...**

လက်ဆောင်ပဏ္ဏာ ဆက်သလာ မည်။ ကူညီထောက်ပံ့မှု ရရှိမည် ဖြစ် ပါသည်။

**သောကြာနေ့တွင် တိမ်တံခွန် မြင်ရလျှင်...**

မည်သည့်အရပ်တွင် တွေ့မြင်သည် ဖြစ်စေ၊ ထမိန်ဝတ်သော မိန်းမများက ဒုက္ခပေးနိုင်သည်ဟု ဆိုပါသည်။

**စနေနေ့တွင် တိမ်တံခွန်ကို တွေ့ မြင်ရလျှင်...**

မိုးလွန်ပြီးနောက်ပိုင်းတွင် တိုင်းပြည် သာယာဝပြောမည်ဟု ဆိုပါသည်။

*[နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ် ပရိသတ်များဗဟုသုတ တိုးပွားနိုင်ကြပါ စေဟု ဆန္ဒပြုအပ်ပါသည်။]*

**မိုလှမ်မင်း (မင်းလှ)**

www.burmeseclassic.com

စကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း 'ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ့ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန့်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန့်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com




◆ ရှင်အရဟံခြေတော်ရာတန်ဆောင်း အဝင်မြင်ကွင်း

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

# ဟင်္သာပန်
# ရှင်အရဟံ ခြေတော်ရာရှင်းမှာလ

'အစ်ကို နေကောင်းသွားပြီလား၊ သထုံကော သွားဖြစ်သေးသလား'

'ဒါနေရာတကာ ဖြစ်လိုက်၊ သက်သာတိုက် အလျှင်းတော့ မပျောက်သေးဘူး။ သထုံသွားဖို့ရာ မုန်တိုင်းမိုးအဆက်မပြတ် ရွာနေတာနဲ့ ခြေလှမ်းတုံ့နေတယ်'

'မိုးရွာတဲ့အတွက်ကြောင့်တော့ စနိုးစနောင့် မဖြစ်ပါနဲ့ ရှင်အရဟံခြေတော်ရာကို ရောက်အောင် သွားဖူးလိုက်ပါ'

သထုံဇာတိဖွားဖြစ်သော တိုင်းရင်းဆေးဆရာ ဦးဝင်းမြင့်က ဤသို့ တိုက်တွန်းအကြံပေးသဖြင့် သထုံခရီးစဉ်တွင် ရှင်အရဟံခြေတော်ရာသို့ ဝင်ရောက်ဖူးမြော်ဖြစ်ခဲ့သည်။

ခရီးအစတွင် မူလရည်ရွယ်ရင်းဖြစ်သော စတုဘုမ္မိကဂုက်တွင်းကျောင်းသို့ ဦးစွာ ဝင်ရောက်လေ့လာရာ လက်ရှိဆရာတော်က လိုလားစွာ ကြိုဆိုကူညီပေးတော်မူသည်။

ထိုမှ ခရီးဆက်ရန် မိုးလုံးညွတ်မျှ မှောင်မည်းနေသော မိုးက သဲကြီးမဲကြီး ရွာချလေတော့သည်။

နာရီအတန်ကြာမှ အနည်းငယ် "ပါး"လာသဖြင့် ကင်မရာအိတ်ကို လုံခြုံစွာ ထုပ်ပိုးကာ မိုးထဲရေထဲ၌ပင် နှင့် အရဟံခြေတော်ရာ သီတင်းသုံးတော်မူသည့် ရဟန္တာတိုက်ဆီသို့ သွားရောက်ခဲ့သည်။

## ရဟန္တာတိုက်

သထုံမြို့မြောက်ဘက် လေယာဉ်ကွင်းကို ကျော်ဖြတ်သွားရ၏။ သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုအစီအစဉ်အဖြစ် ကြွရောက်တော်မူလာသော ရဟန္တာအရှင်မြတ်များ သီတင်းသုံးခဲ့ရာဌာန ဖြစ်သောကြောင့် ရဟန္တာတိုက်ဟု ခေါ်ကြသည်။

လေယာဉ်ကွင်းကိုကျော်၍ ချောင်း

www.burmeseclassic.com

တစ်ဖက်သို့ ရောက်သည်နှင့် ဓာတ်တော်တိုက်စေတီကို ဦးစွာ ဖူးမြင်ရ၏။ ၁၂၉၀ ပြည့်နှစ်က ရေစကြိုဆရာတော် ဦးကိတ္တိ ပင့်ဆောင်တော်မူလာသည့် ဓာတ်တော်များကို ရဟန္တာတိုက်အတွင်း နာယက ဆရာတော် ဦးစန္ဒာဝရထံ ခွင့်ပန်၍ စေတီတည်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဓာတ်တော်တိုက် စေတီအနီးချောင်းကွေ့၊ ရေအိုင်ကို ဓာတ်တော်ချိုင့်ဟု ခေါ်တွင်၍ ထိုချိုင့်အတွင်းရှိ ရေအောက်ကျောက်ခဲများကို သုံးရန် ယူငင်လေ့ ရှိကြသည်။

**သီချင်းအပါအဝင် အဆိုနှင့် ပတ်သက်သော ဓလေ့များ၊ သက်သာချောင်ချောက် ကင်းစေသည့်ဆိုင်း ထိုကျောက်ခဲ များကို နိုင်ငံအဆင့်မီပုတ်ကာ ဖွက်တစ်ရှည် ထည့်လျှက်ခဲခြုပ်အောင် ရေလောင်းပြည့် ရသည်။ အအေးခံ၍ သောက်သုံးခြင်းဖြစ်သည်။**

မိမိကိုယ်တိုင်လည်း အသုံးပြုဖူးသဖြင့် အစွမ်းထက်လှသည်ကို တွေ့ကြုံရ၏။

နီးစပ်ရာ မိတ်ဆွေများအတွက် အာယုဒါယ ကုသိုလ်ပြုရန် ယူဆောင်လိုသော်လည်း နေ့စဉ်ရက်ဆက် ရွာသွန်းထားသော မိုးကြောင့် ဓာတ်တော်ချိုင့်အတွင်း ဝဲလှည့်ကာ လက်ခုပ်တစ်ဖောင်မျှ ရေလွှမ်းနေသဖြင့် စိတ်ကူးကို လက်လျှော့ခဲ့ရသည်။ ရေနည်းသော နွေနှောင်းကာလများတွင်မူ အဆင်ပြေစွာ ဆယ်ယူနိုင်ပေသည်။


ဓာတ်တော်တိုက်စေတီ အနောက်ဘက်ကပ်လျက်တွင် အရှင်ဗုဒ္ဓဃောသမထေရ်၏ အရိုးတော်ဓာတ်စေတီရှိ၍ ယင်း၏နောက်ဘက်တွင် စန္ဒကူးနံ့သာ ကျောင်းတော်ရှိ၏။

ဤကျောင်းတော်ကား သာသနာ ၂၃၆ ခုနှစ်တွင် **(ယခု ဘီးလင်းမြို့နယ်၊ တိုက်ကလားရွာအနီးရှိ၏။)** သုဝဏ္ဏဘူမိသို့ သာသနာပြု ကြွရောက်လာတော်မူကြသော အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်ဓိဏာသဝ၊ အရှင်ဝိတာရာဂ၊ အရှင်အရဟံ **(ပုဂံခေတ်သာသနာပြုအရှင် မဟုတ်ပါ။)** ဟူသည့် ရဟန္တာငါးပါးသည် ရေဘီလူးများ၏ရန်ကို ဖယ်ရှား၍ ပြည်သူပြည်သားတို့အား သရဏဂုံသီလ၌ တည်စေခဲ့သည်။

ထို့နောက် သထုံသုရင် သီရိမာသောကမင်းက မူလ သုဝဏ္ဏဘူမိ၊ သထုံမြို့ဟောင်းတွင် ပြိုပျက်နေသော **"ရွှေစာရံ"** စေတီအား မွမ်းမံတော်မူပါရန် တောင်းပန်သဖြင့် ကြွရောက်တော်မူကြရာ ဤနေရာ၌ သီတင်းသုံးတော်မူကြသည်ဟုဆို၏။

၁၂၈၅ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီက သံအလေးချိန် ပိဿာ (၂၀၀)ရှိသော တင်ပျဉ်ခွေရုပ်ပွားတော်ကို သွန်းလုပ်၍ ဆံတော်စစ်နှစ်ဆူ ဌာပနာခဲ့၏။ ရဟန္တာငါးပါး၏ ရုပ်တုတော်များကို ဘွဲ့ကမ္ပည်းနှင့်တကွ ပူဇော်ထား၏။

ထိုကျောင်းတော်၏ အနောက်ဘက်တွင် ရှင်အရဟံခြေတော်ရာ တန်ဆောင်းနှင့် ရဟန်းတော်များ သီတင်းသုံးသည့် ကျောင်းဆောင်များ ရှိလေသည်။



ရှင်အရဟံခြေတော်ရာ ဂန္ဓကုဋိတန်ဆောင်းအား

## ရှင်အရဟံခြေတော်ရာ

ရဟန္တာတိုက်၏ မြောက်ဘက်အစွန် စမ်းချောင်းအနီးတွင် အုတ်တိုက်ပြာသာဒ်တစ်ဆောင်နှင့် တကွ ရှင်အရဟံခြေတော်ရာကို ဖူးတွေ့ရ၏။ လက်ယာဘက် ခြေတော်ရာဖြစ်၍ အလျား တောင်ဆုပ်ခန့်ရှိ၏။ မြောက်အရပ်သို့ ခြေဦးလှည့်ထား၏။

ရှင်အရဟံအား ရည်မှန်း၍ ခြေတော်ရာအား ဖူးမြော်ကြည်ညိုပြီးနောက် ခြေတော်ရာတန်ဆောင်း တာဝန်ခံဦးပဥ္စင်း ဦးနန္ဒအား ဖြစ်စဉ်သမိုင်းကို မေးလျှောက်ရာ သိရှိမှတ်သားထားသည်တို့ကို မိန့်ကြားပေးတော်မူ၏။


သထုံရာဇဝင်အရ သုဝဏ္ဏဘူမိပြည်ကြီးတွင် **မနောဟာရီမင်း (မနူဟာ)မင်း** နန်းစံစဉ် သာသနာနှစ် ၁၆၀၀ ပြည့်နှစ်ခန့်၌ ဘေးသုံးပါးဆိုက်ရောက်၍ ကျွန်း(ယွန်း)သူပုန်ထ






www.burmeseclassic.com

www.burmeseclassic.com





◆ ခြေတော်ရာ တောင်တွေ့ရှိရာ ရှင်အရဟံချောင်

ရှင်အရဟံခြေတော်ရာ ◆

ချောင့်ယှက်ဖျက်ဆီးကြသဖြင့် တိုင်းပြည်အလုံး ငတ်မွတ်ရှားပါးကြ၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားရှင် သင်ရှားရှိတော်မူစဉ် မျက်မှောက်သာဝက ဖြစ်တော်မူသော အရှင်ဥပါလိ၏ တပည့်အနွယ်ဆက် ဖြစ်တော်မူသော အရှင်ဓမ္မဒဿီသည် ဆရာအရှင်ဖြစ်တော်မူသည့် အရှင်မဟာ[illegible] အရှင်သီလဗုဒ္ဓိတို့ထံ ဝင်ရောက်[illegible]၍ ဤသို့ လျှောက်တင်၏။

'တပည့်တော်တို့၏ ပစ္စည်းလေးပါး အထောက်အပံ့ကို ဖြစ်စေသည့် သုဝဏ္ဏဘူမိပြည်သူတို့သည် ဘေးဒဏ်ကြောင့် သင်းရဲကြုံကြရ၏။ ပုဂံရာမတိုင်းတွင်ကား ထက်နက်လှသုရိက္ခာ ပြည့်စုံသော်လည်း ဘုရားရှင်၏ အဆုံးအမကို မရရှာကြပါ။

သုဝဏ္ဏဘူမိပြည်၏ သင်းရဲဒုက္ခကို ကူညီထယ်ဆယ်စေ၍ ယင်းဌာန၌ သာသနာတော် ထွန်းလင်းကာ ဘုရားရှင်၏ အဆုံးအမကို ခံစားရစိမ့်သောငှာ ပုဂံရာမသို့ ကြွရောက်ခွင့် ပေးသနားပါ ဆရာအရှင်တို့ဘုရား'

အရှင်ဓမ္မဒဿီက ပုဂံရာမပြည်၏ [illegible]အညီဖြင့် သုဝဏ္ဏဘူမိ ဒုက္ခမီး[illegible]စေရန်နှင့် အပြန်အလှန်အားဖြင့် ပုဂံရာမတွင် ဘုရားရှင်၏ အဆုံးအမများ ခံစားရစေရန် သာသနာပြုမည့် အကြောင်း ခွင့်တောင်းခြင်း ဖြစ်သည်။

ဆရာနှစ်ပါးက သာဓု အနုမောဒနာပြု၍ ခွင့်ပေးတော်မူသဖြင့် ပုဂံရာမသို့ စတင် ထွက်ခွာလာခဲ့ရာ ကျောင်းဝိဟာရအဆုံး စမ်းချောင်းသို့ ရောက်သော် သုဝဏ္ဏဘူမိ ပြည်သူပြည်သားတို့ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဂဝံကျောက်ထက်၌ လက်ယာဘက် ခြေတော်ရာကို အဓိဋ္ဌာန်ပြု၍ ချထားခဲ့လေသည်။

ယင်းနောက် ရှာန်ခရီးဖြင့် ပုဂံရာမသို့ ကြွရောက်၍ တောအုပ်အတွင်း သီတင်းသုံးနေစဉ် မုဆိုးတစ်ဦး ဖူးတွေ့ရသည်မှစ၍ အနော်ရထာမင်းနှင့်တကွ ပြည်သူအားလုံး ပူဇော်ကိုးကွယ်ကာ ဘုရားရှင်၏ အဆုံးအမကို နာယူကျင့်သုံးခွင့် ရကြလေသည်။

**ပုဂံရာမတွင်မူ အွဲ့မည်ရှင်း အရှင်ဓမ္မဒဿီသည် မထေရ်မြတ်ရှင်အရဟံဟု သာထင်ရှားလေသည်။**

'အဲဒီ ခြေတော်ရာက အခု ရဟန္တာတိုက်လို့ ခေါ်ကြတဲ့ ရဟန္တာသိမ်တော်နယ်မြေရဲ့ မြောက်ဘက် စမ်းချောင်းနံဘေးမှာ ရှိနေရာက မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်လောက်မှာ "**ဆင်ဖြူကျွန်း**"ကနေ သထုံကို ပြောင်းရွှေ့ပြီး လယ်လုပ်နေတဲ့ ဦးဖိုးသာက ကျွဲကျောင်းရင်း စ,ပြီး ဖူးတွေ့ရပါတယ်။

'အဲဒီအချိန် မတိုင်မီကာလက ဒီနေရာတွေက တောကြီးမျက်မည်းနဲ့ တောတိရစ္ဆာန်တွေ ကျက်စားကြတယ်။

ဦးပဍင်းက (၁၅)နှစ်သားအရွယ် ရှိပြီမို့ အဲဒီအဖြစ်အပျက်တွေကို ကောင်းကောင်း မှတ်မိပါတယ်။ ဆရာတော်ကြီးတွေကို လျှောက်ထားတော့မှ **ရှင်အရဟံ (ခေါ်) အရှင်ဓမ္မဒဿီ ရဟန္တာရဲ့ခြေတော်ရာ** ဖြစ်ကြောင်း သိကြတယ်။

ဒါနဲ့ အဲဒီတုန်းက သက်ကြီးဝါကြီး သံဃာတွေ ဖြစ်ကြတဲ့ မိုးညှင်းဆရာတော်၊ နန်းဦးဆရာတော်တို့ ဦးဆောင်ပြီး စမ်းချောင်းထဲကနေ ကုန်းပေါ်ကို ရွှေ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတုန်းက ရဟန္တာတိုက် ကျောင်းထိုင်ဆရာတော်က ဦးစန္ဒာဝရပါ။ ဆရာတော်က သူ့အဘိုး ပိုင်ဆိုင်တဲ့ ဥယျာဉ်ခြံမြေအတွင်းမှာ ခြေတော်ရာ တန်ဆောင်း ဆောက်လုပ်ဖို့ ခွင့်ပေး လှူဒါန်းပါတယ်။ ဒါပေမယ့် ခြေတော်ရာတည် ၊ ဂဝံကျောက်ကြီးက ရွှေ့လို့ ဆယ်လို့ မရဘူး။ လူအင်အားသုံး၊ ကန်တော့ပွဲပေး စလို့ အမျိုးမျိုး ကြိုးစားပေမယ့် မရွှေ့ဘူးဖြစ်နေတယ်။ နောက်ဆုံးမှာ နန်းဦးဆရာတော်ကြီးက...

ခြေတော်ရာကို စ,တွေ့တဲ့ ဒကာကြီး ဦးဖိုးသာကို သယ်ခိုင်းဖို့ အကြံပေးတယ်။ ဦးဖိုးသာလဲ အဓိဋ္ဌာန်ပြုပြီး သယ်မတဲ့အခါ လူအများကြီးစုပြီး မ,တာတောင် မရွှေ့တဲ့ ခြေတော်ရာ ဂဝံကျောက်တုံးက အလွယ်တကူ ပါလာပါတယ်။ ဒါနဲ့ စီစဉ်ထားတဲ့ အခုတန်ဆောင်းနေရာမှာ ပူဇော်ထားကြပါတယ်။

ဦးစန္ဒာဝရ ပျံလွန်တော်မူပြီး ဦးဇဝန လက်ထက်ရောက်တော့ မီးပူဇော်သူ၊ ရေသပ္ပါယ်သူတွေ များလွန်းလို့ အောက်ခံ ဂဝံကျောက်တုံး ပျက်စီးမှာ စိုးရိမ်ပြီး အင်္ဂတေနဲ့ မွမ်းမံထိန်းသိမ်းခဲ့ကြတယ်။

ဆရာတော် ဦးဇဝနဟာ သက်တော် (၉၅)နှစ်အရွယ် ၁၉၉၅ ခုနှစ်မှာ ပျံလွန်တော်မူခဲ့ပါတယ်။ ဦးဇဝနလက်ထက်မှာ ရှင်အရဟံခြေတော်ရာနဲ့ ရဟန္တာတိုက် သာသနိက အဆောက်အအုံတွေ တိုးတက်ပြည့်စုံပြီး ဘုရားဖူး ပရိသတ်တွေလဲ အတော်ကြီး စည်ကားသိုက်မြိုက်လာခဲ့ပါတယ်။

အထူးသဖြင့် ဆင်ဖြူကျွန်းက ပရိသတ်တွေ ပိုများတယ်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း ကာလဆိုရင်



တာဝန်ခံဦးပဠွင်း ဦးစုန္ဒ

အစုအဖွဲ့လိုက်လာပြီး ရှင်အရဟံခြေတော်ရာကို ဆီမီးပူဇော် ဆုတောင်းကြပါတယ်။

## ပူဇော်ဆုပန်ခြင်း

ဆက်လက်၍ ဦးပဠွင်းက ရှင်အရဟံခြေတော်ရာအား ပူဇော်ဆုပန်ကြပုံကို အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားတော်မူသည်။

**'ဦးပဠွင်းတို့ အောက်အရပ် အောက်နယ်မှာ ရာသီမဖွေး မိုးသည်းသည်း ထန်ထန် ရွာတတ်တယ်။ ရှင်မြဲ မော်လာအောင် တဲ့ သုမင်္ဂလ သာရေကိစ္စတွေ ပြုလုပ်အောင်မြင်ကြတဲ့ အခါ ရှင်အရဟံခြေတော်ကို ဖယောင်း ဆီမီး ပူဇော်ပြီး မိုးမရွာဖို့ ဆုတောင်း လေ့ရှိကြတယ်။ တကယ်လဲ ဆုတောင်း ပြည့်ကြပါတယ်။**

အလှူအိမ်ဝန်းကျင်မှာ အလှူပွဲကြီး ပြီးတဲ့အထိ မိုးရွာလို့ အလှူပွဲ ပျက်တာ မကြုံကြရဘူး။ တချို့ကျတော့လဲ ကောက်ပဲသီးနှံတွေ ဖြစ်ထွန်းဖို့ စာမေးပွဲ ရာထူး အလုပ်အကိုင် အဆင်ပြေဖို့ ဆိုပြီး ဆုတောင်းကြတာလဲ ရှိပါတယ်'

ထိုသို့ မိန့်တော်မူလေမှ ဆရာဦးဝင်းမြင့်က ခြေတော်ရာကို ဖူးမြော်ရန် အကြံပြုရခြင်း အကြောင်းရင်းကို မှန်းဆကြည့်မိသည်။ မိုးမရွာစေရန် ဆုပန်စေလိုခြင်း ဖြစ်ပေလိမ့်မည်။

'အရှင်ဘုရား ဒီမှာ ဖယောင်းတိုင် ဝယ်လို့ရသလား။ တပည့်တော် မီးပူဇော်ချင်လို့ပါ'

'လေယာဉ်ကွင်းဘေးက ဆိုင်ကလေးတွေမှာ ရောင်းတတ်ပါတယ်။ မိုးရက်ဆက်ရွာနေလို့ ဆိုင်တွေတောင် ဖွင့်ပါမလားမသိဘူး။ စိတ်သဒ္ဓါသာလျှင် အရေးကြီးပါတယ် ဒကာ။ ရဟန္တာအရှင်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို ရည်မှန်းပြီး သဒ္ဓါယုံကြည်မှု အပြည့်အဝနဲ့ ဆုပန်ပေါ့'

သို့ဖြစ်လေရာ ရေ့ဆက်မည့်ခရီးစဉ်အတွက် မိုးလေ ကင်းရှင်းစွာဖြင့် ဓာတ်ပုံမှတ်တမ်း ပြုရပါလိုကြောင်း ဆုတောင်းခဲ့လေသည်။

ယင်းနောက်တွင် ခြေတော်ရာ ဂဝံကျောက်တုံးကို စတင်တွေ့ရှိရာ စမ်းချောင်းကို လေ့လာ၏။ **"ရှင်အရဟံချောင်း"** ဟု ခေါ်ကြသည်ဆို၏။


ယခင် ရှေးအခါကပင် တွင်ကျယ်ခဲ့သော အမည်ဖြစ်ကြောင်း သိရ၏။ ရှင်အရဟံခေါ် အရှင်ဓမ္မဒဿီသည် ရဟန္တာတိုက် ခေါ် ဤရဟန္တာသိမ် ကျောင်း၌ပင် သီတင်းသုံးတော်မူခဲ့သည်ဟု ဆရာအစဉ်အဆက် မိန့်ကြားတော်မူခဲ့သည် ဆိုလေသည်။

တာဝန်ခံဦးပဠွင်းအား ဂါရဝပြု နှုတ်ဆက်၍ ရွှေစာရံစေတီဝင်း၊ သိကြားစေတီ၊ ရွှေဈေးခံစေတီ၊ ပိဋကတ်စေတီများနှင့် ဖင်းကျိုက်ကလယ်စေတီများသို့ ဝင်ရောက်ပူဇော် ဖူးမြော်ခဲ့သည်။

လမ်းခရီး၌ လှည်းကောင်း တန်ဆောင်း၊ ဇရပ်များအတွင်း

www.burmeseclassic.com

စားကောင်းတဲ့



# ဝက်သား ကောက်ညှင်းထုပ်လေး

တရုတ်ရိုးရာ မုန့်အများအပြား ရှိတဲ့အထဲမှာ မြန်မာလူမျိုးတွေရော၊ တရုတ်လူမျိုးတွေပါ ကြိုက်တဲ့ မုန့်တစ်မျိုးကတော့ ဝက်သား ကောက်ညှင်းထုပ်လေးပါပဲ။

ဝက်သားကောက်ညှင်းထုပ် လုပ်ရတာ လွယ်ကူပြီး စားကောင်းပါတယ်။

ဒါပေမယ့် တချို့က နည်းမသိတော့ လွယ်ကူပါဘူး။ တရုတ်လူမျိုးတိုင်း နှစ်စဉ် ကောက်ညှင်းထုပ်လုပ်ပြီး စားကြတာလဲ ရှိပါတယ်။

ဝက်သားကောက်ညှင်းထုပ်လုပ်ဖို့ **ဆန်ကြော်မပါတဲ့ ကောက်ညှင်း ဆန့်သန့်(၄)လုံးရယ်၊ ဝက်သုံးထပ် သား(သုံးဆယ်)ကျပ်သား၊ ပဲငံပြာ ရည် အနည်းငယ်၊ ပုစွန်ခြောက် အနည်းငယ်၊ ကြက်သွန်ဖြူ(၄)ဥ လောက်နဲ့ ငရုတ်ကောင်းနည်းနည်း လိုပါတယ်။ ကောက်ညှင်းထုပ်လုပ်ဖို့ ဝါးရွက်နဲ့ သင်အူကြိုးလဲ လိုပါ တယ်။**

ပထမဦးစွာ ကောက်ညှင်း(၄)လုံးကို ဆန့်စင်ပြီး ရေနဲ့ (၂)နာရီလောက် စိမ်ထားလိုက်ပါ။

ဒီအချိန်မှာ ဝက်သားသုံးထပ်သား ကို လက်နှစ်လုံးလောက်လှီးပြီး ဆီနဲ့ ကြက်သွန်ဖြူ သတ်ထားတဲ့အထဲကို ထည့်ချက်ပါ။ ဆားအနည်းငယ်နဲ့ ဟင်းခတ်မှုန့် နည်းနည်း ထည့်ချက်ပါ။

ကျက်ပြီဆိုရင် ပန်းကန်ထဲထည့် ထားပါ။ ကောက်ညှင်းကိုလဲ ကြက်သွန် ဖြူဆီသတ်ထားတဲ့အထဲကို ထည့်ပြီး ချက်ပါ။ တရုတ်ငံပြာရည်အပျစ် နည်းနည်းထည့်ပါ။

ငရုတ်ကောင်းထောင်းပြီး ထည့်ပါ။ (၅)မိနစ်မျှ ချက်ပြီး အအေးခံပါ။

ပုစွန်ခြောက်ရေစိမ်ပြီး စစ်ထားပါ။ ပြီးရင်တော့ ဝါးရွက်ကို ကန်တော့ချိုး ပြီး ကောက်ညှင်းချက်ထားတာကို ထည့်၊ ဝက်သား သုံးထပ်သားတစ်တုံး ထည့်ပါ။ ပုစွန်ခြောက်အနည်းငယ် ထည့်ပါ။ ပြီးရင် သေချာစွာ လုံအောင် လိပ်ပြီး သင်အူကြိုးနဲ့ချည်ပါ။

ကောက်ညှင်းထုပ်တွေ အားလုံး ပြီးရင် လုံနေတဲ့အိုးမှာ (၃)နာရီမျှ ပြုတ်ပေးပါ။

ဒါဆိုရင်တော့ မွှေးကြိုင်သင်းပျံ့ အရသာရှိတဲ့ ဝက်သားကောက်ညှင်း ထုပ် ရပါပြီ။

ပိုစားကောင်းချင်ရင်တော့ ကောက် ညှင်းထုပ်ထဲကို **ဆေးဘဲဥလှီးပြီးထည့် ပါ။** အရသာရှိပြီး အာဟာရပြည့်ဝတဲ့ ဝက်သားကောက်ညှင်းထုပ် ရပါပြီ ရှင်။

**ဖုံလိုင်မိုး**

---

စာမျက်နှာ (၁၀၀)မှ အဆက်

သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် မေးမြန်း ပြောဆိုစဉ်၌လည်းကောင်း မိုးသည်း ထန်စွာ ရွာသွန်းသော်လည်း ဓာတ်ပုံ ရိုက်ကူးချိန်တွင်မူ မိုးစဲ နေသာ၍ ကောင်းစွာ မှတ်တမ်းပြုနိုင်ခဲ့လေသည်။

**လမ်းညွှန်**

ပုဂံပြည်မှ အစပြုလျက် မြန်မာ နိုင်ငံအထက်ပိုင်း၌ ထေရဝါဒ ဗုဒ္ဓ သာသနာတော်ကို ပြုစုပျိုးထောင်ပေး ခဲ့သည့် **ရှင်အရဟံ ရဟန္တာအရှင်မြတ် ၏ ခြေတော်ရာကို ဖူးမြော်ကြည်ညို ဆုမန်လိုပါက** သထုံမြို့မြောက်ဘက် လေယာဉ်ကွင်း အလွန်ရှိ ရဟန္တာတိုက် ခေါ် ရဟန္တာသိမ်တော်သို့ အဆင်ပြေ လွယ်ကူစွာ သွားရောက်နိုင်ကြောင်း လမ်းညွှန်တင်ပြလိုက်ပါသည်။

**ဂါရဝမှတ်တမ်း**

အရှင်မြတ်၏ ခြေတော်ရာများ ဒါန ကုသိုလ်ပြုရန် လှူဖွယ်ပစ္စည်း မရှိ သဖြင့် ဘာဝနာကုသိုလ်ပြုသောအား ဖြင့် ဘုရားဂုဏ်တော်၊ တရားဂုဏ် တော်၊ သံဃာဂုဏ်တော်တို့အား နှလုံး သွင်း ရွတ်ဖတ်ပူဇော်လျက်...

ရဟန္တာ အရှင်မြတ်ကြီးလောက် မစွမ်းသာသော်လည်း ကြည်ညိုဖူးမြော် လိုသူတို့ ထောက်လှမ်းနိုင်စေရာ လျှောက်လှမ်း လေ့ကားတစ်ထစ်စာမျှ လုပ်ပြညွှန်းဆို သာသနာပြုရသော အကျိုးအားကြောင့် ဆိုးရွားစွာ ခံစား နေရသော ခေါင်းခါးခြေ ဝေဒနာအစုံ တို့ သက်သာပျောက်ကင်းရလို ကြောင်းလည်း ထပ်မံဆုပန်ခဲ့သည်။

ရက်သတ္တနှစ်ပတ်မျှ အကြာတွင် သမားကောင်း ဆေးချက်တွေ့၍ တဖြည်းဖြည်း သက်သာလာခဲ့သည် ဖြစ်ရာ လေးမြတ်စွာဖြင့် ဂါရဝမှတ်တမ်း ပြုရပေသည်။

**ဘုန်းကျော်စွာ (မြိုင်တော့သိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

ဆရာဆောင်၏

# ဆေးဒန်းသတ္တုချနည်း

ဆရာဆောင်သည် အဂ္ဂိရတ်ဆရာ တစ်ဦး မဟုတ်ပါ။ မြွေအလမ္ပာယ်နှင့် မြွေဖမ်းဆီးရေးအဖွဲ့မှ ခေါင်းဆောင် ဆရာတစ်ဦး ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်က **"နဂါး မရှောင် ဆရာဆောင်"**ဟု နာမည်ကြီးသော ဆရာတစ်ယောက် ဖြစ်ပါသည်။

ဆရာဆောင်သည် ဆေးဒန်းကို ယုံကြည်ပြီး အလွန်အားကိုးပါသည်။ ထို့ကြောင့် ဆေးဒန်းကို ပိုင်ပိုင်နိုင်နိုင် ဖမ်းယူနိုင်ပါသည်။ အကြောင်းမှာ ဆေးဒန်းသည် အဆိပ်ကို နိုင်စေသည်ဟု ဆိုပါသည်။ အထူးသဖြင့် မြွေကို အလွန်နိုင်ကြောင်း ပြောပါသည်။

စာရေးသူကိုလည်း ဆရာအောင်မှ...

'ဆရာ... ခင်ဗျားလဲ မြွေတွေကိုင်နေတာပဲ ခင်ဗျားအားကိုးနေတဲ့ ဆေးပါးတွေ အားကိုးပါ။ ဒါပေမယ့် ကျုပ်တော့ဆေးဒန်းကိုလဲ သုံးကြည့်ပါ။ သိပါလိမ့်မယ်'

ဟု ပြောပြီး သူ၏ ဆေးဒန်းသတ္တုချနည်းကို စာရေးသူအား ပေးပါသည်။

**(မှတ်ချက်) ထိုအချိန်က ဆရာဆောင်၏ ဆေးဒန်းသတ္တုချနည်း သက်သက်ကိုသာ ယူထားလိုက်ပြီး အဆိပ်နှင့် မြွေကို နိုင်နင်းအောင် မည်သည့် ခံရည်လောင်းရသည်၊ မည်ကဲ့သို့ တက်ရသည်ကို မယူထားလိုက်မိပါ။**

ထို့ကြောင့် ဆရာဆောင်၏ ဆေးဒန်းသတ္တုချနည်းကို မူရင်းအတိုင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

## ဆေးဒန်းသတ္တုချနည်း

မိမိချလိုသလောက် ဆေးဒန်းကို မှုံးစ၊ မတ်စ ပြုလုပ်ပြီး အဝတ်နှင့်



ထုတ်၊ မှန်ထုပ်ဆွဲ၍ ဥနဲ့အမြစ်၊ အခေါက်၊ အရွက်များနှင့် ပြုတ်ပါ။

နှစ်ကြိမ်၊ သုံးကြိမ် ပြုတ်ပြီးလျှင် ဆေးဒန်းကို ယူ၍ထား၊ ပြုတ်သည့် အရည်ကျအောင် ဖြန်ကျို၍ ဆေးဒန်းကို ယင်းဖြိုတ်ရည်နှင့် ညက်စွာ ကြိတ်၊ ဖိုမှာတင်၍ ခြောက်စေ၊ ဖော်သုံးထပ်မံပြီးလျှင် မီးပြင်းထိုးချ ဘော်သားသံသား ကဲ့သို့ အရည်ကျိုခံ သတ္တုရ၏။

## (တစ်နည်း)ဆေးဒန်းသတ္တုချနည်း

ဆေးရွက်ကြီး၊ ဒန်းကြီးရွက်၊ ဆေးဒန်း ယင်းသုံးပါး ညက်စွာကြိတ် ပြီးလျှင် တစောင်းကြီးပင်ကို မြေမှ တစ်တောင်ခန့် ခုတ်လှဲ၍ ယင်းအပင် ငုတ်ထဲသို့ ထွင်းပြီး ထည့်ပါ။ အပေါ်က ပိတ်၍ မြေသရွတ်မံပြီးလျှင် ဖွဲသုံးတင်းနှင့် ဖုတ်လျှင် အပင်ငုတ် မီးကျွမ်းက အမြစ်အခေါင်းထဲ၌ ဆေးဒန်းသတ္တုရ၏။

## (တစ်နည်း)

## ဆေးဒန်းသတ္တုချနည်း

ကျောက်ဆေးဒန်း (၅၀)ကျပ်သား၊ မက်လင်သီး (၄၀)ကျပ်သား၊ ချီးသီး (၂၅)ကျပ်သား၊ ကလောသီး (၂၅) ကျပ်သား၊ ကနုခိုဆန် (၂၅)ကျပ်သား ယင်းဆေးများကို သံပရာရည်နှင့် ကြိတ်ပြီး အိုးတွင် ကပ်၍ နေလှန်း၊ အိုးကို စလောင်းဖုံး။ စလောင်းကို ဖဲထီးသံချောင်းခန့် အပေါက်ဖောက်ပြီး မီးကော်ထေး အောက်မှ အိုးတစ်လုံး ရေအပြည့် ထည့်ပြီးလျှင် မြေတွင် မြှုပ်၊ ဆေးအိုးကို အပေါ်က မှောက်၍ မီးပြင်းစွာ တိုက် အောက်အိုးတွင် ဆေးဒန်းသတ္တု ကျ၏။

**ချုပ်ဆေးမှာ** တပင်ရွှေထီးငါးမူးသား၊ ဆယ့်နှစ်ရာသီဆန်ငါးမူးသား၊ ဂဠုန်ဦးနှောက်၊ အရွက်ငါးမူးသား ကြိတ်၍ မူလသတ္တုကို အောက်အထက်နှီး၍ လုံပိတ်ထိုး သတ္တုပြဒါး မီးနေရ၏။

*ဆင်းရဲကင်းပျောက် ချမ်းသာရောက် ကြပါစေ။*

**ဝိဇ္ဇာမယ်ဟိဗ္ဗိဆရာဦးသန်းမြင့်**
*(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ မတ်လအတွင်း

# ကျန်းမာရေးအတွက်

အကြံပေးချက်

◆ မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာများကို အားဖြုတ်စားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်သင့်ပါသည်။

◎ **ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်သား၊ ဆိတ်သား၊ ချေသား၊ သမင်၊ ဒရယ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်သား၊ ပုတတ်သား၊ လင်းမြွေ၊ စပါးကြီးမြွေသား၊ ပုရစ်၊ ပလူ၊ ငါးရှူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ ဘဲပတ်၊ ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ...

မန်ကျည်းမှည့်၊ မုန်လာဥ၊ ကောက်ညှင်း၊ ...ရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သခွားသီး၊ စားတော်ပဲ၊ ဒန့်သလွန်။

◎ **အာပေါဓာတ်စာ။ ။** ရေမြွေ၊ ကျွဲ၊ ကြွ၊ ချေကြက်၊ ဘဲ၊ ငန်း၊ ဖား၊ လိပ်၊ ကဏန်း၊ ...၊ ကနုကမာ၊ ဝက်သား(သုံးထပ်)၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးရှူ၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးကျည်း၊ ငါးရံ့၊

ငါးဝက်မ၊ ငါးသင်းဖြူ၊ ကကူရံ၊ ကဘီလူး၊ ...ပေါင်း၊ ကသပိုး၊ ငါးသလဲထိုး၊ စပျစ်...၊ ဆီးချိုသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ...ရက်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ...ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်...၊ ပုံလုံသီး၊

သဘောသီးနု၊ ဗီးကြမ်းငှက်ပျော၊ ကန...၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲ...ခဲ၊ သပွတ်၊ မင်းကွတ်သီး၊ ကြက်သွန်နီ...ရည်၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ ...တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံ့နံ့၊ ဆိတ်...၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ မဲဇလီကြီး၊ ...ရည်၊ ဖလံတောင်ဝှေး၊ (ငါးပတ်၊ ငါးရှူ၊ စားတော်ပဲတို့မှာ ပထဝီအာပေါ ရောနှောပါဝင်၏။)

◆ ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာများကို အားဖြု၍ တေဇောဓာတ်စာများကို ရှောင်ကြဉ်သင့်၏။

◎ **ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ၊ ကင်ပွန်းရွက်၊ ဓာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ...တောက်၊ သပွတ်ခါးသီး၊ ကြောင်လျှာသီး၊ သဘောသီးရင့်၊

တမာရွက်၊ ယင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ဂလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန်ညင်းရွက်၊ မုန်ညင်းခါး။

◎ **တေဇောဓာတ်စာ ။ ။** မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ကြက်သား၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ ဒူးရင်း၊ ရဲယို၊ သဘောသီးမှည့်၊ သြဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊

သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီး(ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊

ငရုတ်သီး၊ ကရဝေး၊ သစ်ကြပိုး၊ လေညှင်း၊ ပတဲကော၊ ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ လဲလူရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊

ကင်ပွန်းရွက်၊ ကြာဟင်း၊ ကုက္ကိုရွက်၊ သက်ရင်း၊ ကနစို၊ ငှ၊ ဝဥ၊ အင်ဥ၊ ပိလောပီနံဥ၊ ထန်းရည်။ *(ကကတစ်၊ ကဘီလူး၊ ကင်ပွန်းရွက်တို့မှာ ဝါယော၊ တေဇော ရောနှောပါဝင်၏)*

◆ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အားဖြု၍ ပထဝီဓာတ်စာကို လျှော့ပေါ့ စားသုံးပါ။

◆ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အဓိက အားဖြည့်စားသုံး၍ ဝါယောဓာတ်စာများ လျှော့ပေါ့ ရှောင်ကြဉ်ပါ။



◆ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အားဖြု၍ အာပေါဓာတ်စာကို လျှော့ပေါ့ စားသုံးပါ။

◆ ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အားဖြု၍ တေဇောဓာတ်စာကို ဆင်ခြင် သုံးဆောင်ပါ။

◆ တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အဓိကစားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

◆ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အားဖြုသုံးဆောင်၍ ဝါယောဓာတ်စာကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

◆ ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့သည် ပထဝီဓာတ်စာကို အားဖြု၍ အာပေါဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

◆ မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိက သုံးဆောင်၍ တေဇောဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

◆ ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)တို့သည် အာပေါဓာတ်စာကို အားဖြု၍ ပထဝီဓာတ်စာများကို ဆင်ခြင်သုံးစွဲပါ။

◆ မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အဓိကအားဖြု၍ ဝါယောဓာတ်စာကို လျှော့ပေါ့ ဆင်ခြင်ပါ။

အာရောဂျ လာဘ်နှင့် ပြည့်စုံပါစေ။

**ဓမ္မဆေးသုတေသီ**

www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာအောင်ပါ




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ စင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ဈ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၄၇၇၊ ၀၉-၅၁-၈၈၆၇

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com

ရေးမြို့ မူရင်းမူလတောရကျောင်းမှ

# ရုပ်ကလာပ်မပျက်စီးသည့် ဆရာတော် ဦးသုရိယ (၂)

စင်သိုက်



◆ ဆရာတော် ဦးသုရိယရုပ်တု

**ယခင်လမှအဆက်**

'အင်္ဂရိတ်အောင်၍ ဝိဇ္ဇာဖြစ်ရမှာ ဖေကန် …ထွက်သေး၊ မိမိနှင့် အတူနေသော …ကြောင်းသည် သေ၍ မိမိနှင့် ကွဲရလေပြီ။ …ကယ်၍ ငါလဲ ဤသို့သေလျှင် တရား …ထုတ်ရန် အချိန်အခါ ရှိပါဦးမည်လော။ …အခါ မရှိတော့ပြီ'

… သတိရသည်နှင့် တစ်ပြိုင်နက် …ကိုလည်း ရိုက်ခွဲ၊ အဂ္ဂိရတ်ဖိုကို … မီးရှို့၊ ဓာတ်တို့ မီးသွေးတို့ကို … အလိုရှိသော ဘုန်းကြီးတို့ကို …ထိုက်သည်။

…ဖြစ်၍ နောင်လာနောက်သားတို့ … ငါကဲ့သို့ အနှောင့်အယှက်မျိုး … တွေ့ကြုံပါစေနှင့်။ အကယ်၍ …လျှင်လည်း **"အလျင်အမြန် …ယ်ရဲကြပါစေ"** ဟူသော …မျိုးနှင့် လောကီကို ပစ်ပစ် … ချိုးဖဲ့နိုင်နှင်းပြီး လောကုတ္တရာ … မဂ်ဖိုလ်နိဗ္ဗာန်ကို မိမိတို့ … တိုင်၍ ယူနိုင်လောက်အောင် …အားထုတ် ဆုံးမဟောပြော … ခဲ့ပါသည်။

…အောင်မြင့်ရေးမှတ်ထားသည်မှာ … ဖြစ်ပါသည်။ ဖတ်ရှုရသမျှ … ဆရာတော်ဦးသုရိယသည် …ပေများ ကောင်းစွာ သင်ယူ …တွင်အလုပ်စခန်းတွင် လောကီ

သိဒ္ဓိများကို လိုက်စားခဲ့သည်။

သတိတရား ရပြီးနောက် လောကုတ္တရာ သီးသန့်ကိုသာ အား

ထုတ်၍ မိမိအားထုတ်၍ရသော အတွေ့ အကြုံများကို တပည့်ဒါယကာများအား ဝေငှ ဆုံးမဟောကြားကြောင်း သိရှိရ

www.burmeseclassic.com

သည်။

ကျမ်းစာရေးသော ၁၃၁၀ ပြည့်နှစ် မတိုင်မီက မိမိ တရားထူးရကြောင်း ဖွင့်ဟပြောဆိုခြင်း မရှိသကဲ့သို့ ၁၃၃၀ ပြည့်နှစ်ခန့် လိုဏ်ဂူတွင်း ပိတ်မိနေရာမှ လွတ်မြောက်လာချိန်တွင်လည်း တရားထူး မရသေးကြောင်း သွယ်ဝိုက် မိန့်ကြားခဲ့သည်ကို တွေ့ရလေသည်။

သို့သော်လည်း သိမီလိုက်ကြသော ရေးမြို့နှင့် ဝန်းကျင်ဒေသများမှ ဒါယကာ,ဒါယိကာမများက တောရကျောင်းဆရာတော် ဦးသူရိယသည် လောကီ,လောကုတ္တရာ နှစ်ဖြာစလုံး၌ ပေါက်မြောက် အောင်မြင်သူအဖြစ် အထူး ယုံကြည်လေးစားကြလေသည်။

ထို့ကြောင့်ပင်လျှင် ဆရာတော် ပျံလွန်တော်မူပြီးနောက်ပိုင်း ကာလများတွင်ပင် သိဒ္ဓိမြောက် ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိနိုးနှင့် လာရောက်စူးစမ်းသူ များစွာရှိသည်ဟု လက်ရှိဆရာတော် ဦးမေဃိယက မိန့်၏။

## ဂါရဝပြု ဖူးမြော်ခြင်း

ဆရာတော်၏ မပုပ်မသိုးသည့် ရုပ်ကလာပ်တော်ကို အုတ်တိုက်ဥမင် အတွင်း ပူဇော်ထားရာ ဦးမေဃိယ ကိုယ်တိုင် လိုက်ပါပြသပေးသည်။

ဥမင်မှာ ဝန်ကြီးဦးဘဆွေက ကျောင်းဆောက်လုပ်ရန် လှူဒါန်းသော်လည်း ဆရာတော်က လက်မခံဘဲ ဤတရားကျင့် လိုဏ်ဂူဥမင်ကိုသာ ဆောက်လုပ်စေခဲ့ခြင်းဖြစ်သည်။

ခေါင်းရင်းပိုင်းတွင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို မှန်ခေါင်းနှစ်ထပ်ဖြင့် ပူဇော်ထားသည်။ ပျံလွန်တော်မူသည်မှာ (၂၅)နှစ်ခန့် ကြာပြီဖြစ်သော်လည်း ရုပ်ကလာပ်မှာ ပျက်စီးခြင်း မရှိဘဲ ခြောက်သွေ့နေသည်။



ပြိုပျက်သွားသောကျောင်းနေရာ

မှန်ခေါင်းနှစ်ထပ် ကာရံထားသည့် အပြင် မှိုများ ကပ်ငြိနေသဖြင့် ဓာတ်ပုံရိုက်ကူးသော်လည်း ထင်ရှားပြတ်သားမှု မရှိပေ။

ပျံတော်မူပြီး နှစ်ကာလများတွင် သင်္ကန်းတော်အသစ် လဲလှယ် သန့်စင်ပေးခဲ့သော်လည်း အချို့သော ဒါယကာများက ရုပ်ကလာပ်တော် အစိတ်အပိုင်းများ ယူငင်ခြင်းနှင့် အခြားသော မလိုလားအပ်ဖွယ်ကိစ္စများ ပေါ်ပေါက်လာသဖြင့် အခေါင်းကို အသေပိတ်ကာ အခေါင်းနှစ်ထပ် ကာရံခဲ့ရသည်။

ဖူးမြော်သူ များပြားစည်ကားစေရန်လည်း ဥဿဘာစိုက်ထုတ်ခြင်း မပြုတော့ဟု ဦးမေဃိယက မိန့်တော်မူသည်။ လက်ဝဲလမ်းပုဂ္ဂိုလ်အချို့၏ ရန်ကို ကာကွယ်ခြင်းဖြစ်သည်ဟု ယူဆရလေသည်။

ဆရာတော်ရုပ်ကလာပ်၏ ခြေရင်းဘက် ဥမင်လမ်းထောင့် မှန်ခေါင်းတွင်း၌ မပျက်စီးသည့် မညောင်၏ ရုပ်ကလာပ်ကို တွေ့ရသည်။ ဗိုက်ခွဲ၍ မျက်နှာမြင်ရာတွင် ကွယ်လွန်ခဲ့သူဖြစ်သည်။

ဆရာတော်က အသုဘကမ္မဋ္ဌာန်း ရှုရန် ကျန်ရစ်သူမိသားစုထံမှ အလောင်းကို အလှူခံထားခြင်းဖြစ်ကြောင်း သိရသည်။ ဦးမေဃိယက ထိုစဉ်က ရဟန်းဘဝဖြင့် ကိုယ်တိုင် ဖော်ယူကာ မှားတဏှာ မဖြစ်စေရန် အမည်းရောင် ရေနံချေးများ နေ့စဉ် သုတ်လိမ်းပေးရသည်။

မညောင်သည် အသက်ထင်ရှား ရှိစဉ်က ဘာသာရေးကိုင်းရှိုင်း၍ ပုတီးစိပ်ပွားလေ့ ရှိသော်လည်း ဝိပဿနာ ကမ္မဋ္ဌာန်း ရှုပွားခဲ့ခြင်း မရှိကြောင်း သိရသည်။ ရုပ်အလောင်းမှာ ဆံပင်ရှည်များ ထွက်နေရာ ဆံဖြီးခြင်း အဝတ်အစား လဲလှယ်ပေးခြင်းတို့ အခါအားလျော်စွာ ပြုလုပ်ပေးခဲ့ရသည်။

လွန်ခဲ့သော နှစ်အတန်ကြာ အခေါင်းဖုံး မှန်ကွဲနေသည်တွင် ကံ အချို့ ဆော့ကစားကြသဖြင့် လည် ရိုးကျိုးကာ ဦးခေါင်းနှင့် ခန္ဓာကိုယ် တခြားစီ ဖြစ်နေသည်ကို တွေ့ ဆံပင်များမှာ ကောင်းမွန်နက်မှောင် ဖြစ်သည်။ အသားများ ခြောက် သည်။


www.burmeseclassic.com

www.burmeseclassic.com

အခါကြားမှ မရုပ်မသိုးရှိရာမှ ကြာတွင် ကြေမွ ပျက်စီးသွားခဲ့ သိရသည်။

ဆရာတော်သည် ပိုင်ရှင်များထံမှ ကာ အသုဘကမ္မဋ္ဌာန်းရှုရန် ယူခဲ့သော ရုပ်ကလာပ်ပေါင်း (၆၀) ရှိရာ ဦးမေဃိယကပင် ကျောင်း ဘ၀၊ ကိုရင်ဘ၀၊ ရဟန်းဘ၀တိုင် င် ဖော်ယူစီမံပေးခဲ့ရသည် ဆို၏။

ထို ရုပ်အလောင်းများအနက် နှင့် မစန်းရီ နှစ်ဦးမှာ ထူးခြား မရုပ်မသိုးရှိခဲ့ရာ နှစ်ဦးစလုံးမှာ နာကမ္မဋ္ဌာန်း အားထုတ်ဖူးခဲ့ခြင်း ကြောင်း သိရ၏။

ကွယ်လွန်ပြီးနောက် ရုပ်အလောင်း မပျက်ရခြင်း၏ အကြောင်းရင်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခဲ့ အပြင် အခြားသော အကြောင်းခံ ကြောင်း သုတေသီတို့အတွက် ဝင်စားဖွယ် ဖြစ်လေသည်။

ဆရာတော်သည် ရုပ်အလောင်းများ အသုဘကမ္မဋ္ဌာန်းရှုရာ၌ တပည့် တများကိုလည်း ခန္ဓာဗေဒနှင့် ညာဆိုင်ရာ အသိများ ရယူစေ

ညတွင်းချင်း ဖော်ယူလာသော ရုပ် ကို ကမ္မဋ္ဌာန်းဥမင်တွင် ရက်ထားကာ ကြေငြာ်လျှောက်၍ နောက်တစ်နေ့ညတွင် အနီး၌ မြေမြှုပ်ကာ (၇)ရက် တွင် ပြန်လည်ဖော်ယူ ရှုပွားပြန်

ချို့ကို ခွဲစိတ်၍ ကလီစာထုတ်ယူ လူ၏ ဝမ်းတွင်းအင်္ဂါ အစိတ် များကို တပည့်များအား လေ့လာ အချို့ကို အပိုင်းပိုင်း ဖြတ်ပိုင်း သွပ်နန်းကြိုးများ တည်းနှောင်၍ ရာ နေရာအနီး ချိတ်ဆွဲထား သည်။ ရသတဏှာ ပယ်ဖြတ်စေရန်



လက်ရှိဆရာတော် ဦးမေဃိယ

ဖြစ်သည်။

'အစပိုင်းမှာ ကျုပ်က ခပ်ငယ်ငယ် ကျောင်းသားဘ၀ဆိုတော့ ထမင်း လုံး၀ မ၀င်ဘူး။ နောက်တော့လဲ ကျော်လွှားနိုင်ခဲ့ပါတယ်။ မိန်းမတွေ အူတိုတက်တယ် ပြောကြတာ တော့ မှန်တယ်ဗျူ။ ယောက်ျားတွေရဲ့ အူတွေ ထက် ပိုပြီး အလျားတိုပါတယ်။

ဝက်ဖျားပိုး ဦးနှောက်ထဲ၀င်ပြီး သေဆုံးတယ် ဆိုတဲ့ ဒကာတစ်ယောက်ရဲ့ ဦးနှောက်က သာမန်သေဆုံးသူရဲ့ ဦးနှောက်နဲ့ ကွာခြားမှု မရှိပေမယ့် အူတွေကတော့ အပိုင်းပိုင်း ပြတ်နေတာ တွေ့ရတယ်။

အဲဒီအခါ ဆရာတော်က အနောက်တိုင်း ဆေးက သေးတွက်ဆိုးကျိုးများတယ်။ ဆေး ပြင်းလို့ဖြစ်ရတာပါ။ ဒါကြောင့် ဘုန်းကြီးတော့ အနောက်တိုင်းဆေး မသုံးဘူးလို့ မိန့်ပါတယ်။ ကျုပ်တို့လဲ အခုအချိန်အထိ တိုင်းရင်းဆေး ကိုပဲ သုံးစွဲကြပါတယ်'

ဟူ၍ ဦးမေဃိယက ပြောပြ၏။

ဆရာတော်သည် ပျံတော်မူခါနီး အထိ အသုဘကမ္မဋ္ဌာန်းကို မပြတ် ရှုပွားခဲ့သည်ဖြစ်ရာ ဥမင်လိုဏ်အတွင်း ၌ အလောင်း(၆)ခု၊ (၇)ခုခန့်ကို ပျက်စီး မှု အခြေအနေအမျိုးမျိုးဖြင့် အစဉ်အမြဲ မြင်တွေ့ရတတ်သည်ဆို၏။

## နောက်ဆုံးကာလ

ဆရာတော်ကြီးသည် သက်တော် (၉၆)နှစ်အရောက် မြန်မာသက္ကရာဇ် **၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း(၉) ရက်နေ့ နံနက်ပိုင်းတွင်** ပျံလွန်တော် မူခဲ့သည်။ ဦးမေဃိယက ဤသို့ ရှင်းပြ ၏။

'အဲဒီနေ့က ဆွမ်းခံကြွပြီးအပြန်မှာ ကျုပ်တို့ကို သပိတ်ကမ်းပေးတယ်။ **"မင်းတို့ပဲ ဆွမ်းသုံးကြပေရော့"** ဆိုပြီး ကုလားထိုင်မှာ ထိုင်နေပါတယ်။ ဆရာတော် အမောဖြေနေတုန်း ကျုပ် တို့က ဆွမ်းပွဲပြင်ကြတယ်။

အဲဒီအချိန်မှာ ဒါယကာတစ်ယောက် ဆရာတော်ရှေ့မှာ ဦးချကန်တော့ပြီး **"ဆရာတော်ဘုရား တပည့်တော် တို့အိမ်မှာ ဆွမ်းစားကြွပါ"** လို့ လာ လျှောက်တယ်။

ဘာမှ ပြန်မဖြေဘဲ မျက်လုံးဖွင့်ပြီး စိုက်ကြည့်နေတယ်။ အဲဒီ ဒကာလဲ သက်ာမကင်းတာနဲ့ စမ်းသပ်ကြည့်ပြီး **"ဦးပဥ္စင်းတို့ ဘုန်းကြီးတော့ ပျံ တော်မူသွားပြီ"** လို့ ကျုပ်ကို လှမ်း လျှောက်တယ်။

ဒေါသဖြစ်လိုက်တာ လွန်ပါရော။ အခုလေး တင် သပိတ်ကမ်းပေးပြီး ထိုင်ချလိုက်တာ တွေ့ရဲ့သားနဲ့ ဒီလို ပြောလာတယ်ဆိုတော့ စိတ်ဆိုးမိတယ်လေ။ ထိုင်တဲ့ အနေအထားမှာ ဇက်လဲမကျိုး မျက်လုံးဖွင့်ပြီး ပြုံးကြည့်နေတဲ့ ပုံစံရှိပေမယ့် ဂွမ်းစကို နှာခေါင်းနား ကပ် ကြည့်တော့ အသက်မရှုတော့ဘူး။ ဒါနဲ့ အဲဒီပုံကို ကိုယ်ဟန်မပျက်စေတဲ့ ဓာတ်ပုံ ရိုက်ထားပါတယ်'

ထိုဓာတ်ပုံကို ပုံကြီးချဲ့၍ ကမ္မဋ္ဌာန်း ဥမင်အပြင်ဘက် နံရံ၌ချိတ်ဆွဲထားသည် ကို တွေ့ရသဖြင့် ဓာတ်ပုံမှတ်တမ်းပြု

www.burmeseclassic.com

ဖော်ပြလိုက်ပါသည်။

ဆရာတော်၏ ဓာတ်ပုံ အထက်တွင် စေတီတစ်ဆူပုံရှိ၍ ကမ္ဘာ့ဗြာန်းဥမင်အနီး ကုန်းမြင့်ရှိ ရှေးစေတီဟောင်းနေရာ၌ ထပ်မံ တည်ဆောက်ပူဇော်ရန် ဆရာတော် ကြိုးစားခဲ့သည့် စေတီပုံ ဖြစ်သည်ဆို၏။

ဆရာတော်အား ကြည်ညိုလေးစား ကိုးကွယ်ကြသူများစွာ ရှိလေရာ ဆရာတော်က နေ့ရက်အချိန်အခါကို 'မိန့်' ကြားသည်နှင့် စေတီတည်ရန် အဆင်သင့် ရှိနေကြသော်လည်း မိန့်တော်မမူခဲ့သဖြင့် စေတီ မတည်ဖြစ်ခဲ့ ကြောင်း သိရလေသည်။

## ထူးခြားသော ဒါယကာ

ဆရာတော်ပျံလွန်တော်မူပြီးနောက် ထိုညနေတွင် လူကြီးတစ်ဦးက...

'ဆရာတော်အတွက် လည်းကောင်း ဆရာတော်၏ တောရကျောင်းမြေအတွက် လည်းကောင်း စိုးရိမ်ပူပန်စိတ်မရှိပါနှင့်'

ဟု လာရောက် ပြောကြားသည်။

ထူးခြားသည်မှာ သာမန်လူကြီး တစ်ဦးကဲ့သို့ အပြောအဆို၊ အဝတ်အစား ရည်မွန် ခံ့ညားသော်လည်း မည်သို့ရောက်လာသည်ကို မသိရသကဲ့သို့ မည်သို့ပျောက်(ပြန်)သွားသည်ကိုလည်း မသိရသည့် သူစိမ်းတစ်ဦး ဖြစ်နေလေသည်။

ဦးမေဃိယက **"ကျုပ်တော့ ဝိဇ္ဇာတစ်ဦးဖြစ်လိမ့်မယ်လို့ ယူဆတယ်"** ဟု ဆိုလေသည်။

## ကျောင်းသင်္ချိုင်းနေရာ

ကမ္ဘာ့ဗြာန်းဥမင်အနီး ကပ်လျက်ရှိ သစ်ဝှိုသစ်စ များမှာ ဆရာတော်ရှိစဉ်က သီတင်းသုံးခဲ့သည့်ကျောင်းမှ ပြိုပျက်သွားခြင်းဖြစ်ကြောင်း သိရသည်။

အခေါင်းပျဉ်များဖြင့် ဆောက်လုပ်ထားသော ကျောင်းငယ်ဖြစ်ကာ အသုံးအဆောင်၊ ပရိဘောဂ မရှိခဲ့ပါ။

လာရောက်လှူဒါန်းပါက လက်ခံတော်မူ၍ အလှူရှင် ပြန်သွားကာ လူလုံးပျောက်သည်နှင့် ချက်ချင်းပြန်လှူပစ်၏။ သင်္ကန်းကပ်လှူပါက လှူသူ ရှေ့တွင်ပင် လဲလှယ်ဝတ်ဆင်၏။ ကျောင်းသို့ ပြန်လာရာလမ်း၌ အဟောင်းကို ပြန်ဝတ်ကာ အသစ်ကို သစ်ပင်များပေါ် တင်ထားခဲ့လေသည်။

ဆရာတော်ကျောင်းတွင် ပရိက္ခရာ ရှုပ်ပါးမှုလွဲ၍ ရှိနေသည်မှာ ပုပ်ပွသော အခြေအနေမှ အရိုးစုအခြေအနေအထိ အမျိုးမျိုးသော ရုပ်အလောင်းများသာလျှင် ဖြစ်ကြသည်။ ကျောင်းပျက်သစ်စများအကြား လူ့အရိုးများကိုလည်း မြင်တွေ့ရလေသည်။

## အားထုတ်ခဲ့သော နည်းနိဿယ

ဆရာတော်ဦးသုရိယသည် မည်သည့် ကမ္ဘာ့နာစရိယဆရာတော်၏ နည်းနိဿယကို လိုက်နာကျင့်ကြံအားထုတ်ခဲ့သနည်းဟူ၍ စုံစမ်းကြည့်သောအခါ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် အဘိဓမ္မာဒေသနာတော်၏ နက်နဲသိမ်မွေ့ပုံကို သင်ယူခဲ့သည့် ပရိယတ္တိစာပေဉာဏ်ဖြင့် သိရှိပြီးဖြစ်၍ ကိုယ်တိုင် အားထုတ်သိမြင်လိုသောကြောင့် တောထွက်ကျင့်ကြံသည်ဟုသာ ဆို၏။

မြတ်စွာဘုရားရှင်၏ နည်းနိဿယကိုသာ လိုက်နာကျင့်ကြံသည်ဟု ယူဆဖွယ်ရှိ၏။ **သို့သော် ဝေဘူဆရာတော်ကြီးအကြောင်းကို မကြာခဏ မိန့်ကြားတော်မူလေ့ရှိသည်။**

တစ်ခါသော် ရေးမြို့မှ ဒါယိကာမ တစ်ဦးက ဤသို့လျှောက်၏။

'ဆရာတော်ဘုရား ဦးဆော[...]

ဘုရားဖူး ခရီးထွက်ချင်ပါတယ် ဘု[...]

'ဘုရားဖူးတာပဲ တခြားကိစ္စရှိ[...]

မှတ်လို့၊ ရေးမြို့လဲ ဘုရားပုထိုးေ[...]

တွေ အများကြီးပဲ'

'မတွေ့ဘူးဘုရား အခုသွားမှာက [...]

မည်ကြီး တန်ခိုးကြီးဘုရားတွေ ဖူး[...]

ဆရာတော်က ပြုံး၍...

'ဒကာမကြီးပြောတာနဲ့ ကိုယ့်အ[...]

ဘုရားက တန်ခိုးမရှိသလို ဖြစ်နေပြီ [...]

ဆရာတော်ပြောသလို ဒကာမကြီးတို့ [...]

ဖူးထွက်တဲ့အခါ အိမ်ကဘုရား ယ[...]

ပြောရမလိုပဲ။ ဒကာမတို့ ပြောပြောနေ[...]

စိတ်သာရှင်စေ ဘုရားဟောဆို၊ ဘု[...]

အနားမှာပဲရှိတယ်။ အဝေးကြီး အ[...]

ခံမနေနဲ့'

ဟူ၍ မိန့်တော်မူလေသည်။

ဆရာတော်ကြီးသည် ဝေဘူ ဆ[...] တော်ကြီးကို ကြည်ညိုအားကျ[...] လည်း ဝေဘူနည်းဖြင့် ကျင့်ကြံ[...] ထုတ်သည်ဟု မူ မိန့်ကြားခဲ့ခြင်းမ[...] သိရပေသည်။

## နိဂုံး

ဤသို့လျှင် ထူးခြားသော [...] မူလတောရကျောင်း ဆရာ[...] ဦးသုရိယ၏မပျက်စီးသော ရုပ်က[...] တော်ကို ဖူးမြော်လိုပါက ရှေးအ[...] မြို့ပြင်တောစပ်၌ရှိခဲ့သော်လည်း [...] အိမ်ခြေတိုးပွား၍ လမ်းပန်းဆက်သွ[...] ရေးတိုးတက်လာသော ယခု[...] တွင်မူ **ရေးမြို့အဝင် မြို့ဝင်[...] ကောက်ခံရေးစခန်းအနီး သု[...] သောမှ လွယ်ကူစွာ သွားရောက်[...]** ကြောင်းလမ်းညွှန်တင်ပြလိုက်ပါ[...]

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းစေ အင်း ဖြင့်

## အန္တရာယ်ကင်းပြီး လာဘ်ရွှင်အောင်

ဇော်ဂျီ (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်



တစ်နေ့သ၌...

ကျွန်ုပ်ထံသို့ တဝရွေ့ရေး သိလိုသဖြင့် လာရောက်မေးမြန်းသော လူငယ်တစ်ယောက်၏ ဇာတာကို စစ်ဆေးပေးခဲ့ပါသည်။

ဇာတာရှင်သည် အထိုင်လုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းကို အောင်မြင်ကြီးပွားအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော ဇာတာရှင်ဖြစ်ပါသည်။

ကျွန်ုပ်မှာ လူငယ်အတွက် အကောင်းဆုံး အစီအမံတစ်ခုကို ချီးမြှင့်ရန် စီမံဖို့ စဉ်းစားရပါတော့သည်။

သို့နှင့်ပင် မြတ်စွာဘုရားရှင် ဟောကြားထားခဲ့သော ပဋ္ဌာန်းဒေသနာတော်ကြီးကို အာရုံဝင်စား ကြည်ညိုမိပါသည်။

သို့နှင့် ပဋ္ဌာန်းမြတ်ဒေသနာမှ အကျဉ်းဖြစ်သော **ပစ္စယုဒ္ဒေသ ပဋ္ဌာန်းတော်မြတ်ကို** ရှေးပညာရှင်တို့ စီမံအပ်သော ဗျည်းအင်းကို "စေ" အင်းအဖြစ် စီမံ၍ ထားခဲ့သည့်အတိုင်း ဇာတာရှင်လူငယ်အား ချီးမြှင့်ပေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ဆရာသခင်များသည် အောက်တွင် ဖော်ပြထားသော ၂၄(နှစ်ဆယ့်လေးရွှေည်း)၏အစ ဗျည်းအက္ခရာများကို ကောက်ယူ၍ "စေ"အင်းအဖြစ် စီမံထားခဲ့ခြင်း ဖြစ်ပါသည်။

### ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပဋ္ဌာန်းမြတ်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အ,ဝိဂတပစ္စယောတိ။

အထက်တွင်ဖော်ပြခဲ့သော ပဋ္ဌာန်းမြတ်၏ ရှေ့စာလုံးများကို အောက်ပါအတိုင်း ကောက်ယူထားခဲ့ခြင်း ဖြစ်ပါသည်။

'ဟေ အာ အ အ သ သ အ နိ ဥ ပု
ပ အာ က ဝိ အာ ဣ ဈာ မ သ ဝိ အ
န ဝိ အ'

ဟု နှစ်ဆယ့်လေးလုံးကို အရကောက်ယူပြီး ငါးကွက်ပတ်လည် နှစ်ဆယ့်ငါးကွက်အင်းကွက်တွင် အင်းသွားစနစ်၊ မြင်းသွားနည်းဖြင့် ပဋ္ဌာန်းစေအင်းကို စီမံထားရှိခဲ့ပါသည်။

ငါးကွက်ပတ်လည် စေအင်းကို မြင်းသွားစနစ်မှန်စေရန် ဂဏန်းသင်္ချာများဖြင့် နမူနာရေးသွင်း၍ ပြသထားပါသည်။

* * * ⟶

နှစ်ဆယ့်ငါးကွက်အင်း ဖြစ်နေ၍ အင်းဆန်သည် နှစ်ဆယ့်လေးလုံးသာ ရှိသဖြင့် အလယ်ကွက်ကို ကွက်လပ်ထား၍ အင်းဆန်ရေးသွင်းရပါသည်။

| | | | | |
|---|---|---|---|---|
| ၁ | ၁၄ | ၉ | ၂၀ | ၃ |
| ၂၄ | ၁၉ | ၂ | ၁၅ | ၁၀ |
| ၁၃ | ၈ | | ၄ | ၂၁ |
| ၁၈ | ၂၃ | ၆ | ၁၁ | ၁၆ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၅ |

နမူနာအင်းသွားပုံစံ

| | | | | |
|---|---|---|---|---|
| ဟေ | ဝိ | ဥ | ဝိ | အ |
| အ | သ | အာ | အာ | ပု |
| က | နိ | (နံ) | အ | အ |
| မ | ဝိ | သ | ပ | ဣ |
| အ | အာ | ဈာ | န | သ |

ပဋ္ဌာန်း ၂၄ပစ္စည်း အစလုံးများကို အင်းဆန်ထည့်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com

စေအင်းဟု သတ်မှတ်ထားသည့်အတွက် ထိုကွက်လပ်တွင် မိမိဆန္ဒရှိရာ ဗျည်းအက္ခရာကိုဖြစ်စေ၊ မိမိမွေးနံကိုဖြစ်စေ ဖြည့်သွင်းရပါမည်။

မိမိ၏ မွေးနေ့၊ မွေးနံကို ရေးသွင်းလိုလျှင် ဗျည်းအက္ခရာများဖြင့် ရေးသွင်းခြင်းမပြုရဘဲ နံသင့်ဂဏန်းသင်္ချာကိုသာ ရေးသွင်းရမည် ဖြစ်ပါသည်။

ဥပမာ

တနင်္ဂနွေသားသမီးဆိုလျှင် ဂဏန်းနံပါတ်(၁)၊ အင်္ဂါသားသမီးဆိုလျှင် ဂဏန်းနံပါတ်(၃)ကို အလယ်ကွက်တွင် ရေးသွင်းရမည် ဖြစ်ပါသည်။

ထိုသို့ စီမံပြီးသည့်အခါတွင် ထိုပဋ္ဌာန်းစေအင်းမြတ်ကို အောက်တွင် ဖော်ပြထားသည့်အတိုင်း အနန္တသိဒ္ဓိတည်ရှိစေရန် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို တစ်နေ့လျှင် တစ်ကြိမ်ကျစီ အမှားအယွင်းမရှိအောင် နှစ်ဆယ့်လေးရက်တိတိ ရွတ်ဖတ်ပူဇော်ပေးရပါမည်။

သိဒ္ဓိတင်ပွဲကို အောက်ပါအတိုင်း စီမံပါ။

၁။ လဆန်း(၃)ရက် (သို့မဟုတ်) (၇)ရက် (သို့မဟုတ်) (၉)ရက် မီသောလဆန်းရက်တွင် စတင်ပါ။

၂။ ကာလကို နှစ်ဆယ့်လေးရက် သတ်မှတ်ရပါမည်။

**၃။ ရှေးဦးပြုဖွယ်များ...**

က။ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်နှင့် ဆွမ်းကပ်လှူပါ။ "ဆွမ်းကပ်လှူရာတွင် မိမိသဒ္ဓါအတိုင်း ကပ်လှူပါ"။

ခ။ ပင့်ဖိတ်ရန်ပုဂ္ဂိုလ်များ၊ မြတ်စွာဘုရားရှင်နှင့် ဘွဲ့အထူးရရှိသောရဟန္တာများကို နေ့စဉ် မိမိလုပ်ငန်းဝင်မည့်အချိန်တွင်ကြွရောက်သီတင်းသုံးစံပယ်ရန် လျှောက်ထားပါ။

ဂ။ စတုလောကပါလနတ်မင်းကြီးများနှင့် သိကြား၊ မြဟ္မာတို့ကို ဖိတ်ကြားပါ။

ဃ။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်းတို့ ပြုလုပ်ပါ။

င။ အထက်တွင် ဖော်ပြခဲ့သော ပဋ္ဌာန်းမြတ်ကို ရွတ်ဖတ်ပူဇော်ပါ။

စ။ သစ္စာပြု၍ ဆုတောင်းပါ။ ဝေနေယျအများကို မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

ဆ။ ပင့်ဖိတ်ထားသူများကို ပြန်လည်လျှောက်ထားပါ။

သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း သစ္စာမပျက် အဓိဋ္ဌာန်ကိုက်အောင် ဆောင်ရွက်ပြီးသည်နှင့် ပဋ္ဌာန်းမြတ် "စေ"အင်းကို ဆောင်လိုက ဆောင်နိုင်ပါသည်။

အင်းကွက်အကြီး စီမံ၍ အလူမီနီယံဘောင်ဖြင့် ထည့်သွင်း၍ ဘုရားခန်းတွင် ပူဇော်ထားနိုင်ပါသည်။

ပဋ္ဌာန်းမြတ်ကို အထွင့်ထား၍ စီမံထားသည့်အတွက် မှန်းဆခြင်းငှာ မစွမ်းနိုင်သော ဘုန်းတန်ခိုးတေဇော် အာနုဘော်နှင့် အရပ်တကာမှ လာဘများစွာတို့ ဝင်လာကြမည် ဖြစ်ပါသည်။


*ကောင်းမှုကိစ္စမှန်သမျှ*
*လိုလားတောင့်တတိုင်း*
*ရရှိပြည့်စုံနိုင်ကြပါစေ...။*

**အောင် *(သိဒ္ဓိရာဇ)***
***နဝင်းမြို့တော်***

**ကိုးကား**

**○ အင်းစမဲဝေမှုများ**

**○ သိဒ္ဓိမင်္ဂလာပရိတ်တော်**
**ဝတ်ရွတ်စဉ်**





# ဝက်သားမျှစ်ချဉ်

## ပိန်းဥဟင်း

ဝင်းစိန်တောရ ဆရာတော်ကြီးရဲ့ မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲမှာ စတုဒိသာမဏ္ဍပ်တစ်ခုက ကျွေးတဲ့ **"ဝက်သားမျှစ်ချဉ်၊ ပိန်းဥ"** ဟင်းကလေး ခံတွင်းတွေ့လွန်းလို့ ဟင်းချက်နည်းကို စပ်စုလာခဲ့တယ်။

ဝက်သားနဲ့ မျှစ်ချဉ်ဟင်းက(ကြိုက်တတ်သူတွေအတွက်) ခံတွင်းသွက်စေတဲ့ ဟင်းတစ်ခွက်ပါ။ ဝက်သားနဲ့ မျှစ်ချဉ်ကို အရင်ချက်ပြီး ဝက်သားနူးခါနီးမှာ ပိန်းဥကို ထည့်ရပါတယ်။ ပိန်းဥနူးရင် ချ,ရုံပါပဲ။

ဝက်သားနဲ့ မျှစ်ချဉ်က ထွက်တဲ့အနံ့အရသာက ချိုဆိမ့်တဲ့ ပိန်းဥကို ပိုပြီးစားကောင်းစေပါတယ်။ စကတည်းက ပိန်းဥကို တစ်ပါတည်း ထည့်ချက်မိရင်တော့ ဟင်းတစ်အိုးလုံး ပျစ်ချွဲကုန်လိမ့်မယ်လို့ ဆိုပါတယ်။

**ခင်ဖြူဝင်း**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇၂) (တဆ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယံနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။


ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူမှုမှ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂွီးဂွီး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သောအထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံထိက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း ၊ သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည့်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "သြော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော့်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုဓမ္မာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၃၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄**


**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘုတ်ကလပ်လမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆ ၂၃၁/၀၉ ၄၇၃ ၂၂၁၃၃**

www.burmeseclassic.com


သန်းကျော်စွာ ( မြိုင်တက္ကသိုလ် )

ကျိုက္ခမီနယ်မှ ကဒါတ်ထောက်ဝါးကျောင်းနှင့်

# ဆရာတော် ဦးသုန္ဒရ၏ ဘဝကောက်ကြောင်းများ (၁)



◆ ကျိုက္ခမီကမ်းခြေမှ ဓာတ်တော်တိုက်မှုပြီး
ကဒါတ်ထောက်ဝါးကျောင်းဆရာတော် ဦးသုန္ဒရ ▶



နိဒါန်း

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ် လဆုတ်(၃)ရက်နေ့...

မော်လမြိုင်မြို့ နန်းချမ်းကြီးဘုံ ဘုရားကျောင်း၌ သီတင်းသုံးနေတော်မူသော ကွမ်းယင်းဗောဓိသတ္တနှင့် သမ္မာဒေနတ်မင်းများ တောင်ပင်လယ် ဘုရားဖူးခရီးစဉ်အဖြစ် ကျိုက္ခမီ ရေလယ် ဆံတော်ရှင်သို့ ပင့်ဆောင် ကြကြသောအခါ ပေါင်မြို့ မြို့ထိတ် ဘုံဘုရားကျောင်းမှ ဝသုန္ဒြေ နတ်မင်း ဟုတ်တိတ်ကုန်းအား လည်း ပင့်ဆောင်ကာ အတူပါဝင် ခဲ့ဖြစ်ခဲ့သည်။

ထိုအခါ ဘာသာရေးတာဝန်ခံတစ်ဦး အဖြစ် လိုက်ပါခဲ့ရာ ကျိုက္ခမီကမ်းခြေ ကုန်းတော်သို့အဝင် လက်ဝဲဘက်တွင် ဓာတ်တော်တိုက် အဆောက်အအုံ တစ်ခုကို သတိထားမိခဲ့သည်။

---

ဟောခန်းပုံသဏ္ဌာန်

တစ်ထပ်တိုက်ရှည်၏ မျက်နှာတွင်

ဓာတ်တော်တိုက်

---

"ကဒါတ်ထောက်ကျေးရွာ ဝေဠုဝန် ကျောင်းဆရာတော် ဦးသုန္ဒရအား အမှူးထား၍ ဦးရွှေသိမ်း ဒေါ်ခင်စန်း မိသားစုနှင့် အများဒါယကာဒါယိကာမများ"

ဟူသော မှန်ဦးကမ္ပည်းကမ္ပည်းကို တွေ့ရှိရသည်။

ဆံတော်ရှင် ရေလယ်ဘုရားရင်ပြင် ၌ ဗောဓိသတ္တနှင့် နတ်မင်းများ ဘုရားပူဇော်မှု အစီအစဉ် ပြီးဆုံး၍ ခေတ္တ အနားရချိက် အဆိုပါ ဓာတ်တော်တိုက်သို့ သွားရောက်လေ့လာကြည့်ရာ ဘုရားခန်း၌ တင်ပျဉ်ခွေရုပ်ပွားတော်များ စီတန်းပူဇော်ထားကာ ခန်းမ ကျယ်ကြီးအတွင်း အိပ်ရာ၊ ခြင်ထောင်၊ စားအိုးစားခွက်အချို့ကိုသာ တွေ့မြင်ရသည်။

ဓာတ်တော်များ ဖင့်ဆောင်ပူဇော်နိုင်ရန် မွမ်းမံပြင်ဆင်ခဲ့သော အဆောက်အအုံဖြစ်သည်ဟု ယူဆဖွယ်ရှိပေသည်။

www.burmeseclassic.com



▲ ဆရာတော် စတင် အားထုတ်ခဲ့သည့် ထင်သွားမှုကျွန်း

▼ ကဒါတ်ထောက်ကျောင်း



ကဒါတ်ထောက် ဆရာတော် ဦးသုန္ဒရနှင့် ပတ်သက်သည့် ကြည်ညို ဖွယ်ရာများကိုမူ တစ္စန်းတစ ကြားသိဖူး ပါသည်။

တစ်နေ့တွင် စာတည်းချုပ်က...

'ဆရာမ ခင်ခင်ဝင်း(မောရဝတီ)ရဲ့ ဆောင်းပါးတွေအရ ကော့ပေါက်ဆရာ တော်ကြီးနဲ့ ရင်းရင်းနှီးနှီး ဆရာ့ဒကာ ဖြစ်ခဲ့ပုံရတယ်။ သူ့ဆီသွားတွေ့ရင် ဆရာတော်ကြီးအကြောင်း သိမှတ် စရာတွေ ပိုပြီးသိနိုင်လိမ့်မယ်'

ဟု ဆိုလျက် အကြံပေးလမ်းညွှန် သည်။

သို့ဖြစ်၍ ခရီးသင့်သော တစ်ချိန် တွင် မော်လမြိုင်မြို့၊ မုပွန်နတ်ကျွန်း ရပ်ရှိ ဆရာမ ဒေါ်ခင်ခင်ဝင်းထံသို့ သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့ သည်။

သူက **ကော့ပေါက်ဆရာတော် အကြောင်း၊** သူ သိသမျှ ပြောပြ၍ (အင်္ဂရိတ်ထိုးသည့်)လုံများ အပါအဝင် ဆရာတော်ထံမှ စွန့်ယူရရှိခဲ့သည့် အမှတ်တရဖစ္စည်းအချို့ကို ထုတ်ပြ ပေးသည်။

ယင်းတွင် ကျောက်မျက်ရတနာနှင့် ဓာတ်တော်အချို့ကိုလည်း တွေ့မြင်ရ သည်။

'ဒါတွေကတော့ ကျိုက္ခမီ ကဒါတ်ထောက် ဝါးကျောင်းဆရာတော် ဦးသုန္ဒရဆီကို အလို အလျောက် ကြွတော်မူလာတဲ့ ဓာတ်တော် တွေပါ။ အဲဒီဆရာတော်လဲ ကြည်ညိုစရာ ကောင်းတယ်။ သူ့ရဲ့ ထူးခြားမှုတွေက အများကြီးပါပဲ။

ဆရာတော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ကို စွဲစွဲမြဲမြဲ ဖတ်ရှုတဲ့အပြင် လမ်းညွှန်စာအုပ် တစ်ခုအဖြစ်လဲ အသုံးပြုခဲ့တယ်။ ဆရာ အချိန်ရတဲ့တစ်နေ့မှာ ကဒါတ်ထောက်ဝါး ကျောင်းကို သွားပြီး လေ့လာသင့်ပါတယ်'

ဟူ၍လည်း အကြံပြုခဲ့လေသည်။

သို့ဖြစ်၍ မိမိ၏ မှတ်စုစာအုပ်၌ **"သွားရောက်လေ့လာရန်"** ဟူ၍ မှတ်ထားခဲ့သည်။

---

မိတ်ဆက်

---

**၁၃၇၆ ခုနှစ် နှစ်ကုန်ပိုင်း အတာ သကြိန်မကျမီကာလ...။**

ခရစ်ပြက္ခဒိန် ဧပြီလဆန်းရက်ပိုင်း တွင် စာရေးဆရာမ ဒေါ်ခင်ခင်ဝင်းထံ ဆက်သွယ်မေးမြန်းကြည့်ရာ ဆရာ တော်အား စတင် ဖူးတွေ့သိကျွမ်းရပုံ ကို ဤသို့ ပြောပြသည်။

'ကျွန်မ ကရင်ပြည်နယ် ကမမောင်း မှာ ဝန်ထမ်းအဖြစ် တာဝန်ကျတုန်းက ဗိုလ်ကြီးဖနီးမောင်နဲ့နှစ်ဦးနဲ့ ဓမ္မမိတ်ဆွေ တွေ ဖြစ်ကြပြီး ကုသိုလ်ရေးတွေမှာ အတူလက်တွဲဖြစ်ခဲ့တယ်။

ဖြတ်လေးဖြတ် စစ်ဆင်ရေးနဲ့ ကမ မောင်းကနေ မော်လမြိုင်ကို ပြန်လာ ပြီးနောက်ပိုင်း အလုပ်က အနားယူပြီး မော်လမြိုင်ဈေးကြီးထဲမှာ ကျောက် မျက်အရောင်းဆိုင်ကလေး ဖွင့်ထား တယ်။

နောက်ပိုင်း နှစ်နည်းနည်းကြာတော့ အဲဒီဗိုလ်ကြီး မ.ဝ.တာဥက္ကဌ ဗိုလ်မှူး ဘဝနဲ့ မော်လမြိုင်မှာ တာဝန်ကျတဲ့





www.burmeseclassic.com

www.burmeseclassic.com





◆ နိကြာစာရုံစေတီ

◀ နိကြာစာရုံစေတီရင်ပြင်မှ ကမ္ပည်းကျောက်စာတိုင်

...အရေး သာသနာရေးကိစ္စတွေ ...ရင်းရင်းနှီးနှီး ပြန်ဆုံဖြစ်ကြတယ်။

တစ်နေ့ ကျွန်မသမီး သီလရှင်ဝတ် ...မှာ ဗိုလ်မှူးဖနီးနဲ့ဆုံတော့ အကူ ...ညီ တောင်းပါတယ်။ စစ်တွေ ...တုသလကျောင်း (ယခု ပြတိုက်) ...ဆရာတော် ဦးဝဏ္ဏိတဆိုတာ ဒီကနေ့ ...နေ့(၃)နာရီမှာ ဆိုက်မယ့်လေယာဉ် ...နဲ့ ပါလာလိမ့်မယ်။

ဆရာတော်နဲ့ အဖွဲ့က ကဒါတ် ...ထောက်ကျောင်းကို ကြွဖို့ရာ ဒေသခံ ...ကြမ်းပြုတစ်ယောက်တော့ ကူညီပေးဖို့ ...ပါတယ်။

...ခဲ့ဝေးနယ်စိမ်း ဖြစ်နေလို့ ကျွန်မ ...ကို ဦးဆောင်ခေါ်သွားပေးဖို့ ပြောပါ ...တယ်။ သူ့မှာလဲ အရေးကြီးတဲ့ကိစ္စ ...တာမို့ ကျွန်မက လိုလိုလားလားပဲ ...ခံလိုက်ပါတယ်။

...ဆော်တော်ယာဉ်နှစ်စီး ရိက္ခာအပြည့် ...စီစဉ်ပြီး လေယာဉ်ကွင်းကို သွား ...ကြိုပါတယ်။ အဲဒီမှာ အခုအချိန် ကျော်စောထင်ရှားနေပြီဖြစ်တဲ့ ဆရာတော်တစ်ပါးက ဆယ်တန်းအောင်ပြီး သောတုဇနေ (ပရိယတ္တိစာသင်သား) အဖြစ်နဲ့ လိုက်ပါလာတာကို တွေ့ရပါတယ်။

အဲဒီဦးပဥ္စင်းကလေးနဲ့ တပည့်ဒါယကာတွေက ကားတစ်စီး၊ စစ်တွေဆရာတော်နဲ့ ကျွန်မတို့ ဒေသခံတပည့်ဒါယကာတွေက တစ်စီးစီ စီးနင်းကြပါတယ်'

'အဲဒီဦးပဥ္စင်းကလေးက ဘယ်လိုဆက်စပ်ပြီး ကြွလာတာတဲ့လဲ'

'ဗိုလ်မှူးက ဦးပဥ္စင်းရဲ့ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူထားတယ်လို့ သိရပါတယ်။

ကျောက်တော်မြို့ကို အရင်သွားပြီး ကဒါတ်ထောက်ရွာသွားဖို့ လမ်းပြရာရပါတယ်။ ကျွန်မတို့က ဒေသခံဆိုပေမယ့် မော်လမြိုင်–ကျောက်တော် ခရီးစဉ်လောက်ပဲ သွားဖူးတာ။ ကျောက်တော်က ည(၇)နာရီလောက် ပြန်ထွက်ပြီး မော်လမြိုင်–ကျောက်တော် ကားလမ်းအတိုင်း နာရီဝက်လောက်အကြာမှာ ကဒါတ်ထောက်လမ်းခွဲရောက်တယ်။

ကားတွေထားပြီး ခြေကျင်လျှောက်ကြရတယ်၊ တောလမ်း၊ ခြေသွားလမ်းကလေးမှာ ကျွန်မတို့ ခြေသံကလွဲလို့ ပိုးကောင်အော်သံတွေပဲ ကြားနေရတယ်။

လအရောင်နဲ့ စမ်းတဝါးဝါး လျှောက်ရတော့ လူအတန်အသင့်ပါပေမယ့် စိတ်ချောက်ချားစရာပဲ။ စစ်တွေဆရာတော်က ဘုရား၊ တရား မမေ့ကြဖို့ သတိပေးတော်မူပါတယ်။ ကျွန်မတို့ကတော့ ကြောက်လွန်းလို့ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ပြီး သွားကြရတယ်။

ည(၁၀)နာရီခွဲလောက်မှာ ပင်လယ်အော်သံနဲ့အတူ ကဒါတ်ထောက်ကမ်းခြေက ဝါးတိုင်၊ ဝါးခင်း၊ သဲပွတ် (ဝါးပိုးလုံးရဲ့ အပြင်ဘက်မှ ပုဆိန်ဖြင့်နေရာအနှံ့ပေါက်ကာ ခွဲဖြန့်ထားသောခင်းစရာ၊ ကာစရာ ဝါးချပ်)ကာ ခနိမိုးကျောင်းကြီးကို ရောက်ကြတယ်။

ဒီကျောင်းက (ကဒါတ်ထောက်) ဆရာတော် စိတ်တိုင်းကျ ဒါယကာတွေ ဆောက်ပေးရတာပါ။ အတွင်းမှာတော့ ယောခန့်ကြီးလို အကျယ်ကြီးပဲ။

တာတိုင်ကျော်တွေဆိုတာ အဲဒီအခန်းပြည့်လုနီးပါး၊ ကျွန်မ တစ်သက်မှာ



www.burmeseclassic.com

www.burmeseclassic.com





ကန်ပေါ်မီးရုံမှ ကမ္ဘာကျော်လိုက်ဂူတံခါး

ကန်တော်ကြီးကုန်းပေါ်မှ မြင်ရသော မိုးကြိုးစားရုံအစတိုင် စုလီးရုံ

ဒီလောက်များတဲ့ ဓာတ်တော်တွေကို အဲဒီတစ်ကြိမ်သာ ဖူးတွေ့ရတာပါ။

## မထင်မှတ်သည့် စားဖွယ်များ

ကျွန်မတို့လဲ မောပန်းခဲ့သမျှ ကြောက်လန့်ခဲ့ရသမျှ ပြေပျောက်ပြီး ဓာတ်တော်ကို အားပါးတရ အံ့သြတကြီး ဖူးမြော်နေကြတုန်း ကဒါတ်ထောက်ဆရာတော်က မောင်းကြီးကို ထုလိုက်တယ်။

မောင်းသံ ဆုံးတာနဲ့ လူတစ်စုက ဆွမ်းအုပ်ကိုယ်စီကိုင်ပြီး ကျောင်းပေါ်တက်လာကြတယ်။ ထမင်းဟင်းတွေ အငွေ့တထောင်းထောင်းနဲ့ ပူပူနွေးနွေးနဲ့ လူတွေအားလုံး ဝလင်အောင် စားကြရတယ်။

စားသောက်ပြီးကြတော့ ညဥ့်လဲ နက်ပြီမို့ အိပ်ကြတော့တာပဲ။ ဦးပဥ္ဇင်းတွေက ဘုရားခန်းနား ခေါင်းရင်းပိုင်းမှာ ကျိန်းကြပြီး ခြေရင်းမှာ ယောက်ျား မိန်းမ အစုခွဲ အိပ်ကြတယ်။ ကျွန်မ တစ်ယောက်သာ အိပ်မပျော်နိုင်ဘူး။

မောင်းတီးလိုက်တာနဲ့ စားသောက်စရာတွေ ချက်ချင်း ရောက်လာတယ်။ ပူပူနွေးနွေး အငွေ့တထောင်းထောင်း နဲ့ဆိုတော့ ညှိသည်လာရင် အရန်သင့်ကျွေးမွေးနိုင်အောင် ပြင်ဆင်ထားလေ့ရှိတဲ့ စားစရာတွေ မဟုတ်နိုင်ဘူး။ အချိန်ကိုက် ကြိုတင်ချက်ပြုတ်ခိုင်းထားတာပဲ။

ဒီအတိုင်းဆိုရင် အာဂန္တုရောက်မယ်၊ ဘယ်နှဦးလာမယ်ဆိုတာ ကြိုတင်သိရှိလို့ ပြင်ဆင်ထားတာပေါ့။ အခုခေတ်လို တယ်လီဖုန်းတွေလဲ မပေါ်များသေးဘူး။ ကျောင်းပေါ်မှာလဲ လက်ကိုင်ဖုန်းမပြောနဲ့ ရေဒီယို ကလေးတောင် မတွေ့ရဘူး။ ပကတိ တောကျောင်း၊ ခေတ်ပေါ်ပစ္စည်း တစ်ခုမှ မရှိဘူး။

ဆရာတော်ဟာ ကြိုတင် သိမြင်နိုင်တဲ့ ပုဂ္ဂိုလ်ထူးပဲလို့ တထစ်ချ ယုံကြည်ပြီး အင်မတန် ကြည်ညိုသွားတယ်။ အနေအထိုင် အပြောအဆို ရိုးသားပြီး ဟိတ်ဟန်ရှိပုံ မပေါ်တာနဲ့ ဆရာတော် ရှေ့သွား ရှိခိုးဦးချပြီး လျှောက်ထားမိတယ်။

"ဒီလောက်များတဲ့ ဓာတ်တော်တွေကို ဖူးရတော့ အံ့သြဝမ်းသာမိပါတယ် ဘုရား၊ ဒီလောက် ဝေးသီခေါင်ဖျား နေရာကိုရောက်အောင် ဓာတ်တော်တွေ ဘယ်လို ပင့်ခဲ့ရပါသလဲ ဆရာတော်ဘုရား"

ဆရာတော်က ပြုံးပြီး...

"ဒီလိုပဲ ဖွဲ့နွဲ့ပြီး စုဆောင်းခဲ့ရတာပေါ့ ဒကာမကြီး"

လို့ မိန့်တော်မူပါတယ်။ ဆရာတော်ဟာ ဝါပကာလတွေမှာ မြန်မာနိုင်ငံ အနှံ့အပြားကို ကြွရောက်ပြီး ဓာတ်တော်တွေ ရှာဖွေပင့်ဆောင်ခဲ့တာ ဒီ့သလို သူ့အလိုအလျောက် ကြွလာတော်မူကြတဲ့ ဓာတ်တော်၊ ဆံတော်တွေလဲရှိကြောင်း ကြားသိရပါတယ်။

သောက်ရေအိုး၊ သောက်ရေခွက် ကျောင်းမှာ ဆွမ်းထမင်းဟင်းချက်နိုင် ခပ်ထားတဲ့ ရေအိုးတွေကအစ ဓာတ်တော်တွေ၊ လက်လေးသစ်လောက် ရှည်တဲ့ ဆံတော်တွေ ကြွတော်မူသတဲ့။

ဒီဓာတ်တော်တွေ အားလုံး တစ်နေရာတည်းမှာ စုပြီးအပ်နှံနိုင်ဖို့ ကျိုက်ဒွမိက ဒါယကာ၊ ဈေးသည်ဈေးသားတွေကအစ (၅)ကျပ်၊ (၁၀)



www.burmeseclassic.com

www.burmeseclassic.com

ချုပ် စုဆောင်းပြီး ဓာတ်တော်တိုက်ကြီးတစ်ဆောင် ဖြစ်လာအောင် အခိုင်းကြိုးစားနေကြတယ် ဆိုတာလဲ ပြောပြပါတယ်။

## ထူးတဲ့အိပ်မက်

ဆရာတော်က ဓာတ်တော်စုဆောင်းခဲ့ပုံက အတွေ့အကြုံတွေကို စိတ်ပါလက်ပါ ရှင်းပြတော်မူလို့ နားထောင်လိုက်တာ အရုဏ်မတက်မီ လင်းကြက်တွန်တော့…

"ကဲ ဒကာမကြီးလဲ ခဏအိပ်လိုက်ဦး။ ဘုန်းကြီးလဲ အလုပ်ရှိသေးတယ်"

လို့ မိန့်ကြားပြီး အပြင်ကို ကြွသွားပါတယ်။

ဒီနောက် ကျွန်မလဲ ကြမ်းပေါ်ခင်းချထားတဲ့ အိပ်ယာပေါ်မှာပဲ အိပ်ပျော်သွားပြီး အိပ်မက်တွေ မက်ပါလေရော၊ အဲဒီအိပ်မက်ကို အခုအချိန်အထိ ရှင်းရှင်းလင်းလင်း မှတ်မိနေတုန်းပဲ၊ ဝါးကျောင်းသတ်ဝန်းကျင်မှာ လျှပ်စစ်မီးထွန်းထားသလို လင်းထိန်နေတယ်။

တမ်းခြေ ကုန်းမြေတစ်လျှောက်ကြီးတန်းတွေနဲ့ ဘုရင်အဝတ်အစား မိဖုရားအဝတ်အစား၊ မှူးမတ်၊ နန်းတွင်းသူ၊ နန်းတွင်းသား၊ မင်းညီမင်းသား၊ ဇော်ဂျီဝိဇ္ဇာ၊ ရသေ့၊ ရဟန်းတွေရဲ့ အဝတ်အစား၊ သင်္ကန်းတွေသူ့အတန်းနဲ့သူ သပ်သပ်ရပ်ရပ် လှန်းထားတာ တွေ့ရတယ်။

"လူတွေလဲ တစ်ယောက်မှ မရှိပါလား"

လို့ တွေးနေတုန်း…

"လူရှိရင် လူ့အဝတ်ရှိမယ်။ ပုဂ္ဂိုလ်ရှိရင် ပုဂ္ဂိုလ်အဝတ် ရှိမှာပေါ့"

လို့ ပြောသံ ကြားရတယ်။

ဘယ်သူက ပြောလိုက်မှန်းတော့ မသိဘူး။ အံ့ဩတကြီးနဲ့ လိုက်ကြည့်နေတုန်း လန့်နိုးသွားတယ်။

မော်လမြိုင် ရောက်တဲ့အခါ ဗိုလ်မှူး



ဆရာတော် စုဆောင်းပူဇော်ထားသော ဓာတ်တော်များ

တို့ကို ပြောပြလို့ စိတ်ဝင်စားပြီး သွားဖူးကြရာက သူတို့လဲ ဒါယကာရင်းတွေ ဖြစ်သွားကြတယ်။ ရွာအဝင်လမ်းကို ကျောက်ခင်းကားလမ်း ဖြစ်အောင် ကူသိုလ်ပြုတဲ့အပြင် ဓာတ်တော်တိုက်အတွက် လိုအပ်သမျှ အုတ်တွေ တာဝန်ယူ ဒါနပြုပါတယ်။

ကျွန်မလဲ တတ်နိုင်သမျှ အင်အားနဲ့ လိုအပ်သမျှ ထုံးကို တာဝန်ယူခဲ့တယ်။ အခု(ကျိုက္ကမီဘုရားကမ်းခြေကုန်းမြင့်တွင်) မြင်ရတဲ့ ဓာတ်တော်တိုက် မြေနေရာကိုတော့ မူလပိုင်ရှင် အိန္ဒိယအမျိုးသားက ကဒါတ်ထောက် ဆရာတော် အလိုရှိသလို အသုံးပြုပါ ဆိုပြီး လှူဒါန်းခဲ့တာပါ။ အဲဒီအချိန်က ကာလတန်ဖိုး (၁၅)သိန်းလောက် ရှိတယ်လို့ ဆိုကြပါတယ်'

## ဆရာတော် ဦးသုန္ဒရ၏

## ထေရုပ္ပတ္တိအကျဉ်း

ကဒါတ်ထောက် ဆရာတော်အကြောင်း နိဒါန်းမိတ်ဆက် သိရှိခဲ့သည်တို့ကို ပိုမိုကျယ်ပြန့်စွာ မှတ်တမ်းပြုနိုင်ရန် ကျိုက္ကမီမြို့နယ်၊ ကဒါတ်ထောက်ကမ်းခြေ ဒေသများသို့ သွားရောက်လေ့လာ စုဆောင်းဖြစ်ခဲ့သည်။

ဆရာတော်လောင်းလျာ မောင်သန်းထွန်းကို မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကမီမြို့တွင် နေထိုင်သော ဦးမောင်သန်း + ဒေါ်သေးသေးတို့မှ **မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်နေ့**တွင် မွေးဖွားခဲ့သည်။


မွေးချင်း သုံးဦးရှိတာ အစ်မ မငွေကြည်နှင့် နှမ မရီဝင်း(ယခု အသက်ထင်ရှားရှိဆဲ)တို့ ဖြစ်ကြသည်။

ဖခင်မှာ ငယ်စဉ်ကပင် ကွယ်လွန်၍ မိခင် ဒေါ်သေးသေးမှာ အသက် (၈၅)နှစ်အရွယ် ၁၃၇၃ ခုနှစ်တွင်မှ ကွယ်လွန်သည်။ အဘွား(ဖခင်၏အဘွား)သည် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ခဲ့သည့် သခင်မ ဒေါ်ထွေးဖြစ်သည်။

ကျိုက္ကမီ ရေလယ်ဘုရားတွင် ဒေါ်ထွေးလှူဒါန်းခဲ့သော ဇရပ်ကို ယနေ့တိုင် တွေ့မြင်နိုင်သည်။

မောင်သန်းထွန်း အသက်(၂၉)နှစ်ခန့်တွင် ဖာစ်မြို့တည်းနေ စန်းစန်းနွယ်နှင့် အကြောင်းပါ၍ သမီး မမိုးမိုး

www.burmeseclassic.com



▲ ရုပ်ပွားနှင့် ဓာတ်တော်အချို့

▼ ဆံတော်တစ်ဆူ



သူ၊ သား မျိုးသိန်းထွန်း ရင်သွေးနှစ်ဦး ထွန်းကားသည်။ သားငယ် မမွေးမီ ကာလကပင် ကျိုက္ခမီမြို့နှင့် သုံးမိုင်ခန့်အကွာတွင်ရှိသော **ဆင်တောင်အခြေတောရကျောင်းမှ မဟ္တရာဆရာတော် (ဘွဲ့မည်မသိရပါ။)**ထံ နည်းနာခံယူ၍ ဝိပဿနာကမ္မဋ္ဌာန်းများ ကျင့်ကြံအားထုတ်သည်။

ဆင်တောင်ထိပ် တောချုံများအတွင်း၌ အဓိဋ္ဌာန်ဝင် အားထုတ်လေ့ရှိရာ မဟ္တရာဆရာတော်ကြီးက...

'မင်း အသက်လဲ ငယ်ပါသေးတယ်။ ယတိပြတ် ဖြတ်ပြီး စွန့်စားမယ်ဆိုရင် လူမယ်ကလေးတွေနဲ့ ဇနီးသည် ဒုက္ခရောက်ရှာလိမ့်မယ်'

ဟူ၍ ဖျောင်းဖျတော်မူသဖြင့် တောထွက်ရန် ချီတုံချတုံ ဖြစ်ခဲ့ရသည်။

သမီး(၇)နှစ်၊ သားငယ်(၂)နှစ်ကျော်အရွယ်များရှိခိုက် မိမိ အသက်(၃၃)နှစ်ပြည့်သော ၁၃၅၁ ခုနှစ် တော်သလင်းလဆန်း (၁၀)ရက်နေ့တွင် ကျိုက္ခမီမြို့ တိမ္ဗုလာရုံ ရွှေဟသာကျောင်း(ရွှေကျင်ဂိုဏ်း) ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ဒုလ္လဘရဟန်းခံခဲ့သည်။

ထို့နောက် ရဟန်းဘောင်၌ စွဲမြဲကာ **သက်တော်(၅၂)နှစ်၊ ဝါတော်(၁၈)ဝါအရ ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၈)ရက် (၃–၁၁–၂၀၀၇) နေ့တွင် ပျံလွန်တော်မူခဲ့သည်။**

## လမ်းညွှန်စာအုပ်

ကာဒါတ်ထောက် ဝါးကျောင်းဆရာတော် ဦးသုန္ဒရက လမ်းညွှန်စာအုပ်အဖြစ် အသုံးပြုခဲ့သည်နှင့် ပတ်သက်၍ ကာဒါတ်ထောက် ဝေဠုဝန်ကျောင်း (ဝါးကျောင်း) လက်ရှိဆရာတော် ဦးကုသ္ဓေဘာသ၊ ကျိုက္ခမီမြို့မှ ဦးထွန်းငြိမ်း၊ ကာဒါတ်ထောက်ရွာသား ဦးအုန်းသွင်၊ ဒေါ်ခင်သောင်းရီ၊ မော်လမြိုင် မုပွန်ရပ်မှ ဒေါ်ခင်ခင်ဝင်း စသူတို့အား မေးမြန်းကြည့်ရာ ဤသို့ ပြောပြကြသည်။

ဆရာတော်သည် ထူးခြားဆန်းကြယ်သည့် အကြောင်းအရာများ လောကီပညာရပ်များနှင့် ပတ်သက်၍ စိတ်ဝင်စားသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အစဉ်အမြဲ ဖတ်ရှုခဲ့သည်။

ယင်း၌ ဖော်ပြပါရှိသော ဆောင်းပါးများပါ အချက်အလက်များကို လက်တွေ့စမ်းသပ်လေ့ရှိသည်။ ဦးထွန်းငြိမ်း (ကျိုက္ခမီ)က ဤသို့ ဆို၏။

## ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

www.burmeseclassic.com





◆ ဘုရားစင်ပေါ်မှာတင်၍ [illegible] ထည့်ထားသော ဝါးအမြှုတေ

ဗိတ်ကြွေပေါ်တင် ရိုက်ထားသော ဝါးအမြှုတေဓာတ်ပုံ ◆

ထူးခြားသော

# ဝါးအမြှုတေ

သက်မှူးပိုင်
(ပန်းတောင်း)

ဝါသနာရှင်၊ သုတေသီ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူ မိတ်ဆွေအပေါင်းတို့ ခင်ဗျား...,

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ မြေပေါ်မြေအောက်၊ ရေအောက်ပါမကျန် သဘာဝသယံဇာတ ပစ္စည်းဥစ္စာနာနာအမျိုးမျိုး ပေါများ တည်ရှိနေသည်ကို အားလုံး သိကြပါလိမ့်မည်၊ တွေ့မြင် ဖူးကြပါလိမ့်မည်။ ထိုသဘာဝသယံဇာတများထဲ၌ **"တန်ဖိုးရှိသော၊ အသွင်ဝင်သော၊ တန်ခိုးသတ္တိပြသော၊ အစွမ်းထက်ဝင်သော"** ဂမ္ဘီရဆန်သည့် အမြှုတေပစ္စည်းအမျိုးမျိုး ရှိပါသည်။

ထိုအမြှုတေပစ္စည်းတို့ မိမိတို့၏ လက်ဝယ်၌ရှိနေပါက (၈) ရရှိ ပိုင်ဆိုင်ထားပါက အကျိုးရှိစေရန်အတွက် တင်ပြရပါသော်...

၎င်းအမြှုတေများအား ဆောင်ထားသော ကာလများတွင် "ဘုရားရှိခိုး၊ ငါးပါးသီလခံယူဆောက်တည်၊ (၁၁)ဘုံသားများကို မေတ္တာပို့သ၊ အမျှဝေ သာဓုခေါ်ဆိုပြီး အေးချမ်းစွာ နေထိုင်သွားပါမူ၊ အန္တရာယ်ကင်းဘေးရန်ရှင်း၍ ကျန်းမာချမ်းသာကာ ဥစ္စာစီးပွားတို့သည်လည်း တိုးပွားနိုင်ပါလိမ့်မည်။

အထက်ပါအတိုင်း တင်ပြထားသည်နှင့်အညီ စာရှုသူများ နှစ်သက်သည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ **ဝါးအမြှုတေ၏ ဓာတ်ပုံ(၂)ပုံကို**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအို ဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား**



**ဦးစိန်အောင်၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

ဝရသ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရသ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန်စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရသ Y၀၀၉၀၇၂

ပိုးမွှားတီရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာစားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဒေါ်အေးအေးမွှေး၏**

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝရ၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှဲရှဲမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဦးအေးမောင်၏**

**သမားအို** အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဝရသ Y၀၀၉၀၇၇

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇) (၁၀၈)လမ်း မင်္ဂလာဈေးအနီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းလှမြို့ မြောက်ဖျားဆီမှ

# မဟာဝိရတနာစေတီနှင့်

ကြည်ညိုဖွယ် ရဟန်းတစ်ပါး

ဆီးသည်ဘုဇောသိ

"**ဘေးမဲ့ဘုရား**"သည် အထက်မင်းလှမြို့၏မြောက်ဘက်၊ ဓမ္မိကတောရစာသင်တိုက်အနီး ဧရာဝတီမြစ်ကမ်းနားတွင် ကိန်းဝပ်တော်မူ၍ **မင်းတုန်းမင်း စိုက်ထူခဲ့သော ဘေးမဲ့ကမ္ပည်းစာတိုင်နေရာ၌ စေတီတည်ဆောက်ကိုးကွယ်ထားခြင်းဖြစ်၍** ဘေးမဲ့စေတီ၊ ဘေးမဲ့ဘုရားဟုတွင်ကြောင်း သိရလေသည်။

ထိုစေတီအနီးတစ်ဝိုက် တောရပ်ကို၌ ကြည်ညိုဖွယ် ရဟန်းတော်တစ်ပါး တောရဆောက်တည် အားထုတ်တော်မူခဲ့သည်။ ဘွဲ့တော်ကား အရှင်ဝိမလဖြစ်သာရတွင်လေသည်။


## ကြည်ညိုဖွယ် ရဟန်းတော်

မင်းဘူးမြို့နယ်၊ ရွာပုလဲရွာတွင် ၁၂၅၆ ခုနှစ်၌ ဖွားမြင်၍ ရှင်သာမဏေဘဝတွင် ရှင်ဝိမလအဖြစ် ရတနာပုံနေပြည်တော်သို့ ပရိယတ္တိ စာပေများကြွရောက်သင်ယူရာ၌ အသိအကျွမ်းနည်းလေးပါးဒါယကာ အင်အားနည်းသူသဖြင့် စာသင်တိုက်ကြီးတစ်ခု၏ အတက်အဆင်း လှေကားရင်း၌ နေ၍ သီတင်းသုံးရလေသည်။

ရဟန်းဘဝ ရောက်သည့်တိုင် သင်၏ ပင်ပန်းမှုကို ကြံ့ကြံ့ခံ၍ စာဝါသင်ယူခဲ့ရ၏။ တစ်နေ့တွင် စာသင်တိုက် နာယကဆရာတော်ကြီးက သည့် စာသင်သားတို့၏ ပညာဉာဏ်ကို စမ်းသပ်လိုသဖြင့် စာချဆရာတော်အား...

'ဆီးတစ်တိုင်အတွင်း ယေဘာတစ်ကိုက် ဖြန့်ဆိုနိုင်သူ အရှင်ရှိသလား'

ဟု မေးမြန်းစုံစမ်းစေ၏။ စာချဆရာတော်က လိုက်လံစစ်ဆေးရာ ကျောင်း



မဟာဝိရတနာစေတီ

ရှိ စာသင်သံဃာစုံ၍ လှေကားရင်း၌ သီတင်းသုံးသည့် အရှင်ဝိမလထံ ရောက်သောအခါ ကောင်းစွာပြန်ဆိုနိုင်သည်ကို တွေ့ရလေသည်။


ကျောင်းထိုင်နာယက ဆရာတော်ကြီးသည် စစ်ဆေးမေးမြန်းတိုင်း မဆိုင်းမတွ ပြန်လည် ဖြေဆိုနိုင်သည်ကိုတွေ့ရလျှင် သာသနာ့အာဇာနည်



www.burmeseclassic.com

www.burmeseclassic.com





◆ မဏိရတနာ စေတီကုန်းတော်မြင်ကွင်း

ပုံဟန်တူသောစေတီ ▶

အရှင်တစ်ပါး ပေါ်ပေါက်လေပြီဟု ဝမ်းမြောက်စွာဖြင့်...

'ရှင်တော်ဗုဒ္ဓ၏ မွေကျွန်ာတော်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ ဖြစ်ပေသည်' ဟု ''အရှင်ဝိမလ'' ဗုဒ္ဓိတစ်လုံးတိုး က ''**အရှင်ဝိမလဗုဒ္ဓိ**''ဟု ချီးမြှင့်တော်မူလေသည်။

အရှင်ဝိမလဗုဒ္ဓိသည် စာဝါများ သင်ယူပြီးသောအခါ ဇာတိမြေသို့ ပြန်ကြွခဲ့သည်။ ထိုစဉ် မင်းတုန်းမင်းကြီး သည် ထိုအရှင်၏ သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်တို့ကို ရွေနားတော် ကြားရသဖြင့် မင်းချင်းသုံးဦးအား တာဝန်ပေးကာ ဆရာတော်နောက်သို့ သွားရောက်လိုက်ပါ စုံစမ်းစေသည်။

မင်းချင်းသုံးဦးလည်း ဆရာတော် ထံတွင် ရဟန်းပြု၍ ပါတိမောက်ကို သင်ယူကြရသည်။ ပါတိမောက်ကုန် သောအခါ (၂)ပါးမှာ ရဟန်းဘဝဖြင့် မနေနိုင်သဖြင့် လူထွက်၍ နန်းတော် သို့ ပြန်ကြသည်။

ကျန်တစ်ဦးမှာ ရဟန်းဘဝဖြင့် ဆရာတော်ထံပါး၌ တစ်နှစ်တစ်ဝါ နေပြီးမှ ခွင့်ပန်ကာ နန်းတော်သို့ ပြန်သည်။ ဘုရင့်ထံ ရောက်သောအခါ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်တို့မှာ အံ့ချီးမကုန်အောင် တွေ့ ကြုံရကြောင်း လျှောက်ထား၏။

သို့ဖြစ်၍ မင်းတုန်းမင်းသည် ဆရာ တော်အား နန်းတော်သို့ပင့်ဆောင်၍ ပစ္စည်းလေးပါးထောက်ပံ့လျက် မင်း ဆရာအဖြစ် ကိုးကွယ်လိုကြောင်း လျှောက်ထားလေသည်။

ဆရာတော်က ငြင်းပယ်၍ တော တောင်တွင်း၌သာ တရားကမ္မဋ္ဌာန်း စီးဖြန်းနေလိုကြောင်း မိန့်တော်မူ သည်။ သို့ဖြစ်၍ **(ယခု မင်းဘူးမြို့နယ်) မန်ကျည်းပင်ရွာတွင်** လေးထပ်ရွှေ ကျောင်းကြီး ဆောက်လုပ်လှူဒါန်း တော်မူသည်။

ဘုရင်လှူဒါန်းသည့် ပြောင်ပြောင် ဝင်းဝင်းရွှေကျောင်းတော်၌ ခေတ္တသာ နေ၍ ''**မွေ့ယာကော်ဇော၊ ထူပြော ကီလေသာ၊ ရှောင်ခွာသွေဖီ၊ တော ရပ်မှီ၍ ဝစီနှုတ်ပိတ် ကမ္မဋ္ဌာန်းစိတ် ဖြင့် တောရပ်ရဂုံ မှီလှုံလို၏**''ဟုမိန့် ကြားသည်။

သို့ဖြစ်၍ တပည့် ဒါယကာများက မန်ကျည်းပင်ရွာတောင်ဘက် ဖောင် တော်ဦးစေတီအနီး ရွာပုလဲရွာနှင့် မနီး မဝေးတောရပ်တွင်ရှိသော သိမ်ကုန်း၌လေးပင်ကျောင်းတစ်ဆောင် ဆောက် လုပ် လှူဒါန်းကြသည်။

ဆရာတော် အရှင်ဝိမလဗုဒ္ဓိ၏ အကျင့်သိက္ခာသီလပညာဂုဏ်တို့သည် မြို့ရွာနယ်ပေါ် ကျော်စောထင်ရှားကာ မင်းတုန်းမင်းကြီးက...

**ဝိမလာလင်္ကာရ ကဝိဓဇမဟာ မွေရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ကာ** ရှိရင်းစွဲ ဘွဲ့မည်တွင် ''**စာရ**''တိုးလျက် ''**အရှင်ဝိမလ ဗုဒ္ဓိစာရ**''ဟု ချီးမြှောက်တော်မူသည်။

ဆရာတော်သည် ထိုသို့ ကျော်စော ထင်ရှားသော အခြေအနေ မင်းမိဖုရား ကိုးကွယ်ခြင်းခံရ၍ မင်းနှင့် အကျွမ်းဝင် ခြင်း (ရာဇဝလ္လဘ)တို့သည် နိဗ္ဗာန် ရောက်ကြောင်း တရားကို ကျင့်ကြံရာ တွင် အဟန့်အတားဖြစ်စေသော ကြောင့် သိမ်ကုန်းကျောင်းတွင်လည်း တစ်နှစ်တစ်ဝါသာ သီတင်းသုံးလျက် ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေတော်မူ သည်။

သို့နှင့် **(ယခု မင်းလှမြို့ကြောက် ဘက်၊ မြင်ကြတောင်၊ ခေမာဝီရ**





www.burmeseclassic.com

www.burmeseclassic.com

တုန်တော်၊ ဓမ္မိကတောရများတည်ရာ) တောတောင်အရပ်သို့ ကြွရောက်၍ သော်ရဆောက်တည်တော်မူလေသည်။

ထိုသို့ ကြွရောက် သီတင်းသုံး ကြောင်းကို မင်းတုန်းမင်း ကြားသိ သောအခါ ဆရာတော်သီတင်းသုံးရာ တောအရပ် **(ယခု မြင်ကြတောင်၊ ခေဓာဂီရိကုန်းနှင့် ဓမ္မိကတောရ)** နယ်မြေအတွင်း...

'သစ်ပင်ဝါးပင်များကို မခုတ်ရ၊ သားငှက် တိရစ္ဆာန်များကို ပစ်ခတ်သတ်ဖြတ်ခြင်းမပြု ရ အုတ်ဖုတ်ခြင်း၊ မြောင်းတူးခြင်းမပြုရ'

ဟူ၍ အထိမ်းအမှတ် ရာဇူတိုင် (ကမ္ဗည်းစာတိုင်)စိုက်ထူကာ မင်းမိန့် ဖြင့် တားမြစ်စေသည်။

ဧရာဝတီမြစ် တောင်ဘက်ကမ်း အထက်တွင် သဖန်းချောင်းမှအောက် တွင် ခွေးနဘန်းချောင်းအထိ ဘေးမဲ့ နယ်မြေဟု သတ်မှတ်လျက် ဆရာ တော် အရှင်ဝိမလဗုဒ္ဓိစာရအား ၁၂၃၅ ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်နေ့တွင် လှူဒါန်းတော်မူလေသည်။

ဆရာတော် အရှင်ဝိမလဗုဒ္ဓိစာရ သည် ၁၂၅၃ ခုနှစ်၊ သက်တော် (၉၇)နှစ်၊ ဝါတော် (၇၆)ဝါအရတွင် ပျံလွန်တော်မူသည်ဟု သိရ၏။

ဆရာတော်ကြီးသည် ပိဋကတ် ကျမ်းစာများကို ပေစာအဖြစ်ရေး စီစစ်တော်မူသည်ဟု မှတ်တမ်းရှိသော် လည်း ဆရာတော်ပြုစုခဲ့သည့် ပေစာ စာရင်းများကိုမူ မသိရှိရပေ။ **ကြွင်း ကျန်ရစ်သော 'ဖြစ်စဉ်တော်များကို ဖြည့်စွက်ပေးနိုင်ပါက မြန်မာသာသနာ ဝင်အတွက် ဝမ်းမြောက်ဖွယ် ဖြစ်ပေ သည်။**

ကြည်ညိုဖွယ်တွင်

မင်းလှမြို့၏ မြောက်ဘက်တစ်မိုင် ကွာ ဓမ္မိကတောရစာသင်တိုက် အနောက်မှခ်ဦးကို ကျော်လွန်လျက် မိုင်အနည်းငယ်မျှ လျှောက်ခဲ့ရာ တမ်နှဖူးတွင်...



▲ စေတီလိုဏ်ဂူတွင်းရုပ်ပွားတော်များ



▲ စေတီမွမ်းမံမှုကျောက်စာ

'မဏိရတနာစေတီတော်'

ဟူသော ကမ္ဗည်းဆိုင်းဘုတ်ကို တွေ့ရသည်။

အရံတံတိုင်းအတွင်း အရှေ့ဘက်၌ စက်ဝိုင်းပုံတိုက်မ၊ ပစ္စယံခံ၍ ခေါင်း လောင်းမှောက်စေတီပေါက်ထားသော ပုံဟန်တူးသည့် စေတီတစ်ဆူ ကိန်းဝပ် တော်မူသည်။

လိုဏ်အတွင်း အလယ်ဗဟို၌ ရုပ်ပွားတော်လေးဆူ ဖူးတွေ့ရသည်။ အရှေ့ဘက်၌ မတ်ရပ်တော်တစ်ဆူ နှင့် ကျန်သုံးဖက်မှာ ဆင်ခံ၊ တင်ပျဉ်ခွေ ရုပ်ပွားတော်များ ဖြစ်ကြသည်။ စေတီ ဘွဲ့မှာ **"နာဂလိုဏ်ဂူရွှေကူစေတီ"** ဖြစ်ကြောင်း သိရ၏။

ရင်ပြင်တော်၊ မြောက်ဘက်တွင် စေတီမွမ်းမံခြင်းကမ္ဗည်း ကျောက်စာ ရှိ၏။ ယင်းတွင် အောက်ပါအတိုင်း ဖတ်ရှုရ၏။

သီပေါဘုရင်မင်းမြတ်သည် **မင်း ဆရာတော် ဝိမလာလင်္ကာရ ကဝိ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်ရ အရှင်ဝိမလဗုဒ္ဓိ စာရ၏ ဆန္ဒတော်နှင့်အညီ** ၁၂၄၂ ခုနှစ်တွင် မြင်ကြတောင်တော်၌ ဘေးမဲ့ ရာဇူတိုင်စိုက်ထူခဲ့ပါသည်။

ဘေးမဲ့ရာဇူတိုင်သည် လှူရှင်ရဟန်း တို့ ဦးညွှတ်ပူဇော်ရာမဟုတ်သဖြင့် ဆရာတော် အရှင်ဝိမလဗုဒ္ဓိစာရ၏ ဆန္ဒတော်အတိုင်း တပည့် အရှင် မာလာစာရသည်ယင်းဘေးမဲ့ရာဇူတိုင် နေရာ၌ နတ်လူသတ္တဝါတို့ပူဇော်ရန် စေတီတည်ထားစီမံခဲ့ရာ ၁၂၄၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက် နေ့တွင် ပြီးစီးအောင်မြင် အနေကဇာ တင်သည်။ ဘွဲ့တော်အားဖြင့် မဏိ ရတနာ တွင်တော်မူပါသည်။

ထိုစေတီကို ၁၂၈၀ပြည့်နှစ်၊ တန် ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့ တွင် တစ်ဖန် မွမ်းမံပြုပြင်ကြကာ နှစ်(၇၀)ကျော်အကြာ ပျက်ယွင်းသမျှ ကို ရေနံဓာတုစက်ရုံဝန်ထမ်းများနှင့် အများကောင်းမှုဖြင့် မွမ်းမံခဲ့ကြောင်း မှတ်တမ်းပြုထားခြင်းဖြစ်သည်။


မင်းတုန်းမင်းလှူသော ဘေးမဲ့ အထိမ်းမှတ်ကမ္ဗည်းတိုင်နေရာ၌ နတ် လူအများ ပူဇော်နိုင်ရန် ဆရာတော် ဦးဝိမလဗုဒ္ဓိစာရ၏ ဆန္ဒနှင့်အညီ တပည့်ဦးမာလာစာရက ၁၂၄၂ ခုနှစ် တွင် မဏိရတနာစေတီ တည်ထောက် ပူဇော်ခဲ့ခြင်းဖြစ်သည်ဟု သိရ၏။

ဓမ္မိကတောရစာသင်တိုက် မှတ်

www.burmeseclassic.com



ကမ်းခြေနံရံမှ ကမ္မဋ္ဌာန်းဂူ



ကမ္မဋ္ဌာန်းဂူတွင်းမြင်ကွင်း

တမ်းအရ ဦးဝိမလဗုဒ္ဓိစာရပျံလွန်တော်မူသည့် ၁၂၅၃ ခုနှစ် နောက်ပိုင်း မကြာမီတွင် ဓမ္မိကကျောင်းနေရာ၌ ဆရာတော်ဦးကေသရသည် အရှေ့လှည့်နှစ်ထပ်ကျောင်းနှင့် သိမ်တင်း သုံးတော်မူကြောင်း သိရသည်။

စေတီတော် ဦးဆောင်တည်ဆောက်သော ဦးမာလာစာရ သိမ်တင်းသုံးခြင်း ရှိမရှိကိုမူ ဖော်ပြထားခြင်းမရှိပေ။

ပုံဟန်ထူးသော စက်ပိုင်းပုံတိုက်မ စေတီ၏ နောက်ဘက်ကပ်လျက်တွင် မဏိရတနာစေတီတော်ကြီးကို ဖူးတွေ့ရသည်။

စေတီတော်မှာ လေးထောင့်ပစ္စယံ သုံးဆင့်အထက် ခေါင်းလောင်းမှောက် စေတီပေါက်ထားသော ခန့်ထည် သပ္ပါယ်လှသည့် စေတီကြီးဖြစ်သည်။

ပစ္စယံထောင့်စိုက် အရံစေတီ(၁၂) ဆူနှင့် လေးမျက်နှာမုခ်တံကဲလေးခုတွင် တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူ ပူဇော်ထားသည်ကို တွေ့ရပေသည်။

## ကမ္မဋ္ဌာန်းဂူ

စေတီကုန်းတော် အနောက်မြောက်ထောင့် မြစ်ကမ်းသို့ နိမ့်ဆင်းသွားသော လှေကားကလေးမှ ဆင်းကြည့်ရာ လမ်းခုလတ် ကမ်းခြေနံရံစောင်း၌ ကမ္မဋ္ဌာန်းဂူတစ်ခု တွေ့ရ၏။

**ဆရာတော် အရှင်ဝိမလဗုဒ္ဓိစာရ အားထုတ် ကျင့်ကြံတော်မူခဲ့သော သဘာဝဥမင်လိုဏ်ဂူကလေး ဖြစ်ကြောင်း သိရ၏။**

စေတီရင်ပြင်မှသော် လည်းကောင်း၊ ကမ်းခြေမြေပြင်ထက်မှ လည်းကောင်း၊ လှမ်းကြည့်၍ မမြင်နိုင်သော မျက်ကွယ်နေရာ၌ရှိကာ အေးချမ်းဆိတ်ငြိမ်လှသည်။ တရားကမ္မဋ္ဌာန်း ဆောက်တည်လိုသူများအတွက် အထူးသင့်လျော်သည့်နေရာကလေးဖြစ်သည်။

၁၃၅၀ ပြည့်လွန် နှစ်များတွင် အုတ်၊ အင်္ဂတေ၊ သံပန်းတံခါးများ တပ်ဆင်ကာ မွမ်းမံထိန်းသိမ်းထားခဲ့ကြောင်း ကြားသိရပေသည်။

## နှုတ်ဆက်ဂါရဝ

မြင်ကြာတောင်၊ မဏိရတနာစေတီ ကုန်းတော်တစ်ခွင် လှည့်လာကြည့်ရှုရစဉ် သစ်ပင်ရိပ်များနှင့် မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေပြည်များက ပူလောင်ပြင်းပြသည့် မိုးနည်းရေရှားဒေသ နွေနေ့ခင်းကို သက်သာရာ ရစေပေသည်။

ပြည့်ရှင်မင်းကိုယ်တိုင် သတ်မှတ်လှူဒါန်းခဲ့သော ဘေးမဲ့နယ် သာသနာမြေတွင် ရှင်တော်ဘုရား၏ လမ်းညွှန်တရားဒေသနာအတိုင်း ကျင့်ကြံအားထုတ်ကာ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာစစ်ကို ခံစားရရှိနိုင်သဖြင့် "**မြင်ကြာ**" ဟူသော ပညတ်တွင်ရှိကြောင်း မှတ်သားခဲ့ရသည်။

သို့ဖြစ်ရာ အတွင်းအဇ္ဈတ္တသန္တာန်၏ အေးငြိမ်းမှုကိုပါ ခံစားရရှိနိုင်ကြသော အတွင်းအပြင် အေးမြစေသည့် နေရာဌာနလည်း ဖြစ်ပေသည်။

ဤစေတီနှင့်တကွ သာသနာမြေကြီး ပွင့်ထွန်းစေရန် စတင်တော်မူခဲ့သော ဆရာတော် အရှင်ဝိမလဗုဒ္ဓိစာရသည် ရဟန်းသာမဏေ များပြားလှသော ရတနာပုံနေပြည်တော်တွင် ဆွမ်းအာဟာရ ခေါင်းပါးငတ်မွတ်ခံ အပင်ပန်းဆင်းရဲခံကာ ပရိယတ္တိစာပေကို ဆရာသမားထံ ကျိုးနွံစွာ ကြိုးစားသင်ယူ ထူးချွန်ခဲ့ခြင်းသည်လည်း ချီးကျူးအားကျဖွယ် ကောင်းပါသည်။

ထို့အတူပင် သီလပညာသိက္ခာဂုဏ်တို့ ထင်ရှားကျော်ကြားလာချိန် မင်းမိဖုရားတို့ ကိုးကွယ်ခြင်းခံရ၍ မင်းနှင့်ကျွမ်းဝင်ခြင်း၊ ရာဇဝလ္လဘ ရရှိချိန်တို့၌လည်း သာယာနေခြင်းမရှိဘဲ နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျင့်ကြံရာတွင် အဟန့်အတား ဖြစ်စေသည်ဟူ၍ ပယ်ရှားကာ ဆိတ်ငြိမ်ရာတောတောင်တွင် တစ်ကိုယ်တည်း သိမ်တင်းသုံး အားထုတ် ကျင့်ကြံတော်မူခဲ့သည်မှာ ကြည်ညိုဖွယ်ကောင်းလှပေသည်။


သို့ဖြစ်လေရာ မြန်မာ့သာသနာဝင်တွင် ထူခြားလှသော **မင်းလှမြို့၊ မြင်ကြာတောင်၊ မဏိရတနာစေတီကုန်းတော်သို့** ဗုဒ္ဓဘာသာဝင် ပါရမီရှင်တို့ လာရောက်ကြည်ညိုသင့်လှကြောင်း မှတ်ချက်ချ၍ ပူဇော်ဖော်ပြလိုက်ရပေသည်။

**ခရီးသည်သုတေသီ**

www.burmeseclassic.com

စင်မိစင်ရာ

# ကိုယ်တွေ့ကျင့်စဉ်




[၁]

ကြဲကြဲဖန်ဖန်။

ဆရာကြီးနှယ်...ဒီလိုကိစ္စ ရှိရတယ် ...။

သူ့ ဘယ်သူက ပြောတုန်းဆိုတော့ ...တို့ငယ်ငယ် သူတို့အရပ်ထဲ ...မောင်ဆိုတာက ပြောခဲ့တာတဲ့။ ... သင်ပေးတာတဲ့။ ဘိုးမောင်က ...တုန်းဆိုတော့ ဓမ္မာစရိယ ...တန်းအောင်ပြီးသား ဘုန်းကြီး ...တစ်ယောက်တဲ့။

[၂]

...ရယ်လို့ မဟုတ်ပါဘူး။ ...တော်နေတဲ့ ရပ်ကွက်ထဲက ...တန်းကျောင်းမှာ လုပ်သွားတဲ့ ...ကျောင်းအုပ်ဆရာကြီး ပင်စင်ယူသွား ...တော့ သူ့ဆီ မကြာမကြာ သွားလည် ... သတ်ဖက်ရည်ဆိုင် ထိုင်ဖြစ် ထိုင်ဖြစ် ...ပါ။ အဲဒီမှာ စင်မိစင်ရာ ...ပြောမြောက်ပြောနဲ့ပေါ့။

...တ ကျွန်တော့်ထက် ဆယ်နှစ် ကျော်ကြီးတယ်။ ပါဠိလို နားလည်တယ်။ အင်္ဂလိပ်လိုလဲ ကျွမ်းကျင်တယ်။

တစ်နေ့ကတော့ ဘယ်က ဘယ်လို စင်မိသွားတယ် မသိပါဘူး။ ဆရာကြီးက ပြောလာ တော့တယ်။

'ကျောက်သင်ပုန်းမှာ ကကြီးခခွေး ဗျည်း သုံးဆယ့်သုံးလုံးကို ရေးထား။ ကျောက် သင်ပုန်းကို အိပ်တဲ့ ခေါင်းရင်းမှာ ထောင်ထား။

အဲဒါ အိပ်ရာက တရေးနိုးတဲ့အခါ ကကြီး လို့ဆိုပြီး ကကြီးတစ်လုံးကို ရေလေးဆွတ် ဖျက်လိုက်။

နောက်နေ့ ခခွေးပေါ့။ ဒီလိုနဲ့ ရက်မခြားဘဲ သုံးဆယ့်သုံးရက်ပြည့်အောင် လုပ်ရမယ်။

တကယ်လို့ တရေးနိုးမှာ မဖျက်မိရင် အိပ်ရာက နိုးတဲ့အခါ တပိုတပါး (အခင်း ကြီးအခင်းလေး) မသွားခင် ဖျက်မိအောင် ဖျက်ရမယ်။

အစီအရင် ပျက်ရင် အစက ပြန်လုပ်ရမယ်။ အဲဒါ "သုံးဆယ့်သုံးလုံး သုံးကြိမ်သုံးခါ လုပ်မိသွားရင် ရေးရောင်းလို့ ကောင်းတယ်။ ပွည်းမကျန်ဘူး။ အကြွေးမကျဘူး။ တစ်ကြိမ် အောင်ရင်ကို အရောင်းအဝယ်က ဖြစ်တော့ တာ"'

ဒီလို ပြောလာတယ်။ သူ့ကိုယ်တွေ့ လို့လဲ ပြောပြန်တယ်။

[၃]

ကျွန်တော်တို့လူမျိုးမှာက ဒီလိုနည်း ဒီလိုဟန်လေးတွေ ရှိတယ်မို့လား။ မသိသူကျော်သွား သိသူဖော်စားလို့လဲ ပြောကြတယ်မို့လား။

ကျွန်တော်ကတော့ ကြာရင် မေ့ သွားမှာစိုးလို့ စာနဲ့ပေနဲ့ ရေးမှတ်ထား လိုက်တော့တာပါ။

**သီလ (ရွှေတိဂုံ့နှစ်တောင်)**

**စာမျက်နှာ (၁၁၉)မှ အဆက်**

...ဦး ဖော်ပြလိုက်ပါသည်။ ဤ ဝါးအမြုတေ၏ဓာတ်ပုံကို ...ရေးသူ တို့(...)တပ်ရင်းတွင်နေထိုင်သော စာပေဝါသနာ ...သူ မောင်သီဟရာဇာ သိန်းထွန်းပိုင်၏ အဆက်အသွယ် ...ဖြင့် သူ၏ မိဘ(၂)ပါးထံမှ ရရှိခဲ့ပါသည်။

သီဟရာဇာသိန်းထွန်းပိုင်၏ ဖခင်ဖြစ်သူသည် စာရေးသူ ...အဆက်အရာရှိတစ်ဦးဖြစ်သော်လည်း လေ့လာလိုသူတို့ ...အတွက် ဗဟုသုတရရှိစေလိုသည့် စေတနာဖြင့်၊ စိတ်ရှည် ...သည်းခံစွာဖြင့် စာရေးသူကို စိတ်ကြိုက် လေ့လာစေပြီး ...ဓာတ်ပုံရိုက်ကူးခွင့်ပါ ပြုခဲ့ပါသည်။

...မှာ မြင်တွေ့ကြရသည့်အတိုင်း ဝါးအမြုတေကိုမြေအိုး ...ထဲမှာထည့်၍ ဘုရားစင်မှာတင်ကာ ဗုဒ္ဓ ရုပ်ပွားတော် အနီးမှာ လှူဒါန်းပြီးပါသည်။

(ဆောင်းပါးအတွက် ကူညီကြသော မောင်သီဟရာဇာ သိန်းထွန်းပိုင် တို့မိသားစုများ ကျန်းမာချမ်းသာကြပါစေ။)

**သက်မှူးပိုင် (ပန်းတောင်း)**

**စာကြွင်း။** ။ ဤဝါးအမြုတေအား မောင်သီဟရာဇာ သိန်းထွန်းပိုင်တို့ နေထိုင်ရာ အိမ်နောက်ဖေးရှိ တောင် ကုန်းကမူပေါ်၌ရှိသော ဝါးပင်ကို မီးရှို့သတ်ရာမှ၊ မီး မလောင်ကျွမ်းဘဲ ကျန်ရှိသည့် ဝါးပင်ကို ခုတ်ယူ ဖြတ် တောက် ခွဲစိတ်ကြည့်ရင်းက ထူးဆန်းစွာ ရရှိခဲ့ခြင်းဖြစ်ပါ သည်။

www.burmeseclassic.com

ကျေးလက်တောရွာက

# မြန်မာ့ရိုးရာ ယတြာအပိုင်းအစများ

မောင်ဝေယံနီ
(အင်းတော်)

ပညာခေတ်ကြီးမို့ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဟု ပြောဆိုကြပေမယ့် မြန်မာ့ကျေးလက်တောရွာက အသစ်တွေ ဘယ်လိုကောင်းသော်လည်း အဟောင်းမှာ တဝဲလည်လည်ဖြစ်နေကြသေးသည့် ချုပ်ရိုးသစ်ထဲက မြန်မာ့ရိုးရာယတြာအဟောင်းလေးတစ်ခုကို တင်ပြလိုပါသည်။

အစွဲလည်းကြီး ယနေ့ထိ သူတို့အသည်းက စွဲနေသေးသည့် နေ့အလိုက်ယတြာမှာ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။





တနင်္ဂနွေနေ့ဖွားလျှင်...

ဆန်မှုန့်ကို **ဂျုန်ရှပ် ထု**၊ ထမင်း၊ မုန့်ပဲ၊ ချိုချဉ်အရသာနှင့်ပြည့်စုံသည့် မုန့်များကို ငှက်ပျောဖက်မှာထည့်၊ ဟင်းရွက်,သစ်သီး,ပန်းထည့်။

ထီးလေးလက်၊ ကြက်လျှာလေးခု၊ မီးတိုင်ထွန်း၍ **အနောက်မြောက်အရပ်သို့** ပို့ရမည်ဖြစ်သည်။ မပို့မီ ယတြာအစုကို အောက်ပါမန္တန်ဖြင့် (၇)ခါ မန်းရမည်ဖြစ်သည်။

'ဥုံ နမော ဗုဒ္ဓ ရက္ခ၊ ဓမ္မ ရက္ခ၊ သံဃ ရက္ခ သွာဟ'

ဆိုပြီး ရွတ်ဆိုပြီး ပို့ရမည်ဖြစ်သည်။ ကျန်းမာလာမည်ဖြစ်သည်။

တနင်္လာနေ့ဖွားလျှင်...

ဆန်မှုန့်ကိုပင် **ကျားရုပ်ပြု၍** တနင်္ဂနွေနေ့ယတြာအစုအတိုင်း ထမင်း၊ မုန့်အမျိုးမျိုးအပြင် ဟင်းရွက်၊ သစ်သီး၊ ပန်းစသည့်(၇)မျိုးပြည့်အောင် စီရင်၍ ထီး(၄)လက်၊ ကြက်လျှာ(၄)ခုတို့ဖြင့် အရှေ့အရပ်ပို့ပါ။

**ရွတ်ရန်မန္တန်မှာ...**

'ဥုံ ယက္ခနိ ဃက္ခနိသွာဟ'

ဆိုရပါမည်။ (၇)ခေါက် ရွတ်ဆိုရပါမည်။ အဖျားအနာကင်းရှင်းပျောက်သွားမည် ဖြစ်ပါသည်။

အင်္ဂါနေ့ဖွားလျှင်...

**ခြင်္သေ့ရုပ်ထုပါ။** ရှေးကအတိုင်း အစီအရင်အတိုင်း စီရင်၍ **အနောက်တောင်သို့** ပို့ရမည်။ ရွတ်ဆိုရန်မန္တန်ကား...

'ဥုံ ယက္ခ ယက္ခ သန္တိသွာဟ'

ဖြစ်သည်။ ကျန်းမာလာမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့ဖွားလျှင်...

**ဆင်ရုပ်ထုပြီး** အထက်ပါ အစီအရင်အတိုင်းပြုပြီး **အနောက်မြောက်သို့** ပို့ရမည်။

**ရွတ်ရန်မန္တန်ကား...**

'ဥုံ နမောတိ သွာဟ'

ဖြစ်သည်။ အဆိုပါဂါထာ (၇)အုပ်ရွတ်ရပါမည်။ ကျန်းမာ မည် ဖြစ်သည်။

ကြာသပတေးနေ့ဖွားလျှင်...

**ကြွက်ရုပ်ထုပြီး** အထက်ပါ အရင်အတိုင်း ဆောင်ရွက်ပြီး **အရပ်သို့** ပို့ရပါမည်။

**ရွတ်ဆိုရမည့် မန္တန်ကား...**

'ဥုံ သုံတိယာ ကရောတိရာ၊ သွာဟ'

ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့ဖွားလျှင်...

ရချိတ်ထုပါ။ အစီအရင်မှာအထက်ပါအတိုင်း ဖြစ်သည်။ **အနောက်သို့** ...။ **ရွတ်ဆိုရမည့် မန္တန်မှာ...**

'ဥ ဗိသာယာ သွာဟ'

ဖြစ်ပါသည်။

စနေနေ့ဖွားမူ...

ရချိတ်စီရင်ထုပြီး အထက်ပါအစီအရင်တိုင်း ဆောင်ရွက်၍ **အရှေ့တောင်သို့** ပို့ရမည်။ **ရွတ်ဆိုရန်မန္တာန်...**

'ဥ နမော မဟာယက္ခာ သဗ္ဗယက္ခာ ...ယက္ခို'

...ကြိမ်ရွတ်ပါ။

...နေ့ (ဗုဒ္ဓဟူးနေ့ နေ့လယ်ပိုင်း ...နေ့ ၂နာရီ)နောက်ပိုင်းဖွားမူ...

**...နှင့်ရက်ချပ်ထု၍** အထက်အစီအရင်အတိုင်း ရွက်ဆောင်၍ **အရှေ့...သို့** ပို့ရမည်။ **ရွတ်ဆိုရန်မန္တာန်...**

'ဥ နမောတိ သွာဟ'

...ခေါက်ရွတ်ဆိုရပါမည်။

...တို့အဆိုကတော့ နေ့အလိုက် ...ခဲ့သည့်သူများကို ဤယတြာ ...တိုင်း ဆောင်ရွက်လျှင် ပြန်လည် ...မှန် နာလန်ထလာမည်ဟု ပြော...သည်။

...သီတွင်နေခဲ့စဉ်က ဆိပ်သာရှာ ...ကြီးကြူက ပြောပြခဲ့ခြင်းဖြစ်ပါ ...ယုံကြည်မှုရှိလျှင်မူ မည်သည့် ...ဆို အောင်မြင်မှုရရှိကြမည် ...သည်။

***...ယု ဝဏ္ဏော သုခံ ဗလံ***

**...ဗဟိန်း (အင်းတော်)**

## ၂၀၁၆ ခုနှစ်၊ မတ်လ

# ထီ

## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၆ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၂၆ |
| **မတ်လ** | + ၃ |
| **ခုနှစ်** | ၂၀၁၆ |
| | ၂၃၄၅ = ၁၄ = ၅ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၅)ဂဏန်းရသည်။ သို့ဖြစ်၍ **၂၊ ၃၊ ၅၊ ၈၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၃၊ ၅၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|---|
| ၂...၂ | ၃...၂ | ၅...၂ | ၈...၂ | ၉...၂ |
| ၂...၃ | ၃...၃ | ၅...၃ | ၈...၃ | ၉...၃ |
| ၂...၅ | ၃...၅ | ၅...၅ | ၈...၅ | ၉...၅ |
| ၂...၈ | ၃...၈ | ၅...၈ | ၈...၈ | ၉...၈ |
| ၂...၉ | ၃...၉ | ၅...၉ | ၈...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၃၊ ၅၊ ၈၊ ၉** ဂဏန်းများ ဦးစားပေး ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၃ + ၂ + ၀ + ၁ + ၆) = ၁၂ = ၃ ရသည်။ သို့ဖြစ်၍ "၃"ဂဏန်းမှာ အထူးအားကောင်း



နေပါသည်။

သို့ဖြစ်၍...

| စ... ဆုံး | | | | | |
|---|---|---|---|---|---|
| ၂... | ၂၊ | ၃၊ | ၅၊ | ၈၊ | ၉ |
| ၃... | ၃၊ | ၅၊ | ၈၊ | ၉၊ | ၂ |
| ၅... | ၅၊ | ၈၊ | ၉၊ | ၂၊ | ၃ |
| ၈... | ၈၊ | ၉၊ | ၂၊ | ၃၊ | ၅ |
| ၉... | ၉၊ | ၂၊ | ၃၊ | ၅၊ | ၈ |

ဤလတွင် **အင်္ဂါနှင့်ကြာသပတေးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းဘုရားစေတီတစ်ဆူဆူတွင် "ရှင်အရဟံ" ပုတီးစိပ်ဖြင့် (၉)ရက်တိတိ မိမိမွေးနံအရပ်/ထောင့်တွင် မိမိ အသက်တိုင်း (၁၀၈)လုံး ပုတီးကုံးနှင့် ရွတ်ပွားပူဇော်ပေးပါ။

ပြုခဲ့သော ကုသိုလ်ကောင်းမှုကို မိမိမြင်အပ်၊ မမြင်အပ် ဆရာသမားများအား အမျှဝေပေးပါ။

အထက်ပါ အဓိဋ္ဌာန်အောင်မြင်ပါက မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် သန့်ရှင်းရေး (၃)ရက်တိတိ ပြုလုပ်ပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

**✦၃၅၉၈၃ ✦၃၃၉၈၂၅ ✦၅၈၈၃၉၃**

***ထီကံ ပွင့်ပါစေ***

**(ဆရာ့ရဲထွက် (သုတေသီ))**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့၊ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။ ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါး




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၀၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

များ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထမျာတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက် ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒ ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်း အရိုးအဆစ်အကြောနဲ့ လေးဖက်နာ များကို သက်သာပျောက်ကင်းစေတဲ့ ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေး လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက် ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေး ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုခမ္မာလမ်းမကြီး၊**
**သဗ္ဗာရှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

ပုလဲဖြူဆီသို့ (၂)

တိုင်းလိပ်


**ယခင်လမှအဆက်**

းနုံရပ် တစ်လျှောက်တွင် ကိုပ်ရှစ်ဆူသော နောင်တော် ဗုဒ္ဓ တော်များအား အစီအရီ ဖူး ရသည်။

ဟောင်းသိမ်တော်အတွင်း ဝင် သွားပါက ရုပ်ပွားတော်လေးဆူ လှည့်ပတ် ဖူးမြော်နိုင်ရန် နံရံနှင့် င်အကြား လူတစ်ကိုယ်ဝင်သာ တ်လမ်းကလေး ချန်ထားလေ့ လေသည်။

• • •

**ရှေးဟောင်းသိမ်တစ်ဆောင် ဖွဲ့စည်းပုံ**





သိမ်တော်သည် ဂျိုင်းမြစ်ကမ်းတွင် င်တည်ရှိနေရာ သိမ်ရှေ့ကမ်း မြောက်ဘက်ရှိ ကတိုး၊ ကော့နှပ် အိမ်ခြေများအား မှုန်ပျပျ စဖွယ် လှမ်းမြင်ရသည်။

သိမ်အနီး ကျောက်ဆောင်ပေါ်၌ တစ်စီး တည်ရှိခဲ့ရာ လှေသား လှေချည်တိုင်အဖြစ် အသုံးပြု သောကြောင့် ရေအောက်သို့ ကွယ်ပျောက်သွားကြောင်း ည်။


**ဟီးသံနှင့် ရေဘေးအန္တရာယ်**

ချပ်ကြီး ကျဆင်းရာနေရာတွင် ၍ ဝဲလှည့်ကာ တဝေါဝေါ



▲ သိမ်အတွင်းမှ ဂျိုင်းမြစ်ကျော်နှင့် ကတိုး၊ ကော့နှပ်ရွာများအား လှမ်းမြင်ရစဉ်


▼ မြင်းဟီးသံကြားရလေ့ရှိသော မူလမြင်းရုပ် နစ်မြုပ်ရာမှ ရေဝဲကယက်




မြည်ဟည်းသံများ ထွက်ပေါ်နေလေ သည်။ နှစ်စဉ် ကျင်းပမြဲဖြစ်သော တပေါင်းလပြည့်နေ့ ပွဲတော်ချိန်တွင် ရေအောက်မှ မြင်းဟီးသံကြားရပါက ကုန်းတော်တစ်ခုလုံး ရေလွှမ်းကာ ရေ ဘေးအန္တရာယ် ကျရောက်လေ့ရှိ သည်ဟု သိရသည်။ ဤသည်နှင့် ပတ်သက်၍ ကျောင်းထောက် ဦးပဥ္စင်း ဦးဝါသဝက...

၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်နေ့ ပွဲတော် အချိန်မှာ၊ ဦးပဥ္စင်းလဲ စည်ကား ပွဲ လှတဲ့ ပရိသတ်တွေကို ကြောင်ကြည့်ပြီး

www.burmeseclassic.com



◄ တရားမင်း ကိုင်ဆောင်ခဲ့သော
လေးတော်နှစ်စင်းသဏ္ဍာန် ပြုလုပ်ထားသည့်
သားသမီးဆုပန်နိုင်သော မြင်းဖြူ ►



လူသူ ကင်းရှင်းတဲ့ ဒီသိမ်ပေါ်မှာ သီတင်းသုံးနေတယ်။ ည(၉)နာရီလောက်မှာ ရေအောက်က မြင်းဟီသံကို နားနဲ့ဆတ်ဆတ်ကြားရတော့တာပဲ။ (၃)မိနစ်လောက် ကြာပယ်ထင်တယ်။

ဒါနဲ့ ဆရာတော်ကို လျှောက်ထားပြီး ကျောင်းအောက်က ရေမျောနိုင်တဲ့ ပစ္စည်းပစ္စယတွေအားလုံး ကျောင်းပေါ်တင် ကြိုးနဲ့ တုပ်နှောင်ထားလိုက်တယ်။ အဲဒီနှစ်မိုးရာသီမှာတော့ ကျောင်းခင်းပြင်၊ ဖိနပ်ချွတ်အထိ ရေလွှမ်းပြီး ဆွမ်း,ကွမ်းကိစ္စအတွက် လှေနဲ့ပဲ သွားလာရတော့တယ်။

စေတီတော်လဲ ပစ္စယံတွေ အကုန်မြုပ်တယ်။ အသစ်လုပ်ထားတဲ့ မြင်းဖြူရုပ်လဲ ခေါင်းမော့ပြီး ရေကူးနေတဲ့ ပုံနဲ့ တွေ့ရတယ်'

ဟု မိန့်ကြားသည်။

ကျောင်းကြီးမှာ မြေပြင်အထက် (၁၅)ပေခန့် မြင့်မားသော တိုင်ခြေမြင့်ကျောင်းတစ်ဆောင် ဖြစ်လေသည်။

## မြင်းဖြူကြီးနှင့် သားသမီးရတနာ

မူလမြင်းဖြူကြီး ရေအောက်မြုပ်သွားသောအခါ စေတီရင်ပြင် အနောက်တောင်ထောင့်၌ မြင်းဖြူအသစ်တစ်စီးကို ထပ်မံ တည်ဆောက်ခဲ့သည်။

ခြေထောက်နှင့်တင်ပါးဆုံ၊ အမြီး စသည်အောက်ပိုင်းအားသံထည်သွင်း၍လည်းကောင်း၊ ကိုယ်အထက်ပိုင်းကို အင်္ဂတေပန်းတော့လက်ရာဖြင့် လည်းကောင်း ဆက်စပ် တည်ဆောက်ထားကြောင်း သိရသည်။

မြင်းဖြူ၏အရှေ့တွင် တရားမင်း ကိုင်ဆောင်ခဲ့သော လေးတော်နှစ်စင်းအား သစ်သားဖြင့် ပြုလုပ်ကာ ထားရှိသည်။

မည်သည့်အကြောင်းကြောင့် ဖြစ်စေ လင်စုံမယားဖက်၊ သားသမီးရတနာ ထွန်းကားခြင်း မရှိသူများသည် ဤမြင်းဖြူအား ရိုးရာကျွမ်းကျင်သူ ဘာသာရေးဆရာများ၏ အကူအညီဖြင့် ပွဲတင် ဆုတောင်းပါက အမှန်ပင် သားသမီးထွန်းကားကြောင်း ဦးပဥ္စင်းက ပြောပြသည်။

အနီးဝန်းကျင် ကတိုး၊ ကော့နဲ ကော့စိန်ကျွန်း၊ ကော့ဝလိန်ကျွန်း ကျုံစိန် စသည် ကျေးရွာများသာမ ကော့ဘိန်း၊ ကျုံဒိုး စသည် နေရာမှ မှလည်း လာရောက်၍ သားဆုပန် ဆုတောင်းပြည့်ဝကြကြောင်း သိ လေသည်။

## ဆင်ညီနောင်နှင့် ဆီးဖြူပင်

စေတီတော် အနောက်ဘက် တွင် တည်ရှိသော ဆင်ဖြူညီနေ ရှပ်တုတည်ရာ လမ်းကလေး ကား ရေလမ်းခရီးမှ လာရော သော ဘုရားဖူးများအတွက် ကပ်ရာ သံလွင်မြစ်ကမ်း ဖြစ်နေလသည်။

မော်လမြိုင်မှ သံလွင်မြစ်က

www.burmeseclassic.com





● မြင်းရှင်ရှု့မှ ဆရာတော်နှင့် ရှင်ပုဏ္ဏ အချို့အား မှတ်မိုရစဉ်

ဆေပြုနှစ်ပီး တည်ရာ အရှေ့ဘက်ဘက်မှန် ➧

● သံလွင်မြစ်ကမ်းပြင် အလယ်မှ မြင်ရသော ဆင်(၂)ကောင် ရာဆိပ်



ဆရာတော် ဦးဇဋီလမှ စေတီပျက်မည့်အရေးကြောင့် သမ္မာဒေဝနတ်များအား တိုင်တည်ကာ ရွာသူရွာသားများ တစ်အိမ်လျှင် ပုဆိန်တစ်ချက်ကျ ခုတ်ထစ်စေခြင်းဖြင့် ဆီးဖြူပင်အား အန္တရာယ်ကင်းစွာ ခုတ်လှဲနိုင်ခဲ့ပေသည်။ ယင်းနေရာတွင် ရှင်သီဝလီကိုယ်တော် ရုပ်တုအား အစားထိုး တည်ထားခဲ့လေသည်။

အတိုင်း ရေယာဉ်ဖြင့် ဆန်တက်ခဲ့ပါသွင်- ခေါင်းဆေးကျွန်းလွန်သည်နှင့် ၍ဆင်ဖြူညီနောင်အား အရှေ့မြောက်ဆီတွင် ရေးရေးပျပျ ဖူးမြင်နိုင်ပေသည်။

ဆီးဖြူညီနောင်နှစ်ပင် အနက်ကြာသပတေးအရပ် ပထမပစ္စယံထက်တွင် ပေါက်ရောက်နေသော တစ်ပင်သာ ကျန်ရှိတော့သည်။ ရှေးယခင်က ဆီးဖြူညီနောင် နှစ်စုံ(လေးပင်) တည်ရှိခဲ့သော်လည်း စေတီတော်အား ဖြိုဖျက်မည့်အရေးကြောင့် ခုတ်လှဲပစ်ခဲ့ကြောင်း သိရသည်။

ဆီးဖြူပင်အား ခုတ်လှဲရာတွင် ခုတ်လှဲသော အပင်ခုတ်သမားနှင့် စေခိုင်းသူတို့သည် ကပ်ရောဂါဘေး တစ်ခုခု ကျရောက်လေ့ရှိခဲ့ခြင်းကြောင့် တတိယအပင် (သောကြာအရပ် ပစ္စယံအထက်တွင် ပေါက်ရောက်ခဲ့သည်။)မှာ စေတီ ပစ္စယံအား အမြစ်ထိုး၍ ကွဲအက်ကြောင်းများ အတန်ပင် ပေါ်ခဲ့လေသည်။

## ဘုရားဖြူနှင့် ထီးဖြူညီနောင်

ပုလဲဖြူစေတီနှင့် နောင်တော်စေတီနှစ်ဆူမှာ ပစ္စယံလေးဆင့်ပေါ်တွင် ခေါင်းလောင်းမှောက်ပုံနှင့် ဖောင်းရစ်၊ ထီးတော် တည်ရှိပုံချင်း တူညီသော ရှစ်ထောင့် အခြေခံစေတီများ ဖြစ်ကြသည်။ လုံးပတ်တော်နှင့် ဥဏ်တော်သာ ကွာခြားလေသည်။

ငွေမင်းသက်နိုးတော် ကပ်လှူထား၍ ထီးဖြူမြစ်သော မူလ ငွေထီးမှာ ယိုယွင်းမှုကြောင့် ငွေသားအစစ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံ အစားထိုး တင်လှူထားခြင်း ဖြစ်ကြောင်း သိရသည်။

ဤစေတီညီနောင်မှ အခါအား လျော်စွာ ရောင်ခြည်တော် ကွန့်မြူးခြင်းကို ရဟန်းသာမဏေများနှင့် ဘုရားဖူး ပရိသတ်တို့ အများအပြား ဖူးတွေ့ကြရလေသည်။

တသွင်သွင် စီးဆင်းနေသော သံလွင်မြစ်ရေ ဝန်းရံလျက် စိမ်းစိုသော အုန်း၊ ငှက်ပျော၊ သရက် စသည် သစ်ပင်များအကြား ဖူးတွေ့ရသော ပုလဲဖြူနှင့် နောင်တော်စေတီနှစ်ဆူမှာ ကြည်ညိုဖွယ် ကောင်းလှလေသည်။


ဤရင်ပြင်တော်တွင် အစိဋ္ဌာန်ပြု တရားဝင်ပါက အသား၊ သက်လွတ် စသည် သတ်မှတ်ချက် မရှိသော် လည်း သီလကံကို လုံခြုံစွာ စောင့်ထိန်းရလေသည်။ လိုရာခရီး ပေါက် မြောက် အောင်မြင်စေရေးအတွက် ကူညီမစမည့်သူ မလွဲမသွေ ရောက်ရှိ စောင့်ရှောက်မြဲဖြစ်သည်ဟု ဆိုလေသည်။

ဘုရားကန်ဆိုသည့်အတိုင်း ရှေး ဟောင်းအစဉ်အလာကြီးသော စေတီ တိုင်းတွင် ရေကန်တစ်ခု တွေ့ရမြဲဖြစ် လေရာ ရင်ပြင်တော်အရှေ့မြောက် ဘက်တွင် ရေကန်ကြီးတစ်ကန်အား အုတ်၊ အင်္ဂတေဖြင့် သပ်ရပ်စွာ ပေါင် တမံ ဖို့ထားသည်ကို တွေ့မြင်ရသည်။ ရေကန်အတွင်း ရှင်ဥပဂုတ္တကိုယ်တော် ကိုလည်း ပူဇော်ထားလေသည်။

ပုလဲဖြူစေတီနှင့် ကျောင်းပရိဝုဏ် မှာ လယ်ကွင်းများ၏ အစွန် သံလွင် ကမ်းနဖူးရှိ ကျယ်ဝန်းသော မြေကွက် ကြီးဖြစ်ကာ ရှင်နှင့် ရဟန်းသံဃာ (၁၆)ပါး သီတင်းသုံး နေထိုင်ကြသည်။ ကျောင်းမြေပေါ်တွင် ရေတံခါး၊ မီးကွင်း ဂမုန်း၊ ဇော်ဂျီတောင်ဝှေး စသည် ဆေးဖက်ဝင်၊ သိဒ္ဓိဝင်အပင်များစွာ ပေါက်ရောက်နေသည်ကို တွေ့မြင်နိုင် လေသည်။

သို့ဖြစ်လေရာ စိတ်ဝင်စားဖွယ် ကြည်နူးဖွယ် အေးချမ်းလှသော အမိကာရနယ်မြေ ပုလဲဖြူစေတီကုန်း တော်သို့ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း ရပ် တစ်ဖက်ကမ်း ညောင်ပင်ဆိပ်ရွာမှ တစ်ဆင့် ကုန်းလမ်း ဖြင့် လည်းကောင်း မော်လမြိုင် ဈေးကြီး အနီးရှိ သထုံ တံတား ဆိပ်ခံဗောမှ ရေလမ်း ဖြင့် လည်းကောင်း သွားရောက်နိုင် ကြပေ သည်။

အင်္ဂါငါးဖြာ စုံလင် သည့် ပဋ္ဌါနစေတီ ပုလဲဖြူ(ခေါ်) ကျိုက်မှု မှော် ကုန်းတော် မြတ်ဌာနနှ် နေ နှစ်ပါးနှင့် ပဋ္ဌါန်ကြီး (၅)လုံး၏ အထော် အပုံကို ရရှိကြသိလ် များနိုင်ကြပါစေ။



www.burmeseclassic.com

# မကျန်းမမာသူများအတွက်

သက်ရှည်ကျန်းမာစေရန် သဲပုံစေတီတည်ပုံ

စလင် ဦးကျော်

စာရေးသူ၏ဖခင်ကြီး မြန်မာ့ဆေး ဆရာဦးဖိုးလှ (ဆရာလှ)သည် နတ်တည်းပင်ပုရွာအုပ်စုအတွင်းမှ ရွာများ ရှမ်းစုအုပ်စုတွင်ပါဝင်သော တက်သိုက်ရွာ၊ တဲကုန်းရွာများ၊ ဘီးဖပ် ကျေးရွာအုပ်စုတွင် ပါဝင်သောရွာများမှ တောင်သူလယ်သမားများနှင့် လယ် အလုပ်သားများသည် ကျန်းမာရေး ကောင်းပါက (လွန်ခဲ့တဲ့ အနှစ် ၃၀- ကျော်အချိန်က ဖြစ်ပါသည်။) ဖခင်ကြီး ဆရာလှအား လာရောက် ပင့်ခေါင် ကြသည်။

နွားလှည်းနှင့်တစ်မျိုး၊ စက်ဘီးနှင့် တစ်ဖုံ လာရောက်ပင့်ကြပါသည်။ မြန်မာတိုင်းရင်းဆေးဆရာကြီး ဆရာ လှသည် ဆေးဝါးကုသ ငွေကြေးကို အဓိကမထားဘဲ မကျန်းမာသူ လူနာ နေကောင်းစေရန်ကိုသာ ကြိုးစား ကုသပါသည်။

လူနာရှင်၏ သဒ္ဓါကြေးကိုသာ ထက်ခံလေ့ရှိပါသည်။ ငွေကြေးမပြည့်စုံ ဆင်းရဲနွမ်းပါးသူဖြစ်ပါက အခမဲ့ ကုသ ပေးပါသည်။ ဒါကြောင့် လူများသည် ဆရာလှအား လေးစား ချစ်ခင်ကြပါ သည်။

ဆရာလှသည် မကျန်းမာသော လူနာ၏ ရောဂါပြင်းထန်နေပါက ဆေး ဝါးကုသပြီး ကုသိုလ်ကံဆက်နည်း ကိုလည်း ပြုလုပ်စေပါသည်။ **(ဘုရား ရှင်အား လှူဒါန်းဆည်းကပ် ပူဇော် ခြင်း ဖြစ်ပါသည်။)**

ဆရာကြီးသည် **လူနာနေ့နံနှင့် ဒွါဒသဂ္ဂရာဇ်၊** လတို့ကို မေးမြန်းကာ ခန္ဓာပျက်ကိန်းကို တွက်ချက်ကြည့်ပါ။ လင်္ကာ...

'အသက်တည်ပြန် မသွေလှန် ဂြိုဟ်နံဗီဇမှာ၊ ကြိမ်းသုံးတန် မြှောက်တုန်ပြန် ကိုးတန်ဘူတာ ကော၊ ဆန့်ဝှဲ့ သုညကြွင်းသောအခါ ခန္ဓာ ပျက်မည်ယော'

လင်္ကာအတိုင်း တွက်ချက်ကြည့်ပါ သည်။ ခန္ဓာပျက်ကိန်းကြုံနေပြီး လူနာ ၏ကျန်းမာရေးကို ဆေးကုသပေးနေရာ မှ ထူးခြားမှုမရှိပါက ဘုရားတည်ခြင်း ကုသိုလ်ကံဆက်နည်းကို ပြုလုပ်စေပါ သည်။

## ခန္ဓာပျက်ကိန်း တွက်ချက်ပုံ

လူ၏ ရောက်ဆဲအသက်ကို တည်ပါသည်။ ယင်းအသက်ထဲသို့ လူနာ၏ မွေးနံဂြိုဟ်သက် ကို ထည့်ပေါင်းပါသည်။

ထိုပေါင်းရသည့် ဂဏန်းသင်္ချာကို(ရတနာ သုံးပါး) ၃(သုံး)နှင့် မြှောက်ပါသည်။

မြှောက်ရသောဂဏန်းသင်္ချာကို ၉(ကိုး) နဝင်းနှင့် စားပါသည်။

အကြွင်းသည် (၆)ခြောက်နှင့် (၀) သုည ကြွင်းပါက လူနာ၏ကျန်းမာရေးကို အထူး ဂရုစိုက် ကုသရပါသည်။


ကုသစဉ် လူနာ၏ ကျန်းမာရေး ကောင်းမွန်မှုသည် ထူးခြားမှုမရှိပါက အောက်ပါ ဘုရားတည်ခြင်းကုသိုလ် ကံဆက်နည်းကို ပြုလုပ်စေပါသည်။

**ခန္ဓာပျက်ကိန်း တွက်ပုံ**

**ဥပမာ...**

*** ⟶

အထက်ပါအတိုင်း တွက် ချက်ကြည့်၍ အကြွင်းသည် (၆)



သို့မဟုတ် (၀) ကြွင်းပါက ခန္ဓာပျက် သည့်ကိန်းခန်း ရောက်နေပါသည်။ ထိုသို့တွေ့ရပါက လူနာ၏ကျန်းမာရေး အမြန်ကောင်းမွန် စေရန် အောက်ပါ ဘုရားတည်ခြင်း ကုသိုလ်ကံဆက်နည်း ကို ပြုလုပ်စေပါသည်။

**ပထဝီဓာတ် (၂၀)ရှိသည့်အတွက်**

| | | |
|---|---|---|
| **လူနာ၏အသက်** | = | ၆၅ |
| **တနင်္လာနေ့သားဂြိုဟ်သက်** | = | ၁၅ + |
| | | ၈၀ |
| **ရတနာသုံးပါးနှင့် မြှောက်ခြင်း** | | ၃ × |
| **နဝင်း(၉)နဲ့ စားခြင်း** | | ၉) ၂၄၀ (၂၆ |
| | | ၁၈ |
| | | ၆၀ |
| | | ၅၄ |
| | | ၆ အကြွင်း |

www.burmeseclassic.com

နို့ဆီဘူးနှင့် သဲအပုံး(၂၀)ချိန်တွယ်ပါ။

**အာပေါဓာတ် (၁၂)ရှိသည့်အတွက်** ညောင်ရေအိုး(၁၂)လုံး၊

**တေဇောဓာတ် (၄)ရှိသည့်အတွက်** အလင်းတိုင် (၄)တိုင်။

ပုံပြပါအတိုင်း ငှက်ပျောဖတ်ကို ကြီးစဥ်ငယ်လိုက် ကွင်း(၅)ခုလုပ်ပါ။ ပထမနံပါတ်(၁) ငှက်ပျောဖတ်ကွင်းထဲသို့ သဲများထည့်ပါ။

ဒုတိယနံပါတ်(၂) ငှက်ပျောဖတ်ထဲသို့ သဲများ ထည့်ပါ။ ဤကဲ့သို့ နံပါတ်(၁)မှ အထက်ဆုံးနံပါတ်(၅)ရောက်အောင် ဆင့်ကဲဆင့်ကဲ ထည့်၍ တည်သွားပါ။

နို့ဆီဘူးနှင့် သဲ(၂၀)ပုံးအကိုက် ဖြစ်နေရမည်။ အထက်ပါ နံပါတ်(၅)ခွေထဲမှ သဲအလယ်တည့်တည့်တွင် ထီးကို စိုက်ထူပါ။

**ဘုရားစေတီကို လူနာ၏ ဘုမ္မိအရပ်တွင်** တည်ရမည်ဖြစ်ပါသည်။

**လှူဒါန်းရမည်များမှာ...**

၁။ ဆွမ်းသက်စေ့၊
၂။ ရေချမ်းသက်စေ့၊
၃။ ဆီမီးသက်စေ့၊
၄။ ပန်းသက်စေ့ ,

တို့ဖြင့် လှူဒါန်းပူဇော်ပါ။ လိုရာဆုတောင်းပါ။ လှူဒါန်းပူဇော်ရသောကုသိုလ်ကောင်းမှုများကို နတ်မြတ်အပေါင်းအား အမျှပေးဝေပါ။

နေ့သားအလိုက် ဘုရားတည်ရန်
ဘုမ္မိအရပ်များ

*** ⟶


၁။ **တနင်္ဂနွေနေ့ သားသမီးများ**အတွက် လှူဒါန်းရာ၌ **အုန်းသီးဆန်(၆)စိတ်** ထည့်လှူပါ။

၂။ **တနင်္လာနေ့ သားသမီးများ**အတွက် လှူဒါန်းရာ၌ **ချိုချဉ်(၁၅)လုံး**ထည့်လှူပါ။

၃။ **အင်္ဂါနေ့သားသမီး** များအတွက် လှူဒါန်းရာ၌ **ဆီးသီး(၈)လုံး** ထည့်လှူပါ။

၄။ **ဗုဒ္ဓဟူးနေ့သားသမီး** များအတွက် လှူဒါန်းရာ၌ **ယို(၄)မျိုး** ထည့်လှူပါ။

၅။ **ကြာသပတေးနေ့ သားသမီး**များအတွက် လှူဒါန်းရာ၌ **မုန့်(၅)မျိုး** ထည့်လှူပါ။




သဲပုံစေတီ တည်ထားကိုးကွယ်ပုံ

| | |
|---|---|
| ၁။ **တနင်္ဂနွေနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨တောင်အရပ် |
| ၂။ **တနင်္လာနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨အနောက်တောင်အရပ် |
| ၃။ **အင်္ဂါနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨အနောက်အရပ် |
| ၄။ **ဗုဒ္ဓဟူးနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨အနောက်မြောက်အရပ် |
| ၅။ **ကြာသပတေးနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨အရှေ့မြောက်အရပ် |
| ၆။ **သောကြာနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨အရှေ့တောင်အရပ် |
| ၇။ **စနေနေ့သားသမီးများအတွက်** | ဘုမ္မိအရပ်မှာ⇨မြောက်အရပ်တို့ဖြစ်ပါသည် |

၆။ **သောကြာနေ့ သားသမီး**များအတွက် လှူဒါန်းရာ၌ **သစ်သီး(၂၁)လုံး** ထည့်လှူပါ။

၇။ **စနေနေ့သားသမီး** များအတွက် လှူဒါန်းရာ၌ **ထန်းသီးမုန့် သို့မဟုတ် ဒူးရင်းသီး**ထည့်လှူပါ။

**မှတ်ချက်။ ။** နံသင့်သစ်သီး/မုန့်များကို ရရာ လှူဒါန်းနိုင်ပါသည်။

(၇)ရက်သားသမီးများ အဓိပတိတွင် ဂြိုဟ်အိပ်(ဂြိုဟ်စား)ဖြစ်နေပါက တံ(ခွန်?) (၉)လုံးဘုရား၌ လှူဒါန်းပါ။

လူနာကျန်းမာလာစေရန်
ဘုရားတည်၍ ကုသိုလ်ပြုခြင်း

***

*ကျန်းမာ၊ ချမ်းသာကြပါစေ*

စလင်း ဦးကျော်

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

## ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်ဓာတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး။ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာ လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောတက်တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာက စလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .


ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ် စေပါတယ်”

“ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်”

“ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့”

“ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ”

“ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ”




“ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ”

“မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်”

“ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ”

“မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်” **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

“ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ”

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၉၇၅၂၆။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း၊ မင်္ဂလာသိဒ္ဓိပရိယတ္တိ စာသင်တိုက်ကြီး၏
ဦးစီးပဓာန နာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ

# ဘဒ္ဒန္တ ဓမ္မာသိဒ္ဓိဘိဝံသ

[စေတီယင်္ဂဏ၊ သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသာသနပါလဓမ္မာစရိယ၊ LL.B]၏ လက္ခဏာတော်

ဆရာ ဦးသင်းမောင်လင်း
(B.Sc၊ ရွှေဘို)
(လက္ခဏာ-မဟာဘုတ်သုတေသီ)

## ဇာတိရပ်ရွာ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၊ ကညင်ကောင်ကျေးရွာအုပ်စု မြစ်ကျိုးကျေးရွာနေ ခမည်းတော်ဦးအုန်းရွှေ မယ်တော်ဒေါ်တင်နုတို့မှ ဆရာတော်ကောင်းလျာအား ၁၃၂၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ကျော်ရက်နေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

## ရှင်သာမဏေပြုခြင်း

၁၃၄၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့တွင် မြစ်ကျိုးကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒဝံသ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ကျေးဇူးအနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။

## ရဟန်းပြုခြင်း

၁၃၄၆ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက်နေ့တွင် လေးမျက်နှာမြို့နယ်၊ ကန်ကြီးကျေးရွာ သရက်တောကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီး၌ မြစ်ကျိုးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍...

ကန်ကြီးကျေးရွာနေ ဦးသိန်းလွင် ဒေါ်ခင်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့



မင်္ဂလာသိဒ္ဓိပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာသိဒ္ဓိဘိဝံသ [စေတီယင်္ဂဏ၊ သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိ သာသနပါလဓမ္မာစရိယ၊LL.B]

ရောက်ရှိခဲ့ပါသည်။

## စာပေပရိယတ္တိ သင်ယူခြင်း

မြစ်ကျိုးကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်နှင့် တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက ဆရာတော်ကြီး...

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁၃၆၉မှ ၁၃၇၄ ခုထိ)...

ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ [သာသနဓဇဓမ္မာစရိယ၊ ပါဠိပါရဂူ ပိဋကတ္တယပါရဂူ တိပိဋက ဩဝါဒ စရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ(MOWD USA)]နှင့်...

နာယက စာချဆရာတော်များ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်စာချ နာယကဆရာတော်များ...

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် စာချ နာယက ဆရာတော်များ၊ ပါဠိပါရဂူ စာချဆရာကြီး ဦးအောင်ခိုင် စသော ဆရာအသီးသီးထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။

## အောင်မြင်ခဲ့သော အမြင့်ဆုံး စာမေးပွဲများ


- အစိုးရ ပထမပြန်စာမေးပွဲ ပထမကြီးတန်း (တစ်နိုင်ငံလုံး ဒုတိယ) –၁၃၄၆ ခုနှစ်
- ရန်ကုန်မြို့ စေတီယင်္ဂဏ စာမေးပွဲ သီးခြားသင်တန်း –၁၃၅၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com

- စေတီယင်္ဂဏစာမေးပွဲ စာချတန်း သီလက္ခန်ကျမ်း –၁၃၅၁ ခုနှစ်
- အစိုးရဓမ္မစရိယစာမေးပွဲ (သာသန ဓဇ ဓမ္မာစရိယ) –၁၃၅၄ ခုနှစ်
- ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိ စာသင်တိုက် သာသနာပြုအသင်း၏ ပရိယတ္တိသာသနပါလ ဓမ္မာစရိယ ဘွဲ့ –၁၃၆၇ ခုနှစ်
- ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ ဘွဲ့ LL.Bဘွဲ့ –၂၀၀၈ ခုနှစ်

ညာ




## သာသနာရေး ဆိုင်ရာ ဆောင် ရွက်ချက်များ

၁၃၅၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက် မင်္ဂလာလမ်း၌ မင်္ဂလာသိရီ ပရိယတ္တိ စာသင်တိုက်ကို စတင် တည်ထောင်၍ စာသင်သား ရဟန်းသာမဏေ (၃၀၀) ကျော်တို့အား ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယတန်းဆိုင်ရာ စာပေများကို သင်ကြားပို့ချပေးခြင်း နှစ်စဉ် တစ်နှစ်တစ်ကြိမ် တရားစခန်းပွဲများ ဖွင့်လှစ်၍ တရားဟော တရားပြခြင်း၊

၁၃၇၁ ခုနှစ်မှ စတင်၍ နှစ်စဉ် ဓမ္မာစရိယ စာသင်သား ရဟန်း သာမဏေ သီလရှင်ကြီး၊ သီလရှင် လေး (၇၀၀)ကျော်တို့အား နွေရာသီ (၄၅)ရက် သင်တန်းဖွင့်၍ ဓမ္မာစရိယ တန်းဆိုင်ရာ ကျမ်းစာများ သင်ကြား ပို့ချခြင်း၊

၁၃၆၈ ခုနှစ်မှစ၍ နှစ်စဉ် အဘိဓမ္မာ သင်တန်း ဋီကာကျော်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းများ ဖွင့်လှစ် သင်ကြားပို့ချခြင်းစသည် သာသနာ တော် ပြန့်ပွားရေးတာဝန်များကို ထမ်း

ဆောင်အပ်တော်မူသည်။

ရန်ကုန်တိုင်းဒေသကြီး သံဃ နာယကအဖွဲ့တွင် တိုင်းဝိနည်းဓိုရ်နှင့် အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ တွင် မြို့နယ်ဝိနည်းဓိုရ်အဖွဲ့ဝင် ဆရာ တော်အဖြစ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တာဝန်များကိုလည်း ထမ်း ဆောင်တော်မူသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက် မင်္ဂလာသိရီပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဖြစ် ကျောင်းတိုက် အုပ်ချုပ်မှု တာဝန်ယူကာ ဓမ္မာစရိယတန်းနှင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာဝါတို့ကို ပို့ချသင်ကြားပေးလျက်

ဗုဒ္ဓ သာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့စေရန် ဆောင် ရွက်တော်မူသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရမှ ချီးမြှင့် ဆက်ကပ် တော်မူအပ်သော **ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်ကို** ၁၃၇၅ ခုနှစ်၊ တပေါင်း လပြည့်တွင် အလှူခံယူ ရရှိတော်မူ သည်။

## လက္ခဏာတော်ပေါ်လွင်ချက်

❖ **တနင်္လာဂြိုဟ်ခုံသို့ ကွေးညွတ်**



www.burmeseclassic.com

www.burmeseclassic.com




...င်းနေသော ဉာဏ်လမ်းကြောင်းကို တွေ့ရပါတယ်။ (က)

ဒါကတော့ စိတ်ကူးစိတ်သန်းကောင်းခြင်း၊ စိတ်ကူးယဉ်တတ်ခြင်း၊ ...ဂီတကဗျာ ရေးသားခြင်း ဝါသနာပါခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ ...သတ္တိစာပေသင်ကြားမှုလုပ်ငန်းနှင့် ...ကျိုးပေးခြင်း၊ မွေးရပ်မြေနှင့် အကျိုး...တတ်ခြင်း၊ စန်းအားကောင်းခြင်း၊ ...ထူးချွန်ခြင်း စသည်တို့ပါပဲ။

❖ **...လုံးလမ်းကြောင်းရင်း၌ မြားမြီးသဏ္ဍာန် ပါနေတယ်။ (ခ)**

ဒါကတော့ ကြည်ညိုသူပေါများစေခြင်း၊ ပစ္စည်းလေးပါး မချို့ငဲ့စေခြင်း၊ ခြွေရံပရိသတ် ပေါများစေခြင်း၊ တပည့်တပန်း ပေါများစေခြင်း၊ ထောက်ပံ့ကူညီမည့်သူ ပေါများစေခြင်း စသည်တို့ပါပဲ။

❖ **လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် မျဉ်းမတ်များ ဆော်လမွန်ကွင်းကို တွေ့ရပါတယ်။ (ဂ)**

ဒါကတော့ အကြီးအကဲဖြစ်ရခြင်း၊ ဦးဆောင်နိုင်ခြင်း၊ ညွှန်ကြားစီမံခန့်ခွဲ အုပ်ချုပ်နိုင်ခြင်း၊ ပညာတတ်ခြင်း၊ ယာဉ်ပိုင်ဆိုင်ရခြင်း၊ ပရိဟိတ လူမှုရေးလုပ်ငန်းများနှင့်အကျိုးပေးခြင်း...

ဘာသာတရားကို အလေးထားခြင်း၊ ဆရာခေါင်းဆောင် အုပ်ချုပ်သူဖြစ်ရခြင်း၊ ဘဝအခြေအနေတိုးတက်မြင့်မားစေခြင်း၊ ရည်ရွယ်ချက်တိုင်းပြီးမြောက်ခြင်း စသည်တို့ပါပဲ။

❖ **လက်ခလယ်အောက် စနေဂြိုဟ်ခုံတွင် မျဉ်းမတ်တွေ တွေ့ရတယ်။ (ဃ)**

ဒါကတော့ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရခြင်းနဲ့ ဆိုင်ပါတယ်။ ဘာသာရေးလုပ်ငန်းများ၌ အကြီးအကဲလဲ ဖြစ်စေပါမယ်။

ကံအခွင့်အလမ်းကောင်းတွေ ကြုံရမယ်။ ကံကောင်းခြင်းအမှတ်လက္ခဏာ တစ်ခုပါပဲ။

ဩဇာတိက္ကမ ကြီးမားသူတွေ မင်းဆိုးရာဇာများရဲ့ ဆည်းကပ် ကိုးကွယ်ခြင်း စသည်တို့ပါပဲ။

❖ **လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်များ တွေ့ရတယ်။ (င)**

ဒါကတော့ ငွေကြေးရလွယ်ခြင်း၊ အလှူခံရလွယ်ခြင်း၊ လာဘ်လာဘအတွက် အခက်အခဲ မကြုံခြင်း၊ စာအသင်အပြကောင်းခြင်း၊ အာဝဇ္ဇန်းကောင်းခြင်း...

အပြောအဟော ကောင်းခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ အာဏာစက်ထက်ခြင်း၊ ပရိတ်ဂါထာမန္တန် အစွမ်းထက်စေခြင်း စသည်တို့ပါပဲ။

❖ **အသက်လမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းဟာ ထိရုံမျှသာ ထိစပ်နေပါတယ်။ (စ)**

ဒါကတော့ စေ့စပ်သေချာခြင်း၊ တိကျခြင်း၊ စနစ်ကျခြင်း၊ စည်းကမ်းကြီး၊ သစ္စာတရားရှိခြင်း၊ စာပေ...ခြင်း စသည်တို့ပါပဲ။

www.burmeseclassic.com





ကောင်းခန့် (သခွတ်မြေ)ဓာတ်လက်

# တစ်နှစ်တာအတွက်

## ခရီးမသွားသင့်သော မနေအပ်သောအရပ်သိရန်

# နမ္ဘကိန်းတွက်နည်း

မြန်မာ့ရိုးရာဗေဒင်ပညာနှင့် ခရီးသွားယာယီတွက်နည်းအမျိုးမျိုးအနက်မှ ယခု ကျွန်ုပ်တင်ပြမည့် နည်းတစ်နည်းသည် တစ်နှစ်တာအတွက် ခရီးသွားရောက် ပြောင်းရွှေ့နေထိုင်ရန်မသင့်သော အရပ်ကို သိရှိနိုင်ရန်အဖြေကို ပေးစွမ်းနိုင်သော တွက်နည်းတစ်နည်းဖြစ်ပါသည်။

ထိုတွက်နည်းကို **"နမ္ဘကိန်း"** ဟုခေါ်ပြီး ရှေးပညာရှိတို့၏ အတွေ့အကြုံပေါင်းများစွာနှင့် အရင်းပြုပြီး ဉာဏ်အမြော်အမြင်နှင့် ကိန်းဆင်ကာ နောင်လာနောက်သားတို့အတွက် ထားခဲ့သောနည်းတစ်နည်းဖြစ်သဖြင့်ကောင်း၊ မကောင်း သင့်၊မသင့် ယုံကြည်စွာ တွက်ယူ အဖြေညှိယူနိုင်ပါသည်။

**တွက်နည်းလင်္ကာမှာ...**

'တက္ကသိုလ်ရှေ့ဉာဏ်မှာ၊ စိန့်ဖုံးတန်ဉာဏ်
ပဏ္ဍိုနှင့် တည်လှစ်တိကောဇာ၊ ငါးခန္ဓာပဉ္စနှင့်
သက်ဇီဝနေ့ာလိုက်ချပ်၊ စားတော့ဟိုင်းဆင်၊
ကြွင်းသေသကိန်းအမြင် ရေနတ်ရှင်နေရပ်က
လက်ယာလှည့်ပတ်ခွေ၊ မသွားအပ်များ
ဗိုလ်မြေ ရှားရှောင်ကြလေ၊ နမ္ဘကိန်းအနေ
ကို၊ သုသာန်မြေ စွဲမှတ်တော့လေး'

**အထက်ပါ တေးထပ်လင်္ကာ၏ တွက်နည်းအနက်အဓိပ္ပာယ်မှာ...**

တွက်လိုသူသည် တွက်လိုသည့် **ကောဇာခုနှစ်ကိုတည်ပြီး (၅)နှင့် ပေါင်းပါ။** နောက် ထပ်ပြီးတွက်လိုသူ၏ **ရောက်သက်ကို ထပ်ပေါင်းပါ။**

ထိုသို့ပေါင်းပြီးလျှင် (၈)နှင့်စားပါ။ **စားကြွင်းသေသကိုယူပြီး** အရပ်ရှစ်မျက်နှာတွင် စနေအရပ်မှစတင်ပြီး လက်ယာရစ်ထောက်သွားပါ။ ကျရောက်ရာအရပ်တွင် မသွားကောင်း မနေအပ်ဟု ဆိုထားပါသည်။

ဂြိုဟ်တို့ရိုးရာအရပ်နှင့် ဂြိုဟ်နေတို့ကို အောက်ပါဇယားတွင် ပြထားပါသည်။ **[(၀)ကို စနေဟု ယူပါသည်]**

* * *

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

**ဂြိုဟ်နေအရပ်ဇယား**

**အရပ်ရှစ်ပါးမှာ...**

၁။ အရှေ့မြောက်ထောင့်သည် **၁နွေ**

၂။ အရှေ့အရပ်သည် **၂လာ**

၃။ အရှေ့တောင်ထောင့်သည် **၃ဂါ**

၄။ တောင်အရပ်သည် **၄ဟူး**

၅။ အနောက်တောင်ထောင့်သည် **(၀)စနေ**

၆။ အနောက်အရပ်သည် **၅တေး**

၇။ အနောက်မြောက်ထောင့်သည် **ရာဟု**

၈။ မြောက်အရပ်သည် **၆ကြာ** ဟူ၍ ဂြိုဟ်တို့စိုးမိုးရပ်တည်
အရပ်ရှစ်မျက်နှာ ဖြစ်ပါသည်။

လက်တွေ့နမူနာအဖြစ် တွက်
ဦးမည်။

ဥပမာ သက္ကရာဇ် ၁၃၇၈ခုနှ
**အသက်(၂၈)နှစ်**ရှိသူကို တွက်
မည် ဆိုပါစို့...။

**တွက်သည့်နှစ်** ၁၃၇၈

+ ၅

၁၃၈၃

ရောက်သက် + ၂၈

စားခြေ ၈ ÷ ၁၄၁၁ – ၁၇၆

၈

၆၁

၅၆

၅၁

၄၈

၃

**အကြွင်းတို**



စာမျက်နှာ (၁၄...

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရော်ကြီးဦးအောင်မြင့်
(ဦးပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ပဲခူးမြို့က "**သူသူအေး**" အမည်ရှိ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

နာမည်နောက်ဆုံးစာလုံး "**အေး**"ကို မြန်မာအက္ခရာနဲ့ လက်မှတ်ရေးထိုးထားခြင်း ဖြစ်ပါတယ်။

သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လ၊ သောကြာနေ့** ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၁]

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၅ | |
| ဝ | ၃ | ၆ * |
| ၄ | ၁ | ၂ |

နံပါတ်-၁

| | |
|---|---|
| ဝ | |
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

သောကြာ ရာဇဌာနဖွားကို သောကြာ+တနင်္ဂနွေ = ဣဌ+အနိဋ္ဌ နာမည်ပေး မှားထားပါတယ်။ အတွင်းစိတ်ကြိုက်တွဲဖြစ်ပေမယ့် နမက္ခရတိုင်စဉ်လဲ မှားပါတယ်။

**အဆိုးဆုံးကတော့ ထိုးမြဲလက်မှတ်ရေးချယ်ထိုးရာမှာ ဘင်္ဂအပျက်ဌာနမှာရှိတဲ့ တနင်္ဂနွေအက္ခရာကို အရွေးမှားခြင်းဖြစ်ပါတယ်။**

ဒါ့အပြင် အဲဒီဘင်္ဂအပျက်ဌာနမှာရှိတဲ့ "တနင်္ဂနွေသား"ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့ခြင်းပါပဲ။

'ကျွန်မခင်ပွန်း ကွယ်လွန်သွားခဲ့ပြီ။ သားသမီး(၃)ယောက် ကျန်ခဲ့ပါတယ်။ ခင်ပွန်းပိုင်ဆိုင်တဲ့ အိမ်နဲ့မြေကိုလဲ ဆုံးရှုံးခဲ့လိုက်ရတယ်။

အခု ကျွန်မမှာ နေစရာလဲမရှိ၊ ငွေလဲမရှိ နဲ့ သားသမီးတွေရဲ့နောင်ရေးအတွက် ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး'

ဒီနာမည်မျိုးမှာ "**အေး**"ကို မသုံးတော့ဘဲ "**သွယ်သွယ်**" (သို့မဟုတ်) "**မသွယ်**"ဆိုတဲ့ နာမည်မျိုးကိုသာ လူအများခေါ်အောင် ကြိုးစားဖို့ အကြံပေးရင်း ထိုးမြဲလက်မှတ်ကို ပြုပြင်ထိုးဖို့ လမ်းညွှန်ပေးလိုက်ရပါတယ်။



* * *



*[ထိုးမြဲလက်မှတ်နမူနာပုံစံ]*

- **လက်မှတ်အောက်က မျဉ်းမသားရပါ။**
- **ဝဆွဲကို ကြေးစည်ပုံ တည့်တည့်လှလှ ဆွဲပါ။**
- **အညွှန့်နေရာမှာ ပွင့်ဖတ်(၃)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။**

၂။ * * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **ပုသိမ်မြို့မှ "ဇိုးမျိုး"** ဆိုတဲ့ အမျိုးသားတစ်ဦး ဖြစ်ပါတယ်။


www.burmeseclassic.com

နာမည်ရဲ့ နောက်ဆုံးစာလုံးဖြစ်တဲ့ **"ချစ်"**ကို လက်မှတ် ရွေးထိုးထားတာပါ။

ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်က ညှံ့ပါတယ်။ ခွက်မှောက်သင်္ကေတနဲ့ အိတ်ဖောက်သင်္ကေတတွေကြောင့် ငွေထွက်များမှာတော့ သေချာတယ်။ ငွေထွက်များရင် စီးပွားရေး သိပ်မကောင်းနိုင်ဘူး။ စီးပွားရေး သိပ်မကောင်းရင် အချစ်ရေး၊ အိမ်ထောင်ရေးတွေလဲ ညှံ့စေနိုင်တာပေါ့။

**မြန်မာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ နယုန်လ၊ ကြာသပတေးသား**ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဝုဒ္ဓိအစဉ်ကို ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၂]




ကြာသပတေး အထွန်းဌာနဖွားဖြစ်သူကို ကြာသပတေးအစ တနင်္လာအဆုံး နာမည်ပေးထားတဲ့အတွက် အထွန်း+မရဏ=ကဋ္ဌ+အနိဋ္ဌဖြစ်တယ်။ နာမက္ခရတိုင်စဉ်မှာ၊ ဝုဒ္ဓိမှာ ဖြစ်နေတယ်။

ထိုးမြဲလက်မှတ်ထိုးရာမှာလဲနာမည်ရဲ့ နောက်ဆုံးစာလုံး မရဏဌာနက **"ချစ်"**ကို ရွေးချယ်ထိုးထားတဲ့အတွက် မှားပါတယ်။


'ကျွန်တော်လုပ်ကိုင်နေတဲ့ ကားလုပ်ငန်းဟာ အထိအခိုက်အပျက်အစီး အဆုံးအရှုံးတွေများပြီး အကြွေးတွေတင်နေလို့ အလွန် စိတ်ညစ်နေရပြီ...

ကိုယ်ရစရာရှိတဲ့ ငွေကြေးတွေလဲ ပြန်မရ ကိုယ်ဆပ်ရမယ့် အကြွေးတွေလဲ ပြန်မဆပ်နိုင်ဖြစ်ပြီး အနာဂတ်ပျောက်နေပါပြီဗျာ'

တနင်္လာညှံ့တဲ့သူက တနင်္လာနံ့ကိုစွဲတွေနဲ့ပဲ နစ်မွန်းနေရကြောင်း ပြောပြခြင်း ဖြစ်ပါတယ်။ သူ့နာမည်ကို **"ဖိုးချစ်"**အစား၊ **"ဖိုးမြစ်"**လို့ အနည်းငယ်ပြုပြင်ပြီး လူခေါ်များအောင် ကြိုးစားလိုက်ရင် အညှံ့အပျက်တွေ ပပျောက်ပြီး ကံကြမ္မာကောင်းတွေ ပိုမိုဖြစ်ပေါ်လာနိုင်ပါတယ်။

ထိုးမြဲလက်မှတ်ကိုအောက်ပါအတိုင်း ပြုပြင်ထိုးလိုက်ရင် အတိုင်းထက် အလွန် ပိုကောင်းလာမှာပါ။

* * *



*[ထိုးမြဲလက်မှတ်နမူနာပုံစံ]*

**❖ လုံးတောင်သေးသေး၊ အညွန့်တိုတို၊ ငွေအိတ်သင်္ကေတ၊ တည့်တည့်လှလှကြီးကြီးဆွဲပြီး လက်မှတ်အောက်က မျဉ်းမသားရပါဘူး။**

၃။ * * * ──────→

ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ထိုးမြဲလက်မှတ်ပိုင်ရှင်က ရန်ကုန်မြို့မှ **"စမ်းမြမြအေး"** အမည်ရှိတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။


နာမည်ထိပ်ဆုံး စာလုံးဖြစ်တဲ့ **"စမ်း"** ကို ထိုးမြဲလက်မှတ်အဖြစ် အသုံးပြုထားတာပါ။ ဒါပေမယ့် လက်မှတ်သင်္ကေတ ညှံ့ပါတယ်။ နာမည်ရဲ့ ပညတ်ကတော့ ကောင်းတယ်။

သူမရဲ့ မွေးသက္ကရာဇ် **၁၃၃၈ ခုနှစ် သီတင်းကျွတ်လဆန်း အင်္ဂါနေ့မွေးသူ** ဖြစ်တယ်။ ဒါကြောင့် မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်ရင်အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၃]

အင်္ဂါရာဇဖွားဖြစ်သူကို **(အင်္ဂါ+ ကြာသပတေး + ကြာသပတေး + တနင်္ဂနွေ)** = **(ရာဇ+ဘင်္ဂ+ဘင်္ဂ +မရဏ)** နာမည်ပေးထားတဲ့အတွက် (ကဋ္ဌ+အနိဋ္ဌ+အနိဋ္ဌ+အနိဋ္ဌ) နာမည် အလွန်ညှံ့ပါတယ်။


ဒါ့အပြင် ဗေဒင်ပညာမှာ မိန်းကလေးတွေကို **"လှ၊ စန်း၊ အုန်း၊ နွယ်၊ ရီ"**ဆိုတဲ့ စာလုံးတွေနဲ့ စတင်





www.burmeseclassic.com

www.burmeseclassic.com




(မူလမဟာဘုတ်ခွင်) (နာမကွရတိုင်စဉ်)

နာသည်မပေးသင့်ဘူး။' ပေးထားတဲ့သူတွေ အတော်များများကတော့ အိမ်ထောင်ရေး(သို့မဟုတ်)စီးပွားရေးသစ်ခုခုတော့ ဒုက္ခဆင်းရဲကြုံကြပါတယ်။

'ကျွန်မရဲ့ခင်ပွန်း မယားငယ်နဲ့ ရှုပ်တွေးနောက်ပြန်နေလို့ အိမ်ထောင်ရေးအတွက် စိတ်ဆင်းရဲနေရတယ်။ အိမ်ထောင်ရေး ဒုက္ခကြောင့် အခု စီးပွားရေးလဲ အများကြီးကျနေပါတယ်'

ထိုးမြလက်မှတ်ပိုင်ရှင် အမျိုးသမီးရဲ့ လက်ရှိအခြေအနေကို ပြောပြပါတယ်။ နာမည်ကတော့..."**စမ်းရေလို အေးမြမယ့် နိမိတ်ပါပဲ**" ဒါပေမယ့် ခုတော့ ရေပူစမ်းလို ဖြစ်နေပြီ။

ဒီနာမည်ကတော့ လုံးဝပြောင်းသင့်တဲ့နာမည်မျိုးဖြစ်ပါတယ်။ လက်မှတ်နမူနာထိုးပြဖို့တောင် မလွယ်ဘူး။

*[ဒီတစ်လ ဒီမျှသာ ကျေနပ်နိုင်ကြပါစေ...]*

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဓေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

## စာမျက်နှာ (၁၃၉)မှ အဆက်

◆ **အသက်လမ်းကြောင်းရဲ့ ကံလမ်း နီးကပ်နေတယ်။ (ဆ)**

ဒါကတော့ သံယောဇဉ်ကြီးခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ ဘာသာ သာသနာစိတ်ပြင်းထန်ခြင်းကို ပြပါတယ်။

◆ **လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံတွင် မျဉ်းမတ်များ တွေ့ရတယ်။ (ဇ)**

ဒါကတော့ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ အောင်မြင်ရခြင်း၊ ဖနဥစ္စာပြည့်စုံစေခြင်း၊ ချီးကျူးခံရခြင်း၊ ကျော်ကြား ထင်ရှားစေခြင်း၊ ထူးချွန်ခြင်း စသည်တို့ပါပဲ။

◆ **အသက်လမ်းကြောင်းရဲ့ အောက်ခြေမှာ ကာမလမ်းကြောင်းကို တွေ့ရတယ်။ (ဈ)**

ဒါကတော့ ဆီးဝေဒနာ၊ ကျောက်ကပ်ဝေဒနာ ဖြစ်တတ်ပါတယ်။ အသက်လမ်းကြောင်းအခြေမှာ ကန့်လန့်ဖြတ်မျဉ်းတွေ့ရတဲ့အတွက် ခန္ဓာကိုယ်အောက်ပိုင်း (ခြေထောက်) ထိခိုက်ဒဏ်ရာ ရတတ်ပါတယ်။

◆ **အသက်လမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံသို့ ကားဆင်းသွားတဲ့အတွက် သောကြာဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ (ည)**

ဒါကတော့ ရပ်ဝေးဒေသများ၊ နယ်စပ်ဒေသများ၊ နိုင်ငံခြားဒေသများနဲ့အကျိုးပေးပါတယ်။

ဒါ့ပြင် ကျန်းမာရေး ကောင်းမွန်စေခြင်း၊ ဖိမ်ခံပစ္စည်း ပြည့်စုံစေခြင်း၊ ခြွေရံသင်ပင်း ပေါများစေခြင်း၊ အလှအပကြိုက်ခြင်း (သန့်ရှင်းသပ်ရပ်မှု)၊ မေတ္တာတရားအားကြီးခြင်း စသည်တို့ပါပဲ။

***သင်၏အဝ သာယာချမ်းမြေ့ပါစေ။***

**ဆရာဦးခင်မောင်လင်း *(B.Sc၊ရွှေဘို)* (လက္ခဏာ-မဟာဘုတ်သုတေသီ)**

## စာမျက်နှာ (၁၄၀)မှ အဆက်

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

စတင်ရန်

<u>ရောက်ရှိသည့်အရပ်</u>

အသက်(၂၈)နှစ်ရှိသူကို တွက်ကြည့်ရာ (၃)ကြွင်းသဖြင့်စနေထောင့်မှ စတင်ထောက်ရာ အနောက်မြောက်ထောင့် ရာဟုအရပ်သို့ ကျရောက်၏။

ထို့ကြောင့် ထိုသူသည် ထိုနှစ်အတွင်း၌ ရာဟုထောင့်အရပ်သည်ထိုသူအတွက် မနေအပ်သောအရပ်ဟု သိရှိရပါသည်။

ထိုအရပ်သို့ သွားရောက်နေထိုင်ပါက ထိုသူတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစစအရာရာ အဆင်မပြေတို့နှင့် တွေ့ကြုံရတတ်ပါသည်။

***သုခကျွတ္တု ကောင်းသောကွက်နှင့်ကြုံ၍ ကောင်းကျိုးများ ပြည့်စုံနိုင်ကြပါစေ***

**ကောင်းခန့် (သစ္စာမြေ) ဝက်လက်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေးပဲ** ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး။ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့် ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဘူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း၊ ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၈၊ ၇၂၂၂၅၈။

www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော်မှ

ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၇)

ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)







*****ပုံ(၃၁)**

ထုက္ကန့်သိမ်ပုထိုးတော် ဝင်ဝလိုဏ်ဏတ် လက်ဝဲဘက်မုခ်ငယ်နှင့် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော လက်ရာဖြစ်ပါသည်။ လိုဏ်ပတ်ဝင်ဝလမ်း လက်ဝဲဘက်မှ နံပါတ်(၃) အရုပ်လက်ရာပင်ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်လက်ရာ အမြင့်(၅၂)စင်တီမီတာခန့်၊ အကျယ်(၂၇)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈) စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်လက်ရာမှာ သဘာဝ ဘေးအန္တရာယ်ကြောင့် မျက်နှာပျက်စီး ချောမွတ်နေပေပြီ၊ မျက်နှာပေါက်အနေအထားမှာ လုံးပြီးလေးထောင့် မကျတကျ တွေ့ရှိရပါသည်။ ခန္ဓာကိုယ်၌လည်း အဝတ်တန်ဆာများ ပီပြင်မှု မတွေ့ရှိရတော့ပေ။

ဆံထုံး,ထုံးပုံမှာ သုံးဆင့် အနေအထား တွေ့ရှိရပါသည်၊ အပေါ်တစ်ဆင့်သေးပြီး ကျဉ်းကာ အောက်နှစ်ဆင့်ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပေသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်ပြီး ကန်တော့နေဟန် တွေ့ရှိရပါသည်။ ခါးအောက်ပိုင်း ပေါင်ရင်းတွင် ခါးကြိုးစ နှစ်စကို ချထားပါသည်၊ ခါးကြိုးအရင်းပိုင်း ပေါ်လွင်မှု မရှိတော့ပေ။

ထဘီ(လုံချည်) အောက်ပိုင်းတွင် လှိုင်းတွန့်ကလေးများဖြင့် အရစ်ရစ်အဆင့်ဆင့် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ ဒူးတုပ်ပြီး ထိုင်နေသည့်ဟန် တွေ့ရှိရပါသည်။ ဤအရုပ်၏ မူရင်းလက်ရာဟန်သည်လည်း အမျိုးသမီးတစ်ယောက်၏ ဟန်



www.burmeseclassic.com

www.burmeseclassic.com

အနေအထားမျိုး တွေ့ရှိရပါသည်။

*** * *ပုံ(၃၂)**

ထုတ္တန့်သိမ်ပုထိုးတော် ဝင်လမ်း လက်ဝဲဘက် မုခ်ငယ်လေး လက်ဝဲဘက်မှ **အရုပ်နံပါတ်(၇)** လက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင်ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာမှာ အမြင့်(၄၆)စင်တီမီတာခန့်၊ အကျယ်(၂၆)စင်တီမီတာခန့်နှင့် အထု(၉)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်လက်ရာတွင် အဆင်တန်ဆာများ ပေါ်လွင်မှု မရှိတော့ပေ။ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

မျက်နှာပေါ်၌ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာ ရေးရေးလေးသာ တွေ့ရှိရပါတော့သည်။ ပီပီပြင်ပြင် မတွေ့ရှိရတော့ပေ။ မျက်နှာအနေအထားမှာ လုံးပြီး ခပ်ပပလေး တွေ့ရှိရပါသည်။

ဖောင်းတော်မှာ အဆင့်နှစ်ဆင့် တွေ့ရှိရပြီး အပေါ်ဆင့်တွင်လည်း အချောသာ တွေ့ရှိရပါသည်။ အောက်ဆင့်မှာ နဖူးစည်းဖောင်းလုံး အနေအထားမျိုး ခံထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် ဝတ်ဆင်ထားသော နားတောင်းမှာ ရင်ဘတ်ထိ ရောက်သည်ကို တွေ့ရှိရပါသည်။ နားတောင်းရင်း ဖသေးသွယ်ပြီး နားတောင်းဖျား ပန်းဖူးသဏ္ဍာန် တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ် သုံးရစ် ပေါ်လွင်လှသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကိုလည်း အောက်ချကာ ဘယ်ဘက်တံတောင်ကို ဘယ်ဘက်ဒူးပေါ်တင်ပြီး လက်ဖျားကို




ထောင်၍ ပန်းဖူးသဏ္ဍာန်တစ်ခုကို ကိုင်ထားပါသည်။

ညာဘက်လက်ကိုလည်း တံတောင်ဆစ်ကို ညာဘက်ဒူးပေါ်တင်၍ လက်ဖျားကို ရင်တွင်းဘက်သို့ သွင်းကာ လက်ဝါးကာထားသည်ကို တွေ့ရှိရပါသည်။

အောက်ပိုင်းကို ဒူးကုပ်၍ ပေါင်ကားထိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကိုလည်း ဘေးသို့ ကားထုတ်ထားပါ၏။ ခါးမှ အောက်ပိုင်းကို ကွန္ဒြေကာပြားတစ်ခု ရှေ့တွင် ချထားသည်ကို တွေ့ရှိရပါသည်။

ကွန္ဒြေကာပြားမှာ နှစ်ဆင့် တွေ့ရှိရပါ၏။ ကွန္ဒြေကာပြားတွင် အဆင်တန်ဆာများတော့ မတွေ့ရှိရတော့ပေ။ ချောနေသည်ကိုသာ တွေ့ရှိရပါ၏။ ပုံ(၃၂)လက်ရာမှာ ယောကျ်ားသဏ္ဍာန် အနေအထားမျိုး တွေ့ရှိရပါသည်။

*** * *ပုံ(၃၃)**

ပုံ(၃၃) ဒီဖိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ် ပုထိုးတော်ဝင်လမ်း လိုဏ်ပတ် လက်ဝဲဘက် မုခ်ငယ်ခြောက်အနီး အရုပ်နံပါတ်(၁၁) ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၅)စင်တီမီတာခန့်၊ အကျယ်(၂၂)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၉)စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ် လက်ရာတွင်လည်း အဆင်တန်ဆာများ ပီပီပြင်ပြင် မတွေ့ရှိရတော့ပေ။

ဆံထုံး ထုံးထားပုံမှာ နှစ်ဆင့် အနေအထား ထုံးထားသည်ကို တွေ့ရှိရပါသည်။ အောက်ဆင့်နှင့် အပေါ်ဆင့်မှာ အပေါ်ဆင့် ပို၍ကြီးသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးကို ကကြီးသဏ္ဍာန် တွေ့ရှိရပြီး မျက်လုံးအိမ်မှာ ခုံး၍ မှိတ်မောက်နေသည့်အနေအထား တွေ့ရှိရပါသည်။

နှာခေါင်းနှင့် ပါးစပ်ကို ရေးရေးလေးသာ တွေ့ရှိရပါတော့သည်။ လည်ပင်းတွင် လည်ရစ် တစ်ရစ်တည်းသာ ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရပါ၏။

လက်နှစ်ဖက်ကို ပူးကပ်၍ တံတောင်ဆစ်ကွေး၍ အောက်သို့ချကာ ဘုရားပူဇော်နေသည့်ဟန် တွေ့ရှိရပါသည်။ လက်ဖျားတွင် ကြာဖူးသဏ္ဍာန်တစ်ခုကို ပူးကပ်၍ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် ပြောင်ချောလက်ကောက် တစ်ဖက် သုံးကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခါးတွင် အရစ်ကလေး ဖော်ထားသည့်အနေအထား တွေ့ရှိရပြီး အင်္ကျီအောက်နားစကို တင်ပါးဖုံးထားသည့်အန့် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ရင်းအပေါ်တွင် ခါးကြိုးစနှစ်စ တင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီ(လုံချည်)ကို ခြေမျက်စိနားထိရောက်အောင် ဝတ်ထားပြီး ထဘီအခေါက်ကို ခါးမှ ဒူးအောက်ထိအကြောင်းဖော်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီတွင် အဆင်တန်ဆာများမတွေ့ရှိရတော့ဘဲ အချောသာ တွေ့ရှိရပါတော့သည်။ ခန္ဓာကိုယ် အနေအထားမှာ ညာဘက်သို့စောင်းပြီး ဒူးတုပ်ထိုင်နေသည်ကို တွေ့ရှိရပါသည်။

ဒူးနှင့် လက်နှစ်ဖက်ကို ဘယ်ဘက်သို့လှည့်ထားပါ၏။ ခြေဖျားကို ညာဘက်သို့ ထုတ်ထားပါသည်။ ခြေထောက်တွင် ခြေမျက်စိကိုလည်း ပေါ်အောင်ဖော်ထားပါ၏။ ခြေဖျားကို ကွ၍ထောက်ထားပါသည်။

ဤပုံ(၃၃) မိန်းမပုံဟန်လက်ရာသည် ဝတ်ဆင်ထုံးဖွဲ့မှု မဆိုးလှသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ မှိုရိုးလေးသာ ဝတ်ဆင်ထားပါ၏။

*** * *ပုံ(၃၄)**

ပုံ(၃၄) ဒီဖိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော် လိုဏ်ပတ်လမ်းလက်ဝဲဘက်မုခ်ငယ်ခုနစ် လက်ယာဘက်မှ အရုပ်နံပါတ်(၁၃) ကျောက်ဆစ်ရုပ်ကြွလက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာစာစ်ခုပင်ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်(၅၁)စင်တီမီတာခန့်၊ အကျယ်(၂၃)




စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)စင်တီမီတာခန့် ရှိပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ လက်ရာတွင်လည်း အဆင်တန်ဆာများချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင်လည်း ခါးမှ ပြတ်နေသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၄) ဒီဖိုင်းလက်ရာတွင် မကိုဋ်မှတော်(ဗောင်းတော်) ပါရှိသည်ကို တွေ့ရှိရပါသည်။ ဗောင်းတော်ကိုနဖူးစအောက်ခြေ၌ ဖောင်းလုံးတစ်လုံးခံကာ ဖောင်းလုံး လက်ဝဲ,လက်ယာတွင် ပန်းလိပ်ညွှန့် တစ်ဖက် တစ်ညွှန့်ဖြင့် အလှဆင် အင်အားဖြည့်ထားပါသည်။

ဗောင်းတော်အပေါ်ပိုင်း ဖောင်းလုံးအထက်တွင် ကြာငုံ၊ ကြာဖူးသဏ္ဌာန်ပွင့်ဖတ်များ ပတ်၍ တန်ဆာဆင်ထားသည်ကို တွေ့ရှိပါသည်။

နားနှစ်ဖက်တွင် နားတောင်းလုံးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ လေးထောင့်စပ်အနေအထားမျိုး တွေ့ရှိရဖြီး လုံးနေပါသည်။

မျက်ခုံးကို ကကြီးသဏ္ဌာန် ဖော်ထားသည်ကို တွေ့ရှိရပြီး မျက်လုံးအိမ်မှိုနေပါသည်။ နှာခေါင်း ခပ်စင်းစင်းအနေအထား တွေ့ရှိရသော်လည်း နှာဝကားနေပါသည်။

ပါးစပ်မှာ အရာလောက်သာ ပေါ်လွင်ပြီး ပါးရေးလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ် သုံးရစ် ပေါ်လွင်လှပါ၏။

လက်နှစ်ဖက်ကို ဘေးသို့ကား၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျားများကို အပေါ်သို့ မြှောက်ထားပါသည်။ လက်နှစ်ဖက်စလုံးတွင် ပန်းဖူးတစ်ဖက် တစ်ဖူး ကိုင်ထားပါ၏။

ခါးတွင် ခါးပတ်ပြားကြီး တစ်ပတ်ပတ်ထားပြီး ခါးပတ်ပေါ်မှ ဣန္ဒြေကာကို ရှေ့တွင် အပြားလိုက် ချထားပါသည်။

ခြေထောက်နှစ်ဖက်ကိုလည်း ညာဘက်ခြေထောက်ကို ဒူးကွေး၍ ရပ်ထားပြီး ဘေးသို့ ကားထုတ်ထားပါသည်။

ခြေဖျားကို ဘေးသို့ထုတ်၍ ဖနောင့်ကို အတွင်းဘက်သို့လှည့်ကာ ဘယ်ဘက်ခြေဖဝါးဖြင့် ထိကပ်ထားပါသည်။

ဘယ်ဘက်ဒူးကို ကုပ်၍ ဖနောင့်ကို ဣန္ဒြေကာပြားတွင် ကပ်ကာ ခြေဖျားကို ခြေချောင်းကလေးများ ကော့၍ထောက်ထားပါသည်။

ဘယ်ဘက်ခြေထောက်တွင် ပုဆိုးအောက်ရစ်နှင့် ခြေမျက်စိလည်း ဖော်ထားသည်ကို တွေ့ရှိရပါသည်။

**ဤပုံ(၃၄)**မှာ ယောကျ်ားပုံသဏ္ဌာန်အနေအထား တွေ့ရှိရပြီး ဗောင်းတော်(မကိုဋ်မှတော်မှာ) လက်ရာမြောက်လှပါသည်။ ရိုးရိုးရှင်းရှင်းနှင့် လှပသော

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးခေတ်လယ် (မကိုဋ်)လက်ရာ တစ်ခုပင် ဖြစ်ပါသည်။

*** *, *ပုံ(၃၅)**

ထုကြွန့်သိမ် ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် မုခ်ငယ်ခုနစ်၊ လက်ဝဲဘက်မှ နံပါတ်(၁၄) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ခါးဆစ်ကျိုးနေသည့် အက်ကြောင်းကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄၂)စင်တီမီတာခန့်၊ အကျယ် (၂၇)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)စင်တီမီတာခန့် ရှိပါသည်။

ပုံ(၃၅)လက်ရာ၏ ဖောင်းတော်မှာ အဖျားချွန်းပြီး အဆင်တန်ဆာများ မတွေ့ရှိရတော့ပေ။ ဖောင်းတော်အောက် နဖူးဆံစနားတွင် အဆင်တန်ဆာအဖြစ် နှစ်ထပ်ပွင့်ကြီး တစ်ခုနှင့် နှစ်ထပ်ပွင့်ဖတ် လက်ဝဲ,လက်ယာတွင် ပွင့်ဖတ်ငယ် တစ်ဖက်စီကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားဆွဲကွင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ နားဆွဲကွင်းဝန်းကြီးများတွင် မြောက်ဦးခေတ်၏ မူရင်းအရောင်စဥ့်နီညိုရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ မျက်နှာအနေအထားမှာ လုံးဝန်းသည့် မျက်နှာပေါက်အနေအထားမျိုး တွေ့ရှိရပါသည်။ မျက်ခုံးကို ကကြီးသဏ္ဍာန်ဖော်ထားပြီး မျက်လုံးမှာ မှိန်၍ ခပ်သွယ်သွယ် ,တွေ့ရှိရပါသည်။

နှာခေါင်းမှာ တိုပြီး နှာခေါင်းအောက်တွင် နှာရည်စီခွက်ကလေး ဖော်ထား



ပုံ-၃၅

ပါသည်။

ပါးစပ်မှာ ပေါ်လွင်လှပြီး အောက်နှုတ်ခမ်း ပိုပေါ်လွင်သည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ်သုံးရစ် ပေါ်လွင်လှပါ၏။

လက်နှစ်ဖက်ကို အောက်သို့ချကာ ညာဘက်လက်ကို တံတောင်ဆစ်မှ ကုပ်၍ အပေါ်သို့ထောင်ကာ ပန်းဖူးတစ်ဖူး ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကို အဖြောင့်ချ၍ ခြေဖျားနှစ်ဖက်ကို ပူး၍ကိုင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်ပြားကြီး တစ်ပြားပတ်ထားပြီး ခါးပတ်ပြားကြီးပေါ်မှ က္ကန္ဓြေကာကို အပြားလိုက် ရှေ့တွင်ချထားပါသည်။

ဒူးနှစ်ဖက်ကို ကုပ်၍ ဘေးသို့ကားထားကာ ခြေဖဝါးနှစ်ဖက်ကို ပူးကပ်ထားပါသည်။ ခြေချောင်းများကို လက်ဝဲ,လက်ယာ ဘေးသို့ ကားထုတ်၍ ထောက်ထားသည်ကို တွေ့ရှိရပါသည်။

ဤ ပုံ(၃၅)အရုပ်ကို ယောဂီျားဟန်ပန် အနေအထား အရုပ်မျိုး တွေ့ရှိရပါ၏။

အထက်ဖော်ပြပါ ဒီဖိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးမှုလက်ရာများကို လှစ်ဟဖော်ပြနေသော ရှေးခေတ်ဟောင်း လက်ရာများပင် ဖြစ်ပါသည်။

အတုယူထိန်းသိမ်း ဖော်ထုတ်သင့်သော လက်ရာများပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

*အနုစ္ဆေအနုဋ္ဌငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်...*

**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားမှာ

## ပညာသွားသင်ရကိန်းရှိလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အသက် (၁၇)နှစ်ခန့်အရွယ် မိန်းမပျိုလေးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင်ကို ဖော်ပြပေးလိုက်ပါတယ်။

"**နိုင်ငံခြားမှာ ပညာသွားသင်ရကိန်းရှိလား**"ဆိုတဲ့ မေးခွန်းကို အဓိကထားမေးခဲ့တာ ဖြစ်ပါတယ်။

ဘယ်

ပညာရေး ရည်မှန်းချက် ဘယ်လောက် ရှိသလဲဆိုတာ သိဖို့ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံကို အရင်ဦးစွာ ကြည့်လိုက်တော့ ထောင်ထက်နေတဲ့ ရည်မှန်းချက်လမ်းကြောင်း ထင်ရှားနေတာ တွေ့ရတယ်။

**"က" အကွက်**




www.burmeseclassic.com


www.burmeseclassic.com

* * *




ဉာဏ်ရည်ဉာဏ်သွေး ကောင်းရဲ့လား၊ ဘွဲ့ထူးဂုဏ်ထူး ဆွတ်ခူးနိုင်လောက်အောင် ထူးချွန်နိုင်ရဲ့လား ဆိုတာ သိဖို့ ဉာဏ်လမ်းကြောင်းကို ကြည့်လိုက်တော့ **လမ်းကြောင်းအဆုံးမှာ ကြာဖူးသင်္ကေတ ထင်ရှားရှိတာ တွေ့ရတယ်။ "ခ"အကွရာ**


* * *




နိုင်ငံခြား သွားရနိုင်လောက်တဲ့ ကံကြမ္မာမျိုး ရှိသလား ဆိုတာ သိဖို့ တနင်္လာဂြိုဟ်ခုံဘက်ကို ကြည့်လိုက်တော့ အသက်လမ်းကြောင်းအရင်းဘက်က တနင်္လာဂြိုဟ်ခုံဘက်ကို ခွဲဆင်းနေတဲ့ **နိုင်ငံခြားသွားလမ်းတွေ** ထင်ရှားရှိတာ တွေ့ရတယ်။


**"ဂ"အကွရာ**

* * *




နိုင်ငံခြားမှာ ပညာသွားသင်နိုင်လောက်တဲ့ ငွေကြေးဥစ္စာ အထောက်အပံ့အကူအညီ ကောင်းတွေရော ရှိနိုင်ပါရဲ့လားဆိုတာ သိဖို့ **ထက်သူကြွယ်အောက် ထနင်္ဂနွေဂြိုဟ်ခုံကို ကြည့်လိုက်တော့ အောင်မြင်ရေးလမ်းကြောင်း၊ အကူလမ်းကြောင်း၊ အထောက်လမ်းကြောင်းတွေ** ထင်ရှားတွေ့ရှိရတယ်။ **"ဃ"အကွရာ**

* * *





ကျန်းမာရေးကြောင့် ပညာရေးကို အနှောင့်အယှက် ဖြစ်နိုင်သလားဆိုတာ သိရဖို့ အသက်လမ်းကြောင်း ဝန်းကျင်ကို ကြည့်ရပါသေးတယ်။

အသက်လမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းတွေမှာ ကျွန်းသင်္ကေတတွေ ရှိပါတယ်။ ဒါပေမယ့် အသက်လမ်းကြောင်းရဲ့ အတွင်းမှာ အရံအသက်လမ်းကြောင်းတွေလဲရှိနေတယ်။

ဒါကြောင့် အစာအိမ်နဲ့ အာရုံကြောတို့ကို ကျန်းမာရေး ဒုက္ခပေးနိုင်ပေမယ့် နာတာရှည် အိပ်ရာထဲ လဲရလောက်အောင်တော့ မဆိုးဘူး။ ပညာရေး ပျက်ပြားလောက်အောင်တော့ မညံ့နိုင်ဘူး။ **"င"အကွရာ**

* * *




ကဲ ဒီလောက်ဆိုရင် **သူမကို အဖြေပေးလို့ ရပါပြီ။ နိုင်ငံခြား ပညာသင်သွားဖို့ကိစ္စ မီးစိမ်းပြလိုက်ရုံပဲပေါ့။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**


## နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုလိုသူများသို့...

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀ဝိ/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်မှ
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-ခမြည်၊
၂၉-လမ်း(အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၂၂၉၄၄။

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်
# စကြာမင်း
အမှတ်တံဆိပ်
# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

... စာရေးဆရာကြီး မောင်ကိုဖော် (ဥက္ကလာ)ပါလား။ ... ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

... ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

... ပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ... ကျောရိုးဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် ... + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ...တာပဲ'

... မကုဘူးလား'

... မှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ... အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် ...'

... နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ... ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ...တဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ...ပဲ)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်က ...လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ...ဆေး။ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

...တာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ...ရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ...အတွက် အကျိုးမယုတ်နိုင်ပါဘူး'


... အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ...'

...တဲ့... လာ သွားကြမယ်'

* * * * * *

...လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ...ပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ...ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ...တတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ... နှိမ့်ပြန့်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ...တာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ...တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ... ကုသပေးနေရပါတယ်'

...အရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ...လဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။'

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြိပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးဓတ္တ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လ

ကြော်ငြာဆောင်းပါး

အတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါကို လာဖြစ်တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာထွန်းမြိုင်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနမှ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင် ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ'

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကိုတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေ့ဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာထွန်းမြိုင် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com

# မယ်တော်ကြီးဂမုန်းအပြိုင် စီးပွားကျိုင်း

နက်မောက် ကောင်းထွန်းမြင့်



[ပင်စည်မကြီး တစ်ခုတည်းမှ ကိုင်းများ (၉)ခွဲ ခွဲထွက်နေသည့် မယ်တော်ကြီးဂမုန်းပင်ကို]

မောက်မြို့၊ မြို့မရပ်မှ ကာ လွန်ခဲ့သည့် ခုနစ်လ၊ ရှစ်ပြီး သူ့အိမ်တွင် ဝါသနာ ရ စိုက်ပျိုးထားခဲ့သည့် ဂမုန်း အနက် ထူးခြားနေသည့် "မယ်တော်ကြီးဂမုန်းအပြိုင်" ဖူးပွင့် ကို လေ့လာရန် ဖုန်းဆက် ပေး ဖိတ်ခေါ်ပါသည်။

(၂၁–၃–၂၀၁၆) စနေနေ့တွင် ရောက်လေ့လာ၊ ဓာတ်ပုံမှတ်တမ်း မေးမြန်း၍ စာစီပြုရေးခြယ် အပ်ပါသည်။

ဒီလိုလေ ဆရာရဲ့…ကျွန်မဘိ အတိုး တည်းက ဂမုန်းစိုက်တာ ဝါသနာ ပါခဲ့တာပါ။ ကျွန်မ အဖေအမေကလဲ တာပဲ။ ဂမုန်းမျိုးတစ်ထောင်ဆိုပြီး ရနိုင် ဂမုန်းမျိုးစုံကို စိုက်ခဲ့တယ်။

ညဥ့် ရွက်ရမယ့်ဂါထာတွေ၊ နေ့စဉ် ကြည်ရေသန့်လောင်းရင်း ရွက်ရမယ့် တွေလဲ ရွက်ပါတယ်။

တွေ အနီးမှ အမိုက်သရိုက် လှည်း သန့်သန့်ရှင်းရှင်းထားပြီး အမွှေးတိုင်ပါ ပေးပါတယ်။

အိမ်မှာ ဂမုန်းမျိုးကတော့ စုံပါတယ်ဆရာ။ အင်းဂမုန်း၊ တော်ကြီးဂမုန်း၊ စေတီဂမုန်း၊ ကွမ်း ရွှေလာဂမုန်း၊ ငွေလာဂမုန်း၊ ဂမုန်း တော်တော်များများ စိုက် ပါတယ်။

ထောင်ကျစ လွန်ခဲ့တဲ့ အနှစ် လောက်ကတည်းက စိုက်ခဲ့ **ပရိတ်သဲ၊ ငွေငါးမတ်ခံပြီး** ယ်။ ရေကြည်ရေသန့် လောင်း ကရမက် အမွှေးရည်များ ဖျန်းပေးပါတယ်။

ဖြင့် မယ်တော်ကြီးဂမုန်းနဲ့ က အမွှေးနံ့သာ သိပ်ကြိုက်

www.burmeseclassic.com



◆ [နေအိမ်တက်သို့ ကိုင်းမွား နှစ်ပြာအပြိုင်ပိုထွက်နေသည့် မယ်တော်ကြီးဂမုန်းတို့] (ဓာတ်ပုံ-ကိုမြင့်ကျွန်)

တယ်လို့ ကျွန်မအတွေ့အကြုံအရ သိရပါတယ်။

**အင်းကမုန်းပင်က ညီညီ အသီးမှာ အချွန်နဲ့သာများ စုပ်ယူထား လေ ရှိတာ လက်တွေ့ သိရပါ တယ်။**

မယ်တော်ကြီး ဂမုန်းမှာ ဥမရှိဘူး ဆရာ။ ဒါပေမယ့် သူ့အပွင့်မှာ အမွှေး နံ့သာများ ပြည့်နေတာ တွေ့ရပါတယ်။ အခု ထူးခြားတာက ပောဒီ မယ်တော်ကြီးဂမုန်း အပြိုင်ထွက်၊ အပြိုင်ဖူးပွင့်လာတာ ပါပဲ ဆရာ။ လွန်ခဲ့တဲ့ ခုနစ်လလောက်က စခဲ့တာပါ။

'ဒီလိုပါဆရာ... ပြီးခဲ့တဲ့ (၂)နှစ်လောက်က ကျွန်မ မိသားစုမှာ စီးပွားရေး ချောင်လည်မှု မရှိခဲ့ပါဘူး။ သိပ်ပြီး ကျပ်တည်းတဲ့အဆင့် မရောက်ပေမယ့် လူ့အတန်း သူ့အတန်း စေ့အောင် အတော်ကြီး ရုန်းကန်ခြစ်ခြုတ် ချွေတာခဲ့ရပါတယ်။

ကျွန်မမှာ သားသုံးယောက်၊ သမီး တစ်ယောက်ရှိပြီး လေးယောက်လုံး တက္ကသိုလ်မှာ ထားခဲ့ရတာ ဆရာ တွေးသာ ကြည့်ပါတော့။

အကြီးဆုံးသားနဲ့ ဒုတိယသမီးက ကျောင်းပြီးပေမယ့် အလုပ်က မရသေးဘူးလေ။

တတိယသားက ဒုတိယနှစ်တက်နေ၊ အငယ်ဆုံးသားလေးက နဝမတန်း တက်နေဆဲမှာ အိမ်ဦးနတ်ရဲ့ စာရေးကြီးဆိုတဲ့ ဝင်ငွေတစ်မျိုးနဲ့ ဘယ်လိုမှ စားဝတ်နေ မဖြစ်တော့ဘူးပေါ့။

ကျွန်မ အိမ်ဝိုင်း မြေလွတ်မှာ ဘူး၊ ဖရုံ၊ ပဲပင်တွေ စိုက်၊ ရေလောင်း ပေါင်းသင်၊ အရင်တုန်းကတော့ အနည်းအပါးစိုက်ပြီး မိသားစုစားလို့ ပိုလျှံတာကို အိမ်နီးပါးချင်းကို ဝေခဲ့တာပါ။

အခုတော့ များများစိုက်ပြီး ဘူးသီး, ဘူးရွက်၊ ဖရုံသီး, ဖရုံရွက်၊ ပဲသီး, ပဲရွက်တွေ နှီးတောင်းမှ ထည့်ရွက်ပြီး ကျွန်မ ရပ်ကွက်စုံ လိုက်ရောင်းခဲ့တယ်။

သားတို့သမီးတို့ ရှက်မှာစိုးလို့ အားပေးရသေးတယ် ဆရာရဲ့။ သားတို့ သမီးတို့... မေမေဟာ သူများဆီ လိမ်စား, ခိုးစားတာ မဟုတ်ဘူး။ ကိုယ့်လုပ်အား ကိုယ့်စွမ်းအားနဲ့ သမ္မာအာဇီဝနဲ့ လုပ်စားတာ ရှက်စရာ မဟုတ်ဘူးနော်၊ ဂုဏ်ယူစရာပါလို့ ပြောရတယ်။

သမီးက သူပါ တောင်းတစ်တောင်း လိုက်ရွက်ပြီး ရောင်းမယ်။ သားကလဲ ဆိုက်ကား ထွက်နင်းပါ... ဆိုလို့ ကျွန်မမှာ မနေ... တားယူရတယ်။

ကျွန်မမှာလေ သားနဲ့သ... အဲသလို ပြောတာ၊ ... တတ်တာကိုပဲ သနား... ကွယ်ရာမှာ မျက်ရည်လည်... ခဲ့ရသေးတယ် ဆရာရဲ့။

တက္ကသိုလ် တက်... ကလဲ သားတွေ့သမီး... အဝတ်အစား လော်လည်... ကြွားတာ မရှိခဲ့ဘူး။ ကျော... စိမ်း ပုဆိုး၊ အင်္ကျီဖြူ သုံး... ဝတ်ပြီး တက်ခဲ့တာ။

တက္ကသိုလ် ကျောင်းသ... ကျောင်းသူဆိုတာ လုံချည်... အင်္ကျီဖြူဝတ်တာ နည်း... တော့ ကျွန်မသားတွေ သ... တွေက ပိုလို့ ထူးခြားခဲ့ရ... တယ်လို့ ကြဖန်ဂုဏ်ယူ... တယ်။

အဲလိုနဲ့ ဆရာရယ်... ဘဝရဲ့ အထုအထောင်း လောက... ရင်ဆိုင် ရုန်းကန်နေရတော့ ကျွ... မြတ်နိုးစွာ စိုက်ထားတဲ့ ဂမုန်းတွေ... အာရုံ မရောက်မိတော့ဘူး။

ရေလောင်း၊ သန့်ရှင်းရေးလု... အမွှေးတိုင်ထွန်းပေး ဂါထာမန္တန် ရွ... ဆိုတာတွေ ဘာမှ မလုပ်နိုင်တော့ဘူ...

မေ့မေ့ပျောက်ပျောက်ကို ဖြစ်နေခဲ့... ပါတယ်။ ဒါ ကျွန်မ အမှန်အတိုင်... ဝန်ခံတာ ပြောပြတာပါ။ အဲ...

အဲ... လွန်ခဲ့တဲ့ ခုနစ်လ၊ ရှစ်... လောက်မှာပဲ ညဉ့်ယံဦးလောက်မှာ... ထူးထူးခြားခြား အိပ်မက်ရခဲ့ပါ...

ကျွန်မမှာ မနက်တစ်ကြိမ်၊ ည... တစ်ကြိမ် ဟင်းရွက်စိမ်း ခေါင်းရွက်...





www.burmeseclassic.com

www.burmeseclassic.com

ရောင်း ထွက်နေရတော့ ...ပြီး ဖွတ်မေ့လိပ်မေ့ ...လို ကသောကမျော ...မိတယ်။

...ချိုက်ချိုက် အိပ်ပျော် ...မှာပဲ...

သမီးလေး... သမီးတော်ကြီး ...သမီး ထပ်ဦး သမီးရဲ့သူတော် ...သမီးလေး သိပ်ပင်ပန်း ...ကိုး။ ထစမ်း...ထစမ်း။

...တို့သမီး ပင်ပန်းမှုတွေ ပြေ ...ကဖို့ အချိန်ရောက်လာပါ ...ကွယ်။ သိပ်ပင်ပန်းတော့ ...မေ့၊ တရားမေ့၊ သံဃာမေ့ ...ဖြစ်နေပြီ။

...တ်စွအဆုံး သမီး ပြုစုစောင့် ...ခဲ့တဲ့ ဂမုန်းအိုးတွေတောင် ...လောင်းတာ ကြာပြီ မဟုတ် ...။

အဲဒီဂမုန်းတွေမှာ သမီးတော် အတွက် ထူးခြားနိမိတ်တွေ ...ထွက်နေပြနေကြပြီ။ သမီး ခါတိုင်းထက် ...ရှိယနည်းနည်း ပိုလိုက်ပါကွယ်။

...ာနာသုံးပါးကို ဦးထိပ်မှာ ပန်ဆင်ပြီး ...နဲ့ ဘုရားရှိခိုး၊ ဆွမ်းကပ်လှူပေး။ ...မုန်းအိုးများကို ရေလောင်း၊ ပေါင်းသင် ...သန့်ရှင်းပေး၊ အမွှေးရည်ဖျန်း ရှုတ်ရမယ့်ဂါထာ ...တွေ ဟိုး... အရင်ကလို ရွတ်ပွားပေး ...ကြားလား။

...တို့သမီးတော်အတွက် ကောင်းနိမိတ်ချိန် ...ရောက်လာပြီ ရက်ပိုင်း လပိုင်း အချိန်ပိုင်းပဲ ...လိုတော့တယ်၊ ကြိတ်ထား တောင့်ထား ...လိုက်စမ်း သမီး’

ဆိုပြီး အဖြူဝတ်၊ အညိုဝတ်၊ အဝါ ...တ် ပုဂ္ဂိုလ်သုံးဦးက ခေါင်းရင်းဘက် ...ာ ထိုင်ပြီး ပြောသွားကြတယ် ဆရာ။ ...ကျွန်မ ရိုးသားစွာ ဝန်ခံရဦးမယ်။

ကျွန်မအိမ်မှာ ဘိုးတော်တွေ၊ နတ်



(အပြိုင်ကိုင်းမွှားမှုမ်ပြာဆီ ရှုဘက်မှ မြင်ကွင်း)

တွေ ပူဇော်ထားတာ မရှိပါဘူး။ ဂမုန်း စောင့်ပုဂ္ဂိုလ်တွေလို့ပဲ ထင်ပါတယ်။ ဆရာရော... ဘယ်လိုထင်ပါသလဲ ဆရာ’

‘ဟုတ်မှာပါ ဒေါ်စုစန္ဒာ၊ ကျွန်တော်လဲ အဲသလိုပဲ ယူဆပါတယ်။ ဘာလို့လဲ ဆိုရင် ဂမုန်းတစ်ထောင်ကျမ်းမှာ ဆိုထားတယ်လေ။ ဂမုန်းမှန်သမျှ ဂမုန်းတိုင်းမှာ အစောင့်ရှိတယ်လို့ အခိုင်အမာဆိုထားပါတယ်’

‘ဒါဆိုရင် ဆရာ့အယူအဆနဲ့ ကျွန်မ အယူအဆ အထင်အမြင် ထပ်တူဖြစ်သွားပြီပေါ့ ဟင်း...ဟင်း...ဟင်း။ အဲလိုနဲ့ ကျွန်မ နိုးတော့ နံနက်လေးနာရီ အုန်းမောင်း မြို့မကျောင်းတိုက်က ခေါက်သံ ကြားရတယ်။

အခါတိုင်း အုန်းမောင်းခေါက် နှိုးပေမယ့် ပင်ပန်းနွမ်းနယ်နေတော့ မထ ဖြစ်ဘူးဆရာ။ ငါးနာရီ လောက်မှပဲ ထဖြစ်တယ်။

အဲဒီနေ့ကတော့ လူကလဲ စိတ်သစ် လူသစ်နဲ့ အင်အား သစ်တွေ ပြည့်နေတယ်၊ အုန်းမောင်း ရပ်သွားတယ်ဆို ချက်ချင်း အိပ်ရာကထ မျက်နှာသစ်၊ ဘုရားရေချမ်းကပ်၊ အလင်းတိုင် ပူဇော်ပြီး ထမင်း အိုး၊ ရေနွေးအိုး တည်လိုက်တယ်။

ငါးနာရီခွဲလောက်မှာ ဂမုန်းတွေနား ရှုပ်ပွပြီး မလှည်း ကျင်း ဖြစ်ခဲ့တဲ့ အမှိုက်တွေ ပြောင်စင် ကြည်လင်အောင် လှည်းကျင်း သန့်ရှင်းလိုက်တယ်။

ရေကြည်ရေသန့်တွေ စိုနေအောင်လောင်း။ရေလောင်း ရင်း ရွတ်ရမယ့် ဂါထာတွေ ရွတ်၊ ခြောက်နာရီခွဲလောက်မှာ ဈေး တောင်းပြင် ဈေးရောင်းထွက်ခဲ့တယ်။

အဲဒီနေ့မှာ ထူးထူးခြားခြား ရောင်း ကောင်းလိုက်တာ ဆရာရယ်။ မနက် ကိုးနာရီလောက်မှာကို ပါလာတဲ့ အသီး အရွက်လက်မရှိ ရောင်းကုန်တယ်။

ခါတိုင်း မနက်ရော၊ ညနေရော နှစ်ချိန်ရောင်းမှ ကုန်တာ၊ အဲဒီနေ့ ညနေ ရောင်းစရာ မကျန်လို့ ညနေပိုင်း ကျွန်မ ဈေးရောင်း မထွက်ရတော့ဘူး။ အနားရသွားခဲ့တယ်။

ညနေပိုင်း ဈေးရောင်း မထွက်ရ တော့ ဂမုန်းအိုးတွေကို ပိုပြီး အချိန်ပေး ပြုစုနိုင်ခဲ့ရတယ်လေ။ အဲဒီ ညနေပိုင်း မှာပဲ သတိထားလိုက်မိရတာ ဆရာ။ မယ်တော်ကြီးဂမုန်း အိုးကိုအိုးက အပြိုင် ဖူးနေပြီး ပွင့်တော့မယ်။ ပင်စည်

www.burmeseclassic.com

www.burmeseclassic.com

ကိုင်းနှစ်ကိုင်းကလဲနေအိမ်တက်ကို အပြိုင်ထိုးထွက်နေတယ်။

အင်းဂမုန်းနဲ့ ရွှေလာငွေလာ ဂမုန်းတွေကလဲ အစီအရီ အဖူးအညွှန့်တွေ ပြူထွက်နေတာပါပဲ ဆရာ။

ဂမုန်းစိုက်ခဲ့တဲ့အနှစ်သုံးဆယ်အတွင်းမှာ တကယ့်ကိုထူးထူးခြားခြားပါပဲ ဆရာရယ်။

အိပ်မက်ထဲမှာ လာပြောပေးသွားတဲ့အတိုင်း နိမိတ်ထူးတွေ ပြနေပြီဆိုတာ အမှန်ဖြစ်နေတယ်ဆိုတာပါပဲ။

နေ့စဉ် ကျွန်မ စောစောထ ဘုရားပန်းလဲ ရေချမ်းကပ်၊ အလင်းတိုင်၊အမွှေးတိုင်ပူဇော်၊ ဆွမ်းတင်ပြီးရင် ဂမုန်းအိုးတွေ ရေလောင်း အမွှေးတိုင် ထွန်းညှိပေး။ ဂမုန်းအိုးတွေ ရေလောင်းစဉ် ရွတ်ရမယ့် ဂါထာတွေရွတ်။

ဂမုန်းပင်တွေနားမှာ သစ်ရွက်ခြောက် အမှိုက်သရိုက် လုံးဝမရှိအောင် လှည်းကျင်းပေး။ တစ်မိသားစုလုံးကိုလဲ ဂမုန်းအိုးတွေနားမှာ တံတွေး မထွေးဖို့ နှပ်မညှစ်ဖို့ အညစ်အကြေး အမှိုက်သရိုက်တွေ မစွန့်မိဖို့ သတိပေး ပြောခဲ့ပါတယ်။

ဒီမှာကြည့်ပါ ဆရာ... လွန်ခဲ့တဲ့ သုံးလကစပြီး ဟောဒီ မယ်တော်ကြီး ဂမုန်းအိုးက ကိုင်းနှစ်ကိုင်း အပြိုင် နေအိမ်ဘက် ထိုးထွက်ပြီး ဖူးပွင့်နေပါတယ်။

ဖူးတဲ့ဟာလဲ ဖူးတုန်း၊ ပွင့်တဲ့ဟာလဲ ပွင့်ခဲ့ပါပြီ။ ဟောဒီ မယ်တော်ကြီးဂမုန်းအိုးက အဖူး(၁၁)ဖူး တစ်ပြိုင်တည်း ဖူးခဲ့၊ ပွင့်ခဲ့ပါတယ်။

ဒီလို ထူးထူးခြားခြား ကြုံဖူးဖို့ အလွန်ရှားပြီး ဖြစ်တော့်ဖြစ်ခဲပါဆရာ။

ထူးပြီလား ဆရာရယ်... အိမ်ဦးနတ်လဲ တစ်ဆင့်မြင့် ရာထူးတက်သွားတယ်။ သမီးလဲ ကျောင်းဆရာမ ခန့်ထားခံရတယ်။ သားလဲ ရှေ့နေ ဖြစ်သွားခဲ့ပြီ။

ကျောင်းတက်နေတဲ့ သားနှစ်ယောက်လဲ ထူးချွန်အဆင့်နဲ့ စာမေးပွဲမှာ ထင်ရှားစွာ အောင်မြင်ခဲ့တယ် ဆရာ။

အခု ခင်ပွန်းရယ်၊ သမီးရယ်၊ သားရယ် ဝင်ငွေကိုယ်စီတိုးတော့ ကျောင်းတက်နေတဲ့ သားတွေပါ တယ်လီဖုန်းကိုယ်စီနဲ့ ဆိုင်ကယ်တစ်စီးစီနဲ့ ကျောင်းတက်နိုင်ခဲ့ပါပြီ။

နေအိမ်ကိုလဲ လူ့အတန်း သူ့အတန်း အဆင့်မြင့်မြင့် အသစ်ဆောက်နိုင်ခဲ့ပါပြီ။ အရင်ကလို ကျွန်မ ဈေးရောင်း မထွက်ရတော့ဘဲ ထွက်သမျှ ခြံထွက် အသီးအရွက်များကို အိမ်နီးချင်း မိတ်ဆွေများကို ဝေငှ ပေးနိုင်ရလို့ နေ့စဉ် အလှူဒါန ပြုရသလိုဖြစ်လို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ရှစ်ရက်သီတင်း လပြည့် လကွယ် နေ့များမှာလဲ မြို့ကျောင်းတိုက်၊ ဘုရားကြီးကျောင်းတိုက်၊ ရွှေကျောင်းရိပ်သာတွေသွားပြီး ဥပုသ်သီလစောင့်နိုင်၊ ယူနိုင်ရပါပြီ။

တိုက်နဲ့ကားနဲ့ မဟုတ်ပေမယ့် ကိုယ့်ဘဝနဲ့ကိုယ် စားနိုင်ကြွားနိုင်လှူနိုင်တန်းနိုင် အဆင့်မြင့်ခဲ့ရပါပြီ ဆရာ။

ဒီဂမုန်းတွေ ဖူးပွင့် ထူးခြားလို့ အခုလို ခင်ပွန်း ရာထူးတက်၊ သားတွေ သမီးတွေ အလုပ်ရ စီးပွားတိုးတက်လာတာ မဟုတ်ဘူးလို့ ဆိုချင်ဆိုနိုင်ပါတယ်။


**ဒါပေမယ့် ဒီလို တိုးတက်မြင့်မား ထူးခြားတော့မယ်ဆိုတဲ့ အတိတ်ထူး နိမိတ်ထူး ဟိတ်ထူးတွေကို ဂမုန်း ကြိုတင် သတိပေး အသိပေးတယ်ဆို တော့ အသေအချာပါပဲ ဆရာ"**

ဒေါ်စုစန္ဒာသည် တကယ်ပင် အ တရား အမြင်တရားအတိုင်း ရိုးသား ပွင့်လင်းစွာ ပြောပြပါသည်။

သူပြောသမျှ အသံဖမ်းယူခဲ့ ထူးခြားစွာ အပြိုင်ထိုးထွက်နေသော ဂမုန်းအိုးနှင့် ဂမုန်းဖူးပွင့်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ **"မယ်တော်ကြီးဂမုန်းအပြိုင် ဖူးပွင့်**" စာမူကို မှုရင်းမပျက် ရေး တင်ဆက်အပ်ပါသည်။

***တိုးတက် ကြီးပွားကြပါစေ***

**နတ်မောက် ကောင်းမွန်မြင့်**



▲[(၁၁)ပွင့်ပြိုင်တည်း ဖူးပွင့်သော မယ်တော်ကြီးဂမုန်းအိုး]



www.burmeseclassic.com

www.burmeseclassic.com

# အသံမပြည်သော ဆည်းလည်းလေး

သိသူများမှ ဖော်ထုတ်တင်ပြပေးစေချင်

ချစ်ငြိမ်းခင်
(ကြို့ပင်ကောက်–လယ်တီ)

မြန်မာ့ ကျောင်းကန်ဘုရားတို့၌ သာယာနာပျော်ဖွယ် အတိပြီးသော ဆည်းလည်းသံ့သည် ဘုရားထီးတော်တို့၌ အစီအရီ ချိတ်ဆွဲထားလေ့ရှိသည်။


လေတိုက်တိုင်း ဘုရားထီးတော်တို့မှ ဆည်းလည်းသံသည် သံစုံထွက်ပေါ်လေ့ရှိသည်။ ဘုရားထီးတော်သည် ဆည်းလည်းသံစုံဖြင့် စိတ်ကြည်နူးဖွယ်ရာလည်း ဖြစ်စေပါသည်။

ခရစ်နှစ် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ(၅)ရက်နေ့မှစ၍ ရန်ကုန်မြို့အနီးအနားတစ်ဝိုက်တွင် မြေငလျင်များ လှုပ်ခဲ့သည်။ စက်တင်ဘာလ(၉)ရက်နေ့တွင် ထပ်မံလှုပ်သော လျင်မှာ အင်အား အတော်အတန်ကြီးမားသည်။

ထိုငလျင်ဒဏ်ကြောင့် ရွှေတိဂုံဘုရားထီးတော်အထက် ပိန္နဲတိုင်မှာ အနောက်မြောက်ဘက် ရာဟုထောင့်သို့ စောင်းသွားပါသည်၊ စောင်း၍သွားသော နေရာမှာ ဖူးလေးဘုံအထက် ဒုတိယဘုံဆင့် နေရာတွင်ဖြစ်သည်။

မြေငလျင်လှုပ်၍ ပိန္နဲတိုင် စောင်းသွားချိန်တွင် အပျက်အစီးကို အကြောင်းပြု၍ ဂေါပကအဖွဲ့က ရွှေတိဂုံဝိဒ္ဒိ စရိယ ဆရာတော် သံဃာတော်တို့၏ ဩဝါဒခံယူပြီး ဗုဒ္ဓဘာသာဝင်များကို အသိပေးကာ မင်းတုန်းမင်းတရားကြီး တင်လှူခဲ့သော ထီးတော်ကြီး၏ အခြေအနေကို တက်ရောက်စစ်ဆေးခဲ့ကြသည်။

ဆည်းလည်းများကို ရွှေငွေ သံသေ (ပဉ္စလောဟာ)တို့ဖြင့် သွန်းလုပ်တင်လှူထားကြသည်။



အမြင့်(၂၅)လက်မ လုံးပတ်(၅)လက်မ အဝ(၁၅)လက်မ



www.burmeseclassic.com

www.burmeseclassic.com

ထီးတော်မှ ဖြုတ်ယူ စစ်ဆေးသော ဆည်းလည်းများအနက် လူအများ ထူးထူးခြားခြား စိတ်ဝင်စားသော သံသေခေါင်းလောင်း ဆည်းလည်းများကို တွေ့ရှိရသည်။

သံသေခေါင်းလောင်းများနှင့် ပတ်သက်၍ ရေးထိုးထားသော ကမ္ပည်းစာတန်းများမှာ...

၁။ ရတနာပုံ ရွှေမြို့တော်ကြီးတည် ဘဝရှင်မင်းတရားကြီးဘုရား သေးတော်, ခမည်းတော်တို့၏ ရိုက်ရာခံဖြစ်တော်မူသည့်အတိုင်း သေးတော်ဘုရား သံသေဓာတ်နှင့် ခမည်းတော်ဘုရား ၁၂၀၃ ခုနှစ် ပဋ္ဌလောဟာ ဓာတ်နှော လှူတော်မူသည်။

ဆည်းလည်းတော် မြေသို့ကျရှိသည်ကို ဆက်သလာ၍ ၁၂၂၃ ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်နေ့ ဆည်းလည်းရင်း(၁၇၀)တွင် **ရွှေစင်ကျပ်ချိန် (၁၇၀)ဖြည့်၍ ဆည်းလည်းတော် (၂)လုံးလှူ၍ (၁၇၀)** ရွှေတိဂုံဘုရားရှင်အားသွန်းလုပ်လှူဒါန်းတော်မူသည်။

၂။ ဦးအောင်ကျောင်းမှူးနှီဗ္ဗာန်ဆု၊

၃။ သက္ကရာဇ် ၁၂၃၃ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်နေ့ လှိုင်မြို့နယ် အုပ်မင်း မောင်ခလေးက အထက် ငွေဆည်းလည်းဟောင်းကို ထပ်မံပြင်ဆင် ပြုလုပ်သွန်းလုပ်သည်။ ***(ကောင်းမှု မင်းမြတ်ကြောကောင်းမှု)*** အချိန်(၇၀)ကျပ်၊

၄။ အခြား ဆည်းလည်းတော်များနှင့် အသံရော ပုံစံပါ မတူသည့် သံသေ ဆည်းလည်းတော် ***(ကမ္ပည်းများ မထင်ရှား၍ အလှူဒကာမသိ)*** ဟူ၍ တွေ့ရှိရသည်။

လူအများ စိတ်ဝင်စားသည့် ထူးခြားသော အခြား ဆည်းလည်းတစ်လုံးမှာ ပါဠိဘာသာကမ္ပည်းပါသော "**မိုးခေါ်ဆည်းလည်း**"ဟု နှောင်းခေတ်လူတို့ မှတ်ယူသည့် အလေးချိန် ငါးပိဿာကျော်ရှိ ငွေဆည်းလည်းကြီးတစ်လုံးဖြစ်၏။



'သံသေအစစ်ကို ရေနှင့် စိမ်သောက်လျှင် ဖန်တွတ်တွတ် အရသာရှိသည်။ သံသေဓာတ် စိမ်ထားသော ရေသည် လူသတ္တဝါများ၏ သည်းခြေကို ထက်မြက်စေပါသည်။ ယေဘုယျအားဖြင့် အကြောင်းညီညွတ်ပါက (၉၆)ပါးရောဂါကို ပျောက်ကင်းစေတတ်ပါသည်'

ဟု တိုင်းရင်းမြန်မာ သမားတော်ကြီး ဗေဒနက္ခတ်၊ မဟာပါမောက္ခ ကျောင်းကင်အမြင့်ဝိဇ္ဇာ ဦးစိန်အောင် အသက်(၆၀)နှစ်မှ ပြောပြ၍ သိရှိရပါသည်။

တစ်နေ့သောအခါ စာရေးသူ၏ထံသို့ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးနှင့်အတူ ညွှန့်သည်တစ်ယောက် ရောက်ရှိလာပြီး စာရေးသူအား မိတ်ဆွေဖြစ်သူမှ...

'ဆရာမ ဒီညွှန့်သည်ဆီမှာ ထူးဆန်းတဲ့ ပစ္စည်းတစ်ခု ပါလာတယ်။ ဆရာမက အထူးအဆန်းပစ္စည်းတွေ စုဆောင်းတတ်လို့ လက်ဆောင်ပေးရအောင် လာတာပါ'

ပြောပြီး ညွှန့်သည်မှ သူ၏ လက်ဆွဲအိတ်ထဲမှ ပစ္စည်းတစ်ခု နှိုက်ထုတ်ပြီး စာရေးသူအား ပေးလေသည်။

ညွှန့်သည်ပေးသော ပစ္စည်းမှာ **ကြေးဆည်းလည်းလေးတစ်လုံး** ဖြစ်ပြီး ညွှန့်သည်မှ...

'ဆရာမ ဒီဆည်းလည်းက ဘာပစ္စည်းနဲ့ တီးခတ်သည်ဖြစ်စေ အသံ လုံးဝမထွက်ဘူး သစ်သားတုံးကို ခေါက်သံလိုပဲ'

ဟု ပြောရာ စာရေးသူမှ ဆည်းလည်းလေးအား ယူပြီး သစ်သားတုတ်ဖြင့် တီးခတ်ကြည့်ရာ "ဒုတ် ဒုတ်" အသံသာ ထွက်လာသည်။

စာရေးသူလည်း မကျေနပ်သေးသဖြင့် (၄)လက်မ သံချောင်းတစ်ချောင်းဖြင့် ခေါက်ပြန်ရာ ဘာအသံမှ မထွက်ဘဲ "ဒုတ် ဒုတ်" အသံသာ ထွက်လေသည်။

ကြေး,သံတို့မည်သည် တီးခတ်ကြည့်လျှင် ကြေး,သံ အသံထွက်ရမည်ဖြစ်သော်လည်း ယခု ဆည်းလည်းလေးမှာ ဘာအသံမှ မထွက်ဘဲ ရှိသေသည်။

ထိုဆည်းလည်းလေးသည် ကြေးဆည်းလည်းဖြစ်ပြီး အလေးချိန်(၂၀)ကျပ်သားခန့်ရှိပြီး အမြင့်(၂½)လက်မ၊ လုံးပတ်(၅)လက်မ၊ အဝ (၁½)လက်မ ရှိပြီး ထိုထူးဆန်းသော ကြေးဆည်းလည်းလေးသည် စာရေးသူထံတွင် ရှိပါသည်။

**သို့နှင့် တတ်ကျွမ်းနားလည် ကျွမ်းကျင်သော ပညာရှင်များတို့သည် ဆည်းလည်းလေး၏ သဘောအဓိပ္ပါယ်အား ဆန်းစစ်ဝေဖန်ပေးနိုင်ကြပါရန် ဓာတ်ပုံနှင့်တကွ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ** တင်ပြအပ်ပါသည်။

**ချစ်မုန်းခင်**
***(ကြို့ပင်ကောက်-သာယာဝတီ)***




www.burmeseclassic.com

www.burmeseclassic.com

# မောင်အေးရွှေး မောင်အေးမြင့်

အေးချမ်းအောင် (ရမည်းသင်း)



## ဘုမ္မိအာရုံက အိမ်ထောင်ရှင်

'လာ...ထိုင်ကွယ့် မရောက်တာ ကြာပြီနော်'

ဟု ဗေဒင်ပညာရှင် ဆေးဆရာကြီး ဦးမင်းဖြူက ကျွန်တော့်ကို မြင်သည်နှင့် ပြုံးရွှင်စွာ ပြောလာပါသည်။

'ဟုတ်တယ် ဆရာကြီး မိုးတွင်းဆိုတော့ စပျစ်ခြံအလုပ်က အတော်ရှုပ်နေရလို့ဗျို့၊ ဆရာကြီးဆီ လာမယ်လို့ ရွယ်လိုက်တိုင်း အိမ်နားက အေးအေးတို့ လင်မယားကို အဆင်ပြေအောင် ဖေ့စပ်ပေးနေရတာနဲ့ချည်း ကြာနေတာ။ ဒါနဲ့ မရောက်ဖြစ်တာလဲ ပါတယ် ဆရာကြီး'

'အင်း... မိုးတွင်းကာလဆိုတော့ စပျစ်စိုက်သူတွေ အတော်ဂရုစိုက်ကြရတာကလား။ ခြံသစ်သမားတွေက အသီး သီးနိုင်းလို့ရအောင်၊ ကိုင်းရအောင်၊ ရောဂါမဝင်အောင် ဂရုစိုက်ရသလို၊ ခြံဟောင်းသမားတွေကျတော့လဲ သီးမှို့စွဲမှာ ကြောက်ရတာနဲ့၊ ရာသီသီးဖြစ်ဖို့ ကိုင်းကောင်းကောင်း ရအောင် လုပ်ရတာနဲ့ဆိုတော့လဲ မလွယ်ပေဘူး။

အေးလေ လွယ်တဲ့အလုပ်ကတော့ လောကမှာ မရှိပါဘူး။ ဘယ်အလုပ်ဆို ပေါ့ပေါ့လုပ်ရင် ပါးပါးပဲ ရမှာပဲ။

ဒါနဲ့ကွယ် အေးအေးတို့ လင်မယားက ဘယ်လိုဖြစ်ကြလို့လဲ'

'သူတို့လင်မယားက အချိန်တိုင်း တစ်ယောက်ကိုတစ်ယောက် အပြစ်တွေပြောကြ ရန်တွေဖြစ်ကြ ဆရာကြီးရဲ့၊ ကျွန်တော်က အိမ်ချင်းကပ်လျက်ဆိုတော့ သိနေရတယ်။ တစ်ဦးကို တစ်ဦး မှားကွက်စောင့်နေကြတဲ့ ကြိုးဝိုင်းထဲက လက်ဝှေ့သမားတွေလိုပဲဗျ။ ဘယ်ပြေလည်မှာလဲ။

လင်နဲ့မယား လျှာနဲ့သွားဆိုတဲ့ စကားအတိုင်း အခန့်မသင့်ရင် ကိုက်မိတာ သဘာဝပဲ။ တစ်ဦးနဲ့တစ်ဦး နားလည်မှုကိုယ်စီနဲ့ ပေါင်းသင်းနေကြရင် ကြီးကြီးမားမား ဖြစ်စရာအကြောင်း မရှိဘူးလေ။

ခုတော့ နေ့ရှိသရွေ့ တကျက်ကျက်ဗျာ၊ သူတို့မှာ ပတ်ဝန်းကျင် ရှိတယ်လို့ အောက်မေ့ကြရဲ့လားမသိဘူး။ သူတို့ ညားပြီးကတည်းက ထစ်ခနဲဆို ကွဲမယ်၊ ကွာမယ်ဆိုပြီး ကောင်လေးက သူ့အရပ် ပြန်ပြန်သွားတာ။

သူ့မိဘတွေက ပြန်ပြန်ပို့ပေးလို့ အဆင်ပြေသွားသလိုနဲ့ မကြာပါဘူး။ အဆင်မပြေတော့ ပြန်သွားတာပါပဲ။ အဲဒီလို အကြိမ်ကြိမ်ပေါ့ဗျာ၊ ဒီတစ်ခါတော့ ဆရာကြီးရေ လူကြီးစုံရာနဲ့ကို ကွာရှင်းလိုက်ကြတော့တယ်။

အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာ ဆိုစကားလိုပဲ သူတို့ တည်ညံ့ဖြစ်နေသံ ကြားနေရတာနဲ့ ကျွန်တော်တို့မှာ အခုလို စိတ်ဆင်းရဲနေကြရတာ။ ပြောတော့ မပြောသင့်ပါဘူး။ ခုတော့ နားအေးသွားပြီ ထင်တာပဲ ဆရာကြီး'

ထိုသို့ ကျွန်တော် ပြောပြနေသည်များကို ဆရာကြီးက ခေါင်းတညိတ်ညိတ်နှင့် ကွမ်းယာရင်း နားထောင်နေလေသည်။

'လုံးတင်သမီး အေးအေး ပြောတာ မဟုတ်လား'

'ဟုတ်တယ် ဆရာကြီး'

'အဲဒီ ကလေးမလေးနဲ့ရတဲ့ ကောင်လေးက တောင်အရပ်က မဟုတ်လား'

'ဟုတ်တယ် ဆရာကြီး၊ တောင်အရပ်က ဘာလို့လဲ ဆရာကြီး'

'အကြောင်းရှိလို့ပေါ့ကွယ့်၊ ကွဲမှာပါလေ၊ အဲဒီကလေးမလေးတို့ လင်မယား ဆရာကြီးဆီ ဇာတာလာစစ်ဖူးတယ်။ ကြာပါပြီ'

'သူတို့ဇာတာနဲ့ ပတ်သက်ပြီး ဘာတွေ တွေ့ထားလို့လဲ ဆရာကြီး လင်မယားကွဲမှာလို့ ဆရာကြီးပြောတာ'

'ကွဲမယ့်ဇာတာရှင်တွေဆိုတာ သူတို့ဇာတာက ပြောနေတာလေ'

'ဒါဆို ကျွန်တော် နားလည်အောင် ရှင်းပြပေးပါလား'

'သိပ်ပြီးတော့ ခက်ခက်ခဲခဲကြီး တွက်ချက်နေရတာ မဟုတ်ပါဘူး။ အဲဒီကလေးမလေးက တနင်္ဂနွေသမီးလေး၊ တနင်္ဂနွေသမီးတွေရဲ့ ဘုမ္မိအရပ်က တောင်အရပ်။

ဘုမ္မိအရပ်ဆိုတာ မစပ်,မကောင်း


(စာမျက်နှာ (၁၆၀) သို့)

www.burmeseclassic.com

# နောက်ပြန်လမ်းလျှောက် ဒူးနာပျောက်



၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလထဲတွင် စာရေးသူသည် အိမ်ဝင်းခြံလုပ်ငန်း လုပ်ကိုင်နေရာမှ အဆင်မသင့်ဘဲ ဘယ်ဘက်ဒူးမှာ မျက်ခနဲ ဖြစ်သွားခဲ့၏။ ထိုနေရာမှာပင် ဒူးက ကွေး၍ ဆန့်၍ မရအောင် နာကျင်မှုဝေဒနာ ပြင်းထန်စွာ ခံစားခဲ့ရ၏။

အိမ်ဘက်ကို ပြန်ရန်ပင် ဘယ်ဘက်ဒူးက မထောက်နိုင်ဘဲ လူကို ဒုက္ခအကြီးအကျယ် ပေးလေတော့၏။ သို့နှင့် သားတော်မောင်ကို လှမ်းခေါ်ပြီး တွဲ၍ခေါ်မှ အိပ်ရာထဲ ရောက်ခဲ့ရ၏။

ထိုဒူးနာသည့် ဝေဒနာကြောင့် လိမ်းဆေးအမျိုးမျိုးကို ဝယ်ပြီး လိမ်းခဲ့၏။ လိမ်းဆေးကလည်း ဈေးကကြီးပါဘိတောင်း။ ဈေးကြီးပြီး ငွေကုန်သလောက် ဒူးနာကမပျောက်။

အချို့မိတ်ဆွေများက စားဆေးအတွဲလိုက်ဝယ်စားဆို၍ စားဆေးအတွဲများကို ဝယ်စားခဲ့ပြန်၏။ ငွေသာကုန်သွားသည် ရောဂါက မသက်သာ။

တစ်နေ့တွင် စာရေးသူ ဒူးနာနေသည်ဆို၍ မိတ်ဆွေဆရာမ ဒေါ်တင်အုန်းက စာရေးသူတို့အိမ်သို့ လာကာ ရောဂါအခြေအနေကို မေးမြန်းပါသည်။

ပြီးနောက် သူမကိုယ်တိုင်လည်း တစ်ချိန်က ဒူးနာဝေဒနာခံစားခဲ့ရကြောင်း၊ ဒူးနာဝေဒနာ သက်သာပျောက်ကင်းလိုသော် ဆေးဝါးမကုန်ဘဲ လွယ်ကူသည့်နည်းကို သူ့ကိုယ်တွေ့ စာရေးသူကို ပြောပြခဲ့၏။

မိတ်ဆွေဆရာမ ဒေါ်တင်အုန်း ပြောပြသည့် သူ့ကိုယ်တွေ့နည်းကို လိုက်နာ လုပ်ဆောင်ကြည့်ရာမှ စာရေးသူမှာ ယခုအခါ ဘယ်ဘက်ဒူးနာ လုံးဝပျောက်ကင်းသွားခဲ့ပါသည်။

စာရေးသူ၏ မိတ်ဆွေဆရာမ ဒေါ်တင်အုန်းပြောပြပြီး စာရေးသူကိုယ်တိုင် လိုက်နာလုပ်ဆောင်ခဲ့သည့် နည်းလမ်းမှာ...

'အိမ်ဝင်းထဲမှာပဲ ရှေ့ကို (၉)လှမ်း (၁၀)လှမ်း လောက်လှမ်းပြီး နောက်ကို မှုလနေရာ ရောက်အောင် နောက်ပြန်လမ်းလျှောက်ပေးရပါသည်။

ထိုသို့ ရှေ့တိုးနောက်ဆုတ် နံနက်တိုင်း လုပ်ဆောင်ပေးပါ။ (၉)ရက်၊ (၁၀)ရက် လောက်ကြာလျှင် ဒူးနာသိသိသာသာ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်'

သို့ပါ၍ ဒူးနာဝေဒနာ ခံစားနေရသူများ ငွေကုန်ကြေးကျ မရှိဘဲ လွယ်ကူသည့်နည်းလမ်းဖြစ်သည့် **"နောက်ပြန်လမ်းလျှောက် ဒူးနာပျောက်"** သည့်နည်းကို ယုံကြည်စွာ သုံးကြည့်ကြပါကုန်လော့။

**ဆရာ သညာမှူး**

**စာမျက်နှာ (၁၅၉)မှ အဆက်**

တဲ့ အညစ်အကြေး စွန့်ပယ်တဲ့ အရပ်ဖြစ်တယ်။ ဘုမ္မိအရပ်မှာ စီးပွားရှာမယ်ဆိုရင် စီးပွားမဖြစ်တဲ့အပြင် စီးပွားတောင်ပျက်မယ်။ တစ်အူထုံ့ဆင်းမောင် ညီမတွေဟာ ဒီအရပ်မှာရှိနေမယ်ဆိုရင်အားကိုးအားထားပြုလို့ မရနိုင်သလို...

တနင်္ဂနွေသမီးဖြစ်တဲ့ အေးအေးဟာ သူ့ရဲ့ ဘဝခရီးဖော် အိမ်ထောင်ဖက်ကို သူ့ရဲ့ဘုမ္မိအရပ်ဖြစ်တဲ့ တောင်အရပ်က အိမ်ထောင်ဖက် ရွေးထားတာဆိုတော့ ဘယ်လိုမှ သင့်မြတ်မှု မရှိနိုင်ဘူးလို့ ဗေဒင်မှာ ဆိုတယ်။

ဒီတော့ အိမ်ထောင်မမြဲဘူး။ မြဲရင်လဲ အိမ်ထောင်သက် မရှည်ဘူးကွယ့်။ အင်း... ပြောရရင် အေးအေးရဲ့ ယောကျ်ားလေးဟာ **ဗုဒ္ဓဟူးသားဖြစ်နေတာက ပိုဆိုးတယ်။**

ဘုမ္မိအရပ်က အိမ်ထောင်ဖက်လဲဖြစ် ဗုဒ္ဓဟူးသားလဲ ဖြစ်နေတဲ့အတွက် မရှာ ယောကျ်ား အင်း၊ ရာဇာဆိုတဲ့ အိမ်ထောင် ရန်သတ်အင်း-၀ ဖြစ်နေတယ်။ သူ ယူတဲ့ ယောကျ်ားဟာ ဘုမ္မိအရပ်က ဗုဒ္ဓဟူးသား ဖြစ်နေတော့ လင်မယား မမြဲကြတာပဲ ကောင်းသကွယ် နို့မို့ဆို မလွယ်ဘူး

'အိမ်ထောင် မြဲနေရင် ဘာဖြစ်နိုင်လဲ ဆရာကြီး'

'သက်ဆုံးတိုင် ပေါင်းဖက်ဖို့ မဖြစ်နိုင်ဘူး။ ရှင်ကွဲ မကွဲရင် သေကွဲ ကွဲနိုင်တဲ့ အိမ်ထောင်ရေးဇာတာရှင်တွေဖြစ်ကြလိမ့်မယ်'

ဆရာကြီးက စကားရပ်ကာ ရေနွေးကြမ်း ဆက်သောက်နေသည်။ ပြီးမှ...

'ဒီခေတ်လူငယ်တွေဟာ သင့်မသင့် လျော်မလျော် မစဉ်းစားကြဘူး၊ စိတ်ခံစားမှုကိုရှေ့တန်းတင်တတ်ကြတာကလား

အတွေ့အကြုံတွေ အထပ်ထပ် ရှိခဲ့ကြလို့ ရှေးဆရာကြီးတွေက နောင်လာ တွေအတွက် အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ ရှောင်ရန်တွေကို အလကားထားခဲ့တာ မဟုတ်ဘူးဆိုတာ ဒီခေတ်လူငယ်တွေက လက်မခံချင်ကြတာအကြီးမားဆုံးအမှားပဲကွယ့်

အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ ဆိုရိုး စကားတွေကို လက်ခံဖို့ လိုသလို ဆင်ခြင်ကြဖို့ ထားရစ်ခဲ့ကြတာပဲ။

ဒီအကြောင်းတွေကို ဆောင်းပါးရေး တင်ပြပေးပါကွယ်'

'မှတ်ကဲ့ပါ ဆရာကြီး'

**အေးချမ်းအောင် (…ညီးသင်း)**

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းသာသနာပြုဆရာတော်ကြီး တည်တော်မူခဲ့သော အိမ်မဲမြို့နယ်မှ

# မေတ္တာစက်ပန္နက်အောင်မြေတော်တစ်ဆူ

မောင်ဖြိုးကျော်
(အိမ်မဲ)



◆ နိုင်ငံအေးအောင်တော်မူစေတီတော်

◆ ဆရာတော်ကြီး ပရိတ်ရွတ် မေတ္တာပို့ရာ ကောင်းမြစ်ရာ



…နှ်တော်တို့ ဗုဒ္ဓဘာသာဝင် တော် …များများသည် ရေဆူဆရာတော် …ဆိုလျှင် မသိသူ ရှားလှသည်။ …ဆာတော် ပြုံးပြုံးခွံ့ခွံ့ကြီးနှင့် ဆရာ …ကြီး၏ပုံတော်ကို ဗုဒ္ဓဘာသာဝင် …တိုင်းလိုလို၌ တွေ့ရတတ်သည်။

…ချို့ဆိုလျှင် ဆရာတော်ကြီး၏ …တော်ရှေ့၌ ဆရာတော်ကြီး ရွတ်ပွား … ပရိတ်တရားခွေကို ဖွင့်ကာ …ကြားကြသည်။ ဆီမီး၊ ရေချမ်းများ …လှူကြသည်။

…ခု ကျွန်တော် ရေးသားလမ်းညွှန် …ပြပေးမှာကတော့ ဆရာတော်ကြီး …ကိုယ်တိုင် ကမကထပြုပြီး တည်တော် …သည့် **"နိုင်ငံအေးအောင်တော်မူ"** …ည်ရှိသော စေတီတော်အကြောင်း …ပါတယ်။

…စေတီတော်အကြောင်း မရေးသား … ဦးစွာပထမ လူအများစုသည် …ရာတော်ကြီး၏ပုံတော်၊ အသံ …များကို နာကြားဖူးမြင်ဖူးသော် …ည်း ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ …သိကြသောကြောင့် မသိသူများ …ည်း မှတ်သားမိအောင်၊ သိပြီးသူများ …ည်း ပြန်လည် အမှတ်ရအောင် …ပြ ရေးသားပါရစေခင်ဗျာ…။

…ရာတော်ကြီးကို **ရွှေဘိုခရိုင်၊ …မြို့၊ ငွေတွင်းကုန်းရွာတွင်** …တော် ဦးဘိုးညို၊ မယ်တော် …သာတို့မှ ၁၂၅၂ခုနှစ်၊ ပြာသို …ကျော် (၁)ရက်၊ တနင်္ဂနွေနေ့ … ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း ခြောက်ယောက်အနက် အငယ်ဆုံး သား ဖြစ်သည်။

အသက်(၆)နှစ်သား အရွယ်တွင် ငွေတွင်းကုန်းကျောင်း ဆရာတော် ဦးဝိသာလထံ၌ ပညာသင်ကြားပြီး အသက်(၁၂)နှစ်အရွယ်တွင်ရှင်သာမဏေ အဖြစ်သို့ရောက်သည်၊ အသက်(၁၉)နှစ် (၃)လကျော်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

တောင်တန်းသာသနာပြု ဆရာ



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၆၁ စာမျက်နှာ (၁၆၇) သို့

www.burmeseclassic.com

www.burmeseclassic.com



# စာမေးပွဲကြီး အောင်ပါစေ

ဩကြန်နွမ် (ကျိုက်လတ်)

စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက်

ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်း ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က မြန်မာနိုင်ငံအရပ်ရပ်ရှိ တပည့်ဝေနေယျ ပဋ္ဌာန်းဆက်အပေါင်းတို့အား လောကီပိုင်းအရ ဘေးအန္တရာယ် အပေါင်းမှ ကင်းဝေးစေပြီး ကံပွင့်ကံမြင့် ကြစေကာ စီးပွားဥစ္စာတိုးတက် ပြည့်ဖြိုးကြစေရန်နှင့်...

လောကုတ္တရာပိုင်းအရ နောင်ရေး စိတ်မအေးရသော စွန်လည်ပြန်ဘဝ မျိုး မဖြစ်စေရန်၊ ရရှိထားသော ဘဝ အနေအထားများကို အပါယ်လေးရွာ သို့ ပြန်လည်မကျဆင်းစေဘဲ တစ်ဆင့် ထက် တစ်ဆင့် မြင့်သထက် မြင့်မြင့် သွားစေရန် ရည်သန်၍...

ဘုရားဟော ပိဋကတ်တော်တို့မှ ထုတ်နုတ်ထားသော ဂါထာ၊ မန္တန်ကျင့်စဉ်တို့ကို လစဉ်လတိုင်း ချီးမြှင့်ပေး သနားတော်မူခဲ့ပါသည်။

ဤတွင် ရံဖန်ရံခါ၌ ခေတ်ကာလ နိုင်ငံရေးအနေအထား စီးပွားရေး ကပ်ဆိုက်ခြင်း၊ တွေ့ကြုံနေရသော ရာသီဥတုဖောက်ပြန်မှု၊ စစ်မက်၊ ရောဂါဆန်း၊ သဘာဝဘေးအန္တရာယ် စိန်ခေါ်မှုများ အကြောင်းကြီးငယ်ကိစ္စများ ဖြစ်ပျက်တော့မည်ကို ကြိုတင်သိမြင်သောဆရာတော်ကြီးသည် လစဉ်ကျင့်စဉ်များ ထုတ်ပေးနေသည့်ကြားမှ ကြားဖြတ် လတ်တလော ကျင့်ဆောင်ရမည့် ကျင့်စဉ်များကိုလည်း ချီးမြှင့်ပေးသနားတော်မူတတ်ပါသည်။

ထိုသို့ ကြားဖြတ်ချီးမြှင့်ခဲ့သော ကျင့်စဉ်များစွာထဲမှ အတန်းတင် စာမေးပွဲကြီးဖြေဆိုရမည့် ကျောင်းသားကျောင်းသူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သော စာမေးပွဲကျင့်စဉ်တစ်ခုကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

**တနင်္ဂနွေသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး နွယ်သာကီပန်းဖြစ်စေ၊ ကံ့ကော်ညွန့်/ပန်း ဖြစ်စေ ရရာတစ်မျိုးမျိုး(၆)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**တနင်္လာသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး သစ္စာပန်းဖြစ်စေ၊ ဖွန့်ပန်းဖြစ်စေ၊ ဆီးညွန့်ဖြစ်စေ ရရာတစ်မျိုးမျိုး (၁၅)ညွန့်စိုက်၍ လှူဒါန်းထားပါ။

**အင်္ဂါသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး ရွက်လှညွန့်ဖြစ်စေ၊ ခိုင်ရွှေဝါပန်းဖြစ်စေ ရရာတစ်မျိုးမျိုး (၈)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**ဗုဒ္ဓဟူးသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး သပြေညွန့်ဖြစ်စေ၊ (၁၇)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**ကြာသပတေးသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး သီးညွန့်ဖြစ်စေ၊ သီဟိုဠ်ညွန့်ဖြစ်စေ ရရာတစ်မျိုးမျိုး (၁၉)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**သောကြာသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး ထိမ်ညွန့်၊ ဒန်းညွန့်၊ ဒေါနညွန့် ရရာတစ်မျိုးမျိုး (၂၁)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**စနေသားသမီးများ...**

ငွေဖလား၌ ဖြစ်စေ၊ ကြေးဖလား၌ ဖြစ်စေ ရေထည့်ပြီး အုန်းညွန့်(၁၀)ညွန့် စိုက်၍ လှူဒါန်းထားပါ။

**ဗုဒ္ဓဟူးနေ့ မွန်းလွဲအချိန်၌ မွေးဖွားသော ရာဟုသားသမီးများ...**

ဖြစ်ပါမူ ဗုဒ္ဓဟူးသားသမီးများ လှူဒါန်းသည့်ပန်းကိုပင် (၁၂)ညွန့် စိုက်၍ လှူဒါန်းထားရမည် ဖြစ်ပါသည်။

ယခုညွှန်ပြခဲ့သော ပန်း၊ ရေချမ်းများ ဆက်ကပ်ရန် အချိန်မှာ (**နံနက် အရုဏ်လာချိန်တိုင်း**) ဖြစ်ပါသည်။ ဆက်ကပ် လှူဒါန်းကြပြီးသော အချိန်တိုင်း အချိန်တိုင်း...

'ရတနတ္တယံ နိစ္စံ မံ ရက္ခတု'

ဟု မိမိတို့ အာရုံဆန္ဒရှိသလောက် ရွတ်ဖတ်ပါ။

**ထိုပါဠိ၏ အနက်မှာ...**

**ရတနတ္တယံ**– ရတနာမြတ်သုံးပါးသည်၊ **နိစ္စံ**–အမြဲ၊ **မံ**–ဘုရား တပည့်တော်ကို၊ **ရက္ခတု**–စောင့်ရှောက်တော်





www.burmeseclassic.com

www.burmeseclassic.com

...တည်းဟု ပါဠိရော၊ အနက်ပါ ...ပါ။

...ပါအတိုင်း ပြုလုပ်ဆောင် ... ကျင့်သုံးကြရမည်ဖြစ်ပါသည်။ ...၍ ဖြေဆိုသည့်နေ့မှ ဖြေဆို ...သည့် နေ့တိုင်အောင် နေ့စဉ် ...သတ်မှတ်ထားသည့် အချိန်တိုင်း ... ရေချမ်းများကို ဆက်ကပ်ကြပါ။ ... နေ့စဉ်လှယ်ပါ။ ပန်းညိုးလျှင် ...ထပ်၍ လှူပါ။

...။ (ကျွဲ၊ နွား၊ ဝက်၊ အရက် ...)တို့ကို စားသောက်ခြင်းမှ ရှောင် ...ပါ။

...ရာယ်ကင်းရေး၊ စီးပွားရေး ...ကိုလည်း ညွှန်ပြခဲ့သော နည်း ... ကျင့်သုံးနိုင်ပါသည်။)

**ဆရာတော်**
**စေတော်ဝင်ကျောင်း**
**ရွှေပေါ်ကျွန်း**

...သည် တစ်ချိန်က မြို့ပေါ်ရှိ ...ဆရာများကို ခွင့်တောင်းကာ ...မှ ကျောင်းသားကျောင်းသူများ ... ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ...ပါ ကျင့်စဉ်ကို ပေးဝေခဲ့ပါ ...။

...ဝင်စားသော ကျောင်းသားများ ...သို စိတ်မဝင်စားသော ကျောင်း ...လည်း ရှိမည်ဖြစ်ပါသည်။ သို့ ...ကျူရှင်ဆရာများ၏ ပြောပြချက် ... ယခင်နှစ်များထက် အောင်ချက် ...သိသိသာသာ ကောင်းလာကြောင်း ...သာစွာ ကြားသိရပါသည်။

...ထံသို့ နှစ်စဉ်နှစ်တိုင်း ဗေဒင် ...ရောက် မေးမြန်းကြသော ...သိုလ်ဝင်တန်း စာမေးပွဲကြီး ဖြေ ...ကြမည့် ကျောင်းသား၊ ကျောင်းသူ ...ကိုလည်း ဆရာတော်ကြီး၏ ...ကိုပင် ပေးဝေပြီး အဆောင် အရွက်ပြုစေခဲ့ပါသည်။

လာမေးသော ကျောင်းသား(၁၀)ဦးတွင် (၉)ဦးနှုန်း အောင်မြင်ခဲ့ပါသည်။ **(တခြား တစ်မြို့တစ်ရွာသို့ ဘော်ဒါ သွားတက်နေသော ကျောင်းသား ကျောင်းသူများကိုမူ အိမ်မှ မိဘများက ကိုယ်စား ဆောင်ရွက်ပေး၍ရပါသည်။)**

ကျွန်တော်တို့မြို့မှ ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည့် အသက်(၈၀)ကျော်လာပြီ ဖြစ်သော အဘဦးထွန်းဝေသည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ခေါက် (သူ ယခင်က စက်ပြင်ဆရာကြီးအဖြစ် နှစ်အတော်ကြာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ဖူးသော) ဖျာပုံမြို့သို့ သွားရောက် လည်ပတ်မြဲဖြစ်ပါသည်။

ထိုမြို့ရှိ သူ၏ တပည့်တပန်းများနှင့် သိကျွမ်းသော မိတ်ဆွေတို့၏ သားသမီးများအား ဆရာတော်ကြီး၏ စာမေးပွဲကျင့်စဉ်ကို နှစ်စဉ်ပေးဝေမြဲဖြစ်ရာ ကျင့်စဉ်အတိုင်း ဆောင်ရွက်ကြသော ကျောင်းသားတိုင်း စာမေးပွဲကြီး အောင်မြင်ကြကြောင်းကို အဘဦးထွန်းဝေသည် ကျွန်ုပ်အား နှစ်စဉ် လာရောက်၍ ဝမ်းပန်းတသာ ပြောပြမြဲဖြစ်ပါသည်။

ထို့ကြောင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများတို့သည် ဆရာတော်ကြီး၏ စာမေးပွဲအောင် ကျင့်စဉ်အစီအရင်ကို ယုံယုံကြည်ကြည် လေးလေးစားစား ဆောင်ရွက်ကြခြင်းဖြင့် အမှတ်ပြည့်ရရှိအောင် ဖြေဆိုနိုင်ကြမည်ဖြစ်ကာ ဂုဏ်ထူးများစွာကို စိတ်ကျေနပ်စွာ ရရှိနိုင်ကြပါစေသတည်း။

*ဘဝ အစစ လျှကြပါစေ*

**// အောင်နှစ်(ကျိုက်လတ်) //**



## ကြွက်နို့ပျောက်ဆေးနည်း

ကျွန်တော် (၁၅)နှစ်သားအရွယ်က ခြေချင်းဝတ်နှင့် ခြေဖမိုးတို့တွင် ခြေထောက်နှစ်ဖက်စလုံး ကြွက်နို့များ လှမြင်မကောင်းလောက်အောင် ပေါက်နေပါသည်။

တစ်နေ့တွင် အသိမိတ်ဆွေ အဘ တစ်ဦးမှ...

'မင်း ကြွက်နို့တွေ ပျောက်ချင်ရင် ဒီဆေးနည်းနှင့် ကုပါ'

ဟု ဆိုပြီး ဆေးနည်းကို ပြောပြပါသည်။

ကျွန်တော်လည်း အဘပြောသည့်အတိုင်း ကုသရာ (၂)ရက်၊ (၃)ရက်အတွင်း ကြွက်နို့များ သက်သာပျောက်ကင်းသွားခဲ့ပါသည်။ ဤဆေးနည်းဖြင့် အခြား ကြွက်နို့ပေါက်သူ (၄)၊(၅)ယောက်ကိုလည်း ရောဂါများ ပျောက်ကင်းအောင် ပြောဆို ကုသပေးခဲ့ဖူးပါသည်။

ဆေးနည်းမှာ...

ဖန်ခါးခေါက် အနည်းငယ်ကို တစ်ဖြင့် ခွာယူ၍ ရွှံ့ဖွက်ပုပ်ထဲမှာ တစ်ညစိမ်ထားပါ။ နောက်တစ်နေ့မှာ ယင်းဖွက်စိမ်ထားသည့် ဖန်ခါးခေါက်ကို ရေစင်အောင် ဆေး၍ ကျောက်ပျဉ်မှာ ရေအနည်းငယ်နှင့် သွေးပါ။

သွေး၍ရသော အနှစ်များကို ကြွက်နို့များပေါ်သို့ လူးပေးပါ။ နောက်နေ့ ရေချိုးသည့်အချိန်တွင် ယင်းကြွက်နို့များသည် သူ့အလိုလို ချော်ကွာသည့်အထိ ပါသွားပါလိမ့်မည်။

**ဆေးနည်း ပြောပြပေးသည့် ဦးအောင်ရွှေကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

**စေန္ဒာမိုး(တောင်ငူ)**

www.burmeseclassic.com



# မျောက်ရှင်နှင့် နွယ်ရှင်

စင်ပြာလင်း

ကျွန်မသည် အငြိမ်းစား တိုင်းတရားသူကြီးခြံသို့ ရောက်ခဲ့သည်။ ကျွန်မသည် "အဘပေါ ရှိလား"ဟု ခြံစောင့်အား မေးလိုက်သည်။

အဘပေါသည် ပြင်ဦးလွင် ဓာတ်တော်ချိုင့်အနီး ဘုန်းကြီးကျောင်းတွင် ရဟန်းခံ သက်န်းဝတ်နေသည်ဟု ခြံစောင့်မှ ပြော၍...

'ခြံထဲမှာ အဘပေါမြေးတွေတောင်လာ အနားယူနေကြတယ်'

ခြံစောင့်၏ စကားမဆုံးမီပင် ခြံထဲမှ အဘပေါမြေးများ ထွက်လာကြပြီး တစ်ဆက်တည်း ကျွန်မအား...

'မမ ဘယ်ကလာတာလဲ'

ဟူ၍ နှုတ်ဆက်ကြသည်။ ကျွန်မမှ...

'ပျင်းတာနဲ့ ဒီဘက်လှည့်လာတာ'

အဘပေါ မြေးဖြစ်သူမှ...


'ဒီမယ် မမ... ဒါ ဘာကောင်တွေလဲ မသိဘူး။ ဟိုရေအိုင်တွေ့လာလို့ ပုလင်းထဲထည့်လာ

ထိုပုလင်းထဲရှိ အကောင်များ ကျွန်မ သေချာကြည့်လိုက်အခါ...

'ဟယ်... ပုစွန်ဆိတ်လေးကင်းပုစွန်တွေရော် ဟောဒီ ဦး

www.burmeseclassic.com

www.burmeseclassic.com



ထိပ်မှာ လွှသွားလို အချွန်နဲ့ဟာက မိုးမိုးပုစွန်ဆိတ်ခေါ်တယ်။ တိုတက်က အချွန်မပါ တဲ့ဟာက ကင်းပုစွန်လို့ ခေါ်တယ်။ သူ့မှာက အကြေးခွံမပါဘူး ပျော့စိစိပဲ။

သူက မိုးရွာထားတဲ့ အိုင်ထဲက ရေမှာ ရှိတတ်တယ်။ သူ့ကို နေရာရွှေ့ထားခဲ့ရင် ခဏလေးနဲ့ သေသွားတတ်တယ်။ သိတဲ့သူတွေကတော့ ပုစွန်ဆိတ်တွေနဲ့ ရောပြီး ချက်စားကြတယ်။ အန္တရာယ် တော့ မရှိပါဘူး။

ခြေထောက်တွေကတော့ မြင်တဲ့ အတိုင်း အများကြီးပဲ၊ သူ့မျိုးဆက်က ဘာမျိုးဆက်ရယ်လို့ တိတိကကျ မသိ ဘူး။ တစ်ခါတလေ ပျောက်သွားလိုက်၊ မိုးရွာရင် ရေအိုင်ထဲ ပြန်ပေါ်လာလိုက် နဲ့'

'ဒါတွေ အများကြီးရှိတယ် မမရေ... ခြံထဲ လာကြည့်ပါလား။ ခြံထဲက ရေ အိုင် သေးသေးလေးတွေထဲမှာ အများကြီးရှိတယ်။ ရေအိုင်ထဲက မြက် ပင် သေးသေးလေးတွေကလဲ တစ်ခါ တစ်ခါ ကနေသလို လှုပ်နေတယ်'

'သူ့ဘာသူ လှုပ်တာနေမှာပါ'

'မဟုတ်ဘူး မမ... လာကြည့်ပါဦး အဲဒါလေးက သိပ်ကြည့်ကောင်းတာပဲ'

အဘပေါ်မြေးသည် ကျွန်မလက်ကို ဆွဲ၍ ခေါ်သွားသည်။ ရေအိုင်နှင့် မနီး မဝေး ရောက်သောအခါ အဘပေါ်မြေး သည် ပါးစပ်ကို လက်ညှိုးဖြင့် ပိတ် ကာ...

'ရှူးတိုးတိုး... သူလန့်သွားမယ် ဖြည်းဖြည်းလျှောက်'

ဟူ၍ ပြောကာ ဖြည်းညင်းစွာ အသံ လုံအောင် လျှောက်လာပြီး ရေအိုင်ရှိ ရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ကျွန်မ ကြည့်လိုက်သောအခါ မြက် ပင်နှင့်တူသော မှော်ပင်များသည် လေ မတိုက်၊ ရေမလှုပ်ဘဲနှင့် လှုပ်ယမ်းနေ သည်ကို တွေ့လိုက်ရသည်။ ကျွန်မ မှ...

'အဲဒါ မြက်ပင် မဟုတ်ဘူး၊ နွယ်ရှင် ခေါ်တယ်'

ဟု ပြောလိုက်ရင်း ရေအိုင်စပ်အနီး သို့ ထိုင်ကာ နွယ်ပင်များကို ကြည့် လိုက်ပြီး...

'သူ့ရဲ့ သဘောတရားက လူသံ ကြားရင် ရပ်သွားတယ်'

'သူ့မှာ နားပါလို့လား မမ'

'သူက မြွေများလိုပေါ့၊ မြွေဟာ တစ်ဖက်ရဲ့အသံဟာ သူ့ရဲ့ အရေပြား ကို အသံလှိုင်း ရိုက်ခတ်တယ်။ အဲဒီ အချိန်မှာ နားနဲ့ ကြားရသလို သိရှိ တယ်။ နွယ်ရှင်မှာလဲ အတူတူပဲ၊ လူသံ ဒါမှမဟုတ် သတ္တဝါ အရာဝတ္ထုတစ်ခုခု ရဲ့အသံကို နွယ်ရှင်ရဲ့ အမွေးနုလေး တွေက လှုပ်ရှားပြီး သိရှိတယ်'

'ဒီလိုဆို မမ... သူ့မှာ အသက်ရှူဖို့ နှာခေါင်းရောပါလား'

'နွယ်ရှင်ရဲ့ ကျောဘက်မှာ အပေါက် အသေးလေးတွေ ရှိတယ်။ အဲဒါ အသက်ရှူပေါက်ပဲ။ သူ့ရဲ့ ခြေရင်းမှာ အကောင်တချို့ သေနေတာ တွေ့ လား၊ အဲဒါ သူနဲ့ ထိတွေ့လို့ ငါးလေး တွေ၊ ပုစွန်လေးတွေဟာ သေဆုံးကုန်ကြတယ်'

'ဒီလိုဆိုရင် နွယ်ရှင်က ပါးစပ်ပါလား'

'မမကြားဖူးတာကတော့ တချို့ ပါးစပ်ပါတယ်။ တချို့ ပါးစပ် မပါဘူး။ အဲဒါ မမ ဖြည်းဖြည်းရှင်းပြပါမယ်။

ဒီလို ရေထဲမှာရှိတဲ့ နွယ်ရှင်ကို နှစ်မျိုးနှစ်စား မြင်ဖူးကြားဖူးတယ်။ ဘယ်နှစ်မျိုး ရှိတယ်ဆိုတာကိုတော့ တိတိကျကျ မသိဘူး။

တချို့က မှော်ပင်၊ တချို့က နွယ်ပင်၊ ရေမှော်ပင်၊ ရေနွယ်ရှင်ဆိုပြီး ခေါ်ကြ သေးတယ်။ ဒါပေမယ့် ရေနွယ်ရှင်က မြက်ပုံစံ ရေမှော်ရှင်က ရှဉ့်မတက်ပုံစံ၊ ကညွတ်ပင်ပုံစံမျိုးအတိုင်းပဲ။ ရှဉ့်မတက် ပုံစံ အရွက်ကျဲရင် အဆိပ်ရှိတဲ့ မှော်ရှင် လို့ ခေါ်တယ်။ ငါးစားရင် ငါးသေတတ် တယ်။

ရေမှော်ရှင်ရော၊ ရေနွယ်ရှင်ရော သူ့ဘာသူ သေရင် သေသွားတတ် တယ်။ သေတဲ့အခါမှာ လှုပ်ရှားမှု မရှိ တော့ဘူး။ တစ်ခါတလေ ပြန်ပြီး အသက်ပြန်ဝင်တတ်တယ်။ အဲဒီအခါ သူ့နားလာတဲ့သတ္တဝါကို စားတတ် တယ်'

'ဒီလိုဆိုရင် မမရယ်... နွယ်ရှင် က သေလိုက်ရှင်လိုက် ခဏခဏ ဖြစ် တတ်လား၊ ကုန်းပေါ်က သစ်ပင်တွေ ကတော့ တစ်ခါသေပြီးရင် ပြန်မရှင် တတ်ဘူး'

'ဒီ ရေမှော်ရှင်ရဲ့သဘောကို ပြောပြ မယ်။ အသက်မဝင်သေးတဲ့ နွယ်ပင်၊ မှော်ပင်တွေက ရိုးရိုးဓာတု အသက်ပဲ ရှိသေးတယ်။ အသက်ရှိတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးထွားခြင်း၊ သန့်မာခြင်းပွားများခြင်း မဟုတ်လား။ ဒါ ဓာတုအသက်ရဲ့ သဘောတရား။

လူတို့နဲ့ ကျန်တဲ့သတ္တဝါတွေက ဇီဝအသက်ပဲ။ ဓာတုအသက်နဲ့ ဇီဝအသက် မတူဘူးနော်။ နည်းနည်း ရှုပ်ထွေးသွားပြီထင်တယ်'

'ရှင်းမှာသာ ရှင်းပြပါ မမရယ်၊ ညီမတို့ကလဲ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသူတွေပဲ'

'ဆက်ပြောပြီး ရှင်းပြဦးမယ်၊ ရေမှော်ပင်၊ ရေနွယ်ပင်အနားကို သူတို့ရဲ့ အမြစ်နားမှာ ရေသတ္တဝါပဲ ဖြစ်ဖြစ်၊ တခြားသတ္တဝါပဲ ဖြစ်ဖြစ် သွားသေခဲ့ရင် ဇီဝအသက်ဝင်သွားပြီး ရှင်သန်လှုပ်ရှား သွားပြန်တယ်။ နေရာတော့ မရွေးဘူး။

ဒီမှော်ရှင် နွယ်ရှင်တွေဟာ များသောအားဖြင့် ရေသေမှာပဲ ရှိတတ်တယ်။ တချို့ဆိုလို့ရှိရင် မှော်ရှင်ရှိတဲ့ ရေထဲမှာ သေးငယ်တဲ့ ရေသတ္တဝါ မဆိုထားနဲ့ ကြီးမားတဲ့ သတ္တဝါတောင် ရစ်ပတ်ပြီး ဆွဲနစ်လိုက်တယ်။ ရေမှော်ရှင်၊ ရေနွယ်ရှင် ရှိတဲ့နေရာမှာ သတ္တဝါ တော်တော်များများ အသက်ဆုံးကြတယ်'

'မမ...ရေမှော်ပင် ရေနွယ်ရှင်အပြင် ကုန်းနွယ်ရှင်ရော မရှိဘူးလား'

**'ကုန်းနွယ်ရှင်ရော၊ ကုန်းမှော်ရှင်ရောရှိ**တယ်။ ကုန်းမှော်ရှင်က နွားစားရင် ဆီးရောဂါကောင်းတယ်၊ အန္တရာယ် မရှိဘူး။ **ကုန်းနွယ်ရှင်ကတော့ အန္တရာယ်ရှိတယ်။**

သူကတော့လဲ ရေမှော်ရှင်ရဲ့ ဖြစ်လာပုံအတိုင်းပါပဲ၊ ကုန်းနွယ်ပင်ရဲ့ အမြစ်နားမှာ သတ္တဝါတစ်ကောင်ကောင် သေခဲ့ရင် နွယ်ရှင်ဖြစ်သွားတယ်'

'ဒီလိုဆိုရင် မမ သူကရော ပါးစပ်တို့၊ နာခေါင်းတို့ပါလား'



'သူ့ရဲ့ နွယ်တစ်လျှောက်လုံးက သူ့ရဲ့ နှာခေါင်းပဲ၊ တချို့နွယ်ရှင်တွေကျတော့ မြေပေါ်မှာ သူ့ရဲ့ အမြစ်တွေက ထိုးထိုးထောင်ထောင် ဖြစ်နေတာ နွယ်ရှင်ရဲ့ နှာခေါင်းပဲ။

ညီမတို့...လမုပင် မြင်ဖူးလား၊ လမုပင်အောက်က မြေပြင်တစ်ဝိုက်မှာ ထိုးထိုးထောင်ထောင်ဖြစ်နေတာ အဲဒါ နှာခေါင်းပဲ၊ ဒါနဲ့ အသက်ရှူသလို အရွက်ရဲ့အောက်ကလဲ အသက်ရှူတယ်။ နှစ်မျိုးအသက်ရှူတာပေါ့'

'ဩော်... အံ့ဩစရာကောင်းလိုက်တာနော် မမ၊ ဘယ်လိုလုပ်သိတာလဲ ဟင်'

'မမက စာပေတွေလဲ ဖတ်တယ်၊ သစ်ပင် ရုက္ခဗေဒအကြောင်းတွေလဲ တော်တော်များများ ဖတ်ဖူးတယ်။ ဂမုန်းကျမ်းတွေလဲ ဖတ်တယ်။

အဲဒီကျမ်းတွေကလဲ ဘိုးဘိုးကြီး လေ့လာဖတ်ရှုနေတဲ့ စာအုပ်တွေပဲ၊ ပြီးတော့ မမရဲ့ ဆရာတော် ဘကလေး မြကလဲ ရှင်းပြတယ်'

'ဒါနဲ့ မမ...သစ်ပစ်ပင်တွေက ဘာတွေများ ထူးဆန်းတာရှိနေလို့လဲ'

'ညီမရယ် **ဂမုန်းကြိုးနှရာ**ဆိုတာ လူခြေတိတ်ရင် သူ့ရဲ့ သစ်ကိုင်းသစ်ရွက်လေးတွေက က,သလို လှုပ်ရှားနေတယ်၊ လူသံကြားရင် ရပ်သွားတယ်။

**ဂမုန်းလိပ်ပြာ**ဆိုတာလဲ လိပ်ပြာလေး ပျံနေသလို လှုပ်ရှားတတ်တယ်။ လူသံကြားရင်တော့ ရပ်သွားတာပဲ။

ပြီးတော့ သစ်ပင်တွေ လှုပ်တိုင်းလဲ ဂမုန်းကြိုးနှရာလို့ ပြောလို့မရဘူး။ သစ်ကမြင်းဆိုတာလဲ ရှိသေးတယ်။ သူလဲ အတူတူပဲ။

ကိုင်းတွေက လေမတိုက်ဘဲ လှုပ်ရှားနေတယ်။ သူကလဲ လူသံကြားရင် ရပ်သွားတာပဲ'

'တော်တော် အံ့ဩစရာကောင်းတယ်နော်မမ'

'ကဲ...ကဲ... နွယ်ရှင်အကြောင်း ပြောနေတာကို တခြားအကြောင်းတောင် ရောက်သွားပြီ၊ နွယ်ရှင်အကြောင်း ဆက်ပြောဦးမယ်။

မမ ဘွားဘွားရဲ့အဖေဆိုရင် အင်္ဂလိပ်လက်ထက်က သစ်တောအရာရှိပေါ့။ အဲဒီ နွယ်ရှင်ပင်ကို တောထဲသွားရင်း တွေ့ခဲ့တယ်။

ဘွားဘွားရဲ့အဖေ မမ ဘေးကြီးကို တောထဲမှာ နွယ်ရှင်ပင်က မြွေလို တွန့်လိမ်ပြီး သူ့ခြေထောက်ကို ပတ်တယ်။ ပထမက နွယ်နဲ့ ငြိနေတယ် ထင်ပြီး ဖြုတ်သေးတယ်။

နောက်က ကျန်တဲ့ နွယ်ရှင်တွေကလဲ ရစ်ပတ်ပစ်လိုက်တယ်၊ ဘေးကြီးက သူ့ခါးကြား အမြဲပါတဲ့ ဂေါ်ရခါးဓားကောက်နဲ့ ဖြတ်ချပစ်လိုက်တယ်။ ပြတ်သွားတဲ့ နွယ်တွေက အိမ်မြှောင်အမြီးပြတ်သလို ခုန်နေသေးတယ်။

အဲဒီနွယ်ထဲကလဲ ရေတွေထွက်လာတယ်။ သတ္တဝါတစ်ခုကို စားထားတဲ့ နွယ်ရှင်ဆိုရင် သွေးတွေတောင် ထွက်လာတတ်တယ်။

နွယ်ရှင်က ဆင်နှာမောင်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

…ရဲ့အတွင်းပိုင်းမှာ ပါးစပ်ရှိတဲ့ …သောာပဲ။ အဲဒါကြောင့် သွေးစုပ်နိုင်တဲ့ …သောာပဲ'

ဟုတ်တယ်မမ၊ ညီမလဲ ကြားဖူး …တယ်၊ နွယ်ရှင်အကြောင်း ဆက်ပြော …ဦး'

နွယ်ရှင်အကြောင်း ဆက်ပြောမယ် …ဆိုရင် အဘိုးရဲ့အဖေ ဘေကြီးကို …နှစ်ခေတ်က ဂျပန်တွေက လေးစား …တယ်။ ဘေကြီးရဲ့ ခြံထဲမှာလဲ ကင်ပေ …တိုင် တပ်ဆွဲထားတယ်။ တစ်ချိန်မှာ …အဘိုးနဲ့ဘေကြီး ပေါင်းပြီး တော်လှန်ခဲ့ …ကြတယ်။

နွယ်ရှင်အကြောင်းပြောရင် ဒီ …အကြောင်း မပါရင် မပြီးလို့ ပြောပြရ …တာပဲ။ ဂျပန်တွေက တောထဲက ရလာ …တဲ့ နွယ်ပင်တစ်ပင်ကို ကျောက်ဆည်ရဲ့ …အရှေ့တောင်ပေါ် ယမ်းတောင်နားမှာ …စိုက်ပျိုးခဲ့တယ်။

…ပြီးတော့ လူသေးတွေနဲ့ လောင်းပြီး စိုက်တာ၊ နောက်တော့ အဲဒီနွယ်ပင် တော်တော်ကြီးထွားလာတော့ သံတိုင်တွေနဲ့ ခြံခတ်ပြီး စိုက်တယ်။

ဆိတ်ကောင်လုံးကို အရှင်လတ်လတ် အဲဒီနွယ်ပင်ကို ကျွေးတယ်။ ဂျပန်ကို တော်လှန်တဲ့သူတွေကိုလဲ ကျွေးတယ်။

ဒီလိုလုပ်တာကို ဘေကြီးနဲ့ အဘိုးက မကြိုက်ဘူး။ အဘိုးနဲ့ ဘေကြီးက ခွေးကို ဗုံးချည်ပြီး အဲဒီ နွယ်ရှင်ရဲ့ လျောင်ချိုင့်နားကို ထားလိုက်တယ်။

နွယ်ရှင်က ရစ်ပတ်လိုက်တော့ ဗုံးပေါက်ကွဲသွားတယ်။ အဘိုးနဲ့ ဘေကြီးလဲ အဲဒီအချိန်ကစပြီး တော်လှန်ကြတာပဲ၊ နောက်ဆုံးမှာ အဘိုးက ယမ်းတောင်ကို မီးရှို့မယ် လုပ်သေးတယ်။ ဘေကြီးက လက်မခံဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ သယံဇာတကို မပျက်စီးစေချင်ဘူး။

မြန်မာတွေ တော်လှန်ရေးပြီးလို့ ပြန်အုပ်စိုးတဲ့အခါမှာ မြန်မာနိုင်ငံအတွက် ကာကွယ်ဖို့ လက်နက်ထုတ်လုပ်ဖို့ ယမ်းတောင်ကို မီးမရှို့ခဲ့ဘူး။ ဒီနေ့ထိ ကျောက်ဆည်ရဲ့ အရှေ့တောင်ထောင့်မှာ ဂျပန်တွေ လက်နက်ထုတ်ခဲ့တဲ့ ယမ်းတိုက် တစ်ပိုင်းတစ်စ ရှိတယ်။

သူတို့ဖောက်ခဲ့တဲ့ လမ်းတောင် ရှိတယ်။ နွယ်ရှင်အကြောင်း ပြောရင်း မပြောမပြီး ဒီအကြောင်းတွေကို အခြေခံပြီး ပြောခဲ့တယ်'

ထို့နောက် ကျွန်မမှ…

'ကဲ… ညီမလေးတို့ မမလဲ မောလှပြီ အိမ်ကို ပြန်တော့မယ်'

ဟု ပြောကာ အိမ်သို့ ပြန်လာခဲ့တော့သည်။

***သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲကြစေ။***

**ဖင်ငြိမ်းလင်း**

---

**စာမျက်နှာ (၁၆၁)မှ အဆက်**

…တ် အရှင်သူမြတ်သည် စာရေးသူတို့၏ အိမ်မဲမြို့နယ်သို့ …၁၉၂ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်နေ့တွင် ကြွရောက်တော်မူခဲ့သည်။

ကြွရောက်စဉ်အခါက အငြိမ်းစား ကျောင်းအုပ်ဆရာကြီး …လိုင်၏ လျှောက်ထားမှုဖြင့် စေတီပျက်တစ်ဆူကို ပြင်ဆင်တည်တော်မူရန် စေတီပျက်ရှိရာနေရာသို့ လိုက်လံကြည့်ရှုတော်မူခဲ့သည်။

စေတီပျက်နေရာသို့ ရောက်သောအခါ ဆရာတော်ကြီးသည် ထိုစေတီပျက်၏နံဘေး မြေပြင်ပြောင်ပြောင်လေး၌ …တော်မူပြီး ပရိတ်တရား ရွတ်ပွားခြင်း၊ မေတ္တာပို့သခြင်းများ …ခဲ့သည်။

**(ဆရာတော်ကြီး ပရိတ်ရွတ် မေတ္တာပွားခဲ့ရာ မေတ္တာဓာတ်ပန္နက် အောင်မြေနေရာကို တရှသူ ဓမ္မမိတ်ဆွေများ …ရှိနိုင်စေရန် ဓာတ်ပုံနှင့် ဖော်ပြထားပါသည်။)**

ပရိတ်ရွတ်ပွားပြီးအပြန် တည်းခိုသောနေရာသို့ရောက်လျှင် …လှူငွေ ကျပ် (၅၀၀၀)ကို ဆရာတော်ကြီးမှ "မ"တည်ကာ စေတီတော်ကို ပြင်ဆင် တည်တော်မူရန် ဆုံးဖြတ်ခဲ့သည်။

၁၉၉၂ခုနှစ်၊ မတ်လ(၂၂)ရက်နေ့တွင် အများပြည်သူများ …ပါဝင်နိုင်ရန် အလှူငွေကောက်ခံခြင်းများ ပြုခဲ့သည်။

၁၉၉၂ခုနှစ်၊ ဧပြီတန်ဘာလ (၅)ရက်နေ့ နံနက်(၈)နာရီ …တော့ ပန္နက်တင်မင်္ဂလာကို ကျင်းပခဲ့သည်။ ဧက်တင်ဘာလ (၁၂)ရက်နေ့မှာတော့ ဒုတ်မြစ်စိုက်ခြင်းမင်္ဂလာ ကျင်းပခဲ့သည်။

ဆရာတော်ကြီးသည် စေတီတော်အတွင်း၌ မြင်းခြံမြို့မှ ရဟန္တာဓာတ်တော်များ၊ ဘုရားရှင်၏ ဓာတ်တော် မွေတော်များ၊ မုဒ္ဒဂါလာအောင်မြေများ ထည့်သွင်းဌာပနာခဲ့သည်။ စေတီတော်ကို **"နိုင်ငံအေးအောင်တော်မူစေတီ"** ဟု ဘွဲ့အမည် သမုတ်ခဲ့သည်။

စေတီတော်၏ထူးခြားချက်တချို့မှာ မကြာခဏ ရောင်ခြည်တော်လွှတ်ခြင်း၊ ဖူးမြော်ကန်တော့ရသည်နှင့် ရင်ထဲအေးချမ်းသွားခြင်းတို့ ဖြစ်သည်။

**ဤသို့ မေတ္တာရှင် တောင်တန်း သာသနာပြု ဆရာတော်ကြီး မေတ္တာများ ပရိတ်ရွတ်ခဲ့ရာ အောင်မြေနေရာနှင့်စေတီတော်သည် [illegible] ကျိုက်ဦး [illegible] ရောက်အတွင်း၌ [illegible] ရှိနေပါသည်။**

အကြောင်းအလျဉ်းသင့်လို့အိမ်မဲမြို့နယ်သို့ရောက်ခဲ့ကြမည်ဆိုပါလျှင် **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ မေတ္တာဓာတ်ပန္နက်အောင်မြေနေရာနှင့်နိုင်ငံအေးအောင်တော်မူ စေတီတော်ကို** ဝင်ရောက်ဖူးမြော်နိုင်ကြစေရန် စိတ်ရည်သန်၍ ဖွင့်ဖော်တင်ပြ လိုက်ရပါသည်ခင်ဗျာ…။

**အောင်တော်မူစေတီတော်ကို ဖူးမြော်ရှိခိုး**

**သဗ္ဗသတ္တာ ငြိမ်းချမ်းနိုင်ကြပါစေ**

**သာဓု သာဓု သာဓု**

**မောင်အောင်ဝေကျော် (အိမ်မဲ)**

www.burmeseclassic.com

www.burmeseclassic.com


မတ်လတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ကံထူးကံကောင်းနိုင်ကြစေရန် **၄၊ ၆၊ ၈၊ ၉ ဂဏန်း**ခြေများကို ရွေးခြယ်ကာ **စ၊ ဠ၊ ဒ၊ ဘ** အက္ခရာများနှင့် တွဲဖက်ကံစမ်းနိုင်သည်။


ဂဏန်းတူ အပူးထပ်များအလိုရှိပါက **၄၊ ၆၊ ၈၊ ၉ အတွင်းမှ** နှစ်လုံးထက်ပို၍ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။ **(ဥပမာ။ ။ ၄၆၆၁၀၈၉ ကဲ့သို့ ဂဏန်းစဉ်ပါ ထီလက်မှတ်မျိုးကို ရွေးနိုင်သည်။)**

မိမိတို့မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကို အောက်တွင်ကြည့်ပါ။

* * *

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်





## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့

**(ဥပမာ။ ။ ဖေဖော်ဝါရီ (၁၅)ရက်နေ့တွင် မွေးသူသည် ကုံရာသီဖွား ဖြစ်ရာ (၂)ဂဏန်း၊ အဖြူရောင်၊ အနောက်မြောက်ထောင့်အရပ်၊ အင်္ဂါနေ့၊ ပတ္တမြား ကျောက်မျက်တို့က ကံလာဘ် ပွင့်လင်းစေလိမ့်မည်။**

**ထီကံစမ်းသောအခါ စဝ်သောအရသာ တစ်ခုခုစားသွားပါ။ စဝ်တူထိုးလိုပါလျှင် ဗုဒ္ဓဟူးသားသမီးနှင့် စဝ်တူ ပူးပေါင်းနိုင်သည်။ ကြာသပတေးသားသမီးနှင့် စဝ်တူ မထိုးသင့်ချေ။)**

**ထီလက်မှတ်အရောင်းဆိုင် တည်နေရာနှင့်ပတ်သက်၍...**

**မြေပြင်ကွက်လပ် ပန်းခြံ၊ အပန်းဖြေဥယျာဉ်၊ ကုန်းတွင်းပိုင်း မြောက်သွေ့ရာနေရာ၊ တောင်ကုန်း၊ ကုန်းမြင့်၊ လေဟာပြင်ဈေး၊ ရဟန်းသီလရှင်တို့၏ ကျောင်းများ၊ ဝတ်ပြုဆုတောင်းရာ ဘုရားကျောင်း။**

**ဘုံဘုရားကျောင်း၊ ရှင်သီဝလိတန်ဆောင်း စသည့်အနီး၌ ဖွင့်လှစ်ရောင်းချသော ဆိုင်က ဆုကြီးကို ဆွတ်ခူးပေးနိုင်ပါလိမ့်မည်။**

**ထီကံမြှင့်ယတြာ ပြုလိုပါက...**

ပါဒ်ရွက် (၄)ရွက်ကို အောက်ခံ၍ ထိုင်ကာ နာနတ်သီး (၄)စိတ်ကို စားပြီးမှ ထီကံစမ်းပါလေ။

**ရရန်ရှိသော ငွေကြေးလာဘ်လာဘများ အတားအဆီးမရှိ ဝင်ရောက်၍ ထီဆုကြီးများ ပေါက်နိုင်ကြပါလိမ့်မည်။**

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | ဂြိုဟ် | ကျောက်မျက် | စဝ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿ<br>မတ်၂၁မှဧပြီ၂၀ | ၉ | အစိမ်း | မြောက် | တနင်္ဂနွေ | ရေနေ | မြ | တနင်္လာ | သောကြာ |
| ပြိဿ<br>ဧပြီ၂၁မှမေ၂၀ | ၆ | အပြာ | အရှေ့တောင် | စနေ | ချိုင် | စိန် | အင်္ဂါ | အင်္ဂါ |
| မေထုန်<br>မေ၂၁မှဇွန်၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | စနေ |
| ကရကဋ်<br>ဇွန်၂၁မှဇူ၂၀ | ၄ | အဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ဗုဒ္ဓဟူး |
| သိဟ်<br>ဇူ၂၂မှဩ၂၀ | ၇ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | ကြာသပတေး |
| ကန်<br>ဩ၂၂မှစက်၂၀ | ၀ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | တနင်္လာ |
| တူ<br>စက်၂၂မှအောက်၂၂ | ၅ | အဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | အင်္ဂါ |
| ဗြိစ္ဆာ<br>အောက်၂၃မှနို၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ဓနု<br>နို၂၂မှဒီ၂၀ | ၆ | အပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| မကာရ<br>ဒီ၂၁မှဇန်၁၉ | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| ကုံ<br>ဇန်၂၀မှဖေ၁၈ | ၂ | အဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| မိန်<br>ဖေ၁၉မှမတ်၂၀ | ၁ | အနီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |

ထက်မင်းကျော်

www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာထိုးပြသော ပြဒါးအတတ်

ရဲမျိုးသူ
(ဗောဓိမြိုင်)



မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ကား ရတနာသုံးပါး ဦးထိပ်ထားကာ ကုသိုလ်တရား စေရေး ကြိုးစားပွားများ နေထိုင် သူများ ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်၏ ညွှန်ရင်း သာဝကကြီးများ ဖြစ်သည့် နည်းအညီ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ပွားများကြရပြီး ဣဒ္ဓိ မဟိဒ္ဓိတန်ခိုးများ၊ အကျိုးများ ပွားစေရန် ကြိုးစားကျင့်ကြံရပါသည်။

သူတော်ကောင်းတို့၏ ဖြူစင်မြင့်မြတ်သောစိတ်ဖြင့် သီလ၊ သမာဓိ၊ ပညာ အခြေခံမှု သုံးရပ်ထား၍ သမထ အကျင့်မြတ်ကို အပတ်တကုတ် ကြိုးစားအားထုတ်ကြပါသည်။

ကျင့်စဉ်စခန်း ပြီးမြောက်အောင်မြင် ရန်ဆိုသည်ကား ဆရာကောင်း၊ ဆရာမြတ်တို့ထံ နည်းမှန်လမ်းမှန် အကျင့်အကြံဉာဏ်ကို အသေအချာ ရရှိမှသာ ဝိဇ္ဇာဉာဏ်ရရှိစေရန် အကြောင်းအရင်းမှန် ဖြစ်နိုင်ပေလိမ့်မည်။

ထို့အတွက် ဘဝအဆက်ဆက် ဖြည့်တင်းခဲ့သော ပါရမီမျိုး ရိက္ခာစုနှင့် လက်ရှိဘဝ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဖြစ်ရေး မပါမရှိ ပါနေပြန်ပါ၏။

မိမိဉာဏ်အသိငယ်ဖြင့် ဆည်းပူးလေ့လာ သိမီသမျှ **ဝိဇ္ဇာဉာဏ်(၈)ပါး**မှာ ရှေ့ဘဝခန္ဓာဖြစ်စဉ်ကို မြင်နိုင်သော **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**၊ ရုပ်ရုံ အလုံးစုံကို မြင်သိနိုင်သော **ဒိဗ္ဗစက္ခုဉာဏ်**၊ ကိလေသာကင်းစင်ရန် ပယ်ဖျက်နိုင်သော **အရဟတ္တမဂ်ဉာဏ်**ဟု ဆိုနိုင်သော **အာသဝက္ခယဉာဏ်**၊ တန်ခိုး အမျိုးမျိုးအဖုံဖုံ ဖန်ဆင်းနိုင်သော **ဣဒ္ဓိဝိဓဉာဏ်**၊ အသံအမျိုးမျိုးကို ကြားစေနိုင်သော **ဒိဗ္ဗသောတဉာဏ်**၊ သူတစ်ပါးစိတ်အကြံကို သိသော **ပရစိတ္တဝိဇာနနဉာဏ်**၊ စိတ်အကြံရှိတိုင်း ကိုယ်ပွားဖြစ်တည်နိုင်သော **မနောမယိဒ္ဓိဉာဏ်**နှင့် ရုပ်နာမ် ဖြစ်ပျက်ကို လက္ခဏာသုံးပါးဖြင့် မြင်သိနိုင်သော **ဝိပဿနာဉာဏ်**တို့ ဖြစ်ပါသည်။

ထို့အပြင် လယ်တီဆရာတော်ကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် ဝိဇ္ဇာငါးပါးကို အထင်အရှား ပြထားပြန်ပါသည်။

ထိုဝိဇ္ဇာတို့ကား **(၁)ဝေဒဝိဇ္ဇာ၊ (၂)မန္တဝိဇ္ဇာ၊ (၃)ဂန္ဓာရီဝိဇ္ဇာ၊ (၄)လောကီယဝိဇ္ဇာ၊ (၅)အရိယာဝိဇ္ဇာ**တို့ ဖြစ်ပါသည်။

ဝိဇ္ဇာ(၅)မျိုးမှ ဂန္ဓာရီဝိဇ္ဇာတို့သည် ပြီးစီးစေတတ်သော သိဒ္ဓိတန်ခိုးကြောင့် နတ်တို့အလား အသိဉာဏ်စိတ်တန်ခိုး များ ရှိကြသည်ဟု မှတ်သားဖူးပါသည်။

ဂန္ဓာရီဝိဇ္ဇာတို့သည် အတတ်ပညာ များအနေဖြင့် ဆေးအတတ်၊ အင်းအတတ်၊ ပြဒါးအတတ်၊ စမအတတ် စသည့် ပညာရပ်များအား အထူးထူး အပြားပြား ကျွမ်းကျင်စွာ တတ်မြောက်ကြပြန်၍ သိဒ္ဓိ(၁၀)ပါး ပြီးစီးနိုင်ကြသည်ဟု ဆိုကြပါသည်။

ဝိဇ္ဇာလုပ်ရတ် ဓာတ်အတတ်နှင့် ဗတ်သက်၍ ပင်ကိုဗီဇ ဝါသနာအရ ငွေကုန်လူပန်း ဆရာကာမရှိ နည်းအသိဖြင့် ပြဒါးဓာတ်ကို လေ့လာလိုက်စားခဲ့ဖူးပါသည်။ အသိမှ လက်တွေ့ အတတ်ပညာဆီသို့ အမှန်တကယ်

www.burmeseclassic.com

လုပ်ကိုင်ကြရာတွင် ဆရာသည် မရှိမဖြစ် အရေးကြီးလှပါ၏။

စာအုပ်ဖတ်မှတ်ရာမှ နည်းအသိ တစ်ခုကို ရရှိ၍ ကြံဆလုပ်ကိုင်ခဲ့ဖူးပါသည်။ နည်းအရ ပြဒါးဓာတ်လုံး ကောင်းရရန် စိတ်ရှည်သန်၍ **ပြဒါးရည်တစ်ကျပ်သား၊ နာ(ခဲ) သုံးကျပ်သားအား** မီးနွေးနွေးနှင့် သံဒယ်တွင် တွဲကာ တမာခေါက်ဖြင့် မွှေရခြင်းဖြစ်ပါသည်။

**တမာခေါက်၏ အစွမ်းကြောင့် ခဲ(နာ)များ ခဲပြားတသေို့ ကျော်ပါတော့သည်။ အဝေးကျိုးရှိ၍ နာပြား သုံးကျပ်သား ရပါလျှင် ကျပ်တစ်ကျပ်သာသည် ပြဒါးသာဖြစ်ကြောင်း ဆိုထားပါသည်။**

သံဒယ်တွင် ကျန်သော ပြဒါးနှင့် ခဲ(နာ)တွဲထားသော လက်ကျန်သတ္တုပျော်ရည်အား အအေးခံလိုက်ပါက သတ္တုအစိုင်အခဲ ပြဒါးခဲဟု ယူဆခြင်းဖြစ်ပါသည်။

ထိုရောစပ်ထားသော ပြဒါးခဲအား လုံအတွင်းထည့်ကာ လက်ချားချော်ဖြင့် ဓာတ်ဆက်ထိုးရသောနည်း ဖြစ်ပါသည်။

အရောင်အဆင်း အလွန်နူးညံ့လှပပြီး နှစ်လိုဖွယ် ဘော်သားဆိုက် ပြဒါးလုံးကို ရသည်က အမှန်ဖြစ်သော်လည်း အစစ်အမှန် ကြွင်းလို့ကျန်ကာပါလာသည်က နာဟိတ်ခေါ် ခဲရိုပ်တို့ ရှိနေခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် ပြဒါးလုံး ဆိုသော်လည်း နာဟိတ် ခဲရိုပ် ပါ၊မပါ ကြည့်တတ်ရန် ပညာအသိ သိလိုလှပါ၏။

ခဲ(နာ)ဓာတ်နှင့် တွဲကာ ရရှိသော နှစ်လိုဖွယ်ပြဒါးလုံးဟု ဆိုသော်လည်း ပြဒါးလုံးစစ်စစ် ဓာတ်အနှစ်ကို မာန်သအညစ် ကင်းစွာရရှိရန်က မလွယ်ကူလှပါ။

နာ(ခဲ)ရိုပ်ဓာတ်လုံးတွင် ကျန်မကျန်



သိစေရန် အလွယ်နည်းက စက္ကူအဖြူစာရွက်အပေါ် ဓာတ်လုံးတင်ကာ ခြစ်ကြည့်ပါလျှင် ခဲရာထင်နေတတ်ခြင်း ဖြစ်လေသည်။

ဝါသနာအရ ကြိုးစားကာ ရရှိသည့် ဓာတ်ပြဒါးက ခဲရိုပ်ထင် ဓာတ်သာဖြစ်ပေသည်။ ပြုလုပ်ခါစ နည်းကျလှသည်ဟုထင်မိပြီး ကြိတ်လို့ပြုံးကာ ဓာတ်လုံး တပြုံပြုံ ဖြစ်ခဲ့ဖူးပါသည်။

ထိုမျှမက အမှတ်တရ ဖြစ်စေရသည်က ဝါသနာတူ မိတ်ဆွေ တစ်ဦးက…

'မင်းဓာတ်အဆင့်ဟာ ရွှေနဲ့စပ်ရင် ထပ်တူဖြစ်နိုင်ပြီကွ'

ဟု ဆိုလာပြန်၍ ကျေနပ်အားရဝမ်းသာလှစွာ အခေါက်ရွှေ တစ်မတ်သား ဈေးမှာဝယ်၍ ဓာတ်သား တစ်ပဲသားနှင့် ရွှေတိုးပွားအောင် စပ်ခဲ့ဖူးပါသည်။

ရလဒ်သည်က ထင်ရှားလှပါသည်။ ဂဏန်းကျင်းအဝ ကျစ်ဆံ့ မြေသားကဲ့သို့ ရွှေနှင့် နာမစင်သော ပြဒါးတို့တွေ့ကာ ပွရောင်းရောင်း ဓာတ်လုံးကြီး ရပါတော့သည်။

မနေနိုင် မထိုင်နိုင် တူနှင့်ထုကြည့်ရာ ကြေသွားပြန်သဖြင့် ရွှေပြန်လည်ရရှိရေး မိုက်လှည့်ကာ ခက်ခက်ခဲခဲ ရယူခဲ့သော်လည်း ပြည့်ပြည့်ဝဝ အခေါက်ရွှေ ပြန်မရတော့ပါ။

ထိုအကြောင်းကား နာဓာတ်မစင်သော ပြဒါးဓာတ်လုံးအကြောင်းသာ ဖြစ်ပါတော့သည်။

## ဆရာအရှင်ရသေ့မြတ်နှင့်တွေ့ခြင်း

ဝန်ထမ်းဘဝ ပေးအပ်ရာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း မြန်မာနိုင်ငံ နေရာဒေသ တော်တော်များများ ရောက်ခဲ့ဖူးပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝ တစ်ဖက်ကမ်း အောင်ချမ်းသာရွာလေးမှ တစ်ဆင့် ယခင်က ကျေးဖူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် **မဟာမြိုင် 'တောခေါင်နန်းပလ္လင်** အရပ်သို့ ရောက်ရှိခဲ့ရာမှ ရသေ့မြတ် ရှင်ပညာဒီပနှင့် ထူးထူးခြားခြား ဆုံတွေ့ခဲ့ရပါသည်။

ဝိဇ္ဇာရေ အသိအတတ် နှံ့စပ်လှသော ရသေ့မြတ်ထံမှ ပြဒါးဖမ်းခြင်း နည်းလမ်းများနှင့် လက်တွေ့အပင်များမှ ပြဒါးဓာတ်စစ်စစ် ထုတ်ယူပုံတို့အား သင်ကြားပြသ နည်းရခဲ့ပါသည်။

## (၁၀၈)ပါးဆေးတော်မှ ငွေသို့

လောကီလုပ်ရပ် အတတ်တို့တွင် လူသားအများစု ရှာဖွေနေကြသော ငွေဓာတ်သည် အလွန်အရေးကြီးသည်ဟု ဆိုပါသည်။

ငွေနှင့်ပတ်သက်၍ လူအများစုဟာ ငွေကို နည်းလမ်းအမျိုးမျိုး ရှာဖွေကြပါသည်။

ငွေအများကြီးရကြည့်၊ ငွေကုန်သုံးကြည့်၊ ငွေမရှိကြည့် စသည့် ဥပမာများဖြင့် ငွေ၏ ဂုဏ်လောကတွင် အရေးပါပုံ ပြောပြခဲ့ပါသည်။

အချို့သော အယူအကောက်တွေသည် ဆန်းပြား ဆန်းပြားလှပေမဲ့ တအားကြီး နက်နက်နဲနဲ စဉ်းစားပြီး အဖြေမထုတ်သင့်ကြောင်း မိန့်ကြားကာ…





www.burmeseclassic.com

www.burmeseclassic.com

အကာလေး (၁၀၈)ပါးဆိုတဲ့ ဂဏန်း ... မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ ...တွက် အထူးအထွေ ပြောစရာမလို ... နဝင်းကိန်းပဲ။ တော်တော်များများ ...ကြ နားလည်ကြပါတယ်။

...ဒီ(၁၀၈)ပါး ဆေးများနဲ့ပဲ ပြဒါးကို ...တ်ဖို့ အမျိုးမျိုး တွေးခေါ်ကြံဆကြ ...ယ်။ ပြဒါးနဲ့ ပတ်သက်ပြီး ခေတ် ...ဆက်ဆက် ပုဂ္ဂိုလ်တို့ ပြီးမြောက် ...အောင်မြင်ခဲ့သူတွေလဲ မြန်မာနိုင်ငံမှာ ...ထင်အရှား ရှိခဲ့ဖူးတာပေါ့။

...သေ့သိတဲ့ ဆရာရှင်တွေ ...တ်ဆင့်ကမ်းခဲ့တဲ့ နည်းကတော့ ...သနာပါသူတွေကို ဝေမျှလို့ရအောင် ...သေအချာ မှတ်သွားပါ'

"ရှစ်ပါးသဝေ၊ သုညကို ဝဆွဲလုပ်၊ ...တ်ကို "င" အက္ခရာယူ၊ ဉာဏ်ကို ...ငွေကိုရ၏" ဟုဆိုကာ (၁၀၈)မှ ...ဖြစ်ပုံကို ကြံဆပြခဲ့ပါသည်။

ဘရသေ့ သွန်သင်ပြသည်ကို ...တွေ့လုပ်ကိုင်ခဲ့ရာ အံ့ဩစရာ ...အနှစ် ပုလဲအစစ် အညစ်ကင်း ... ဓာတ်လုံးကို ရရှိခဲ့ဖူးပါသည်။



ပြဒါးရည် ညှစ်ချပါက အဝတ်စထဲ ပြဒါးခဲ ရရှိပါတော့သည်။

ထိုသို့ သုံးကြိမ်မျှ ပြုလုပ်ပြီးပါက ထုံလုံးအသွင် ပျဉ်းတွဲတွဲ ပြဒါးခဲကို ရနိုင်တော့သည်။

ပြဒါးဓာတ်အစစ် ဓာတ်အနှစ်သား

'ဉာဏ်အသိ အမှန်ရှိလို့ကျော် ပုပ္ပါးရှင် ဝိဇ္ဇာတစ်ပါး ဆေးပေးခဲ့ထား'

ဟု ဘရသေ့ ရွတ်ဆိုပြပြန်ပါသည်။

ပြဒါးအမာခဲ ပုလဲလုံးအသွင် ပြဒါးစင်ကို ရယူရန် ဆေးနည်းကား ဝါသနာရှင်တို့အတွက် မခက်ခဲလှပါ။ အကုန်အကျ နည်းပါးသော **ထုံး၊ ဆေးရွက်ကြီး၊ ထန်းလျက်(အမည်း)၊ တမာရွက်** အညီအမျှစုကာ ဆေးထောင်းထားရပါမည်။

ထုံလုံးအသွင် ပျဉ်းတွဲတွဲ ပြဒါးခဲအား လုံတွင်ထည့်ကာ အပေါ်မှာဆေးဖိသိပ်၍ လုံပိတ်ဖော်မံပြီး မီးလတ်သုံးရန်သာ ဖြစ်ပါသည်။

နည်းမှန်လမ်းမှန် အခြေခံရှိသူတို့အဖို့ အလွန်လှပသော အ်လေးချိန်စီးသည့် ပြဒါးဓာတ်မီးထိုးခံကို ရနိုင်ပါလိမ့်မည်။

ဆေးခွင်(၂)ပါး ဓာတ်ကစား

ဘရသေ့က ရှုပ်ရှုပ်ထွေးထွေး ဓာတ်ဆေးဝါးများ မသုံးခိုင်းပါ။ အထင်အရှား ဆေးခွင်(၂)ပါးကိုသာ ပြဆိုခဲ့ပါသည်။ ပြဒါးလုံးကို မီးအဆင့်တက်ပြီး ဓာတ်သေဖြစ်စေရန် ကြိုးစားရန်ကား ဆေးခွင်(၂)ပါးဖြစ်သည့် လုံခြောက်ထိုးခြင်းနှင့် လက်ချားသုံး၍ မီးကစားရမည် ဖြစ်ပါသည်။

ဓာတ်အကဲခတ်ပညာအရ လက်ဝဲလက်ယာ လမ်းနှစ်သွယ် ရှိရာဝယ် အစပ်အပွား ဝါသနာရှင်များအတွက် တူထု နန်းဆွဲခံခြင်း၊ မှတ်တင်ခံခြင်းဖြင့် လိုရာခရီးသွားနိုင်ပြီး သိဒ္ဓိလမ်းအတွက် အခေါက်ရွှေကျော်၍ လုပ်နည်းမှန်စွာ ဆရာ ရှာရပေလိမ့်မည်။

ဓာတ်သေသော ပြဒါးလုံး

'ဓာတ်သေကိုမူ စိတ်ကိုဖြ[illegible]ကာ ယုံကြည်စိတ်ချ ဓာတ်သေရ၏'

ဟု မိန့်ပြန်ပါသည်။

ဓာတ်သေခြင်းဆိုသည့် သဘောကို ရသေ့ရှင်က...

'ဘော်၊ သံ၊ နာ၊ ရွှေ၊ ကြေးကို အကုန်ကျွေးသော်လည်း မူးရွေ့မျှ မလျော့မှသာ ဓာတ်သေသည်ဟု ဆိုပါသည်။

ထို့အပြင် မည်မျှပင် မီးစီးထိုးကာ သတ္တုဓာတ်များ ကျွေးသော်လည်း ကျွေးသော ဓာတ်သာ ချော်ဖြစ်ရပြီး မူလပြဒါးဓာတ်မှာ အလေးချိန်မလျော့ မူလမပျက်မှသာ ဓာတ်သေသည်'

ဟု မိန့်မှာခဲ့ဖူး၍ ဘရသေ့ သင်ကြားပြသနာခံခဲ့ဖူးသော ပြဒါးဓာတ်အကြောင်း သိမီသမျှ ရေးသားမိပါတော့သည်။

*ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်...*

**ရှုံမျိုးသူ(ဗောဓိမြိုင်)**

www.burmeseclassic.com

# ဆီးချို သွေးချို

နှင့် ကင်းပုံခါးသီး

မောင်ဖြိုး(ဂျ)
(စီးပွားရေး)

ထုတ်ပြန်သော စာရင်းဇယားများအရ ယခုအခါ ကမ္ဘာပေါ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင် လည်းကောင်း၊ **ဆီးချို၊ သွေးချိုရောဂါရှင်** အရေအတွက် များပြားလာကြောင်း သိရှိရပါသည်။

တစ်နည်းအားဖြင့် သွေးချို၊ ဆီးချိုရောဂါဝေဒနာ အဖြစ်များလာခြင်းပင် ဖြစ်ပါသည်။ ဆီးချိုသွေးချိုရောဂါ ဘာကြောင့် ဖြစ်ရသလဲ၊ အကြောင်းရင်းကို ရှာမတွေ့နိုင်သေးပါ။ (Unknown Cause)ပါ။

ယခင်ကာလများက ဆီးချိုရောဂါဟု အခေါ်များပါသည်။ ယခုအခါတွင်မူ သွေးချိုဆီးချိုရောဂါဟု ပြောင်းလဲခေါ်ဆိုလာပါသည်။


တကယ်တော့လဲ သွေးချိုပြီးမှ ဆီးချိုခြင်းဖြစ်ပါသည်။ ရောဂါဖြစ်ပုံမှာ လူတို့စားသောက်သော အစာများတွင် အချိုဓာတ်များ ပါဝင်ပါသည်။ ထိုအချိုဓာတ်ကို ပန်ကရိယခေါ် မုန့်ချိုအိတ်(သရက်ရွက်မဟုတ်ပါ)က အင်ဆူလင်ထုတ်၍ချေဖျက်၍အားအင်(energy) အဖြစ် ပြောင်းလဲပေးပါသည်။

အကြောင်း တစ်စုံတစ်ရာကြောင့် ပန်ကရိယက အင်ဆူလင်မထုတ်နိုင်ဘဲ (ဝါ) လုံလောက်အောင် မထုတ်နိုင်သောအခါ၊ သကြားဓာတ်များ၊ သွေးတွင်းတွင် များပြားလာပြီး သွေးတွင်း အချိုဓာတ် တက်လာပါသည်။

ပုံမှန်ရှိရမည့် ပမာဏထက် အချိုဓာတ်များလာခြင်းကိုပင် သွေးချိုရောဂါဟု ခေါ်ခြင်းပါပေ။

သွေးချိုနေစဉ် အချိန်မီ မထိန်းနိုင်သောအခါ အချိုဓာတ်က ဆီးထဲအထိပင် ပါလာပါသည်။

ထိုအခါ ဆီးချိုဖြစ်လာပါသည်။ ရောဂါရှင်အတော်များများသည် ဆီးသွားပြီး ပုရွက်ဆိတ်တက်သည်ကို တွေ့ရသောအခါမှပင် "ဟာ ငါ ဆီးချို ဖြစ်နေပါလား" ဟု အံ့သြတကြီး သိရှိကြသူများပါသည်။



စာရေးသူတွင် သွေးချိုဆီးချိုရောဂါ စတင်သည်မှာ တစ်နှစ်ခန့်ရှိပါပြီ။ စတင် သိရှိပုံကို ပြောရလျှင်မကြာခဏ ဆာသဖြင့် ခဏခဏ အစာစားပါသည်။ ထိုအခါ ကိုယ်အလေးချိန်တက်လာပါသည်။ (၁၅၄)ပေါင်ထိ ရှိလာပါသည်။

ထို့ပြင် ရေခဏခဏ ဆာပါသည်။ ထို့ကြောင့် ရေခဏခဏသောက်သလို ဆီးမကြာခဏ သွားပါသည်။ ညဘက် အိပ်ချိန်တွင် မျက်နှာ၌ ယားယံမှုတွေ ရှိလာပါသည်။

စာရေးသူတွင် ကျောက်ကပ်၌ ကျောက်တည်ခြင်း၊ ဆီးကျိတ် ရောင်ရမ်းခြင်းများရှိသဖြင့် ဤရောဂါအတွက် ရေများများသောက်ဖို့ လိုပါသည်။ ထို့ကြောင့်သွေးချိုရောဂါ စတင်နေသဖြင့် ရေများများသောက်သည့် လက္ခဏာကိုမသိဘဲ ရေများများသောက်ဖြစ်နေခြင်းကို ကောင်းသည်ဟု ထင်မြင်ခဲ့ရပါသည်။

သို့သော် ကိုယ်အလေးချိန်တက်လာ ခြင်း၊ ယားယံခြင်းတို့ကြောင့် သွေး စစ်ကြည့်သောအခါ (၂၅၄)ထိရှိ ကြောင်း လန့်ဖျပ်စွာ သိရပါတော့ သည်။ ပုံမှန်မှာ (၁၈၀)ထက် မကျော်

ထိုအခါ သမားတော်နှင့်ပြ မက်ဖော်မင်ဆေးကို စတင်သောက် တော့သည်။ သက်သာမကောင်းဖြစ်သ အခါတိုင်း သမားတော်နှင့်ပြ အစားအသောက်ကိုပါ ဆင် သွေးချိုဆီးချို မကြာခဏ ပြန် ခြင်းများဖြင့် အလုပ်ရှုပ်ပါတော့သ

ဆရာဝန်များ၏ အဆို (Carbohydrate) ခေါ် ကစီဓာတ် ခန္ဓာကိုယ်တွင်း၌ သကြား တိုးစေပါသည်။ ထို့ကြောင့် ရှစ်များ ...

www.burmeseclassic.com

နိုင်ဆုံး လျှော့စားရပါမည်။

ထိုအစာတို့မှာ ဆန်(ထမင်း)၊ ဂျုံ၊ အာလူး၊ ပြောင်းဖူးစသည်တို့ဖြစ်သည်။ ထို့ပြင် အချိုစာများ မစားသင့်၊ အသီးအနှံများတွင်ပင် နာနတ်သီး၊ ဒူးရင်းသီး၊ သရက်သီးမှည့်တို့သည် အဆိုးဆုံးများဖြစ်ကြသည်။ ထန်းလျက်၊ ကြံသကာ၊ သကြား၊ နို့ဆီ၊ အချိုရည်များကိုတော့ လုံးဝရှောင်ရမည်။


သွေးချိုဆီးချိုရောဂါသည် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်၊ တင်ဆာရောဂါများနှင့်လည်းဆက်နွယ်မှုရှိသဖြင့် အဆီများကို လျှော့ရမည်၊ ရှောင်ရမည်။

အထူးသဖြင့် (Red Meat)ခေါ် နီသော အသား(ဝါ)ခြေလေးချောင်းသားများ ရှောင်ရမည်။ (White Meat)ခေါ် ကြက်၊ဘဲ (ခြေနှစ်ချောင်းသား) စားနိုင်သော်လည်း အရည်ခွံမပါရပါ။ ငါးစားနိုင်သည်။ အရွက်များမှာ အတည့်ဆုံး အစာများပင် ဖြစ်သည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်များကို များများစားဖို့ လိုပါသည်။ ဤကား စာရေးသူလေ့လာမိသမျှ အကျဉ်းချုပ် တင်ပြခြင်းပါ။ ဘဝတူ ဝေဒနာရှင်များကို မျှဝေ အသိပေးခြင်းပါ။

စာရေးသူ သွေးချိုရောဂါဖြစ်လာသောအခါ ကောင်းသည်ဆိုသမျှ ဆေးနည်းတိုများမကျန် စားသုံးကြည့်ပါသည်။

ဟင်းသီးဟင်းရွက်များကို များများစားဖြစ်အောင် ကြိုးစားရပါသည်။ ထိုအခါ ခါးသော ဟင်းသီးဟင်းရွက်၊ ချဉ်သော အသီးအရွက်များနှင့် တည့်ကြောင်း တွေ့ရပါသည်။

ဤနေရာတွင် အထူးသဖြင့် တင်ပြချင်သည်မှာ ကင်းပုံခါးသီးအကြောင်း ဖြစ်ပါသည်။ ကင်းပုံတွင် အချိုနှင့်အခါး



ဟု နှစ်မျိုးရှိပါသည်။ အချိုမျိုးကို ပေါပေါများများ တွေ့ရပါသည်။ ဈေးထဲတွင်လည်း အချိုသီးကိုသာ ရောင်းကြပါသည်။

ကင်းပုံရွက်များလည်း တွေ့ရပါသည်။ သို့သော် ကင်းပုံခါးသီးမှာ အတော်ရှားပါသည်။ လူတွေကလည်း အခါးဆို ကြောက်ကြသည်လေ။

တစ်ခါက ကြုံသဖြင့် ကင်းပုံခါးသီးကို ခရမ်းချဉ်သီး၊ မျှင်ငါးပိအနည်းငယ်၊ ပုစွန်ခြောက်တို့ဖြင့် ကြော်ချက် ချက်စားဖြစ်ပါသည်။ မနက်၊ ည စားဖြစ်ပါသည်။ အတော်ခါးပါသည်။ တည့်သည်ဆို၍ စားခြင်းပါ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဖြစ်ပါသည်။ နောက်နေ့ညနေတွင် အဆုတ်ရောဂါအတွက် ဆရာဝန်နှင့်သွားပြီး ပြစဉ် သွေးချိုရောဂါအခြေအနေကို စက်ဖြင့်တိုင်းသောအခါ (၇၈)သာရှိကြောင်း အံ့သြဘနန်းတွေ့ရပါသည်။

အမှန်အားဖြင့် စာရေးသူသည် R.B.S (သွေးချိုတိုင်းခြင်း)တွင် (၁၂၀) နှင့် (၁၈၀)ကြားတွင်ရှိရန် အတော်ကြိုးစားရပါသည်။ (Fastirp)ခေါ် ည(၁၀း၀၀)နာရီမှ မနက်(၈း၀၀)နာရီအထိ အစာ မစားဘဲ နံနက်အခါ သွေးချိုတိုင်းလျှင် (၈၀)နှင့် (၁၂၀)ကြားတွင် ရှိရပါသည်။

ယခုညနေ ထမင်းစားပြီး ညနေ (၄း၀၀)နာရီခန့်တွင် တိုင်းရာ၌ (၇၈)သာရှိခြင်းမှာ တကယ် အံ့ဖွယ် ဖြစ်နေပါသည်။

မိမိအစားအသောက်များကို ပြန်လည်စဉ်းစားကြည့်သောအခါ **ကင်းပုံခါးသီး**၏ အစွမ်းကြောင့်ဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရပါသည်။ တကယ့်ကို ခန္ဓာတွင်း သွေးချိုပမာဏကို ကျစေကြောင်း သက်သေပါ။

သို့သော် စာရေးသူတို့နေထိုင်ရာ မြောက်ဥက္ကလာတွင် လည်းကောင်း၊ ကြုံသဖြင့် မြို့ထဲ(ရန်ကုန်)ရောက်၍ ဈေးများတွင်လည်းကောင်း ရှာကြည့်သောအခါ ကင်းပုံခါးသီးမှာ တကယ် ရှားလှပါသည်။

စာရေးသူ အထင်အားဖြင့် ကင်းပုံခါးသီးကို တစ်ပတ်ခြားလောက် စားလျှင်ပင် သွေးချိုကို ကောင်းကောင်း ထိန်းနိုင်မည်ဟု (၉၀%)ခန့် ယုံကြည်ပါသည်။

ဒါပေမယ့် လူတွေကလည်း အခါးကြောက်ကြပါသည်။ ကင်းပုံအချိုသီးကိုသာ စားကြလေ့ရှိပါ၏။ နယ်မြို့များ၊ ကျေးရွာများတွင်မူ ကင်းပုံခါးသီးများရှိတန်ကောင်းရဲ့ဟု ထင်မိပါသည်။

ထို့ကြောင့် သွေးချိုရောဂါရှင်များရော၊ ရောဂါမရှိသေးသူများအနေဖြင့်ပါ ကြိုတင်ကာကွယ်သည့်အနေဖြင့် တွေ့ရာသချိုင်း ဓားမဆိုင်းဟုသော စကားကဲ့သို့ ကင်းပုံခါးသီးနှင့်ကြုံလျှင် အမြန်ဆုံးဝယ်၊ အမြန်ဆုံးချက်စားခြင်းဖြင့် ရောဂါကို ကာကွယ်ကြပါဟု တိုက်တွန်းလိုက်ရပါသတည်း။

**(သွေးချိုဆီးချို ရောဂါသည်လည်း သွေးတိုးရောဂါကဲ့သို့ပင် အသံတိတ် လူသတ်သမားဖြစ်၍ ကြိုတင် ကာကွယ်ကြပါကုန်...)**

ရှင်လန်းချမ်းမြေ့ကြပါစေ

**မောင်[illegible] ([illegible])**

[illegible]

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဆေးတိုင်းရင်းဆေးခန်း

# ဆရာဦးသန်းဆွေထွန်း

(တဆ-ဝ၂၀၆၂) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# လေငန်း လေဖြတ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ


မြောင်းမြ မောင်ယဉ်ခိုင်

လေငန်း၊ လေဖြတ် ရောဂါဟာ ရာသီမရွေး ကျား၊ မ မရွေးဖြစ်တတ်တဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ ယနေ့ ခေတ်ကာလမှာ အသက်ကြီးပြီး ဝတဲ့ လူတွေ လေငန်း၊ လေဖြတ်ရောဂါ ဖြစ်တတ်သလို၊ အသက်ငယ်ပြီး ပိန်တဲ့လူတွေလဲ သမုဒ္ဒာန်တရား (၄)ပါး လွန်ယုတ်လွဲမှား ပြုဖန်များရင် လေငန်း၊ လေဖြတ်ရောဂါ ဖြစ်တတ်ပါတယ်။

လေဖြတ်သူတွေရဲ့ (၈၀)ရာခိုင်နှုန်းဟာ သွေးတိုးရောဂါ အခံရှိသူတွေ ဖြစ်ပါတယ်။ လေဖြတ်တဲ့ရောဂါရှင် (၄၀)ရာခိုင်နှုန်းဟာ သွေးတိုးရောဂါ အပြင် ဆီးချို၊ သွေးချိုရောဂါပါ ရှိနေတတ်ပါတယ်။

ဒါကြောင့် သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါတွေကို ထိန်းထားပြီး၊ လေငန်း၊ လေဖြတ်ရောဂါကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာ ဦးသန်းဆွေထွန်းက သဘာဝဆေးဆရာကြီး ဦးထွန်းရည်နဲ့ သဘာဝဆေးဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်းဖြစ်ပါတယ်။ ဆေးကုသက် နှစ်(၂၀)ကျော် ရှိနေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံ



◆ ဆရာ ဦးသန်းဆွေထွန်း
(တဆ-ဝ၂၀၆၂)

မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

■ **'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ လေငန်း၊ လေဖြတ် ရောဂါ ကာကွယ်စောင့်ရှောက်နည်း များကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ခု ပထမ လေငန်းရောဂါနဲ့ လေဖြတ် ရောဂါဟာ ဘယ်လိုကွဲပြားခြားနား တယ်ဆိုတာ ပြောပြပေးပါဆရာ'**

□ '**လေငန်းရောဂါဟာ** တေဇောဓာတ်၊ ဝါယောဓာတ်လွန်ကဲပြီး ပထဝီဓာတ်နဲ့ အာပေါဓာတ် ယုတ်လျော့တဲ့ရောဂါ ဖြစ်ပါတယ်။ အဋ္ဌနဝီဒါန်း ဘာသာဋီကာကျမ်းမှာ လေအားရှိလျှက် အစိတ်အပိုင်း ဖောက်ပြန်၍ လေအကျဉ်းကျပြီး ဖြစ်သောရောဂါကို လေငန်းဟု မှတ်လို့ ဖွင့်ဆိုထားပါတယ်။

**လေဖြတ်ရောဂါကို ပက္ခာဃာတ** လို့ခေါ်ဆိုကြပြီး၊ **ပက္ခာ**=ကိုယ်စိတ်အပိုင်း၊ **ဃာတ**=သေခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းဆဲခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

**အဋ္ဌနဝီဒါန်းဘာသာဋီကာကျမ်း**မှာ ပက္ခာဃာတလေကား တစ်စိတ်တစ်ဒေသ ကွက်၍မဖြစ်၊ ဘယ်တစ်ခြမ်းမိလျှင် ခြေထောက်မှ ခေါင်းတစ်ခြမ်းထိ၊ အထက်ပိုင်းဖြစ်လျှင် ခါးမှစ၍ ခေါင်းအထိ တစ်ခြမ်းတစ်ပိုင်း အကုန်မလှုပ်ရှားနိုင်အောင် (ရပ်ဆိုင်းအောင်)ဖြစ်တတ်သောလေကို **ပက္ခာဃာတ**လေဟုမှတ်လို့ ဖွင့်ဆိုထားပါတယ်။

**လေဖြတ်ရောဂါဟာ** ပထဝီဓာတ်နဲ့ အာပေါဓာတ်လွန်ကဲပြီး တေဇောဓာတ်နဲ့ ဝါယောဓာတ်ယုတ်လျော့တဲ့ ရောဂါဖြစ်ပါတယ်။ လေငန်းရောဂါနဲ့ လေဖြတ်ရောဂါဟာ အဲဒီလို ကွဲပြားခြားနားပါတယ်'

■ **'လေငန်း၊ လေဖြတ်ရောဂါဖြစ်စေတဲ့ အကြောင်းအရင်းကို ပြောပြပေးပါ ဆရာ'**

□ 'လေငန်း၊ လေဖြတ်ရောဂါဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရင်းများကတော့...

သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါအခံရှိသူများနဲ့ ခါးကြောရိုးနာ့်ကြော၊ အာရုံကြော ထိခိုက်အဏ်ရာရသူများဖြစ်တာ အများဆုံးတွေ့ရှိရပါတယ်။

လေဖြတ်သူတွေရဲ့ (၈၀)ရာခိုင်နှုန်းဟာ သွေးတိုးရောဂါအခံရှိသူများဖြစ်ပါတယ်။ လေဖြတ်တဲ့လူနာ (၄၀)ရာခိုင်နှုန်းလောက်ဟာ သွေးတိုးရောဂါအပြင် ဆီးချိုရောဂါပါ ရှိနေတတ်ပါတယ်။

**သွေးတိုးရောဂါအခံရှိရင် လေဖြတ်ဖို့ သာမန်လူထက်(၅)ဆခန့်ရှိစေပါတယ်။** ဆီးချို၊ သွေးချိုရောဂါအခံရှိရင် သာမန်လူထက် နှစ်ဆမှ သုံးဆအထိ ဖြစ်တတ်ပါတယ်။

သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူတွေဟာ အချို၊ အဆိမ့်၊ အဆီ၊ အငန် အရသာများ လွန်ကဲစွာစားသောက်ခြင်း၊ ဆေးလိပ်၊ အရက်လွန်ကျူးစွာသောက်သုံးခြင်း၊ အထိုင်အထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အချိန်အခါမဲ့ ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ အအေးခံလွန်ခြင်း။

ပန်ကာလေ၊ လေအေးစက်နဲ့ ခေါင်းထိုင်အိပ်စက်ခြင်း၊ ကာမဂုဏ်လွန်ကဲခြင်းစတဲ့ အကြောင်းအချက်များဟာ လေငန်း၊ လေဖြတ်ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

■ **'လေငန်း၊ လေဖြတ်ရောဂါရဲ့ ရှေ့ပြေးလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❐ **'လေငန်း၊ လေဖြတ် ရောဂါရဲ့ ရှေ့ပြေးလက္ခဏာများကတော့...**

ခြေလက်ထုံကျဉ် လေးလံခြင်း၊ ခြေလက် မသယ်ချင်သလိုဖြစ်ခြင်း၊ ခြေကပ်,လက်ကပ်ခြင်း၊ ခြေလက်ဆွဲခြင်း၊ သွေးတိုးနေခြင်း၊ မကြာ

**အမြဲ ခေါင်းအုံနေခြင်း အထိုင်အထ မူးခြင်း နောက်ကြောတက်ခြင်း ခဏာတွေဟာ...**

ခဏမူးဝေခြင်း၊ မျက်စိအမြင် မကြည်လင်ခြင်း။

မျက်စိထဲ မီးပွင့်သလိုဖြစ်ခြင်း၊ ခံတွင်းနံ့ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ နားယားခြင်း၊ အထိုင်အထမူးခြင်း၊ ညပ်ရိုးအတွင်း အကြောရောင်ခြင်း၊ နာခြင်း၊ နောက်ကြောတက်ခြင်း။

အမြဲခေါင်းအုံနေခြင်း၊ အစားစား၍ အလွန်ကောင်းခြင်း၊ ဝမ်းအလွန်ချုပ်ခြင်းစတဲ့ လက္ခဏာများဟာ လေငန်း၊ လေဖြတ်ရောဂါရဲ့ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါတယ်'

■ **'လေငန်း၊ လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❐ **'လေငန်း၊ လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများကတော့...**

သွေးပေါင်ချိန် မြင့်တက်ခြင်း၊ စကားမပီမသ ပြောခြင်း၊ (စကားမပြောနိုင်ခြင်း) လျှာတိုဝင်သွားခြင်း၊ ပါးတစ်ဖက်ရွဲ့၊ မျက်စိတစ်ဖက်ပိတ်မရခြင်း၊ ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ သတိလစ်မေ့မြောခြင်း...။

သမ်းဝေခြင်း၊ နားအူခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမမှန်ခြင်း၊ ကိုယ်သားကိုယ်ရေ ပူလိုက်,အေးလိုက်ဖြစ်ခြင်း၊ လျှာထူ၍ ပြုပ်ထနေခြင်း...။ ပါးစပ်မှ သွားရည်များ ကျခြင်း၊ ချွေးထွက်မညီခြင်း၊ ကိုယ်ခန္ဓာအောက်ပိုင်း ချွေးမထွက်ခြင်း၊ အကြောတက်ခြင်း၊ ခြေ,လက်များ တဆတ်ဆတ်တုန်ခြင်း၊ ခြေ,လက်သေခြင်း၊ မောပန်းလွယ်ခြင်း၊ နှလုံးခုန်နှုန်းနှေးပြီး အသက်ရှူမြန်ခြင်း၊ စိတ်အားငယ်ခြင်းစတဲ့ လက္ခဏာများဟာ လေငန်း၊ လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများ ဖြစ်ပါတယ်'

■ **'လေငန်း၊ လေဖြတ်ရောဂါရဲ့ ကုထုံးအကျဉ်းကို ပြောပြပေးပါဦး ဆရာ'**

❐ 'လေငန်း၊ လေဖြတ်ရောဂါရဲ့ ကုထုံးကတော့ ဝေဒနာရှင်ဟာ **သွေးတိုးသွေးတက်မရှိရင်...**

မနက်(၈)နာရီခန့်မှာ **တိုင်းရင်းဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေး** လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရှောက်ရည် စတီးဇွန်းတစ်ဇွန်းနဲ့ ရောစပ်ပြီး ရေနွေးနဲ့တိုက်ရပါမယ်။

သွေးတိုးရောဂါအခံရှိသူကို **ဆေးအမှတ်(၁၇)သွေးဆေးနီကြီး**လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို သကြားနဲ့ ဆတူရောစပ်ပြီး ရေနွေးနဲ့ တိုက်ရပါမယ်။

**နေ့လယ်(၁)နာရီခန့်မှာ ဆေးအမှတ် (၂၇) ပြည်လုံးချမ်းသာဆေး** လက်ဖက်ရည်တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။

**ညနေ(၆)နာရီခန့်မှာ ဆင်တုံးမနွယ်အမှုန့်** လက်ဖက်ရည် တစ်ဇွန်းခန့်ကို ရှောက်ရည်နဲ့ ရောစပ်ပြီး ရေနွေးနဲ့ တိုက်ရပါမယ်။

**ညအိပ်ရာဝင်ချိန်မှာ ဆေးအမှတ်(၁၂) စကြုပါလဆေး(၂)**ကို ဝမ်းအခြေအနေကြည့်ပြီး လက်ဖက်ရည်တစ်ဇွန်းမှ နှစ်ဇွန်းထိ ရေနွေးနဲ့ တိုက်ရပါမယ်။

အဲဒီညဆေးကို (၃)ရက်တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းအခြေအနေကြည့်ပြီး တိုက်ရမှာ ဖြစ်ပါတယ်။

လေငန်း၊ လေဖြတ် ရောဂါရှင်ကို ဘဝင်ကြောများ လျှော့ပေးခြင်း၊ ဆီး၊ ဝမ်း၊ လေဖြောင့်အောင် အကြော ပြုပြင်ပေးခြင်း၊ အပူခိုးများ ထုတ်ပေးခြင်းများ ပြုလုပ်ပေးရင် အချိန်တို အတွင်း သက်သာပျောက်ကင်းစေပါတယ်။

လိမ်းဆေးအနေနဲ့ ဆေးအမှတ်(၂၉) သဗ္ဗဇေယျဆေးစပ်ကြီးနဲ့ ဆေးအမှတ် (၄၁) အကင်းဆယ်ပါးဆေးတို့ကို ဆတူ ရောစပ်၍ မီးတောက်အရက်နဲ့ ဖျော်ပြီး တစ်ကိုယ်လုံး မကြာခဏ လိမ်းပေး ရမှာ ဖြစ်ပါတယ်။

ညဘက်မှာ **ဆေးအမှတ်(၂၉)နဲ့ ဆေးအမှတ်(၄၁)**ဆတူရောစပ်ထားတဲ့ ဆေးမှုန့်ကို နှမ်းဆီ (သို့မဟုတ်) မုန်ညင်းဆီနဲ့ ရောစပ်လိမ်းပေးရမှာ ဖြစ်ပါတယ်။

လေငန်း၊လေဖြတ်ရောဂါဝေဒနာရှင်ကို အပွင့်အာကာသဓာတ်ရစေဖို့**သက်ရင်းကြီးရွက်၊ ဖုံးမသိန်ရွက်၊ ရှောက်ရွက်၊ ကွမ်းရွက်များကို** ပေါင်းအိုးနဲ့ ချွေးအောင်းပေးရင် အကောင်းဆုံးဖြစ်ပါတယ်။

လေငန်း၊ လေဖြတ်ရောဂါရှင့်ဟာ လျှာတိုခြင်း၊ စောင်းခြင်း၊ လေးခြင်း၊ ထူခြင်း၊ ဖြူခြင်းဖြစ်ခဲ့ရင် **ဆေးအမှတ်(၃၂)နန်းတွင်းလျှာပွတ်ဆေးနဲ့ စပါးကြီးသည်းခြေ**တို့ ရောစပ်ပြီး လျှာကိုဆွဲပေးခြင်း၊ ညင်သာစွာ နှိပ်ပေးခြင်းတို့ကို ပြုလုပ်ပေးရပါမယ်။

စပါးကြီးသည်းခြေ မရရင် **ဆေးအမှတ်(၂၅)မတဲမြင်းမိုရ်ကုန်းဆေးနဲ့ ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ်**တို့ကို ဆတူရောစပ်ပြီး မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်တစ်နေ့(၂)ကြိမ် လျှာပွတ်ပေးရမှာ ဖြစ်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း စားဆေး၊ လိမ်းဆေးများနဲ့ ကုသသွားရင် လေးငန်း၊ လေဖြတ်ရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

■ **'လေငန်း၊ လေဖြတ်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❒ '**လေငန်း၊လေဖြတ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကတော့**... ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါးကို ညီညွတ်မျှတအောင်နေထိုင်ကျင့်ကြံ ဆင်ခြင် စားသောက်ဖို့ လိုပါတယ်။

သမုဋ္ဌာန်တရား(၄)ပါး လွန်၊ ယုတ်၊ လွဲမှား ပြုဖန်များရင် ရောဂါတစ်မျိုး မဟုတ် တစ်မျိုး ဖြစ်တတ်နိုင်သလို ရောဂါနှစ်မျိုးမှ သုံးမျိုးထိ တွဲပြီး ဖြစ်နိုင်ပါတယ်။

လေငန်း၊ လေဖြတ်ရောဂါမဖြစ်အောင် ဆင်ခြင်နေထိုင် စားသောက်ရမယ့် အချက်တွေကတော့ အဆီဓာတ်၊ အငန်ဓာတ်လွန်ကဲတဲ့ အစားအစာများကို ရှောင်ကြဉ်ဖို့ လိုပါတယ်။

ပူပြင်းတဲ့ ရာသီဥတုမှာ ရေစိုအဝတ်နဲ့ ပန်ကာလေ၊ လေအေးစက်နဲ့ နေထိုင်ခြင်း၊ အရက်သေစာသောက်စားပြီး သမံတလင်းပေါ် အိပ်ခြင်း၊ အအေးခံခြင်း ရှောင်ကြဉ်ပါ။

ကိုယ်လက်လှုပ်ရှားမှု နည်းပြီး အညောင်းထိုင်မှုများခြင်းကို ဆင်ခြင်ရပါမယ်။ မနက်စောစောလမ်းလျှောက်ခြင်း၊ ညနေချိန်လမ်းလျှောက်ခြင်းစတဲ့ ကိုယ်လက်လှုပ်ရှားမှုကို လုပ်ဆောင်ရပါမယ်။

စိတ်ဖိစီးမှုမဖြစ်အောင် စိတ်ကို အေးချမ်းစွာထားပါ။ သွေးတိုးရောဂါရှိရင် သွေးပေါင်ချိန် မှန်မှန်ချိန်ပါ။ ဆီးချို၊ သွေးချိုရောဂါရှိရင် သကြားဓာတ်ကို ပုံမှန်ဖြစ်အောင် ထိန်းသိမ်းပါ။

နေပူထဲမှလာပြီး ရေချိုးခြင်း၊ ရေခဲရည်သောက်ခြင်း၊ လေအေးစက်၊ ပန်ကာလေတို့နဲ့ နေထိုင်ခြင်း ရှောင်ကြဉ်ပါ။ အရက်၊ ဆေးလိပ်နဲ့ မူးယစ်ဆေးဝါးများကို လုံးဝရှောင်ကြဉ်ပါ။

အစားအစာများအနေနဲ့ ဝက်သား ဘဲသား၊ ငါး၊ မြင်း၊ ငါးတန်၊ ကျွဲသား ဇီဝိသား လုံးဝရှောင်ကြဉ်ဖို့ လိုပါတယ်။ ဒံပေါက်ထမင်း၊ အုန်းနို့ခေါက်ဆွဲ ကျွဲနို့တို့ကို သတိထားပြီး ဆင်ခြင်စားသောက်ပါ။

သွေးတိုးရောဂါအခံရှိလျက် ဒံပေါက်ထမင်းစားပြီး နာရီပိုင်းအတွင်း အုန်းနို့ခေါက်ဆွဲ ဆက်စားရင် လေဖြတ်တတ်တဲ့အတွက် အထူးသတိထားစားသောက်ဖို့ လိုပါတယ်။

အထူးသဖြင့် ရသာ(၆)ပါးမျှတအောင် စားတတ်ဖို့ လိုအပ်ပါတယ်။**နောက်ဆုံးပြောချင်တာကတော့ ကာမဂုဏ်လွန်ကဲခြင်းကို ဆင်ခြင်ပြီး သမုဋ္ဌာန်တရား(၄)ပါးကိုညီညွတ်မျှတအောင် နေထိုင် စားသောက်သွားမယ်ဆိုရင်** လေငန်း၊ လေဖြတ်ရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ်စောင့်ရှောက်နိုင်ကြောင်း ပြောခဲ့ချင်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာ'**

❒ 'ဆရာ ဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...'

**ဆရာ ဦးသန်းဆွေထွန်း**

သဘာဝဓမ္မတိုင်းရင်းဆေးခန်း

အမှတ်(၃၉)၊ လော်ကားလမ်းမကြီး

(၁၀၅)ရပ်ကွက်၊

အင်းမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁ ၇၀၃၃၆၄၊ ၀၉ ၁၁၀ ...

**မြောင်းမြ မောင်ယဉ်တင်**



www.burmeseclassic.com

www.burmeseclassic.com

# ကိုးနဝင်း ကက်ကင်းဘုရား

မောင်ဖြောက်(ဝ)ငြိမ်း



...ဘုရား... ကိုရင့်အတွက် ကိုးနဝင်း ...က်ကင်းဘုရား'

...ရောက်မဆိုက်ပင် ဓမ္မဗိမာန် ...ရေးမှူးကြီး ဦးမြသန်းက ...င်ပေါ်မှ ဆင်းတုတော်လေး ...ကို ယူပင့်၍ ပေးလိုက်သည်။

...ရေးသူမှာ ဦးမြသန်း၏ ကိုးနဝင်း ...က်ကင်းဘုရားဟူသော စကား ...ကြောင့် စိတ်ဝင်စားသွားမိသည်။ ...တုတော်လေးမှာ **ဉာဏ်တော်** **...လက်မခန့်**သာရှိ၏။ ...က်မှ **နှစ်လက်မခန့်** **...လေး**လည်း ပါ၏။

...က်ရာမှာ ဉာဏ်တော် ...ာ်လည်း ပီပြင်၍ ကြည်ညို ...ောင်နေသည်။ ထို့ကြောင့် ...သူမှာ နှစ်သက်နေမိသည့်အထဲ "**...ဝင်း ကက်ကင်းဘုရား**"ဆို၍ ...ဆန်းဆန်းလေးများ ရှိတတ် ... ဦးမြသန်းအား မအောင့်အည်း ... ချက်ချင်းတောင်းဆို မေတ္တာ ... မေးမြန်းရပါတော့သည်။

...သန်းကတော့ ထူးထူးဆန်း ... စိတ်ဝင်စားစရာလေးတွေ တွေ့ ...တတ် ရှာတတ်ဖွေတတ် ဖော် ...တ်တာမို့ လေးသန်းဆီ တစ်ခါ လာရင် တစ်မျိုးအသိတိုး၊ အမြင်တိုး ရပါတယ်။ ဒီကိုးနဝင်းကက်ကင်း ဘုရားအကြောင်းနဲ့ ပတ်သက်ပြီး ရှင်းပြပါဦး'

'ကျုပ်တို့ မြန်မာတွေက ကိုးနဝင်း သိပ်ကြိုက်တတ်တာ ကိုရင်လဲ အသိ သားပဲ။ ဒီတော့ ကိုးနဝင်းဘုရား ထုလုပ်ကိုးကွယ်ရရင် ကောင်းမှာပဲလို့ အောက်မေ့လိုက်တော့ "**ဘုရား**" ဆိုတာကိုက **ဘု**=ကြာသပတေး=၅ + **ရား**=ဗုဒ္ဓဟူး=၄=၉" ကိုးနဝင်း ဖြစ်မနေ ဘူးလား။

ဒီတော့ သူနဲ့ ကက်ကင်းအပြန်ဖြစ် တဲ့ **အသား၄+၅**ကို စဉ်းစားတော့ **လက်ပံ**တွေ့တယ်၊ ဒါပေမယ့် ကျုပ်က ဖျူပွတ်လဲ ရွေးချင်ချင်ဆိုတော့ မကြိုက် ချင်ဘူး။

ဒါနဲ့ **လက်ဖက်သား**တွေ့တော့ ကြိုက်သွားတယ်။ "လက်ဖက်"ဆို တော့ ခိုင်တယ်၊ ခံ့တယ်၊ ပွေ့ပွေ့ပိုက် ပိုက်ကြီး ရှိတယ်။

ဒီဖျူပွတ်ကို ကြိုက်တာနဲ့ လက်ဖက်

www.burmeseclassic.com



သားကို ထုထားတဲ့ **"လက်ဖက်, ဘုရား"(၄+၅, ၅+၄)** ကိုးနဝင်းကက်ကင်းဘုရား ဖြစ်ပါတယ်'

'ဩော်...ဩော်... အောက်ကလဲ **လက်ဖက်ပလ္လင်**ပေါ့'

'မဟုတ်ဘူး သူ့ကျတော့ **ယင်းမာ**သားနဲ့ ထုထားတဲ့ **ယင်းမာပလ္လင်** (၄+၅, ၅+၄) ကိုးနဝင်းကက်ကင်း ဖြစ်ပါတယ်။

သူ့ကို ပူဇော်တဲ့အခါ **လင်ပန်းလေးထဲမှာထည့်ပြီး ပူဇော်ပါ။ အဲဒီလင်ပန်းက အပြာရောင်ဖြစ်ပြီး နှုတ်ခမ်းရစ်က အဝါရောင်ပေါ့။ "လင်ပန်းပြာဝါ"**ဆိုတော့ **"၄+၅, ၅+၄"** နဝင်းကက်ကင်းပဲပေါ့'

လေးသန်းပြောမှ ဘုရားစင်သို့ လှမ်းကြည့်လိုက်ရာ အပြာရောင်သံလင်ပန်းငယ်လေးမှာ ရွှေဝါရောင်အနားကွပ်နှင့် ပူဇော်ထားသော ကိုးနဝင်းကက်ကင်း ဘုရားဆင်းတုလေးကို ဖူးတွေ့လိုက်ရပါသည်။

'ဒီဘုရားကို ဆက်ကပ်ပူဇော်ဖို့ကတော့...

မုန့်လုံးရေပေါ် (၅+၄, ၄+၅)

လိမ္မော်ဖျော်ရည် (၄+၅, ၅+၄)

လစ်ပိုပုလင်း (၄+၅, ၅+၄)

စသဖြင့် နဝင်းကက်ကင်းများ ရှိပါတယ်။ **နဝင်းသက်သက်ကတော့** လမုန့် မလိုင်၊ ရှမ်းပြောင်း၊ လက်ဖက်နဲ့ **ပန်းများကတော့** ရွှေပန်း၊ မြတ်လေး၊ ရေမွှေးပန်းတို့ ဖြစ်ပါတယ်။

(၉)ပွင့်၊ (၉)ခက်လျှပေါ့။ ဖယောင်းဆိုလဲ (၉)တိုင်ပေါ့။ ရေတော်ဆိုရင် **မြစ်ရေ–မိုးရေ** (၉)ခွက်ပေါ့'

'လေးသန်းရဲ့ နဝင်းတွေကတော့ ကြိုက်ချင်စရာတွေချည်းပဲ၊ လေးသန်းရော ဒီဘုရားကို ပူဇော်တော့ ဘာတွေများ ထူးခြားပါသလဲ'

'ထူးခြားတယ် ကိုရင်ရ... ကျုပ်ရဲ့ ပန်းထိမ်လုပ်ငန်းနဲ့ ဆက်စပ်လာသူတွေဟာ ပမာဏအားဖြင့် "ကိုး" ဖြစ်နေတတ်ကြတယ်။

ကျုပ်ကို လာကန်တော့ကြရင် လက်ဆောင်လေးတွေက နဝင်းဖြစ်နေတတ်တယ်။ ဥပမာ **ဖရုံ(၅+၄)**ယိုလိုမျိုးပေါ့။ တိုက်ဆိုင်တာလေးတွေပေါ့ ကိုရင်ရယ်'

ပြီးတော့ ကျုပ် လိုချင်တောင့်တတာလေးတွေ ဖြစ်ပေါ်ရရှိလာတတ်တယ်။ ကျုပ်တင်ထားတဲ့ ဆွမ်းတော်ပွဲက သဘော်သီးမှာ စမတွေ ပေါ်လာတယ်။ စမပေါ်နေတဲ့ ပစ္စည်းပစ္စယ်လေးများ ဝင်လာ ရရှိတတ်ပါတယ်'

'အဲ... သတိရလို့ မေးပါရစေ၊ လေးသန်း၊ ဒီဘုရားကို ပူဇော်တော့ ဘယ်လိုဂါထာတွေနဲ့ ပူဇော်ပါသလဲ နည်းစနစ်ကလေးပေါ့'

'ဩော်... ကိုရင်က ဝေးဝေးခေါ်ခေါ်တွေးနေတာကိုး မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးကိုပဲ ရွတ်ဖတ်ပူဇော်ရုံပါပဲ။ အနုလုံ,ပဋိလုံဖြစ်ဖြစ်၊ ကွန်ချာဖြစ်ဖြစ် မိမိတို့ နှစ်သက်သလို ပွားများကြရုံပါပဲ'

'ကဲ...ကိုးနဝင်းဘုရား ဖမ္မလက်ဆောင်အတွက် ကျေးဇူးအများကြီးတင်ပါတယ် လေးသန်း'

ကျေးဇူးစကားနှင့်အတူ လေးသန်းအား လက်အုပ်ချီပြီး ဂါရဝပြုလိုက်သည်။

'အာရုံကျကျ ယုံယုံကြည်ကြည်... သာ ကိုးကွယ်ပူဇော် ကျင့်ကြံအား... ကြည့်ပါ။ ကိုရင် သိပ်ကို ထူးခြား... လိမ့်မယ်။ အဓိဋ္ဌာန်တင်ကြည့်... ပိုကောင်းပါတယ်။ ကျုပ်က... တစ်ဝါတွင်းလုံး အဓိဋ္ဌာန်နဲ့... လုပ်ခဲ့တာမို့ ကိုယ်တွေ့ပါပဲ...

'ဟုတ်ကဲ့ လေးသန်း၊ ဗျူဟာ... ကြိုက်၊ အစီအရင်လဲကြိုက်၊ ကျင့်... လဲကြိုက်မို့ လုပ်ဖြစ်အောင် လုပ်... လေးသန်း'

လေးသန်းတို့အိမ်မှ အထွက်တွင်...

'ဒီမှာ ကိုရင်'

'ဗျာ လေးသန်း'

'ဘုရားဘွဲ့တော် မပြောရသေး... နော်'

'ကိုးနဝင်းကက်ကင်းဘုရား မဟုတ်... လား'

'အဲဒါက အမျိုးအစားလေ ဘွဲ့... က **"ရွှေဘုန်းပြည့်လျှံ"**တဲ့'

'ဗျာ...**"ရွှေဘုန်းပြည့်လျှံ"**... လား၊ ဒါဖြင့် **"ရွှေ+ဘုန်း,ပြည့်+... =၄+၅,၅+၄"**ပေါ့'

'ဟုတ်ပါ့ဗျား၊ ဟုတ်ပါ့ဗျား ကိုး... ကက်ကင်းဘွဲ့တော်ပါပဲဗျာ၊ ဟဲ... ဟဲ...ဟဲ'

လေးသန်း၏ ဘုရားဘွဲ့တော်... လည်း သဘောကျလှသော... ပါးစပ်မှ တတွတ်တွတ်ရွတ်... **"ရွှေဘုန်းပြည့်လျှံ"** ကိုး... ကင်ကင်းဘုရား ကိုယ်တော်မြတ်... ဦးထိပ်သို့ မြှောက်တင်ကာ လ... ကြားတွင် တင်မြှောက်ကန်တော့... ပါတော့သည်။


**မောင်အောင်ဝင်း...**





www.burmeseclassic.com

www.burmeseclassic.com




▲ အလုံးသွင်ကွမ်းသီး (ဝဲ)ခြောင်း ရှမ်းပြည်ကွမ်းသီး (ယာ) ရွှေ

# ကွမ်းစလေ့

## အခေါ်အဝေါ်အချို့ နှင့်

# ပူးစာတိုင်

### ပူဇော်မှုအစီအစဉ်

...မာ ဝေါဟာရတွင်''**ကွမ်းပန်း**'' ... သုံးနှုန်းလေ့ရှိကြသည်။ ပုဂံ ...သူလေးထောင့်ကန့်ကျောက်စာ ...ရှားတာရား၌ သင်ဗုတ်**ကွမ်းပန်း** ...တ်လုပ်ကျွေးတင်စိမ့်သောငှာ) ...ည်းကောင်း...။

...ဦးပို့တွင် (**ကွမ်းပန်း** မထိ ...ရှမရဲသည် ပုလဲလျှံထွက်သွား ...သက်)ဟူ၍ လည်းကောင်း...။

**...သတ်ပုံကျမ်း**တွင် ...မြှန်းတလန်းလန်း **ကွမ်းပန်း** ...လေ)ဟူ၍ လည်းကောင်း ...ချ၏။

...သည် ပန်းတစ်မျိုးဖြစ်၍ ...နှင့်ပန်း ထပ်တူဂုဏ်ရည်တူ ...မ အမြတ်ပြုသုံးနှုန်းခြင်းဖြစ်၏။

...သာကသာရဆုံးမစာ၌ ''ဂြဟ ...''စသည် ဂြိုဟ်နတ်များအား ...သောအခါ(ပေါက်ပေါက်စသည် ...မည်နှင့် ဆောက်တည်မပျက်) ...ပြထား၏။ ပန်းငါးမည်ကား...

...ပေါက်ဆန်ပန်း

... (သီး၊ ကွမ်းရွက်)

...

... (သီး)

...ပျော(သီး)

...ဖြစ်ကြ၍ နတ်ကန်တော့ပွဲတွင် ...ထွင်းရကြောင်း ဖော်ပြထားခြင်း ...သည်။

ရှင်မဟာရဋ္ဌသာရကလည်း မြန်မာ ...က္ကရာဇ် ၈၉၁ ခုနှစ်၊ ဝါခေါင်လဆန်း ...)ရက်နေ့ ရေးပြီးသည်ဆိုသော ...ရပို့တွင်...

'မင်းခေါင်လက်ထက်၊ ပို့ရွယ်သက်က၊ ဝင်းထွက်စတေး မှတ်သားတွေဖြင့်၊ စာပေသင်ကာ နေလှည့်ရာ၌၊ ထည့်လာကွမ်းပန်း၊ သိမ်းမြန်းကျောင်းကန်၊ အမှန်မှန်'

ဟု စပ်ဆိုထား၏။ ရှင်မဟာရဋ္ဌသာရသည် ဒုတိယမင်းခေါင်၏ ခမည်းတော် ပြည်စုံမင်း သီဟသူ လက်ထက် သက္ကရာဇ် ၈၃၀ ခုနှစ်တွင် မွေးဖွား၍ ငယ်မည် ''**မောင်မောက်**'' ဟု တွင်သည်။

(၈)နှစ်သားအရွယ်တွင် အိမ်ရှေ့မင်း (နောင်တွင် ဒုတိယမင်းခေါင် ဖြစ်လာသည်။)၏ သားအမှတ်ဖြင့် မွေးစားခံရ၏။ အသက်(၁၆)နှစ်တွင် ''**ဘူရိဒတ်**'' လင်္ကာကြီးကို စတင်ရေးသားခဲ့သည်။

ဒုတိယမင်းခေါင် လက်ထက် အသက်(၂၀)ပြည့်သော ၈၅၀ပြည့်နှစ်တွင် ရဟန်းဘောင်သို့ဝင်ရောက်ကာ အရှင်မဟာရဋ္ဌသာရဘွဲ့မည်တွင်၏။

ဒုတိယမင်းခေါင်ဘုရင်က သူရေးသားသော ပို့ကဗျာရတုမော်ကွန်းများကို လွန်စွာနှစ်သက်သဖြင့် ရဟန်းဖို့ ဘဝတွင်ပင် ကျောင်းထိုင်အပ်နှင်းကာ ဆရာတစ်ဆူအဖြစ် အသိအမှတ်ပြုကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုအရှင်သည် **၈၉၂ ခုနှစ်၊ သက်တော် (၆၂)နှစ်တွင်** ပျံလွန်တော်မူ၏။

ဤတွင် ကွမ်းထည့် (ကွမ်းထိ)သည် ဟူသော ဝေါဟာရသည် အင်းဝခေတ်တွင် စတင်တွေ့ရှိရသော ပေါရာဏစကားဖြစ်၍ ကောင်းမွန် မြင့်မြတ်သော ရာထူးနေရာ (သို့မဟုတ်)ပုဂ္ဂိုလ်အဖြစ် ရည်ရွယ်သတ်မှတ်ခြင်းဟု အဓိပ္ပာယ်ရရှိသည်။

မောင်းထောင်ဆရာတော် စီရင်သော''**ပေါရာဏကထာဒီပက**''ကျမ်းတွင်''**ကွမ်းထိပုဏ္ဏားဆရာမှန်းထား**'' ဟု ဖော်ပြ၏။ ကွမ်းထည့်ခြင်းသည် ဆရာအဖြစ် ရည်မှန်း အသိအမှတ်ပြုခြင်း ဖြစ်သည်ဟု ဆိုလိုသည်။

ထို့ကြောင့်ပင် ရှင်မဟာရဋ္ဌသာရက ပါရမီတော်ခန်းပို့၌ အလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားထံမှ ဘုရားလောင်း ဖြစ်မည်ဟု ဗျာဒိတ်တော်ရသည်ကို...

'ဘုရားအစေ့ ကွမ်းထည့်နေ့နိုက် ရသေ့



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာ၊ သုမေဓါဟု သာသနာလည်း၍၊ ရှင်ဖေတာကို၊ ပိုင်သစိမ့်သည်၊ ဖျာဒိတ်ရည် က...”

ဟု ရေးဖွဲ့ထား၏။

မာဃဒေဝလင်္ကာသစ်၌လည်း...

‘ထိုရောအခါ ဥပရာဟု၊ မင်းလျာကွမ်းထည့်၊ ဘုန်းရောင်မှည့်၍ ပါဏ်ကိုယ်စား ဝါတင်ထား သည်၊ ပိုသားနန်းဆက်၊ နောက်နန်းတက် ကာ’

ဟု ရေးသား၏။

ကွမ်းထည့်ခြင်းကို ပါဠိဘာသာဖြင့် **“တမ္ဗူလဒါန”**ဟု သုံးနှုန်း၏။ ဟိတောပဒေသဋီကာ၌...

‘သမာဒရသူစကတ္တာ၊ ကသ္မိပိကာရိယေ၊ ကောနာပိ၊ ကဿာပိ၊ နိယောဂကာလေ၊ တမ္ဗူလဒါနဿ၊ ပထာပုဗ္ဗေ၊ အာသိ၊ ဣဒါနိပိ ဝတ္တတေဝ’

**သမာဒရသူစကတ္တာ၊** လေးစားအပ်သော အထိမ်းအမှတ်ဖြစ်သောကြောင့်၊ **ကသ္မိပိကာရိယေ၊** မည်သည့်ကိစ္စ၌မဆို။ **ကောနာပိ၊** မည်သူမဆို။ **ကဿာပိ၊** မည်သူ့အားမဆို။ **နိယောဂကာလေ၊** ခန့်အပ်ရန်ခွင့်ပြုသောအခါ၌။ **တမ္ဗူလဒါနဿ၊** ကွမ်းထည့်ခြင်း၏။ **ပထာ၊** အစဉ်အလာသည်။ **ပုဗ္ဗေပိ၊** ရှေးအခါ၌လည်း။ **အာသိ၊** ရှိခဲ့ပြီ။ **ဣဒါနိပိ၊** ယခုအခါ၌လည်း။ **ဝတ္တတေဝ၊** ရှိဆဲပင်။

ဟူ၍ ဖွင့်ဆိုထားလေသည်။

## မြန်မာဘုရင်ခေတ်

## ကွမ်းထည့်မင်္ဂလာ အခမ်းအနား

ဘုရင်တို့သည် ရာထူးအလိုက် အမှုတော်ထမ်းများကို အခါအားလျော်စွာ မြို့စားရွာစား သနားတော်မူခြင်း၊ ဆင်၊ မြင်း၊ လက်ဝတ်ရတနာ၊ အဝတ်အထည် စသည် ချီးမြှင့်လေ့ရှိ၏။

ထို့ထက် ထူးခြားသော ချီးမြှင့်ခြင်းအနေဖြင့် ကွမ်းယာပေးကာမ်း ချီးမြှင့်လေ့ရှိ၏။

ထိုသို့ ကွမ်းယာပေးသည်ကို **ကွမ်းထည့်**သည်ဟု ခေါ်၏။ ယင်းသည် ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်ခြင်း မဟုတ်ပေ။ ဂုဏ်ထူးဆောင်ဘွဲ့တစ်ရပ် ချီးမြှင့်သော အထိမ်းအမှတ်ဖြစ်သည်။

ထိုအခမ်းအနားတွင် ဘုရင်သည် ငွေဖလားတွင်ထည့်ထားသော ကွမ်းယာကို လက်ယာလက်ဖြင့်ယူလျက် ပေး၏။ ဂုဏ်ပြုခံရသော အမှုထမ်း အရာထမ်းက အင်္ကျီဖျင်လက်ကို ဖြန့်၍ ခံယူရသည်။

ရာထူးကြီးငယ်မရွေး ဖျင်လက်ဖြင့်သာ ခံယူရ၏။ အိမ်ရှေ့ ဥပစာသည်လည်း ကွမ်းထည့်မင်္ဂလာခံယူကြောင်း မဃဒေဝလင်္ကာ၌ အထက်ဖော်ပြပါ အတိုင်း ရေးဖွဲ့ထားခြင်းဖြစ်၏။

ရဟန်းလောင်းများ သိမ်အတွင်း၌ အင်္ကျီရင်ဖြင့် ကမ္မဝါရွတ်ဖတ်၍ ပဉ္စင်းအဖြစ်သို့ သိက္ခာတင်ပြီးသည့်နောက် သိမ်မှဆင်းလာသောအခါ ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုတွင် ကွမ်းယာကို ပါဝင်လှူလောင်းကာ **“ဆရာအဖြစ် ယနေ့မှစ၍ ရည်မှတ်ပါသည်”**ဟု ကွမ်းထည့်လေ့ရှိကြသည်။

ဤသည်ကား ယနေ့ခေတ်ကာလ၌ အသုံးပြုမှုနည်းပါးသွားပြီဖြစ်သော “ကွမ်းထည့်ခြင်း”ဝေါဟာရနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါသည်။

ရှေ့ဆက်၍ အနန္တငါးဖြာနှင့် နတ်ဒေဝတာတို့အား တိုင်တည်ကာ ကွမ်းထည့်ပူဇော်ခြင်း အစီအစဉ်တစ်ခုကို တင်ပြပေးပါမည်။

## နှလုံးသားရေးရာ

## ကွမ်းထည့်ပူဇော်မှုအစီအစဉ်

သံယောဇဉ် အရိပ်အယောင်[illegible] ခံစားနားလည်နေရသော်လည်း ကျ[illegible] ဆည်ခြင်း၊ မဝံ့မရဲဖြစ်နေခြင်း စသ[illegible] တစ်စုံတစ်ခုသော အကြောင်း[illegible] မရေမရာရှိနေသည့် လုလင်ထံမှ ထ[illegible] ပေါ်ပွင့်လင်းမြင်သာစွာ ထုတ်[illegible] ကမ်းလှမ်းလာခြင်း (သို့မဟုတ်)လုံ[illegible] ထံမှ လက်ခံအသိအမှတ်ပြုခြ[illegible] တုန့်ပြန်လာခြင်းတို့အတွက် ကွမ်းထ[illegible] ပူဇော်သော အစီအစဉ်ဖြစ်သည်။

ကွမ်းသီး၊ ကွမ်း၊ ထုံး၊ ဆေးပါတ်[illegible] ကွမ်းယာ(၁၂)ယာကို မြင်းခင်[illegible] မည်။ ကွမ်းသီးအတွက် ကြောင်ကွမ်း[illegible] (၁၂)လုံးကို အသုံးပြုပါ။

ကောင်းစွာရင့်မှည့်၍ ပိုးမပါ[illegible] အညီ ကင်းစင်သော အညာပါ ကွမ်း[illegible] (၁၂)ရွက်တွင် ကွမ်းသီး၊ ထုံး၊ ဆေး[illegible] ထည့်၍ ယာ(ကတော့ပုံပိတ်၍ ထိုးဖို့)[illegible] ကြက်လျှာ(၁၂)ခုလည်း မြင်းခင်[illegible]

မိမိမွေးနေ့ နံနက်(၃)နာရီ (၃၆)[illegible] အချိန်တွင် ကွမ်း(၅)ယာ (ကြက်လျှာ[illegible] ခု)နှင့် ကွမ်း(၇)ယာ (ကြက်လျှာ ၇[illegible] နှစ်ပန်းကန်ခွဲကာ ဗေဒင်ပုထိုး (သို့မဟု[illegible] နေအိမ်ဘုရားစင်၌ ကပ်လှူ၊ ရှိခိုး[illegible] အနန္တငါးပါးနှင့် သတ္တဘာဂ (မွေး[illegible] နတ်)တို့အား တိုင်တည် ဆုတောင်း[illegible] နှလုံးသားရေးရာ (အထက်ဖော်ပြ[illegible] အခက်အခဲများ ပြေလည်သွားပါလို[illegible]

ကွမ်းသီးသည် **ကြောင်၊ ရှေ**[illegible] **ကြက်ချေး**ဟူ၍ သုံးမျိုးသုံးစား[illegible] ကြောင်ကွမ်းသီးမှာ အမှည့်လွန်[illegible] ကွမ်းသီးမှ အခွံကိုခွာပစ်၍ နေ့တစ်[illegible] လှန်းပြီးနောက် ကြွင်းကျန်သော အ[illegible] လွှာများကို ထပ်မံချွတ်သင်ထား[illegible] ကွမ်းသီးဖြစ်သည်။

အမှည့်လွန်၍ ဆံခြည်ထွေး[illegible] နီးပါး အခြေအနေဖြစ်ရာ ကွမ်း[illegible] မူလအရသာများ လျော့ပါး[illegible] လူကြိုက်မများပေ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အထားခံ၊ အသို လှောင်ခံသဖြင့် ရောင်းဝယ်သူ ကုန်သည်တို့ကား သဘောကျကြ၏။

**ရွှေးကွမ်းသီးမှာ** ရှမ်းပြင်းအသီးမှ ရွာယူထားသော ကွမ်းသီးဖြစ်သည်။ ပြောင်လက်ချောမွတ်နူးညံ့၍ ကွမ်းသီး၏ မူလအရသာနှင့် ပြည့်စုံသဖြင့် စားသုံးသူတို့ ကြိုက်နှစ်သက်ကြ၏။

**ကြက်ချေးကွမ်းသီးကား** အသီးနုများ ကောင်းစွာမရင့်မှည့်မီ (ရှမ်းပြင်း အခြေအနေမရောက်မီ) အသီးများ ခြောက်၍ ရှုံ့တွသွားသည့် ကွမ်းသီးဖြစ်သည်။

**[ဆေးကျမ်းအလိုအရ ကွမ်းသီး၌ တွေဝေမူးယစ်စေတတ်သော အာနိသင်ရှိရာ ကြက်ချေးကွမ်းသီး၌ အလွန်ကြွယ်ဝစွာ ပါဝင်၏။**

**ကြက်ချေးကွမ်းသီးကို ပဲကြီးလှော်ကဲ့သို့ လှော်ကာ ထုထောင်းချေစိမ်ခြင်းဖြင့် မူးယစ်ဆေးဝါးအတု (ဖင်ဆီဒိုင်းကဲ့သို့ ဆေးရည်သည် ချောင်းဆိုးပန်းနာရောဂါ ပျောက်ဆေးဖြစ်သော်လည်း အချို့က မူးယစ်ဆေးအဖြစ် သုံးစွဲကြ၏။**

**ယင်းတွင် ယင်းကွမ်းသီးစိမ်ရည်အားထည့်သွင်းရောနှောကြခြင်းဖြစ်သည်။) ပြုလုပ်ကြသည်ကို တွေ့မြင်ခဲ့ရဖူးသည်။]**

ကြက်ချေးကွမ်းသီးကို အိန္ဒိယနိုင်ငံ (တောင်ပိုင်း)နှင့် မလေးရှားနိုင်ငံတို့တွင် လူကြိုက်များကြသည်။ မြန်မာနိုင်ငံတွင်ကား ဈေးအနည်းဆုံးထားကြသည်။ ပြောင်၊ ရွှေးတို့ထက် အဖန်ဓာတ် ပိုများလေသည်။ တိုင်းရင်းဆေးဖုံများတွင် **ကွမ်းသီးကြက်ချေးကို** ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။

အထက်ပါ ပုဇော်မှု အစီအစဉ်တွင် **ပြောင်ကွမ်းသီးကို** အသုံးပြုခြင်းမှာ "**ပြောင်**"ဝိဟာရ၏ ပွင့်လင်းခြင်း၊ ထင်သာမြင်သာဖြစ်ခြင်း အနက်ကို ရည်ညွှန်းဆောင်ယူခြင်းဖြစ်သည်။

ကွမ်းပန်းဆိုသည့်အတိုင်း ပူဇော်ဖွယ် ပန်း(ကွမ်းယာ)အဖြစ် ကပ်လှူခြင်းဖြစ်၏။ မိမိ အမြတ်တနိုးထားအပ်သော ဘဝဖော်အဖြစ် ရည်မှတ်ကွမ်းထည့်(ကွမ်းထိ)ပူဇော်ခြင်းဖြစ်၏။

"**ကွမ်းယာ(၅)ယာ**ကား ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာဟူသော အနန္တငါးဖြာကို ရည်ညွှန်း၍"**ကွမ်းယာ(၇)ယာ**"မှာ **သတ္တဘာဂခေါ် ဖူးစာရေးနတ်**အား ရည်ညွှန်း၏။

သတ္တဘာဂသည် ဖူးစာရေးနတ် အမည်ဖြစ်သကဲ့သို့ **သတ္တ**=ခုနစ်၊ **ဘာဂ**=အဖို့အစုဟုလည်း အဓိပ္ပာယ်ရလေရာ ကွမ်းယာခုနစ်ယာ ပြင်ဆင်လှူဒါန်း၏။

ကွမ်းထည့်ခြင်းကို တမ္ဗူလဒါနဟုခေါ်၏။ **တမ္ဗူလ**=တဗလ၏ ပိဋကတ်သင်္ချာမှာ ၃၊၃၊၆ ဖြစ်၏။ ပေါင်းလျှင် (၁၂)ဖြစ်ရာ ကွမ်းယာ (၁၂)ယာ ပူဇော်၏။

**ပူဇော်ရန်အချိန်မှာ** နံနက် (၃)နာရီ (၃၆)မိနစ်ဖြစ်သည်။ ယင်းအချိန်သည် မြန်မာရှေးကာလ နာရီအနေဖြင့် သုံးချက်တီးချိန် ဖြစ်သည်။

မျှော်တော်ယောင်ပတ်ပျိုးတွင်...

"**သုံးချက်စည်ဆော်၊ ရိုက်ဆော်ကာသွင်းတယ်လေ၊လင်းပြန်ခုနော်**"

ဟု စပ်ဆိုကြ၏။ သုံးချက်တီးချိန်ကား ကြင်ဖော်ကို ရမ်းရော်မှန်းဆသည့် သင်္ကေတ ဖြစ်လေသည်။

"**ကြက်လျှာ**"ကား "**ကွမ်းယောင်**"ကို နံထပ်တူ၊ အမြတ်ပြုထား၏။

"**ကွမ်းလောင်း**" မဟုတ်ပါ။ "**ကွမ်းယောင်း**"သည် ကွမ်းရွက် အပိုထည့်စရာ တောင်း(သို့မဟုတ်) တလားပုံထည့်စရာကို ခေါ်တွင်ခြင်းဖြစ်သည်။

"**ကွမ်းယောင်**"ကား "**အထူးတလည် ပြင်ဆင်ထားသော ကွမ်းယာ**" ဖြစ်ကာ အထူးသဖြင့် ချစ်သူအမျိုးသားအတွက် ယာပေးသော ကွမ်းယာကို ညွှန်းလေ့ရှိ၏။)

ရှေးကာလက လုံမပျို ဗိုင်းငင်နေသော ညဉ့်ဦးအချိန်တွင် ရွာတွင်းရှိ လူပျိုကာလသားများက မိကောင်းဖသားပီသစွာ ဧည့်သည်အဖြစ် လာရောက်လည်ပတ်တတ်ကြသည်။

လုံမပျို၏ချစ်သူအဖြစ် ရည်မှန်းထားသူလည်း ပါဝင်လာတတ်သည်။

အိမ်ရှင်လုံမက ကွမ်းဆေးလက်ဖက် ဧည့်ခံ၏။ ပျော်ရွှင်စွာ ရယ်မောစားသောက် ဝိုင်းဖွဲ့ကြပြီးနောက် ညဉ့်နက်ချိန်တွင် အခြားကာလသားများ ထပြန်ကြ၏။

သတို့သားလောင်း တစ်ဦးတည်း ကျန်သောအခါ မေတ္တာသစ္စာအထိမ်းအမှတ် ကွမ်းထည့်ခြင်း အထိမ်းအမှတ်အဖြစ် (**အထူးတလည် ယာထားသောကွမ်းယာ**) "**ကွမ်းယောင်**"ကို သတို့သားလောင်းအား ပေး၏။

သတို့သားလောင်းသည် "**ကွမ်းယောင်**"ကို ပါးစောင်ခဲကာ ထွက်ခွာရင်း ထိုဇနီးလောင်းအား သေတပန် သက်တဆုံး ပေါင်းသင်းနေထိုင်တော့မည်ဟု ဆုံးဖြတ်လျက် ကျေနပ်စွာ ပြန်လာခဲ့လေသည်။

ထို့ကြောင့် "**ကြက်လျှာ**"သည် ချစ်မှုရေးရာအတွက် အရေးပါလှသော "**ကွမ်းယောင်**"ကို ထပ်တူပြုထားခြင်း ဖြစ်လေသည်။

**ထွေးမောင်**


www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြိုင် (ဥပဒေတွဲ့)လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ **ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်မှ ဆယ်တန်းအောင်ပြီးစ ကျောင်းသူတစ်ဦး** ဖြစ်ပါသည်။

သူမ၏ လက်ဖဝါးပြင်ကို သေချာလေ့လာ ကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ "B.Ed", "GTC", "စီးပွားရေး" ဘယ်လိုင်းကိုရွေးချယ်ပြီး တက္ကသိုလ်ပညာ ဆက်လက်သင်ယူ သင့်ပါသလဲ။

၂။ ပညာရေးမှာ ပါရဂူဘွဲ့မှီးအထိ ရရှိနိုင်ပါသလား။

၃။ ဘဝမှာ နာမည်ကောင်း၊ ဂုဏ်သတင်းကောင်းနဲ့ ထင်ရှားကျော်ကြား အောင်မြင်သူ ဖြစ်နိုင်ပါသလား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့် တကွ သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိ အဖြေများနှင့် တိုက်ဆိုင် ညှိနှိုင်းကြည့်စေချင်ပါသည်။

ပဟေဠိ အဖြေများကို စာမျက်နှာ(၁၈၄)တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# ဆီးကျောက်တည်ဝေဒနာရှင်များနှင့်

## အစွမ်းထက်လှသည့် ရှူးပျံဆေး

မိုးဇင်
(မြောက်ဥက္ကလာ)



အမျိုးသမီးများထက် အမျိုးသားများတွင် ဆီးကျောက်တည်ရောဂါ ပို၍ အဖြစ်များပါသည်။

ယခုဖော်ပြမည့် ဆေးနည်းလေးမှာ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးမပြတ်ခြင်း၊ ဆီးမသွားနိုင်ခြင်းစသည့် ရောဂါများအပြင် ဆီးကျောက်တည်သောဝေဒနာများပါ သက်သာပျောက်ကင်းပါသည်။

ယခုဆေးနည်းလေးသည် ချက်ချင်းလက်ငင်း ဖော်၍မရပါ။ ရိုးရိုးဆေးနည်းများနှင့်မတူ တစ်မူထူးပါသည်။ ခက်ခဲလှသည်ဟု အပြစ်တင်ခဲ့လျှင်လည်း အပြောခံရပါမည်။

ဆေးရခဲ့လျှင်လည်း လွန်စွာ အဖိုးထိုက်၍ ဆီးကျောက်တည် ဝေဒနာသည် (၂၀)ဦး အနည်းဆုံး ကုသပေးနိုင်၍ ဖြစ်ပါသည်။

ဆေးရှိသောနေရာမှာ တောထဲတောင်ထဲတွင်နေသော တိရစ္ဆာန် ရှူးပျံတစ်ကောင်အား ရရှိမှသာ ဆေးရပါမည်။ ရှူးပျံကို တချို့က ကြောင်ပျံဟုလည်း ခေါ်ပါသည်။

သူ၏ပုံစံမှာ ခြေနှင့် လက်အကြား ဝမ်းဗိုက်ဘေး ဘယ်ညာတွင် အရေပြားတွဲလျားကျနေ၏။ သူသည် သစ်ပင်များပေါ်တွင်သာ တစ်ပင်မှ တစ်ပင်ကူး၏။

ထိုသို့ ကူးသည့်အခါ ထိုအရေပြားအား ဖြန့်ကား၍ အတောင်ပံသဖွယ် လေဟုန်စီး၍ ကူး၏။ အပင်၏ အမြင့်ထိပ်သို့ တက်ပြေး၍ ထိုးပျံဝဲချလျက်တစ်ဖန် ထိုအပင်ထိပ်သို့ ပြေးတက် ဝဲပျံချသည့်ပုံစံဖြင့် သွားလာ၏။

အမြီးမှာ အဝါ,အညိုများ၍ ခန္ဓာကိုယ်သည် အနီရောင်၊ နက်ပြာရောင်အများဆုံး တွေ့ရ၏။ ယောနယ်မှ ထိုအကောင်အား **ရှူးပျံ**ဟုသာ ခေါ်ကြ၏။

ရှူးပျံအား မုဆိုးလုပ်သူများသာ အရများပါသည်။ ဆေးလိုသောသူများအနေဖြင့် မုဆိုးလုပ်သူအား မှာထားလျှင် အလွယ်တကူ ရနိုင်ပါသည်ဟု အကြံပြုပါသည်။

ဆေးဖော်တော့မည်ဆိုလျှင် **ဆန်စေ့များအား** ကြိုတင်ဆောင်ထားရပါမည်။ ရှူးပျံ ရလျှင်ရချင်း အလျှင်ဆုံးဗိုက်ခွဲ၍ သူ၏ ဆီးအိမ်အား အတွဲလိုက်ဖြုတ်ယူ၍ ဆီးထွက်သော ပြွန်ပေါက်အား ပိတ်ထားရပါမည်။

ထိုပြွန်ပေါက်မှ ဆန်စေ့များအားဆီးအိမ်ထဲသို့ တစ်စေ့ခြင်း၊ တစ်စေ့ခြင်း စိတ်ရှည်စွာ ထည့်ရပါမည်။

ဆန်စေ့များထည့်၍ ပြည့်သွားလျှင် လေလုံစွာ သိမ်း၍ တစ်ညသိပ်ထားပါ။ နောက်တစ်နေ့တွင် ဆေးသုံး၍ ရပါသည်။

သတိပေးလိုတာ ရှိပါသည်။ အကြောင်းမှာ **ရှူးပျံသည် ခွေးသံ၊ လူသံကြားလျှင်ပင် ကြောက်သေးအလိုလို ပန်းထွက်ပါသည်။** သူ့ကို ရလျှင်ရချင်း ချက်ချင်းလုပ်မှသာ ဆေးများများ ရပါသည်။

အချိန် အတော်အတန်ကြာမှ ဆေးဖော်လျှင် သူ့ထံမှ ဆီးမရတော့ပါ။

www.burmeseclassic.com

အကြောင်းမှာ ကြောက်သေး အလိုလို ပန်းထွက်သော အကောင်မျိုးဖြစ်၍ ဆီးကုန်သွားလျှင် ဆေးမရတော့ပါ။

ရှူးပျံ၏ ပုံမှန်အရွယ်သည် (၇၀) ကျပ်သားခန့်မှ (၁)ပိဿာအထိ ရှိတတ်ပြီး (၂)ပိဿာခန့် အကောင်ကြီးများလည်း ရတတ်ပါသည်။

**သာမန် ရှူးပျံအကောင်၏ ဆီးအိမ်ထဲသို့ ဆန်စေ့ပေါင်း (၅၀)ခန့် ထည့်နိုင်ပြီး ကြီးသောအကောင်များတွင် ဆန်စေ့ (၅၀)ကျော်အထိ ထည့်နိုင်ပါသည်။**

**ဆေးစားပုံမှာ...**

ဆီးကျောက်တည်သူဖြစ်လျှင် ပထမနေ့တွင် ဆန်တစ်စေ့ စားပါ။

ဒုတိယနေ့တွင် ဆန်တစ်စေ့အား ကျောက်ပျဉ်တွင် သွေး၍ ဆီးခုံအား လိမ်းပါ။ ဆီးသွားလျှင် ခွက်တစ်ခု ခံထား၍ တည်နေသော ကျောက်များ ကြေ၍ ထွက်ပါလိမ့်မည်။

ဆီးကျောက်တည် ဝေဒနာတစ်ဦးလျှင် ဆန် (၂)စေ့သာကုန်၍ ဤမျှအစွမ်းထက်ပါသည်။

ရှူးပျံ၏ ဆေးအစွမ်းထက်ပုံမှာ သူ ပန်းထားခဲ့သော ဆီးစက်သည် မြေပြင်ပေါ်ဖြစ်လျှင် (သို့မဟုတ်) ကျောက်တုံးကျောက်ခဲပေါ် ဖြစ်လျှင် တိကျစွာ အမှတ်အသားပြုလုပ်၍ တစ်ညတာ သိပ်ထားပါ။

**နောက်တစ်နေ့ ထိုနေရာအား သေချာစွာ ကြည့်ပါ။ မြေပြင်မှာဆိုလျှင် ပဲလုံးတစ်ထောက်ခန့်၊ ကျောက်တုံးပေါ်ဖြစ်လျှင် ပဲလုံးတစ်ထောက်ထက်ခန့်သည် ကြေမွ၍ ခွက်နေပါသည်။**

ဤနည်းဖြင့် ပျောက်ကင်းသော ဝေဒနာသည် အတော်များလှပါသည်။ ယုံကြည် စိတ်ချစွာ အသုံးပြုနိုင်ကြရန် အဖိုးတန် ဆေးနည်းတစ်ခု မပျောက်ပျက်ရန် တင်ပြပေးခြင်းဖြစ်ပါသည်။

**စိုးမင်း(မြောက်ဥက္ကလာ)**

**စာမျက်နှာ (၁၈၂)မှ အဆက်**


**လက္ခဏာပမာဏ အဖြေများ**

**၁။ တက္ကသိုလ်ပညာ ဆက်သင်ရန် အတွက် ''B.Ed'' လိုင်းကို ရွေးချယ်သင့်ပါသည်။**

ထိုလိုင်းမှာ ပညာရေးလိုင်းဖြစ်၍ ကျောင်းပြီးသည့်အခါ စာသင်ပြသော ဆရာမအလုပ်မျိုးလုပ်ကိုင်ရန် အဆင်ပြေသည်။

သူမ၏ လက္ခဏာမှာ လက်ညှိုး ထိပ်ဖျားက လက်သူကြွယ်ထိပ်ဖျား ထက် ပိုရှည်နေခြင်း **''က'' အက္ခရာနှင့်** လက်ညှိုးအောက် ကြာသပတေး ဂြိုဟ်ခုံရှိ ဉာဏ်လမ်းကြောင်းထိပ်မှာ လေးထောင့်ကွက်သင်္ကေတ ရှိခြင်း၊ **''ခ'' အက္ခရာတို့သည်** ဆရာလုပ်ငန်း လုပ်ကိုင် အကျိုးပေးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။


* * *




**၂။ ပညာရေးမှာ ပါရဂူဘွဲ့မျိုးအထိ ရရှိနိုင်ပါသည်။**

ဉာဏ်လမ်းကြောင်း အဆုံးတွင် **ကြိုက်ပုံသင်္ကေတ၊ ကြာဖူးပုံသင်္ကေတ များ** ရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ **''ဂ'' နှင့် ''ဃ'' အက္ခရာ။**

* * *





**၃။ ဘဝမှာ နာမည်ကောင်း၊ ဂုဏ်သတင်းကောင်းနှင့် ထင်ရှား ကျော်ကြား အောင်မြင်နိုင်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်...

လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနှင့် အကူလမ်းများရှိခြင်း၊ **''င'' အက္ခရာ** လက်မပထမနှင့် ဒုတိယအဆစ်ကြားမှာ ဆန်စေ့သင်္ကေတရှိခြင်း **''စ'' အက္ခရာ**တို့ကြောင့် ဖြစ်ပါသည်။

* * *




*(လက္ခဏာပညာသုတ တိုးပွားကြပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဓေဒွဲ)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com

ကျွန်ုပ်နှင့်

ဇော်ငြိမ်းမြတ် (စစ်ကိုင်းတောင်)

# ဆရာအရှင်မြတ်ကြီးများ (၂)



◆ မယ်ဒက်ဇာယ်ဆရာတော်ကြီး ဦးသံဝရ၏ ၁၉၉၅ ခုနှစ်က မိမိနေအိမ်တွင် သွမ်းဘော်လှုပြီး နောက်ဆုံးရိုက်ကူးထားသောပုံ

**ယခင်လမှ အဆက်**

### အဘအောင်မင်းခေါင်၏ လမ်းညွှန်ချက်

ပုပ္ပါးတွင် အဘနေအောင်မင်းခေါင်၏ ညွှန်ကြားဝါဒကို လက်ခံရရှိတော်မူလေ၏။ ထို့နောက် တောင်ကလာပ်တွင် အဓိဋ္ဌာန်တင်၍ အောင်ချမ်းသာရွာ မယ်ဒက်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိတော်မူလေသည်။

ညွှန်ကြားဝါဒအရ တောင်ငူမြို့နယ် ကျွန်းကုန်း၌ **"အောင်မင်းခေါင်ကြီးစေတီ"** တည်တော်မူပြီးနောက် မန္တလေးတောင် **မုဒိတိုက်နှစ္စလင်ကျောင်းတွင် နစ်ဝါဆိုတော်မူရလေ၏။**

သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်တွင် ရေတာရှည်မြို့နယ် ဦးကြီးဝှက် ဆန်တော်ဝင်းအတွင်း၌ လမ်းညွှန်ချက်ဖြင့် **"အောင်မင်းခေါင်ကြီးငြိမ်းချမ်းရေးစေတီ"** တည်ခဲ့လေသည်။

၁၃၁၃ ခုနှစ်၌ သုဓမ္မဝတီပေါစံခေါင် ဆရာတော်နှင့်အတူ မရန်းတောင် တော်တွင် **"အောင်မင်းခေါင်စေတီ"** တစ်ဆူ တည်ထားခဲ့လေ၏။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှ ၁၃၂၆ နှစ်အတွင်း တောင်ငူမြို့ အာသောကာရုံကျောင်း၌ ကျောင်းသားများအား ပထမတန်းမှ ဒသမတန်းအထိ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်ကို (၁၆)နှစ်ခန့်မျှ ကုသိုလ်ဖြစ် ပညာပါရမီဖြည့်ခဲ့လေသည်။

### မယ်ဒက်ဇာယ်ဆရာတော်ဟု အမည်ရရှိခြင်း


မော်လမြိုင်မြို့မှ သစ်ကုန်သည်ကြီး ဦးဘချစ်၊

တောင်တွင်းကြီးမြို့ သစ်တော ဝန်ထောက်ကြီး ဦးဘဖိုး၊

တောင်ငူမြို့မှ ဘိလပ်စာရေးကြီး

www.burmeseclassic.com





◆ မယ်ဒက်ကယ်ဆရာတော်ကြီး၏ ကျောင်းတော်အား အရှေ့ဘက်က

(အောင်ချမ်းသာဓာတ်ပုံရိုက်ကူးမှု)

◆ မယ်ဒက်ကယ်ကျောင်းဝင်းအတွင်းမှ

ထူးခြားသော်ပြား ထန်းတော

ဦးသာလှိုင်၊

မန္တလေးမြို့မှ စပါးပွဲစားကြီး ဦးကြွယ်နှင့်မိတ်သင်္ဂဟများသည် အလုပ်အကိုင်ကမဖြစ်၊ စီးပွားရေးကပျက် အစစအရာရာ အဆင်မပြေကြသောကြောင့် တရားအရာတွင် အထူးကျော်ကြားလှသည့် "ရေတာရှည် မယ်ဒက်ဆရာတော်ကြီး" ထံ ရောက်ရှိလာခဲ့ကြလေ၏။

မယ်ဒက်ဆရာတော်ကြီးထံ တရားအားထုတ်ကြရန် ရည်ရွယ်ရင်းဖြင့် အတူတကွ လာရောက်ခဲ့ကြခြင်း ဖြစ်လေသည်။

မူလရည်ရွယ်ချက်မှာ စိတ်ညစ်ညူးခြင်း၊ စီးပွားရေး မကောင်းခြင်းကြောင့် စိတ်ပြေလက်ပျောက် လာရောက်ကြခြင်းသာဖြစ်ကြောင်း ဆရာတော်ကြီးက သိသောကြောင့် တစ်ဦးချင်းစီအတွက် သင့်ရာ ဆုံးမဩဝါဒပေးတော်မူလေသည်။

ဆရာတော်ကြီး၏ ဆုံးမဩဝါဒအတိုင်း ခံယူဆောင်ရွက်ကြလေရာ မိမိတို့ အသီးသီး၏ လုပ်ငန်းဆောင်တာကိစ္စများ၊ လူမှုစီးပွားရေးကိစ္စများ အောင်မြင်ချမ်းသာကြလေ၏။

ထိုအချိန်ကာလမှ စတင်၍ မယ်ဒက်ဆရာတော်ကြီး ကယ်တင်စောင်မသောကြောင့်ဟု မယ်ဒက်ကယ်စေတီနှင့် မယ်ဒက်ကယ်ဆရာတော်ကြီးဟူ၍ အမည်တွင်လေတော့သည်။

## စစ်ကိုင်းတောင်တွင်

## သီတင်းသုံးခြင်း

သက္ကရာဇ် ၁၃၂၆ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်၍ ရက္ခန်းစင်တောင်နှင့် စစ်ကိုင်းတောင် လှည့်လည်လျက် ရှိနေခဲ့လေသည်။

ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ တောင်ဘက် ပုပ္ပါရုံရေကန်ကြီး၏ အထက်တွင် **"ဆုတောင်းပြည့် အောင်မင်းခေါင်စေတီ"** တည်ခဲ့လေ၏။

၁၃၂၇ ခုနှစ်၊ တပို့တွဲလမှ စ၍ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်ကြီး ပြုပြင်စောင့်ရှောက်ရေး သံဃဂေါပကအဖွဲ့တွင် မီးစက်တာဝန်ယူပြီး သာသနာ့အလင်းရောင် ဆောင်တော်မူလေသည်။

ဓနုဖြူချောင်ရှိ **"အောင်မင်းခေါင် ဓာတ်နန်း"**တွင် သီတင်းသုံးနေလေ၏။

## အဘအောင်မင်းခေါင်

## ကြွရောက်လာခြင်း

သက္ကရာဇ် ၁၃၂၇ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက် တနင်္ဂနွေနေ့ညတွင် ဆရာတော်ကြီးလေးပါးတို့သည် ဓမ္မကျော်စေတီတော် ထီးတော်အတွင်း ဆွေးနွေးတိုင်ပင်နေကြလေ၏။

၁။ မယ်ဒက်ကယ်ဆရာတော်ကြီး ဦးသံဝရ
၂။ ဓနုဖြူဆရာတော်ကြီး ဦးစန္ဒိမာ၊
၃။ ဓနုဖြူမြောက်ကျောင်းဆရာတော် ဦးသုမိ
၄။ လှည်းကူးဆရာတော် ဦးအာစရတို့ ဖြစ်
လေသည်။

ထိုအချိန်မှာပင် အဘအောင်မင်းခေါင် ကြွရောက်လာလေ၏။ မယ်ဒက်

www.burmeseclassic.com



◆ မယ်ဒက်ကယ်ကျောင်းတော်၏ အတက်လှေကားနှစ်ခုသွယ်
(လက်ယာဘက်မှ လှေကားမှာ သံဃာနှင့် အားများတက်ရန်နှင့်
ဝဲဘက်မှလှေကားမှာ အားမရှာသော တက်ရန်ပါသည်)

ကယ်ဆရာတော်ကြီး ဦးသံဝရအား နာမ်ကိန်းတော်မူ၍ ဓာတ်စမများ ချီးမြှင့်တော်မူပါသည်။

- ◆ ခနွပြုဆရာတော်ကြီး ဦးစန္ဒိမာအား ယောတ်စမ၊
- ◆ လှည်းကူးဆရာတော်ကြီး ဦးအာစရအား ရေဓာတ်စမ၊
- ◆ ဦးသုရိယအား နေဓာတ်စမများ အပ်နှင်း၍ သာသနာ့တာဝန်များ ပေးအပ်လေ၏။

မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရအား အဘအောင်မင်းခေါင် ကိုယ်တိုင် လေဓာတ်စမ လက်ဝါးအပ်၍ ပြန်ကြွတော်မူပါသည်။

## မယ်ဒက်ကယ်ကျောင်းသို့ ကျောင်းထိုင်ရခြင်း

ဆွမ်းဦးပုညရှင်စေတီတွင် စောင့်ရှောက်ရေးကိစ္စများ ဆောင်ရွက်နေစဉ် မှာပင် ဆရာတော်ကြီးသည် ရှုရင်ကျော် စေတီအား ရွှေထီးတော် တင်လှူခြင်း၊ စောင်းတန်း အုတ်လှေကားများ အသစ်ပြုပြင်ခြင်း၊ ဗောဓိပင်များစိုက်ပျိုးခြင်းတို့ကို ပြုလုပ်တော်မူပါသည်။

ခနွပြုကျောင်း အောင်မင်းခေါင် ဓာတ်နန်းမှာ သီတင်းသုံးနေစဉ် ၁၃၃၂ ခုနှစ်ရောက်သောအခါ အောင်ချမ်းသာ ရွာမှ တပည့်ဒကာများ ရောက်ရှိလာကြလေ၏။

ဆရာတော်ကြီးအား မယ်ဒက်ကယ်ကျောင်းတွင် ပြန်လည်ကြွရောက် သီတင်းသုံးပါရန် တောင်းပန်လျှောက်ထားကြသောကြောင့် ရေဘော ရှည်မြို့သို့ ကြွရောက်ရလေ၏။ မယ်ဒက်ကယ် ကျောင်းတော်တွင် ပျံလွန်တော်မူသည့်အထိ သီတင်းသုံးတော်မူပါသည်။

မယ်ဒက်ကယ်စေတီတော် ဂေါပကအဖွဲ့တွင် ဩဝါဒါစရိယဆရာတော်ကြီး အဖြစ် သာသနာကိစ္စများကို မရပ်မနား ဆောင်ရွက်တော်မူလေ၏။

၁။ မယ်ဒက်ကယ်စေတီတော်ကြီးကို အသစ်မွမ်းမံပြုပြင်တည်ထားခြင်း။
၂။ ပြည်လုံးချမ်းသာစေတီအား ပြုပြင်ခြင်း။ ရွှေထီးအသစ်တင်လှူခြင်း။
၃။ မယ်ဒက်ဓမ္မာသိမ်တော်ကြီး အသစ်တည်ဆောက်ခြင်း။
၄။ မယ်ဒက်ကယ်စေတီ ပတ်လည်တံတိုင်းများ ဆောက်လုပ်ခြင်း။
၅။ မယ်ဒက်ကယ်ရေကန်တော်နှင့် ရှင်ဥပဂုတ္တ မထေရ်အဆောင် ဆောက်လုပ်ခြင်း။
၆။ ဂန္ဓကုဋိအသားကျောင်းကို အုတ်တိုက် အသစ်ပြုလုပ်ခြင်း။
၇။ ဗောဓိညောင်ပင်များ စိုက်ပျိုးခြင်း။
၈။ ဗောဓိရွှေညောင်စေတီငယ်များ တည်ထားခြင်း။
၉။ သုရဿတီမယ်တော်ကြီး အဆောင် အသစ် တည်ဆောက်ခြင်း။
၁၀။ ပုပ္ပါးမြို့ အရှေ့ဘက် ဦးတင့်တယ်နတ်ကွန်း အနီးတွင် "အောင်ချမ်းသာစေတီ"တစ်ဆူ၊
၁၁။ ပုပ္ပါးမြို့ မပြတ်လှနတ်ကွန်းအနီးတွင် "အောင်တော်မူစေတီ"တစ်ဆူ၊
၁၂။ ပုပ္ပါးမြို့ ရေနံကြီးရွာတောင်ဘက် တောင်ထိပ်တွင် "အောင်မင်းခေါင်စေတီ"တစ်ဆူနှင့် ဗောဓိညောင်ပင်တစ်ပင် စိုက်တော်မူပါသည်။
၁၃။ မယ်ဒက်ကယ်စေတီတော်ကြီး၏ နယ်နိမိတ်တွင် ဗောဓိပင်များ စိုက်ပျိုးတော်မူရာ ဗောဓိပင်များအားလုံး ရှင်သန်ကြလေသည်။
၁၄။ စစ်ကိုင်းတောင် ပတ္တမြားစေတီတွင် စိုက်ပျိုး ရှင်သန်လျက် ရှိလေ၏။

## ဆရာတော်ကြီး၏ နေ့စဉ်အကျင့်စရိတ္တများ

၁။ နေ့စဉ်နံနက်(၅)နာရီတွင် မယ်ဒက်ကယ်စေတီတော်ကြီး၏ (၂၅)ဌာနများတွင် အာရုံဆွမ်း, ပန်း, ရေချမ်းများ ကပ်လှူခြင်း၊
၂။ နေ့စဉ်နံနက်(၆)နာရီတွင် မဟာဗောဓိပင်များကို ညောင်ရေလောင်း မေတ္တာပို့ခြင်း၊
၃။ နံနက်(၇)နာရီမှ နေ့လယ်(၁၀) နာရီအထိ တရားအားထုတ်ခြင်း၊
၄။ ည(၇)နာရီတွင် ကျောင်းရှိသံဃာ ကုန်ဆင့်ခေါ်၍ မယ်ဒက်ကယ်စေတီ



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်၌ ဝေနေယျသတ္တဝါတို့အား မေတ္တာပို့ကြလေ၏။

၅။ လစဉ် မြန်မာလဆန်း(၁)ရက်မှ လဆန်း(၇)ရက်အထိ ဆွမ်းဖြူကို ဆားနှင့်သာ ဘုဉ်းပေးတော်မူရာ ခုနစ်နှစ်ကြာသည့်တိုင် ဖြစ်လေ၏။

၆။ သတ္တဝါများကို သနားငဲ့ညှာသောအားဖြင့် ပါဏာပေတံ အသက်ထက်ဆုံး အသက်သတ်လွတ် ဘုဉ်းပေးတော်မူလေသည်။

## မယ်ဒက်ကယ်ဆရာတော်ကြီးက အာရုံပြုဖြေခါ်တော်မူခြင်း

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ကျွန်ုပ်မှာ ဂေါပကအဖွဲ့အတွင်းရေးမှူးနှင့် အမြင်ခြင်း မတူသောကြောင့် ဖိအားပေးခြင်းကို အကြိမ်များစွာ တွေ့ကြုံခံစားနေရလေ၏။

ထို့ကြောင့် တာဝန်မှ အနားယူရန် စိုင်းပြင်းနေပါသည်။ သို့အတွက် ငွေစာရင်းများ ရှင်းလင်းရန်အတွက် မြို့နယ်စာရင်းစစ်အဖွဲ့ ခေါ်ယူရန် တင်ပြတောင်းခံလိုက်လေ၏။ သို့ရာတွင် အတွင်းရေးမှူးမှ သဘောမတူသည့်အတွက် ခွင့်(၇)ရက် တင်လိုက်လေ၏။

ထိုနေ့မှာပင် ကျွန်ုပ်သည် အိမ်တွင်လည်း မနေလိုသောကြောင့် ပုပ္ပါးမြို့ ဆည်ပေါက်ရွာတွင် သီတင်းသုံးနေသော ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိထံ သွားရောက်ရန် ထွက်လာခဲ့လေ၏။

မန္တလေးမြို့ ကွဲဆည်ကန် အဝေးပြေးကားဝင်းရောက်သောအခါ စကားဝါမန်းကား၊ 'ပုပ္ပါးမန်းကားများမှာ နေ့လယ်(၂း၃၀)နာရီ အချိန်ခန့်ဖြစ်သောကြောင့် ကားများ မရှိတော့ပါ။ သို့အတွက် မဟာမြတ်မုနိသို့ သွားရောက်၍ ပုတီးစိပ်နေလေ၏။



◆ ၁၉၉၅ ခုနှစ်က ကျွန်ုပ်၏အိမ်တွင် ဆွမ်းစားနေပုံ

◆ ဂူတိသေကာအနေကာဇာတာဝါပြီး ဆွမ်းအလှူခံတော်မူပုံ ဆရာတော်ကြီး၏ နောက်ဆုံးပုံဖြစ်ပါသည်



ပုတီးစိပ်ခြင်း၌ (၄၅)မိနစ်ခန့် ကြာသောအခါ ကျွန်ုပ်၏ နား,နားကပ်၍ စကားပြောသံ ကြားလိုက်ရလေ၏။ မိမိအား ပြောဆိုသော စကားမဟုတ်ဟု ထင်မိသောကြောင့် ပုတီးမှာပင် စိတ်စိုက် အားထုတ်နေလေ၏။

'ဟဲ့ကောင်... တောင်လုပ် မြောက်လုပ် လုပ်မနေနဲ့ ငါ့ဆီလာခဲ့'

ဟု ပီပီသသကြီးပြောသံကို ကြားလိုက်ရလေသည်။ ထိုအခါမှ မယ်ဒက်ကယ်ဆရာတော်ကြီးအသံ ဖြစ်ကြောင်း သိလိုက်ရသောကြောင့် တပည့်ကလေး မောင်မောင်ထံ[illegible] သွားရောက်ရလေတော့သည်။

ထိုအချိန်က မယ်ဒက်ကယ်ဆ[illegible] တော်ကြီး ဦးသံဝရမှာ ကျန်းမာ[illegible] ချို့ယွင်းနေလေရာ ရောဂါမှာ ကင်[illegible] ဟု နောက်မှ သိရပါသည်။

တပည့်မောင်မောင်ထံ ရော[illegible] သောအခါ အကျိုးအကြောင်း ပြော[illegible] လိုက်လျှင်ပင် ချက်ချင်းသွား[illegible] ရန် စီစဉ်၍ ကျွန်ုပ်တို့ ဆရာတ[illegible] ကျောင်းသို့ ထွက်ခဲ့ကြလေတော့[illegible]

ဆရာတော်ကြီးမှာ ကျန်းမာ[illegible]




www.burmeseclassic.com

www.burmeseclassic.com



▲ မယ်ဒက်ကယ်ဆရာတော်ကြီး၏ ကျောင်းပရိဝုဏ်မှ တောကြိုင်တောကြီးအား အချိန်နေရာမှ မြင်တွေ့ရပုံ

▼ သွားလေရာ မြေလိုက်လာလေ့ရှိသော မယ်ဒက်ကယ်တွင်းစားကျောင်းမှ ဖားကြက်ကျွန်းနှင့် ပုတ်သင်ကလေး



ကောင်းသော်လည်း တကယ့်လူကောင်းတစ်ဦးကဲ့သို့ သွားလာလှုပ်ရှားနေသောကြောင့် ကျွန်ုပ်တို့မှာ အထူးစိုးရိမ်မှု မရှိကြပါ။

ဆရာတော်ကြီးက တွေ့လျှင်တွေ့ချင်းမှာပင် ကျွန်ုပ်အား စမရိုက်၍ ချီးမြှင့်ပါသည်။ ကျွန်ုပ်က ဆရာတော်ကြီး၏ **"အပိန့်ပါသောအသီ"** အကြောင်း မေးမြန်းလိုသော်လည်း မေးမြန်းခွင့် မရပါ။

ရောက်သည့် အချိန်မှ စတင်၍ မယ်ဒက်ကယ်စေတီတော် စနေထောင့်အရပ်တွင် **"ဝေဒါသာကု" ဂါထာတော်** နှုတ်တိုက်ချပေးပြီး အကြိမ်တစ်ထောင် ရွတ်ဆိုပူဇော်ခိုင်းလေ၏။ ဝေဒါသာကုဂါထာဖြင့် ည (၉း၀၀)နာရီမှ စတင်ရွတ်ပွား ပုတီးစိပ်ခြင်း ဖြစ်ပါသည်။

နံနက် အရုဏ်တက်အချိန်တွင် မယ်ဒက်ကယ်စေတီတော် တနင်္ဂနွေထောင့်အရပ်မှ စတင်၍ အရပ်ထောင့်တစ်ထောင့်လျှင် ကြီးလေးကြိမ်ဂါထာ (၂၇)ခေါက် ရွတ်ဖတ်ပူဇော်၍ မေတ္တာပို့ရပါလေ၏။

မယ်ဒက်ကယ် ကျောင်းတော်တွင် ရောက်ရှိသည့်နေ့မှ စတင်၍ ဆရာတော်ကြီးအား ဝေယျာဝစ္စပြုလုပ်ခြင်း၊ စေတီဝမှန်းဥကိုသွေး၍ လိမ်းပေးရခြင်း၊ ခြေဆုပ်လက်နယ်ပြုပေးရပြီး မေတ္တာပို့ခြင်း၊ ညောင်ရေလောင်းခြင်းများကို (၃)ရက် (၃)ညတိုင်အောင် ရွက်ဆောင်ပြီးနောက် ခွင့်ရက်စေ့အမီ ပြန်ခဲ့ရလေ၏။

ပြန်ခါနီးတွင် ဆရာတော်ကြီးက ကျွန်ုပ်၏ နဖူးအား ထပ်မံ၍ စမရိုက်ပေးပြန်ပါလေ၏။ ယခုအချိန် စမရိုက်ပေးခြင်းမှာ ဆရာတော်ကြီး၏ နောက်ဆုံးလက်ဆောင်သာလျှင်ဖြစ်ပါတော့သည်။

မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရမှာ ကျွန်ုပ် စစ်ကိုင်းမြို့သို့ ပြန်လည်ရောက်ရှိပြီး တစ်လခွဲခန့်အတွင်း (၁၀-၂-၂၀၀၀)ပြည့်နှစ် **သက်တော်(၈၅)နှစ်၊ ဝါတော်(၅၅) အရ**တွင် ထွက်ရပ်ပြုတော်မူပါသည်။

ပျံလွန်တော်မူသောအခါ ပုပ်ရိခြင်း မရှိ၊ ရုပ်ဆင်းရူပကာ ပျက်စီးသွားခြင်း မရှိဘဲ ကျိန်းစက် တရားမှတ်နေသကဲ့သို့ ဖူးမြင်ကြရပါသည်။

ဆရာတော်ကြီး၏ ဆန္ဒတော်အတိုင်း အုတ်ဂူဖြင့် တည်ထားပူဇော်ထားရပါသည်။

## မယ်ဒက်ကယ်ဆရာတော်ကြီး စုဆောင်းရရှိသော ဓာတ်တော်များ

မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရသည် အဘအောင်မင်းခေါင်၏ အမည်နာမတော်များဖြင့် စေတီတော်ပေါင်း ခုနစ်ဆူ တည်ထားတော်မူပါသည်။ စေတီတော်များနှင့် ဗောဓိပင်များကိုလည်း အတူစိုက်ပျိုးပူဇော်လေ့ ရှိပါသည်။

စေတီတော်များအတွက် ဓာတ်တော်များကို ဂန္ဓာရီခရီးသဖွယ် လှည့်လည်၍ ကိုယ်တိုင်သွားရောက် ပင့်ဆောင်ရခြင်း ဖြစ်လေသည်။

၁။ ချင်းတွင်းမြစ်အနီး ဖျာသောကစေတီပျက်မှ ပုလဲအဆင်းဓာတ်တော်(၁၁)ဆူ

၂။ မွန္တလေးတောင်မှ ရွှေအဆင်းဓာတ်တော်(၂၂)ဆူ

၃။ ကောလာသတောင်မှ ရွှေအဆင်းဓာတ်



www.burmeseclassic.com

www.burmeseclassic.com

တော်(၁၁)ဆူ

၄။ အထက်တကောင်းမြို့မှ မြတ်လေးရုံ အဆင်းဓာတ်တော် (၅၀၀၀)အဆူ၊

၅။ ကလျာဏီသိမ်တော်မှ မြတ်လေးဆုံအဆင်း ဓာတ်တော် (၁၁)ဆူ၊

၆။ အမရပူရမြို့ ပုထိုးတော်ကြီးမှ မြတ်လေးငုံ အဆင်းဓာတ်တော် (၁၁)ဆူ

၇။ ရွှေဘိုမင်း အဆက်အနွယ်များမှ ဇောင်း ကလေးစေတီမှ ဓာတ်တော်အဆူ(၅၀၀)၊

၈။ ပြည်မြို့ နန်းတော်ဦးမှ ပုလဲအဆင်းဓာတ် တော် (၁၇)ဆူ၊

၉။ စစ်ကိုင်းတောင်မှ ပုလဲအဆင်းဓာတ်တော် အဆူ(၅၅၀)၊

၁၀။ စစ်ကိုင်း ရွှေမြင်မိုတောင်မှ ပုလဲအဆင်း ဓာတ်တော် (၁၁)ဆူ၊

၁၁။ ကျိုက်ထီးရိုးနတ်တောင်မှ မြတ်လေးငုံ အဆင်းဓာတ်တော် အဆူ(၃၀)၊

၁၂။ စစ်ကိုင်း ရွှေမြင်တင်တောင်မှ ရဟန္တာဓာတ် တော် အဆူ(၅၅၀၀)

စုစုပေါင်း ဓာတ်တော် **(၁၁၇၅၄)ဆူ** တို့ကို မယ်ဒက်ကယ်စေတီတော်၌ ဓာတ်တော်အဆူ(၅၀၀၀)ကျော်၊ မယ်ဒက်ကယ် အောင်တော်မူစေတီ၌ ဓာတ်တော်(၁၀၀၈)ဆူနှင့် အခြားသော စေတီတော်များတွင် ထည့်သွင်းဌာပနာ ထားပါသည်ဟု မှတ်တမ်းတင်ထားခဲ့လေ၏။

စေတီတော်များ တည်ထားရာတွင် မဇ္ဈိမဒေသ သဗ္ဗဥာနမှ အောင်မြေ များနှင့်အတူ မဟာဗောဓိပင်မှ ဗောဓိ သီးများ ရယူစိုက်ပျိုးပူဇော်ခဲ့လေ သည်။

မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရမှာ **"တတိယမြောက် မယ်ဒက်ကယ်ဆရာတော်"** အဖြစ် ခံယူတော်မူ၍ အဘအောင်မင်းခေါင် နှင့် သက်ရှိထင်ရှား တွေ့ဆုံလမ်းညွှန် ခြင်း ခံယူရရှိတော်မူပါသည်။

စစ်ကိုင်းတောင်ရိုး ဓနုဖြူချောင် "အောင်မင်းခေါင်ဓာတ်နန်း" တွင် အဘကိုယ်တော်တိုင် **သဓာတ်၊ ဓနုဓာတ်၊ ရေဓာတ်၊ လေဓာတ် စသ** များ ချီးမြှင့်ခြင်း ခံယူတော်မူခဲ့ကြသော ဓနုဖြူကျောင်းဆရာတော် ဦးစန္ဒိမာ သည် အစောဆုံး ထွက်ရပ်ပြုပြီး ဖြစ် လေသည်။

**ဓနုဖြူဆရာတော်ကြီး ဦးစန္ဒိမာ၏ မပုပ်မသိုးသော ရုပ်ခန္ဓာတော်ကို ယနေ့တိုင် ဓနုဖြူကျောင်းအတွင်း ဖူးမြော်နိုင်ကြလေသည်။**

လှည်းကူးကျောင်း ဆရာတော်ကြီး ဦးအာစရ၏ ရုပ်ကလာပ်တော်ကို ဆရာတော်၏ ဆန္ဒအတိုင်း ကျောင်း ဝင်းအတွင်း အုတ်ဂူအဆောင်ဖြင့် ဖူးတွေ့နိုင်ပါသည်။

ဆရာတော် ဦးသူရိယမှာ အင်ပူ မြို့နယ် မထင်ရှားသော ကျေးရွာ တစ်ရွာတွင် တရားအားထုတ်လျက်ရှိ ကြောင်း မယ်ဒက်ကယ်ဆရာတော် ကြီးမှ မိန့်ကြားခဲ့ပါသည်။

မယ်ဒက်ကယ် ဆရာတော်ကြီး၏ မပုပ်မသိုးသော ရုပ်ခန္ဓာကို မယ်ဒက် ကယ်ကျောင်းတော်တွင် အုတ်လိုဏ်ဂူ ဖြင့် ဖူးမြော်နိုင်ကြလေသည်။

မယ်ဒက်ကယ် ဆရာတော်ကြီး ပေါက်မြောက်သွားသည်မှာ ယနေ့ဆို လျှင် (၁၆)နှစ်မျှ ရှိနေလေပြီ။ ကျွန်ုပ် နှင့် တပည့်မောင်မောင်အား စခန်း တစ်နေရာမှ ယနေ့တိုင်အောင် လမ်း ညွှန်လျက် ရှိနေဆဲဟုသာ...။

***အဝေရာဘေးမဲ့ အေးမြချမ်းသာကြ ပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

စာ မူ ပို့ လို က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-ဧပြီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်
ဖုန်း-၀၁ ၂၄၂၀၇၄၊



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဩစရာ သည့်ဂါထာ



နန္ဒကျော် (လ/သ)

ညနေက ကိုရီးယားဇာတ်လမ်းတွဲကို စိတ်ဝင်စားမိသောကြောင့် တောင်တင် အိပ်ရာက နောက်ကျ၍ ကမန်းကတန်း ဈေးသို့ ပြေးခဲ့ရသည်။ ရွာဈေးက နံနက်ရှစ်နာရီဆိုရင် ဈေးကွဲသည်။ ခြောက်နာရီခွဲ ခုနစ်နာရီလောက် ဈေးသို့ရောက်မှ လိုအပ်သည့် ပစ္စည်းဝယ်လို့ရသည်။

ဈေးဝယ်ပြီးမှ အိမ်မှာကျန်ခဲ့သော သားကို သတိရသည်။ သူ့အဖေရှိတာပဲဟု စိတ်ကို လျှော့ကာ မုန့်ဟင်းခါးဆိုင်မှာ ဝင်ထိုင်ပြီး စကားကောင်းနေသောကြောင့် ဈေးရောင်းသူများ အိမ်ပြန်နေကြသည်ကို မြင်မှ ရှစ်နာရီထိုးပြီဟု သတိရကာ အိမ်သို့ သုတ်သုတ်လာခဲ့သည်။

အိမ်ရောက်သော် ကလေးကို တွေ့ရ၍ အိပ်နေသေးသည်ဟု ထင်ကာ ခြင်ထောင်ကို လှန်ကြည့်သော်လည်း မတွေ့ရ။ မတင်တင် ပျာယာခတ်သွားသည်။ ကလေးအဘိုး ဦးထွန်းညိမ်းဆီ သွားရောက်မေးသည်။

'ဦးကြီး သားလေးရောက်လားဟင်'

'မရောက်ပါလား။ နင်က ကလေးထားပြီး ဘယ်သွားနေလို့လဲ'

'ကျွန်မ ဈေးသွားတာ ကလေးအိပ်နေသေးလို့ အိပ်ပါစေဆိုပြီး ထားခဲ့တာလေ'

'ကလေးနိုးပြီး ငိုအပ်ခဲ့ပါလား။ အနီးအနားရှာကြည့်ဦး'

'အနီးအနားမှာ မတွေ့လို့ ဦးကြီးလာမေးတာလေ'

'နင်တော့ ခွကျပြီပဲ၊ ကလေးတစ်ခုခုဖြစ်ရင် နင်တော့ မလွယ်ဘူး'

ဟုတ်ပါသည်။ သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း သည်မြေးကလေးကို ဦးထွန်းညိမ်း ချစ်ရသည်မှာ မောင်ချစ်ဉဟု နာမည်ကို ပင်မခေါ်ဘဲ အသဲလေးဟု တင်စားခေါ်နေသည်။

ဦးထွန်းညိမ်းမှာ ချွေးမအပူကို ကိုယ့်အပူယူကာ မြေးကလေးအပေါင်းအသင်းများနှင့် သွားတက် လာတတ်သည့်နေရာများသို့ လိုက်ရှာနေသည်။ ကံကောင်းထောက်မ၍ အရှေ့ပိုင်းမှ ကိုမြမောင်ဆီမှ သတင်းရသည်။ သူ့အဖေနှင့် လယ်ပြင်သို့ မြက်ရိတ်ဖို့ လိုက်သွားသည်ဟု သတင်းရမှ ဦးထွန်းညိမ်း စိတ်အေးသွားသည်။

ဖြစ်နိုင်သည်က အသဲလေးသည် စပါးဖူးကို အလွန်ကြိုက်သည်။ သူ့အဖေ လယ်ပြင်သို့ နွားစာမြက်ရိတ်ဖို့သွားတိုင်း စပါးဖူးမှာသည်။

စပါးဖူးသည် စပါးနှံအဖြစ် စပါးပင်မှ အပြင်သို့ မထွက်မီ စပါးပင်မှ ခွဲထုတ်ယူရသည်။ စား၍ ချိုဆိမ့်သည့် အရသာကို အသဲလေး အလွန်ကြိုက်သည်။ သို့နှင့် သူ့အဖေနှင့် လိုက်သွားသည်မှာ ဖြစ်နိုင်သည်။

မတင်တင်သည် သူ့ယောက္ခမဆီမှ တစ်ဆင့်ကြားရသောကြောင့် စိတ်လက် ပေါ့ပါးသွားပြီး ထမင်းဟင်းချက်ပြီးသည်နှင့် သားတော်မောင်ကို မျှော်နေသည်။

ကိုးနာရီခွဲလောက်မှ ကလေးတို့သားအဖ အဖေက ရှေ့က မြက်ထမ်းနှင့် သားတော်မောင်က နောက်က



www.burmeseclassic.com

www.burmeseclassic.com

စပါးဖူးတစ်ဆုပ်ကိုင်ပြီး ငိုလျက်လာနေသည်ကို မြင်ရသည့် မတင်တင် ရင်ဖိုသွားပြီး...

'ကိုစိုး... သားကလေး ဘာဖြစ်လာတာလဲဟင်၊ ငိုလို့ပါလား'

မတင်တင် သူ့ယောက်ျားကို မေးရင်း ကလေးရင်ဘတ်မှာ သွေးစကလေးတွေကိုမြင်၍...

'ဟောတော့... ကလေးရင်ဘတ်မှာလဲ သွေးတွေနဲ့၊ လက်သန်းမှာလဲ ပတ်တီးကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲ ကိုစိုးရယ်၊ ပြောပါဦး ဦးကြီးမြင်ရင် ဒုက္ခပါပဲ'

မတင်တင်သည် ကလေးကို ပွေ့ချီပြီး ဖိနပ်ချွတ်ချလိုက်သည်နှင့် ကလေးသည် အမေနှင့် တွေ့မှ ဝမ်းနည်းသွားဟန်တူသည် အော်၍ငိုတော့သည်။

'ကလေး... ဘယ်လိုဖြစ်တာလဲ ပြောပါဦး။ ကလေးကိုများ လယ်ပြင် မြက်ရိတ်ရာ ခေါ်သွားရတယ်လို့ သားလေးမငိုနဲ့တော့ တိတ်တော့နော် အမေရှိတာပဲ'

ကိုစိုးသည် စိတ်တိုလာဟန်တူသည်။

'အမယ်... ငပြူးကများ ငပြကို အပြစ်တင်ရတယ်လို့ နင်က ကလေးကို ခြင်ထောင်ထဲမှာ တစ်ယောက်တည်း ဘာလို့ထားခဲ့တာလဲ၊ ခြင်ထောင်ထဲမှာ ငိုနေလို့ လယ်ပြင်လိုက်မယ်ပြောပြီး ချော့ခေါ်သွားတာ၊ မျောက်လောင်းက တံစဉ်နဲ့ မြက်ရိတ်တာ လက်သန်းပြတ်သွားလို့ ငိုတာ'

'အမေလေးတော်... ဦးကြီးရယ် လာပါဦး သားလေးမှာ လက်သန်းပြတ်သွားလို့တဲ့'

ချွေးမ အော်သံကြားသောကြောင့် ဦးထွန်းညိမ်းအိမ်ပေါ်က အသော့ကလေးပြေးလာပြီး သူ့အသဲလေးကို ချီကာ သူ့သားမောင်စိုးကို...

'လာ...အသဲလေး ဖေကြီးဆီကို လာ။ ဟဲ့ကောင်ငစိုး...ကလေး ဘယ်လိုဖြစ်လာတာလဲ ပြောစမ်း၊ အိပ်ရာထ ကလေးနိုးရင် ငါ့ဆီ ပို့ထားခဲ့ပါလား၊ ခုတော့ လယ်ပြင်မှာ မြက်ရိတ်ဖို့ ခေါ်သွားရတယ်လို့ အသဲလေး ဖြစ်လာပြီး ဟုတ်လား အသုံးမကျတဲ့ကောင် ငါ လုပ်လိုက်ရနော်'

ကိုစိုးသည် ရယ်ပြီး...

'ဘာမှ မဖြစ်ပါဘူး အဖေရာ'

'ဘာ...ဘာမှ မဖြစ်ဘူးတဲ့လား၊ အင်္ကျီတွေမှာ သွေးတွေပေလို့ မတင်တင် ဆေးခန်းသွားရအောင် ကလေးချီစမ်း'

'အဟုတ်ပြောတာပါ အဖေရာ... အရေပြားကလေး ရှမိတာပါ။ ဒီလို အဖေရဲ့... သူက စပါးဖူး ခူးပေးပါပြောလို့ ကျွန်တော် စပါးဖူးသွားခူးနေတုန်း တံစဉ်ကို ယူပြီး မြက်ရိတ်တာလေ လက်သန်းကလေး တံစဉ်ရှသွားတာပေါ့။

သွေးတွေထွက်လို့ ငိုတော့မှ ကျွန်တော် လာပြီး ကြည့်တော့ သွေးတွေကို ဟိုသုတ်သည်သုတ်နဲ့ အင်္ကျီပါ ပေရော အများကြီးထင်လို့ ကျွန်တော်လဲ စိုးရိမ်သွားတာပေါ့။

ကျွန်တော့်ပုဆိုးနား ဖြဲပြီး သုတ်ကြည့်တော့မှ အရေပြားကလေး ရှသွားတာ တွေ့ရတယ်။ ဗန္ဒုလသွေးပါတဲ့ အဖေ့မြေးက သွေးကြည့်ပြီး ငိုနေတာပေါ့။ သွေးကလဲ မတိတ်တော့ ကျွန်တော် စိုးရိမ်သွားတာပေါ့။

ဒါနဲ့ သတိရတာနဲ့ ဘကြီးဘုန်းကြီးပေးတဲ့ သွေးတိတ်မန်းဂါထာကို ကျွန်တော် ကလေးလက်သန်းကလေးကို ခုနစ်ခေါက် မန်းလိုက်တော့ အံ့သြစရာပဲ အဖေရာ တစ်ခါတည်း သွေးမထွက်တော့ဘူး။

ဒါနဲ့ ဘယ်လိုတွေ့သေးလဲ မေးတော့ ဘာမှ မတွေ့တော့ဘူး ပြောပြီး ကျွန်တော့် နောက်က လိုက်လာခဲ့တာ ရွာနားရောက်မှ ဘယ်က ဘယ်လို ငို...တယ်မသိဘူး အဖေရာ'

ဦးထွန်းညိမ်းသည် အသဲကလေး လက်သန်းမှ ပတ်တီးကလေးကို ဖြေကြည့်တော့မှ အရေပြားကလေး ရှသွားတာကို တွေ့ရတော့မှ ပြုံးနိုင်ကြတော့သည်။

---

**သွေးတိတ်မန်း ဂါထာ**

---

အဝသုဿ တုမေ သရိရေ
မံသ လောဟိတံ။

အနက်အဓိပ္ပာယ်

**မေ**–ငါ၏၊ **သရိရေ**–ခန္ဓာကိုယ်၌ **မံသလောဟိတံ**– အသွေးအသားသည်၊ **အဝသုဿတု**– ခန်းခြောက်စေသတည်း။

**မှတ်ချက်။ တစ်ပါးသူအား ... လုပ်လိုသော်...**

အဝသုဿတု တေ သရိရေ
မံသလောဟိတံ။

**မှတ်ချက်** ။ ။ **မေ**–ငါ၏ အစား... သင်၏။

(၇)ခေါက် ဖတ်ရာရသောနေရာ... လက်ဖြင့် ကိုင်၍ မန်းပါလေ။

**ဖြစ်ရပ်မှန်**

ကျွန်တော် ကိုရင်ဝတ်... သရက်သီးလှီးရာ လက်ညှိုးကို ... မိသောကြောင့် ဘကြီးဘုန်းကြီး... သည့်ဂါထာဖြင့် မန်း၍ ကောင်း... ဖူးပါသည်။

*[ဘကြီးဘုန်းကြီးအား ... လျက်...]*

**နန္ဒကျော်(လ/သ)**



www.burmeseclassic.com

www.burmeseclassic.com



# ရာဟုဂြိုဟ် ဂြိုဟ်အိမ်ဂြိုဟ်စားနှင့် ကျင့်စဉ်

သူတစ်ယောက် အခင်ပြေနေလို့ မြောက်ကြွမြောက်ကြွဖြစ်နေလို့ ကြည့်ရင် ဒီကောင် မြောက်ကြွမြောက်ကြွ ဖြစ်နေတာ စနေဂြိုဟ် တစ်ခါရမ်းမရှိ တက်ကြွလို့ လူတွေ ပြောတတ်ကြတယ်လေ။

စနေဂြိုဟ်ရဲ့ အဆိုးအညံ့အကြောင်းကို လူတိုင်းနီးပါး ကြောက်ကြပါတယ်။ အထာပေါက်လွယ်ကြပါတယ်။

ဒါပေမယ့် စနေဂြိုဟ်လို ဆိုးတဲ့ ပါပဂြိုဟ် ထောင့်ဂြိုဟ် တစ်ခုဖြစ်တဲ့ ရာဟုဂြိုဟ်ရဲ့အကြောင်းကိုတော့ဖြင့် လူတိုင်း နားမလည်ကြပါဘူး။

ရာဟုဆိုတဲ့ ဟိုင်းဆင်မုန်ယိုပြီဆို အင်အတန် ကြောက်စရာကောင်းလှတယ်လို့ ပညာရှင်တော်တော်များများက ဆိုကြပါတယ်။

ရာဟုဂြိုဟ်အကြောင်းနဲ့ ရာဟုဂြိုဟ်ရဲ့ အဓိပ္ပာယ်တွေကို စာရေးသူသိသလောက် ပြောပြချင် အကြံပေးချင်ပါတယ်။

စနေဂြိုဟ်၊ ရာဟုဂြိုဟ်ဆိုတဲ့ ထောင့်ဂြိုဟ်တွေရောက်ရင် စုန်းမှုင်နတ်တို့ ပူးတတ်တယ်။

ဆိုလိုတာက နတ်ငြိုးတာတို့၊ စုန်းပြုစားခံရတာတို့ ဖြစ်တတ်တယ်။ ရာဟုဂြိုဟ်၊ ရာဟုဂြိုဟ်တို့က လူမှုရေး အနှောင့်အယှက်တို့ လေနာ၊ ယားနာတို့ ဖြစ်တတ်တယ်။

ဒါကြောင့် မြင်အပ် မမြင်အပ်တဲ့ အနှောင့်အယှက်တွေတွေ့ရတတ်တယ်လို့ ပညာရှင်တွေက ပြောကြတာပေါ့။

ရာဟုနေ့သားသမီးများ ရာဟုဂြိုဟ်အိမ်ပါက လည်းကောင်း၊ ရာဟုဂြိုဟ်ဆိုက်ရောက်ပါက လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးတွေ တကျက်ကျဖြစ်ပြီး မိသားစု အပူကတစ်မျိုး၊ အလုပ်ခွင်က လူမှုရေးကတစ်မျိုးနဲ့ စိတ်ညစ်စရာ၊ စိတ်ဓာတ်ကျစရာတွေ ဖြစ်လာတတ်ကြပါတယ်။

ဒီကြားထဲ ကျန်းမာရေး ညံ့ခဲ့ရင် သဘောရိုးမဟုတ်လို့ မြင်အပ်မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အနှောင့်အယှက်ပါလာရင် ဆေးမတိုးတော့ဘဲ မြွေပူရာကင်းမှောင့်ဆိုသလို ငွေကုန်လူပန်းဖြစ်ကြရတော့တယ်လေ။ ဒါတော့ အောက်ပါအတိုင်း ရာဟုဂြိုဟ်အိမ်၊ ဂြိုဟ်စားရင် အောက်ပါကျင့်စဉ်စရဏတစ်ခုကို ဆောင်ရွက်ပါက ရာဟုဂြိုဟ်အဆိုးကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

ရာဟုဂြိုဟ်ကို ဂြိုဟ်အိမ်၊ သက်ရောက် ရောက်နေကြသူတွေအတွက် **လျောင်းတော်မူ ရုပ်ပွားတော်ရှေ့မှာ ဗုဒ္ဓေါ (သစ္စာ၄ပါးတရားတော်တို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား)**ဆိုပြီး ပုတီး (၉)ပတ်စိပ်တာတို့၊ မေတ္တာသုတ်တို့၊ ကံဓာတာဂြိုဟ်စီးဂြိုဟ်နင်း အခိုက်အညံ့တွေပြေစေမယ့် ပုဗ္ဗဏှသုတ်စတဲ့ ပရိတ်တွေကို ရွတ်သင့်ပါတယ်။

ဘားမဲ့ဆရာတော်ကြီးက ဂုဏ်တော်ကို အနုလုံ၊ ပဋိလုံပွားပါက လောကီကိစ္စအားလုံး ပြီးနိုင်တယ်လို့ ရေးထားတာကို ဘားမဲ့ကျမ်းတစ်ခုထဲမှာ ဖတ်ဖူးပါတယ်။

ဒါကြောင့် ဂြိုဟ်အစီးနင်းအခိုက်အညံ့ကို ဂုဏ်တော်နဲ့ ကျော်နိုင်အောင် ကြိုးစားကြပါလို့ အကြံဉာဏ်ပေးရင်းနဲ့ စာရေးသူခံယူတဲ့ ရာဟုဂြိုဟ် အိမ်ဂြိုဟ် ဂြိုဟ်စားနှင့်ကျင့်စဉ်ကို ဆွေးနွေးအကြံပြုလိုက်ပါရစေ...

**မနှင်းဆီ**
***(ရေဆင်း–နေပြည်တော်)***

www.burmeseclassic.com

# ဂမ္ဘီရအနွယ်ဝင် နှင့် သိုက်တင်ကိစ္စများ

အုံကြွယ်

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်ပြီး သက္ကရာဇ် ၁၃၇၇ ခုနှစ် ကူးပြောင်းခါနီး သင်္ကြန်ရုံးပိတ်ရက်ကာလများတွင် အသက်(၂၀)ကျော်ပြီဖြစ်သော သားတော်မောင်ကို အဖွားဖြစ်သူက သူ မကွယ်လွန်မီ သာသနာဘောင်သို့ဝင်ပြီး ဒုလ္လဘရဟန်းဘဝဖြင့် မြင်လိုပါသည်ဟု တောင်းဆိုလာသဖြင့် မောင်အံ့တို့သားအဖ ဖားအောင်းမြို့လေးသို့ ပြန်ခဲ့ကြသည်။

ရောက်ပြီး နောက်တစ်ရက်မှာပင် သားနှင့်ညီဖြစ်သူတို့ကို ရဟန်းမပြုမီ ညနေပိုင်း၌ သာမဏေဝတ်ပေးခဲ့ပါ သည်။

သင်္ကြန်အကြိုနေ့တွင် သိမ်ကျောင်းဆရာတော် ဦးဆောင်လျက် သားနှင့်ညီတို့ကို သိမ်ဝင်ကမ္မဝါ နာကြား ဆောက်တည်ခံယူစေကာ ရဟန်းအဖြစ်သို့ သွတ်သွင်းပေးနိုင်ခဲ့ကြပါသည်။

ကိုယ်တိုင် ဒုလ္လဘရဟန်းခံလိုပါသော်လည်း အခြေအနေ အကြောင်းကြောင်းကြောင့် မောင်အံ့ပဉ္စင်း မတက်နိုင်ခဲ့ပါ။

သင်္ကြန်အကျနေ့မှစ၍ အလုပ်အကိုင်မရှိ လူပိုကြီး မောင်အံ့တစ်ယောက် ဖားဆောင်းမြို့တွင် နားခိုရာကွက်သစ်ရပ်ရှိ ဦးလေးနန္ဒ၏ အိုအေစစ်ခြံလေးတွင်သာ စာဖတ်၊ စာရေး၊ ဦးလေးထံမှ ဗဟုသုတစုံလင် ကြားနာ၍ အချိန်ဖြုန်းနေရပါတော့သည်။

ကံအားလျော်စွာ သင်္ကြန်အတက် နေ့၌ မော်ချီးသို့သွားကာ ခဲသတ္တု တူးဖော်သည့်အလုပ်ကို လုပ်ကိုင်နေသူ နှစ်ဦးတို့ ဦးလေးနန္ဒထံ ရောက်လာကြပြီး သူတို့တွင် ပါလာသော အဆောင်ပစ္စည်းများအား ထုတ်ပြနေသည်ကို တွေ့ရပါသည်။

ထူးထူးဆန်းဆန်းဆိုလျှင် တွေ့ချင်၊ မြင်ချင်၊ ကြားချင်၍ စပ်စုတတ်သော မောင်အံ့မှာ သူတို့၏ စကားဝိုင်းသို့ တိုးဝင်လေ့လာမိပါတော့သည်။

'ဦးလေးခင်ဗျာ... အညာဒေသ ပေါက်မြို့နယ်၊ ရေပြာကျေးရွာအုပ်စုက လာပြီး ခဲလုပ်နေကြတဲ့ သူတွေပါ။ မော်ချီးဒေသမှာ ခဲတူးဖော် လုပ်ကိုင်နေတာတော့ တစ်နှစ်လောက်ရှိပါပြီ။

မော်ချီးမှာ ဂမ္ဘီရပစ္စည်းများ အကြောင်း ပြောမိရင်း အတော်အတန် နားလည်တတ်ကျွမ်းတဲ့ ဦးလေးအကြောင်းကို ကြားရလို့ အညာမပြန်ခင် ကျွန်တော်တို့မှာပါတဲ့ ပစ္စည်းလေးကို ပြချင်၊ မေးချင်လို့ ဦးလေးဆီ ဝင်လာပါခင်ဗျ'

'ဦးလေးက ဂမ္ဘီရပစ္စည်းတွေအကြောင်း သိပ်နားလည်လှတယ်တော့ မဟုတ်ပါဘူး။ ဦးလေးရဲ့ဖခင်ကြီး ကိုယ်တိုင်က ဝါသနာပါပြီး ရှာဖွေ စုဆောင်းခဲ့တာကြောင့် ဦးလေးလဲဘမျိုး ဘိုးတူဆိုသလို ရှာဖွေလေ့လာဆဲပါကွယ်။

မောင်ရင်တို့က ဂမ္ဘီရပစ္စည်းကို ဆောင်ထားချင်တာလား၊ ရောင်းချင်တာလား၊ လောဘဇောနဲ့ အမြတ်ထုတ်ချင်တာလားဆိုတာကိုတော့ ကွဲကွဲပြားပြား ပြောကြဖို့ လိုလိမ့်မယ်။ ဆောင်ထားဖို့ အဆောင်အဖြစ်ကလွဲရင် ဦးလေးက ကျန်တာတွေကို အားမပေးဘူးနော်'

လိုရင်းကို အပိုမပါ ပြောတတ်သည့် ရှမ်းတိုင်းရင်းသားပီပီ ဦးလေးနန္ဒက အပြတ်ပြောလိုက်သည်။

'ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ကလဲ လောဘတက်ပြီး ရောင်းဝယ်ဖို့လာတာ မဟုတ်ပါဘူးခင်ဗျ။ မိဘဘိုးဘွားလက်ထက်ကတည်းက ဂမ္ဘီရပစ္စည်းလေးတွေမို့ အဆောင်ပစ္စည်းအနေနဲ့ ဆောင်ထားချင်တာပါ။

ဒီပစ္စည်းလေးတွေက ဘာပစ္စည်းတွေဖြစ်ပြီး ဘယ်လို အကျိုးကျေးဇူးတွေ ရှိတယ်၊ ဘယ်လို သိမ်းဆည်းထားသိုရတယ်၊ အစောင့်အရှောက်တွေ ရှိတယ်၊ မရှိဘူးဆိုတာ သိချင်တာကြောင့်ရယ်၊ အစွမ်းသတ္တိကို ဘယ်လို စမ်းသပ်ရမယ်ဆိုတာ သိချင်ကြလို့ ဦးလေးဆီ လာခဲ့ကြတာပါ ခင်ဗျ'



ယိုးဒယားအောင်ဘာကျားဆောင်
ရှေ့မျက်နှာစာပါ ဆင်တော်တော်ပုံ

လာရောက်သူ နှစ်ဦးအနက် အသက် (၅၀)လောက်ရှိမည် ဖြစ်သော အစ်... မြင့်မြင့်၊ အသားညိုညိုပုဂ္ဂိုလ်က ဦးလေးနန္ဒကို ရည်မွန်ချေင်စွာ ရှင်းပြပါသည်။

သူတို့တွင် ပါလာသော ပစ္စည်းလေးများကိုလည်း ရွှေဆိုင်များတွင် အသုံးပြုသည့် ရတနာပစ္စည်းထည့်သော ဘူးလေးများထဲမှထုတ်ကာ တရိုတသေ ပြခဲ့ပါသည်။

ဦးလေးက ပစ္စည်းလေးများကို ကိုင်... စေ့စေ့စပ်စပ်ကြည့်ပြီး...

'အင်း...ဒီအချောင်းလေးတွေက ... ရှားပါး အဖိုးတန်တဲ့ ရေဆင်စွယ်... နဲ့တော့ တူပါရဲ့၊ ဟာ... ဒီကောလဲ ... ထက်မြက် တန်ဖိုးဖြတ်မရ ယိုးဒယား... ဆင်းတုနဲ့ အင်းအဆောင်လေးပဲကွ

www.burmeseclassic.com

…တို့ ဘယ်က ရလာတာလဲ။ အစစ်အမှန် …တော့ တန်ဖိုးကြီးလှပါဗျာ။ မင်းတို့ …စကားနဲ့ ပြောရရင် သိန်းထောင်ချီတန် … ဖွည်းများပဲကွယ့်'

… အံ့ဩဝမ်းသာ စကားဆိုခဲ့ပါ သည်။

…ရေဆင်စွယ်တွေက ကျွန်တော့်ဖိုးများ …ထက်က ရထားတာပါ။ အဖေက မုဆိုးဖို့ …နယ်တက် ချောင်းထဲကနေ ရေဆင် …ကောင် ရခဲ့တယ်လို့ ပြောပါတယ်။ …ပြိုင်တည်း (၃)ကောင်လုံး ရခဲ့တာ …တဲ သုံး,လေးလ စောင့်ဖမ်းခဲ့ရတယ်လို့ …တယ်ခင်ဗျ။

…ရှိရာက တစ်ချောင်းပဲနေတာကတော့ "…ပေးမယ် မင်း နမူနာပေးလိုက်"ဆိုပြီး …ကနေ ပွဲစားတစ်ယောက် ယူသွား …လုံးဝ ပြန်မရလို့ အခုလို (၂)စုံနဲ့ (၁)ချောင်း …နေရတာလို့ အဖေ ပြောလို့ သိရပါတယ်'

…ရှင်းပြသလို အကြီးလူကလည်း…

…သိုးအယားအင်းဘုရား အဆောင် …တော့ ကျွန်တော် ရွှေစက်တော် …သွားရောက်စဉ်က ဆွမ်းတစ်နပ် …တဲ့ ဘုန်းကြီးတစ်ပါးက ချီးမြှင့်လိုက် … လောကီကောင်းကျိုးချမ်းသာ … ရစေတယ်လို့ မိန့်မှာသွားပါတယ်။

…ကျွန်တော် ရထားတာ (၁၀)နှစ်ကျော် …တ် ရှိပါပြီ။ ဒီအဆောင်လေး ရက …တာ အရမ်း မချမ်းသာပေမယ့် …ဆင်းရဲ မရှိတာကိုတော့ သတိ …ပါတယ် ခင်ဗျ'

… သူ့အတွေ့အကြုံကို ရှင်းပြခဲ့ပါ…

…ရင်တို့ပြောတာ စိတ်ဝင်စားဖို့ …ကောင်းသားကွ၊ ဒါနဲ့ တစ်ခုတော့ …တယ်။ ဒီပစ္စည်းလေးတွေကို …တို့ ဘယ်လိုနေရာမျိုးမှာ ထားသလဲ … ပြောပြစမ်းပါကွယ့်'

… ဦးလေးက မေးတော့ ရေဆင် …ဆိုတာကို ပိုင်သူ ကိုလူပုက…

"**ဒီအစွယ်လေးတွေကို အဝတ် …ထဲမှာထည့်ပြီး၊ ခုတင်အောက် …ထားတဲ့အကြောင်း**" ပြောပြီး၊ အင်း …ထားသူ အကြီးလူမှ "**ဘုရားစင် …ဂုဏ်နဲ့ ထားကြောင်း**" ပြောတော့ …နှက…

…လိုက်တဲ့ ကောင်တွေကွာ၊ အစစ် အမှန် အဆောင်တွေ၊ ဂမ္ဘီရ ပစ္စည်းတွေဆိုတာ အစောင့်အရှောက် ရှိတယ်ကွဲ၊ သူတို့ ကိုးကွယ်တာ မဟုတ်ရင်တောင် ရိုရိုသေသေ ထားရတယ်။ တစ်နည်းအားဖြင့် သိဒ္ဓိဝင်ပစ္စည်းမို့ အလေးအမြတ်ပြုဖို့တော့ လိုတာပေါ့ကွာ၊

အခုတော့ သိဒ္ဓိဝင်ပစ္စည်းတွေကို ခုတင်အောက်မှာထားမှတော့ အစောင့်အရှောက်တွေက ဘယ်မှာ လာကြိုက်တော့မလဲလေ။ အင်းဘုရားဆိုတာကလဲ ဘုရားစင်မှာမထားဘဲကိုယ်နဲ့မကွာဆောင်ထားရမှာပဲ။

အဲဒီလို ဆောင်ထားနိုင်ဖို့အတွက် လည်ပင်းမှာ လော့ကတ်သီးလို ချိတ်ဆွဲနိုင်ဖို့ ကွင်းကလေးပါတာကို တွေ့တယ်မဟုတ်လား၊ အဆောင်ပစ္စည်းဖြစ်တဲ့ အတွက် ဆောင်ထားကြဖို့တော့ လိုမယ်ကွယ်'

ဟု ထပ်ဆင့် ရှင်းပြခဲ့ပါသည်။

ထိုအခါ ရေဆင်စွယ်ဆိုသောအချောင်း (၅)ခုပိုင်ရှင် ကိုလူပုက…

'ဦးလေးရယ် ပွင့်ပွင့်လင်းလင်း ပြောရရင် အခု ရေဆင်စွယ်တွေထဲက တစ်ခု, နှစ်ခုလောက်သာ အဆောင်အဖြစ်ထားပြီး ကျန်တဲ့ဟာကို ဆင်ဖမ်းမယ့်သူတွေကို ရောင်းဖို့ ယူလာတာပါ။

ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့ဆိုတာ သစ်တောထူထပ်ပြီး ဆင်အသုံးပြုမှုများတာကြောင့် ယူခဲ့တာပါ။ မော်ချီးမှာ ဝယ်မယ့်သူကို တိုက်ရိုက်မတွေ့ရဘဲပွဲစားသုံး,လေးဦးတော့ လာကြည့် ပါတယ်။

"**စမ်းမယ်၊ ဆင်ရှိတဲ့ တောထဲလိုက်ခဲ့**"ဆိုတော့ ကျွန်တော်တို့က နယ်မြေမကျွမ်း၊ လူယုံမရှိ၊ ဒေသစကားမတတ်တော့ မလိုက်ရဲကြဘူးလေ။

ဒါကြောင့် ဒါတွေ စွမ်း,မစွမ်း ဘယ်လိုစမ်းသပ်ရမယ်။အစောင့်အရှောက် ရှိ,မရှိ ဘယ်လိုသိနိုင်တယ်ဆိုတာ ညွှန်ပြပေးနိုင်ဖို့ ဦးလေးဆီလာတာပါ။ ကျွန်တော်တို့ကို တပည့်သားမြေးလို သဘောထားပြီး 'စောင့်ရှောက်ပေးပါလို့ ပန်ကြားပါတယ် ခင်ဗျာ'

ဟု သနားစဖွယ် မျက်နှာငယ်နှင့် တောင်းခံလာလို့ ဦးလေးလည်း ခေါင်း တညိတ်ညိတ်ဖြင့် ကရုဏာသက်ကာ…

'အေးလေ တစ်နယ်တကျေးက အားကိုးတကြီး လာကြရတာ ဖြစ်လေတော့ ဦးလေး သိသလောက် မှတ်သလောက် ကူညီညွှန်ပြပေးပါ့မယ်။ မင်းတို့ ပါလာတဲ့ ရေဆင်စွယ်ဆိုတာကို စစ်,မစစ် စမ်းတဲ့နည်းတွေက များသားပဲကွ။

ဖက်ပျော့ပင်အူတိုင်မှာ စမ်းတယ်။ ကြက်စာကျွေးတဲ့အထဲမှာ ထည့်စမ်းတယ်။ ပိန်းဥထဲမှာ ထိုးစိုက်စမ်းတယ်။ ဆင်သွားရာ လမ်းမှာ ချစမ်းတယ်။ ခွေးစာထဲမှာ ထည့်စမ်းတယ်။ ပြဒါးနဲ့စမ်းတယ်စတဲ့ မျိုးစုံသော နည်းလမ်းတွေ ရှိကြပါတယ်'

'ကျွန်တော်တို့ နားလည်အောင် တစ်မျိုးစီ ရှင်းပြပေးပါ'

ဟု အကြီးလူက မေတ္တာရပ်ခံတော့ ဦးလေးနန္ဒက…

'အေး… ဖက်ပျော့အူတိုင်မှာ စမ်းတယ်ဆိုတာက ဖက်ပျော့ပင်တစ်ပင်ကို ခုတ်ပြီးချက်ချင်း ရေဆင်စွယ်ကို ထိုးထည့်ထား။ တစ်နာရီလောက်ကြာရင် ပြန်နုတ်ကြည့်၊ ပစ္စည်းစစ်မှန်တယ်ဆိုလို့ကတော့ အူတိုင်မှာ အသစ်ထွက်မလာဘဲ ဖက်ပျော့ပင်က ခြောက်ပြီး သေသွားလိမ့်မယ်။ ရေဆင်စွယ် မစစ်ရင်တော့ တစ်နာရီလောက်ဆို ဖက်ပျော့အူတိုင်က ပြန်ထွက်မယ်။ နောက်ရက်ဆိုရင် အတိုင်က တစ်ထွာကျော်လောက် ပြန်ထွက်ပြီး ဖက်ပျော့ပင် ဆက်ရှင်ပါမယ်။

ဆင်သွားမယ့်လမ်းမှာ ချထားရင် ဘယ်လောက်ကြီး ဘယ်လောက်ဆိုးတဲ့ ဆင်ဖြစ်ဖြစ် ဒီနေရာကို ဖြတ်မသွားရဲဘူး။ နောက်ပြန်လှည့်လိမ့်မယ်ကွ။ ဆင်စာထဲမှာ ထည့်ကျွေးရင်လဲ ဒီအစာကို ဆင်က မစားရဲတော့ဘူးလို့ ဆိုတယ်။

ကြက်စာ၊ ခွေးစာတွေထဲ ထည့်ကျွေးရင်လဲ ဒီကောင်တွေ မစားရဲကြဘူးလေ။ ပြဒါးမှာ စမ်းရင်တော့ ရေဆင်စွယ်စစ်ရင် ပြဒါးမစားဘူး။ မစစ်ရင်တော့ ပြဒါးစားပြီး ပျက်စီးတတ်တယ်။

ဒီစမ်းသပ်နည်းတွေထဲမှာ ဖက်ပျော့အူ တိုင်မှာ ထိုးစမ်းတဲ့နည်းကတော့ ဦးလေး အကြိုက်ဆုံးပဲ။ ဒုတိယကတော့ ဆင်သွားတဲ့ လမ်းမှာ ချစမ်းတဲ့ နည်းပေါ့ကွာ။

တိရစ္ဆာန်အစာထဲ ထည့်စမ်းတဲ့ နည်းတွေ

www.burmeseclassic.com

www.burmeseclassic.com

တော့ မကြိုက်ဘူးကွ။ ဘာလို့လဲဆိုတော့ သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းကို နာမ်နိမ်ရာလဲရောက်၊ တန်ဖိုး မထားရာလဲ ရောက်လို့ မကြိုက်တာပဲ။ ပြီး။ အင်္ကျီစစ်တွေနဲ့ စမ်းတဲ့နည်းကတော့ မတော်လို့ ပစ္စည်းပျက်စီး ရင် ရန်များတတ်လို့ မစမ်းစေချင်ဘူးကွာ။ ကဲ... ဒါကတော့ ဦးလေး သိသလောက် စမ်းသပ်နည်းတွေပဲ။ အခြား နည်းလမ်းတွေလဲ ရှိဦးမှာပါ။ မောင်ရင်တို့ လေ့လာပြီး စမ်းသပ်ကြပေါ့ကွာ'

ဟု ဦးလေးက သိသမျှကို အသေး စိတ် ရှင်းပြခဲ့ပါသည်။

'ဦးလေးရယ် မထူးပါဘူး။ တစ်ခါ တည်း အဖြေသိသွားရအောင်ငှက်ပျော အူတိုင်နဲ့ စမ်းကြည့်ရအောင်ပါ။ ဦးလေး ခြံထဲမှာလဲ ငှက်ပျောပင်တွေ အများကြီး ရှိနေတာမို့ သူတို့ကများ သဘောတူရင် စမ်းကြည့်ကြတာပေါ့နော်'

ဟု မောင်အံ့က ကြားပွဲစား ဝင်လုပ် လိုက်သည်။ တကယ်တော့ မမြင်ဘူး၊ မတွေ့ဘူး၍ တွေ့ချင်မြင်ချင်တာ ကြောင့် အရစ်ရှည်မိခြင်းပါ။

ညီသည်နှစ်ဦးက – လိုလိုချင်ချင် သဘောတူကြသဖြင့် ဦးလေး၏ ငှက်ပျောခြံထဲသို့ သွားကြပြီး အသီး မသီးသေးသည့် သားပေါက်ပင်ပျို ငှက်ပျောပင်(၃)ပင်ကို ရင်စို့လောက် နေရာမှ ဓားဖြင့် ပိုင်းဖြတ်ကြပါသည်။

ထို့နောက် ရေဆင်စွယ်ဆိုသည့် အချောင်းလေးများအား တစ်စုံ(၂– ချောင်း)စီကို တစ်ပင်စီ ထိုးလိုက်၍ လည်းကောင်း၊ ဘက်ပဲ့နေသည့် တစ် ချောင်းကို ကျန်တစ်ပင်၌လည်းကောင်း ဖြတ်ထားသည့် ငှက်ပျောအူတိုင်များ တွင် ထိုးစိုက်ခဲ့ကြပါ သည်။ ထို့နောက် ဦးလေးနန္ဒက...

'ကဲ နာရီဝက် တစ်နာရီလောက်မှ လာကြည့်ကြတာပေါ့။ တဲပေါ်တက်ပြီး အခါးရည်သောက်၊ လက်ဖက်စားရင်း စကားစမြည်ပြောလို့ နားကြပါဦး၊ မင်းတို့ပစ္စည်းတွေအတွက်တော့ စိတ် ချနေပါ။ ဦးလေးခြံထဲမှာ တုတ်တိုတစ် ချောင်းတောင် မပျောက်စေရပါဘူးကွ'

ဟု ပြောကာ မောင်အံ့တို့လူစု တဲပေါ်သို့ ပြန်တက်ခဲ့ကြသည်။

အခါးရည်သောက် လက်ဖက်သုပ်



◆ ယိုးဒယားအင်းဘုရားအဆောင်
ကျောက်ပါ အင်းစမျှားပုံ

စားရင်း မောင်အံ့က...

'ဦးလေး သိဒ္ဓိဝင်ဂမ္ဘီရပစ္စည်းတွေမှာ အစောင့်အရှောက်တွေ ရှိတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် အခုလို သိမ်းဆည်းထားသိုမှု မမှန်လို့ ပစ္စည်းက မစွမ်းတော့ဘဲ အသေဖြစ်သွားတတ် တယ်လို့ဆိုတာ ဟုတ်ပါသလား၊ သိချင် လာတယ်ခင်ဗျ'

ဟု လျှာရှည်ခဲ့ခြင်းအပေါ် ဦးလေး နန္ဒက...

'အထိန်းအသိမ်း အထားအသို မတတ်ရင် ပစ္စည်းမှာစောင့်တဲ့ အစောင့် အရှောက်တွေ ထွက်သွားကြလို့ မစွမ်း တော့ဘဲ အသေဖြစ်သွားတာ မဟုတ် ပါဘူး။ အစွမ်းရှိတဲ့ ပစ္စည်းကတော့ မူရင်းအစွမ်းသတ္တိ ပျောက်သွားတာမျိုး မဟုတ်ဘဲ၊ ငုပ်သွားတာမျိုးတော့ ရှိ တတ်ပါတယ်။

ဆိုပါတော့ကွာ... အလွန်ထက်တဲ့ ဓားတစ်ချောင်းတောင် အသုံးမပြုဘဲ နံရံမှာ ထိုးတာကြာရင် သံချေးတက်၊ အသွားတုံးပြီး ဓားမထက်တော့သလိုပဲ ပေါ့။ အဲဒီဓားကို မီးနဲ့ပြန်သ၊ ဓားသွေး ကျောက်နဲ့ ပြန်သွေးရင် မူရင်းအတိုင်း အသွားထက်တဲ့ ဓားတစ်လက် ပြန် ရနိုင်သလို သိဒ္ဓိဝင်ဂမ္ဘီရပစ္စည်းတွေကိုလဲ

အစွမ်းပြန်ထက်အောင် သိဒ္ဓိပြန်တင်ပေး ရင် သွေးထားတဲ့ ဓားကောင်းတစ်လက် လို ပြန်လည် အစွမ်းရှိနိုင်ပါတယ်'

ဟု ရှင်းပြခဲ့သည့်အတွက် မှတ်သား ရပြန်ပါသည်။ ငြိမ်၍ တညိတ်ညိတ်ဖြင့် နားထောင်နေသည့်အင်းဘုရားအဆောင် ပစ္စည်းပိုင်ရှင် အကြီးလူက...

'ဦးလေးခင်ဗျား ရေဆင်စွယ် စစ် မစစ် စွမ်း၊မစွမ်း စမ်းသပ်နည်းတော့ ဦးလေးရှင်းပြလို့ သိရပါပြီ။ ကျွန်တော်ရဲ့ အင်းဘုရားအဆောင်ကိုရော ဘယ်လို နည်းနဲ့ စမ်းသပ်နိုင်သလဲဆိုတာ သိ... ပါတယ် ခင်ဗျား'

ဘယ်လိုအဖြေမျိုး ပေးမလဲ... မောင်အံ့ စိတ်ဝင်တစား နားထောင်... မိပါသည်။

ဦးလေးက ဘာမှ မပြောသေး... ကွမ်းအစ်ထဲမှ ကွမ်း၊ ကွမ်းသီး၊ ထုံး ဆေး စသည့် ပစ္စည်းအမည်စုံကို ... ကြိုက်နှစ်သက်သည့် အချိုးအတိုင်း ထည့်ကာ ကွမ်းတစ်ယာကို ဝါးနေ... ပါသည်။

စိတ်ကြိုက်ဝါး၍ အားရတော့... ကွမ်းသွေးတွေကို ထွေးခံထဲသို့ ... ကာ နှုတ်ခမ်းကိုသပ်လျက်...

'အေး...မောင်ရင် မေးသင့်... အမေးပဲ။ ဘုရားဆင်းတုပုံတော် ဖြစ်... အတွက် ဘာမှ စမ်းစရာမလိုဘူး။ အစွမ်း... က ထက်ပြီးသားပါ။ အင်းတွေ စွမ်း၊မစွမ်း... ဆိုတာလဲ အင်းကို စီရင်တဲ့ ပုဂ္ဂိုလ်ရဲ့... ကျင့်ကြံအားထုတ်မှု၊ စရဏအား ... ထိန်းမှု၊ သီလနဲ့ ဖြောင့်မတ်မှန်ကန်... စေတနာထားရှိမှုတို့က အရေးကြီးဆုံး...

ဒီအချက်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်... တွေစီရင်တဲ့ အင်းဆိုရင် အစွမ်းထက်... ပေါ့။ အင်း စွမ်း၊မစွမ်း၊ အစောင့်အရှောက် ရှိ၊မရှိ သိချင်ရင်တော့ ငါးပါးသီလ... ဆောက်တည် အိပ်မက်တောင်း... သိနိုင်ပါတယ်။

လပြည့်ညလို အခါကြီးရက်ကြီး ... တွေမှာ သစ္စာဆိုအဓိဋ္ဌာန်ပြီး သိ... ကြောင်း အိပ်မက်တောင်းရင် ... ထဲမှာ အင်းစောင့်ပုဂ္ဂိုလ်တွေ ... ပါတယ်။

တချို့က ဘုရားဆင်းတု...

www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာပုံတော်တွေပါတဲ့ အင်းအဆောင်ကို စွမ်း,မစွမ်းသိချင်လို့ အဆောင်ကို သေနတ်နဲ့စမ်းတာမျိုး လုပ်ကြတယ်။ ဒါဟာ အကြီးဆုံးသောအမှားပဲ။

ဘုရားပုံတော်၊ ရဟန္တာပုံတော်များကို သေနတ်ပစ်စမ်းတာဟာ ပုဂ္ဂိုလ်မြတ်တွေနဲ့ ဘာသာရေးကို စော်ကားတာနဲ့ အတူတူပဲ။

အစစ်အမှန်အဆောင်ဖြစ်ရင် သေနတ်ကျည်ထွက်ပြီး အစရှာမရအောင် ရှိတဲ့အဆောင် ပျောက်သွားတတ်တယ်။ ဒါမှမဟုတ်လဲ ကျည်ဆန်က အနောက်ကို ပြန်ထွက်ပြီးပစ်တဲ့သူကိုတောင် ထိမှန်တတ်လို့ အသက်အန္တရာယ်ကိုတောင် ထိခိုက်နိုင်တာမို့ ဒီနည်းနဲ့ မစမ်းပါနဲ့လို့ မှာချင်တယ်'

'ဒါဖြင့် ဦးလေးရယ် အခု ဒီညီနောင်များရဲ့ ဘုရားဆင်းတုတော် အင်းကွက်တစ်ဖက်နဲ့ အဆောင်ကို ဘယ်လိုအသုံးပြုရမှာလဲဆိုတာ ရှင်းပြပါလားခင်ဗျ'

ဟု မောင်အံ့က လူဓာတ်ကြီးလုပ်တာ တောင်းဆိုလိုက်သည်။

'ဒီအဆောင်က အခုန ဦးလေးပြောခဲ့သလို လည်ပင်းမှာဆွဲပြီး ကိုယ်နဲ့မကွာဆောင်ထားရင် စီးပွားလာဘ်လာဘ တိုးတက်မယ်။ အန္တရာယ်အပေါင်းမှ ကင်းဝေးမယ်။ မမျှော်မှန်းနိုင်တဲ့ ငွေကြေးပစ္စည်းတွေ ရတတ်တယ်။

ဒါက ဘာဆိုလိုတာကိုတော့ ထီပေါက်သလို၊ အမွေရသလိုမျိုးကို ပြောတာဗျ။ အပွင့်အလင်း အဆောင်ပေါ့ကွယ်။

မင်းတို့ သိချင်တဲ့ အရှောင်အလွှဲကိုစွတို့ ဆက်ပြောမယ်။ ဘုရားရှင်တော်မြတ်ကြီးရဲ့ တန်ခိုးတော်၊ အာနုဘော်တို့နဲ့ အင်းစမအစီအရင်များရဲ့ အစွမ်းသတ္တိတို့ကြောင့် သေနတ်နဲ့ ပစ်ခတ်ရရင်တောင် ကျည်လွဲတာ၊ ကျည်မထွက်တာတွေ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် အကယ်တန္တု မဆိုကောင်း သူပုန်သူကန် ဓားပြများနဲ့ တွေ့ခဲ့ရင် ရန်သူက မိမိရဲ့ ရှေ့ဘက်မှာဆိုရင် အဆောင်ကို ရှေ့ဘက်မှာထားပါ။ နောက်ဘက်မှာ ရန်သူရှိရင် အဆောင်ကို ကျောဘက်လှည့်ထားပါ။

ဘေးဘက်ကဆိုရင်လဲ အလားတူ ဘေးဘက်လှည့်ထားခြင်းဖြင့် ရန်တကာတို့ကို ကာစီးနိုင်စေပါမယ်လို့ ဦးလေးက



◆ ရေဆင်စွယ်ဟုဆိုသော ပဒ္ဒည်း(အချောင်း)လေးများ

အထူးမှာချင်ပါတယ်'

'ဦးလေးရယ် အခုလို ရှင်းရှင်းလင်းလင်း သိရတာကြောင့် အလွန်ကျေးဇူးတင်ပါတယ်။ ဗဟုသုတလဲ ကောင်းကောင်းရပြီး အသိဉာဏ်လဲပွင့်လင်းသွားရပါတယ်ခင်ဗျ'

ဟု အကြီးလူက လက်အုပ်ချီကာ ပြောခဲ့ပါသည်။

ဂမ္ဘီရအနှယ်ဝင်ပစ္စည်းများနှင့် ပတ်သက်၍သိသင့်သိထိုက်သည်များ၊ ရှောင်ရန်ဆောင်ရန်များကို မေးမြန်းဆွေးနွေးကြပြီးနောက် တစ်နာရီခန့်အကြာတွင…

'ကဲ အခုလောက်ဆိုရင် မင်းတို့ ရေဆင်စွယ် စစ်,မစစ်၊ စွမ်း,မစွမ်းသိရလောက်ပါပြီ။ လာသွားကြည့်ကြရအောင်'

ဦးလေးနန္ဒက ဦးဆောင်၍ ငှက်ပျောခြံထဲသို့ ဆင်းခဲ့ကြပါတော့သည်။

အားလုံးက စိတ်ဝင်စားစွာဖြင့် ငှက်ပျောပင်(၃)ပင်တွင် ထိုးစိုက်ထားသည့် အချောင်းလေးများကို ကြည့်လိုက်ကြရာ အစုံလိုက် ထိုးစိုက်ထားသော တစ်ပင်နှင့် ဘက်ပဲ့တစ်ချောင်းထိုးထားသော ငှက်ပျောပင်တို့မှာ အသစ်ထွက်လာသော အူတိုင်စိမ်းစိမ်းလေးတွေကိုဝမ်းနည်းစိတ်မကောင်းဖွယ် တွေ့ကြရသည်။

ကျန်တစ်စုံကို ထိုးထားသော ငှက်ပျောပင်မှာ အူတိုင်နေရာမှ မည်သည့် အရွက်အညွန့် အူတိုင်ထွက်ခြင်းမရှိဘဲ ခြောက်သွေ့နေသည်ကို အံ့သြဝမ်းသာဖွယ် မြင်တွေ့ကြရပါသည်။ မောင်အံ့တို့ကို တဲပေါ်သို့ ပြန်တက်စေပြီး…

'မြင်ကြတဲ့အတိုင်းပဲ…. (၃)ချောင်းကတော့အတုကွ၊ ဆင်စွယ်ကို ရေဆင်စွယ်နဲ့တူအောင် ပြုပြင်ထားရတာပဲလေ။ မင်းတို့ ကံကောင်းတာက ဟောဒီ (၂) ချောင်းကတော့ အစစ်ဖြစ်နိုင်တယ်။

ဒါပေမယ့် မူရင်းအစွမ်းသတ္တိတော့ မရသေးဘူး။ ဦးလေးပြောခဲ့သလို ဓားကိုထက်အောင် သွေးဖို့ လိုနေသေးတယ်။ သိဒ္ဓိတင်ပြီးရင်တော့ မင်းတို့… မင်းတို့ လက်ခမောင်းခတ်ပေရှော့ဟေ့'

ဟု ဦးလေးက ဝမ်းသာအားရ ရှင်းပြပါသည်။

'ဦးလေးရယ် သိဒ္ဓိက ဘယ်လိုသွားတင်ရမှာလဲ၊ နည်းလမ်းရှိရင်လဲ လမ်းညွှန်ပြောပြပါဦးခင်ဗျ'

ဟု အကြီးလူမှ အားကိုးတကြီး မေးရှာသည်။

'အေး… သိဒ္ဓိတင်တယ်ဆိုတာ တုံးနေတဲ့ ဓားကိုသွေးလိုက်သလိုပဲ။ ငုပ်နေတဲ့ တစ်နည်းအားဖြင့် အိပ်နေတဲ့ အစောင့်အရှောက်တွေကို သတိဝင်လာစေဖို့ နှိုးပေးလိုက်တာလို့ ပြောရမှာပေါ့။

ရတနာသုံးပါးကို ရှိခိုးပူဇော်တိုင်တည် ရွတ်ပွားတာမို့ အစောင့်အရှောက်တွေ နိုးလာမှာ မလွဲပါဘူး။ ခေတ်စကားနဲ့ပြောရရင် (power)တင်ပေးလိုက်တာလို့ ဆိုနိုင်ပါတယ်။ သိဒ္ဓိဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကိုက ပြီးစီးခြင်း၊ ပြီးမြောက်ခြင်းလို့ အဓိပ္ပါယ်ရတာမို့ သိဒ္ဓိတင်တာဟာ အဆုံးတိုင် ပြီးမြောက်စေမယ့် အစီအမံများ ပြုလုပ်ခြင်းပဲပေါ့ကွယ်။

သိဒ္ဓိတင်ဂါထာများကို ရွတ်ပွားပူဇော်ပြီးရင် နိုးထလာကြစေမှာမို့

www.burmeseclassic.com

**အနိုးဂါထာ**များလို့လဲ ခေါ်ကြပါတယ်။ ဒီနေရာမှာ "**ဗားမဲ့ဆရာတော်ကြီးရဲ့ အနိုး(၆)ဂါထာ**"နဲ့ "**ဗုဒ္ဓံ သလာ ကောင်းနိုးရာရာ(၄)ဂါထာ**" တို့ကို ပေါင်းပြီး အနိုး(၁၀)ဂါထာနဲ့ သိဒ္ဓိတင်လို့ ရနိုင်ပါတယ်။ ဒါ့အပြင်လဲ သိဒ္ဓိတင် ဂါထာပေါင်းများစွာ ရှိပါသေးတယ်'

'ဦးလေးခင်ဗျား ဒီသိဒ္ဓိတင်(၁၀) ဂါထာကို ချီးမြှင့်ပေးလို့ ရမယ်ဆိုရင် ကျွန်တော်တို့ ရလိုပါတယ်။ ဂါထာနဲ့ ပူဇော်သိဒ္ဓိတင်ရင် ဘယ်လို ဆောင်ရွက် ရမယ်ဆိုတာလဲ လမ်းညွှန်ပေးစေချင်ပါ တယ်ခင်ဗျ'

'တို့များရဲ့ မြန်မာ့ရိုးရာ ဂန္ဓာရီပစ္စည်း များနဲ့ သိဒ္ဓိတင်အစီအမံတွေကို မတိမ် ကော မပပျောက်စေဖို့ ဦးလေးတို့လို အသက်အရွယ် ကြီးရင့်သူတွေက လူငယ်တွေကို လက်ဆင့်ကမ်း အမွေ ပေးရမှာ ဦးလေးတို့ တာဝန်ပါ။

မောင်ရင်တို့က အမြတ်တနိုး တန်ဖိုး ထားကြမယ်ဆိုရင်ဝမ်းမြောက်စွာနဲ့ဦးလေး က လက်ဆင့်ကမ်းပေးရမှာပေါ့ကွယ်။

ကဲ... ဒီတော့ သိဒ္ဓိတင်မယ်ဆိုရင် ကျေးဇူးရှင် ဗားမဲ့ဆရာတော်ကြီးရဲ့ အစီအမံအတိုင်းပဲ။ **အစီအရင် ပြုလုပ် မယ့် မနက်(၉)နာရီအချိန်မှာ ပြုလုပ် မယ့်သူက ရေချိုးသန့်စင် ချေးညှော် ကင်းတဲ့ သပ်သပ်ရပ်ရပ် အဖြူရောင် အဝတ်အထည်ကို ဝတ်ဆင်ပြီးအနှော အနှင့်ငါးပါးကို ရည်စူးလို့ ဆွမ်းဖြူ (၉)ပွဲ၊ ရေတော်(၉)ခွက်၊ အလင်းတိုင် (၉)တိုင်နဲ့ ဆက်ကပ်လှူဒါန်းရမယ်။**

ခဲဖွယ်ဘောဇဉ် ချိုချဉ်သစ်သီးတို့၊ အမွှေးတိုင်တို့ကတော့ တတ်နိုင်ရင် ကပ်လှူပေါ့လေ။ ဘုရားရှင်ကို ရှိခိုး ကန်တော့ပြီး အနည်းဆုံး(၅)ပါးသီလ ခံယူပါ။ (၈)ပါးသီလ၊ (၉)ပါး သီလများ ခံယူနိုင်ရင်တော့ အတိုင်းထက်အလွန် ပဲပေါ့။

သီလခံယူ ရှိခိုးပြီးတဲ့နောက် ဆုတောင်းအမျှဝေရပါမယ်။ ပြီးမှ သိဒ္ဓိ တင်မယ့်ပစ္စည်းကို လက်မှာကိုင်လို့ဖြစ်စေ၊ ဆင်ပေါ်မှာဖြစ်စေ ထားပြီး ပစ္စည်းကို စူးစူးစိုက်စိုက်ကြည့်လို့ "**အနိုးဂါထာ များ**"ကို အနည်းဆုံး (၉)ခေါက်ကနေ (၁၀)ခေါက်၊ (၂၇)ခေါက်၊ (၃၆) ခေါက် စသဖြင့် နဝင်းကိုက် မိမိ စိတ်နိုင်ကြည် သလို ရွတ်ပွားပေးရပါတယ်။ (၃)ရက် ကနေ (၉)ရက်ထိ အဓိဋ္ဌာန်တင်ပြီးလဲ ပူဇော်ဆောင်ရွက်ရပါမယ်။

ဆောင်ရွက်သူရဲ့ သမာဓိ၊ စရဏ အား ကောင်းရင်ကောင်းသလို အကျိုးပေး မြန်ပါလိမ့်မယ်'

'ကဲ...သဘောပေါက်ပြီဆိုရင် ဗားမဲ့ ဆရာတော်ကြီးရဲ့ "**နမောဗုဒ္ဓါယ သိဒ္ဓံ**" အနိုးသိဒ္ဓိတင်မန္တန် (၆)ဂါထာနဲ့ "**ဗုဒ္ဓံ သလာ**" (၄)ဂါထာတို့ကို ဦးလေးက ရွတ်ပွားပူဇော်ပေးပါ့မယ်။ လိုက်ရေးကူး ကြပေါ့နော်'

နမောဗုဒ္ဓါယသိဒ္ဓံ(၆)ဂါထာ

၁။ နရာနရဟိတံ ဓာရံ၊ နရဒေဝေဟိ ပူဇိတံ၊
နရာနံ ကမ္မသာဂံဟံ၊ နမာမိ သုဂတံ ဂတံ။

၂။ မောဟမာနပဋိစ္ဆန္နံ မောဟခယာယ ဒေသိတံ၊
မောဟနုဒ္ဒိ သဒ္ဒါပဿံ၊ မောဟဘိန္နံ နမာမဟံ။

၃။ ဗုဒ္ဓေါ ဗုဒ္ဓိတိ ဗုဒ္ဓတ္တံ၊ ဗုဒ္ဓနာမံ သုလဘတိ၊
ဗုဒ္ဓတ္တံ သမနုပ္ပတ္တော၊ ဗုဒ္ဓံနာထံ နမာမဟံ။

၄။ ဓာရယိတွာန သမ္ဗုဒ္ဓေါ ဓာတုဘူတံ ပကာသိတံ၊
ဓာတော လောကော သမာဟိတော၊ ဓာတု ဘူတံ နမာမဟံ။

၅။ ယသပါဒေ သံယုဝဍ္ဍော၊ ယသဂန္ဓဗ္ဗ သာဓိတော၊
ယသတေဇေန တာလိတော၊ ယသဒ္ဒိတံ နမာမဟံ။

၆။ သိဒ္ဓဗ္ဗိ ဗုဒ္ဓရတနံ၊ သိဒ္ဓဉ္စာပိ မဟာလာဘံ၊
သိဒ္ဓေဟိ မန သိဒ္ဓေဟိ၊ သိဒ္ဓံဖေယျံ ဒဒါတုမေ။

ခက်ခဲသော ပါဠိအသံထွက်

၁။ **ကမ္မသာဂံဟံ** = ကမ်မသာင်ဂဟံ

၂။ **ပဋိစ္ဆန္နံ** = ပတိတ်ဆန်နံ
**မောဟနုဒ္ဒိ** = မောဟနမ်ဒိ
**သဒ္ဒါပဿံ** = သဒ္ဒါပတ်သံ
**မောဟဘိန္နံ** = မောဟဘိန်ဒံ

၃။ **ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဗုဒ္ဓိတိ** = ဗုတ်ဓါဝ္တိ
**ဗုဒ္ဓတ္တံ** = ဗုတ်ဓတ်တံ
**သမနုပ္ပတ္တော** = သမနုပ်ပတ်တော

၄။ **ဓာရယိတွာန** = ဓာရယိတ်တဝါန
**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓေါ

၅။ **သံယုဝဍ္ဍော** = သံယုဝတ်ဍော
**ယသဂန္ဓဗ္ဗ** = ယသဂန်နဗ်ဗ
**ယသဒ္ဒိတံ** = ယသိတ်ဓိတံ

၆။ **သိဒ္ဓဗ္ဗိ** = သိတ်ဓမ်ပိ
**ဗုဒ္ဓရတနံ** = ဗုတ်ဓရတနံ
**သိဒ္ဓဉ္စာပိ** = သိတ်ဓင်စာပိ
**သိဒ္ဓေဟိ** = သိတ်ဓေဟိ
**သိဒ္ဓံဖေယျံ** = သိတ်ဓံဖေယျံ

အနက်

၁။ **နရာနရဟိတံ**–လူနတ်တို့၏ အစီးအပွားကို၊ **ဓာရံ** –ဆောင်တော်မူသော၊ **နရဒေဝေဟိ** – နတ်လူတို့သည်၊ **ပူဇိတံ**–ပူဇော်အပ်ထသော၊ **နရာနံ** – လူတို့၏၊ **ကမ္မသာဂံဟံ** – ကောင်းမှုကို ချီးမြှောက်တတ်သော၊ **သုဂတံ**– ကောင်းစွာ သွားရောက်ရာဖြစ်သော နိဗ္ဗာန်သို့၊ **ဂတံ**–ကြွမြန်းတော်မူသော မြတ်စွာဘုရားကို၊ **နမာမိ**–ရှိခိုးပါ၏။

၂။ **မောဟမာနပဋိစ္ဆန္နံ** – မောဟ,မာန တို့ကို ဖြတ်တော်မူသော၊ **မောဟ ခယာယ** – မောဟကုန်ခန်းခြင်းငှာ၊ **ဒေသိတံ**– ဟောကြားတော်မူသော၊ **သဒ္ဒါ**–အခါခပ်သိမ်း။ **မောဟနုဒ္ဒိ**– တွေဝေမိန်းမောခြင်းကိုလည်း။ **ပဿံ** – မြင်တော်မူသော၊ **မောဟဘိန္နံ**– မောဟကို ဖျက်ဆီးတတ်သော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ် သည်၊ **နမာမိ**–ရှိခိုးပါ၏။

၃။ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **ဗုဒ္ဓတ္တံ** –ဘုရားအဖြစ်သို့၊ **သမနုပ္ပတ္တော**– ကောင်းစွာ ရောက်တော်မူလတ် သော်၊ **ဗုဒ္ဓိတိ**–ဗုဒ္ဓဟူ၍၊ **ဗုဒ္ဓံနာမံ**– ဗုဒ္ဓဟူသော အမည်ကို၊ **သုလဘတိ** –ကောင်းစွာ ရတော်မူ၏။ **ဗုဒ္ဓတ္တံ**– ဘုရားအဖြစ်သို့၊ **သမနုပ္ပတ္တော** – ကောင်းစွာ ရောက်တော်မူသည်ဖြစ် ၍၊ **နာထံ**–လူနတ်တို့၏ ကိုးကွယ် ရာ ဖြစ်တော်မူထသော၊ **ဗုဒ္ဓံ**– မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ် သည်၊ **နမာမိ**–ရှိခိုးပါ၏။

၄။ **သမ္ဗုဒ္ဓေါ** – မြတ်စွာဘုရားသည်၊ **ဓာတုဘူတံ** – ဓာတ်သဘောဖြစ်သော တရားတော်ကို၊ **ဓာရယိတွာ**–ဆောင် တော်မူ၍၊ **ပကာသိတံ**–ပြတော်မူ၏။ **ဓာတော** – ဆောင်အပ်သော၊ **လော ကော**–လောကသည်၊ **သမာဟိတော** –ကောင်းစွာတည်၏။ **ဓာတုဘူတံ** – မွေ့ဓာတ်ဖြစ်သော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **နမာမိ**–ရှိခိုး ပါ၏။

၅။ **ယသပါဒေ**–အခြံအရံ၏ အခြေ၌၊ **သံယုဝဍ္ဍော**–ကောင်းစွာ ယှဉ်သော၊ **ယသဂန္ဓဗ္ဗသာဓိတော**–ယသဂန္ဓဗ္ဗ သည် ပြီးစေအပ်သော၊ **ယသတေ ဇေန**– ယသတည်းဟူသော မီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

**စာလိတော**– တောက်ဖတော်မူသော၊ **ယသန္တိတံ** – ယသကို ဆောင်တော်မူသော ပုဂ္ဂိုလ်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **သိဒ္ဓမ္မိ**–ပြည့်စုံပြီးစီးခြင်းရှိသော၊ **ဗုဒ္ဓရတနံ** – ဘုရားရတနာသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓတ္ထာပိ**–ပြီးစီးခြင်းကိုလည်းကောင်း၊ **မဟာလာဘဥ္စ**–ကြီးမြတ်သော လာဘ်လာဘကို လည်းကောင်း၊ **သဒါတု**–ပေးတော်မူပါစေသတည်း၊ **သိဒ္ဓေ ဟိနေသိဒ္ဓေဟိ**–ဥစ္စာအဖုံဖုံ ပြည့်စုံခြင်းတို့ဖြင့်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓံ ဇေယျံ**–ပြီးစီးအောင်မြင်ခြင်းကို၊ **သဒါတု**–ပေးပါစေတည်း။

ဒွန်းသဲလာ သိဒ္ဓိတင်(၄)ဂါထာ

၁။ ဝေဒယန္တိ စဘော သောတ္ထိ၊ ဒေဝါမာနုသကာ ဥဘော၊ မဟန္တံ ပတ္တိတံတုယ့်၊ တံလာဘသု ယထိစ္ဆိတံ။

၂။ ယထာပိ သမယေ ပတ္တေ ပုပ္ဖန္တိ ပုပ္ဖိနော ဒုမာ၊ တထေဝတွံ မဟာဝီရ ပူရယ ဒသပါရမီ။

၃။ ယထာ ယေကေစိ သမ္ဗုဒ္ဓါ ဗောဓိမဏ္ဍမှိ ဗုဇ္ဈရေ၊ တထေဝတွံ မဟာဝီရ၊ ဗုဇ္ဈသု ဇိနဗောဓိယံ။

၄။ ပုဏ္ဏမာယေ ယထာစန္ဒော၊ ပရိသုဒ္ဓေါ ဝိရောစတိ၊ တထေဝတွံ ပုဏ္ဏမနော၊ ဝိရောစ ဒသ သဟဿိယံ။

ဆက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။ | **ဝေဒယန္တိ** | = ဝေဒယန်တိ |
| | **သောတ္ထိ** | = သွတ်ထိန် |
| | **ဥဘော** | = အုဘော |
| | **မဟန္တံ** | = မဟန်တံ |
| | **ပတ္တိတံတုယ့်** | = ပတ်ထိတံတုန်ရှံ |
| | **တံလာဘသု** | = တံလာဘတ်သု |
| | **ယထိစ္ဆိတံ** | = ယထိတ်ဆိတံ |
| ၂။ | **ပတ္တေ** | = ပတ်တေ |
| | **ပုပ္ဖန္တိ** | = ပုပ်ဖန်တိ |
| | **ပုပ္ဖိနော** | = ပုပ်ဖိနော |
| ၃။ | **သမ္ဗုဒ္ဓါ** | = သမ်ဗုတ်ဓါ |
| | **ဗောဓိမဏ္ဍမှိ** | = ဗောဓိမန်ဒန်မှိ |
| | **ဗုဇ္ဈရေ** | = ဗုတ်ဈရေ |
| | **ဗုဇ္ဈသု** | = ဗုတ်ဈတ်သု |
| ၄။ | **ပုဏ္ဏမာယေ** | = ပုန်နမာယေ |
| | **ယထာစန္ဒော** | = ယထာစန်ဒေါ |
| | **ပရိသုဒ္ဓေါ** | = ပရိသုတ်ဓေါ |
| | **သဟဿိယံ** | = သဟတ်သိယံ |



▲ ဗားသောင်မြို့၊ ကျွက်သမ်ရပ်မှ ဂမ္ဘီရပစ္စည်းများအကြောင်း ရှင်းပြသည့် ရှမ်းတိုင်းရင်းသားကြီး ဦးနန္ဒ

အနက်

၁။ **မဟာဝီရ**–မြတ်သော လုံ့လရှိသော ရှင်ရသေ့၊ **ဒေဝါစ**–နတ်တို့သည် လည်းကောင်း၊ **မာနုသကာစ**–လူအပေါင်းတို့သည် လည်းကောင်း၊ **ဥဘော**–နှစ်မျိုးကုန်သော၊ **တေ**–ထိုနတ်လူတို့သည်၊ **တေ**–သင်ရသေ့ကျောင်းဘုရားလောင်း၏၊ **သောတ္ထိ**–ချမ်းသာခြင်းကို၊ **ဝေဒယန္တိ**–နှစ်သက်ကြကုန်၏။

**တုယှံ**– သင်ရသေ့ကျောင်း ဘုရားလောင်းသည်၊ **မဟန္တံ**–ကြီးမြတ်သော ဆုကို၊ **ပတ္တိတံ**–တောင့်တအပ်ပြီ၊ **တံ**–ထိုတောင့်တသောဆုကို၊ **ယထိစ္ဆိတံ** – အလိုရှိသည့်အတိုင်း၊ **လာဘသု**– ရရှိပါစေသတည်း။

၂။ **မဟာဝီရ**–မြတ်သော လုံ့လရှိသော ရှင်ရသေ့၊ **သမယေ**–သင့်လျော်သောအခါသို့၊ **ပတ္တေ**–ရောက်သည်ရှိသော်၊ **ပုပ္ဖိနော**–ပွင့်လေ့ရှိကုန်သော၊ **ဒုမာ**–သစ်ပင်တို့သည်၊ **ပုပ္ဖန္တိယထာပိ**– ပွင့်ကြကုန်သကဲ့သို့လည်း၊ **တထေဝ** – ထို့အတူပင်၊ **တွံ**–သင်ရသေ့ကျောင်း ဘုရားလောင်းသည်၊ **ဒသပါရမီ**–ဆယ်ပါးသော ပါရမီတို့ကို၊ **ပူရယ**–ဖြည့်ကျင့်လေလော့။

၃။ **မဟာဝီရ**–မြတ်သော လုံ့လရှိသော ရှင်ရသေ့၊ **ယေကေစိ** – ပွင့်သမျှလုံးစုံ ခပ်သိမ်းကုန်သော၊ **ဗုဒ္ဓါ**–ဘုရားရှင်တို့သည်၊ **ဗောဓိမဏ္ဍမှိ**–သဗ္ဗညုတဉာဏ်ကို ကြည်စေရာ ဖြစ်သော ဗောဓိပင်၌ (ဝါ) ဗောဓိမဏ္ဍိုင်၌၊ **ဗုဇ္ဈရေယထာ** –သစ္စာလေးခွင် ဆယ့်ခြောက်အင်ကို သိမြင်သဖြင့် ပွင့်တော်မူကြကုန်သကဲ့သို့၊ **တထေဝ**–ထို့အတူသာလျှင်၊ **တွံ**–သင်ရသေ့ကျောင်း ဘုရားလောင်းသည်၊ **ဇိနဗောဓိယံ**–မြတ်စွာဘုရားတို့ အောင်မြင်တော်မူရာ မဟာဗောဓိပင်ခြေ၌၊ **ဗုဇ္ဈသု**–သစ္စာလေးခွင် ဆယ့်ခြောက်အင်ကို၊ သိမြင်သဖြင့် ပွင့်တော်မူလော့။

၄။ **ပုဏ္ဏမာယေ**– လပြည့်အခါ၌၊ **စန္ဒော**–ဝန်းဝိုင်းပြည့်ရွန်း လပြည့်ဝန်းသည်၊ **ပရိသုဒ္ဓေါ**–ထက်ဝန်းကျင် စင်ကြယ်သည်ဖြစ်၍၊ **ဝိရောစတိယထာ**–တင့်တယ်သကဲ့သို့၊ **တထေဝ**–ထို့အတူသာလျှင်၊ **တွံ**–သင်ရသေ့ကျောင်း ဘုရားလောင်းသည်၊ **ပုဏ္ဏမနော** –ပြည့်စုံသော စိတ်အကြံရှိသည်ဖြစ်၍၊ **ဒသ သဟဿိယံ**–တစ်သောင်းသော လောကဓာတ်၌၊ **ဝိရောစ**–တင့်တယ်ပါလော့။

*[ဤဂါထာတော်များ၊ ပါဠိအနက်ကို နကွဿရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

ဂမ္ဘီရအန္တယ်ဝင် ပစ္စည်းများ၏ ပိုင်ရှင်နှစ်ဦးတို့မှာလည်း စိတ်နှလုံး ဝမ်းမြောက်ကြည်နူးရွှင်မြူး တက်ကြွစွာဖြင့် ဦးလေးနန္ဒကို ရိုသေစွာ ကန်တော့ကာ ပြန်သွားကြပါတော့သည်။

အဆိုပါ ပုဂ္ဂိုလ်(၂)ဦး၏ ခွင့်ပြုချက်ဖြင့် ယိုးဒယားအင်း ဘုရားအဆောင်နှင့် ရေဆင်စွယ်ဟုယူဆရသော ပစ္စည်း(၅)ချောင်းတို့ကို ဓာတ်ပုံရိုက် ခွင့်ပြုရာ ယခုစာမူတွင် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ထိုပုဂ္ဂိုလ်များ၏ အမည်ကိုမူ ထည့်သွင်းဖော်ပြခြင်း မပြုပါရန် ကာယကံရှင်များ တောင်းပန်ခဲ့သဖြင့် အကြီးလူ ကိုလူပု ဟု အညွှန်းပြုခဲ့ရပါသည်။

**(ဤစာမူပါပစ္စည်းများကို လေ့လာလိုပါက ဦးလေးနန္ဒမှတစ်ဆင့် ဆက်သွယ်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။)**

နောင် အလျဉ်းသင့်ပါက ဦးလေးဦးနန္ဒ စုဆောင်းထားသည့် လက်ဝယ်ရှိ ဂမ္ဘီရပစ္စည်းများနှင့် သိဒ္ဓိတင်ဂါထာများကို ဆက်လက် တင်ဆက်ပါဦးမည်။

**အုံကြွယ်**

www.burmeseclassic.com

www.burmeseclassic.com





# တောဟင်းကလာနှင့် ပြဒါးမှုလခဲ

တစ်နေ့တွင် စာရေးသူသည် နံနက်စောစော အိပ်ရာထကာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၍' အိမ်ရှေ့စားပွဲတွင် ရေနွေးကြမ်းသောက်နေပါသည်။ ထိုစဉ် ဖုန်းသံမြည်လာ၍ ကောက်ကိုင်လိုက်ရာ...

'ဟလို... အမိန့်ရှိပါ ခင်ဗျာ'

'ဟလို... နေသွေးလား'

'ဗြော်... ဟုတ်ကဲ့ ဘကြီးအောင်ပြော အကြောင်းရှိလို့လား'

'အေး ငါနဲ့ အောင်ငြိမ်း(ကောင်းခန့်–သခွတ်မြေ) လက်ဖက်ရည်ဆိုင်ရောက်နေပြီ မင်းလာခဲ့တော့'

'ဟုတ်ကဲ့... ဘကြီးအောင်'

ယခုမှု ယင်းတို့နှစ်ဦးက အရင်ရောက်နှင့်ကာ လှမ်းခေါ်သောကြောင့်...

သို့နှင့် အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု တွေးကာ ကျွန်တော်လည်း လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ပါသည်။

ထင်သည့်အတိုင်းပင် ရောက်လျှင်ရောက်ချင်း ယင်းတို့စားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့်...

'ရော့... မင်းကို ဒီလက်ဆောင်ပေးမလို့'

ဟု ဆိုကာ ဘကြီးအောင်မှ မှတ်စုစာအုပ်ကလေးတစ်အုပ် စာရေးသူအား ကမ်းပေးလိုက်ပါသည်။

'ဘာတွေများ မှတ်သားထားလို့လဲဗျ၊ ငယ်ဘဝက ဖာတ်လမ်းတွေများလား'

ဟု စာရေးသူမှ နောက်ပြောင်လိုက်ရာ...

'မဟုတ်ဘူးကွ မင်းနောက်မနေနဲ့၊ မင်း အသုံးတည့်မယ်ထင်လို့ ယူလာတာ၊ **ငါတို့ဘုရားကြီးကျောင်း ဆရာတော် ပျံလွန်တော်မမူခင်က သုံးတဲ့ အင်္ဂရတ်မှတ်စုတွေနဲ့ အင်း၊ စမပုံတွေ** မင်းကတော့ တိုင်းရင်းဆေးတို့၊ ဓာတ်တို့ ဝါသနာပါလို့ ယူလာတာ'

စာရေးသူလည်း စာအုပ်ကိုယူ၍ ဟိုလှန် ဒီလှန် လျှောက်ကြည့်ရာ သဘောကျပြီး...

'ကောင်းတာပေါ့ဗျာ။ ကျွန်တော်နဲ့တော့ ဟန်ကျတာပဲ၊ အင်္ဂရတ်နည်းတိုလေး ဘာလေးတွေ့တော့ စမ်းကြည့်ရတာပေါ့'

ရောက်တတ်ရာရာ စကားများပြောဆိုပြီး စာရေးသူတို့သုံးယောက်လမ်းခွဲကာ အိမ်ပြန်ခဲ့ကြပါသည်။ အိမ်ရောက်ရောက်ချင်း အင်္ဂရတ်နည်းတိုများကို လျှောက်ဖတ်ကြည့်ရာ **ပြဒါးမှုလခဲနည်း**ကိုတွေ့၍ စာရေးသူသဘောကျကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဝါသနာရှင် ပရိသတ်များသို့ မျှဝေလိုက်ပါသည်။

လုပ်နည်းလုပ်ဟန်မှာ အလွန်လွယ်ကူပါသည်။

လုံပက်လက်တွင် ပြဒါးထည့်ပြီး မီးနွေးနွေးတွင် တင်ကာ တောဟင်းကလာအရိုင်းပင်သတ္တုရည်နှင့် လောင်းထည့်ပြီး မွှေပေးရန်သာဖြစ်သည်။

လေဖိုနှင့် ပြုလုပ်စရာမလိုတဲ့ မီးရဲနေသော မီးခဲလေး ငါးခဲပေါ်တွင်တင်ကာ သတ္တုရည်လောင်းလိုက်၊ မွှေလိုက်နှင့် ပြုလုပ်ပေးရန်သာဖြစ်သည်။

မကြာမီ ပြဒါးအတွင်းမှ ချေး(ဂိုး)များထွက်ကာ မွှေနေရင်း ပျစ်ခဲလာပြီး အအေးခံလိုက်သည်နှင့် ပြဒါးအခဲ ရပါလိမ့်မည်။

ဝါသနာရှင် ပရိသတ်များ ဉာဏ်ရှိသလို ဆက်လက်အသုံးပြုနိုင်ရန် ဝေငှလိုက်ရပါသည်။

**[မှတ်စုစာအုပ် ယူလာပေးသော ကိုကိုအောင်(မြကန်သာ)အား ကျေးဇူးတင်လျက်...]**

***သုခီအဏ္ဏာန် ပရိဟာရရှုံ***

**မောင်နေသွေး (ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com





# ကိစ္စအဝဝအတွက် ယတြာအစီအရင်

ဂမ္ဘီရဗေဒ (ဦးဗုဒ္ဓဓရ)
စစ်ကိုင်း

…ဉ်တို့၏ လော်ကီနယ်ပယ်၌ …ား ရှုပ်ထွေးပွေလီသော ကံအလုပ်တို့ …ီးပွားရေး လူမှုရေး စသည်တို့တွင် …ောင်မြင်တစ်ခါ၊ ရှုံးချိုတစ်လှည့်နှင့် …ကြလေသည်။

…ာလီယုဂ်ဆုတ်ကပ် ဖြစ်သည်နှင့် …ညီ အောင်မြင်သည့်အချိန်တို့၌ …ာသော်လည်း…

…ကံညံ့သောကာလတို့၌ ရှုံးနိမ့်ပြီဆို …ျှ "အကုသိုလ်သည် အဖော် …ခေါ်၍ လာသည်" ဟူသော …ကဲ့သို့ ရှုံးနိမ့်ခြင်းများကို ဆက် … ကြုံတွေ့ရတတ်ကြပေသည်။

…ိုသို့ ကံညံ့နေသောအခါတို့တွင် …တ်ရာတည်ရာ မှီခိုရာရှိသူတို့ကား …တြ၏။ မိမိတို့၏ ရှုံးနိမ့်မှုကို …ည်တည့်မတ်၍ အောင်မြင်မှုကို …နိုင်ကြလေ၏။

…အမှီခိုကင်းသူတို့၏အဖို့ကား ပဲ့မှာ …သကဲ့သို့ အပူမီးဝိုင်းကြလျက် …ုက်ဆုံးသည်အထိ ခံကြရတတ် …ည်။

…င်း အမှီခိုကင်းလျက် လောကီ …ု အဝဝတို့အား ပူပန်သောကကြုံ …သူတို့အတွက် အောင်မြင်မှုကို …ည်ရှာဖွေနိုင်ကြပါစေ ဟူသော …ရည်ရွယ်ချက်ဖြင့် ကိစ္စအရပ်ရပ်ကို ပြေလည်စေနိုင်သော လောကီယတြာ အစီအရင်တို့ကို ဖော်ပြလိုက်ရပါသည်။

**ယတြာအစီအရင်များ**

၁။ တနင်္ဂနွေနံဖြစ်သည့် အိုးအိမ်ကိစ္စ, အလုပ်ကိစ္စ,အမှုကိစ္စ စသည်တို့ အတွက် အခက်အခဲများ၊ စိုးရိမ်သောကများ ဖြစ်နေပါက…

'တနင်္ဂနွေနေ့ နံနက် (၇)နာရီအချိန်တွင် အုန်းသီးစိပ်(၈)စိပ်၊ ပဲကြော် (၃)ခုတို့ကို အိမ်ဦးခန်းဘုရားတွင် ကပ်လှူပါ။

ဂုဏ်တော်(၉)ပါးကို (၇)ပတ် ပုတီးစိပ်ပြီး လိုအပ်သောဆုတောင်းမှု ပြုလုပ်ပါ။ တနင်္ဂနွေနံနှင့် ပတ်သက်သော ကိစ္စအဝဝတို့ ပြေလည်၍ အောင်မြင်မှု ရရှိတတ်ပါသည်။

ဂုဏ်တော်(၉)ပါး

○သော ဘဂဝါ ဣတိပိ အရဟံ၊
○သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
○သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
○သော ဘဂဝါ ဣတိပိ သုဂတော၊
○သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
○သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ၊
○သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
○သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
○သော ဘဂဝါ ဣတိပိ ဘဂဝါ။

*(၇-ပတ်စိပ်ပါ)*

၂။ တနင်္လာနံဖြစ်သည့် ကားကိစ္စ၊ ကျောင်းကိစ္စ၊ ခရီးသွားကိစ္စ စသည် တို့အတွက် အခက်အခဲများ၊ စိုးရိမ် သောကများ ဖြစ်နေပါလျှင်…

'တနင်္လာနေ့နံနက်(၇)နာရီ အချိန်တွင် လင်ပန်းထဲတွင် ကြက်ဥပြုတ်(၈)လုံး၊ သောက် တော်ရေ(၄)ခွက်တို့ကို အိမ်ဦးခန်းဘုရားတွင် ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၅)ပတ် ပုတီး စိပ်ပြီး လိုအပ်သောဆုတောင်းမှုပြုပါ။ တနင်္လာနံနှင့်ပတ်သက်သော ကိစ္စ အဝဝများ ပြေလည်၍ အောင်မြင်မှု ရရှိတတ်ပါသည်။

၃။ အင်္ဂါနံဖြစ်သည့် စက်ကိစ္စ၊ ဆီကိစ္စ၊ ဆန်ကိစ္စစသည်တို့အတွက် အခက် အခဲများ စိုးရိမ်သောကများ ဖြစ်နေ ပါလျှင်…

'ဒီး(ဆီး)ယို (၈)ထုပ်၊ သင်္ဘောသီးစိပ်





www.burmeseclassic.com

www.burmeseclassic.com

(၃)စိပ်တို့ကို ဒိဋ္ဌိဦးခန်းဘုရားတွင် ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၈)ပတ် ပုတီးစိပ်၍ လိုအပ်သောဆုတောင်းမှုပြုပါ။ အင်္ဂါနေ့နံနက်(၇)နာရီအချိန်တွင် ပြုလုပ်ပါ။

**အင်္ဂါနံနှင့် ပတ်သက်သောကိစ္စအဝဝများ ပြေလည်၍ အောင်မြင်မှုများ** ရရှိတတ်ပါသည်။

၄။ ဗုဒ္ဓဟူးနံဖြစ်သည့် **ရွှေကိစ္စ၊ လူမှုရေးကိစ္စ** စသည်တို့အတွက်အခက်အခဲများ၊ စိုးရိမ်သောကများ ဖြစ်နေပါလျှင်...

'ဗုဒ္ဓဟူးနေ့နံနက် (၇)နာရီအချိန်တွင် သောက်တော်ရေ(၈)ခွက်၊ ကျောက်ကျော (၂)ပွဲတို့ကို ဒိဋ္ဌိဦးခန်းဘုရားတွင် ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၆)ပတ် ပုတီးစိပ်၍ လိုအပ်သောဆုတောင်းမှုပြုပါ။

ဗုဒ္ဓဟူးနံနှင့် ပတ်သက်သောကိစ္စအဝဝများ ပြေလည်၍ အောင်မြင်မှုများ ရရှိတတ်ပါသည်။

၅။ ကြာသပတေးနံဖြစ်သည့် **မြေကိစ္စ၊ မိန်းမကိစ္စ** စသည်တို့အတွက် အခက်အခဲများ၊ စိုးရိမ်သောကများ ဖြစ်နေပါလျှင်...

'ကြာသပတေးနေ့နံနက် (၇)နာရီအချိန်တွင် ပဲကြော်(၈)ခု၊ အုန်းသီးစိပ်(၁)စိပ်တို့ကို ဒိဋ္ဌိဦးခန်းဘုရားတွင် ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၂)ပတ် ပုတီးစိပ်၍ လိုအပ်သောဆုတောင်းမှုပြုပါ။

ကြာသပတေးနံနှင့် ပတ်သက်သောကိစ္စအဝဝများ ပြေလည်၍ အောင်မြင်မှုများ ရရှိတတ်ပါသည်။

၆။ သောကြာနံဖြစ်သည့် **သစ်၊ သံကိစ္စများ၊ သွပ်ကိစ္စများ** စသည်တို့အတွက် အခက်အခဲများ၊ စိုးရိမ်သောကများ ဖြစ်နေပါလျှင်...

'သောကြာနေ့နံနက် (၇)နာရီအချိန်တွင် သစ်သီးမျိုးစုံ (၈)လုံး၊ ဆီထမင်း(သို့မဟုတ်) ဆီဆမ်းထမင်းဖြူ(၃)ပွဲတို့ကို ဒိဋ္ဌိဦးခန်းဘုရားတွင် ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၄)ပတ် ပုတီးစိပ်၍ လိုသောဆုတောင်းမှု ပြုပါ။

သောကြာနံနှင့် ပတ်သက်သော[ကိစ္စ] အဝဝများ ပြေလည်၍ အောင်မြင်[မှု] များ ရရှိတတ်ပါသည်။

၇။ စနေနံဖြစ်သည့် **ထီးကိစ္စများ [...] ထောင်တန်းကျခြင်း ကိစ္စများ** စသည်တို့အတွက် အခက်အခဲ[များ] စိုးရိမ်သောကများ ဖြစ်နေပါလျှင်...

'စနေနေ့နံနက် (၇)နာရီအချိန်တွင် [...] (၈)ခွက်၊ ယို(၃)မျိုးတို့ကို ဒိဋ္ဌိဦးခန်းဘုရား[တွင်] ကပ်လှူပါ'

ဂုဏ်တော်(၉)ပါးကို (၁)ပတ် ပု[တီး] စိပ်၍ လိုအပ်သောဆုတောင်းမှု[...] ပြုပါ။

စနေနံနှင့်ပတ်သက်သော [ကိစ္စ] အဝဝများ ပြေလည်၍ အောင်မြင်[မှု] ရရှိတတ်ပါသည်။

***လိုရာဆန္ဒ ပြည့်ဝကြပါစေ***

**ဂါမဏီဇော် (ဝိဇ္ဇာဓရ)**
**စစ်ကိုင်း**

စာမျက်နှာ (၂၀၅)မှ အဆက်

ယင်းဆေး(၇)မျိုးကို လက်ကော်ကျအောင် ချက်ပြီး ညစဉ်စားပွဲဇွန်းကြီး (၁)ဇွန်း သောက်ပေးပါက သွေးသန့်၍ ဝမ်းမှန်ပြီး ကိုယ်တွင်းအနံ့ဆိုးများ လျင်မြန်စွာ ပျောက်ကင်းစေပါသည်။

**၃။ ကိုယ်နံ့ဆိုးသူများ လိုက်နာ ကျင့်သုံးရမည့်အချက်များ**

- ချိုင်းနှင့်ပေါင်ခြံတို့တွင် ထုံးရေကြည်(သို့မဟုတ်) ကျောက်ချဉ်ရေကြည်ကို တစ်နေ့ (၂)ကြိမ်ခန့် သုတ်ပေးပါ။
- ရေချိုးလျှင် သံပရာခြမ်းတွင် ဆားအနည်းငယ်တင်၍ ချိုင်းနှင့် ပေါင်ခြံတို့ကို ပွတ်တိုက်ပေးပါ။
- ညအိပ်ရာဝင်တွင် ချိုင်းနှင့်ပေါင်ခြံတို့တွင် ကွမ်းရွက်ကိုမီးကင်ပြီး ကပ်ပေးပါ။(အမွေးအမှင်များ မရှိမှ ကွမ်းရွက်ကပ်၍ ရမည်ဖြစ်၍ အမွေးအမှင်များ သန့်စင်ထားပါ။)
- သခွားသီးကိုလည်း ပါးပါးလှီး၍ ကွမ်းရွက်ကပ်သကဲ့သို့ နာရီဝက် (သို့မဟုတ်) တစ်နာရီခန့် ကပ်ပေးနိုင်ပါသည်။
- ရေချိုးလျှင် ဆားခါးရေနွေးနွေးဖြင့် စိမ်၍ ချိုးပေ[...]
- ညဘက် ရေချိုးပြီးလျှင် ချိုင်းနှင့် ပေါင်ခြံတို့[...] နံ့သာဖြူ (သို့မဟုတ်) ကရမက်ကို ဇာတိပ္ဖိုလ်[...] အဆစ်နှင့်ရောသွေး၍ လိမ်းပေးပါ။

အထက်ဖော်ပြပါ နည်းစနစ်အမှန်များကို သရာစာ[...]ဘဲ စေတနာထား၍ ဖော်ပြပေးလိုက်ပါသည်။

ယုံကြည်စွာဖြင့် လိုက်နာလုပ်ဆောင်ကြပါလျှင် မိမိတို့၏ ကိုယ်နံ့ဆိုးခြင်းကြောင့် လူမှုအသိုင်းအဝိုင်း[...]သို့ ဝင်ရမှာ ကြောက်ရွံ့စိုးရိမ် သိမ်ငယ်စိတ်ဝင်နေ[...]သည့် မိမိတို့၏ ကိုယ်သင်းရနံ့ကို လေညင်းသို့ ဖျံ့[...] လူပုံအလယ်မှာ ရဲရဲဝံ့ဝံ့နှင့် ပွဲလယ်တင့်နိုင်ကြပါစေ[...]

***ပန်းတိုင်းမွှေး၍ မွှေးသောပန်းတိုင်းလည်း လှနိုင်[...]***

**ဦးမင်းခေါင်(ဓမ္မဓဇ)**





www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်သင်းရနံ့

## လေညင်းသို့ ပျံ့စေရန်

ဦးမင်းဇင် (ရွှေနဝင်း)

မ္ဘာကြီး ပူနွေးမှုအရှိန် မြင့်တက်ည်နှင့်အမျှ ကမ္ဘာနိုင်ငံအသီးသီးင်လည်း ပုံမှန်ဖြစ်မြဲ ရာသီဥတုအနေများ ပြောင်းလဲဖောက်ပြန်ခြင်းကြောင့် စာရေးသူတို့ငယ်စဉ်က နွေ၊ မိုး၊ ဆောင်းဟု ဆိုအပ်ဥတုသုံးလီကို ပီပြင်စွာ တွေ့ကြုံကြရပါသော်လည်း…

မှ အေးမြသည့် ဆောင်းလရက်များကို လက်ချိုးရေတွက်၍ ရနေလောက်အောင် ဆောင်းလ တိုတောင်းပြီး ပူအိုက်ခြောက် ရာသီက ကြီးစိုးလာခဲ့လေပြီ။

ဖြစ်၍ စားဝတ်နေရေးအတွက် ရှန်းကန်၍ သွားလာနေရသည့် သူငါ များစွာသော လူတို့သည် လှသည့် ရာသီဥတုဒဏ်ကြောင့် သံတရွှဲရွှဲနှင့် နေရထိုင်ရ ကသိအောက် နိုင်လှပေသည်။

အထဲ ချွေးအနံ့ဆိုးပြီး ချိုင်းအနံ့ သူများမှာ ပို၍ ဒုက္ခတွေ့လှပေသည်။ ထိုလက်ပပ်စော်နံသည် ကိုယ်တိုင်က ကိုယ့်ချိုင်းကို ကိုယ်တိုင်မရတာမျိုး ဖြစ်နေသည်။

"နံ့သတင်း လေညင်းဆောင်" သော စကားရပ်လေးသည် မြောက်လှပါသော်လည်း အနံ့သတင်း လေပြင်းဆောင် လို့ကတော့ အတော်မသတ် ရှုံကြလေမည်။ လေအောက်

မှ လူအများ မနှစ်မြို့စရာ ဖြစ်ပေသည်။

ဒီတော့ အပုပ်ကောင် ရုပ်ခံဆောင် နေကြသည့် ဒီခန္ဓာကိုယ်ကြီး ချွေးနံ့ ပြင်းပြီး လက်ပပ်စော်ရတာ ဘာဖြစ် သေးလဲဟု တချို့က ထင်ကြပေမည်။

သို့သော် အပုပ်ကောင် ရုပ်ခံဆောင် နေကြရာတွင် ချွေးနံ့နှစ်မျိုးနှစ်စား ရှိပါသည်ဟု ဆိုရပါမည်။

လှုပ်ရှားသွားလာမှုတို့ကြောင့် ခန္ဓာကိုယ်ကြီးမှ ဇီဝကမ္မလုပ်ဆောင်မှု အကြောင်းများကြောင့် ဖြစ်ပေါ်လာသည့် အပူဓာတ်များကို **သာမိုရယ်ဂူလေးရှင်း** (Thermoregulation)ဟု ခေါ်သည့် ခန္ဓာကိုယ်ကြီး၏ အပူချိန်ကို ထိန်းညှိပေးရသည့် ဖြစ်စဉ်ကြောင့် ပုံမှန်ချွေးထွက်ခြင်းကို ဖြစ်ပေါ်စေသည့် ချွေးနံ့သည် သာမန် ချဉ်စုတ်စုတ် ချွေးနံ့ရတာမျိုးဖြစ်ပြီး…

ခန္ဓာကိုယ်ရှိ ပုံမှန်သာမန် ချွေးအိတ် ချွေးဂလင်းလေးပေါင်း မြောက်မြားစွာ မှ ထုတ်လွှတ်ပေးလိုက်သည့် ချွေးရည် ကြည်သာ ဖြစ်ပါသည်။

ယင်းချွေးရည်သည် သွက်လက်စွာ စီးကျပြီး ခန္ဓာကိုယ်တွင် ကပ်စေးစေး နှင့်မနေတတ်ကြပါ။ ယင်းကို ချွေးသွက် ချွေးကောင်း ပုံမှန်ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ချွေးဟု ခေါ်ဆိုရ ပေမည်။**(ချွေးရှုံ့ မပြင်းပါ။)**

သို့သော် ချွေးနံ့ပြင်း လက်ပပ်စော်နံ့ ကို ဖြစ်ပေါ်စေသော ချွေးသည် အရပ်ထဲ မှ ခေါ်ဆိုကြသလို ချွေးစေးများဖြစ်၍ ကပ်စေးစေးနှင့် အနံ့ဆိုးကို ဖြစ်ပေါ် စေပါသည်။

ထိုသို့ ချွေးစေးထွက်ရခြင်းမှာ ခန္ဓာ ကိုယ်မှာ ချိုင်း၊ ပေါင်ကြား၊ စအို တစ်ဝိုက်တို့တွင် ခန္ဓာကိုယ် ဟော်မုန်း ဓာတ်တို့နှင့် ဆက်နွယ်နေသော အပို ချွေးအိတ်လေးများမှ ထွက်ပေါ်လာ သည့် ချွေးနံ့အပြင်းစားများ ဖြစ်ကြ လေသည်။

အဲဒီ စေးကပ်ကပ် အဆီဓာတ် တစ်မျိုး ပါဝင်နေသည့် ချွေးစေးများနှင့် အရေပြားပေါ်မှ အထူးသဖြင့် ချိုင်း၊ ပေါင်ခြံနှင့် စအိုလိင်အင်္ဂါများတစ်ဝိုက်မှ အညစ်အကြေးများနှင့် အချို့သော ဘက်တီးရီးယားပိုးလေးများနှင့် ဓာတ် ပြုပြီး စူးရှပြင်းထန်သည့် ဖဝက်သာ ဓာတ်**(အမိုးနီးယား)**နှင့် **အဆီဓာတ် ဖက်တီးအက်စစ်**(Fatty acid)တို့ ဖြစ် ပေါ်လာစေပြီး ဆိုးရွားစေသည့် စူးရှ နံ့စော်သော ချိုင်းချွေးနံ့ဆိုး လက်ပပ် စော်နံ့ကို ဖြစ်စေသည့် အဓိက အကြောင်းရင်း ဖြစ်ပေသည်။

တစ်ဖန် မြန်မာစကားတွင် **"ချွေးသံ တရွှဲရွှဲ"**၊ **"ချွေးသံတရဲရဲ"**ဟု

www.burmeseclassic.com

**သွေးနှင့်သံ၊ သွေးနှင့်သံ** တွဲ၍ ပြောကြသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။

ဆေးသိပ္ပံ ခန္ဓာဗေဒအမြင်နှင့် ဆန်းစစ်လိုက်တော့ သွေးထဲမှာ သံဓာတ်ပါဝင်နေသည်ကို လူသိများကြသော်လည်း ချွေးထဲတွင် အထူးသဖြင့် ချိုင်းနှင့် ပေါင်ခြံတစ်ဝိုက်မှ ချွေးထဲတွင် **ဟီမိုဆီဒရင်**(Hemosiderin) ဆိုသည့် သံဓာတ် ပါဝင်နေသည်ကို အံ့သြဖွယ် တွေ့ရှိရပါသည်။


**[ထို့ကြောင့် စာရေးသူတို့ ရှေးမြန်မာတို့၏ တွေးခေါ်ယူဆချက်များသည်** ယနေ့ သိပ္ပံအမြင်အထိ ရောက်အောင် ကြို၍ ညွှန်းဆိုပြခဲ့ကြပေသည်ဟု အတိအလင်း သက်သေပြနေပေသည်။]

**ယောကျ်ားတွေ၏ ထွက်သည့် ချွေးထဲမှာ ဖီရိုမုန်း**(Phermone) ဆိုသည့် ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်သည့် ဟော်မုန်းဓာတ်တစ်မျိုးသည် လိင်စိတ် ဖြစ်ပေါ်နေသည့် အချိန်တွင် ထွက်ပေါ်လာတတ်ပြီး ထိုအနံ့သည် သူ၏ လက်တွဲဖော်ကို သဘောကျနှစ်သက်စေပါသည်။

ထိုသို့သော ချိုင်းချွေးနံ့များပြင်း၍ လက်ပပ်စော်နံသည်ဟု ဆိုကြသော ပုဂ္ဂိုလ်များအတွက် အများတကာနှင့် တန်းတူ ပုံမှန်ချွေးနံ့သာ ဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်၍ မရပေဘူးလားဟုဆိုလျှင် ထိုသူများအတွက် စနစ်တကျ ဂရုတစိုက် ပြုပြင်ပေးလျှင် ရပါသည်ဟု ပြောချင်ပါသည်။

ချိုင်းအနံ့ဆိုး (လက်ပပ်စော်အနံ့) ပျောက်၍ "ကိုယ်သင်းရနံ့ လေညင်းသို့ ပျံ့နှံ့စေရန်" ပြုပြင်ကြမည်ဆိုလျှင်...

**၁။ အစားအသောက် ပုံစံမှ စတင်၍ သတိပြုရပေမည်။**



ချိုင်းအနံ့ဆိုးသူများသည် အစားအသောက်နှင့် တိုက်ရိုက် ပတ်သက်ဆက်နွယ်နေပါသည်။ ထို့ကြောင့် ချွေးနံ့ကို ဆိုးရွားစေသည့်...

✤ တည်းသီး၊
✤ ဆူးပုပ်ရွက်၊
✤ ပုစွန်ချဉ်၊ ငါးချဉ်၊
✤ ငါးပိကောင်၊
✤ ငါးပိအငန်များ၊
✤ ငံပြာရည်၊
✤ ဒူးရင်းသီး၊
✤ မှိုအချို့ခြောက်များ၊(ကြွက်နားရွက်မှိုက စားနိုင်ပါသည်။)
✤ ငရုတ်ကောင်း၊
✤ ကြက်သွန်နီ၊
✤ ကြက်သွန်ဖြူ၊
✤ အရက်၊
✤ ဆေးလိပ်၊
✤ အပုပ်ခံ၍ ပြုလုပ်ထားသော အစာများ၊
✤ ပဲငါးပိ၊ ပဲပုပ်၊ တဲဥ၊
✤ အမဲသား၊ ကလီစာများ၊ ငါးသလောက်

စသည့် အစာများသည် ခန္ဓာကိုယ်မှ ထွက်လာသည့် ချွေးနံ့ကို ပြင်းထန်၍ အနံ့ဆိုးကို ဖြစ်ပေါ်စေသောကြောင့် ယင်းတို့ကို ရှောင်ကြဉ်ပါ။

**၂။ တစ်ကိုယ်ရည် သန့်ရှင်းရေးကို အထူးဂရုစိုက်ရပါမည်။**

※ နေ့စဉ် အနည်းဆုံး (၂)ကြိမ်ခန့် ရေချိုးသန့်စင်ပါ။

※ ချွေးနံ့စွဲနေသော အဝတ်အထည်များကို ပြန်လည်၍ ဝတ်ဆင်ခြင်း မပြုရဘဲ အနံ့အသက်ကင်းသည် အထိ သေချာစွာ လျှော်ဖွပ်ပါ။

※ ချိုင်း၊ ရင်ဘတ်၊ ပေါင်ခြံနှင့် ဆီး... မွေးများကို ရိတ်သင်ပေးပါ။

ထိုအမွေးအမှင်များတွင် အည... အကြေးနှင့် ဘက်တီးရီးယားပိုး... ခိုအောင်း၍ ချွေးနှင့် ဓာတ်ပြုပြီး အန... ဆိုးကို ပိုမို၍ ဖြစ်ပေါ်စေပါသည်။

**၃။ ကိုယ်ခန္ဓာ အနံ့ဆိုးပျောက်... အဓိကအချက်တစ်ခုမှာ...**

မိမိတို့၏ အသက်မွေးဝမ်းကျော... လုပ်ငန်းခွင် အနံ့အသက်သည်လည်း... အဓိက အရေးပါသည့်အချက် ဖြစ်... သည်။

**ဥပမာ...**

✦ ငါးပိ၊ ငါးခြောက်ပွဲရုံလုပ်ငန်း၊
✦ ငါးအဝယ်ဒိုင်၊ ငါးစို၊ ငါးစိမ်း ရောင်း...
✦ ကြက်စာ၊ ငါးစာ စက်ရုံတွင် လု... သည့် လုပ်သားများ၊
✦ သားရေနယ်လုပ်ငန်း၊
✦ အမဲအူချွတ်ရသည့်လုပ်ငန်း၊
✦ အမဲသား၊ ငါး၊ သားသတ်လုပ်င...
✦ ကန့်(ဆာလဖာ) အသုံးပြု၍ ထ... သည့်လုပ်ငန်းများ...

စသည့် လုပ်ငန်းခွင် အနံ့အသ... များနှင့် ခန္ဓာကိုယ်မှ ထွက်လာသ... ချွေးနှင့် ဓာတ်ပြုပြီး ကိုယ်နံ့ ဆိုး... ပြင်းပြခြင်းကို ဖြစ်ပေါ်စေပါသ...

***(တတ်နိုင်လျှင် အခြားလု... ပြောင်းလဲ၍ လုပ်ကိုင်ရန် ထို... သည်။)***

ခန္ဓာကိုယ်မှ အနံ့ဆိုး
ပျောက်ကင်းစေရန်
ဆေးဓာတ်စာနှင့် နည်းစနစ်များ

**၁။ ချိုင်းလက်ပပ်စော် နံသည်...**

www.burmeseclassic.com

www.burmeseclassic.com

**များအတွက် အထိရောက်ဆုံး အစားသောက်၊ ဆေးအစာများမှာ...**

❋ကျောက်ဖရုံသီးကို မကြာခဏ စားသုံးပေးရမည်။ မိမိ နှစ်သက်သလို ချက်ပြုတ်စားသောက်နိုင်သည်။

❋ကျောက်ဖရုံယိုကို စားပေးနိုင်သည်။

❋ကျောက်ဖရုံသီးတွင် ပါဝင်နေသော ဒြပ်ပေါင်းများသည် ကိုယ်တွင်းအနံ့ဆိုးကို ဖယ်ရှားပေးနိုင်သည့် အစွမ်းသတ္တိထူးများ ရှိပါသည်။

အထူးသင့်တော်သည့်...

**(က) ကျောက်ဖရုံယိုချက်ဆေးနည်း**

၁။ ကျောက်ဖရုံသီးအခွံခွာပြီး (၂)ပိဿာ
၂။ သကြား (၅၀)သား
၃။ ပျားရည် (၁၀)သား
၄။ ထောပတ် (၁၀)သား
၅။ နွမ်းဆီ (၁၀)သား
၆။ ကြိုကချက်(၃)ပါး (၈)ပဲသားစီ
၇။ ဇီရာ (၁)ကျပ်သား
၈။ နံ့နံ့စေ့(လှော်ပြီးထည့်ပါ) (၁)ကျပ်သား
၉။ အိန္ဒိယဖာလာစေ့ (၁)ကျပ်သား
၁၀။ သစ်ကြံပိုးခေါက် (၁)ကျပ်သား

အထက်ပါဆေးများကို (၁)မှ (၅) အထိ ဆေးအမည်များကို ရေသင့်ရုံ ထည့်ပြီး လက်ကော်ရအောင်ချက်ပါ။

ပြီးလျှင် (၆)မှ (၁၀)အထိ ဆေးများကို အမှုန့်ပြု၍ရော သမအောင်မွှေပြီး လေလုံစွာ သိမ်းထားကာ ညစဉ် စားပွဲဇွန်းကြီး(၁)ဇွန်း ပုံမှန် စားပေးပါ။

**(ခ) သခွားသီးကို ထန်းလျက်နှင့် မကြာခဏ စားပေးပါ။**

သခွားသီးသုပ်၊ သခွားသီးဖျော်ရည် စသည်အားဖြင့် ကြိုက်နှစ်သက်သလို ပြုလုပ်၍ စားသောက်ပေးပါ။ သခွားသီးတွင် ကိုယ်တွင်းရနံ့ဆိုးကို ကင်းစင်စေသည့် ဒြပ်ပေါင်းများ ပါဝင်နေပါသည်။



**(ဂ) မြင်းခွာရွက်သတ္တုရည် + သံပရာရည်+ပျားရည်ကို ဆတူရောစပ်၍ သောက်ပေးပါ။** (သို့မဟုတ်)

၁။ မြင်းခွာရွက်မှုန့် (၁၀)ကျပ်သား
၂။ ကုံကော်ဝတ်ဆံ (၅)ကျပ်သား
၃။ ရေတက်ကောင်း (၂)ကျပ်သား
၄။ ပျားရည် (၁၀)ကျပ်သား

နှင့် ‌ေတ၍ ဆီး(ဇီး)ကင်းခန့်လုံးပြီး တစ်နေ့(၃)လုံး ညဘက်တွင် ရေအေးနှင့် နေ့စဉ်သောက်ပါ။

**(ဃ) သံပရာသီးတစ်ခြမ်းကို ဖန်ခွက်တွင်ထည့်ပြီး** ရေနွေးပူပူလောင်းထည့်ကာ အဖုံးအုပ်ပြီး နှပ်ထားပါ။ အေးလျှင် သံပရာခြမ်းကို ယင်းရေနွေးထဲ ညှစ်ထည့်ပြီး တစ်နေ့(၁)ကြိမ်သောက်ပါ။

သွေးသန့် ချွေးသန့်၍ အနံ့ပွင့်ပြီး ကိုယ်နံ့ပျောက်စေပါသည်။

(င) လက်ဖက်စိမ်း (Green Tea) လက်ဖက်ခြောက် ကောင်းကောင်းကို ရေနွေးကြမ်းနှင့် တစ်နေ့(၇)ခွက်ခန့် မှန်မှန်သောက်ပေးပါက အကျိုးပြုပါသည်။

(စ) **သစ်မွှေးပွင့်ခြောက်** ကိုလည်း ရေနွေးစိမ်၍ နေ့စဉ် သောက်ပေးပါကလည်း ကောင်းမွန်ပါသည်။

**၂။ ကိုယ်နံ့ဆိုးသူများသည်...**

ဆီး၊ ဝမ်း၊ သွေး၊ လေတို့ မချုပ်အောင် သတိပြုနေထိုင်ရပါမည်။ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ မမှန်၍ အချုပ်များလာပါက ခန္ဓာကိုယ်တွင် မကောင်းသော မလအညစ်အကြေးဓာတ်များ ပွားများလာပြီး ကိုယ်တွင်းအနံ့ဆိုးကို ပို၍ ထွက်လာတတ်ပါသည်။

ထို့ကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ ဖြောင့်မှန်ပြီး အပူအပုပ်ဓာတ် ကင်းစင်အောင် အညောင်းထိုင်များခြင်းကို ရှောင်ပါ။ နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း နာရီဝက်ခန့် (၃၀)မိနစ်ခန့် လုပ်ပေးရန် လိုပါသည်။

သို့မှသာ ခန္ဓာကိုယ်တွင်းမှ ချွေးပေါက်များမှတစ်ဆင့် ခန္ဓာကိုယ်ထဲမှ အပူအပုပ်နှင့် အညစ်အကြေး(မလ)ဓာတ်များဖြစ်သည့် အဆိပ်အတောက်များကို ချွေးမှနေပြီး သန့်စင်ထုတ်ပယ်ခြင်း ဖြစ်ပါသည်။

ချွေးပေါင်း၍ ချွေးထုတ်ခြင်းသည်လည်း အထက်ပါအကျိုးကို ရရှိစေပါသည်။

**ဆေးအနေဖြင့် မှီဝဲလိုသော်...**

**(က)ဝမ်းကျန်ဝမ်းချုပ်သူများအတွက်**

၁။ မန်ကျည်းနှစ်(အသစ်) (၁၀)ကျပ်သား
၂။ သကြား (၁၀)ကျပ်သား
၃။ ဆား (၈)ပဲသား
၄။ နာနတ်ပွင့် (၁)ကျပ်သား

ယင်းဆေး(၄)မျိုးကို ရောတေ၍ ညစဉ် ကွမ်းသီးလုံးခန့် စားပေးပါ။

**(ခ)သွေးသန့်ဝမ်းမှန်ဆေး**

၁။ ဆီးဖြူသီး (၂၅)ကျပ်သား
(ရေနွှင့်ပြုတ်၍ အနှစ်တိုက်ထားပါ။)
၂။ သကြား (၁၅)ကျပ်သား
၃။ သံပရာသီး (၇)လုံး
(ရေနွှင့်ပြုတ်၍ အနှစ်တိုက်ထားပါ။)
၄။ ဆားပီးဖုတ် (၈)ပဲသား
၅။ နာနတ်ပွင့် (၁)ကျပ်သား
၆။ ပျားရည် (၁၀)ကျပ်သား
၇။ နွမ်းဆီ (၁၀)ကျပ်သား


 စာမျက်နှာ (၂၀၂) သို့

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်စာ အတွေးအမြင်များ

အင်္ဂလိပ်စာသုတေသီတာဝိုး



## ထွက်စေလိုလျှင် သတိယှဉ်

၁၉၇၇ ခုနှစ်ကာလများက ကျွန်ုပ်အား တိုင်းရင်းဆေးပညာနှင့် အင်္ဂလိပ်စာပညာရပ်များ သင်ကြားပေးသည့် ဆရာဦးကျော်ညွန့်က "**ထွက်စေလိုခြင်း**"နှင့်ပတ်သက်၍ ဤသို့ သင်ပေး၏။

'ထွက်စေလို၊ ခြေကို ပြုတ်အောင်၊ ကပ်ကို ဆောင်'

တဲ့။

"'**ကပ်**''ဆိုတာ သိရဲ့မဟုတ်လား'

'ဟုတ်ကဲ့ပါ... ခြေမပါတဲ့ သစ်သား ဝါး အချပ်အခင်းပါ။ သယ်ရလွယ်တယ်။ လူနာတို့ ပစ္စည်းပစ္စယတို့ သက်မဲ့ရုပ်အလောင်းတို့ သယ်လေ့ရှိပါတယ်'

'အေး... "ကပ်"မှာ ခြေမရှိတဲ့ အကြောင်း သိရင်ရပြီ။ "ကပ်"ဆိုမှ တော့ ခြေမရှိဘူးပေါ့။ ဒါက ဥပမာ ပေးတာပါ။

"**ထွက်စေလို**"ဆိုတာက မိမိဆီမှာ မရှိအောင်၊ တခြားရောက်သွားအောင် လုပ်တာ။

ဥပမာ... အိမ်မှာလာပြီး ကပ်ရပ်နေတဲ့ ညည့်မြှောင်ညည့်ချောင်ကို အိမ်က ထွက်သွားစေချင်တယ်။ အိမ်မှာ အသုံးမလိုလို့ ပိုနေတဲ့ပစ္စည်းကို ရောင်းပစ်ချင်တယ်။ ဒါတွေပါ။

အထူးသဖြင့် ဈေးသည်တွေ ကုန်ပစ္စည်း အရောင်းထွက်အောင်၊ အရောင်းသွက်အောင် လုပ်လေ့ ရှိတယ်'

ထွက်စေလိုတဲ့ ပစ္စည်းကို အောက်ဆုံးထားပြီး အောင်လံထူ စစ်သူကြီးပွဲ လက်ာအတိုင်း တိုင်တူကြည့်ပါ။

| | | |
|---|---|---|
| ဝင် | ၄ | တိုင်ထိပ် |
| ထွက် | ၀ | ပြု |
| ဝင် | ၃ | တန်ဆီး |
| →ထွက် | ၆ | တန်းကပ် |
| နာ | ၂ | မနှာနိမ့် |
| သေ | ၅ | တိကျနိမ့် |
| →ထွက် | ၁ | တိုင်ခြေ |

**ဥပမာ။ ။** အိမ်ရောင်းချင်တယ် ဆိုပါစို့...

တိုင်ထူပြီးသောအခါ ဆရာက အခေါ်အဝေါ်များကို ရှင်းပြသည်။

အိမ်ရဲ့နံ တနင်္ဂနွေကို အောက်ဆုံးတိုင်ခြေမှာ ထားတယ်။ "**ခြေကို ပြုတ် အောင် ကပ်ကို ဆောင်**"ဆိုတဲ့အတိုင်း တိုင်ခြေက "အိမ်"ထွက်စေလိုရင် တိုင်ကပ်(၆)သောကြာကို သုံးရတယ်။

သောကြာနေ့ **သောကြာအချိန်ဖြစ်တဲ့ [နံနက်(၆)နာရီကနေ (၇း၃၀) နာရီအတွင်း]** ဒီးကိုင်း(၂၁)ကိုင်းနဲ့ အိမ်ရဲ့ **သောကြာအရပ်(မြောက်အရပ်)**ကနေ တောင်ဘက်လှည့်ပြီး သောကြာသားတစ်ဦးက (၂၁)ချက် (၂၁=သောကြာဂြိုဟ်သက်) ရိုက်ပေးရတယ်။

အချိန်ရဲ့ "**မွန်းတည့်**"အလယ်ဗဟိုဖြစ်တဲ့ (၆)နာရီ (၄၅)မိနစ်မှာ အပြီးရိုက်ရပါတယ်။ ရိုက်နေတုန်း "**အိမ် အရောင်းထွက်ပါစေလို့ထဲစိတ်ထဲက ပြောပါ**"ဟူ၍ ဖြစ်သည်။

အထွက် အထွက်ချင်း တိုင်ခြေထားလျက် တန်းကပ်ဖြင့် ကန့်ထုတ်သည် ဆို၏။

နောက်နှစ် အတန်ကြာသောအခါ မော်လမြိုင်၊ ဒေါင်းမင်းရပ်မှ ဝါသနာရှင် ကိုချမ်းအေးအား နက္ခတ္တဗေဒနှင့် အင်္ဂလိပ်စာပညာများ လက်ဆင့်ကမ်းပေးဖြစ်သည်။


တစ်နေ့တွင် ကိုချမ်းအေးက "စံမြကြီးရပ်"ရှိ သူ၏ ခြံမြေကလေးကို ရောင်းလိုသဖြင့် အစီအစဉ်ပြုလုပ်ရန် အကူအညီတောင်းသဖြင့် မြေ=ကြာသပတေးကို တိုင်ခြေထားကာ တိုင်ကပ်ဂြိုဟ် အင်္ဂါအရ အင်္ဂါနေ့ အင်္ဂါအချိန်တွင် မြေကွက်၏ အရှေ့တောင်ထောင့်အရပ်မှ ဆီးကိုင်း(၈)ကိုင်းကို (၈)ချက် ရိုက်ပေးရန် အကြံပြုခဲ့သည်။ သူက အင်္ဂါသားဖြစ်၍ သူကိုယ်တိုင်ပင် ရိုက်စေသည်။

နှစ်လမျှအကြာတွင် ကိုချမ်းအေးနှင့် ဆုံဖြစ်သည်။

'နီးစပ်ရာကို ပြောထားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ လာမမေးဘူး။ သတင်းစာထဲမှာ ကြေညာရမလို ဖြစ်နေတယ်'

'နေပါဦး... ကျွန်တော်ပြောသလို လုပ်ရဲ့လား'

'လုပ်ပါတယ်၊ ညကတည်းက ဇီး(ဆီး)ကိုင်း (၈)ကိုင်းကို အနေတော်ဖြတ်၊ ဆူးတွေသပ်ပြီး စုထားတယ်။ နံနက်(၆)နာရီ(၄၂)မိနစ်မှာ စရိုက်တယ်။ (၄၅)မိနစ်မှာအပြီး ကွက်တိပဲ'

တစ်ခုခုတော့ လိုနေပါပြီ။ အတန်ကြာအောင် စေ့စေ့တွေးမှ ရေးရေးပေါ်၏။

'နေပါဦး... အင်္ဂါနေ့ဆိုတော့ ကျောင်းဖွင့်တယ်။ **ကျောင်းဝတ်စုံဝတ်ပြီး** ရိုက်တာလား'

'ဟုတ်တယ်လေ... တစ်ခါတည်း ပြင်ဆင်ထားရတယ်။ ကျောင်းကဝေးတော့ အဲဒီအချိန်ထွက်မှ လမ်းလျှောက်ရ ကားစောင့်ရနဲ့ အချိန်မီရောက်တယ်'

'လုံချည်အစိမ်း၊ အင်္ကျီအဖြူနော်'

'ဆရာကလဲ အဆန်းလုပ်ပြီး မေးနေပြန်ပါပြီ။ ကျောင်းဆရာဝတ်စုံက အဖြူအစိမ်းပဲဟာ'

'သေချာအောင်လို့ပါ။ ဒီအစီအစဉ်အတွက် တိုင်ထူကြည့်ပါဦး။ ဂြိုဟ်တွေရဲ့ အရောင်အဆင်းလဲ တစ်ပါတည်းရေးပါ။ ရသေးရဲ့ မဟုတ်လား'

'ဒီလောက်တော့ မှတ်မိပါသေးတယ်ဗျာ'

'အထက်ဆောင်ပန်း အောက်နင်းကြမ်းတဲ့ တန်းကပ်အထက်က သုံးရောင်ကို ခါးအထက်ဆောင်၊ အောက်သုံးရောင်ကို နင်းကြမ်းပြု ခါးအောက်ပိုင်းထားရသတဲ့'

| | | |
|---|---|---|
| | ၁ | အနီရင့် |
| | ၄ | အစိမ်း |
| | ၀ | အနက် |
| တန်းကပ်→ | ၃ | အနီဖျော့ |
| | ၆ | အပြာ |
| | ၂ | အဖြူ |
| တိုင်ခြေ→ | ၅ | အဝါ |

**အထက်**= အနီရင့်၊ အစိမ်း၊ အနက်

**အောက်**= အပြာ၊ အဖြူ၊ အဝါ

ရှိသင့်တယ်။ ခင်ဗျားက အဖြူကို (အင်္ကျီအဖြစ်)အထက်မှာ ထားတယ်။ အစိမ်းကို (လုံချည်အဖြစ်) အောက်မှာထားတယ်။ နင်းကြမ်းကို ခေါင်းမှာ ပန်ပြီး ဆောင်ပန်းကို အောက်နင်းထားတယ်'

'ဟုတ်ပါပြီ... ကျွန်တော် သတိလစ်သွားတယ်ဗျာ။ ဒီတစ်ခါတော့ သေသေချာချာ ဂရုစိုက်ပြီးလုပ်ပါ့မယ်'

နောက်ပိုင်းတွင် ကိုချမ်းအေးနှင့် လူချင်း မတွေ့ဖြစ်တော့သော်လည်း သူ့ခြံမြေကလေး အရောင်းအဝယ်ဖြစ်သွားသည့်အကြောင်းကို လူကြုံဖြင့် အမှာပါးခဲ့လေသည်။

မရှေးမနှောင်းတွင်ပင် ကျောင်းများပိတ်၍ မိခင်၏ အိမ်ဆိုင်တွင် ကူညီလုပ်ကိုင်ပေးစဉ် "ကမ္ဘာကျော်" အမည်ရှိ သူငယ်ချင်းတစ်ဦး၊ မဖိတ်မခေါ်ဘဲ အိမ်ရောက်လာသည်။

တစ်ရက်၊ နှစ်ရက်နှင့် မပြန်ပါ။ အိမ်မှုကိစ္စ ကူညီဖော်မရ၊ အဆင်သင့် ပြင်ပြီးသော ထမင်းဟင်းကို စားသောက်ရန်သာ သူ့တာဝန်ဟု မှတ်ယူပုံရသည်။

တပိုတပါးကိစ္စအတွက် "ဆိုင်ကြည့်ထားပေးပါ" ဟု ဆိုလျှင်လည်း "ပျောက်ပျက်က မလျော်နိုင်" ဟု ဆိုကာ မျက်နှာလွှဲနေတတ်၏။

မတတ်သာသည့်အဆုံးတွင် ဆရာအား အကြံဉာဏ်တောင်းရသည်။

"ဧည့်သည်ဖြစ်စေ၊ ဧည့်မြှောင်ဖြစ်စေ "**ဧည့်**"ကသာ ပဓာနဖြစ်တယ်။ တနင်္ဂနွေကိုသာ တိုင်ခြေပြုပါ" ဟု အကြံပေးသည်။ ဆက်သက်၍...

"ဧည့်"ကို ထွက်စေချင်ရင် အိမ်အရှေ့တောင်ထောင့်က "**ထုတ်**"ကို ရိုက်ရတယ်။ "ထုတ်" တဲ့ နိမိတ်ဆောင်တယ်။ "ဧည့်"ကို ရောက်စေ၊ လာစေချင်ရင်တော့ "**လျောက်**"ကို လက်ပြန်ရိုက်ပါ။ "ယောက်" အသံထွက်က "**ရောက်**" စေတဲ့ သဘောဆောင်တယ်။ ဝင်စေလိုတာမို့ အဝင်=တန်းစီ =အင်္ဂါအချိန်ဖြစ်တဲ့ သောကြာနေ့ မွန်းလွဲ (၂)နာရီ(၁၅)မိနစ်မှာ အပြီး ရိုက်ရတယ်'

| | | |
|---|---|---|
| ဝင် | ၄ | တိုင်ထိပ် |
| ထွက် | ၀ | ပြ |
| → ဝင် | ၃ | တန်းစီး |
| ထွက် | ၆ | တန်းကပ် |
| နာ | ၂ | |
| သေ | ၅ | |
| ထွက် | ၁ | တိုင်ခြေ |

'ဆရာ... တိုင်ထိပ်က ဗုဒ္ဓဟူးလဲ အဝင်ပဲ၊ ဘာကြောင့် မသုံးတာလဲ'

'တိုင်ထိပ်ဖြစ်လို့ အမြင့်ဆုံးနေရာရောက်နေတယ်။ ဧည့်သည်က မပြန်တော့ဘဲနေရင် မောင်ရင် တစ်သက်လုံး တင်ကျွေးထားရမှာပေါ့'

ဟုလည်း ရှင်းပြခဲ့လေသည်။

**အင်္ဂဝိဇ္ဇာသုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

❖ **ကွေးညွတ်သော နှလုံးလမ်းကြောင်းကို တွေ့ရတယ်။ (A.A)**

ဒါကတော့...

စိတ်ကူးယဉ်အချစ်ထက် လက်တွေ့ဆန်တဲ့ အချစ်ကို လိုလားကြောင်း ပြပါတယ်။

❖ **ဉာဏ်လမ်းကြောင်းသည် အစ၌ ပူး၍ တိုပါတယ်။ (B.B)**

ဒါကတော့...

စိုးရိမ်တတ်၊ စိတ်ပူတတ်၊ ကြောက်ရွံ့တတ်တဲ့သဘောကို ပြတယ်။

ဒါကြောင့်...

ဒီအချက်နှစ်ချက်ကို ခြုံငုံသုံးသပ်၍ အဖြေရှာကြည့်ရင် **"ချစ်ရမှာ ကြောက်တတ်သူ"**လို့ ဆိုရမှာပါပဲ။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ***

**ဦးသော်ခင်(*ဟသ်ာတ*)**

# ချစ်မှုရေးရာ

လက္ခဏာ




www.burmeseclassic.com

www.burmeseclassic.com

# ကျှက်တစ်ထောင် ဇာမ

ဆေး အာစီအရှင်

အိုးသည်ဘုတောဒီ



▲ ကျှက်တစ်ထောင် ဇာမ

…သားရိုးဝေဒနာ မဟုတ်
… အနောက်တိုင်းဆေးဝါး
…ပရဆေးဝါးတို့ဖြင့် ပုံမှန်
…ကုသ၍ မပျောက်ကင်းနိုင်
… (ဝိဇ္ဇာဓရနယဆိုင်ရာ)
…ဝေဒနာ အားလုံးအတွက်
…ပြုသော ဆေးစာမဖြစ်သည်။
…ကိုင်စက္ကူတွင် အလယ်၌
…င်း)ကျှက်ရုပ်ကို စတင်ရေး
…ပုံပါအတိုင်း မကိုင်၍ နားကင်း၊
…တ် စသည် ဆင်ယင်ကိုင်တွယ်
…(ကားယားခွ)ရပ်နေသောပုံစံ
…သည်။

…စည်းတွင်… စခါဗ

…ကင်းတွင်… နမဗဓ

…ာ–ဒုယင် (ပခုံးစွန်းအကော့
…တ်)တွင် (နှ) (နငယ်နကင်းပိတ်)၊
… မ၊ ပ၊ ဂ၊ ) ဝဲ–ဒုယင်တွင်
… (နှ) အ ဠ ပ ခ၊ (သန်လျက်နှင့်
…င်တစ်ထပ်တည်းရှိနေ၏။)

…ခင်တွင်… လ ဝ အ ဏ၊ က ဃ
… ဓ ဘ ဝ ဟ၊ ဘ မ သ လ
…တန်း)

…လက်မောင်းတွင်… (နှ) ပကဝဝ

ဝဲလက်မောင်းတွင်… (နှ) ညတနဓ

…ချက်တွင်…. ဏ

…တွင်… သကဝမ၊ ဠမနဏ
…တန်း)

…အပြင်တစ်ဖက်တစ်ချက်စီ၌…
… ခုံလုံး)

…ာပေါင်တွင်… ဘမ၊ ဏဟ၊
(နှ) (နှ)၊ စသ (လေးတန်း)

…အလယ်၌… တ၊ အ၊ (နှ) သဝမ၊
… (…တန်း)

ဝဲပေါင်တွင်…ထလ၊ဃဠ၊ (နှ) (နှ)၊
… (လေးတန်း)

…ခေါက်ကွေးတွင်… (နှ)၊ (နှ)
(တစ်ခုစီ)

**ခြေနှစ်ဖက်တွင်**… ကွ၊ ထ

**ခြေနှစ်ခုကြားတွင်**… ပသ

အရုံစာမများ

**ယာဘက်**… (နှ) ဝဗဓစ၊ ဋ္ဌသညက၊ ◎ (စဓဗဝ)၊ ပကထဝ။ ဈအဠ

**ဝဲဘက်**… (နှ) ဝဗဓစ၊ ဋ္ဌသညက၊ ◎ ညတနဓ၊ ဈအဠ

ရုပ်ပုံရုံစာ

ဉ္ဇ အဌဝကော ယံကွော ဒကွော ကျှက်ဒေဝရာဇာ ချုံးဆရာချုံး …ဝ် ဆရာကပ် ထဆရာထ ကြွဆရာကြွ





www.burmeseclassic.com

www.burmeseclassic.com



▲ သရက်တောကျောင်းဆရာတော်
ဦးနန္ဒိယ

ပေါင်ခပ်စာမ

* * *

ခေါက်ကို ယူရသည်) ၂ ဗိသာနှင့် ရောဂါ မီးရှို့ပြာချရသည်။

**(ညောင်ပနီပင်သည် အခေါက်နီ၍ အရွက်မှာ ညောင်ချန်ရွက်ပမာ ရှည်မျောမျောရှိ၏။)**

ထိုပြာကို လေလုံစွာ သိမ်းဆည်းကာ ဝေဒနာရှင်အား တိုက်ကျွေးရသည်။ ရောဂါအခြေအနေအရ ချင့်ချိန်ခါ ဆေးပမာကို တစ်ပဲသား၊ တစ်မူးသားစသည် ဆုံးဖြတ်၍ ပေးရသည်။

အရေပြားနှင့် ခန္ဓာကိုယ်ပြင်ပတွင် အနာများရှိပါကလည်း **နံ့သာဖြူနီ ရည်နှင့်ရောကာ** လိမ်းကျံပေးနိုင်သည်။

မန္တလေးမြို့ အရှေ့မြောက် (၅)မိုင်ခန့်အကွာ၊ ကျောက်သံပါတ်ဆင်ရွာကြီး၊ သရက်တောကျောင်း ဆရာ

ကမ်းသည့် ပညာရပ်များကို လက်[...] ရရှိခဲ့သည့် ဦးနန္ဒိယက ဤသို့ [...] ကြားသည်။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က [...] က ဗိုလ်မှူး(...)ရဲ့ ကတော် [...] ဝေဒနာနဲ့ ဆေးရုံက လက်လွှတ်ဆင်[...] တယ်။ သုံးလထက်ပိုမရှင်နိုင်ပါ။ [...] ချမ်းသာအောင်သာထားပါလို့ [...] ကြီးတွေက အကြံပေးတယ်။ ဘုန်းကြီး[...] ရောက်လာတဲ့အခါ…

"အကာတို့ ကင်ဆာမှန်ရင် [...] သွေးရိုးသားရိုး ဝေဒနာမှန်ရင် ဘုန်းကြီး [...] ယတတ်နိုင်ဘူး (ပီလ္လာဝရနယဆိုရာ) [...] ဝေဒနာဆိုရင်တော့ လုံးဝကောင်းသွားယ[...] လို့ စကားပလ္လင်ခံပြီး ဒီဆေးတိုက် [...] တစ်ပဲသားလောက်သောက်ဖို့လဲ [...] တယ်။ အခု ဆယ်နှစ်ကျော်ပြီ [...] မှာပါပဲ။ ငွေတချို့အထပ်လိုက် [...] တယ်။ လက်မခံလိုက်ဘူး။

ကျေးဇူးတင်တယ်ဆိုရင် ရတနာသုံး[...] ဆည်းကပ်ပြီး သာသနာတော် [...] အောင် လုပ်ကိုင်ပေးပါဆိုတာနဲ့ [...] ဇရပ်၊ ရုပ်ပွားစေတီတွေလှူပြီး [...] ဆရာ အကာ ရင်နှီးကြပါတယ်"

ဆရာတော်က ကျမ္မက်တစ်[...] စာမများ ရေးသွင်းရာတွင် သုံး[...] ခန့် အချိန်ယူခဲ့ရသည်။

**ထိုတောက်ဆေးသော [...] မိတ္တူကူးစက်များပေါ်ထွက်နေပြီ [...] သော်လည်း ထိုသို့ ပုံတူကူး၍ [...] မြူပါက အစွမ်းမထက်ပါဟု [...] တော်မူသည်။**

စာမရေးသွင်း ပြုလုပ်[...] ငါးပါးသီလလုံခြုံ၍ နာယက[...] အာစရိယဂုဏ်နှင့်ပြည့်စုံရန် [...] ကြီးကြောင်းလည်း သိမှတ်[...] သည်။

ယက္ခရာဇာ ဝစေအန္တော ယက္ခော ဓေယျ၊
ဉ ဇိနမောတိ ဣတိပိသော ဘဂဝါ အဝေယျာစ၊
နိမ္ဗာနံ မရဏံ သုညံ စက္ခုနဝ စက္ခုမောစက္ခု၊
ဗုဒ္ဓေါ နကုဟကု ယက္ခရာဇာ မောနိဗ္ဗာနံ၊
ဉ ဗုနိဗ္ဗာနံ ယျ နိဗ္ဗာနံ မရဏံ၊
သုညံ စက္ခု နဝစက္ခု မောစက္ခု ဗုဒ္ဓေါနကု ယက္ခရာဇာ၊
ဉ ယက္ခသီသ ယက္ခ နိန္တော သသေနဝါ၊
ဗုဒ္ဓံ ဓမ္မံ သံဃံ တေဇေန မိစ္ဆာဇီဝေသွားဟာ၊
ယက္ခရာဇာ ဉ နမဗဝ၊
ဣကာတိ ဝိဇီ ပီသောဂိ၊
ဉ ယေစ ယေစ သဒ္ဒ အမနိဓါ။

**မိုင်းကိုင်စက္ကူကို ၈"x၁၂"(A4 အရွယ်ခန့်)ခန့် ဖြတ်၍ ကျမ္မက်ရုပ်နှင့်** စာမများရေးသွင်းကာ အချပ်ရေ တစ်ထောင် ပြုလုပ်ရသည်။

စတင်ရန် အချိန်၊ နက္ခတ် ရွေးရန် မလိုပါ။ တစ်ထောင်ပြည့်လျှင် ညောင်ပနီခေါက် (ဆင်တစ်ရပ်လွှတ်သော အမြင့်အထက်တွင်ရှိသည့် ညောင်

တော် ဦးနန္ဒိယအာယုဒါယပြုခြင်း ဖြစ်သည်။

ရောဝတီမြစ်ကူး စစ်ကိုင်းတံတားမပေါ်မီက အမရပူရနှင့် စစ်ကိုင်းကို ရေပြင်ခွဲခြားကျင်လျှောက်ကြ ဖြတ်ကူးလေ့ရှိသော သရက်တောကျောင်း ဆရာတော် ဦးကလျာဏမှ တစ်ဆင့် ဆရာတော်အဆက်ဆက် လက်ဆင့်

**ခရီးသည်သူတော်သိ**





www.burmeseclassic.com

www.burmeseclassic.com

# ခါးနာခြင်း အလျှက်

ကုထုံးဆေးချက် (၃)

ဘွဲ့မြိုင်ဝေ၏

ယခင်လမှ အဆက်

**(၄–ခ)ပထဝီကြောကြီး**




(၄–ခ)ပထဝီကြောကြီးပြုပြင်ပုံ

ခြေဖဝါးအလယ်တည့်တည့် (ခြေ ...းအကျယ်နှင့် အလျား၏ ထက်ဝက် ...ရာ ဗဟိုချက်နေရာ ဖြစ်သည်။) ...က်မနှစ်ချောင်းထပ်ကာ အနည်း ... လှိမ့်၍ ပြုပြင်ပေးရမည်။ ခံစား ...ချက်ပါ အထက်ပါအတိုင်း ဖြစ်သည်။

ထို့နောက် ခြေဖဝါးအပြင်စောင်း ...များကို လက်မဖြင့် ခြေသန်းရှိရာသို့ ...ဆွဲပေးကာ ဖြေပေးပါ။

**(၄–ဂ)ပထဝီအစကြော**



(၄–ဂ)ပထဝီအစကြောပြုပြင်ပုံ

အတွင်းခြေဖဝါးစောင်း အလယ် ...ရာ အောက်ဘက်သို့ လက်မဖြင့် ...ရမည်။ ထို့နောက် ခြေမအရင်းနှင့် ...ထိရှိ အကြောကို လက်ညှိုးဖြင့် ...ကောက်၍ ဖြေပေးပါ။

**(၄–ဃ)ခုံညင်းကြော**



(၄–ဃ)ခုံညင်းကြောပြုပြင်ပုံ

...ညင်းနှင့် လက်လေးသစ် အကွာ နေရာ လက်ဝါးဖြင့် ခုံညင်းကို အုပ်ပြီး လက်လေးချောင်းဖြင့် ကြိတ်ခြေပေးရသည်။ ဒူးမှ ခြေဖျားအထိ ဖြာထွက်သွားသည်ကို ခံစားရ၏။

**(၄–င)ပေါင်ရှားကြော**



(၄–င)ပေါင်ရှားကြောပြုပြင်ပုံ

တံကောက်ခွက်အထက် လက်လေးသစ်နေရာ ခါးအောက်ပိုင်းကို တစ်ဖက်သို့ အနည်းငယ်စောင်းစေ၍ လက်မနှစ်ချောင်းဖြင့် နှိပ်ပေးရသည်။

ပေါင်တွင်းကြောဟုလည်း ခေါ်ကြသည့်နေရာဖြစ်သည်။ တံကောက်ကြော၊ ခြေသလုံးကြော၊ ပေါင်ကြောများ ဖြာ၍ ဖြာ၍ သွားသည်ကို ခံစားရပါမည်။

**(၄–စ)တံကောက်ခွက်ကြော**



(၄–စ)တံကောက်ခွက်ကြောပြုပြင်ပုံ

တံကောက်ခွက် ဝန်းကျင်နေရာကို လက်ညှိုး၊ လက်မဖြင့် အသာအယာ နှိပ်ပေးပါ။ အထက်ပါအတိုင်းပင် ခံစားရမည်။

**(၄–ဆ) ပါဒရက်ဗဟိုအလယ်ကြော**




(၄–ဆ)ပါဒရက်ဗဟို အလယ်ကြောပြုပြင်ပုံ

တံကောက်ခွက်အထက် ပေါင်လယ်နေရာဖြစ်သည်။ တံတောင်ဖြင့် အသာအယာ ထောက်ပေးရမည်။ ခံစားချက်မှာ အထက်ပါအတိုင်း ဖြစ်သည်။

*ပထဝီစုနစ်ချက် ပြီး၏။*

၅။ ခြေသလုံးသုံးနေရာပြုပြင်ခြင်း

**(၅–က)သလုံးမောင်းထိပ်ကြော**



(၅–က)ခြေသလုံး မောင်းထိပ်ကြောပြုပြင်ပုံ


သလုံးမြင်းခေါင်းထိပ်နေရာ ဖြစ်သည်။ လက်မဖြင့် ဖိခတ်ပေးရသည်။ အထက်သို့ပင့်ခတ်စဉ် တံကောက်ခွက် တွင်းရောက်၍ အောက်သို့ ဖိခတ်စဉ် ခြေကျင်းဝတ်သို့ ဖြာထွက်ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com


**(၅–ခ)တံကောက်ခွက်အိပ်ကြော**



လက်ယာဘက်ခြေ နောက်မြင်ကွင်း

တံကောက်ခွက် အလယ်တည့်တည့်ဖြစ်သည်။ လက်မနှစ်ခု ထပ်၍ (၃)မိနစ်ခန့်ကြာသည်အထိ ဖိထောက်ထားပြီးမှ ကြွပါ။ အပူများ တရှိန်ရှိန် ဖြာထွက်မည်။

**(၅–ဂ)ပါဒရက်ဗဟိုကြောမကြီး**




လက်ယာဘက် ခြေရှေ့မြင်ကွင်း

ဒူးဆစ်အောက် လက်လေးလုံးညို့သကျည်းရိုးအပြင် လက်သုံးလုံးအကွာနေရာ ဝေဒနာရှင်၏ ဒူးဆစ်ကို ပေါင်ပေါ်တင်ပြီးလျှင် တံတောင်နှင့်ဖိ၍ အထက်အောက် တွန်းဆွဲ လိုမ့်ပေးရသည်။

ဒူးကောက်ကွေးတွင် တရှိန်ရှိန် ဖြစ်လာကာ ခြေသလုံးနှင့် ခြေဖမိုးတို့အထိ ဖြာထွက်သွားပါမည်။


၆။ အခြားအကြောများ ပြုပြင်ခြင်း

**(၆–က)ရေအိုးတင်ကြော**


(၆–က)ရေအိုးတင်ကြောပြုပြင်ပုံ

ဒူးအထက် လက်လေးသစ် အပြင်ဘေး၌ ရှိ၏။ လက်မ သို့မဟုတ် တံတောင်ဖြင့် လိုမ့်ပေးရ၏။ ဒူးခေါင်းတွင် ကျဉ်သွားသည်ကို ခံစားရ၏။

**(၆–ခ)ခါးဆစ်ကြော**


(၆–ခ)ခါးအာရုံကြော
(ခါးဆစ်ကြော)ပြုပြင်ပုံ

အာရုံကြောဟုလည်း ခေါ်သည်။ ခါးအထက် လက်(၅)လုံးခန့်၌ရှိ၏။ မှောက်လျက် အနေအထားတွင် တံတောင်ဖြင့် ပထမ ခပ်ဖြည်းဖြည်း ထိုမှ ခပ်ဖိဖိ၊ ထိုမှ အောက်သို့ ဆွဲ၍ အားနှင့် ဖိထောက်ရသည်။

**(၆–ဂ)တင်ပါးခွက်ဗဟိုကြော**


တင်ပါးခွက်ချိုင့် အတွင်းနေရာ၌ ရှိ၏။ ဝေဒနာရှင်အား အနည်းငယ် စောင်း၍ တံတောင်ဖြင့် လိုမ့်တ[illegible] ထောက်ပေးရသည်။

**(၆–ဃ)တင်ပါးခွက် ထောင့်စွန်းကြော**


တင်ပါးခွက်ချိုင့်တွင်း အစွန်း၌ရှိ[illegible] ဝေဒနာရှင်အား တစ်ဖက်သို့ စောင်း၍ ညင်သာစွာ ထောက်ပေးရသည်။

ပေါင်အပြင်မှ ဒူး၊ ခြေသလုံးအပြင်ကြောအထိ ပူသွားမည်။

**(၆–င)ခြေမရင်းအကြော**


(၆–င)ခြေမရင်းကြောပြုပြင်ပုံ

ဖဝါး,ဖမိုး နှစ်ဖက်စလုံးကို လက်[illegible] လက်ညှိုးဖြင့် လိုမ့်၍ နှိပ်ပေးပါ။ [illegible] ခြေချောင်းကြောများကိုလည်း လို[illegible]




www.burmeseclassic.com

www.burmeseclassic.com

ပြုပြင်ပေးပါ။

လက်မရင်းနှင့် ကျန်လက်ချောင်းများအရင်းရှိ အကြောများကိုလည်း အထက်ပါအတိုင်း ပြုပြင်ပေးပါ။

ဤအကြောများသည် လိင်ဥကြောရောင်ရောဂါ၊ မုတ္တရောဂါ၊ တိုနာရောဂါများကြောင့် ဖြစ်ရသော ခါးနာခြင်းများအတွက် အထူး ထောက်ကူပေးပါလိမ့်မည်။ လက်သေလက်ကပ်၊ သွက်ချာပါဒ ရောဂါများကိုလည်း ကောင်းမွန်စေသည်။


အခြားပြုပြင်ရန် အကြောနေရာများနှင့် အမှတ်စဉ်(၈) သားအိမ် အနေအထား မှားယွင်းမှုကြောင့် ခါးနာခြင်းအတွက် ပြုပြင်ရန် အကြောနေရာများမှာ အန္တရာယ် သက်ရောက်စေနိုင်သော **မမ္မ(သေကွင်း)**ဌာနများနှင့် နီးစပ် မှားယွင်းနိုင်သဖြင့် ချန်လုပ်ခဲ့ပါသည်။

တတ်ကျွမ်း နားလည်သော အကြောပြင်ပညာရှင်များနှင့် တိုင်ပင်၍ ကုသမှုယူသင့်သော အကြောနေရာများ ဖြစ်ပါသည်။

ခါးနာရခြင်း၏ အကြောင်းရင်းတစ်ခုထက်မက ရှိနေနိုင်သည့်အပြင် အကြောင်းရင်း တစ်ခုတည်းကို သေချာစွာ ရှာတွေ့ရန် မလွယ်လှသော်လည်း အထက်ပါ အကြောပြုပြင်နည်းများမှာ ခါးနာသူများအတွက် ယေဘုယျအားဖြင့် အသုံးပြုနိုင်ပါသည်။

**ဆွဲဆန့်ခြင်းကုထုံး (လေ့ကျင့်ခန်း)**မှာလည်း ခါးနာသူတိုင်းအတွက် သင့်တော်သဖြင့် ဖော်ပြပေးပါမည်။

ကြမ်းပြင် သို့မဟုတ် ခုတင်ပေါ်တွင် စန့်စန့်အိပ်ပါ။ ခြေချင်းဝတ်တွင် အဝတ်စဖြင့် ချည်၍ မြင့်သောတန်းတစ်ခုအား ကျော်ကာ တစ်ဖက်တွင်




အုတ်ခဲစသည် အလေးတစ်ခု တွဲထားပါ။

အလေးချိန်ကို (၁)ပိဿာမှ (၁)ပိဿာ (၈၀)ကျပ်သားအတွင်း သင့်တော်သလို ရွေး၍ တပ်ဆင်ဆွဲပါ။ ခါးနာခြင်းဝေဒနာ ပျောက်ကင်းသည်အထိ သို့မဟုတ် မိနစ်(၂၀)ခန့် ဆွဲထားပါ။

နေ့စဉ်မှန်မှန် ပြုလုပ်ပေးနိုင်ပါသည်။ အဝတ်ကြိုးမှာ ခြေချင်းဝတ် မနာကျင်စေရန်ဖြစ်သည်။ နာကျင်သည့်အချိန်တိုင်းတွင် ဆွဲဆန့်ခြင်းကို အသုံးပြုနိုင်ပါသည်။

***




အကြောပြုပြင်ရန် အကြောနေရာများကို ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါသည်။ ဝေဒနာရှင်ကိုယ်တိုင်လည်း နှိပ်နယ်ပြုပြင်နိုင်ပါသည်။

အားသုံးရန် ခက်ခဲသောနေရာများနှင့် နောက်ကျောကဲ့သို့ ခက်ခဲသော အခြေအနေများအတွက် အနှိပ်သည် ဖုတုံး၊ အနှိပ်သည် တုတ်ချောင်းများ အသုံးပြု၍ အဆင်ပြေပါလိမ့်မည်။

**အချုပ်အားဖြင့် ခါးနာသူ၊ ခါးနာတတ်သူသည်...**

❖ ပက်လက်ကုလားထိုင်၊ အရင်းတက်တို့ဖြင့် မအိပ်သင့်ပါ။

❖ အင်္ဂတေခင်းတွင်(ဖျာ၊ မွေ့ရာများခုခံ ခင်းထားသော်လည်း) မအိပ်သင့်ပါ။ အနည်းဆုံး(၆)လက်မအမြင့်ရှိ လေဝင်လေထွက်ရှိသော ခုတင်ကဲ့သို့ အခုအခံဖြင့် အိပ်ပါ။

❖ ဣရိယာပုထ် မျှတအောင် နေထိုင်ပါ။ အလေးအပင်မ,ခြင်းကို ရှောင်ကြဉ်ပါ။

❖ ဆီး,ဝမ်း,လေ မှန်ကန်အောင် ဂရုစိုက်စားသုံးပါ။ အစားအသောက် ဆင်ခြင်ပါ။

❖ အမျိုးသားဝေဒနာရှင်တို့သည် လှုပ်ရှားသွားလာရာ၌ အတွင်းခံ အထိန်းဘောင်းဘီ ဝတ်ဆင်ပါ။

❖ အကြောပြေဆေးလိမ်းပေးပါ။(ကိုယ်တိုင်သို့မဟုတ် အကူအညီဖြင့်) အကြောပြုပြင်ပါ။

❖ သင့်လျော်သည့် လေ့ကျင့်ခန်းများ ပြုလုပ်ပေးပါ။

ခါးနာခြင်းဝေဒနာ သက်သာပျောက်ကင်းနိုင်ကြပါသည်။

**[ကူညီရှင်းလင်း ပြောပြပေးကြသော ဆရာများနှင့် သင်မြင်ကြား ဆရာအားလုံး၏ သမားဂုဏ်ကို လေးစားစွာ ဂါရဝပြုလျက်...]**

**ခွန်စိုင်းစမ်း**



www.burmeseclassic.com

www.burmeseclassic.com

○'ဟော... သားတို့ သမီးတို့ ဆရာကြီးပါလား၊ ရောက်နေတာ ကြာပြီလား'

▲'ခုနလေးတင်ကပါပဲ။ နွားကျွမ်းကျင်ဆရာကြီးရယ်၊ ရွာထဲလျှောက်လှည့် နွားတွေလိုက်ကြည့်ပေါ့ချောင်ကောင်း ဆွဲရအောင် ချောင်းမြောင်း ပြန်လာတာလား'

○'ကျုပ်က နွားသာ ဝါသနာကြီးတာ နွားပွဲစားမလုပ်ဘူး။ ကြေးတိုးလှလှ မွေးတာလေ။ အခုပြန်လာတာက ကျုပ်တူမ "ရှင်ခင်မှတ်"အိမ်က နွားမကြီး သားကျ(မွေး)လို့ လူတွေ အုတ်အာသောင်းသဲ ဝိုင်းအုံ ကြည့်နေကြတဲ့ဆီ သွားတာဗျ'

▲'နွားမသားကျ (မွေး)တာပဲဗျာ အထူးအဆန်းလုပ်လို့'

○'ထူးတယ်ဆရာကြီးရေ... ထူးတယ်ဗျ။ နွားရှင်လင်မယားက (ဆရာကြီး သိတယ်နော်) မောင်မှတ်မြင့်+မခင်မှတ်တဲ့။ မွေးလာတဲ့ နွားလေးကလဲ **"အမှတ်"** ပါလို့ အဲဒါဝိုင်းအုံပြီး စုတ်တသပ်သပ်နဲ့ အံ့သြကုန်နိုင်ဖွယ်တဲ့'

▲'တိုက်ဆိုင်မှုပေါ့ဗျာ။ အမှတ်(၃)ခု ပြည့်တော့ ရတနာ(၃)ပါး စုံသွားတာပေါ့။ **"ရတနာရှိရာရတနာစု"** တဲ့ဗျ'

○'အဲဒါကြောင့် ကျုပ်တူမ "ရှင်ခင်မှတ်"ကို ပြောခဲ့တယ်ဗျ။ ဘုန်းကြီး (၃)ပါးပင့် ဆွမ်းကျွေး၊ အဲဒါမှ ရွှေ ငွေ၊ ရတနာ တိုးပွားမှာရယ်လို့'

▲'အဲဒီနွားလေးမှာပါတဲ့ "အမှတ်" က ဘယ်မှာလဲဗျ။

○'"ဘို့"ပေါ်မှာဗျ။ "အမှတ်"ရဲ့ သဘောကို ပြောရဦးမယ်။ သူက အရေပြားပေါ်မှာ "မည်း"နေတာ၊ အမွေးကလဲ "မည်း"တာပဲ။ အဲဒီနေရာမှာ အခြားအမွေးတွေထက်

နွားကျွမ်းကျင်ဆရာကြီး ဦးထွန်းသိန်း ချီးမြှင့်သည့်
အစက်အပြောက် အမှတ်အသားကို ကြည့်၍

# နွားကောင်းနွားညံ့

## ခွဲခြားနည်း

ပိုရှည်တယ်ဗျ။ လူ၊ နွား အတူတူပါပဲ။ ကျုပ်ဖြင့် တစ်ခါမှ မကြုံဖူးဘူး။ နွားမှာ အမှတ်ပါရတယ်လို့'

▲'နွားကျွမ်းကျင်ဆရာကြီးပဲဟာ တွေ့ဖူးရမှာပေါ့ဗျ'

○'ကျုပ်လေ (၇)နှစ်သားကတည်းက ဘလေးဦးဘိုးဂေါင်နဲ့ နွားကျောင်းတယ်ဗျာ။ ကျောင်းကထွက်တော့ တောင်သူလုပ်၊ နွားကြေးတိုးမွေး။ နွားသမားတွေနဲ့ပေါင်း၊ နွားပညာသင်... အဲ...နောက်ဆုံးတော့ ဘဒွေးခင် (ဦးဘခင်)ဆီမှာ နွားပညာ လက်ပူးလက်ကြပ်သင်ခဲ့ရတာဗျ...။ အခုပြောနေတဲ့ **"အစက်၊ အပြောက်၊ အမှတ်အသား"**ပညာထဲမှာ**"ဘို့၊ အမှတ်"**မပါဘူးဗျ'

▲'ဘာတွေပါတာတုန်း ကိုယ့်ဆရာရဲ့'

○'အစက်၊အပြောက်၊အမှတ်အသားကိုကြည့်၍ နွားကောင်း၊ နွားညံ့ ခွဲခြားနည်း"အဲဒါလိုချင်တာ မဟုတ်လား ဆရာကြီး'

▲'မှန်လိုက်လေ ကိုယ့်ဆရာရယ် ဂိုးပေါက်ထဲ ကွက်တိ ဝင်သွားတာပါပဲ'

○'ကဲ ဘုတ်အုပ်ထဲ လိုက်မှတ်ပေရော့'

---

### (က) နွားကောင်းတို့၏ အစက်၊ အပြောက် အမှတ်အသား (၇)မျိုး

---

၁။ **စာဥ** = စအုလို့ ခေါ်ကြတာ များတယ်။ ကိုယ်လုံးပေါ်မှာ ဘယ်နေရာဖြစ်ဖြစ် တွေ့ရတတ်တယ်။ အစက်၊ အပြောက်၊ အကွက်ကြီး တွေ့ရ

ရတနာသုံးပြင်
(တုံရွာ၊ ဆားလင်းကြီး)



တတ်တယ်။

စာဥလေးအရောင်နဲ့ တူလို့ **"စအု"**လို့ ခေါ်ကြတာပါ။ သဘောကောင်းတယ်၊ တည်ကြည်တယ်၊ ကျန်းမာရေးကောင်းတယ်။

၂။ **ဝါစေ့များ** = အစက်အပြောက်လေးတွေ ရေတွက်ကြည့်ရတယ်။ **(၇)လုံးကျော်ရတယ်။** အစက်၊ အပြောက်လေးတွေက အရောင်တစ်မျိုးနဲ့ ဝါစေ့ကလေးတွေလို အစုအပြုံ ပေါ်ပေါက်နေတာပါပဲ။

အဲဒီဝါစေ့များကျတော့ သွက်တယ်၊ ကြွပ်တယ်၊ ဆတ်တယ် ခေါ်ပါတယ်။ ရှိတော့ရှိတယ် ရှားတယ်ပေါ့ဗျာနော

၃။ **လျှပ်တံပြက်** = အဖြူရောင်ကွက်ကျား နွားဖြူဆိုရင်တော့ **"ဖြူသော့သော့ အရောင်ပေါ့"**။ ရှေ့ရင်အုံကြားနဲ့ နောက်လက်ရုံ ကြားထဲမှာ ရှိတာပါ။ ငြိမ်နေရင်တော့ မမြင်ရဘူး။ ဘယ်ညာ (၂)ဖက်စလုံး ရှိတတ်ပါတယ်။ သွားလိုက်လာလိုက် လှုပ်ရှား အခါမျိုးမှာ မြင်ရတာပါ။ လာ…နဲ့ရှာ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်တော့ မြင်ရတာပေါ့လေ။

နာမည်နဲ့လိုက်အောင် လျှပ်စီးပြက်လိုက်သလိုပဲ မြန်တာ။ ထမ်းပိုးကောင်း၊ ခရီးတွင်ကျယ်တယ်ပေါ့။

၃။ **လက်ကုန်းကြီး** = ကွဲပြားတဲ့ အရောင်နဲ့ အစက်အပြောက်ပါပဲ။ လက်ပတ်ကြားလဲခေါ်တယ်။ ဂျိုင်း (ချိုင်း)ကြားလဲခေါ်တယ်။ အဲဒီမှာ (၂)ခု၊(၂)ဖက် ရှိရမယ်၊ ကြီးရမယ်။ နွားကောင်းပါပဲ။ ထမ်းပိုးကောင်းတယ်။

၄။ **ရင်ကြားစာ** = ရင်ဘတ်နဲ့ လက်ပြင်ကြားရှိတဲ့စာ (အပြောက်၊ အစက်)ပါပဲ။ နွားအကောင်(၁၀၀) မှာ တစ်ကောင် တွေ့ခဲလှတယ်။

၅။ **အိမ်မြှောင်(၂)ကောင်**=အိမ်မြှောင်နဲ့ ဆင်ဆင်တူတယ်။ သေးသေး သွယ်သွယ် အငယ်စား(၂)ကောင် (ဟိုဘက်၊ ဒီဘက်) ရှိရတယ်။ ရှေ့လက်(၂)ဖက်ကြားကနေ စတာ နောက်ရင်အုပ်။

အဲဒီကနေ အလယ်မျဉ်းမြောင်ပြီး (၂)ကောင်၊ ဆီးစပ်ထိရောက်သွားတာ အလျားလိုက်၊ အမြှောင်လိုက် ရှိနေတာပါ။

ပိုင်ရှင် စီးပွားဥစ္စာ တိုးပွားတယ်၊ ပြည့်စုံတယ်လို့ ယုံကြည်တယ်။

၆။ **ခြောက်ကွက်ကြား** = ကြန်စုံလို့လဲ ခေါ်ကြတယ်။ (၆)နေရာ စုံရတယ်။ (၁)ထိပ်ကွက်၊ (၂)မြီးစွက်၊ (၃) ခြေလေးဖက် အဲဒီနေရာတွေ အဖြူကွက် ရှိရပါတယ်။

**"မြီးစွက်လို့၊ ထိပ်မကွက်နွား"** ဆိုလိုတာက ထိပ်ကွက်ပြီး မြီးစွက်လဲ မစွံဘူးတဲ့ ကြန်စုံရပါတဲ့။ နွားတကာ့ နွားထဲမှာတော့ ထိပ်ဆုံးပါပဲ။ အကောင်းဆုံးဆိုတာ အတွေ့အနည်းဆုံး ဖြစ်မှာပေါ့။ "ယမထာ ချွေကြိမ်လုံး" ထဲက "နွားကြန်စုံရှင်"ပါ။

## (ခ) နွားညှိုတို့၏ အစက်၊ အပြောက် အမှတ်အသား(၇)မျိုး

၁။ **ဝါစေ့နည်း** = နွားကောင်း (၂)ဝါ စေ့များလိုမများဘူး။ (၇)စေ့ အောက်နည်းတယ်။ အမှတ်စာရင်း ထွက်တော့ ရမှတ်နည်းတာလိုပေါ့။ အဆင့်မမီဘူး။ လေးတယ်၊ ထိုင်းတယ်၊ ထုံတယ်။ သခင်တွေ အန္တရာယ် မရှိတာပဲ။ အေးဆေးပဲ ပေါ့လေ။

၂။ **လက်ကုန်းလေး** = နွားကောင်း (၄)မှ လက်ကုန်းကြီး အသေးစားပါပဲ။ တော်တော်ငယ်တယ်။ လက်ပတ်ကြား ဂျိုင်း(ချိုင်း)ကြား တွေမှာ တွေ့ရတာပါ။ ကြီးရင်တော့ အကောင်းသား၊ ငယ်တော့ အားပျော့တာပေါ့၊ ကြောင်တာပေါ့၊ တွန့်တာပေါ့။

၃။ **တလားခံ** = ရင်ဘတ်ကနေ လည်ပင်းတစ်လျှောက် တက်သွားတာ။ အဖြူစင်းကြီး။ လွတ်သွားရင် အဝေးလွင့်ရော၊ အကြောင်း တစ်ခုခုနဲ့သေရော။

တွေ့တော့တွေ့ခဲတယ်။ တွေ့ကြုံ ဆုံရင်တော့ အိုးစမန်ဝေသွားမယ် သာ မှတ်ပေတော့။

၄။ **တလားအုပ်** = အပေါ်လည်ကုပ် ကနေပြီး လည်ပင်းတစ်လျှောက် အဖြူစင်း "တလားခံကအောက်၊ **တလားအုပ်ကအပေါ်က"တလား"** ဆိုမှတော့ မကောင်းတော့ဘူး။

လူသေ **"အခေါင်း"**ကို **"တလား"** ခေါ်တယ်ပါ။ တလားခံနဲ့ အကျင့်ခြင်း အတူတူပါပဲ။ လွတ်သွားလို့ကတော့ **"အခေါင်း"**အုပ်ဖို့သာ ပြင်ပေရော့။

၅။ **တောက်တဲ့** = နွားကောင်း(၆) အိမ်မြှောင်နဲ့ မကွာလှဘူး။ တောက်တဲ့က ကြီးတာနဲ့ အိမ်မြှောင် က ငယ်တာ အဲဒီ ကွာသွားတာ။

ရင်အုပ် အဲဒီကမှ အလယ်မျဉ်း ကြောင်းအတိုင်း မြောင်ပြီး ဟိုဘက် ဒီဘက် ဆီးစပ်ထိ ရောက်သွားတာ။ ကြီးတော့**"တောက်တဲ့"**ခေါ်ကြတာပေါ့။

ပိုင်ရှင် စီးပွားပျက်၊ မွဲခင်းဖြစ်၊ ဒုက္ခပွားရတတ်ပါသတဲ့။

၆။ **အိမ်မြှောင်တစ်ကောင်**=တောက်တဲ့ ငယ်တော့ အိမ်မြှောင်ပေါ့။ အလယ် မျဉ်း ဟိုဘက်ဒီဘက် (၂)ကောင် မရှိဘူး။ တစ်ကောင်တည်းရယ်။ အဖော်ကွဲနေတာပေါ့။ မစုံဘူး။ သူရောက်ကတည်းက 'အကြံ မအောင်ဘူး။ လုပ်ငန်းတွေ အဆင် မပြေဘူး။ စီးပွားဥစ္စာဆုတ်ယုတ်တယ်။ မမွေးကောင်းဘူးပေါ့။

၇။ **မဘဲတောင်** = နွားကောင်း(၇) ခြောက်ကွက်ကြားခေါ် ကြန်စုံနွား အဖျက်ခံလိုက်ရတာ။ (၆)မျိုးစုံ လျက်သားနဲ့ ဘယ်နေရာ သွား ဖျက်သလဲဆိုတော့ ဝမ်းဗိုက်ကို ကြည့်ဗျာ...

အလိုလေးလေး... ဝမ်းဗိုက်မှာ **"အကျား"**စင်းကြီးနဲ့ဗျာ... ဒုက္ခပါပဲ။ သူ့မပါရင် **"ထိပ်သီး"**ဗျ **"ထိပ်သီး"**။

○'ကဲ... ဘယ့်နှယ်လဲ မေးစရာရှိရင် မေးဗျို့ အားမနာနဲ့'

▲'အဲ... **ဘို့မှာဖြစ်တဲ့ "အမှတ်" ကျတော့ရော** နွားကျွမ်းကျင် ဆရာကြီးအနေနဲ့ ဘယ်လိုအဓိပ္ပါယ် ဖွင့်ဆိုပါမလဲ'

○'ဘို့ဆိုတော့ **"ထိပ်ဆုံး"** တော့ပ် (Top)ပဲဗျ။ **ကုဋ္ဌ**ပေါ့။ ဘို့မှာ အဆီ အသားတွေ ပြည့်ဖြိုးမောက်တင်း နေတာကလဲ ကုဋ္ဌဗျ။ "ကုဋ္ဌ ကုဋ္ဌ" လေဗျာ၊ အရမ်းကောင်းတာပေါ့'

▲'ကျေးဇူးတင်လိုက်တာ နွားကျွမ်းကျင်ဆရာကြီးရယ်'

**ရတနာဆင်မင်း**
***(တုံရွာ၊ ဆားလင်းကြီး)***

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလိုပါသည်။

သို့ဖြစ်၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသော နေ့ရက်များကိုသေချာကနသိရှိစေရန် အလို့ငှာ စေတနာရှေ့ထားလက်ဆောင်ပါးကာရေးသားလိုက်ရခြင်းဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ မတ်လအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**မတ်လ (၃၁)** ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ **(၃၁)** ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၇)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၃၀)** ရ၏။ ယင်း**(၃၀)**ကို တစ်လုံးတည်း ဖြစ်အောင် ပေါင်းလျှင် **၃ + ၀ = ၃** ရ၏။ ထို့ကြောင့် ထိုသူအတွက် **မတ်လ(၃၁)** ရက်နေ့တွင် **(၃)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထား

သော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းဆော တသဖွယ် အဖြစ်အပျက်များ၊ တိုးလိုတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက် ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြု ရှောင်ကြဉ် သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက် ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြ လျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ အလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ဆောင် ပြည့်ပါစေ။***

**သုံးခရစ်(ကျိုက်လတ်)**

**✤ ၂၀၁၆ ခုနှစ်၊ မတ်လ ✤**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | 1<br>၄ | 2<br>၅ | 3<br>၆ | 4<br>၇ | 5<br>၈ |
| 6<br>၉ | 7<br>၁ | 8<br>၂ | 9<br>၃ | 10<br>၄ | 11<br>၅ | 12<br>၆ |
| 13<br>၇ | 14<br>၈ | 15<br>၉ | 16<br>၁ | 17<br>၂ | 18<br>၃ | 19<br>၄ |
| 20<br>၅ | 21<br>၆ | 22<br>၇ | 23<br>၈ | 24<br>၉ | 25<br>၁ | 26<br>၂ |
| 27<br>၃ | 28<br>၄ | 29<br>၅ | 30<br>၆ | 31<br>၇ | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လက်ထက်က ဘုရားရှင် သမားတော်ကြီး ဆရာဇီဝက ကြောင်းကို စာပေကျမ်းဂန်တချို့ တွင် ဖတ်ဖူးသည်။

ဆရာဇီဝက ငယ်ရွယ် ပညာသင် ခါက ဆရာဖြစ်သူက သူ့တပည့် စုံမစုံ သိရှိလို၍ **"ဤမြေပြင်တွင် ဆေးဖက်မဝင်သော သစ်ပင်များ ရှာခဲ့"**ဟု မှာကြားလွှတ်လိုက်၏။ ဇီဝက ဆေးဖက်မဝင်သော သစ်ပင်များ ဤမြေပြင်တွင် မရှိ၍ ရှာမတွေ့ ကြောင်း၊ ဆေးဖက်ဝင်သော သစ်ပင် များသာတွေ့ကြောင်း ပြန်လည်အစီရင် ထိုအခါ ဆရာဖြစ်သူက "အမောင် တပည့် ဇီဝက သင်သည့် ဆေးပညာ စုံပြီ"ဟု အသိအမှတ်ပြု ဆိုလိုက်လေသည်။

ဤမြေပြင်တွင် သက်ရှိတို့သည် ညီးကောင်း၊ သက်မဲ့တို့သည် ညီးကောင်း သူ၏ ဆိုင်ရာဆိုင်ရာ အစွမ်းသတ္တိထူးများ ရှိကြ၏။ အစွမ်း သတ္တိထူးများကို ကောင်းကျိုးဖြစ်စေ ရန်လည်း အသုံးပြုနိုင်၏။ ဆိုးကျိုးဖြစ် စေဖို့လည်း ပြုလုပ်နိုင်၏။

သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပင် မဆို ထားနှင့်။ ထိုသက်ရှိသက်မဲ့တို့ကို မှည့် ခေါ်ထားသော ပညတ်အမည်နာမ များသင်လျှင် ကောင်းကျိုး ဆိုးကျိုး အတွက် အသုံးပြုလို့ရ၏။ ဤသည်ကို ဆေးပညာစကားနှင့် ပြောရလျှင် **"ပုဂ္ဂလပညတ်ဆေးပညာ"**ဟု ခေါ် သည်။

ကျွန်တော်သည် ပုဂ္ဂလပညတ် ဆေးပညာကို စုံစုံလင်လင် အပြည့် တတ်မြောက်သူတစ်ယောက် ဟုတ်ပါ။ အနည်းအကျဉ်းမျှသာ တတ်ကျွမ်းသူ ဖြစ်ပါသည်။ ရှားပါး လာသော မူရင်းပုဂ္ဂလပညတ်



ပေါင်းတာည်မြကိုင်

ဓွေးရှူးကိုယ်ပျောက်ဆေး ဝိတုန်းအာစီအရင်

# ပုဂ္ဂလပညတ်ဆေးပညာ နှင့်

## အခြားမှတ်သားစရာများ

ဆေးကျမ်းကြီးလည်း မဖတ်ဘူးပါ။ ပင်ရင်း ဆေးကျမ်းကြီးကို မှီငြမ်း ထားသော ကျမ်းငယ်တချို့ကိုသာ ဖတ်ဖူးပါသည်။ ပညတ်အမည်ကို အခြေခံပြီး ကုရသော ဆေးပညာဖြစ် ၍ ဆေးလောကတွင် တစ်မျိုးတစ်ဖုံ ဖြစ်နေပါသည်။ ယုံကြည်နိုင်ရန်လည်း အလွန်ခက်ခဲလွန်းလှပါသည်။ လူတိုင်း လည်း မလေ့လာ မသင်ယူကြပါ။

ဂျာနယ်ကျော် ဦးချစ်မောင်၏ဇနီး ဂျာနယ်ကျော်မမလေးသည် မြန်မာ့ တိုင်းရင်းဆေးပညာများကို တော် တော်ကျွမ်းသူ ဖြစ်ပါသည်။ သို့သော် သူ ထပ်မံသင်ယူလိုသည့် ဆေးပညာ တစ်ရပ်က ရှိနေပါသည်။ ထိုဆေးပညာ ရပ်ကား **"ပုဂ္ဂလပညတ်"**ဆေးပညာ ဖြစ်ပါသည်။

ဂျာနယ်ကျော်မမလေး စဉ်းစား သည်။ ပုဂ္ဂလပညတ်ဆေးပညာ သင်တန်းဆိုသည်မှာလည်း မကြားမိ။ ဘယ်ဆရာထံမှာ သွားသင်ရမည် နည်း၊ တတ်ချင်လွန်းတော့ ကြိုးစား စုံစမ်းသည်။ တွေ့ပါပြီ။ ဆရာ့အမည် **အိုင်ကလောင်ဦးလှိုင်**၊ သူ့ထံသွားပြီး တပည့်ခံမည်ဟု ဆုံးဖြတ်လိုက်သည်။

ဂျာနယ်ကျော်မမလေး အိုင် ကလောင်ဦးလှိုင်ထံ ရောက်သွားသည်။ အကျိုးအကြောင်းပြော တပည့်ခံ သည်။ ဦးလှိုင်က ဂျာနယ်ကျော်မမလေး အမည်ကို ကြားဖူးနေသည်။ သင်ပေး မည်။ တတ်ကျွမ်းအောင် သင်ပေးမည်။

ဦးလှိုင်က သူ သောက်နေသည့် ဆေးတံကိုကိုင်ပြီး ဂျာနယ်ကျော်မမ လေးကိုမေးသည်။

'မမလေး ဒါ ဘာလဲ'

ဂျာနယ်ကျော်မမလေးက သူ့ တတ်



www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းထားသည့် ဆေးပညာအရ ပြောသည်။

'ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဓာတ်လေးပါးပါ ဆရာကြီး'

ဦးလှိုင်က ခေါင်းခါလိုက်ပြီး...

'မဟုတ်ဘူး မမလေး မှားနေတယ် ပြန်ဖြေပါဦး'

ဂျာနယ်ကျော်မမလေး စဉ်းစားလိုက်သည်။ သဘောပေါက်သွားပြီး...

'ဆရာကြီး **ဆေးတံ**ပါ'

'အေး ဟုတ်တယ် ဆေးတံလို့ခေါ်ပြီး သုံးမှပေါ့ကွယ်။ အမည်နာမကို မသုံးရင် ပုဂ္ဂလပညတ်ဆေးပညာနဲ့ ကုလို့မရဘူး။ မမလေး သေသေချာချာ မှတ်ထားပါ'

ဤသည်မှာ အိုင်ကလောင်ဆရာကြီး ဦးလှိုင်က ဂျာနယ်ကျော်မမလေးကို ပထမဦးဆုံး ပြောပြသင်လိုက်သော စကားဖြစ်သည်။

ဂျာနယ်ကျော်မမလေးသည် အိုင်ကလောင်ဦးလှိုင်ထံတွင် ပုဂ္ဂလပညတ်ဆေးပညာကို တတ်မြောက်အောင် သင်ယူပြီး ယင်းဆေးပညာဖြင့် လူနာပေါင်းများစွာကို ပျောက်ကင်းအောင် ဆေးကုသနိုင်ခဲ့သည်။ ဆေးပညာစာအုပ်ပင် ထုတ်နိုင်ခဲ့သည်။

ပုဂ္ဂလပညတ်ဆေးပညာကို အနည်းအကျဉ်းတင်ပြရလျှင် **ကက်ကင်းသတ်နည်း၊ ပြောင်းပြန်ချိုး၍သတ်နည်း၊ နံတူထပ်ပြီးဖိ၍ သတ်နည်း၊ အပေါ်မှ နာမ်စီးခွ၍ သတ်နည်း** စသည်ဖြင့် ရှိပါသည်။

ဆေးကုသသည်ဖြစ်စေ၊ အခြားအဆောင်အယောင်ကိစ္စဖြစ်စေ ဤနည်းအတိုင်း ပြုလုပ်ရပါသည်။ ပညတ်အမည်သည် အဓိက ဖြစ်ပါသည်။ သိမ်မွေ့နက်နဲလွန်း၍ တိတိကျကျ ဖြစ်ဖို့တော့ လိုပါသည်။

တစ်နေ့တွင်လည်း ပေါင်းတည်မြို့၊ စလင်းကျောင်းလမ်းနေ **ကျောင်းဆရာကြီး ဦးခင်(ငြိမ်း)သည်** ကျွန်တော့်ထံသို့ ရောက်လာသည်။ သူက ရောက်ရောက်ချင်း...

'ဆရာဦးမြလှိုင်ရေ ကျွန်တော် ကံကောင်းလို့ မသေတယ်ဗျာ။ ပျားရည်ဆိုတာ သိပ်သည်းမှုအားကောင်းလို့ သောက်ရင်း သီးသွားရင် လည်ချောင်းပြွန်ပိတ်ပြီး ချက်ချင်းသေနိုင်တယ်ဆိုတာကို သိရဲ့သားနဲ့ ကျွန်တော် သွားသောက်မိတယ်ဗျာ။

သီးပြီး လည်ချောင်းပြွန်ပိတ်သွားတာ အသက်ရှူမရတော့ဘူး။ သေတော့မယ့်ဆဲဆဲမှာ ပုဂ္ဂလပညတ် ဆေးကျမ်းကို သတိရပြီး အိမ်အောက်ကို အမြန်ပြေးဆင်း မြေကြီးပေါ်က မြေမှုန့်ကို လက်နဲ့ယူပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်တော့မှ ''ဖတ်''ခနဲ လည်ချောင်းပြွန် ပွင့်သွားပြီး အသက်ရှူရသွားတော့တယ်။ ကံကောင်းလို့ပေါ့ဗျာ၊ နံတူချင်းသတ်တာကို သတိရသွားလို့ပေါ့'

ဟု ရှင်းပြသည်။

'အင်းလေ ခင်ဗျားလဲ သိသားပဲ။ ပျားရည်ဆိုတာ လျက်ရတာပဲ။ သောက်ချင်ရင် တစ်ခုခု အရည်နဲ့ ဖျော်သောက်ရမှာပေါ့'

ဟု ရှင်းပြရသည်။

တချို့ တောရွာအိမ်ခြံဝင်းတွေမှာ ရှောက်ပင်တွေ စိုက်ပျိုးထားကြသည်။ ရှောက်ပင် ကိုင်းနေတာကို ဝါးနှင့် ထောက်မိသည်။ ယင်းရှောက်ပင်မှာ တဖြည်းဖြည်း နွမ်းပြီး သေသွားသည်။ ထိုအခါ ရှောက်ပင်ရှင်က...

'ငါ့ရှောက်ပင်ဟာ အသီးသီးတွေနဲ့ အကောင်းကြီးပါ။ ဘယ့်နှယ်ကြောင့် တဖြည်းဖြည်းနွမ်းပြီး သေသွားပါလိမ့်။ ဩော် ရေသောက်မြစ်ပြတ်သွားတယ် ထင်ပါရဲ့'

ဟု တလွဲအထင်ရောက်သွားသည်။ ဝါးနှင့် ထောက်မိ၍ သေသည်ကို သူ မသိ။

တချို့အိမ်တွေမှာ သံပရာပင် ကိုင်းနေတာကို ဝါးနှင့်ထောက်မိသည်။ အသီးတွေ ပိုပြီးသီးလာသည်။ ခြံရှင်က ''ဟဲ့ ငါ့သံပရာပင်တွေ ပိုသီးနေပါလား''ဟု အံ့ဩမှု ဖြစ်သွားသည်။ သံပရာပင်ကို ဝါးနှင့်ထောက်မိ၍ ပိုပြီး သီးသည်ကို သူမသိ။ ရေးစရာတွေ တော့ များစွာ ရှိသည်။ နည်းနည်းစီ ရေးရပါမည်။

**အမည်နံ့ခွစီးသတ်ကို** နည်းနည်း တင်ပြပါမည်။

တစ်ချိန်က မြန်မာနိုင်ငံမှာ မြင်း... ဆိုတာရှိသည်။ (၇)ရက်တစ်ကြိမ် မြင်းအပြေးပြိုင်ပွဲရှိသည်။ ကျိုက်... ကွင်းသည် မြင်းပြေးပြိုင်ပွဲကွင်း... သည်။ ယခုခေတ် ထိုင်းနိုင်ငံက ... စက်လာသည့် ဂဏန်းလောင်းကစား... ပုံစံမျိုး တစ်နိုင်ငံလုံး မြို့နယ်တွေ... လောင်းကစားကြသည်။

မြင်းပိုင်ရှင်တွေကလည်း အများ... ကြီး၊ မြင်းတွေကလည်း အများကြီး... မြင်းစီးသမား(ဂျော်ကီ) တွေကလည်း အများကြီး။ ဒီအထဲမှာ **ဘရင်လေး**... ဆိုသည့် မြင်းစီးဂျော်ကီကို ဘယ်သူ... တုမရ။ ပွဲတိုင်းပွဲတိုင်း ဘရင်လေး... ထိပ်ကပြေးနေသည်။

ဘရင်လေးကို ဘယ်မြင်းစီးသ... ဂျော်ကီမှ ယှဉ်၍မရ။ မြင်းပိုင်ရှင်... တိုင်ပင်ကြသည်။ သည်မြင်းပိုင်... များအထဲတွင် ပေါင်းတည်... (၈)လမ်းမှ ဦးအေးမောင်တစ်ယော... လည်း အပါအဝင်ဖြစ်သည်။

ဘယ်လိုလုပ်မည်နည်း၊ ... စဉ်းစားကြသည်။ နောက်ဆုံး အ... ထွက်လာသည်။ ပညတ်အမည်...



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်သော ဆရာတစ်ဦးထံ ရောက်သွားသည်။ မြင်းပိုင်ရှင်များက အကြောင်းစုံတင်ပြသည်။ အမည်ပေး ဆရာက...

'ဒီကိစ္စအတွက် ခင်ဗျားတို့ ဘာမှ မပူနဲ့ ကျွန်တော် အမည်ပေးလိုက် မယ်။ အဲဒီအမည်မှည့်ပြီး ဝင်ပြိုင်ပေ တော့'

ဟု ပြောဆိုပြီး အမည်ကို တွက်ချက် မှည့်ပေးလိုက်သည်။

သိပ်ပြီးမကြာလိုက်ပါ။ (၇)ရက် ကြာတတ်လောက်ပဲကြာသည်။ အမည် ပေါက်လာသည်။

'ဟော့ ဘိုးသာကွဟော့ ဘိုးသာ၊ မြင်း တစ်ယောက်တည်းရှိတယ်။ ဘရင်လေးကို ကျော်ဖြတ်လိုက်စမ်း ကျော်ဖြတ်လိုက်စမ်း'

ပရိသတ်တို့၏ အော်ဟစ်အားပေး သံက ဆူညံလာသည်။

ဘုကယ်လည်း ဘရင်လေးကို ကျော်ဖြတ်နိုင်ခဲ့သည်။ ဘရင်လေး မှည့် တဖြည်းဖြည်း ပျောက်ကွယ် သွားသည်။ ဘိုးသာ ဘိုးသာဟု ထိပ်က ပြေးလာသည်။

ဘိုးသာအပိုင် မြင်းပိုင်ရှင်များက အားရကျေနပ်လွန်း၍ အမည်ပေး ဆရာကို ထိုက်ထိုက်တန်တန် သွား ရောက်ကန်တော့လိုက်ကြသည်။

တော်လှန်ရေးကောင်စီ တက်ပြီး မြင်းပြိုင်ပွဲများကို ပိတ်သိမ်းသည်အထိ ကျော်ကီသမား ဘိုးသာဆိုသည့် အမည် က ထိပ်ဆုံးမှ ရပ်တည်လာနိုင်ခဲ့သည်။


ဤသည်တို့မှာ သဘောမျှသာ သာဓကအဖြစ် သိစေလို၍ တင်ပြရ ခြင်း ဖြစ်ပါသည်။ အဓိက တင်ပြလို သည်က ခွေးရူးကိုက်ပျောက်ဆေးနှင့် ပိတုန်းအစီအရင် ဖြစ်ပါသည်။

## ခွေးရူးကိုက်ပျောက်ဆေး

ဤ ခွေးရူးကိုက်ပျောက်ဆေးနှင့် ပိတုန်းအစီအရင်ကို မိန့်မြွက်ပြောပြ သည့် ဆရာတော်မှာ **ဆရာတော် ဦးစန္ဒာဝရ** ဖြစ်ပါသည်။

ဆရာတော်က သူ၏ ဆွေမျိုးသား ချင်းထဲမှ အမှန်ဖြစ်ခဲ့သည်ကို အတုယူ ကျင့်သုံးလိုက ကျင့်သုံးနိုင်ရန်အတွက် ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

၁၉၅၂ ခုနှစ်လောက်က ပေါင်း



တည်မြို့၊ ဆွဲပင့်ကန်ရပ်ကွက်၊ (၄၃) လမ်း ဓမ္မာရုံကျောင်းသို့ ကျောင်းထိုင် ဆရာတော်အဖြစ် ရောက်ရှိခဲ့ပါသည်။ ဇာတိက ပေါင်းတည်မြို့နယ်၊ ကြို့ပင် သာကျေးရွာကြီးက ဖြစ်ပါသည်။ မိခင် အမည်ကိုတော့ မမှတ်မိတော့ပါ။ ဖခင် အမည်က အုပ်စုသူကြီး ဦးစံလှဖြစ်ပါ သည်။ ဆွေမျိုးသားချင်းများက ချမ်းသာကြွယ်ဝကြပါသည်။

တစ်နေ့ သွေးသားညီအစ်ကိုတော် သူ တစ်ဦးကို ခွေးရူးကိုက်ပါသည်။ ဆေးဝါးကလည်း မရှိ။ ခွေးရူးကုဆရာ လည်းမရှိ။ ဘာလုပ်ရမှန်းမသိ။ ကြားဖူး နားဝ သစ်ရွက်သစ်ပင် ဆေးမြီးတို များနှင့် ကုသကြပါသည်။ ရောဂါက မပျောက်။ နောက် ရက်ကြာတော့ ခွေးရူးပြန်တော့သည်။ ခွေးရူးစိတ်နှင့် ထရံတွေကို ကုတ်ဖဲ့တက်၊ အခြားအိမ် သားများကို ကိုက်မှာစိုး၍ လူကို တန်းလျားကြီးနှင့်တွဲ၍ သံကြိုးချည် သော့ခတ်ထားရသည်။ မကြာမီရက် အတွင်း သေပေတော့မည်။

ကံတရားဆိုသည်မှာ ဆန်းကြယ် လှ၏။

တစ်နေ့ ဧည့်သည်တစ်ဦး အိမ် ရောက်လာ၏။ ခွေးရူးကိုက်လူနာကို တွေ့တော့ "ဟော့...သွား...သွား အကွက်စင်း ကျားကြီးကျားရေပြား ရအောင်ရှာခဲ့။ ပျားရည်စစ်စစ်ပါ ယူခဲ့"ဟု ခိုင်းလိုက်၏။ ဆွေမျိုးသား ချင်း ရပ်ရွာသူရပ်ရွာသားများ ဝိုင်းဝန်း ရှာကြရာ ကျားသားရေပြားလည်းရ၊ ပျားရည်စစ်စစ်လည်း ရခဲ့သည်။

**ဧည့်သည်ဖြစ်သူက ကျားသားရေ ပြားကို ဓားနှင့် ခြစ်ယူလိုက်ပြီး ပျားရည်နှင့် ရောစပ်နယ်၍ အလုံးလေးတွေ လုံးလိုက် သည်။ ပြီးလျှင် ခွေးရူးကိုက် လူနာကို သုံးလုံးတိုက်လိုက်သည်။ သော့ခတ်ထား သော သံကြိုးကိုလည်း ဖြတ်ခိုင်းလိုက် သည်။**

နေလာ နှင်းပျောက်သွားသလို ယင်းအချိန်မှစ၍ ခွေးရူးမပြန်တော့။ အံ့ဩစရာ လူကောင်းပကတိ ဖြစ်သွား သည်။ နှစ်ရက် ထပ်ပြီး ဆက်တိုက် သောက်ခိုင်းသည်။ ဧည့်သည်ဆရာက ပြောသည်။ စားချင်တာစား၊ သွားချင် တာသွား၊ ဘုန်းကြီးပျံလည်း သွား၍ ရသည်ဟု ဆိုသည်။ တော်တော် အံ့ဩ စရာကောင်း၊ အထင်ကြီးစရာကောင်း သော မြန်မာတို့၏ ဘိုးဘွားစဉ်လာ တိုင်းရင်းဆေးပညာ ဖြစ်သည်။

ဆရာတော် ဦးစန္ဒာဝရက ပြော သည်။

'ခွေးရူးအကိုက်ခံရတဲ့သူဟာ ခွေးစိတ်နဲ့ သေရတာပဲ။ အပါယ်ကျနိုင်တယ်။ တွေ့ရင် မသေအောင် ကယ်တင်ကြပါ။ ဆေးဖိုးဝါးခ မယူကြပါနဲ့။ စေတနာ မေတ္တာနဲ့ ကုကြပါ။ ကုသိုလ်ပြုကြပါ'

ဟု ဆိုသည်။

ကျွန်တော်က လူငယ်ဘဝဖြင့် သေချာစွာ မှတ်သားထားလိုက်ပါ




www.burmeseclassic.com

www.burmeseclassic.com

သည်။

## ပိတုန်းအာစီအာရင်ဟူသည်

ကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝရက ပိတုန်းအစီအရင်ကိုလည်း အမိန့်ရှိသည်။ ထိုအချိန်က ၁၉၅၂ ခုနှစ်ဝန်းကျင်က ရွာတွေမှာ ဓားပြပေါပါသည်။ ပိုက်ဆံချမ်းသာသူတွေဆိုလျှင် ဓားပြရန် အလွန်ကြောက်ရသည်။ ဆရာတော်၏ ဆွေမျိုးများက ချမ်းသာ၍



ဓားပြရန် ကာကွယ်ရန် ပိတုန်းအစီအရင် လုပ်ကြသည်။

ပိတောက်သားနှင့် လုပ်ထားသော လှည်းပုံတောင်း အဟောင်းကို ရှာဖွေပြီး ပိတုန်းရုပ် ထုရသည်။ လှည်းပုံတောင်းအသစ်(အသုံးမပြုရသေးသော) ပုံတောင်းကို မသုံးရပါ။

ပိတုန်းရုပ်ကို ကြည့်လိုက်လျှင် ပိတုန်းနှင့်တူအောင် ပီပီပြင်ပြင် ထုရပါသည်။ ထုပြီးလျှင် အောက်ပိုင်းဖင်ဘက်မှ အပေါက်ဖောက်ရပါသည်။ ယင်းပိတုန်းအပေါက်ထဲသို့ ပြဒါးများ ထည့်ရပါသည်။

ပြဒါးထည့်ပြီးလျှင် ပဒိုင်းသားအနက်ဖြင့် ပိတ်ဆို့ရပါသည်။ ပဒိုင်းသားအနက် မရလျှင်တော့ အခြားပဒိုင်းသားကို သုံးရပါသည်။ သို့သော် ပဒိုင်းသား အနက်လောက်တော့ မပြည့်စုံဟု" ဆိုပါသည်။

ပဒိုင်းသားနှင့် ပိတ်ဆို့ပြီးလျှင် မစုပ်ဖယောင်းနှင့် အပေါ်မှ ခပ်ထူထူ ကလေး လိမ်းကျံပေးရပါမည်။

**မစုပ်ဖယောင်း ဆိုသည်မှာ ပျားအုံမှ ထွက်ရှိရသော ဖယောင်းမဟုတ်၊ ပျားများ စုပ်ယူသွား၍ ကျန်သော ဖယောင်းလည်းမဟုတ်၊ အကြောင်းတစ်ခုခုကြောင့် ပျားများ နိုဗ်ဘတိုင်း ထားယူခဲ့သည့် ဖယောင်းကို "မစုပ်ဖယောင်း" ဟု ဆိုပါသည်။ မစုပ်ဖယောင်းနှင့် မလိမ်းကျံလျှင် တန်ခိုးအာကျိုး သက်ရောက်မှု အားနည်းသွားပါသည်။**

အားလုံးပြီးလျှင် ပိတုန်းရုပ်ကို ကြိုးနှင့်သီ အိမ်ပေါက်ဝ (သို့မဟုတ်) ခြံပေါက်ဝတွင် ကြိုးနှင့်ဆွဲပြီး...

'ဟဲ့ နင်တို့က ဓားပြ ခွန်ငါး၊ ငါက ပိတုန်း ငါးခွန်၊ ကက်ကင်းနဲ့ နင်တို့ကို သတ်လိုက်ပြီ။ ဒီနေ့ကစပြီး နင်တို့ ငါ့အိမ် ငါ့ခြံအတွင်း မဝင်နိုင်စေရ၊ ရှင်းဆရာရှင်း၊ လင်းဆရာလင်း၊ ကာဆရာကာ၊ ကွယ်ဆရာကွယ်' ဆိုပြီး အမိန့်ပြန်ပေးလိုက်ရပါသည်။

* * *

ကျွန်တော်သည် ဆရာတော် ဦးစန္ဒာဝရ မှာကြားသည့်အတိုင်း ကျားသားရေပြားကို ပြာချပြီး ပျားရည်နှင့်ရောစပ် အလုံးကလေးများ ပြုလုပ်ထားပြီး ခွေးရူးကိုက်လူနာများကို ဇီဝိတဒါန အခမဲ့ကုသပေးပါသည်။

ပထမ သမီးအရင်း ခွေးရူးကိုက်၍ စကုရပြီး၊ ဒုတိယ အစ်ကိုအရင်းကို ခွေးရူးကိုက်ခံရ၍ ကုသပေးရပါသည်။ အခြားသူများကိုလည်း များစွာ ကုသပေးခဲ့ရသည်။ ခွေးရူးကိုက်ခံရသည်ဟု ကြားလျှင် လူကိုယ်တိုင် မသွားနိုင်သော်လည်း ဆေးလုံးကလေးများကို လူကြုံနှင့် လှမ်းပေးလိုက်သည်။

သည်လိုနှင့် နှစ်တွေကြာ ခေတ်တွေပြောင်းလာတော့ **ကိုးတောင်အစင်း ကျားကြီး၏ အရေပြား ရှာမရတော့ပေ။** ကျားကြီးအရေပြား ရှားသွားပြီ။ ကျားကွက် ကျားအရေပြားနှင့် အစား ထိုးကု၍မရ။ ခွေးရူးကိုက်ရောဂါ မကုရ တော့။

စိတ်ထဲမှာတော့ ကုချင်စိတ် အမြဲ ရှိနေသည်။ ခွေးရူးကိုက်ခံရသည်ဟု ကြားလျှင် စိတ်ထဲမှာ တစ်မျိုး ခံစားနေ ရသည်။

အချုပ်ဆိုရသော် မြန်မာနိုင်ငံတွင် ဆေးပင်ဆေးဝါး သစ်ပင်တွေ ပေါ သလောက် ဆေးပညာရပ်တွေက လည်း စုံလှပါသည်။ အားလုံးလည်း သူ့နည်းသူ့ဟန် အစွမ်းထက်ကြပါ သည်။ တတ်ကျွမ်းသူတွေလည်း များ ကြပါသည်။

**"လွယ်အိတ်မပါ ဆေးကုဆရာ"** ဆိုသည့် စကားအရ အတွေ့တွေ့သော မြန်မာဆေးပညာရှင်များသည် ဆေး လွယ်အိတ်မပါဘဲနှင့် ရောက်ရာအရပ်မှာ အိမ်တွင်းအိမ်ပြင် ခြံတွင်းရှိ ပစ္စည်း များဖြင့် ရောဂါပျောက်ကင်းအောင် ကုသနိုင်သည့် ဆရာများ ဖြစ်ကြပါ သည်။ ကိုယ့်လူမျိုးဖြစ်၍ တမင်တင်စား ပြီး ပြောခြင်းမဟုတ်ပါ။ တကယ်လည်း အမှန်ရှိကြပါသည်။

မြန်မာဆေးလောကမှာ ပေါင်းတည် မြို့နယ်၏ အစဉ်အလာ ဆောင်ပုဒ်က တော့...

**"တိုင်းရင်းဆေး အထင်မသေး နှင့်"၊ "တိုင်းရင်းဆေးဖြင့် အသက် ကယ်မည်"** ဟူ၍ ဖြစ်ပါသည်။

***ဆေးပညာဖြင့် အသက်ကယ် ကုသိုလ်ပြုနိုင်ကြပါစေ။***

**ပေါင်းတည်မြလိူင်**

www.burmeseclassic.com

www.burmeseclassic.com

# ခြေရာကိုကြည့် လူ့အရပ်သိ

ကျွန်ုပ်သည် တစ်ချိန်က လမ်းမကြီးတစ်ခုနံဘေးတွင် စာအုပ်ဆိုင်တစ်ဆိုင်ဖွင့်၍ ဝန်ထမ်းတစ်ဖက်နှင့် ရိုးသားစွာဝမ်းစာရေး ရှာဖွေခဲ့ပါသည်။

စာအုပ်အငှားဆိုင်ဖြစ်၍ လာရောက်ငှားရမ်းသူများက လူမျိုးစုံလှသည်။ မှိုမှိုအိုအို အသက်ကြီးကြီး စာပေပါသနာလိုက်စားသူများ ရှိကြပါသည်။

ကျွန်ုပ်ဆိုင်၏ ခေါင်းရင်းအိမ်သည် တက္ကသိုလ်ကျောင်းသူများ ငှားစားသော အဆောင်ဖြစ်၍ မိန်းမပျိုလေးများကို ညည လာရောက် ပိုးပန်းသီချင်းဆိုသံများနှင့် စည်ကားလှပါသည်။

ထို ညမင်းသားအဆိုတော်များနှင့် ရောယောင်လျက် ကိုမိုးမှောင်က မွှေချက်ကောင်းကောင်းနှင့် မိန်းကလေးအဆောင် ခေါင်းရင်း၊ ခြေရင်း၊ ဖိနပ်ချွတ်၊ နောက်ဖေးမကျန် အဝတ်အထည်၊ ဖိနပ်၊ ငွေသားတချို့နှင့် ခေတ်စားနေသော ဖုန်းလေးများကို ရောသမမွှေသွားခဲ့ရာ နံနက်မိုးလင်းသော် အသံဗလံမျိုးစုံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ထူးဆန်းသည်က **ဖိနပ်တစ်ရံ (ယောက်ျားစီး)နှင့် ခြေရာတစ်ခု** ထင်ထင်ရှားရှား ကျန်ခဲ့သည်ကို တွေ့ရ၍ အဆောင်ပိုင်ရှင် အဒေါ်ကြီးက ခြင်းကြားကြီးနှင့် အုပ်ထားသည်ကို တွေ့ရပါသည်။

အဆောင်ဆိုသည့်အတိုင်း ကျောင်းသူပေါင်းစုံဖြစ်၍ အိမ်ပိုင်ရှင်ကသာ ဦးဆောင်လျက် ရဲစခန်းနှင့် ရပ်ကွက်ရုံးသို့ တိုင်ကြားရပါသည်။

ရေဆုံးကုန်းတစ်ဝက် ပြန်ရလိုရငြားဖြစ်သော်လည်း သိပ်တော့ မမျှော်လင့်ရဲပါ။ အဆောင်မှာခိုးတဲ့ သူခိုးဆိုတာ မိရိုးထုံးစံမရှိ။

ထိုအချိန်တွင် စာအုပ်ဆိုင်သို့လာသော လူကြီးတစ်ဦးနှင့် ညက အဆောင်တွင် သူခိုးဝင်ခိုးကြောင်း ပြောရင်း လူ့ခြေရာနှင့် ဖိနပ်တစ်ရံ ကျန်ခဲ့ကြောင်း ပြောပြရာ ရဲဝန်ထမ်းဟောင်းဖြစ်သူ ထိုဦးလေးမှ...

'ခြေရာကျန်ရင် လူ့အရပ်ကို သိတာပေါ့။ အရပ်အမောင်းသိရင် သဲလွန်စတော့ နည်းနည်းရပြီဆိုတော့ ဒီအတိုင်းထက်စာရင် လူပုံလူပန်းသဏ္ဌာန်ကို ပြောလို့ရရင် သူခိုးဖမ်းလို့ နီးစပ်တာပေါ့ကွယ်'

'ဒီလိုဆိုရင် လူပုံပန်းသဏ္ဌာန်ကို ဘယ်လိုခန့်မှန်းမလဲ ဦးလေးရယ်'

'ဒါက လွယ်ပါတယ်ကွယ်... ခြေရာကျန်ရင် ခြေရာရဲ့အလျားကိုတိုင်း၊ အတိုင်းကို (၆.၈)လက်မနဲ့မြှောက် လူရဲ့ အရပ်အမြင့်ထွက်လာတယ်။


နောက်တစ်နည်းက ခြေဖဝါးကို တစ်ခုလုံး ပတ်ပတ်လည်တိုင်းပြီး (၃)နဲ့မြှောက် အရပ်အမောင်းထွက်လာရော'

မယုံ၍ ကျွန်ုပ်စမ်းကြည့်ရာ နဖူးမှဆံစနှင့် ခြေထောက်အထိ အရပ်အမောင်းကွက်တိဖြစ်နေ၍ လူပုံပန်းသဏ္ဌာန် အရပ်အမောင်းကို ခြေရာကြည့်ရုံနှင့် သိနိုင်ကြောင်း ပညာရပ်တစ်ရပ် တိုးလာပါသည်။

နောင်တွင် အဆောင်သူခိုးဆိုသူ ခြေရာကို ခြင်းကြားကြီးနှင့် အုပ်ထား၍ ပဲလားမသိ၊ မိသောအခါ ထိုသူခိုး၏ အရပ်အမောင်းမှာ အထက်ဖော်ပြပါ နည်းများနှင့် စမ်းသပ်ထားသည့် အတိုင်း ဖြစ်နေသည်ကို တွေ့ရှိရပါလေတော့သည်။

**ကျော်ဇင်ဖြူ**






၁။ ခြေဖဝါး
၂။ ခြေရာ
၃။ ခြေဖဝါးအလျား

၁။ ခြေဖဝါးအလျား × ၆.၈" = အရပ်အမြင့်
၂။ ခြေဖဝါးပတ်ပတ်လည် × ၃ = အရပ်အမြင့်



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေ

**စီးပွားရေး** ။။ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ကိုယ်စားလှယ်၊ ပွဲစား၊ ရွှေ့နေ ရှေ့ရပ်များ၊ အကျိုးဆောင်များ လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ဖော်ကိုင်ဖက်များ အထက်လူကြီးများ၏ ကူညီမှုဖြင့် လုပ်ငန်းများ အဆင်ပြေ အောင်မြင်မည်။ ချီးကျူးခံရခြင်း၊ ဂုဏ်ပြုခံရခြင်းများရှိမည်။

**အိမ်ထောင်ရေး** ။ မိသားတစ်စု ချစ်ချစ်ခင်ခင် နေထိုင်ကြရမည်။ သားသမီးများအတွက် ကြည်နူး ဝမ်းသာကြရမည်။

**အချစ်ရေး** ။ ချစ်သူ၏ အထင်အမြင် လွဲခြင်းကို ခံရတတ်၍ အနေအထိုင် အပြောအဆို အပြုအမူအားကို ဆင်ခြင်ပါ။

**ပညာရေး** ။ ပညာရေး ကံဇာတာ တက်နေပါသည်။ နည်းနည်း ကြိုးစားရုံဖြင့် များများအောင်မြင်မည်။ မည်သည့် သင်တန်းမဆို တတ်နိုင်သည်။

**ကျန်းမာရေး** ။ အကြောနာခြင်း၊ ခြေလက်နာကျင်ခြင်း၊ အထူးသဖြင့် ခြေထောက်ခေါက်ခြင်း၊ ချော်လဲခြင်း ဖြစ်တတ်၍ အသွားအလာ အနေအထိုင် သတိရှိပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၃၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ပိတောက်ပန်း(၆)ခက် (သို့မဟုတ်) ပိတောက်ညွန့်(၆)ခက်ကို ဘုရားတွင် ကပ်လှူပူဇော်ပါ။ လိုရာဆုတောင်းပါ။

### တနင်္လာ

**စီးပွားရေး** ။ ငွေကြေးလဲလှယ်ခြင်း၊ ငွေကြေးရောင်းဝယ်မှုလုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေပန်းထိမ်လုပ်ငန်း၊ ငွေထည်ပစ္စည်းများ အရောင်းအဝယ် ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်တာဝန်များကို အချိန်မီ အောင်မြင်စွာ ပြီးစီး၍ ဂုဏ်ပြုခံရခြင်း (သို့မဟုတ်) ဆုကြေးငွေ ရရှိမည်။

**အိမ်ထောင်ရေး** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်ကလည်း စီးပွားရေး၊ ငွေရေးကြေးရေး အောင်မြင်နေ၍ မိသားတစ်စု ပြဿနာမရှိဘဲ အေးချမ်းစွာ နေထိုင်ရမည်။

**အချစ်ရေး** ။ အချစ်ကြောင့် အိမ်မှ ထွက်သွားရတတ်သည်။ (သို့မဟုတ်) မိမိချစ်သူ ရပ်ဝေးသို့ သွားရလိမ့်မည်။

**ပညာရေး** ။ ပညာရေး ကံဇာတာတက်နေသောကာလဖြစ်သည်။ နည်းနည်းကြိုးစားရုံဖြင့် များများအောင်မြင်မည်။

**ကျန်းမာရေး** ။ အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်သည်။ (၁၅)ရက်ကျော်က သက်သာသွားမည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၅၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။



၂၀၁၆ ခုနှစ်၊ မတ်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ

ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်



**အဆောင်ယတြာ** ။ သဲအိုးထဲတွင် ကံ့ကော်ညွန့် (၁၅)ညွန့်ထိုး၍ ဘုရားတွင် ကပ်လှူပူဇော်ပါ။ လိုရာဆုတောင်းပါ။

### အင်္ဂါ



**စီးပွားရေး** ။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အလှကုန်များ၊ ချုပ်ပြီးသား(အသင့်ဝတ်ဆင်) အထည်များ အရောင်းအဝယ် ကောင်းမည်။ အကျိုးအမြတ်များမည်။



**ဝန်ထမ်းရေးရာ** ။ ရသင့်သော ငွေကြေးများရရန် နှောင့်နှေးနေလိမ့်မည်။ လူကြီးများ၏ လုပ်ရပ်မှန်ကန်မှု မရှိ၍ ငွေကြေးနစ်နာမည်။

**အိမ်ထောင်ရေး** ။ သားသမီးတို့နှင့် ပတ်သက်၍ စိတ်တိုင်းမကျ ဖြစ်ရတတ်သည်။ နစ်ဖက်ဆွေမျိုး များကြောင့် ငွေကုန်များတတ်သည်။



**အချစ်ရေး** ။ အချစ်ရေးကတော့ အဆင်ပြေနေမည်။ မမျှော်လင့်ဘဲ လက်ထပ်ခွင့်ကြုံမည်။

**ပညာရေး** ။ ပညာရေးကို ဖိကြိုးစားလိုက်ပါ။ အခက်အခဲ ပြဿနာတွေ့သော် စိတ်မပျက်ပါနှင့်။

**ကျန်းမာရေး** ။ လေထိုးလေအောင့်ဖြစ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း တို့ ဖြစ်တတ်၍ အစားအသောက် သတိထားပါ။ ဝမ်းရင်ကို အအေးမခံပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက် ပြောဆို ယှဉ်ပြိုင်ရန် ကိစ္စများရှိ၍ အိန္ဒြီးညွန့်(၁၀)ညွန့်ကို ဘုရားတွင် ကပ်လှူ၍ လိုရာဆုတောင်းပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး** ။ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးအရောင်းအဝယ် ဆန်စပါးအရောင်းအဝယ်တို့ အမြတ်များမည်။ နိုင်ငံခြားနှင့် ပူးတွဲ လုပ်ကိုင်ရသော လုပ်ငန်းများ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။ ဝန်ထမ်းတို့ ခရီးထွက်၍ အလုပ် လုပ်ရမည်။ အတွေးအခေါ် အယူအဆ မှား၍ ဆုံးဖြတ်ချက် မှားတတ်သည်။

**အိမ်ထောင်ရေး** ။ အိမ်ထောင်ဖက် ခရီးထွက်ရမည်။ ငွေကြေး ရ သွားသော်လည်း ငွေကြေးကို နှောင့်နှေးပြီးမှ ရမည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေနေရာမှ အနေအထိုင်

www.burmeseclassic.com

www.burmeseclassic.com

အပြောအဆို အပြုအမူကြောင့် ချစ်သူက သံသယဝင်တတ်သည်။

**ပညာရေး။** ။စာမေးပွဲ ဖြေဖြစ်အောင်ဖြေပါ။ ကံညံ့လျှင် ဉာဏ်နှင့် ဝီရိယကို အားကိုးပါ။

**ကျန်းမာရေး။** ။ ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်းဖြစ်ပြီး အပ်များများ သွားတတ်၍ ဝမ်းနူးစာများကို မစားပါနှင့်။

**ဆောင်ရန်ရက်များ။** ။၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၂၊ ၂၃၊ ၂၆၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၆၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။အောင်အိုးထဲတွင် အုန်းယန်း(သို့မဟုတ်) အုန်းညွန့် ၅ ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ သပြေ(၁၉)ညွန့် ထည့်၍ အိမ်ရှိ ဘုရားအား ကပ်လှူပူဇော်ပါ။ လိုရာဆုတောင်းပါ။







**အိမ်တွင်းရေး။** ။ သားသမီးကိစ္စနှင့် ပတ်သက်ပြီး အိမ်တွင်းရေး အဆင်မပြေ ဖြစ်ရတတ်သည်။ သားသမီးအိမ်မှ ထွက်သွားတတ်၍ သာသာယာယာ ပြောဆိုဆုံးမပါ။

**အချစ်ရေး။** ။အချစ်ရေး အဆင်ပြေသာယာမည်။ ချစ်သူနှင့် ချိန်းတွေ့၍ ဘုရားဖူး (သို့မဟုတ်) လျှောက်လည်ခြင်း ပြုလုပ်ရမည်။ ပျော်စရာ ချစ်ခရီးတစ်ခုပင်ဖြစ်မည်။

**ပညာရေး။** ။စာမေးပွဲဖြေရန်ရှိလျှင် ရဲရဲဝံ့ဝံ့ ဝင်ရောက်ဖြေဆိုပါ။ အချစ်ရေးကြောင့် ပညာရေးကို အထိခိုက်မခံနိုင်ပါနှင့်။

**ကျန်းမာရေး။** ။ရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ်နာခြင်းတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။၅၊ ၈၊ ၁၀၊ ၁၄၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ဆောင်ရွက်ရန် ကိစ္စရှိလျှင် သီး(ဖီး)သီးအစိမ်း(၈)လုံး ဘုရားတင်၍ မြက်ပါးဆုပ်ကို နင်းပြီးသွားပါ။

## ကြာသပတေး

**စီးပွားရေး။** ။ကိုယ်စားလှယ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ ရွှေနေလုပ်ငန်းတို့ အကျိုးအမြတ်များမည့်ကာလ ဖြစ်သည်။ ရွှေ၊ ရွှေထည်ပစ္စည်းများ၊ ရွှေပန်းထိမ်လုပ်ငန်း ဝင်ငွေများမည်။

**ရာထူးအရေးရာ။** ။စီးပွားရေးဆန်သော အလုပ်များ လုပ်ကိုင်ရမည်။ မိမိအထက်လူကြီးများကြောင့် လုပ်ငန်းများ အောင်မြင်မည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်ကလည်း ငွေဝင်ကောင်းပြီး သားသမီးများကလည်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ အလွန်ကောင်းနေသောကြောင့် စိတ်ချမ်းသာသော မိသားစုဖြစ်မည်။

**အချစ်ရေး။** ။မိမိက စကားများ အပြုအမူ အနေအထိုင်များသောကြောင့် ချစ်သူ၏ အထင်လွဲမှုကို ခံရကိန်းဖြစ်နေသည်။

**ပညာရေး။** ။ပညာရေးကံဇာတာ တက်နေသည့်ကာလဖြစ်သည်။ စာမေးပွဲဖြေဆိုရန်ရှိလျှင် ရဲရဲဝံ့ဝံ့ ဖြေဆိုပါ။ ထူးချွန်စွာအောင်မည်။

**ကျန်းမာရေး။** ။ခေါင်းမူး၊ ခေါင်းကိုက် ဝေဒနာ ခံစားရတတ်သည်။ စိတ်လျော့ကိုယ်ပါ အပန်းဖြေ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ဆောင်ရွက်ရန်၊ ပြောဆိုရန်၊ ယှဉ်ပြိုင်ရန် ကိစ္စရှိပါက သွားတွင် သီဟိုဠ်ညွန့်(၂၇)ညွန့် ကပ်လှူ၍ ရွက်လှပန်း(၁၇)ခက်ကို နင်းပြီး ထွက်ပါ။

## သောကြာ

**စီးပွားရေး။** ။ ငွေပန်းထိမ်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ ငွေလဲလှယ်ခြင်း၊ ငွေကြေးရောင်းချခြင်းလုပ်ငန်းများ အကျိုးအမြတ်များမည်။

**ရာထူးအရေးရာ။** ။ မိမိ၏ လုပ်ငန်းတာဝန် ချို့ယွင်းမှုကြောင့် မိမိ၏ အထက်လူကြီး၏ ပြစ်တင်ပြောဆိုခြင်းကို ခံရမည်။

## စနေ

**စီးပွားရေး။** ။ရွှေအရောင်းအဝယ်လုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်းများ ကောင်းမည်။ အမြတ်များမည်။ ကိုယ်စားလှယ်၊ ပွဲစား၊ ရှေ့နေ ရှေ့ရပ်များ၊ ဖောက်သည်သစ်များ၊ အမှုသည်အသစ်များ ရရှိ၍ လုပ်ငန်းကောင်းမည်။

**ရာထူးအရေးရာ။** ။မိမိလုပ်ငန်းတာဝန်အပြင် ငွေကြေးကိုင်တွယ်သုံးစွဲခွင့်ရသော တာဝန်တစ်ရပ် ထပ်မံရရှိမည်။ မိမိ၏ ရိုးသားမှုကို ပြနိုင်ခွင့်ရမည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက် လုပ်ငန်းကောင်း ငွေဝင်ပြီး သားသမီးများကလည်း နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး။** ။အပြောအဆို အနေအထိုင် ဆင်ခြင်ပါ။ အထင်မှား အထင်လွဲတတ်သော အပြုအမူများကို မပြုလုပ်ပါနှင့်။

**ပညာရေး။** ။ပညာရေး ကံဇာတာတက်ပြီး အချစ်ရေး ပြဿနာတက်သော အချိန်အခါ ဖြစ်နေသည်။

**ကျန်းမာရေး။** ။ သွားကိုက်၊ သွားနာ၊ သွားကျိုး ဖြစ်တတ်သည်။ သွားအကျိုးမခံပါနှင့်။

**ဆောင်ရန်ရက်များ။** ။၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ဆောင်ရွက်ရန် ယှဉ်ပြိုင်ရန် ကိစ္စရှိလျှင် ရွက်လှပန်း (၄)ညွန့်ကို ဘုရားတင်၍ ဇော်စိမ်း(၃)ခက်ကို နင်းပြီးသွားပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# အဆုတ်ရောဂါပျောက်ဆေးကြီး



အဆုတ်ရောဂါသည် တောရောမြို့ပါ ကူးစက်နိုင်သည်။ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း (၂၁)ရက်ကျော်သည်အထိ မပျောက်လျှင် အဆုတ်ရောဂါဖြစ်ရန် သေချာနေသလောက်ဖြစ်သည်။

သလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းဖြင့် ဆရာဝန်နှင့် တိုင်ပင်ကုသလျှင် အလွယ်တကူ ပျောက်နိုင်ပါသည်။ ဆေးကို (၆)လမှ (၈)လအထိ မှန်မှန်စားရန်လိုသည်။

သို့သော် တောနယ်အရပ်၌ နေထိုင်သော တောင်သူဦးကြီးများ အနေဖြင့် အဆုတ်ရောဂါ (ခေါ်) တီဘီရောဂါ ပျောက်လိုပါက၊ ဆေးရုံဆေးခန်းသွားရန် အခက်အခဲရှိပါက အောက်ပါဆေးနည်းကိုသုံးရန် **"ပျဉ်းမနားမြို့ ဦးသျှစ်ကုန်းဆရာတော်"**က မိန့်ကြားပါသည်။ ဆရာတော်၏ ဆေးနည်းကား နည်း(၄)နည်း ဖြစ်ပါသည်။

## ပထမနည်း

| | |
|---|---|
| နွံသာဖြူ | ၁-ကျပ်သား |
| ရှောက်ကောင်း | ၁-ကျပ်သား |
| ဖာတိုပွိုလ်သီး | ၁-ကျပ်သား |
| လေးညှင်း | ၁-ကျပ်သား |
| ပန်းနု | ၃-ကျပ်သား |
| ဇာတိသာ | ၃-ကျပ်သား |
| နွံသာနီ | ၅-ကျပ်သား |
| ကာရမက် | ၅-ကျပ်သား |
| နွယ်ချို | ၅-ကျပ်သား |
| စန္ဒကူးနီ | ၂၅-ကျပ်သား |

ပေါင်း အလေးချိန် (၅၀)ကျပ်သား ကို ပရဆေးဆိုင်မှဝယ်၍ အားလုံးကို အမှုန့်ပြုသမအောင်မွှေ ဖန်ဘူးတွင် ထည့်ထားပါ။

ဤဆေးကို နံနက်(၆)နာရီတွင် တစ်ကြိမ်၊ နေ့လယ်(၁၂)နာရီတွင် တစ်ကြိမ်ကွမ်းသီးခန့်ရေနွေးတွေ့စားပါ။

သွေးအန်ခြင်း၊ သွေးပါခြင်း၊ ဝမ်းသွေးလွန်ခြင်းကို ပိတ်စေပြီး သွေးလေညီမျှစေသည်။ နှလုံးခုန်၊ ရင်တုန်၊ မောပန်း၊ မူးဝေခြင်းကို ပျောက်ကင်းစေသည်။

## ဒုတိယနည်း

| | |
|---|---|
| သက်ရင်းကတိုးအမြစ်ရင့်ရင့် | |
| လတ်လတ်ဆတ်ဆတ် | ၅၀ ကျပ်သား |
| သိန္ဓော | ၂ ကျပ် ၈ ပဲသား |
| ဆားပုပ် | ၂ ကျပ် ၇ ပဲသား |

ပေါင်း **အလေးချိန် (၅၅)ကျပ်သား** ကို အမှုန့်ပြု၍ သမအောင်မွှေ ဖန်ဘူးတွင် ထည့်ထားပါ။

မနက် ထမင်းစားပြီးစတွင်တစ်ကြိမ်၊ ညနေ ထမင်းစားပြီးစတွင် တစ်ကြိမ် မန်ကျည်းစေ့ခန့် စားပါ။ ချောင်းဆိုးခြင်း၊ အစာမကျေခြင်းကို ပျောက်ကင်းစေပါသည်။

## တတိယနည်း

| | |
|---|---|
| ဖာတိုပွိုလ်သီး | ၁၀ လုံး |
| လေးညှင်းပွင့် | ၂ ကျပ်သား |
| ရှောက်ကောင်းစေ့ | ၂ ကျပ်သား |

ဤဆေး(၃)မျိုးကို အမှုန့်ပြုလုပ်ပြီး **ပျားရည်စစ်စစ် (၅၀)ကျပ်သားကို** အိုးသန့်သန့်တွင်ထည့်၍ မီးဖိုပေါ်မှာ တင်ပါ။ ပွက်လျှင် ဆေးမှုန့်ကို ထည့်ပြီး သမအောင်မွှေပါ။

မတူးမချစ်ပါစေနှင့်။ အအေးခံပြီး ဖန်ဘူးတွင် ထည့်ထားပါ။ နံနက်(၈)နာရီတစ်ကြိမ်၊ ညနေ(၄)နာရီ တစ်ကြိမ် တစ်နေ့နှစ်ကြိမ်ကျ သောက်ပါ။ ကွမ်းသီးလုံးခန့်စားပါ။ စားပြီး ရေနွေးကြမ်းသောက်ပါ။

ပိုးကို သေစေ၏။ အဆုတ်များရှိ သော အနာကို ပျောက်ကင်းစေ၏ ပါစကဝမ်းမီးကို တောက်စေ၏။

## စတုတ္ထနည်း

| | |
|---|---|
| စမုန်မျိုးငါးပါး | ၂ ကျပ်သားစီ(၁၀ ကျပ်သား) |
| ပွေးကိုင်း | ၁၀ ကျပ်သား |
| ဆားပုပ် | ၂ ကျပ် ၈ ပဲသား |
| သိန္ဓော | ၂ ကျပ် ၈ ပဲသား |
| ဇာတိသာ | ၅ ကျပ်သား |
| မန်ကျည်းသီးမှည့် | ၁၀ ကျပ်သား |
| ထန်းလျက် | ၄၀ ကျပ်သား |

ယင်းဆေးကိုအမှုန့်ပြု၍ သမအောင် မွှေ၍ ဖန်ဘူးထဲတွင် ထည့်ထားပါ။

ညအိပ်ရာဝင်ခါနီး၌ ကွမ်းသီး ကြီးခန့်စား၍ ရေသောက်ပါ။ ဝမ်းချုပ် ခြင်းကို ပျောက်၍ ဆီး,ဝမ်း,လေ ညီမျှစေသည်။

အဆုတ်ရောဂါဖြစ်၍ သွေးအန်ခြင်း ချောင်းဆိုးခြင်း၊ သွေးပါခြင်း၊ ဝမ်းသွေး လွန်ခြင်းဖြစ်ပါက အထက်ပါဆေးနည်း (၄)မျိုးထဲက ကြိုက်နှစ်သက်ရာ သုံး ပါ။အဆုတ်ရောဂါဖြစ်သူများ ကြက်သား ဝက်သား၊ အမဲသား မစားရပါ။

လတ်ဆတ်သော ဟင်းသီးဟင်း ရွက်များ များများစားပြီး နွားနို့သော ပေးရန် လိုပါသည်။

**တေးသံရှင် ကြည်မောင်**



www.burmeseclassic.com

www.burmeseclassic.com

အကျိုးစားသန့်သည့်

# တစ္ဆေ



**အောင်ကျော်သူ**
**(ရိုးမမြေ)**

တချို့သော အကြောင်းအရာများသည် ကြာညောင်းဟောင်းနွမ်းခဲ့သော်လည်း ပြန်ပြောင်းသုံးသပ်ရ၍ ပြောပြကြသွင် မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလို ထင်မိရသည်။

တစ်ခုသော ညချမ်းအခါ၌ ရေနွေးကြမ်းသောက်ကြရင်း စကားဝိုင်းဖွဲ့ကြရာမှ စာရေးသူ၏ဖခင်က **သူ ငယ်စဉ်က(၁၀ နှစ်သားအရွယ်ခန့်)**က ကြုံတွေ့ဖူးသော အကြောင်းအရာတစ်ခုကို ပုံပြင်တစ်ပုဒ်ပမာ ပြောပြခဲ့ပါသည်။

အကြောင်းအရာကတော့ ပုံပြင်ဆန်ဆန်တော့ပါ။ တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်လေး ဖြစ်ပါသည်။ ထိုဖြစ်ရပ်မှန်လေးကိုပင် စာရေးသူအနေဖြင့် နေရာဒေသကို ခြွင်းချက်ထား၍ အမည်များကို လွှဲပြောင်းရေးသားလိုက်ပါသည်။

လေးမျက်နှာ မြို့နယ်အတွင်းရှိ (...)ကျေးရွာတွင် ကိုသိန်းဆောင်သည် လူပျိုလူလွတ်တစ်ယောက်ဖြစ်၍ အိမ်ထောင်မပြုသေးဘဲ ညီမဖြစ်သူ ဒေါ်မွေးတင်၊ ယောက်ဖဖြစ်သူ ကိုချစ်ဆောင်တို့နှင့်အတူ နေထိုင်ကာ တစ်မိသားစုတည်း လုပ်ကိုင်စားသောက်နေကြလေသည်။ သူတို့မိသားစုမှာ သာမန်တောင်သူလုပ် လက်စားများသာဖြစ်၍ ယာလုပ်ငန်း၊ ပျိုးနုတ်၊ လယ်သူရင်းငှား စသည်ဖြင့် ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြလေသည်။

ကိုသိန်းဆောင်မှာ ပျော်ပျော်ရွှင်ရွှင်နှင့် ဖော်ရွေစွာ နေထိုင်တတ်သည့်ပြင် အစအနောက် အလွန်သန်သည်။ ရွာရေး၊ ရပ်ရေး၊ သာရေး၊ နာရေး မှန်သမျှ ဘယ်သောအခါမှ ခေါင်းမရှောင်ဘဲ တက်ကြွစွာ ဝိုင်းဝန်းလုပ်ကိုင်တတ်သဖြင့် တစ်ရွာလုံးက သူ့ကို ခင်မင်ကြလေသည်။ သူ့မှာ အကူအညီ လိုအပ်လျှင်လည်း တစ်ရွာလုံးက ပြန်လည်ကူညီရန် အသင့်ရှိကြလေသည်။

ကိုသိန်းဆောင်သည် နေ့အခါတွင်သာ မိမိအိမ်၌ နေသော်လည်း ညအချိန်၌ သူငယ်ချင်းများဖြစ်ကြသော ကိုမြမင်း၊ ကိုဖုန်းမြင့်၊ (၁၀)နှစ်သားအရွယ်ခန့်သာရှိသေးသော မောင်ဝင်းကိုတို့နှင့်အတူ ရွာအစွန်၌ရှိသော အိမ်ရှင်များ ပြောင်းရွှေ့သွား၍ လူမနေတော့သည့်အိမ်တွင် သွားကာ စုပေါင်း၍ အိပ်ကြလေသည်။

မောင်ဝင်းကိုမှာ ရွယ်တူကလေးများနှင့်မပေါင်းဘဲ သူတို့ကိုသာ ထူးထူးခြားခြား ခင်မင်နေ၍ သူတို့နှင့်သာ သွားအတူ၊ လာအတူ အိပ်အတူနေခြင်းဖြစ်သည်။ မောင်ဝင်းကို၏ မိဘ





www.burmeseclassic.com

www.burmeseclassic.com

များကလည်း စိတ်ကောင်းရှိ၍ ပျော်ပျော်နေတတ်သော ကိုသိန်းဆောင်တို့လူစုကို စိတ်ချသဖြင့် သူတို့သားကို တားမြစ်ခြင်းမပြုဘဲ လွှတ်ထားကြလေသည်။

ကိုသိန်းဆောင်နှင့် ကိုမြမင်းတို့နှစ်ယောက်မှာ မအိပ်ခင်အချိန်၌ ညစဉ်လိုလိုပင် နပန်းချပြီး အားပြိုင်လေ့ရှိကြသည်။ သူတို့အိပ်သော အိမ်မှာ နပန်းချနေကြသော အသံဖြင့် ဝိုင်းဒိုင်းကြဲ ဆူညံနေတတ်လေသည်။

တစ်ခုသော ဆောင်းရာသီ စပါးများရိတ်သိမ်းချိန်တွင် ကိုသိန်းဆောင်အတွက် ကြမ္မာငင်သော အချိန်ဆိုက များအုံ့မထင်။ သမီးယောက်ဖ နှစ်ယောက်အတူ ကောက်ရိတ်နေကြစဉ် ကိုချစ်မောင်က...

'အစ်ကိုရေ နေ အတော်စောင်းသွားပြီ၊ ပြန်ကြစို့၊ ကျန်တာ နောက်နေ့မှ ဆက်ရိတ်ကြမယ်၊ နေဝင်တော့မယ်'

ဟု ပြန်ရန်ပြောလေသည်။ ကောက်ရိတ်သည် ဆိုရာ၌ သူများလယ်ကို အငှားရိတ်ခြင်းဖြစ်သည်။ နေ့စားရိတ်ခြင်း မဟုတ်ဘဲ ကျင်းပြတ်(ကေပြတ်) ရိတ်ကြခြင်း ဖြစ်သဖြင့် လယ်တစ်ကွက်ပြီးပြတ်ရန် အနည်းငယ် ကျန်နေသေး၍ အပြီးလက်စသတ်လိုသော ကိုသိန်းဆောင်က...

'နေပါဦးကွာ ပြီးတော့မှာပဲ။ အလွန်ဆုံးရိတ်ရင် နောက်(၁၀)မိနစ်ပေါ့'

ကိုစဉ် ကိုသိန်းဆောင်က...

'အား...ချစ်မောင်ရေ ငါ့ကို ထိသွားပြီဟေ့၊ ဟိုအကောင်ဖြစ်မယ်ကွ။(မြွေပွေးကို ဆိုခြင်းဖြစ်သည်။) မင်းဘက်ကို လာနေတယ် သတိထားနေ'

ဟု ပြောလေသည်။ ထိုအခါ ကိုချစ်မောင်က...

'အစ်ကို တို့ပြန်မှ ဖြစ်လိမ့်မယ်။ ဆက်မရိတ်နဲ့တော့ ပြန်မယ် နေလဲဝင်သွားပြီ'



ဟု ပြောသော်လည်း ကိုသိန်းဆောင်က...

'ဒီမှာ နောက် နှစ်ဆုပ်စာလောက်ရိတ်လိုက်ရင် လက်စသတ်ပြီပဲကွာ၊ မင်းထိုင်စောင့်နေ၊ ငါပဲ ဆက်ရိတ်လိုက်မယ်'

ဟုဆိုကာ ဆက်ရိတ်နေပြန်သည်။ အားလုံး လက်စသတ်သွားသောအခါမှပင် နှစ်ယောက်သား ပြန်လာခဲ့ကြလေတော့သည်။

ရွာအဝင် လမ်းမကြီးတွင် ကိုသိန်းဆောင်တစ်ယောက် မျက်စိများ ပြာဝေလာကာ လမ်းမမြင်တော့သဖြင့် ကိုချစ်မောင်က တွဲခေါ်လာခဲ့ရလေသည်။ ကိုသိန်းဆောင်မှာ မြွေဆိပ်တက်ပြီး ဖက်ကျိုးကျနေပေပြီ။(ခေါင်းမထောင်နိုင်တော့။)

အိမ်သို့ ရောက်သောအခါတွင် ကိုချစ်မောင်နှင့် မထွေးတင်တို့က အိမ်နီးချင်းများကို အကူအညီတောင်းကာ မြို့ဆေးရုံသို့ ကိုသိန်းဆောင်အား ထမ်း၍ ပို့ကြရတော့သည်။ ကိုသိန်းဆောင်မှာ ဆေးရုံသို့ မရောက်မီ လမ်းတစ်ဝက်မှာပင် သတိလစ်သွားခဲ့လေသည်။ ဆေးရုံရောက်၍ ဆရာဝန်များ ကြိုးစားကုကြပါသော်လည်း လုံးဝသတိပြန်မရတော့ပေ။

ကိုသိန်းဆောင်ကို ဆေးရုံတင်ပြီး သုံးရက်မြောက်ညဉ့် ကိုသိန်းဆောင်တို့အိမ် မျက်စောင်းထိုးတွင်ရှိသော ဒေါ်တင်မေတို့အိမ်တွင် မိသားစု ဝိုင်းဖွဲ့စကားပြောနေချိန်တွင် ကိုသိန်းဆောင်တို့အိမ်မှ တံခါးဖွင့်သံ၊ အိမ်ပေါ်သို့ခြေသံခပ်ပြင်းပြင်း နင်းလျှောက်သံနှင့် အိုးခွက်ပန်းကန်သံများ ကြားရ၍ ဒေါ်တင်မေက...

'ဟဲ့...ဟိုဘက်အိမ်က ထွေးတင်တို့ ပြန်လာကြပြီလားဟေ့၊ သိန်းဆောင်[illegible] ဘယ်လိုနေသေးလဲ၊ နေကောင်းသွားပြီ[illegible] ပြန်လာတာတောင် အသံမပြုဘူးဟဲ့'

စသည်ဖြင့် အဆက်မပြတ် [illegible] ထုတ်ရင်း အပြစ်တင်သံနှောကာ [illegible] လိုက်ပြီး လက်နှိပ်ဓာတ်မီးထိုးကာ [illegible] ရှေ့ပေါက်မှ ထွက်ကြည့်သော်လည်း ကိုသိန်းဆောင်တို့အိမ်တွင် မီး[illegible] သဖြင့် ဒေါ်တင်မေက သူ့ခင်ပွန်း[illegible] ခေါ်၍...

'ထွေးတင်တို့တော့ မီးလဲမထွန်း[illegible] ဘာတွေဖြစ်လာကြလဲမသိဘူး။ သွား[illegible] ကြရအောင်'

ဆိုကာ နှစ်ယောက်သား [illegible] ကြည့်ကြလျှင် ဒေါ်တင်မေတို့မှာ အ[illegible] အံ့သြသွားကြရလေသည်။ အကြောင်း[illegible] မှာ ထိုအိမ်မှ တံခါးဖွင့်သံနှင့်[illegible] ခြေသံများနှင့် အိုးခွက်ပန်းကန်သံ[illegible] ကို သူတို့အားလုံး နားနှင့်ဆတ်[illegible] ကြားခဲ့ကြပါလျက် ယခု အိမ်မှာ [illegible] ပိတ်လျက်သား ရှိနေပြီး [illegible] တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ[illegible] ကြောင့်ပါတည်း။

ဒေါ်တင်မေတို့ ဖနီးမောင်နှံ[illegible] ဘေးအိမ်များကို ထိုအကြောင်း [illegible] ပြကြလျှင် အိမ်နီးချင်းများက [illegible] လည်း ဒေါ်တင်မေတို့ ကြားကြ[illegible] အသံဗလံများကို ကြားကြရကြော[illegible] ဒေါ်တင်မေတို့ သွားပြီး မေးနေ[illegible] ငြိမ်ပြီး နားထောင်နေကြခြ[illegible] ကြောင်း ပြောပြကြလေသည်။ [illegible] ဆိုပါလျှင် ကိုသိန်းဆောင်တစ်ယော[illegible] အခြေအနေ မကောင်းတော့ဟု [illegible] လုံးက ယုံကြည်လက်ခံကြ[illegible] သည်။ **ထိုအချိန်မှာ ည(၈း၃၀)[illegible] ခန့် ရှိနေပေပြီ။**

နောက်နေ့နံနက်တွင် ကိုချ[illegible] နှင့် မထွေးတင်တို့ ဖနီးမောင်[illegible] မသာယာသောမျက်နှာ၊ [illegible] ရောက်နေသော အမှုအရာမျ[illegible]

www.burmeseclassic.com

ညီစလယ်များကို သယ်ပိုးကာ လာကြသဖြင့် ရွာသူရွာသားများက ဝိုင်းဝန်း၍ သတင်းမေးမြန်းကြသော ည(၈း၃၀)နာရီအချိန်တွင် ကွယ်လွန်သွားခဲ့လေပြီဟု မထွေးတင်က မျက်ရည်လည်ဝဲဖြင့် ပြောပြရှာလေသည်။ အလောင်းကို ခေးရုံတက်သော မြို့မှ လူငှား၍ ပြန်သယ်ခဲ့၍ သူတို့ဖနီးဆောင်နှံက ရှေးဦးစွာ ပြန်လာခဲ့ကြလေသည်။

ကိုသိန်းဆောင်၏ အလောင်းကို မောလေ့ ထုံးစံအစဉ်အလာအတိုင်း ရက်လည်မှ သင်္ဂြိုဟ်ကြမည်ဖြစ်၍ ရက်မြောက်ည၌ ခေါင်းတလားကို ဆောင်စုံစက္ကူများဖြင့် လှပအောင် ဆင်ယင်နေကြလေသည်။ ထိုအိမ်တွင် ကာလသားများ၊ အမျိုးသမီးငယ်များ၊ လူကြီးပိုင်းမှ အမျိုးသားကြီးများ၊ အမျိုးသမီးကြီးများ အစုံအလင် ရောက်ရှိနေကြလေသည်။

ထိုစဉ်မှာပင် ကာလသားခေါင်းဖြစ်သော ကိုထွန်းမောင်က...

'တို့အထဲမှာ သိန်းဆောင်ရောက်နေတယ်'

ဟု ပြောဆိုလေသည်။ လူကြီးတစ်ယောက်က...

'ကောင်လေးတွေ ထင်ရာလျှောက်မပြောနဲ့ကွ သိန်းဆောင်ကို ဟိုမှာ ခုံတင်ထားတာ မတွေ့ဘူးလား'

ဟု မာန်မဲကာ အလောင်းပြင်ထားသောနေရာကို ညွှန်ပြလေသည်။ ထိုအခါ ကိုထွန်းမောင်က...

'ဦးလေးကလဲ ကျွန်တော်တို့ စက္ကူညှပ်နေတဲ့နေရာမှာ သိန်းဆောင် တကယ်ရှိနေတယ်။ ဦးလေး မယုံရင် ကျွန်တော် လက်တွေ့ပြမယ် ကြည့်နေ၊ ကဲ...သိန်းဆောင်ရေ မင်း ဒီမှာရောက်နေတာကို ဒီအိမ်ပေါ်မှာ ရှိနေတဲ့လူတွေ ယုံအောင် ဟောဒီ စက္ကူစလေးကို ယူပြီး လူတိုင်းကို လိုက်ပြလိုက်ပါ'

ဟု ပြောလိုက်သောအခါ...



ကိုထွန်းမောင် ကိုင်ပြလိုက်သော စက္ကူစ ရှည်မျောမျောလေး တစ်ခုသည် ကိုထွန်းမောင်လက်ထဲမှ တစ်စုံတစ်ဦး၏ ယူဆောင်ခြင်း မရှိပါဘဲနှင့် ထူးဆန်းစွာဖြင့် အိမ်အတွင်းတွင် တလူလူဖြင့် လှည့်ပတ်ပျံသန်းနေလေသည်။ အိမ်အတွင်းရှိလူများ အံ့သြမှင်တက်မိ၍ ကြည့်နေစဉ်မှာပင် စက္ကူစလေးမှာ မူလနေရာသို့ ပြန်လည်ရောက်ရှိသွားလေသည်။ ထိုအခါ ကိုထွန်းမောင်က...

'ကဲ ကျွန်တော်ပြောတာ ယုံကြပြီမဟုတ်လား'

ဟု သူ့စကား မှန်ကန်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ဆိုလာပြန်လေသည်။ ထို့နောက်တွင် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများကို ပြီးစီးအောင် လုပ်ကိုင်ကြပြီးသောအခါ လူစုခွဲ၍ ကိုယ်စီကိုယ်င အိမ်ပြန်ကြလေတော့သည်။

* * *

ရက်လည်ဆွမ်းသွတ်သည့် အစနေ့ (၆)ရက်မြောက်ည၌ အသံချဲ့စက်ဆရာသည် ည(၉)နာရီ ရှိပြီဖြစ်၍ စက်ပိတ်၍ အိပ်လေတော့သည်။ ထိုအချိန်ကာလက အသံချဲ့စက်ဖွင့်သူများသည် ည(၉)နာရီထက် ပို၍ စက်မဖွင့်ကြရပေ။ အကယ်၍ (၉)နာရီထက် ကျော်လွန်၍ စက်ဖွင့်ခဲ့လျှင် ဒဏ်ရိုက်ခြင်းကို ခံကြရသည်။

ထို့ကြောင့် စက်ဆရာက ည(၉)နာရီတွင် စက်ပိတ်၍ အိပ်တော့သည်။ ချက်ပြုတ် လုပ်ကိုင်နေကြသူများကတော့ မအိပ်ကြသေးဘဲ (၁၀)နာရီကျော်မှ အိပ်ကြရလေသည်။

ကူညီလုပ်ကိုင်ကြသူများနှင့် လာရောက်အိပ်စက်ကြသူများမှာ အိမ်အတွင်းခန်းနှင့် ဧည့်ခန်းတွင် အသီးသီး အိပ်စက်ကြသော်လည်း စက်ဆရာ တစ်ယောက်မှာ အိမ်ရှေ့ ခေါင်းရင်းခန်း မိမိစက်အနားတွင် တစ်ယောက်တည်း စောင်ခေါင်းမြီးခြုံကာ အိပ်စက်နေရလေသည်။ နံနက်ပိုင်း(၄)နာရီတွင် စက်ပြန်ဖွင့်ရဦးမှာမို့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေလေသည်။

ထိုညတွင် လူအားလုံး အိပ်နေပျော်နေကြစဉ် သန်းခေါင်ယံအချိန်၌ စက်ဆရာ နားထဲတွင် ခြေသံများကြား၍ လန့်နိုးသွားလေသည်။ အိပ်မက်မက်သည်ထင်၍ ပြန်အိပ်ရန် မျက်လုံးများ မှိတ်လိုက်စဉ် အိမ်ခေါင်းရင်းဘက်မှ ဖိနပ်သံ တဖျပ်ဖျပ် ကြားလိုက်ရ၍ နားစွင့်နေလိုက်သည်။

ထိုခြေသံမှာ သူအိပ်နေသော နေရာအနီးရှိ အပေါက်ဝ အရောက်တွင် ရပ်သွားလေသည်။ စက်ဆရာလည်း မျက်လုံးအနည်းငယ်ဖွင့်ပြီး စောင်းငဲ့ကြည့်သော်လည်း ဘာမှ မမြင်မတွေ့ရပေ။ အကယ်၍ လူတစ်ဦးတစ်ယောက်ဖြစ်လျှင် အပြင်မှ လရောင်မှိန်ပျပျဖြင့် မြင်နိုင်ပေမည်။ အခုတော့ ဘာဆိုဘာမှ မမြင်မတွေ့ရ၍ စက်ဆရာမှာ ခေါင်းနားပန်းကြီးကာ ကြက်သီးမွေးညင်းများ ထသွားရလေတော့သည်။

စက်ဆရာလည်း ကြောက်လွန်း၍ စောင် ခေါင်းမြီးပြန်ခြုံထားလိုက်တော့သည်။ ဆောင်းရာသီမို့ အလွန်အေးနေသော အချိန်မျိုးမှာပင် စက်ဆရာ၏ တစ်ကိုယ်လုံးတွင် ချွေးများ စို့ရွှဲနေလေတော့သည်။ အသံဗလံများကိုတော့ နားစွင့်ထားနေဆဲပင်ဖြစ်၏။ အိမ်တွင်းရှိ လူအားလုံးမှာတော့ စက်ဆရာမှလွဲ၍ အိပ်မောကျနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

တချို့လူများက ပေါက်၍ပင် နေသေးသည်။

ထိုစဉ်မှာပင် ခြေသံကြားလိုက်ပြန်သည်။ ယခုခြေသံကတော့ ပြန်ထွက်သွားသောခြေသံဖြစ်၏။ စက်ဆရာစိတ်အတွင်းမှ...

'ဟူး...တော်ပါသေးရဲ့၊ ပြန်ထွက်သွားလို့'

ဟု တွေးပြီး သက်ပြင်းမောချလိုက်ပြီးနောက် မကြာမီမှာပင် ပြန်လာနေသောခြေသံ ကြားလိုက်ရပြန်သဖြင့် စက်ဆရာခမျာမှာ...

'ဗုဒ္ဓေါ ပြန်လာနေတဲ့ ခြေသံပါလား၊ အခုည ငါတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့'

ဟု တွေးနေစဉ်မှာ ခြေသံမှာ အနားသို့ ရောက်လာပြီး အိမ်မှာ သိမ့်ခနဲ ဖြစ်သွားလေသည်။

ထိုမမြင်ရသော ခြေသံရှင်မှာ အိမ်ပေါ် တက်လိုက်သဖြင့် အိမ်မှာ သိမ့်ခနဲ ဖြစ်သွားရလေသည်။ ပြီးတော့ သူ့စက်ပုံးပေါ်သို့ တစ်စုံတစ်ခုတင်ပြီး ပြန်ဆင်းသွားပြန်လေ့သည်။ ဤသို့ဖြင့် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် သွားလိုက်ပြန်လိုက် စက်ပုံးပေါ် တင်လိုက် လုပ်နေ၍ စက်ဆရာမှာ ဆက်၍သည်းမခံရဲ့တော့။ ကြာလျှင် သူဒုက္ခရောက်တော့မည်ထင်သည်။ သူတစ်ယောက်တည်းကိုမှ ရွေးပြီး ခြောက်လှန့်နေခြင်း ဖြစ်ဟန်ရှိသည်။

စက်ဆရာမှ ကြောက်လွန်း၍ ခိုက်ခိုက်တုန်အောင်ချမ်းသည့် ရာသီမှာပင် သူ့တစ်ကိုယ်လုံး ဖောချွေးများ ရေချိုးထားဘိသကဲ့သို့ တစ်ကိုယ်လုံး ရွှဲရွဲစိုနေတော့သည်။

စက်ဆရာသည် ခြေသံပြန်ထွက်သွားချိန်တွင် ဆက်၍အောင့်အည်းမနေရဲတော့သဖြင့် အတင်းကုန်းထကာ မီးထွန်းပြီး အိမ်ပေါ်တွင် အိပ်နေသူများကို ခပ်ကျယ်ကျယ် အသံပြု၍ နှိုးလိုက်ရတော့သည်။ အိမ်ပေါ်မှ လူများအားလုံး နိုးသွားတော့မှ အကျိုး



အကြောင်း ပြောပြပြီး သူ့စက်ပုံးပေါ် ကြည့်မိလိုက်သောအခါ သဲပုံလေး သုံးပုံကို တွေ့လိုက်ရတော့သည်။

စက်ဆရာက အခုအချိန် စက်ဖွင့်လိုက်လျှင် မည်သူမျှ အိပ်မရဘဲ နိုးနေလျှင်ဖြင့် တစ္ဆေအခြောက်ခံရတော့မည် မဟုတ်ဟုတွေးပြီး စက်ဖွင့်လေတော့သည်။ စက်ကို အချိန်မတော်ဖွင့်၍ ဒဏ်တပ်မည် ဆိုလျှင်လည်း အကျိုးအကြောင်းပြော၍ တောင်းပန်ရပေတော့မည်။ လောလောဆယ် တစ္ဆေအခြောက်မခံရရန် ဤတစ်နည်း ရှိတော့သည်မို့ စက်ကို ကျယ်လောင်စွာ ဖွင့်ရင်း မိုးစင်စင် လင်းခဲ့ရတော့သည်။

(၇)ရက်လည်၍ သံဃာတော်များ ပင့်ဖိတ်ပြီး ဆွမ်းကပ် ပရိတ်တရားတော်များ နာကြားကြ၍ ထိုပြုသမျှ ကောင်းမှုကုသိုလ် အစုစုတို့ဖြင့် ကိုသိန်းဆောင်ကို ရည်စူးကာ အမျှအတန်း ပေးဝေကြလေသည်။ ထိုနေ့ရက်မှစ၍ ကိုသိန်းဆောင်၏ ခြောက်လှန့်မှုများ ရပ်တန့်သွားခဲ့လေတော့သည်။ မည်သူ့ကိုမျှ မခြောက်လှန့်တော့ပေ။

* * *

ကိုမြမင်းတို့ သူငယ်ချင်းတစ်စုတို့သည် ရွာအစွန်ရှိ သူတို့အုပ်စု အိပ်နေကျဖြစ်သော အိမ်ကလေးဆီသို့ ကိုသိန်းဆောင် ဆုံးပါးသည့်နေ့မှစ၍ မည်သူမျှမသွားကြ၊ မအိပ်ကြသည်မှာ (၇)ရက်လည်ပြီးနောက် (၁၅)ရက်ခန့် ရှိခဲ့ပေပြီ။

ထိုနေ့တွင် ကိုမြမင်းနှင့် ကိုဖုန်းမြင့်တို့ ဆုံကြစဉ် ကိုမြမင်းက သူတို့ အိပ်နေကျအိမ်ကလေးသို့ သွားအိပ်ကြရန် ပြောသဖြင့် ကိုဖုန်းမြင့်ကလည်း ရေငတ်စဉ် ရေတွင်းထဲကျသူသကဲ့သို့ အဆင်သင့် သဘောတူပြီးသား ဖြစ်လေသည်။

ညနေစောင်းအချိန်တွင် ကိုမြမင်းနှင့် မောင်ဝင်းကိုတို့ နှစ်ယောက်သာ ရောက်သေးသည်။ ကိုဖုန်းမြင့်က ရောက်မလာသေး။ ထိုအိမ်တွင် ထားသောသူတို့၏ အိပ်ရာလိပ်၊ စောင်၊ ခေါင်းအုံးတို့မှာ သူတို့ထားသည့်အတိုင်း ခြေရာလက်ရာမပျက် ရှိနေကြလေသည်။

အိမ်ပေါ်တက်၍ ဖုန်များကို တံမြက်စည်းဖြင့် လှည်းပြီး ကိုမြမင်းက အိုက်သည်ဆိုပြီး အင်္ကျီကိုချွတ်ကာ ထိုအင်္ကျီကို အိမ်ခေါင်တိုင်နှစ်တိုင်တွင် အဝတ်တင်ရန် သွယ်တန်းထားသော ကြိုးပေါ်တွင် ဖြန့်၍ တင်ထားလိုက်ပြီး အိပ်ရာခင်းကာ ပက်လက်လှဲနေလိုက်သည်။ မောင်ဝင်းကိုမှာ အိမ်အပေါက်ဝတွင် ထိုင်နေလေသည်။

ထိုစဉ်တွင် ကိုမြမင်း တင်ထားသော အင်္ကျီမှာ တန်းပေါ်မှ ကိုမြမင်း၏ ရင်ဘတ်ပေါ်သို့ ပြန့်ကားကာ ကျလာလေသည်။ ကျလာပုံမှာ လူတစ်ယောက် လက်နှစ်ဖက်ကား၍ ခုန်ချသကဲ့သို့ ဖြစ်နေလေသည်။ ကိုမြမင်းက...

'ဟာ...သိန်းဆောင် မင်းက ဒီမှာရှိနေ ကိုးကွ၊ အဲဒါဆို ကိုယ့်ဟာကိုယ် အေးအေး နေကွာ၊ မင်းနဲ့တို့က မတူတော့ဘူး ကိုယ့်စည်းနဲ့ကိုယ်နေ'

ဟု ဆိုကာ အင်္ကျီကို သူ့ကိုယ်ပေါ်မှ ခွာ၍ မူလထားသော တန်းပေါ် ပြန်တင်ထားလိုက်လေသည်။

ကိုမြမင်းသည် အင်္ကျီပြန်တင်ပြီး အိပ်ရာပေါ် ပြန်လှဲနေလိုက်ပြန်သည်။ အင်္ကျီမှာ ပထမအကြိမ်ကဲ့သို့ ပြန်ကျလာပြန်သည်။ ကိုမြမင်းလည်း အင်္ကျီကိုခွာကာ တန်းပေါ်ပြန်တင်နေရင်း...

www.burmeseclassic.com

'ငါ…မသား သိန်းဆောင် မင်းကိုယ့်ဘာကိုယ်နေကွာ၊ ငါ စိတ်တိုလာပြီ'

ဟု ပြောနေပြန်သည်။ မောင်ဝင်းကိုမှာ ကိုမြမင်း ပြောဆိုလုပ်ကိုင်နေပုံကို ထိုင်ကြည့်နေမိလေသည်။ ကိုမြမင်း အင်္ကျီပြန်တင်ပြီး ပြန်အိပ်လိုက်ချိန်တွင်…

အင်္ကျီမှာ လူဝတ်ထားသလို ပြန်ကျလာလေပြီ။ အင်္ကျီနှင့်အတူ လူမည်းမည်းကြီး ပါလာခဲ့သည်။ လက်နှစ်ဖက်က ရှေ့သို့ ဆန့်တန်းပြီး ကိုမြမင်း၏ လည်ပင်းကို ညှစ်လေတော့သည်။ အားမှကြည့်နေသော မောင်ဝင်းကို အမြင်မှာတော့ လူမည်းမည်းကြီး မပါ။ အင်္ကျီကိုသာ မြင်နေရသည်။

အင်္ကျီကိုယ်ထည်မှာ ပထမ၊ ဒုတိယ အကြိမ်များနှင့် မတူဘဲ ကိုမြမင်း ဗိုက်ပေါ်တွင် လူတစ်ယောက် ကားရား ခွ၍ ထိုင်နေပုံမျိုးဖြင့် ရှိလေသည်။ ကိုသိန်းဆောင် အသက်ထင်ရှား ရှိစဉ်တုန်းကလည်း ကိုမြမင်းနှင့် အခင်မင်ဆုံး။ ပြောမနာ၊ ဆိုမနာ၊ ဆဲမနာ။

တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ ဤအိမ်လေးမှာပင် ညစဉ်ညတိုင်း နပန်းသတ်ပွဲ ကစားနေကျမြဲဖြစ်လေသည်။ အင်္ကျီစားသန်သော ကိုသိန်းဆောင်နှင့် ကိုမြမင်း။ ယခုအခါတွင်တော့ အင်္ကျီစားသန်သော တစ္ဆေကိုသိန်းဆောင်နှင့် ကိုမြမင်းတို့ ဤအိမ်လေးမှာ ပြန်ဆုံကြရပြန်ပြီထင့်။

ကိုမြမင်းကလည်း လက်နှစ်ဖက်ဖြင့် အင်္ကျီ၏ လည်ပင်းနေရာကို ပြန်ညှစ်ရင်း လုံးထွေးသတ်ပုတ် ရုန်းကန်နေလေသည်။ ကိုမြမင်းအဖြစ်ကို ကြည့်ပြီး မောင်ဝင်းကိုမှာ အိမ်ပေါ်မှ ဆင်းပြေးပြီး ရွာထဲရှိလူများကို အော်ဟစ်ခေါ်၍ အကူအညီတောင်းနေလေသည်။ အချိန်ကား မှောင်ရီဖျိုးဖျ မိုးချုပ်စအချိန် ဖြစ်လေသည်။

ရွာထဲမှ ထိုအိမ်နှင့် အနီးအနားအိမ်များမှ လူကြီး၊ လူလတ်၊ လူငယ်ပါမကျန် အများအပြား စုရုံးရောက်ရှိလာကြပြီး ကိုမြမင်းကို ဝင်ဆွဲကြရာ အထိုးအကြိတ် အကန်အကြောက်ခံကြရ၍ မည်သူမျှ အနားမကပ်ဝံ့တော့ပေ။

ထိုအချိန်တွင် ဟိုမရောက် ဒီမရောက် အကြမ်းဆရာပေါက်စဖြစ်သော ဦးအောင်ကြီး ရောက်ရှိလာပြီး ရေမွှေးခွက်(အမွှေးနံ့သာ တစ်ခုခုကို ရေနှင့်ဖျော်ထားသောခွက်)နှင့် သပြေပန်းခက်ကိုင်ကာ ကိုမြမင်းကို သပြေပန်းခက် ရေမွှေးဆွတ်ပက်ပြီး…

'အနှောင့်အယှက်တွေဖယ်၊ ကိုယ့်နေရာ ကိုယ်နေ ငါဆရာအမိန့်'

စသည်ဖြင့် ပြောဆိုနေစဉ် ကိုမြမင်းထံမှ ခြေအစုံ ဝင်လာပြီး ရင်ဘတ်ကို ဆောင့်အကန်ခံလိုက်ရသဖြင့် ဦးအောင်ကြီးမှာ ခေါင်းရင်းဘက် အိမ်ထရံနှင့်အတူ အိမ်အောက်သို့ လွင့်ကျသွားပြီး သတိလစ်နေရရှာတော့သည်။ အံ့ဖွယ် စွမ်းပကားရှင် ဆရာပါတကား။

ရွာသားများမှာ ထိုအဖြစ်အပျက်ကြောင့် တစ်ရွာလုံးနီးပါး ရောက်ရှိနေကြ၍ ဦးအောင်ကြီးကို ပြေးမွေ့ယူပြီး အိမ်ပြန်ပို့သူက ပို့ကြရနှင့် အတော်အလုပ်ရှုပ်ကုန်ကြသည်။ ညပင် ဖြစ်သော်လည်း လာရောက်သူများ၏ မီးရောင်တို့ဖြင့် တစ်အိမ်လုံးမှာ ထိန်ထိန်လင်းနေလေသည်။

ကိုမြမင်းမှာ မျက်လုံးများပြူးကာ ပါးစပ်မှ အမြှုပ်များ ထွက်နေသည်။ သူနှင့် လုံးထွေးသတ်ပုတ်သော အင်္ကျီမှာ လက်နှစ်ဖက်ဖြင့် ကိုမြမင်း၏ လည်ပင်းကို သိုင်းဖက်ထားဆဲရှိနေသည်။ ကိုမြင်းကလည်း မည်းမည်းမြင်ရာ ထိုးကြိတ်ကန်ကြောက်နေ၍ ဘယ်သူမှ အနားမကပ်ရဲကြပေ။

ထိုစဉ် ရွာထဲမှ အဘိုးအိုတစ်ဦး ရောက်လာပြီး…

'ဟော့ကောင်တွေ မင်းတို့ ဒီအတိုင်း ကြည့်နေရင် မြမင်း သေလိမ့်မယ်။ အရင်တုန်းက သိန်းဆောင်နဲ့မြမင်း နပန်းသတ်နေကျဆိုမေ့ယ်၊ လူ့အချင်းချင်းကွာ၊ အခုဟာနဲ့ မတူတော့ဘူး။ မြမင်းပါ သိန်းဆောင်နောက် လိုက်ရလိမ့်မယ်'

ဟု ဆိုလေသောကြောင့် လူအုပ်အတွင်းမှ ကိုဖုန်းမြင့် ထွက်လာပြီး…

'သိန်းဆောင်ရယ်… မင်းတို့နှစ်ယောက် နပန်းသတ်တာ ဒီလောက်ဆိုတော်ကြရောပေါ့ကွာ။ မြမင်းလဲ သေလုမျောပါး ဖြစ်နေပြီကွာ။ မင်းကို မြမင်း မနိုင်တော့ပါဘူး။ ကိုယ့်သူငယ်ချင်း အချင်းချင်းတွေပဲ။ ဒီလောက်ကျီစားရရင် ကျေနပ်ပါတော့ကွာ၊ ငါ မင်းတို့နဲ့ အခင်ဆုံးသူငယ်ချင်း တစ်ယောက်အနေနဲ့ တောင်းပန်ပါတယ် တော်ပါတော့'

ဟု ဝင်ပြောလိုက်သော တစ်ခဏမှာပင် ကိုမြမင်း ငြိမ်ကျသွားကာ သူ့ကိုယ်ပေါ်မှ အင်္ကျီမှာလည်း ကွာကျသွားတော့သည်။

လူ့ဘဝတွင်သာ အင်္ကျီစားသန်ခြင်း မဟုတ်ဘဲ တစ္ဆေဘဝ ရောက်သည့်တိုင် အင်္ကျီစားသန်သော ကိုသိန်းဆောင်အား နောက်နေ့နံနက်တွင် ထိုအိမ်သို့ သံဃာတော်များ ပင့်ဖိတ်၍ ထပ်မံ ဆွမ်းသွတ်ကြပြန်လေသည်။

ဒုတိယအကြိမ် ဆွမ်းသွတ်ပရိတ်တရားတော်များ နာကြားကာ ကိုသိန်းဆောင်အား မေတ္တာပို့ အမျှအတန်းပေးဝေလိုက်ကြသည်။ ထိုအိမ်ကိုလည်း ဝိုင်းဝန်းဖျက်ဆီးပစ်လိုက်ကြလေတော့သည်။ ထိုနေ့ ထိုရက်မှစ၍ ကိုသိန်းဆောင်၏ အင်္ကျီစားသန်မှု၊ ခြောက်လှန့်မှုတို့သည် လုံးဝပျောက်ကွယ်သွားရလေတော့သည်။

ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ကျွန်တော်၏ ဖခင်နှင့် ထိုရွာမှ တချို့သောလူများ ဆုံဖြစ်တိုင်း သတိတရ ပြောဆိုနေကြဆဲ၊ အမှတ်ရနေကြရဲ့ ရယ်ပါ။

သာမွေ့သဏ္ဍာ အဝေရာ တော့ရှု

မောင်ကျော်သူ(ရွှေမြေ)

www.burmeseclassic.com

မောင်ရင်ငွေ
(မအူပင်)

# မှားယွင်းခဲ့သော သင်ခန်းစာ



ကျွန်တော်သည် ကျွန်တော်တို့မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ဆံသဆိုင်လေး ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ဖြစ်ပါသည်။ တစ်ချိန်က ကျွန်တော်သည် အစိုးရဝန်ထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ဖူးသူ တစ်ဦးလည်း ဖြစ်ပါသည်။

ကျွန်တော်၏ ဆံသဆိုင်လေးသည် ဆင်ခြေဖုံးရပ်ကွက်ထဲတွင် တည်ရှိသောကြောင့် လူကြီး၊ ကလေး စသဖြင့် လူမျိုးစုံ လာရောက်၍ ဆံပင်ညှပ်ကြပါသည်။

တစ်နေ့တွင် ကျွန်တော်၏ ဆံသဆိုင်လေးသို့ ဆိုက်ကားနင်းဆရာတစ်ဦးနှင့် ငါးလသားအရွယ် ကလေးကို ပွေ့ချီထားသော အမျိုးသမီးတစ်ဦးတို့ ရောက်ရှိလာကြပြီး ဆိုက်ကားနင်းဆရာက ကျွန်တော့်ကို…

'ဆံပင်ညှပ်ဆရာရေ… ကျွန်တော့်သားလေး၊ ဆံပင်ညှပ်ချင်လို့ ညှပ်ပေးပါဦးဆရာရေ'

ဟု ဆိုလာ၍ ကျွန်တော်က ထိုဆိုက်ကားဆရာကို…

'ခင်ဗျားကလေး… ဆံပင်ညှပ်တာတော့ ဟုတ်ပါပြီ၊ ကလေးက ငယ်လွန်းတော့ ခင်ဗျားက ဆံပင်ညှပ်ဆုံလည်ကုလားထိုင်ခုံပေါ် တက်ထိုင်ပြီး ကလေးကို ပွေ့ချီပေးထားမှ ကလေးကို ကျွန်တော်က ဆံပင်ညှပ်ပေးလို့အဆင်ပြေမှာဗျ'

ကျွန်တော့်အပြောကို ကလေးအဖေ ဆိုက်ကားဆရာက နားလည်သဘောပေါက်၍ သူကိုယ်တိုင် ငါးလသားအရွယ် သားဖြစ်သူကို ပွေ့ချီ၍ သူ့ပေါင်ပေါ် တင်ကာ ဆံပင်ညှပ်ဆုံလည်ပေါ် တက်ထိုင်လိုက်သည်။

ကျွန်တော်လည်း ဆံပင်အညှပ်ခံမည့် ကလေးငယ်ကို ဆံပင်ဖြတ်စများ မပေကျံစေရန် ချြုပဝါ ပတ်ခြုံပေးလိုက်ပြီး ကလေးအဖေ ဆိုက်ကားဆရာကို…



www.burmeseclassic.com

www.burmeseclassic.com

'အနေ့းယာဥ်ဆရာရေ... ခင်ဗျား ကလေးကို ဆံပင်တိုတိုပဲ ညှပ်ပေးရမှာ လား'

ဟု မေးလိုက်ပါသည်။ ထိုဆိုက်ကား ဆရာကလည်း ကျွန်တော်ကို...

'ဟုတ်ကဲ့... ကလေးဆံပင်က မွေး ဆံပင်ဗျ။ တစ်ခါမှ မညှပ်ရသေးဘူး၊ တိုတိုဖါးပါးသာ ညှပ်ပေးပါဗျာ'

လို့ ဆိုလိုက်၍ ကျွန်တော်လည်း **ဆံပင်ညှပ်လျှပ်စစ်မော်တာ**(Electric Hair Clipper)ကို ညာလက်မှ ကိုင်၍ ခလုတ်ဖွင့်လိုက်ပြီး ကလေးခေါင်းကို ဘယ်လက်မှ ထိန်းချုပ် ကိုင်တွယ်လိုက် ကာ လည်ကုပ်အစပ်မှစ၍ ဆံပင်များ ကို နောက်စေ့ကျော်ကျော်အထိ တစ်ချက်ခြင်း အပြောင်တို ညှပ်လိုက်ပါ သည်။

ကလေးကလည်း ဆံပင်အညှပ်မခံ ဘူး၍ ရုန်းကန် ငိုယိုနေပါသည်။ ကျွန်တော် ကလေး၏ နားထင်နှစ်ဖက် မှ ဆံပင်တွေကို အပြောင်ထပ်၍ ညှပ် ပါသည်။

ကလေးငယ်ထိပ်ရှိ ဆံပင်တွေက ထူလွန်း၍ အုံပါးသွားစေရန် ဆံပင်ညှပ် ပစ္စည်းကိရိယာများ တင်ထားသော ခုံပေါ်မှ ဘီးတစ်ချောင်းကို ဘယ်လက် ဖြင့် ကောက်ယူလိုက်ပြီး ငယ်ထိပ်ရှိ ဆံပင်များကို ဘီးတစ်ချက်လှန်ဖြီး လိုက်ပြီး ဆံပင်ညှပ်စက်ဖြင့် တစ်ချက် ထိုးချလိုက်သည်။

ထိုအခါ ဆံပင်များ တိုသွား၍ **ကလေး၏ ငယ်ထိပ်တွင် ကျပ်စေ့ အဝိုင်းထက် အနည်းငယ်ကြီးသည့် သွေးတို့ပင် စို့နေသော ဒဏ်ရာကြီး ကို တွေ့လိုက်ရပါသည်။**

ကျွန်တော်လည်း ထိုဒဏ်ရာကြီး တွေ့လိုက်ရ၍ နှုတ်ဖျားမှပင်''ဟာ''ဟု အာမေဋိတ်သံ ထွက်သွားလိုက်မိ၍



ကလေးအဖေ ဆိုက်ကားဆရာက ကျွန်တော် စိုးရိမ်စိတ်ဝင်သွားမှန်းသိ ၍...

'ဆရာရေ... ကလေးဆံပင်ကို ဆက်သာ ညှပ်ပါ။ ကလေးခေါင်းက မွေးရာပါ ဒဏ်ရာ ကြီးပါဗျာ။ ကျွန်တော့်သားက လူဝင်စား ဖြစ်နိုင်တယ်ဗျ။

မွေးစကဆို သူ့ခေါင်းက ဒဏ်ရာက သွေးစိမ်းတွေတောင် ထွက်နေတာဗျ။ ကျွန်တော့်အမျိုးသမီး ကိုယ်ဝန်နှစကလဲ အိပ်မက်တွေ အကြိမ်ကြိမ် မက်ခဲ့တယ်ဗျ'

'ဘယ်လို အိပ်မက်တွေများ မက်လို့ လဲဗျ၊ ကျွန်တော်ကို ပြောပြလို့ မရဘူး လား'

ဟု သူ့စကားကို လမ်းကြောင်းစ ပေးလိုက်၍ ထိုဆိုက်ကားဆရာက သူ့အိပ်မက်အကြောင်းကို ဆက်၍ ပြောပြပါသည်။

'ကျွန်တော် အိပ်မက်မက်တာက ထူးဆန်း တာဗျ။ အိပ်မက်က အကြောင်းအရာတစ်ခု တည်းကို အကြိမ်ကြိမ် မက်ခဲ့တာ အိပ်မက် မက်တိုင်းလဲ မြို့စွန်က တိုက်ဝါကြီးနှစ်လုံး ရှေ့ ရောက်တာ လမ်းမကြီးပေါ်က ဆိုက်ကား နင်း ပြန်လာရတယ်။

ဆိုက်ကားနင်း ပြန်လာတိုင်းလဲ ဆိုက်ကားရဲ့ အနောက်ခုံမှာ လူငယ်တစ်ယောက် ခေါင်း ပေါက်ထားတဲ့ ဒဏ်ရာကြီးနဲ့ ထိုင်လိုက်လာပြီး "ဦးနဲ့ လိုက်နေပါရစေ" လို့ အိပ်မက်မက်တိုင်း အိပ်မက်ထဲမှာ ကျွန်တော်ကို အမြဲပြောတယ်'

'ဒါဆိုရင် ခင်ဗျားက တိုက်ဝါကြီး နှစ်လုံးဘက်ကို အိပ်မက်မမက်ခင် အိပ်မက်ရဲ့အပြင်မှာ တကယ်ကို ဆိုက် ကားနဲ့ နင်းသွားဖူးထားမှာပေါ့'

ဟု ဆိုက်ကားဆရာ၏ အိပ်မက် အကြောင်းကို စိတ်ဝင်စားစွာ ကျွန်တော် က ထပ်မေးလိုက်မိပါသည်။

ကျွန်တော်လည်း ဆိုက်ကားဆရာ ၏ ကလေးကို ဆံပင်ညှပ်ပေးပြီးသွား ပြီဖြစ်၍ ကလေးကို ဆိုက်ကားဆရာ က သူ့အမျိုးသမီးလက်ထဲ လှမ်းပေး လိုက်သည်။ ကျွန်တော့် အမေးစကား ကို ဆိုက်ကားဆရာက ဆက်၍ အဖြေ ပေးစကားတွေ ဆက်ပြောလိုက်ပြန်ပါ သည်။

'ဆံသဆရာကလဲဗျာ... ကျွန်တော် တို့ ဆိုက်ကားဆရာဆိုတာ နေရာ အတော်များများကို သွားဖူးတယ်။ အဲဒီ တိုက်ဝါကြီးနှစ်လုံးဘက်ကို ကျွန်တော် အမျိုးသမီး ကိုယ်ဝန်ရှိစက ညဘက် ခရီးသည် သုံး,လေးခေါက်လောက် လိုက်ပို့ဖူးထားတယ်။

ကဲ...ကဲ ဆံသဆရာရေ... စကား တော့ ပြောလို့ကောင်းပါရဲ့၊ ကျွန်တော့် သားလဲ ဆံပင်စတွေနဲ့ ယားလွန်းနေပြီ သွားဦးမယ်ဗျို့'

ဟု နှုတ်ဆက်သွားပါသည်။ ဆိုက် ကားဆရာ၏ ငါးလသားအရွယ် ကလေးက သူ့မိခင်ပွေ့ချီထားသော ရင်ခွင်ထဲမှ မျက်လုံးဝိုင်းလေးဖြင့် ကျွန်တော့်ကို လှမ်းကြည့်နေပါသည်။

ထိုကလေး၏ ငယ်ထိပ်တွင် ဆံပင် တွေ ဖုံး၍ ပါးသွားသောကြောင့် ကျပ်စေ့ အဝိုင်းထက် အနည်းငယ်ကြီးသော



www.burmeseclassic.com

www.burmeseclassic.com

သွေးစို့နေသည့်ဒဏ်ရာကို ကျွန်တော် အထင်သားကြီး တွေ့လိုက်ရပါသည်။

ထိုဆိုက်ကားဆရာ ပြောသွားသော စကားတွေကို ကြားလိုက်ရသော ကျွန်တော်၊ ထိုဆိုက်ကားဆရာ၏ ငါးလသားအရွယ် သားဖြစ်သူ၏ ငယ်ထိပ်မှ ကျပ်စေ့ဝိုင်းထက် အနည်းငယ်ကြီးသည့်ဒဏ်ရာကို တွေ့လိုက်ရသော ကျွန်တော်သည် ကျန်ခဲ့သော နှစ်နှစ်ကျော်ကျော်က ကျွန်တော်တို့ မြို့စွန်က တိုက်ဝါကြီးနှစ်လုံးရှေ့ ရေကာတာလမ်းမကြီးပေါ်တွင်



ဖြစ်ပွားခဲ့သော အဖြစ်တစ်ခုကို သတိရလိုက်မိပါသည်။

ထိုအချိန်က ကျွန်တော်သည် အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ တစ်နေ့တွင် ကျွန်တော်နှင့် ကျွန်တော်တို့ဌာနမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်း ကိုရဲကျော်သူတို့ကို ကျွန်တော်တို့ ဌာနမှ အရာရှိက သူနှင့် သူ့အမျိုးသမီးမှာ တိုင်းရုံးသို့ အရေးကြီး အစည်းအဝေး တစ်ညအိပ် သွားရောက် တက်ရမည် ဖြစ်သည်။

သို့ဖြစ်၍ သူ့အိမ်တွင် ကလေးများသာ ကျန်ခဲ့မည်ဖြစ်၍ ကျွန်တော်တို့ နှစ်ယောက်ကို ကလေးများ စောင့်ရှောက် ကြည့်ရှုပေးရန် အကူအညီတောင်း၍ ကျွန်တော်နှင့် ကိုရဲကျော်သူတို့ ညအိပ်သွားရောက် စောင့်ရှောက်ပေးခဲ့ရပါသည်။

ကျွန်တော်နှင့် ကိုရဲကျော်သူတို့ ညအိပ်ပြီး နံနက်ငါးနာရီအချိန်တွင် အိပ်ရာမှ နိုးထလာကြပါသည်။ ကျွန်တော်တို့နှစ်ဦးထံသို့ ကျွန်တော်တို့ ရုံး(Duty)မှ တာဝန်ကျဝန်ထမ်းက ကျွန်တော်တို့ အရာရှိအိမ်နှင့် မလှမ်းမကမ်း တိုက်ဝါကြီးနှစ်လုံးရှေ့ ရေကာတာလမ်းမကြီးပေါ်တွင် လူငယ်တစ်ဦး ခေါင်းတွင် ပေါက်ပြဲဒဏ်ရာတစ်ချက်နှင့် သေဆုံးနေကြောင်း တယ်လီဖုန်း ဆက်၍ အကြောင်းကြားလာပါသည်။

သို့နှင့် ကျွန်တော်နှင့် ကိုရဲကျော်သူတို့ကို လူသေအလောင်းအနားသို့ သွားရောက် ကြည့်ရှုဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့နှစ်ယောက် ထိုနေရာသို့ ရောက်သွားချိန်တွင် သေမှုသေခင်းနှင့် သက်ဆိုင်သော တာဝန်ရှိသူတွေက ဓာတ်ပုံရိုက်ခြင်း၊ လိုအပ်သည်များ မှတ်တမ်းတင်ခြင်းများ ပြုလုပ်နေကြပါသည်။

တာဝန်ရှိသူတို့ လိုအပ်သည်များ ပြုလုပ်ပြီးချိန်တွင် ကိုရဲကျော်သူက သေဆုံးသူ၏ ခေါင်းမှ ဒဏ်ရာကို ကြည့်လို၍ အလောင်းနား ကပ်သွားကာအနီးမှ သစ်ကိုင်းခြောက် ကောက်ယူပြီး ဒဏ်ရာကို ဖုံးအုပ်နေသော ဆံစတွေ ဖယ်ရှားလိုက်ပြီး ကျွန်တော့်ကို

'ဟာ...ဟော့ကောင် မင်းထွန်း ဒဏ်ရာက ရိုက်ချက်ပြင်းတယ် ကြည့်စမ်းပါဦး ဆံပင်တွေပါ ကျွတ်ထွက်နေတယ်'

ဟု ကျွန်တော်ကို ပြလိုက်၍ ထိုဒဏ်ရာကြီးကို ကျွန်တော်ကြည့်ဖြစ်ခဲ့ပါသည်။ ဒဏ်ရာက သေဆုံးသူ၏ ငယ်ထိပ်နေရာတွင် စားပွဲတင် တင်းနစ်ကစားသော ပိန်ပေါင်လုံးခန့် ဆံပင်တွေ ကျွတ်နေသော အကွင်းလိုက် ဒဏ်ရာကြီးဖြစ်ပါသည်။

ကျွန်တော်လည်း ထိုတိုက်ဝါကြီးနှစ်လုံးနားတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များဖြစ်ပွားပြီး တစ်နှစ်ကျော်ခန့်အကြာတွင် အစိုးရဝန်ထမ်းဘဝမှ နုတ်ထွက်ကာ ရန်ကုန်မြို့ ဆင်မလိုက်ဈေးအနီး ဝင်းတည်းခိုခန်းအရှေ့မှ ဆံသဆရာ ကိုအောင်နှင့် ကိုဆန်းနိုင်ဦးတို့ထံတွင် ဆံပင်ညှပ် လက်မှုပညာသင်ယူ၍ ကျွန်တော်တို့ မြို့မှာပင် ဆံပင်ညှပ်ဆိုင်လေးဖွင့်၍ အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါသည်။

ယခု ကျွန်တော့်အတွက် ထူးဆန်းနေသည်မှာ ကျန်ခဲ့သော နှစ်နှစ်ခန့်က မြို့စွန်က တိုက်ဝါကြီးနှစ်လုံးနား သေဆုံးသွားသော လူငယ်၏ ခေါင်းမှ ဒဏ်ရာကြီးနှင့် ဆိုက်ကားဆရာကို အိပ်မက်တွေ အကြိမ်ကြိမ်ပေးခဲ့ပြီး မွေးဖွားလာသော ငါးလသားအရွယ် ကလေး၏ ခေါင်းမှ ဒဏ်ရာကြီးတို့သည် တစ်နေရာတည်း၊ တစ်ပုံစံတည်း တူညီနေကြောင်း တွေ့လိုက်ရသည်။

ထို့ပြင် ဆိုက်ကားဆရာက သူ့သားကို လူဝင်စားဖြစ်ကြောင်း ပြောဆိုခြင်းသည် ထိုကလေးခေါင်းမှ ဒဏ်ရာကြီးက ကျွန်တော့်အတွက် ထိုကလေးသည် လူဝင်စားဖြစ်နေကြောင်းကို မငြင်းနိုင်သော သက်သေတစ်ခုဖြစ်နေမှန်း ကျွန်တော်သာ သိလိုက်ရပါတော့သည်။

မောင်ရင်ထွေး(မှော်ပင်)



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်ကြိုင် (ရွှေတောင်)

# အောက်လမ်းဆရာကြီးဘစိမ်းနှင့်

## ကဝေရုပ်ပိုင်ရှင် အဘွားပု

နံနက်(၇း၀၀)နာရီအချိန်...

'ကိုကျော်ရေ ဒီကို ခဏလာပါဦး'

ခေါ်းလုပ်သူ မခင်သီအသံကို ကိုကျော် ကြားလိုက်ပါတယ်။

'လာပြီဟေ့၊ ဘာများပြောစရာရှိပါသလဲ၊ ပြောစမ်းပါဦး'

ဆိုပြီး အနားကို ရောက်လာပါတယ်။

'တခြားတော့ မဟုတ်ပါဘူး ကိုကျော်ရယ်...မနက်ဖြန်၊ သန်ဘက်ခါ ကိုင်းထွန်ရတော့မယ်၊ ပြီးတော့ လယ်လဲထွန်ဖို့တွေ ရှိနေတယ်လေ၊ ဘျှမ်မတို့မှာ နွားက တစ်ကောင်ပဲ ကျန်တော့တာမို့ လိုတဲ့ နွားတစ်ကောင်အတွက် ဘယ်လိုလုပ်မလဲလို့ ရှင့်ကို ခေါ်မေးတာပဲ'

'အဲဒီကိစ္စဆို မပူနဲ့ နွားငှားရမှာပေါ့'

'ရှင်ကသာ နွားငှားမလေး ဘာလေး ပြောနေ၊ ရွာထဲမှာ သူ့အလုပ်နဲ့ သူ့နွားနဲ့၊ ဘက်စီဘက်စီ ရှိနေကြတာ ဘယ်သူက နွားငှားမှာလဲ၊ ရှင်သတိမထားမိဘူးလား'

'ဟာ...မခင်သီကလဲ ရွာထဲမှာ နွားငှားမယ့်သူ မရှိမှန်း ငါလဲ သိတာပေါ့။ မပူနဲ့ ကျွန်းတန်းရိုးမှာ နွားတွေ အများကြီးမွေးထားတဲ့ နွားငှားနေတဲ့ "ဘစိမ်း"ဆိုတာရှိတယ်။ အဲဒီကို ငါ သွားပြီး ငှားလာခဲ့မယ်။ မင်း စိတ်မဆင်းရဲပါနဲ့'

လို့ ပြောရာ မခင်သီမှ...

'ဒါဖြင့် ဘယ်တော့သွားပြီး ငှားမှာလဲ ပြောစမ်းပါဦး'

လို့ ပြောရာ ကိုကျော်မှ...



www.burmeseclassic.com

www.burmeseclassic.com

'ငါ (၈း၀၀)နာရီလောက် ဒီက ထွက်ပြီးသွားမှာ စိတ်သာချ၊ အပြန် နွားတစ်ကောင် ပါလာစေရမယ်'

လို့ ပြောပြီး (၈း၀၀)နာရီလောက်မှာ သူတို့နေတဲ့ ယောဒေါင့်ကနေပြီး ကျွန်းတန်းရိုးကို ထွက်လာပါတယ်။ ကိုကျော့် အသက်က(၄၀)လောက်၊ မခင်သီ အသက်က(၃၅)နှစ် အရွယ်ကောင်းတွေပေါ့။

ယောဒေါင့်ရွာက ရွှေတောင်မြို့နဲ့ ဆိုရင် (၁)မိုင်ကျော်ကျော်လောက်ဝေးပြီး ယောဒေါင့်နဲ့ ကျွန်းတန်းရိုးရွာသည် (၅)မိုင်လောက်ဝေးပါတယ်။ ခပ်သွက်သွက်ကလေး သွားရင် (၁၀း၀၀)နာရီလောက်မှာ ကိုကျော် တစ်ယောက် ကျွန်းတန်းရိုးရွာကို ရောက်သွားပါပြီ။

ဘစိမ်းအိမ်ကို မသိသဖြင့် လမ်းမှာ တွေ့တဲ့ လူငယ်တစ်ယောက်ကို ဘစိမ်းအိမ်သွားချင်လို့ မေးကြည့်ရာ ဘစိမ်းအိမ်သည် "ကျွန်းတန်းရိုးရွာ၏ ရွာဖျားတွင် ခြံအကျယ်ကြီးနှင့်နေကြောင်း၊ နွားအသေး,အကြီး အကောင်(၂၀)ကျော်လောက်ရှိကြောင်း ဘစိမ်းနဲ့ ဆက်ဆံရင် ကြည့်ဆက်ဆံဖို့ရယ်၊ ဘစိမ်းဆိုတာက အောက်လမ်းဆရာကြီးဖြစ်ကြောင်း၊ တစ်ရွာလုံးက သိကြောင်း...

သူ့မှာ သရဲ(၅)ကောင်လောက်မွေးထားကြောင်း၊ ရွာခံက ကဝေမတွေ သာမက၊ တခြား ကဝေမ အားလုံး ဘစိမ်းဆို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရကြောင်း၊ သူ့အိမ်မှာ နွားတွေ တိုင်မှာ ချည်မွေးထားတာ တစ်ကောင်မှ မပျောက်ကြောင်း၊ သူခိုးများလည်း မခိုးဝံ့ကြောင်း...

သူ့အိမ်မှာ တံခါးများလဲ မရှိဘူး၊ ဒါပေမယ့် ဘာမှ မပျောက်ဘူး၊ သူခိုးသူ့ခြံထဲဝင်ရင် ဘာကောင်ကြီးမှန်းမသိ၊ ထွက်လာပြီး ခြောက်လှန့်ကြောင်း" ပြောပြရာ ကြားရသူ ကိုကျော်တစ်ယောက် အလိုလိုနေရင်း ကြောက်စိတ်တွေ ဝင်လာပါတော့တယ်။

နွားငှားဖို့ကလဲ ရှိနေတော့ ကြောက်ကြောက်နဲ့ပဲ ဘစိမ်းအိမ်ကို ရောက်သွားပါတယ်။ "ဘစိမ်းရှိပါသလား" လို့ ကိုကျော် လှမ်းမေးလိုက်ပါရာယ်။ "အေး... ရှိတယ်ဟေ့" ဟု အိမ်ထဲမှ ပြန်ထူးသံကြားရပါတယ်။

အိမ်ထဲရောက်တော့ ဘစိမ်းကို တွေ့မြင်လိုက်ရပါပြီ။ အသက်က (၈၀) လောက် ခန့်မှန်းလို့ ရပါတယ်။ လူကလဲ သန်သန်မာမာကြီး၊ စကားပြောတော့ အသံကျယ်ကြီးနဲ့ "လာ... လူလေး၊ ဘာကိစ္စရှိသလဲ' လို့ ဆီးပြီးမေးပါတယ်။ "ထိုင်ပါဦး" လို့လဲ ပြောပါတယ်။

ကိုကျော်လဲ ဝင်ထိုင်ပါပြီ။

'ဘစိမ်း... ကျွန်တော့်နာမည် မောင်ကျော်ပါ။ ယောဒေါင့်ရွာကပါ။ ကျွန်တော့်လာရင်းကိစ္စကတော့ နွားငှားချင်လို့ပါ။ ကိုင်းထွန်၊ လယ်ထွန်ဖို့ နွားအကြီးကြီး တစ်ကောင်လောက် လိုချင်လို့ပါ'

'အေး... မင်းကြိုက်တဲ့နွား ခြံထဲမှာ ဆင်းကြည့်၊ ကြိုက်တဲ့ကောင် ငါ့ကိုပြော'

လို့ ပြောပါတယ်။

နွားငှားတာ စပါးနဲ့လဲ ငှားပါတယ်။ ငွေကြေးအပြတ်နဲ့လဲ ငှားပါတယ်။ လယ်ပြီး နွားတစ်ကောင်ငှားခ စပါး (၂၅)တင်း ပေးရပါတယ်။ ငွေကြေးနဲ့ဆို တစ်ကောင်ငှားခ ငွေ(၁)သိန်းလောက်ပေးရပါတယ်။

ကိုကျော် နွားထားတဲ့နေရာကို သွားပါတယ်။ နွားတွေကို ကြည့်လိုက်တော့ နွားအလတ်နဲ့ နွားအငယ်တွေပဲ ရှိနေတာ တွေ့လိုက်ရပါတယ်။ သူငှားချင်တဲ့ နွားအကြီးတစ်ကောင်မှ မရှိတော့ဘူး ဘစိမ်းလဲ နွားထားတဲ့ နေရာဆင်းလာပြီး "လူလေး မင်းစိတ်ကြိုက် နွားတွေ့လား" လို့ မေးပါတယ်။ ကိုကျော်မှ...

'အဘ ကျွန်တော်လိုချင်တဲ့ နွားအကြီး တစ်ကောင်မှ မရှိဘူး ဘယ်နှယ့်လုပ်မလဲ'

လို့ ပြောရာ ဘစိမ်းမှ...

'ဘာမှမပူပါနဲ့ လူလေးရာ၊ ငါ့ ပြန်အပ်ဖို့ရှိတဲ့ နွားကြီးတစ်ကောင် စစ်ကိုင်းကျွန်းမှာရှိတယ်။ ပြန်အပ်မယ့် ရက် (၃)ရက်တောင် ကျော်နေပြီ ဒီကောင်မ ခုထိ လာမအပ်သေးဘူး မင်းနဲ့ငါ အဲဒီကို သွားကြမယ်။ ငါ သူ့ဆီက နွားဖိုးလဲ ရစရာရှိတာ တောင်းရဦးမယ်'

ဆိုပြီး နှစ်ယောက်သား ကျွန်းတန်းရိုးမှ စစ်ကိုင်းကျွန်းသို့ သွားကြပါတယ်။

ကျွန်းတန်းရိုးနဲ့ စစ်ကိုင်းကျွန်း (၅)မိုင်လောက်ဝေးပါတယ်။ နေ့လယ် (၁း၀၀)နာရီလောက် စစ်ကိုင်းကျွန်း ရောက်သွားကြပါပြီ၊ ရောက်ရောက်ချင်း ဘစိမ်းက "ဟေ့...ခင်တုတ်ရှိသလား" လို့ အော်ခေါ်ပြီး အိမ်ထဲကို ဝင်သွားပါတယ်။ မခင်တုတ်က...

'ရှိပါတယ်၊ ဩော်... ဆရာကြီး လား၊ ထိုင်ပါဦး'

မခင်တုတ်မှာ အသက်(၃၀) လောက်ရှိပြီး ဝဝတုတ်တုတ်ပါ။ ဘစိမ်းမှ ...

'နင် ငါ့နွားအပ်ဖို့ ရက်စေ့လို့ (၃)ရက်တောင် ကျော်နေပြီ။ အပ် မအပ်၊ ငွေလဲ မရှင်း၊ ဘယ်လိုဖြစ် လဲ'

လို့ ပြောရာ မခင်တုတ်က...





www.burmeseclassic.com

www.burmeseclassic.com

'ဆရာကြီး ကျွန်မစိုက်တဲ့သီးနှံတွေ မအောင်မြင်ဘူး။ ဒါကြောင့် ကျွန်မ [illegible]ဝ်ဖို့ နောက်ကျနေတာပါ။ နောက် [illegible]ပတ်လောက် 'စောင့်ပါဦး ဆရာကြီးရယ်'

လို့ ပြောရှာပါတယ်။

ဘစိမ်းက...

'ပိုက်ဆံက နင်ပြောတဲ့ရက် လာ[illegible] နွားကတော့ ငါ ခုပြန်ယူသွားမယ်။ [illegible] နွားငှားမဲ့သူလဲ ပါလာတယ်'

မခင်တုတ်က...

'ဆရာကြီးလဲ မောနဲ့လာတယ်၊ ရေ[illegible] သောက်ပါ၊ အဆာပြေ ကိုင်းထွက်၊ [illegible]သီးစားပါဦး'

လို့ပြောပြီး ဖရဲသီးအလတ်တစ်လုံး [illegible] ဓားနဲ့ ချပေးထားတယ်။

ကိုကျော်လဲ ဗိုက်ကလဲ ဆာ၊ ရေ [illegible] ငတ်ဆိုတော့ ဖရဲသီးအလုံးကို [illegible]ခွဲမလို့ လုပ်နေစဉ် ဘစိမ်းက **"လူလေး မခွဲနဲ့ အဲဒီဖရဲသီး ငါ့ပေး"** [illegible]ပြီး မြေကြီးပေါ် လွှတ်ချပြီးတော့ [illegible]ခြေဖနောင့်နဲ့ ဆောင့်ပြီး တက်နင်း[illegible]က်တာ၊ ဖရဲသီးအလုံးလဲ ဂွမ်းခနဲ [illegible]ပြီး ကွဲသွားပါတော့တယ်။

[illegible]ကွဲသွားချက်ကတော့ ဖရဲသီးအလုံး[illegible]မှ လူသွေးကဲ့သို့ နီနီရဲရဲ အရည်[illegible]တွေ ထွက်ကျလာတာ မြင်လိုက်[illegible]ရတယ်။

ကိုကျော်လဲ လန့်သွားတာပေါ့။ [illegible]မ်းက စိတ်ဆိုးတဲ့ မျက်နှာအမူ[illegible]နဲ့...

'ဟော့...ခင်တုတ် လာစမ်းပါဦး၊ နင် [illegible] ဘာကောင်အောက်မေ့လို့ ဒီလို [illegible]ရသလဲ ပြောစမ်း'

လို့ ပြောလိုက်ရာ မခင်တုတ်မှာ [illegible]သလဲ တစ်ကိုယ်လုံးလဲ တုန်ယင် [illegible] လက်အုပ်ကလေးချီ၍...

'ဘရယ် ကျွန်မမှားပါတယ်၊ ကျွန်မ



ဘကို စမ်းမိပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ'

လို့ ပြောပြီးထိုင်၍ ဦးချတာ တွေ့လိုက်ရတယ်။ ဘစိမ်းမှ...

'နင့်ဘာသာ ကဝေမ မကလို့ ဘာကြီးဖြစ်နေနေ၊ ငါက နင့်ကို ကြောက်ယယ်များ နင်ထင်နေသလား။ ငါ နင့်ကို ခုချက်ချင်း သေအောင် လုပ်နိုင်တယ်။ ဒီမှာ ညွှဲ့သည့်ရှိလို့ နင်သက်သာတယ်မှတ်'

လို့ ပြောပြီး...

'ဖရဲသီး အသစ်တစ်လုံး လာချပေး။ ဒီအောက်မှာရှိနေတဲ့ ဖရဲသီးကို ရှင်းပစ်လိုက်'

လို့ ပြောလိုက်ရာ မခင်တုတ်လဲ ပျာပျာသလဲနဲ့ နောက်ဖရဲသီးတစ်လုံး လာချပေးပါတယ်။

ကိုကျော်ကတော့ ဓားရော ဖရဲသီးကိုပါ မကိုင်ရဲတော့ပါ။ ငြိမ်ကြည့်နေပါတယ်။ ဒီတော့မှ ဘစိမ်းက...

'လူလေးခွဲတော့ ဘာမှ မဟုတ်တော့ဘူး'

လို့ ပြောလိုက်ရာ ကိုကျော်လဲ ဓားကို ယူပြီး ဖရဲသီးရဲ့ အလယ်က ပိုင်းချလိုက်ပါတယ်။ ဖရဲသီးနီရဲပြီး မူလအတိုင်း ရှိနေတာ တွေ့ရတယ်။ ဘစိမ်းမှ...

'ထပ်ပြီး အစိတ်ကလေးတွေ လုပ်ကွာ'

လို့ ပြောသဖြင့် အစိတ်ကလေးတွေ စိတ်လိုက်ပါတယ်။

ဘစိမ်းတစ်ယောက် မြိန်ရေရှက်ရေ တစ်စိတ်ပြီး တစ်စိတ် အားရပါးရ စားနေပါတော့တယ်။ အဲဒီအချိန်မှာ ကိုကျော်တစ်ယောက် ဖရဲသီးစိတ်ကို ယူပြီး မစားရဲသေးပါ။ ဒီတော့ ဘစိမ်းက...

'လူလေး မင်းဘာလုပ်နေတာလဲ၊ ယူစားလေ'

လို့ ပြောမှ တစ်စိတ် ယူစားလိုက်ပါတယ်။ ချိုအေးနေတာပဲ။ နောက်ထပ် တစ်စိတ်စားပြီး စားချင်စိတ်ရှိပေမယ့် စိတ်ထဲက ကြောက်နေလို့ ယူမစားရဲတော့ပါ။

ဘစိမ်းက...

'အစာလဲပြေ၊ ရေငတ်လဲ ပြေသွားပြီ။ ဟေ့ ခင်တုတ် ငါပြန်မယ် ငါ့ကို ငါ့သားကြီး ပြန်အပ်'

လို့ ပြောရာ မခင်တုတ်လဲ နွားကြီးကို ဆွဲလို့ ရောက်လာပါပြီ။ ဘစိမ်းမှ "ပေး ငါ့ကို ပြန်အပ်" ဆိုပြီး နွားကြီးကို လှမ်းယူလိုက်ပါတယ်။ နွားကြီးကို ကြည့်ပြီး...

'ငါ့သားကြီး နည်းနည်းတော့ ပိန်သွားတယ်၊ လူလေးမောင်ကျော် မင်းကို ငါ့သားကြီးကို အပ်တယ်။ ရော့...နွားကြီး ခိုင်းလဲခိုင်း၊ ကျွေးလဲ ကျွေးပေါ့'

ဆိုပြီး နွားကြီးကို ကိုကျော့်လက်ထဲ အပ်လိုက်ပါတယ်။

နွားကြီးရဲ့ဦးခေါင်းကို ပွတ်ပြီး ဘစိမ်းက...

'သားကြီး ဒီလူလေးနောက် လိုက်သွား၊ အဲဒီ ငါ့သားကြီးရဲ့ သခင်ပဲ၊ ကောင်းကောင်းမွန်မွန် လိုက်ကျွေး ထိန်းသိမ်းမယ်နော်'

ဆိုပြီး ဦးခေါင်းကို ပွတ်ပေးနေစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com

နွားကြီးကလဲ လူစကား နားလည်သလို နဲ့ မျက်လုံးလေးတွေ ပြူးပြီး နားရွက် ကလဲ တဖျပ်ဖျပ် ခတ်လျက် ငြိမ်၍ နားထောင်နေတာ တွေ့လိုက်ရတယ်။

ကိုကျော်လဲ နွားကြီးကို ဆွဲပြီး နွားကြီး ကို ခေါ်လာပါတော့တယ်။ နှစ်ဦးသား ပြန်လာရာက လမ်းခွဲလဲ ရောက်ရော ဘစိမ်းက...

'ငါက ဒီကနေ ပြန်မယ်၊ မင်းက ဒီ လမ်းက ပြန်ပေါ့။ ဪ... တစ်ခုပြော ရဦးမယ်၊ မင်းတို့ ယောဒေါင့်မှာ ငါ့ တပည့်မတစ်ယောက် ရှိတယ်။ သူ့ နာမည်က အဘွားပုတဲ့၊ မင်းသိလား မောင်ကျော်'

'သိတာပေါ့ ဘရယ် ကျွန်တော်တို့ အိမ်နားကပဲ'

'ကဲ ငါသွားပြီ'

ဆိုပြီး ဘစိမ်းတစ်ယောက် ကျွန်း တန်းရိုးဘက် ပြန်သွားပါပြီ။

ကိုကျော်လဲ ယောဒေါင့်ကို ပြန်လာ ပါတယ်။

အဘွားပုဆိုတာက ယောဒေါင့်ရွာ ထဲမှာ နာမည်ကြီးတစ်ယောက်ပါ။ သူ့မှာ ဆရာကြီးတစ်ယောက် ပေး ထားတဲ့ ကဝေရုပ်ကလေး ရှိကြောင်း၊ သူကိုယ်တိုင်လဲ စုန်းအတတ် ပညာ တတ်ကြောင်း ယောဒေါင့်တစ်ရွာလုံး သိကြတယ်။

သူကလဲ ပေါ်တင်ပဲ လက်မထောင် ပြီး ပြောင်းဖူးပေါ်ချိန် ပြောင်းဖူးစိုက် တဲ့အိမ်သွားပြီး "ကောင်မတွေ ငါ့ကို ပြောင်းဖူးပေးဦး" လို့ ပေါ်တင်ပြော တောင်းတော့တာပဲ၊ သူ့ကို ကြောက် ကြလို့ စေတနာရှိရှိ၊ မရှိရှိ ပေးကြရ တယ်။

မပေးလိုက်ရင်တော့ တစ်ခုခုဖြစ်ပြီသာ မှတ်၊ ခရမ်းသီးပေါ်ချိန် ခရမ်းသီး၊ ခရမ်းချဉ်သီးပေါ်ချိန် ခရမ်းချဉ်သီး၊



ပဲသီးပေါ်ချိန် ပဲသီး၊ ဖရုံသီး၊ ဘူးသီး ဘာပေါ်ပေါ် အဲဒီအိမ်ကို အဘွားပု ရောက်လာပြီး ပေါ်တင်တောင်းတော့ တာပဲ။

အတောင်းခံရသူတိုင်းကလဲ ကြောက် လို့ ပေးကြရတယ်။ ကိုကျော်နဲ့ ရုံးဖြတ် လမ်းရှိ မနောမယိဒ္ဓိဆရာကြီး ဦးစိန်လှ တို့ အသိမိတ်ဆွေတွေဆိုတော့ ကိုကျော်ပြောပြလို့ ဘစိမ်းနဲ့ အဘွားပု အကြောင်းတွေကို ဆရာကြီးဦးစိန်လှ သိနှင့်နေပါတယ်။

ကိုကျော်လဲ လယ်ပြီးလို့ နွားငှားခ ရော၊ နွားရော ဘစိမ်းထံ ပြန်အပ်ပြီး ပါပြီ။ အဲဒီနောက် (၆)လအကြာလောက် မှာ ရုံးဖြတ်လမ်းရှိ မနောမယိဒ္ဓိ ဆရာ ကြီးဦးစိန်လှထံ ယောဒေါင့်မှ လူငယ်လေးတစ်ယောက် ည(၈း၀၀) နာရီအချိန် လာပင့်သဖြင့် ဆရာကြီး ဦးစိန်လှ လိုက်သွားပါတယ်။

ဟိုရောက်တော့ အသက်(၃၀) လောက်ရှိတဲ့ အမျိုးသမီးတစ်ယောက် လူးလိမ့် အော်ဟစ်နေတာ ကြားရပါ တယ်။

'အမယ်လေး လုပ်ကြပါဦး ပေါင်ထဲ မှာ သံချွန်ကြီးနဲ့ ထိုးတဲ့အတိုင်း ခံနေရ တယ်၊ ကယ်ကြပါဦး'

လို့ အော်ဟစ်ညည်းတွားနေတာ တွေ့လိုက်ရပါတယ်။

ဆရာကြီးဦးစိန်လှမှ ဝေဒနာရှင် နာမည်နဲ့ နေ့နာမ်ကို မေးကြည့်[illegible] "ဝေဒနာရှင် မိန်းကလေး နာမည် မှာ မလှလှဖြစ်ကြောင်း၊ သူ့ နေ့နာမ် မှာ ဗုဒ္ဓဟူးသမီးဖြစ်ကြောင်း" ပြော ပြလို့ ဆရာကြီး သိရတဲ့အခါ...

'ဗုဒ္ဓဟူးသမီး နှောင့်ယှက်နေသော မိစ္ဆာဓာတ်ဝင်စီးစေ၊ အထက်ပုဂ္ဂိုလ်များ အမိန့်'

လို့ အမိန့်ပေးလိုက်ရာ မလှလှမှာ နဖူးကို လက်တွေရိုက်ပြီး ဝင်စီးပါတော့ တယ်။ ဆရာကြီးက...

'ဘာလို့ နှောင့်ယှက်ရတာလဲ၊ ဘာ မကျေနပ်လို့လဲ'

လို့ မေးရာ...

'ဆရာကြီး... ဒီကောင်မက နှု[illegible] အင်မတန်ကြမ်းတာ၊ အဆဲအဆို[illegible] ကလဲ ပါသေးတယ်။ ကျွန်မ စော်ကား[illegible] ကပ်လို့ လုပ်လိုက်တာပဲ'

'သင်က ဘာအတတ်ပညာနဲ့ [illegible] ဖြစ်အောင် ဘယ်လိုလုပ်လိုက်တာလဲ'

'ဆရာကြီး ကျွန်မမှာ ကျွန်မဆရာကြီး[illegible] ထားတဲ့ ကဝေရုပ်ကလေးတစ်ခု ရှိ[illegible] အဲဒီအရုပ်ကလေး အမြင့်က လက်[illegible] လောက်ပဲ မြင့်တယ်။ အရုပ်ကလေး[illegible] လက်တစ်ဆုပ်စာလောက် ရှိ[illegible] မိန်းကလေးတစ်ယောက် ထိုင်နေတဲ့[illegible] သစ်သားနဲ့ ထုထားတယ်။

ခေါင်းက ဆံပင်ကတော့ အစိမ်းသေ[illegible] သွားတဲ့ မိန်းကလေးရဲ့ ဆံပင်ကို ဖြတ်ယူ[illegible] ပြီး ခေါင်းမှာ မကျွတ်အောင်ထိုး စိုက်[illegible] ပါတယ်။ ပြီးတော့ အောက်လမ်း[illegible] ဆေးစီရင်ပြီး ထုလုပ်ထားတာ၊ [illegible] ဘာနေ့သားသမီး ခေါင်းကိုက်[illegible] ကဝေရုပ်ရဲ့ ခေါင်းကို သံချွန်[illegible] အဖျားမှာ သနပ်ဖုံ့ သုတ်ထားတဲ့ သံ[illegible] နဲ့ ထိုးလည့်လိုက်ရင် ခေါင်းတွေ ကိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

တာပဲ။

ဗိုက်အောင့်စေချင်ရင် ကဝေရုပ်ရဲ့ ဗိုက်ကို သံချွန် သံလျက်ပြားကလေးနဲ့ ဗိုက်ကို ထိုးလှည့်လိုက်ရင် ဗိုက်တွေ အောင့်တော့တာပဲ။ ခုကဝေရုပ်ရဲ့ ပေါင်ကို ဗုဒ္ဓဟူးသမီး ပေါင်ကို ကိုက်စေချင်ပြီး သံချွန်သံလျက်ပြား ကလေးနဲ့ ထိုးလှည့်လို့ ခုလို ဖြစ်နေတာ' လို့ ပြောပြပါတယ်။

ဆရာဦးစိန်လှမှ...

'သင့်ရဲ့ ဆရာကြီးဆိုတာ ကျွန်း တန်းရိုးက ဘစိမ်းမဟုတ်လား'

လို့ ပြောရာ၊...

'ဟာ ဆရာကြီးက ကျွန်မဆရာကို ဘယ်လိုလုပ်သိသလဲ အံ့ဩပါရဲ့'

'မအံ့ဩနဲ့ အဲဒီအရုပ်ကို ချထားလိုက်၊ သံချွန်၊ သံပြားနဲ့ မကလိနဲ့'

လို့ အမိန့်ပေးလိုက်ရာ...

'ချလိုက်ပါပြီ ဆရာကြီးရယ်'

ပြောပြီး ထွက်သွားရာ ဗုဒ္ဓဟူးသမီး မလှလှ သတိရလာပြီး ပေါင်လဲ လုံးဝ မကိုက်တော့တာ တွေ့ရတယ်။

''ဝမ်းသာလိုက်တာ ဆရာကြီးရယ် ကျွန်မဖြင့် ဘယ်လိုမှ မခံစားနိုင်ဘူး၊ သေသွားတာမှ ကောင်းဦးမယ်လို့ စိတ်ညစ်နေတာ၊ အမယ်လေး ခုတော့ ဆရာကြီး ကျေးဇူးကြောင့် တော်ပါသေးတယ်''

သူ့ယောက်ျားလုပ်သူမှ...

'နင် ပါးစပ်မကြမ်းနဲ့၊ အဆဲအဆို တွေလဲ မလုပ်နဲ့၊ အဲဒါကြောင့် နင် အလုပ်ခံရတာ နောက်ဆင်ခြင်'

လို့ လှမ်းပြောပါတယ်။

ဆရာဦးစိန်လှလဲ...

'ငါ့ကိစ္စပြီးပြီမို့ ငါပြန်ဦးမယ်'

လို့ ပြန်တော့မယ်လုပ်နေတုံး...

'အမယ်လေးကယ်ပါဦး ဆရာကြီးရယ်၊ ကျွန်မ ဗိုက် ခုလေးတင် အောင့်လာတာ နေလို့မှရ ဖြစ်နေတယ်။ ကျွန်မက အိမ်ရှေ့



အိမ်ကပါ'

ဆရာဦးစိန်လှ ကြည့်လိုက်တော့ အမျိုးသမီးက အသက်(၂၀)ကျော် အသားဖြူဖြူ ပိန်ပိန်ပါးပါးလေး ''ဘာနေ့သမီးလဲ''လို့မေးရာ ''သူ့နာမည် မိုးနှင်းဖြူ ကြာသပတေးသမီး''ဟု သိရာ ဆရာကြီးက...

'ကြာသပတေးသမီး နှောင့်ယှက်ထားတဲ့ မိစ္ဆာစာတ် ဒီခန္ဓာကိုယ်မှာ ဝင်စီးစေ'

လို့အမိန့်ပေးလိုက်ရာ ကြာသပတေး သမီး မိုးနှင်းဖြူကိုယ်မှာ ဝင်စီးပါတော့တယ်။

ကြာသပတေးသမီး နှုတ်မှ...

'ဆရာကြီးကလဲ အလကားနေ ခေါ်နေတာပဲ'

ဟု အပြစ်တင်လိုက်ပါတယ်။ ဆရာဦးစိန်လှမှ...

'ဒီဟာလဲ သင့်လက်ချက်ပဲ မဟုတ်လား။ ကဝေရုပ်ရဲ့ ဗိုက်ကို ထိုးလှည့်နေတာ မဟုတ်လား'

လို့ မေးရာ...

'ဟုတ်ပါတယ် ဆရာကြီးရယ်၊ ခုလေးတင် လုပ်လိုက်တာပါ၊ ဒီကောင်မလဲ နှုတ်ကြမ်းတာပဲ၊ ဆရာကြီးကို ကြောက်လို့၊ မလွန်ဆန်နိုင်လို့ ကျွန်မ ခုပဲ ကဝေရုပ်ကလေးကို ချထားလိုက်ပါမယ်'

ပြောပြီး တစ်ခါတည်း ထွက်သွားပါတယ်။

ထွက်မသွားခင်မှာ ဆရာဦးစိန်လှက...

'အဲဒီကဝေရုပ်ကလေး ဆရာကြီးကို လှူပါလား'

လို့ အလှူခံကြည့်ရာ...

'မလှူနိုင်ကြောင်း၊ မပေးနိုင်ကြောင်း မျိုးဆက်သစ် တပည့်တစ်ယောက် တွေ့ရင် ပေးခဲ့မယ်၊ အဲဒါမှ မရှိရင် သေရင်တောင် အခေါင်းထဲ ထည့်ယူသွားမှာ'

လို့ ပြောပါတယ်။ ''တော်တော်လေး အစွဲအလမ်းကြီးပြီး ကဝေရုပ် ကလေးကို တန်ဖိုးထားလွန်းပါတကား''

လို့ ဦးစိန်လှ တွေးလိုက်မိတယ်။ သံသရာမှာတော့ ခံရပေဦးမယ်။

မိုးနှင်းဖြူ သတိရလာလို့ မေးကြည့်တော့ ဗိုက် လုံးဝ မအောင့်တော့ဘူး။ မိုးနှင်းဖြူက...

'ခုလို ဆရာကြီးမျိုး ရှိနေလို့သာပေါ့၊ ဆရာကြီးသာ မရှိရင် မလွယ်ဘူး'

လို့ ပြောကြပါတယ်။

''ဆရာကြီး ပြန်ပါတော့မယ်''ဆိုပြီး ပြန်ခဲ့ပါပြီ။

လမ်းရောက်တော့ ဆရာဦးစိန်လှရဲ့ အတွေးထဲမှာ အောက်လမ်းက တစ်မျိုး၊ ကဝေကတစ်ဖုံ၊ ကလေဝရုပ် ကတနည်း၊ သြော်...လောကကြီး ဒါလောက် ရှုပ်ထွေးနေတာ ကြောက်စရာကြီးပါတကား။

**ရှင်လန်းချမ်းမြေ့ပါစေ**

**ထွန်းအေးကြိုင်(ရွှေတောင်)**

www.burmeseclassic.com

www.burmeseclassic.com



# [illegible]

လူကို ကျည်တတ်ကြ၏

ရှေ့ဝန်နီ

မောင်စိုးမြင့်တို့ရွာနှင့် မြို့မှာ (၂) တိုင်ခရီးလောက်ဝေးပြီး တောများ၊ လယ်ကွင်းများကို ဖြတ်ကျော်ကာ မြို့နှင့် ရွာ၏ အလယ်လောက်၌ သိပ်မနက်လှသော်လည်း အတောင်(၄၀)ကျော် (၅၀)နီးပါးမျှ ကျယ်ဝန်းသည့် ချောင်းကောကြီးတစ်ခုက ခြားလျက်ရှိ၏။ ထိုချောင်းမှာ နွေရာသီ၌ ရေမရှိသော်လည်း မိုးအခါ၌ကား ရေပြည့်နေကြ၏။

မောင်စိုးမြင့်တွင် ညီအစ်ကိုမောင်နှမ (၆)ယောက်ရှိပြီး မောင်စိုးမြင့်က ဒုတိယ အကြီးဆုံးဖြစ်သည်။ မိဘများက တောသူတောင်သားများပီပီ "တောင်ယာလယ်လုပ် မားမခုတ်" ဖြင့် မိရိုးဖလာ လုပ်ကိုင်ကြသူများဖြစ်၏။

သားသမီးများကိုလည်း ရွာ၌ ဘုန်းတော်ကြီးကျောင်းမှ လွဲ၍ စာသင်ကျောင်းမရှိသည့်အတွက် ဆီမီးဆွဲမြို့သို့ တက်ကာ စာပေသင်ကြားကြစေသည်။

အစ်ကိုနှင့် ညီမလေးများကတော့ လေးတန်း၊ ငါးတန်းအရောက်၌ ကျောင်းမှ ထွက်ကာ မိဘတို့နှင့် ဒိုးတူပေါင်ဖက် လယ်ယာလုပ်ငန်းများကို ကူညီလုပ်ကိုင်ကြ၏။

သို့သော် ဉာဏ်ပညာထက်မြက်သော မောင်စိုးမြင့်ကိုကား ကျောင်းမှ လုံးဝမထွက်စေဘဲ စာပေပညာကို ဆက်လက် သင်ကြားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတင်ပြမည့် ဇာတ်လမ်းလေးမှာ မောင်စိုးမြင့် (၈)တန်းကျောင်းသားဘဝ ကြုံတွေ့ခဲ့သည့် တကယ့်အဖြစ်အပျက်လေးဖြစ်၏။

မောင်စိုးမြင့်မှာ အဒေါ်တစ်ယောက် အိမ်မှ တည်း၍ ကျောင်းတက်ရသည်၊ အစားအသောက်က ဝိုင်းလုပ်ဝိုင်းစား ဘဝမျိုးနှင့် ကျောင်းအားချိန်များတွင် အဒေါ်ရောင်းသော ဈေးဆိုင်၌ ကူညီ ဈေးရောင်းရ၏။

ရွာကိုတော့ တစ်ခါတစ်ရံမှသာ ပြန်လေ့ရှိသည်။ အဖေနှင့် အမေကလည်း အိမ်ကို စိတ်လည့်၍ စာပေသင်ကြားမှု ပျော့လျော့မှာ စိုးသောကြောင့် ခဏခဏ ရွာကို မပြန်စေလိုပေ။

မောင်စိုးမြင့် (၈)တန်းရောက်သော နှစ်၌မူ ဝါဆိုလပြည့်ကျော်တွင် အိမ်၌ ရှာဦး ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးနှင့် ခန်းနေဦးပဥ္စင်းနှစ်ပါးကို ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်သဖြင့် မောင်စိုးမြင့်ကို ဝါဆိုသင်္ကန်းကပ်သို့ ခေတ္တလာရောက်ရန် အစ်ကိုဖြစ်သူကို ခေါ်စေ၏။

ကျောင်းပိတ်ရက် မဟုတ်သည့်အတွက် ကျောင်းပိတ်မှ ဝါဆိုသင်္ကန်းကပ်နှင့် ချိန်ကိုက်၍ လာခဲ့မည်ဖြစ်ကြောင်း ပြောကာ ကျောင်းပိတ်ရက်၌ အဒေါ်တို့ဇနီးမောင်နှံကို ခွင့်တောင်းပြီး ညနေတစောင်း ရွာသို့ ပြန်ခဲ့လေသည်။

ခါတိုင်းနေ့များ၌ သိပ်မကြီးလှသော်လည်း မိုးတဖွဲဖွဲနှင့် ရွာနေကြ၊ သို့သော် ဒီနေ့တော့ မိုးလင်းကတည်းက နေကြီးက ကျဲကျဲတောက်ပူနေသဖြင့် မိုးကြောင့် ဖွက်ထနေကြသည့် လမ်းလေးများမှာ ထပ်သွားကြသည်။

ညနေတစောင်း ရွာသို့ပြန်လာသော မောင်စိုးမြင့်တစ်ယောက် လမ်းထပ်ထပ်ကလေးမှ လယ်ကွင်းများ၊ တောစပ်များကို ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။

တစ်တိုင်လောက် လျှောက်အပြီး၌ မြို့နှင့်ရွာကြားမှ ချောင်းကောကြီးကို ရောက်လာသည်။ ချောင်းက လယ်ကျရေတွေနှင့် ပြည့်လျှံနေပြီး နွံနစ်တို့ဖြင့် နောက်ကျိနေသည်။

ချောင်းက ချောင်းကောဆိုသော်လည်း ရေပြည့်နေလျှင် လူတစ်ရပ် မမှီချပ်၊ ခက်သည်က မောင်စိုးမြင့်က ရေမကူးတတ်၊ နေကလည်း ဝင်လုဝင်ခါနီး ဖြစ်နေပြီ၊ ညနေတစောင်း ပျံသန်းလေ့ရှိသည့် ပျံလွှားငှက်တို့မှာ အပ ဖျိုင်းတို့ပင် အိပ်တန်းတက်ကြပြီ ဖြစ်၏။

မောင်စိုးမြင့် ဘာဆက်လုပ်ရမှန်း မသိတော့၊ ချောင်းကြီးကို ကြည့်ပြီး ကြံရာမရ ဖြစ်သွားသည်။ သည်အတိုင်းဆို နောက်ကြောင်းပြန်လှည့်ဖို့သာ ရှိတော့၏။

'ဟူး'

မောင်စိုးမြင့် စိတ်ပျက်လက်ပျက်နှင့် လေပူကြီးကို မှုတ်ထုတ်လိုက်သည်။ ခုလိုအချိန်မျိုး သူ့ကို တစ်ဖက်ကမ်းပို့နိုင်မည့်သူ တစ်ယောက်ယောက် ပေါ်လာလျှင် ကောင်းမှာပဲဟုလည်း တွေးလိုက်မိသည်။

ထိုအချိန်တွင်ပင် ချောင်းကောကြီး၏ အထက်ဘက်ဆီမှ အနီရောင် ဝတ်စုံလေးကို ဝတ်၍ ပုသိမ်ထီးလေး ဆောင်းထားသည့် သူနှင့် ရွယ်တူလောက်ပင် ရှိမည်ဟု ထင်ရသော အသားဖြူဖြူ မိန်းကလေးတစ်ဦး ချောင်းကောကြီးအတိုင်း ကမ်းကိုသီ၍ သူ့ရှိရာဘက် လျှောက်လာနေသည်ကို ရုတ်တရက် တွေ့လိုက်ရ၏။

မောင်စိုးမြင့် အံ့ဩသွားသည် ဒီအချိန်ကြီးလာနေတာ ဘယ်က မိန်းကလေး ပါလိမ့်ဟုလည်း တွေးနေမိ၏။ သူတို့ရွာမှာလည်း ဒီမိန်းကလေးမရှိ၊ နံဘေးရွာတွေဖြစ်သော ငှက်တော်မြီးရွာတို့၊ သစ်ပုတ်ရွာတို့ကလည်း မဟုတ်နိုင်။ ဒါဆို…

မောင်စိုးမြင့် စဉ်းစားနေစဉ်ပင် မိန်းကလေးက အနားရောက်လာသည်။

'ဟိုဘက်ကူးဖို့လား။ ဘာလဲ ရေမကူးတတ်လို့လား'

ရောက်မဆိုက်ပင် မိန်းကလေးက မောင်စိုးမြင့်ကို မေးလိုက်သည်။

'ဟုတ်တယ်ဟ… ဟိုဘက်ကမ်းကူးဖို့ပဲ၊ ငါက လွှစင်ရွာကပါ၊ ကျောင်းပိတ်တုန်း ရွာမှာ အဖေနဲ့အမေတို့ ဝါဆိုသင်္ကန်းကပ်ကြမှာမို့ ပြန်လာတာ၊ ဒါပေမယ့် ချောင်းကောကြီးက ရေပြည့်နေလို့ ဘယ်လိုလုပ်ရမလဲ တွေးနေတာ၊ ငါက ရေမကူးတတ်ဘူးလေ'

မောင်စိုးမြင့်က ရှင်းပြလိုက်၏။

'ဪ'

'နင်ကော ရေမကူးတတ်ဘူးလား'

'ငါက ရေကူးတတ်ရုံတင်မကဘူး ရေပေါ်တောင် ဖြတ်လမ်းလျှောက်နိုင်တယ်'

'ဟာ…ဒါဆို၊ ဒါဆို ငါ့ကို ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com

ကမ်း ပို့ပေးစမ်းပါဟာ'

မောင်စိုးမြင့်က အကူအညီ တောင်းလိုက်သည်။

'ရပါတယ်ဟယ်... နင်က ကုသိုလ်ရမယ့်နေရာ သွားတာပဲ၊ အဲဒီလိုလူကို ကူညီရတာ ငါလဲ ကုသိုလ်ရမှာပါ'

'ဟာ...ရတာပေါ့ဟ၊ သူတစ်ပါးကို ကူညီတတ်ဆိုတာ ကုသိုလ်ရတာပေါ့'

မောင်စိုးမြင့်က အားကိုးတကြီး ပြောလိုက်၏။

'ဒါဆို နင် ခဏလေး စောင့်နေဦး။ ငါ့အပါးကြီးကို နင် ဟိုဘက်ကမ်းပို့ဖို့ ခွင့်တောင်းလိုက်ဦးမယ်'

'ဘယ်မှာလဲ နင့်အပါးကြီးက၊ ငါ မှောင်နေပါဦးမယ်ဟာ'

'ခဏလေးပါ၊ ခု ငါပြန်လာခဲ့မယ်၊ အပါးကြီးက သဘောကောင်းပါတယ်'

မိန်းကလေးက ပြောပြောဆိုဆိုနှင့် သူ့အနားက ထွက်သွားသည်။

မောင်စိုးမြင့် လှမ်းကြည့်လိုက်တော့ ခပ်လှမ်းလှမ်းရှိ စစ်ပင်ကြီးအောက်တွင် သားသားနားနား သပ်သပ်ရပ်ရပ် ဆောက်ထားသည့် ပျဉ်ထောင်သွပ်မိုး သုံးပင်အိမ်လေးတစ်လုံးကို တွေ့လိုက်ရ၏။

စောစောက ဒီအိမ်လေးကို ငါ မမြင်ပါဘူး၊ ခါတိုင်းလဲ ဒီနားမှာ အိမ်မရှိပါဘူး။ ခုမှ ဒီအိမ်က ဘယ်က ရောက်လာတာပါလိမ့်။ ဩော်... မှောင်လို့ စောစောက ငါမမြင်တာပဲ ဖြစ်မှာပါလေ။

ဒီကွင်းရှင်တွေ လယ်လာလုပ်ရင်း နေတာဖြစ်မှာပါဟု မောင်စိုးမြင့် တွေးရင်း အမျိုးသမီးငယ် ပြန်အလာကို စောင့်နေလိုက်သည်။

မကြာပါချေ။ အမျိုးသမီးငယ် ချက်ချင်းဆိုသလို ပြန်ရောက်၏။

'ကဲ...ကိုယ်တော်ချော လာ၊ ယောက်ျား



ရင့်မာကြီးတစ်ယောက် ဖြစ်နေပြီ ရေမကူး တတ်ဘူးရယ်လို့'

အမျိုးသမီးက ပြောပြောဆိုဆိုနှင့် မောင်စိုးမြင့်လက်ကို ဆွဲကာ ချောင်းကောကြီးဆီ ရှေ့မှနေ ဆင်းသွား၏။ မောင်စိုးမြင့်လည်း မရဲတရဲနှင့် ပါသွားသည်။

'ဖြစ်ပါ့မလားဟာ'

မောင်စိုးမြင့်က ကြောက်ကြောက်လန့်လန့်နှင့် မေးလိုက်သည်။

'လာစမ်းပါ'

အမျိုးသမီးက ဖွတ် သူ့လက်ကို ဆွဲရင်း ရေထဲဆင်းလိုက်၏။ အံ့သြစရာကောင်းသည်မှာ အမျိုးသမီးလေးသည် သူပြောသကဲ့သို့ပင် ရေထဲ မြုပ်မသွား၊ ရေပေါ်တွင် မြေပြင်ပေါ်၌ သွားသကဲ့သို့ လမ်းလျှောက်သွားနိုင်ခြင်း ဖြစ်၏။

တစ်ဖက်ကမ်း ရောက်တော့မှ မောင်စိုးမြင့်လက်ကို လွှတ်လိုက်သည်။

'ထူးဆန်းလိုက်တာ နင်အရမ်းတော်တာပဲ၊ ကိုယ်ဖော့တတ်တယ်နော်'

မောင်စိုးမြင့် အမျိုးသမီးငယ်ကို ကြည့်ရင်း တအံ့တသြ ပြောလိုက်၏။

သို့သော် ချက်ချင်း အမျိုးသမီးငယ်က တစ်ဖက်ကမ်း ပြန်ကူးသွားသည်။

ကမ်းထိပ်၌ ကရင်သင်တိုင်းကြီး ဝတ်ထားသည့် ဆေးတံဖွာနေသော ကရင်အမျိုးသား အဘိုးအိုတစ်ယောက်က သူ့ကို ကြိုနေသည်။

မောင်စိုးမြင့်ကြည့်နေစဥ်ပင် ကရင်တိုင်းရင်းသားအဘိုးအိုနှင့် အမျိုးသမီးငယ်တို့ လက်ချင်းချိတ်ကာ စောစောက စစ်ပင်ကြီးအောက်မှ အိမ်လေးဆီ လျှောက်သွားကြ၏။ အိမ်ထဲဝင်ရောက် ပျောက်ကွယ်သွားမှ သူလည်း နေလုံးမပျောက်ခင် ရွာရောက်ရန် အပြေးတပိုင်း လျှောက်ခဲ့တော့သည်။

သူ လမ်းမှာ ကြုံခဲ့ရသည့် အဖြစ်ကို ရွာရောက်သည်နှင့် အဖေအမေ အပါအဝင် ရွာသူရွာသားများကို ပြောပြရာ အားလုံး တအံ့တသြ ဖြစ်ကြလေ၏။

အကြောင်းမှာမူ ထိုနေရာ၌ မကြာခင်ကမှ နော်မူယာတို့သားဖအား သောင်းကျန်းသူများ သတ်သွားကြသောကြောင့်ဖြစ်၏။

သို့သော် မောင်စိုးမြင့်ကတော့ မြို့အပြန် အမျိုးသမီးငယ်နှင့် စစ်ပင်ကြီးအောက်မှ အိမ်လေးကို မတွေ့ရတော့သဖြင့် အဖေအမေနှင့် ရွာသူရွာသားများပြောသော နော်မူယာတို့ သားဖနှစ်ယောက် မကျွတ်မလွတ်တဲ့ ပရလောကသားတွေ ဖြစ်နေကြောင်း သိလိုက်ရပါသည်။

သို့သော် သူ့ကို ကူညီခဲ့ကြသူများ အနေနှင့် အထူးကျေးဇူးတင်ရှိလျက် ကောင်းမှုကုသိုလ် လုပ်တိုင်းလုပ်တိုင်း ယနေ့တိုင်အောင်ပင် အမျှအတန်းပေးဝေလျက် ရှိပေသည်။

[ကြုံဖတ်လမ်းလေးအား ပြောပြသည့် ဆရာကြီးဦးစိုးမြင့်(ခ)သိဂ္ဂိ မင်းလွင်အား ကျေးဇူးတင်ရှိလျက်]

**နေဝန်းနီ**



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောက်မှ

# သိုက်နန်းရှင်များ နှင့်

ထူးခြားသော ဆရာလေး

စိုးလင်းအောင် (မြန်အောင်)

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ညီမြို့နယ်၊ ညောင်လေးပင်ရွာတွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း ရှိသည်။ (ပြောပြခဲ့သည့်မှာ နှစ်ကြာ ပြီဖြစ်၍ ဘယ်ကျောင်း ဆိုသည်ကို စာရေးသူ မေ့နေပါသည်။)

ဘုန်းတော်ကြီးသည် အိုမင်းမစွမ်း ရှိနေပါပြီ။ ကျောင်းဝန်းထဲတွင် အဆောက်အအုံများကလည်း ယခုလို ပေါ်များသေး။ ထို့ကြောင့် ဥပုသ်နေ့ ရောက်၍ ကျောင်းပေါ်တွင် သီလပေး၍ သီလပေးပြီး အမျိုးသမီးဥပုသ်သည် များ ကျောင်းအောက်ထပ်သို့ ဆင်းနေ ကြရသည်။

တိုစဉ်က ဥပုသ်ကျောင်းသို့ ဆွမ်း ချိုင့်ကိုယ်စီနှင့် သွားကြ၏။ ကျောင်း တွင် တစ်နေ့လုံးနေ၍ ညနေစောင်းမှ အိမ်ကို ပြန်ကြသည်။ ယခုအခါ ကျောင်းမှာ တစ်နေ့လုံးနေသူ မရှိ သလောက် ရှားသွားပါသည်။

ယောက်ျားဥပုသ်သည်များမှာ ဘုန်း တော်ကြီး ရှေ့တွင် ရှိသည်က တစ်ကြောင်း၊ ပုတီးစိပ် တရားနှလုံး သွင်းနေကြ၍ စကားနည်းကြပါသည်။

အမျိုးသမီး ဥပုသ်သည်များမှာ ဘုန်းကြီးကွယ်ရာတွင် နေထိုင်ကြပြီး အမျိုးသမီးများပီပီ ဥပုသ်ကျောင်း ရောက်သည်နှင့် စပ်မိစပ်ရာ ရပ်ရေး ရွာရေး၊ သာရေးနာရေး၊ သားရေး သမီးရေးအပြင် အိမ်ထောင်ရေး၊ လူမှုရေးများ စုံလင်အောင် စကားတွေ ဖောင်ဖွဲ့နေကြသည်။

ဘုန်းတော်ကြီးမှာ အပေါ်ထပ်တွင် တစ်ပါးတည်း သီတင်းသုံးပြီး ကျောင်း သားလေးများက အောက်ထပ်တွင် အိပ်ကြသည်။ ဥပုသ်နေ့တစ်ညတွင် ပုတီးစိပ်ပြီး၍ မျက်စိမှိတ်ကာ...

'ကျောင်းကြီးကလဲ အိုနေပြီ၊ ကျောင်း အသစ် ပြန်ဆောက်ရရင် ကောင်းလေ မလား'

ဟု စဉ်းစားနေမိ၏။

ထိုအချိန်တွင် ကျောင်းလှေကား အတက်ဝမှ အလင်းရောင်များ မြင် လိုက်ရပြီး အပေါ်ထပ်တစ်ပြင်လုံး ဝင်းထိန်သွားသည်။ အမျိုးသမီးနှစ်ဦး သည် လက်ဝတ်လက်စား ရွှေငွေ ရတနာမျိုးစုံကို လှင်ပန်းငယ်တစ်ခုလုံး ပြည့်မောက်အောင် ထည့်လာလျက် ဘုန်းတော်ကြီးကို ကပ်လှူပူဇော်သည်။

'ဘုန်းဘုန်းအတွက် တပည့်တော်တို့ ညီအစ်မ လှူဒါန်းပါတယ် ဘုရား'

ဘုန်းတော်ကြီးက သူတို့ညီအစ်မ နှစ်ဦးကို ကြည့်လိုက်၏။ ရှေးက နန်းဝတ်နန်းစား ပုံစံမျိုးတွေ၊ လက်ဝတ်လက်စား ပြည့်ပြည့်စုံစုံနှင့်





www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်ချောမောလှပသူများ ဖြစ်ကြကာ ညဥ့်နက်ပိုင်းမှ လာရောက်ကြသောကြောင့် သာမန်လူများမဟုတ် သိုက်နန်းရှင်များသာ ဖြစ်မည်ဟု အတပ်သိလိုက်၏။ ထို့ကြောင့်...

'ဘုန်းဘုန်းအတွက်တော့ မလိုပါဘူး။ ကျောင်းဆောက်ဖို့အတွက်ဆို အလှူခံပါတယ်'

ဟု ပြောလိုက်၏။

'ကျောင်းဆောက်ဖို့ မဟုတ်ပါဘူး ဘုရား၊ ဘုန်းဘုန်းအတွက် လှူတာပါ ဘုရား'

'ဘုန်းဘုန်းအတွက်က ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ ပြည့်စုံပါတယ်။ ကျောင်းဆောက်ဖို့သာ လှူပါ ဒကာမတို့'

'ကျောင်းဆောက်ဖို့တော့ မလှူပါဘူး ဘုရား။ ဘုန်းဘုန်းအတွက်သာလှူတာပါ။ ဘုန်းဘုန်းအတွက် မလှူရရင် သည်းခံပါ ဘုရား။ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါ'

သူတို့ ကျောင်းလှေကားအဆင်းအရောက်တွင် အပေါ်ထပ်တစ်ပြင်လုံး မှောင်အတိကျသွားသည်။ ဘုန်းတော်ကြီးမှာ လက်နှိပ်ဓာတ်မီးယူ၍ ကျောင်းအောက်ထပ်သို့ ဆင်းကြည့်လိုက်၏။ ကျောင်းတံခါးများအားလုံး ပိတ်လျက် ကျောင်းသားများလည်း အားလုံး အိပ်မောကျလျက်ကလွဲ၍ ဘာမှ မတွေ့ရ။

ဤလိုနှင့် သုံးညတိတိ ဘုန်းတော်ကြီးထံ ရတနာများ လာရောက်လှူဒါန်း၏။ ဘုန်းတော်ကြီးကလည်း ကျောင်းဆောက်ဖို့သာ အလှူခံ၍ မလှူဘဲ ပြန်သွားပြန်သည်။

လေးရက်မြောက်သော ညတွင် ညီအစ်မနှစ်ယောက်အပြင် မောင်ဟု ယူဆရသူတစ်ဦး ပါလာပြန်၏။ ဘုန်းတော်ကြီးအား ရတနာလင်ပန်းကို ကပ်လှူပူဇော်ပြန်သည်။



ဘုန်းတော်ကြီးမှ **"ဘုန်းဘုန်းအတွက် အလှူမခံပါ။ ကျောင်းဆောက်ဖို့သာ အလှူခံမည်"**ဟု ပြောသောအခါ ညီအစ်မနှစ်ယောက်က ဘုန်းတော်ကြီး သင်္ကန်းများကို ဆွဲချုတ်ကြ၏။ လူဝတ်လဲပြီး သူတို့ကို ယူ(လက်ထပ်)ဖို့အကြောင်း ပြောပါတော့သည်။ ဘုန်းတော်ကြီးမှ...

'ဖယ်စမ်း သာသနာဖျက်မတွေ နင်တို့အပါယ်ငရဲဘုံမှာ ထာဝရနေချင်လို့လား သွားစမ်း နောက်ဆုတ်ကြ ငါ့ကို မထိနဲ့ နင်တို့ရတနာတွေလဲ ငါမလိုချင်ဘူး သွားကြ သွား...ငါ့ကျောင်းပေါ်က ဆင်းကြ'

ဟု ပြောလွှတ်လိုက်မှ ညီအစ်မနှစ်ယောက်နှင့် မောင်ဖြစ်သူတို့ ကျောင်းပေါ်က ဆင်းသွားပါသည်။

နောက်ရက်များတွင် ဘုန်းတော်ကြီးမှာ စဉ်းစားပါသည်။ တစ်ပါးတည်း သီတင်းသုံးရမှာကြောက်၍ မသင့်တော်ဘူးဟု ယူဆကာ ရွာသားများကို အသိပေးလိုက်၏။

ရွာသားများက ညစဉ် အလှည့်ကျ နှစ်ယောက်စီ ဘုန်းတော်ကြီးကျောင်း အပေါ်ထပ်တွင် စောင့်၍အိပ်ကြရသည်။

ရွာသားများ လာရောက်စောင့်ခါစ ညတွင်သာ သိုက်နန်းရှင်များ မလာသော်လည်း နှစ်ရက်ခြား၊ သုံးရက်ခြား လောက် ရောက်,ရောက်လာတတ်သည်။ တစ်ခါတစ်ရံ မောင်ဖြစ်သူ[illegible] ဓားသိုင်းကစ၍လည်းကောင်း ပါ[illegible] တတ်၏။

ထို့ကြောင့် ရွာသားများလည်း ကြောက်လာကြပြီး ထိုအကြောင်း အရာများကို ဘယ်သို့ ဖြေရှင်းရမည[illegible] ဟု စည်းဝေးတိုင်ပင်ရတော့သည်။

ထိုဖြစ်ရပ်နှင့် မရှေးမနှောင်းကာ[illegible] ......ဂိုဏ်းမှ ဆရာလေးတင်[illegible] ညောင်လေးပင်ရွာသို့ ရောက်လာ[illegible] **(ဆရာလေးဆို၍ သီလရှင်မဟုတ်[illegible] အသက်ငယ်ငယ်လေးမို့ခေါ်ခြင်း[illegible] ၏။)**

ကိုတင်လှိုင်၊ ကိုမြလှိုင်တို့ ညီအစ်[illegible] နှင့် ရင်းနှီးသောကြောင့် သူတို့အိမ်[illegible] တည်းခိုသည်။

ရပ်ထဲရွာထဲမှ ပယောဂ ရော[illegible] သည်များကို ကုသပေး၏။ လူငယ်မ[illegible] ကို ......ဂိုဏ်းပညာနှင့် မြန်မာ့သိ[illegible] ပညာများကို သင်ပေးသည်။

ကိုယ်ကျင့်တရား ကောင်းအော[illegible] နေကြဖို့ လူငယ်တွေကို အမြဲဆုံးမ[illegible] ၏။ ကိုယ်ကျင့်တရား ကောင်းမွ[illegible] လိုရာဆန္ဒ ပြည့်စုံနိုင်ကြောင်း ဆရာ[illegible] လေးက အမြဲပြောဆို ဆုံးမပါသည်။

ရပ်ထဲရွာထဲမှ ဩဇာအာဏာရှိ[illegible] များက ဆရာလေး နေပုံထိုင်ပုံ[illegible] သူ့ပညာကို သဘောကျ၍ ဘုန်းတော်[illegible] ကြီး၏ အခက်အခဲကို တင်ပြဆွေး[illegible] ပြီး အကူအညီ တောင်းကြသည်။

ဆရာလေးကလည်း ဘာ[illegible] သာသနာ့အရေး ဖြစ်သောကြော[illegible] ကူညီမည့်အကြောင်း ပြောလိုက်သ[illegible]

ချိန်းဆိုသောညတွင် အောက်[illegible] မီးခွဲနှစ်လုံးဖြင့် တစ်ကျော[illegible] လင်းထိန်နေသည်။ တစ်ရွာလုံး[illegible] စိတ်ပါဝင်စားသူများက ဆရာလေ[illegible]





www.burmeseclassic.com

www.burmeseclassic.com



ိုက်နန်းရှင်တို့ ဘယ်လို တွေ့ဆုံ ရှင်းမလဲဟူသော အတွေးများဖြင့် ရောက်ရှိလာကြ၏။

ဆရာလေးက ကိုတင်လှိုင်၊ မြလှိုင်တို့ ညီအစ်ကိုအပြင် ငယ် (၄,၅)ယောက်ကို ခေါ်ခေါ်ထား၏။

ကြာယ်၍ တစ်ဖက်မှ ကြမ်းတမ်းလာ ၍ ပိုင်းဝန်းချုပ်ကိုင်စေဖို့ဖြစ်သည်။

ရွာထဲမှ ခေါင်းစွဲရှိသော အမျိုးသမီး များကို ပရိသတ်ရှေ့သို့ ဖိတ်ခေါ်လိုက် ၏ **(ခေါင်းစွဲဆိုသည်မှာ ဥပမာ ခင်ကြီး။ မင်းလေး ခေါင်းစွဲရှိလျှင် ပုဂ္ဂိုလ်အား အလိုရှိပါက ဝင်၍ ပူးနိုင်းခြင်းဖြစ်၏။**

**ခေါင်းစွဲရှိသည်၊ လိပ်ပြာယဉ် ည်ဟု ဆိုပါသည်။ ဝင်ပူးနိုင်းလျှင် ဘယ်ပုဂ္ဂိုလ်မဆို အလွယ်တကူ ဝင်ပူး၍ ပြောသည်ဟု သိရသည်။)**

'ဤကျောင်းတွင် သာသနာပြုနေသော ဘုန်းတော်ကြီးအား ညတိုင်း လာရောက် နှောင့်ယှက်နေသော ပုဂ္ဂိုလ်များ ကြွရောက် ကြပါ။ သင်တို့ကို ကျုပ် မေတ္တာနဲ့ ဖိတ်ခေါ် ပါတယ်။ သင်တို့ လိုအပ်ချက်တွေလဲ ပြောပါ'

ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် တက်များ ၊ တဆတ်ဆတ်တုန်၍ ိုက်နန်းရှင်များ ဝင်ပူးပါသည်။

အမျိုးသမီးတစ်ဦးမှာ ယောကျ်ား ံနဲ့ ဓားသိုင်း ကနေ၏။ ကျန်နှစ်ဦးက အမျိုးသမီးပုံစံမျိုး ဖြစ်သော်လည်း ရှုးရှဲရှဲ''အသံတွေ ထွက်နေပြီး ဒေါသထွက်နေကြပါသည်။

'ပြောပါ ဘယ်သူတွေလဲ၊ ဘာတွေ လိုအပ်သလဲ ပြောပါ'

ဟု ဆရာလေးက ပြောလိုက်၏။ ထိုအခါ တစ်ဦးမှ...

'အေး... တို့မောင်နှမသုံးယောက်ဟာ ဒီကျောင်းအောက်တည့်တည့်က သိုက်ကို စောင့်နေရတဲ့ သိုက်နန်းရှင် မောင်နှမသုံးဦး ဖြစ်တယ်။

တို့စောင့်တဲ့ သိုက်က နောင်ပွင့်မယ် အရိမေတ္တေယျဘုရားပွင့်ရင် လှူဖို့ ပစ္စည်း တွေကို စောင့်နေရတဲ့ ဘုရားသိုက်ဖြစ်တယ်။ ဘယ်သူမှ တူးလို့ နှောင့်ယှက်လို့ မရဘူး'

'ဘုရားသိုက်ကို စောင့်နေရတာ သာသနာပြုပုဂ္ဂိုလ်ကို ဘာပြုလို့ အနှောင့်အယှက် လုပ်ရတာလဲ၊ ပြောစမ်းပါဦး'

'ဟဲ့...နင်တို့ရွာက မိန်းမတွေက...'

'ကျုပ်ကို ရှိုင်းရှိုင်းစိုင်းစိုင်း နင်ငါ မပြောပါနဲ့၊ ရှိရှိသေသေ ပြောပါ'

'ဟုတ်...ဟုတ်ကဲ့ပါ ဆရာလေးရဲ့ယ်၊ ဒေါသထွက်သွားလို့ပါ။ ဒီရွာက မိန်းမတွေ က ဥပုသ်စောင့်ပြီးရင် ပုတီးစိပ်လို့ တရား နှလုံးသွင်းလို့ မရှိဘူး။ ရပ်ကြောင်းရွာကြောင်း လင်ကြောင်းသားကြောင်းတွေ ပြောတော့ ကျွန်မတို့ မောင်နှမတွေ နားရှုက်တယ်။

အဲဒါကြောင့် ဒီကျောင်း ဒီနေရာက ပြောင်း သွားအောင် လုပ်တာ။ ဘုန်းဘုန်းက သီလ၊ သမာဓိ၊ ပညာတွေ ရှိနေတော့ နှောင့်ယှက် လို့ မရဘူး'

'နင်တို့ သာသနာပြုပုဂ္ဂိုလ်ကို မနှောင့်ယှက် မဖျက်ဆီးနဲ့လေ၊ အပါယ်လေးဘုံမှာ အမြဲ သံသရာလည် နေချင်လို့လား၊ နင်တို့ မနေနိုင်ရင် သင့်တော်မယ့်နေရာကို နင်တို့သိုက် ပြောင်းသွားပါလား'

'ဒီကျောင်းထဲမှာ နေရာလပ် မရှိ လောက်အောင် သိုက်တွေက အပြည့် ရှိတာ ဆရာလေးရဲ့၊ နေရာပြောင်းရ တာ မလွယ်ဘူး။ အခက်အခဲ ရှိတတ်တယ်။ ဒီကျောင်းခြံရဲ့ အနောက်မြောက်ထောင့် လေးမှာ ကျောင်းတစ် ဆောင်စာလောက် ကွက်လပ်ကလေး တစ်ခု ရှိတယ်။

အဲဒီနေရာမှာ ဇရပ်တစ်စောင် ဆောက်ပြီး အမျိုးသမီးတွေ သီလယူ ပြီး ဇရပ်ပေါ်မှာ သွားနေခိုင်းပါ။ ဇရပ် ဆောက်ဖို့လဲ ကျွန်မတို့ လှူပါ့မယ်'

'အဲဒီလို ဇရပ်ဆောက်ပြီး သွားနေ ရင်ကော နင်တို့ ဆက်နှောင့်ယှက်ဦး မှာလား'

'မနှောင့်ယှက်ပါဘူး ဆရာလေး ရယ်'

'နှောင့်ယှက်ရင် ဘယ်လို လုပ်ရ မလဲ'

'ဆရာလေး ကြိုက်သလို ဆုံးမပါ'

ဤလိုနှင့် ဘုန်းတော်ကြီးအား နှောင့်ယှက်နေသော သိုက်နန်းရှင်ကိစ္စ ပြီးစီးသွား၍ ဘုန်းတော်ကြီးမှာ အေးဆေးတည်ငြိမ်စွာ ဆက်လက် သီတင်းသုံးနေပါတော့သည်။

သို့သော် ဇာတ်လမ်းက ဤတွင် မပြီးဆုံးသေးပါ။ ထိုကိစ္စများ ပြီးစီး သွားသော်လည်း ဆရာလေးကိစ္စက ပေါ်လာပြန်သည်။

ဆရာလေးက လူပျိုလူလွတ် လူရည်သန့်တစ်ဦးဖြစ်သည်။ ကျောင်း ကိစ္စကို ဖြေရှင်းပြီးနောက် ဆရာလေး သတင်းက ပို၍ အမျိုးသမီးလောက တွင် မွှေးပျံ့လာသည်။

ဆရာလေး၊ ဆရာလေးနှင့် ပျိုမှီ အိုအို နှုတ်ဖျားမှာ ရေပန်းစားလာ သောအခါ လူငယ် ကာလသားတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရှင် အမျိုးသားတို့ အမြင်စောင်းလာသည်။ မျက်နှာပွင့်ဆေးရှိသလိုလို။

'ဆရာလုပ်ပြီး သူများသားမယားကို ကြံစည်နေတာ အဲဒါ ဆရာလား'

စသည်ဖြင့် အမျိုးမျိုး ပြစ်တင်ဝေဖန်နေတော့သည်။

ကိုတင်လှိုင်,ကိုမြလှိုင်တို့ ညီအစ်ကို မိဘများ၊ သူကြီးနှင့် လူကြီး(၃,၄)ယောက်လောက်ကသာ ဆရာလေးကို အကောင်းမြင်(အမှန်မြင်)ပါသည်။

ဆရာလေးက အမျိုးသမီးများနှင့် ဆက်ဆံရာတွင် ညီမတန် ညီမ၊ အစ်မတန် အစ်မ၊ ဒေါ်လေးတန် ဒေါ်လေး စသည်ဖြင့် ယဉ်ယဉ်ကျေးကျေး ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိ၍ ကိုယ်ကျင့်တရား ကောင်းမွန်ပါသည်။

အပျိုများ၊ လင်ရှိမယားများ ဆရာလေးခြင်ထောင်ကို အချိန်မဲ့ အခါမဲ့ လာရောက် နှိုး၍ ခေါ်သည်ကိုပင် ဆရာလေးက ကိုယ်ကျင့်တရား မပျက်ခဲ့ပါ။

ဒါက အတူနေသူ ကိုတင်လှိုင်တို့ မိသားစု လက်တွေ့ဖြစ်သည်။ ဤအဖြစ်မျိုးကလည်း တစ်ကြိမ်မက (၃,၄)ကြိမ်ဖြစ်သည်။ ကြာသော် အလိုမပြည့်သူများက အကောက်ကြံပါတော့၏။

တစ်နေ့ နေ့ခင်းတွင် မကျေနပ်သူ (၅၀)ခန့် စုပေါင်း၍ ကိုင်းခုတ်ဓား ကိုယ်စီဖြင့် ဆရာလေးဆီ လာပါတော့သည်။ ဆရာလေးမှာ အများနှင့် တစ်ယောက် ဖြစ်ပါသော်လည်း ခုခံရန် ပြင်ဆင်နေသောကြောင့် ကိုတင်လှိုင်တို့ မိဘများက...

'သားရယ် အများနဲ့တစ်ယောက် မှားမှား မှန်မှန် မခုခံပါနဲ့ကွာ၊ ဦးလေးတို့ အဒေါ်တို့ စကားကို နားထောင်ပါကွာ၊ မင်းဘက်က



မှန်တယ်ဆိုတာ နတ်သိကြား သိပါတယ်။ ဦးလေးတို့ ဒေါ်လေးတို့ စိတ်ချမ်းသာအောင် ရှောင်နေပါကွယ်'

ဟု ဆို၍ "ဟင်း"ခနဲ သက်ပြင်းချကာ ရွာနှင့် မနီးမဝေး သက်ငယ်ကျင်းတောထဲသို့ တိုးဝင်သွားပါတော့သည်။

(၂)ကေခန့်ကျယ်သော သက်ငယ်ကျင်းတောကို လူများစွာ တောနင်းရှာသော်လည်း ဘယ်လိုမှ ရှာမရကြပါ။

နောက်ဆုံးတွင် ဒေါသထွက်နေသော လူအုပ်က သက်ငယ်ကျင်းတောကို မီးရှို့ဖို့ ဆုံးဖြတ်ကာ ဝိုင်း၍မီးရှို့ကြပါသည်။

နွေရာသီကလည်းဖြစ်ပြန် နေကလည်းပူချိန် သက်ငယ်များကလည်း ခြောက်သွေ့နေသောကြောင့် မီးတောက်အားကောင်းလျက် တဟုန်းဟုန်း တောက်လောက်နေပါသည်။

ကိုတင်လှိုင် မိသားစုနှင့် ရပ်ရွာလူကြီးအချို့က ဆရာလေး ဘယ်လို ပြေးထွက်လာမလဲဟု ရင်တမမဖြင့် စောင့်ကြည့်နေကြ၏။

မကြာမီမှာပင် သက်ငယ်ကျင်းတောကြီး ပြာကျကာ မီးငြိမ်းသွားပါတော့သည်။ သို့သော် အိမ်တစ်နေရာစာ(၁၅-ဓောင် ပတ်လည်ခန့်) မီးမလောင်ဘဲ ကျန်ရစ်ခဲ့သော နေရာသို့ သွားရောက်ကြည့်သောအခါ သက်သောင့်သက်သာ အနေအထားဖြင့် မြေကြီးပေါ်တွင် ပက်လက်လှန်လဲနေသော ဆရာလေးကို တွေ့လိုက်ကြရသည်။

"လာကြဟေ့ ဒီမှာရှိတယ်။ မပြေးစေနဲ့ ဝိုင်းထားကြ" ဟု အော်ဟစ်ရင်း ဓားကိုင်ထားသောလူများ စုရုံးရောက်ရှိလာသည်။

ထိုအခါတွင် ရပ်ပေါ်ရွာပေါ် ဩဇာရှိသော သူကြီးမှက ဆရာလေးအပေါ် ဝမ်းလျားမှောက် ဖက်ထားပြီး...

'မလုပ်ကြပါနဲ့ကွာ၊ ဆရာလေး လူကောင်းလေးပါ။ ကိုယ်ကျင့်တရား ကောင်းပါတယ်။ ငါကိုယ်တိုင် လက်မှတ် ပါကွာ။ မင်းတို့ တနဲ့ခုတ်ချင်ရင် ငါ့ကိုသာ ခုတ်ကြ ဆရာလေးကို မခုတ်ကြနဲ့။ မင်းတို့ သူတော်ကောင်းကို ပြစ်မှားရင် အပါယ်ငရဲရဲ နေရာဟာ မင်းတို့နေရာ ဖြစ်သွားလိမ့်မယ်။ မင်းတို့ ခုတ်ချင်ရင် ငါ့ကိုသာ ခုတ်ကြ'

ဟု ပြောလိုက်၍ ဓားကိုင်ဝိုင်းနေသူများ နောက်ကို ရှဲသွားကြပါတော့သည်။ ထိုနေ့မှစ၍ ဆရာလေးသည် ညောင်လေးပင်ရွာကို ကျောခိုင်း၍ ထွက်ခွာသွားပါတော့သည်။

**စာကြွင်း ။ ။ တစ်ချိန်က ညောင်လေးပင်ရွာသည် ညီညွတ်စည်းလုံး သလို လူမိုက်များလည်း ပေါ သည်။ သို့သော် လူကြီးစကား နားထောင်ကြပါသည်။**

**ညောင်လေးပင်ရွာမှ ကုန်းတလုံး သို့ လာရောက် အိမ်ထောင်ကျ ဦးတင်လှိုင်၏ ပြောပြချက်အား ချင့်** သင့်သည်ကို ချန်လှပ်၍ ဆီလျော် အောင် ရေးသားလိုက်ခြင်း ဖြစ်ကြောင်း...။

**သမ္မာဆန္ဒ ဖြည့်ကြပါစေ**

**စိုးလင်းအောင်(မြ[illegible]အောင်)**

www.burmeseclassic.com

www.burmeseclassic.com



မြဝိုး (မတ္တရာ)

ကလေးတရွေစီးသော

# မရောကပုခက်

(၁)

မွေးကတည်းက နှလုံးရောဂါပါလာခဲ့သော သားလေးသည် ဆေးရုံ မကြာခဏတက်ရကာ ယခုအကြိမ်တွင် ဆေးရုံမှ လက်လျှော့လိုက်၍ အိမ်သို့ပြန်လည် ခေါ်ဆောင်ခဲ့ရခြင်း ဖြစ်၏။

ခေါ်ဆောင်ခဲ့၍ (၂)ရက်အကြာတွင် သားလေး မောင်ပြည့်ဖြိုးတစ်ယောက် လူ့လောကကြီးမှ ထွက်ခွာသွားခဲ့ရရှာလေသည်။

'ဖြစ်မှ ဖြစ်ရလေ သားလေးရယ်'

ဖခင်ဖြစ်သူ ကိုထွန်းသန်း၏ ရင်နင့်စွာ ပြောလိုက်သောစကား...

'သားလေးရယ် အမေတို့ကို ခွဲသွားပြီလား'

မိခင်ဖြစ်သူ မနုနုစိန်၏ ရင်နင့်စွာ ပြောဆိုလိုက်သော စကား။ ယင်းစကားများကို သားငယ်လေး မောင်ပြည့်ဖြိုးကတော့ ကြားနိုင်တော့မည် မဟုတ်တော့ပါပေ။

ပုခက်တွင်းမှ အသက်ဝိညာဉ် ကင်းမဲ့နေသော မောင်ပြည့်ဖြိုး၏ ရုပ်ခန္ဓာအားကြည့်ကာ မိဘနှစ်ပါးနှင့် အစ်မနှစ်ယောက်တို့မှာ သဲကြွေလုမျှ ကြေကွဲဝမ်းနည်းနေကြရလေ၏။

(၂)နှစ်ကျော်ကျော် သားလေးက မသေဆုံးမီ ဆေးရုံမှ ပြန်ဆင်းခဲ့ရာတွင် အိမ်သို့ ရောက်ရောက်ချင်းပင် သူနှစ်သက်သော စတီးပုခက်ထဲမှာသာ နေလိုကြောင်း ပြော၍ မိဘများမှ သူ့အလိုကျ ထားပေးခဲ့ရ၏။

သားငယ်လေးက စတီးပုခက်ကလေးကို သဘောကျမည်ဆိုကလည်း သဘောကျလောက်လေ၏။ ပုခက်ကလေးက အလျား(၃)ပေ၊ အနံ(၁)ပေခွဲရှိပြီး အမြင့်မှာ (၈)လက်မခန့်ရှိပေ၏။

ပုခက်၏ ခေါင်းရင်းဘက်တွင် ကြယ်ပုံလေးများပါ၍ ခြေရင်းဘက်တွင် အသည်းပုံ အပေါက်တစ်ပေါက်ပါရှိလေ၏။ အသည်းပုံ အပေါက်မှာ အနည်းငယ်ကြီးသည်ဟု ထင်ရ၏။

ဤ စတီးပုခက်ကလေးကို သားလေးမွေးပြီး ရက်ပိုင်းအတွင်းမှာပင် ကိုထွန်းသန်း၏ အစ်ကိုဖြစ်သူက သားယောကျ်ားလေးမွေးသည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့မှ ဝယ်၍ လက်ဆောင်ပေးခြင်းဖြစ်လေ၏။

သားငယ်ကလေးကလည်း သူ၏

www.burmeseclassic.com

ပုခက်ကလေးကို သံယောဇဉ် ရှိလွန်းလှ၏။ သိတတ်သောအရွယ်မှစ၍ သူ့အစ်မများတောင်မှ သူ့ပုခက်ပေါ်သို့ တက်၍ မထိုင်ရပေ။

သူ့ပုခက်ပေါ်သို့ တစ်ယောက်ယောက်များ တက်ထိုင်နေသည်ကို တွေ့ပါက အတင်းပင် ဆင်းခိုင်းတော့၏။

ယခုတော့ သူနှစ်သက်သော ပုခက်ကလေးအတွင်းမှာပင် တစ်ဘဝ ချုပ်ငြိမ်းခဲ့ရရှာပြီ ဖြစ်လေသည်။

မောင်ပြည့်ဖြိုး၏ အ,သုဘအား မိဘများက ရင်နာနာဖြင့် မြေချပေးခဲ့ရ၏။ သားလေးအလွမ်းပြေအဖြစ် ပုခက်ကလေးကို နေရာမပျက်ပင် သူ့အခန်းထဲ၌ ဆင်ထားခဲ့လေ၏။

မိဘများက လွမ်းလျှင် သားလေး၏ အခန်းကို ဖွင့်ပြီး အလွမ်းပြေ ကြည့်ကြ၏။ အခန်းသန့်ရှင်းရေး ပြုလုပ်သောနေ့များတွင်သာ သားလေး၏ အခန်းကို လေဝင်၊ လေထွက်ကောင်းစေရန် ဖွင့်ထားပြီး ညပိုင်းတွင် ပြန်ပိတ်ထားကြ၏။

မောင်ပြည့်ဖြိုး ဆုံးပါးသွားပြီး တစ်လခန့်အကြာတွင် တစ်နေ့နံနက်ခင်း၌ (၁၁)နှစ်အရွယ် သမီးကြီးဖြစ်သူမှ...

'အမေနဲ့အဖေ... ညတုန်းက သမီးလေ မောင်လေးအခန်းထဲက ပုခက်လွှဲနေတဲ့အသံ ကြားနေရတယ်'

'ဟုတ်ရဲ့လား သမီးရယ်... အမေတို့ဖြင့် မကြားမိပါလား'

'အဖေလဲ မကြားမိပါဘူး သမီးရယ် သမီးစိတ်ထင်လို့ ဖြစ်ပါမယ်'

'သမီး တရေးနိုးမှာ ကြားရတာပါ အဖေတို့လဲ နောက်ဆို သတိနဲ့နားထောင်ကြည့်ကြပါဦး'

သမီးကြီး၏ ပြောစကားကြောင့် ကိုထွန်းသန်းမှာ သတိဖြင့် နားထောင်ခဲ့ရာ လကွယ်ည တစ်ည၏ ညသန်းခေါင်ယံအချိန်တွင် သူတို့အခန်းနှင့် ကပ်လျက် သားလေး၏ အခန်းတွင်းမှ ပုခက်လွှဲသံ ကြားရလေ၏။

ကိုထွန်းသန်းမှာ အိပ်ပျော်နေသော ဇနီးသည်အား မနိုးတော့ဘဲ အိပ်ရာမှ အမြန်ထ၍ အခန်းချက်ကို ဖွင့်ကာ အပြင်သို့ ထွက်လိုက်၏။

ထို့နောက် သားလေး၏ အခန်းကို အမြန် တွန်းဖွင့်လိုက်ပြီး အဝင်ပေါက်၏ အတွင်းဘေးတွင်ရှိသော မီးခလုတ်ကို နှိပ်၍ ဖွင့်လိုက်၏။

'ဟင်'

ကိုထွန်းသန်း၏ အာမေဍိတ်သံက တုန်ယင်စွာဖြင့် ထွက်ပေါ်လာခဲ့ရလေသည်။

ဟုတ်ပါသည်။ ကိုထွန်းသန်း အံ့ဩမည်ဆိုကလည်း အံ့ဩလောက်ပါပေ၏။ မည်သူမှမရှိသော အခန်းတွင်းမှာ ချိတ်ဆင်ထားသော ပုခက်ကလေးသည် ဖြည်းလေး ညင်သာစွာဖြင့် လွှဲယမ်းနေသည်ကို ကိုထွန်းသန်း တွေ့ရလေ၏။

ကိုထွန်းသန်းမှာ ပုခက်ကို ကြေကွဲစွာကြည့်ရင်း မျက်ရည်များလည်း ကျဆင်းလာခဲ့ရ၏။

'သားလေးရယ်... ဒါလောက်တောင်မှ ပုခက်ကလေးကို စွဲလမ်းရသလားကွာ'

ကိုထွန်းသန်းက ကြေကွဲမှုအား မျိုသိပ်ကာ မီးခလုတ်ကို ပိတ်လိုက်ပြီး သားလေး၏ အခန်းကို ပြန်ပိတ်ထားခဲ့လေ၏။

ထို့နောက် အိပ်ခန်းတွင်းသို့ ပြန်ဝင်လာပြီး အိပ်ရာထက် လှဲလိုက်ကာ မဆုံးသောအတွေးများဖြင့် ချာချာလည်လျက် မိုးစင်စင်လင်းခဲ့ရတော့၏။

နောက်နေ့ နံနက်ပိုင်းတွင် လက်ဖက်ရည်သောက်ရင်းဖြင့် ဇနီးသည် မနုနုစိန်အား...

'မိန်းမရေ...သားလေးရဲ့ပုခက်ကလေးကို စွန့်ပစ်လိုက်ရအောင်လားကွာ။ ဒီပုခက်ကလေးကို တွေ့မြင်နေရတိုင်း သားလေးကို သတိရပြီး ရင်နာနေရလို့ မင်းသဘောကရော ဘယ်လိုလဲ'

'ရှင့်သဘောပါပဲရှင်... ပုခက်ကလေးကို မြင်ရတိုင်း ကျွန်မလဲ ခံစားရတာပါပဲ'

'အေးလေ...ဒါဆိုလဲ ဒီညပဲ အမှိုက်ပုံမှာ သွားပြီး စွန့်ပစ်လိုက်တော့မယ်'

(၂)

မန္တလေးမြို့၏ မြောက်ဘက်တွင်ရှိသော မြို့လေးတစ်မြို့တွင် ဖြစ်၏။ ထိုမြို့ကလေးတွင် ဖော်သန်းတို့မိသားစု နေထိုင်ကြ၏။ ဖော်သန်း၏မိသားစုက စီးပွားရေးသိပ်ပြီး အဆင်မပြေသော်လည်း မိသားစု လူဦးရေ များပြား၏။

စွန့်ပစ်ပစ္စည်းကောက်၍ အဝယ်ဒိုင်သို့ ပြန်သွင်းကာ ဝမ်းကျောင်းရသော ဖော်သန်းမိသားစုတွင် ဖော်သန်းနှင့် သူ့မိန်းမ စန်းစန်းမှ ကလေးက (၇) ယောက်မျှ ထွန်းကား၏။

ဖခင်ဖြစ်သူ ဖော်သန်းက အလှူမင်္ဂလာ၊ ဘုရားပွဲများရှိက မဏ္ဍပ်အငှားလိုက်သော လက်ခစားအလုပ်၊ လက်သမားနောက်လိုက်အလုပ် စသည်ဖြင့် ကျပန်းအလုပ်လုပ်၍ မိန်းမဖြစ်သူ စန်းစန်းနှင့် ကလေး(၄)ယောက်က ကော်ကောက်ခြင်း၊ သံကောက်ခြင်း၊ စက္ကူဂျုပ်ပြားကောက်ခြင်း၊ ပုလင်းခွံကောက်ခြင်းတို့ လုပ်ကာ ဝင်ငွေရှာကြရ၏။

အိမ်တွင် (၆)နှစ်သမီးလေးက သူ့အောက်မှ (၄)နှစ်နှင့် (၂)နှစ်ကလေးတို့ကို ထိန်းသိမ်းရ၏။

သမ္မာအာဇီဝဖြင့် လုပ်ကိုင် စား

www.burmeseclassic.com

www.burmeseclassic.com

သောက်ကြသဖြင့် စားဝတ်နေရေး အတွက် ဖော်သန်းတို့မိသားစုမှာ အထူးတော့ မပူပင်ကြရပေ။

တစ်နေ့ နံနက်စောစောတွင် မိသားစုများအားလုံး ထမင်းကြော်စားပြီးနောက် အသီးသီးလုပ်ငန်းခွင် ဝင်ရန် တာဝန်ခွဲကြတော့၏။

သားအကြီးနှင့် ညီ(၂)ယောက်က တစ်ဖွဲ့အဖြစ် အမှိုက်ကောက်ထွက်သွားကြပြီး စန်းစန်းနှင့် သမီးကြီးတို့က တစ်ဖွဲ့အဖြစ် အမှိုက်ကောက်ထွက်ကြလေ၏။

အလုပ်နားနေသော ဖော်သန်းနှင့် အငယ်ဆုံးကလေး(၃)ယောက်က အိမ်စောင့် ဖြစ်လေ၏။

စန်းစန်းနှင့် သမီးကြီးဖြစ်သူတို့ နှစ်ယောက်မှာ ကော်၊ ဂျပ်၊ သံ စသည်ဖြင့် လိုက်ကောက်ရင်းဖြင့် မြို့စွန်အနီးအနားသို့ပင် ရောက်ခဲ့ကြ၏။

မြို့စွန်အနီး အမှိုက်ပုံသို့အရောက်တွင် သမီးကြီးဖြစ်သူမှ...


'ဟယ်...အမေရေ...ဒီမှာ ပုခက်ကလေး လှလိုက်တာ လာကြည့်ပါဦး'

သမီး၏အသံကြောင့် စန်းစန်းက အမှိုက်ပုံအနီးသို့ ကပ်၍ ကြည့်လိုက်၏။

'အေး... ဟုတ်သားပဲ သမီးရေ၊ ဒီပုခက်ကလေးက လာစွန့်ပစ်သွားတာ ဖြစ်ရမယ်ဟေ့'

'ဟုတ်တယ်အမေရေ...သမီးတို့ ယူသွားရအောင် အိမ်မှာ အငယ်ဆုံး မောင်လေးကို ပုခက်နဲ့ သိပ်ရတာပေါ့'

ဤသို့ဖြင့် ကော်၊ သံ၊ စက္ကူ၊ဂျပ်ပြား၊ ပုလင်းခွံများ နံနက်ပိုင်းကောက်အပြီးတွင် သားအမိနှစ်ယောက်ပစ္စည်း အငယ်ဒိုင်၌ ပစ္စည်းများ ရောင်းပြီး ပုခက်ကလေးကို ယူကာ ဆိုက်ကားငှားစီးပြီး အိမ်သို့ ပြန်လာခဲ့ကြလေ



သည်။

အိမ်သို့အရောက်တွင် ဖော်သန်းအား ပုခက်ကလေးရရှိပုံ အကျိုးအကြောင်းပြောပြပြီး အငယ်ဆုံး သားလေးအတွက် သူတို့ တဲအိမ်အတွင်း၌ ပုခက်ဆင်၍ သားလေးကို ပုခက်တင်ကြလေ၏။

ပုခက်ကလေးအား ဘယ်သူက ဘာကြောင့် စွန့်ပစ်သည်ကို မစဉ်းစား မဆင်ခြင်ခဲ့ကြပါ။

ပုခက်တွင်းသို့ ကလေးကို ထည့်စတွင် ကလေးက လန့်ငိုသဖြင့် သူတို့ မိသားစုမှာ ရယ်အားသန်ခဲ့ကြရ၏။

ကလေးက တစ်ခုခုကို လန့်၍ ငိုခြင်းအား ကလေးသည် ပုခက်မစီးဘူး၍ ပုခက်လန့်ကာ ငိုခြင်းဟုသာ ယူဆခဲ့ကြသည်။

ပုခက်လှလှလေးတွင် ကလေးကို ထည့်ကာ တစ်မိသားစုလုံးမှ သူတစ်လှည့်၊ ငါတစ်လှည့်ဖြင့် ပုခက်လွှဲပေးကြသဖြင့် ကလေးမှာလည်း ပုခက်စီးရသည်ကို သဘောကျ နှစ်မြိုက်လာခဲ့၏။

တစ်နေ့နံနက်ပိုင်း မိသားစုစုံညီချိန်တွင် အိမ်၌ ကလေး(၂)ယောက်ကို ထိန်းရသော (၆)နှစ်သမီးလေးက...

'အမေ... မောင်လေးရဲ့ပုခက်ကို သမီးလွှဲပေးနေတုန်း ပုခက်ထဲမှာ တခြားကောင်လေး တစ်ယောက်လဲ ထိုင်နေတာ တွေ့ရတယ်။ သူက မောင်လေးကို မနှစ်သက်တဲ့ပုံနဲ့ ကြည့်နေတာ တွေ့ရတယ်'

'ဟုတ်ပါ့မလား သမီးရယ် မဖြစ်နိုင်ပါဘူး'

'ဟုတ်တယ်အမေ...သူ့ကို သမီးက သွားခိုင်းမှ ပုခက်ထဲမှာပဲ ပျောက်သွားတယ်။ ဘယ်ရောက်သွားမှန်းမသိဘူး'

'ဘာမှ မဟုတ်ပါဘူး သမီးရယ်... အဖေလဲ ရှိပါတယ် မကြောက်ပါနဲ့'

ဖော်သန်းက ပြောလိုက်မှ သမီးလေးလည်း ဘာမျှ ထပ်မပြောတော့ဘဲ တိတ်သွားတော့၏။

နောက်တစ်ပတ်ခန့်အကြာတွင် ဖြစ်၏။ ညနေပိုင်း ထမင်းစားပြီး မိသားစုစုံနေချိန်တွင် အိမ်စောင့်ရင်း ကလေးထိန်းရသော သမီးလေးမှ...

'အဖေ... နေ့လယ်တုန်းက ပုခက်ထဲမှာ အိပ်နေတဲ့မောင်လေးရဲ့ ခြေထောက်ကို အောက်အပေါ်ကိုကနေပြီး ကောင်လေး တစ်ယောက်က ဆွဲချနေတာ၊

သမီးတွေ့ရလို့ တုတ်နဲ့ လိုက်ရိုက်မှ ပျောက်သွားတယ်။ အရင်တစ်ခါ မောင်လေးရဲ့ ပုခက်ထဲမှာ လာထိုင်နေတဲ့ကောင်လေးပဲ'

'အေး...အေး... ပြောမရရင် တုတ်နဲ့ ရိုက်ပေါ့သမီးရယ်'

ဟုသာ ဖော်သန်းမှ ပေါ့ပေါ့တန်တန် ပြောလိုက်လေ၏။

ထိုသို့ဖြင့် အချိန်တစ်ပတ်ခန့်ကြာပြီး တစ်ရက်တွင် နေ့လယ်ပိုင်းအချိန်၌ စန်းစန်းနှင့်ကလေး(၄)ယောက် ကော် (အမှိုက်)ကောက် ထွက်သွားကြလေ၏။ ဖော်သန်းက လက်ဖက်ရည်ဆိုင် ဘက်သို့ထွက်ရန် ပြင်တော့သည်။ (၆) နှစ်အရွယ်သမီးကို ကလေး(၂)

www.burmeseclassic.com



ယောက်အား ထိန်းရန် မှာကြားခဲ့ပြီး လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့၏။

လက်ဖက်ရည်ဆိုင်တွင် အပေါင်းအသင်းများနှင့်တွေ့၍ လက်ဖက်ရည်သောက်ရင်း၊ စကားပြောရင်း ဆိုင်မှပြသသော ဗွီဒီယိုကြည့်ရင်း အချိန်အတော်ပင် ကြာသွားခဲ့ရ၏။

'ကိုဇော်သန်း... ကိုဇော်သန်း အမြန်လိုက်ခဲ့ဦး အိမ်မှာ ခင်ဗျားကလေးကို လိုက်ကြည့်ဦး'

ဟူသော စကားကြားရမှ ကြည့်လိုက်ရာ သူတို့အိမ်ဘေးမှ မမိုးမိုးဖြစ်နေသည်ကို တွေ့ရ၏။ ဇော်သန်းမှ...

'မိုးမိုးရေ... ကလေးဘာဖြစ်လို့လဲဟ'

'ပြောပြဖို့ အချိန်မရဘူး အမြန်လိုက်ခဲ့'

ဟုပြောကာ မိုးမိုးမှာ မျက်စိပျက်၊ မျက်နှာပျက်စွာဖြင့် ပြန်သွားသဖြင့် ဇော်သန်းလည်း မိုးမိုးနောက်မှ အမြန်လိုက်သွားခဲ့၏။

ခြံစည်းရိုး ကာရံထားခြင်းမရှိသော သူ၏ တဲအိမ်ပေါက်ဝ၌ ယောကျ်ားမိန်း(၄/၅)ယောက်ခန့် တွေ့ရ၍ ''ဘာများဖြစ်နေပါလိမ့်''ဟု စိုးရိမ်သွားခဲ့ရ၏။ ဇော်သန်းက တဲအတွင်းသို့ အမြန်ဝင်၍ ကြည့်လိုက်သည်။

'ဟင်...ဟာ'

ဇော်သန်းမြင်ရသည်က ပုခက်တွင်း၌ရှိသော သူတို့၏ အငယ်ဆုံးသားလေးမှာ ပုခက်၏အောက်ခြေရင်းဘက်၌ရှိသော အသည်းပုံအပေါက်မှ အောက်သို့ လျှောကျကာ ဦးခေါင်းသည် အသည်းပုံနှင့် ငြိနေပြီး ပုခက်နှင့် ကြိုးဆွဲချသကဲ့သို့ ဖြစ်နေလေ၏။

ကလေးကတော့ မလှုပ်ရှားတော့ပါချေ။ ဇော်သန်းမှာ မျက်ရည်များ ကျလာပြီး...

'သားလေး... သားလေး အသက်မှ ရှိသေးရဲ့လားဗျာ'

ဟု ပြောကာ အတင်းဝင်ပွေ့လေ၏။ အသည်းပုံတွင် ငြိနေသော ဦးခေါင်းကို ပလာယာယူပြီး မနည်း ''ဟ''ထုတ်ယူရ၏။

ထိုအခါမှ ကလေး၏ ဦးခေါင်းကို ထုတ်ယူ၍ ရလေ၏။ ကလေးမှာ အသက်မရှိတော့ချေ။ လည်ပင်းကျိုး၍ သေရှာပြီဖြစ်၏။

'တို့တွေလဲ ကလေးမလေးဝိုနေလို့ ပြေးလာကြည့်တော့ ဒီအတိုင်း တွေ့ရတာပဲ ဇော်သန်းရေ...တို့လာတဲ့အချိန်မှာ ကလေးက အသက်မရှိတော့ဘူး'

'ဖြစ်မှ ဖြစ်ရလေ သားလေးရယ်'

ဇော်သန်းမှာ ယူကျုံးမရ ဖြစ်ရ၏။ သမီးလေး၏ ပြောစကားကိုသာ နားထောင်ပြီး ကောက်ရသော ဒီပုခက်ကို အချိန်မီ စွန့်ပစ်ခဲ့ပါက ဒီလိုအဖြစ်ဆိုးမျိုး ကြုံရလိမ့်မည် မဟုတ်ပေ။

လောဘစိတ်နှင့် ပရလောကကို မယုံကြည်သော (သို့မဟုတ်) အယုံအကြည်မရှိသော စိတ်တို့ကြောင့် ကလေးတစ်ယောက် ဆုံးရှုံးခဲ့ရသည်ဟု ဆိုရပေမည်။

အားလုံး ကိစ္စများ ပြီးစီးသွားချိန်တွင် ဇော်သန်းက ကွင်းပြင်တွင် စတီးပုခက်ကလေးကို မီးပုံတိုက်ကာ ပုဆိန်ဖြင့် ထုခြေပြီး သံအဝယ်ဒိုင်တွင် သံရည်ကျိုရန် ရောင်းပစ်လိုက်လေ၏။

ဇော်သန်းတို့မိသားစု၏ ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းကို ယင်းပုခက်ကလေးအား ဖျက်ဆီးလိုက်ခြင်းကြောင့် အတော်အတန်ပင် ဖြေသိမ့်နိုင်သလို ဖြစ်ခဲ့ရ၏။

လူ့ဘဝတွင် ရှိစဉ်က မိမိစီးခဲ့သော ပုခက်ကလေးအား စွဲလမ်း နှစ်သက်ခဲ့သော ကလေးငယ်တစ်ယောက်သည် တမလွန်ဘဝသို့ ရောက်သွားသောအခါတွင်လည်း **အစွဲအလမ်း ဟူသည့် တပ်မက်မှုစိတ်ကြောင့် မကျွတ်မလွတ်ရှိကာ** အခြားကလေးအား ဒုက္ခရောက်စေခဲ့ခြင်း ဖြစ်လေသည်။

အကယ်၍များ တစ်စုံတစ်ယောက်သောသူသည် အမှိုက်ပုံတွင် ပုခက်လှလှလေးတစ်ခုများ တွေ့ခဲ့ပါက မိမိအိမ်တွင် အသုံးမပြုကြစေလိုကြောင်း စေတနာကောင်းဖြင့် သတိပေးလိုက်ရပေသတည်း။

**ဝန်ခံချက်။ ။ အဖြစ်မှန်အား ခံစားရေးဖွဲ့ပါသည်။**

ဦးစိုး(မတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့် ကိုစိုးကြီးတို့
မန္တလေးတောင်တွင် အမှတ်တရ (လွယ်အိတ်လွယ်ထားသူမှာ ကိုစိုးကြီးဖြစ်သည်)

သဆုံးခြင်းလော

ဘာသာပြန်-ဖျာပုံ-ဇရာပို(6)

ခုနှစ်ဝ ပြည့်နှစ်၊ ဝါဆိုလ၏ နေ့လယ်ခင်းမှာ...

ဝါဆိုမိုးက အင်နှင့်အားနှင့် ရွာသွန်းလျက်ရှိသည်။ ရံဖန်ရံခါ လေပြင်းပါတိုက်ခတ်နေသဖြင့် ရာသီမှာ အေးစိမ့်နေသည်။

သား တင်ထွန်းအောင်က ကျောင်းသွားနေသည်။ တစ်အိမ်လုံး ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ဦးတည်းသာ ရှိသည်။

ကျွန်ုပ်သည် နက္ခတ္တရောင်ခြည်စာစောင်တွင် မိမိရေးခဲ့သော ဆောင်းပါးများ ဝတ္ထုတိုများကို ပြန်လည်ဖတ်ရှုနေသည်။ ဇနီးသည်မဆွေက စောင်ခြုံ၍ ကွေးနေသည်။

'အစ်ကိုစန်းလွင်ရေ... အစ်ကိုစန်းလွင် ရှိလား'

အိမ်ရှေ့မှ ခေါ်သံက မိုးသံလေသံများအား ဖြတ်သန်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာသည်။

'ဘယ်သူများလဲ ရှိတယ်ဟေ့ ဝင်ခဲ့ကွာ'

ကျွန်ုပ်လည်း ဖတ်လက်စ မဂ္ဂဇင်းကို ချ၍ ခြံဝသို့ ထကြည့်လိုက်သည်။ တစ်ကိုယ်လုံး မိုးရေများ စိုရွှဲလျက်ရှိသော မောင်သန်းဦးအား တွေ့ရသည်။

'လာ...လာ...မောင်သန်းဦး မိုးထဲရေထဲ ဘယ်လိုများ ဖြစ်လာတာလဲ၊ မဆွေရေ ထပါဦးကွာ မောင်သန်းဦး လာတယ်။ ပုဆိုးနဲ့အင်္ကျီပါ ယူခဲ့ပါဦး'

ကျွန်ုပ်သည် မောင်သန်းဦးအား အိမ်ထဲသို့ ဖိတ်ခေါ်ရင်း ဇနီးသည် မဆွေကိုလည်း လှမ်း၍ပြောလိုက်သည်။

မောင်သန်းဦးသည် ကျွန်ုပ်၏ အမေးစကားကို ဘာမှ ပြန်မဖြေ။ မဆွေ ယူလာပေးသော ပုဆိုးနှင့် အင်္ကျီများကိုသာ ယူပြီး လဲနေသည်။ ပြီးသည်နှင့် ဧည့်ခန်းထဲသို့ ဝင်ထိုင်သည်။

'ကဲ မောင်သန်းဦး သိပ်ချမ်းနေပြီထင်တယ်။ ရေနွေးပူပူလေး သောက်နှင့်ဦး။ အစ်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်'

ဟု ပြောပြီး မဆွေက မီးဖိုချောင်ဘက်သို့ ထွက်သွားသည်။

မောင်သန်းဦးသည် လာရင်းကိစ္စကို မပြောသေး။ ရေနွေးကြမ်းပူပူကို မှုတ်သောက်နေသည်။ အတော်ချမ်းနေဟန်တူပါသည်။ ကျွန်ုပ်လည်း အလိုက်သိစွာဖြင့် မမေးတော့။ သူ့အပြောကိုသာ စောင့်နေလိုက်ပါသည်။

'ဒီလို အစ်ကိုရ အစ်ကိုစိုးကြီးဆုံးလို့ အစ်ကို့ကို လာခေါ်တာ'

'ဘာ ကိုစိုးကြီးဆုံးပြီ၊ မင်း နောက်နေတာလား မောင်သန်းဦးရာ'

'နောက်တာ မဟုတ်ဘူး အစ်ကို၊ တကယ်ပြောတာပါ။ ဒီနေ့မနက် ထမင်းစားပြီးချိန်မှာ ဆုံးသွားတာ'

ကိုစိုးကြီး သတင်းကြားရသည်မှာ ကျွန်ုပ် အလွန် စိတ်ထိခိုက်မိပါသည်။ ကျွန်ုပ်တို့နှင့် ကိုစိုးကြီးမိသားစုမှာ ဆွေမျိုးတော်စပ်ခြင်း မရှိပါ။

သို့သော်လည်း သူ့အိမ်ကိုယ်သွား၊ ကိုယ့်အိမ်သူလာ၊ သူရှိကိုယ်စား၊ ကိုယ်ရှိသူ့ကျွေး၊ သူရှိကိုယ့်ယူ၊ ကိုယ်ရှိသူ့ပေးနှင့် ဆွေမျိုးရင်းချာထက်ပင် ခင်မင်ကြသူများဖြစ်သည်။

ကျွန်ုပ်တို့နေသော ဖျာပုံမြို့နယ်၊ ဂျိုဝါကျောင်းစုရွာနှင့် ကိုစိုးကြီးတို့နေ

www.burmeseclassic.com

သော ဘိုကလေးမြို့နယ်၊ လွှထောင်ရွာမှာ နီးလှသည်တော့မဟုတ်။ မြစ်ချောင်းအင်းအိုင် ပေါများသော မြစ်ဝကျွန်းပေါ်ဒေသမို့ သွားရေးလာရေးက မလွယ်။

သို့ပါသော်လည်း နေပူပူ မိုးရွာရွာ ရေကြီးကြီး သည်ခရီးကို မညည်းမညူ မမောမပန်း သွားလာနေကျဖြစ်သည်။ လာလိုလျှင် အနီးကလေး မလာလိုလျှင် ခရီးဝေးဆိုသည့် ရှေးရိုးစကား ရှိခဲ့ဖူးသည် မဟုတ်ပါလား။

'ဘယ်လိုဖြစ်တာလဲဗျာ၊ တစ်နေ့က တောင် အောင်ကျော်သူနဲ့ သားအဖနှစ်ယောက် ကိုကြီးမြင့်သစ်စက် သစ်လာခွဲရင်းနဲ့ အိမ်မှာ ထမင်းတောင် စားသွားသေးတယ်'

'ဒီလို အစ်ကိုရေ ဒီနေ့မနက် ထမင်းလဲစားပြီးရော ပီသာစုပိုင်းဖွဲ့ ရေနွေးကြမ်းသောက်နေတုန်း ပက်လက်လန်လဲပြီး အသက်ထွက်သွားတာပဲ။ အဲဒီအချိန်မှာ ကျွန်တော်ကိုယ်တိုင် ရှိနေတာ။ သေတာမြန်လိုက်တာ အစ်ကိုရာ အံ့ပါရော'

ဟု ပြောပြီး ရေနွေးကြမ်းသောက်နေသည်။

မောင်သန်းဦး ကိုစိုးကြီးတို့မှာ တစ်ရွာတည်းသားများ ဖြစ်ကြသည်။ သွေးသားတော်စပ်ခြင်းမရှိ။ သို့သော်လည်း ဆွေမျိုးရင်းချာပမာပင် ခင်မင်ကြသူများဖြစ်သည်။

'တစ်ခုခုများ အမှားအယွင်း ရှိလို့များလားကွာ'

'မှားတာကတော့ မပြောပါနဲ့တော့၊ အစ်ကိုရာ သူတို့ခြံထဲမှာ သရဲကို အစောင့်ထားတာ အစ်ကို သိတယ်နော်'

မှန်ပါသည်။ ကိုစိုးကြီးတို့ ခြံထဲ၌ သရဲကို အစောင့်ထားပါသည်။ သရဲအစောင့်ထားသည့် အကြောင်းက သည်လိုပါ။

ဟိုတစ်ချိန်က လွှထောင်ရွာကလေး၌ သူခိုးကသူ၊ သူပုန်ကထ၊ ဓားပြကပေါ၊ မိုက်သူက ဗိုလ်လုပ်၊ အုပ်ချုပ်ရေးက မပီပြင်၊ လူတစ်လူ ငါတစ်မင်း အချင်းချင်း သတ်ဖြတ်လျက် ရှိကြသည်။

ထိုအချိန်၌ အဆိုပါရွာတွင် ကိုသောင်း+မအေးငြိမ်း လင်မယားနှစ်ယောက်ရှိကြသည်။ အသက်ငယ်ငယ် ဗလကောင်းကောင်း အားကောင်းမောင်းသန် ကျန်းမာရေးက ဒေါင်ဒေါင်မြည်အောင် ကောင်းကြသူများဖြစ်သည်။

စိတ်တူကိုယ်တူ ယုံကြည်ချက်တူကြသည်သာမက မောင်ထမ်းလျှင် မယ်ရွက် လိုက်ဖက်သော လင်မယား။ လယ်ထဲတွင် သူရင်းငှားမငှား၊ ခြံထဲလည်း ကိုယ်တိုင်ဆင်းကြသည်။

နွေစပါး ရိတ်သိမ်းရောင်းချပြီးသည်နှင့် ဒေသထွက် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များအား ဝယ်ယူပြီး မြေလတ်ပိုင်းသို့ သွားရောက်ရောင်းချသည်။

အပြန်တွင် လှေတစ်စင်းဝယ်၍ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်များ တင်ဆောင်ကာ စုန်ဆင်းခဲ့ကြသည်။ အသွားကုန်လည်းမြတ်၊ အပြန်ကုန်လည်းမြတ် ဝယ်ယူလာသည့် လှေကို ပြန်ရောင်းတော့လည်း မြတ်ပြန်သည်။

လယ်ထဲကလည်းရ၊ ခြံထဲကလည်းဝင်၊ အရောင်းအဝယ်ကလည်း အဆင်ပြေတော့ လွှထောင်တစ်ရွာလုံး အချမ်းသာဆုံးဖြစ်လာသည်။ သည်တော့ ဓားပြက ချမ်းသာမပေး ရွှေနှင့်ငွေသာမက အဝတ်အထည်များပါ တိုက်ယူကြသည်။

ကိုသောင်း+မအေးငြိမ်းတို့ နှစ်ယောက် အဝတ်တစ်ထည် ကိုယ်တ... ဖြင့် ဘဝကို ပြန်၍ စသည်။ စီးပွား... ကောင်းလာသည်နှင့် ဓားပြတိုက်... သည်။ သမင်မွေးရင်း၊ ကျားစာ... ဖြစ်နေသည်။ သည်လိုနှင့် ဓား... တိုက်ခံရသည့် အကြိမ်မှာ မနည်း... တော့ပေ။

ခြံကထွက်သည့် အုန်းသီး၊ ကွမ်း... ငှက်ပျောသီး၊ မာလကာသီး၊ သရက်... သီး၊ ပိန္နဲသီးများသည်လည်း သူခိုး... စားရသော်ခြံ ဖြစ်နေသည်။ ကိုသောင်း... တို့ လင်မယား စိတ်ဓာတ်ကျစ ပြု... သည်။ လုပ်ချင်ကိုင်ချင် ကြိုးစား... စိတ်လည်း မရှိတော့။

တစ်နေ့ ရပ်ဝေးမှာနေသည့် ကိုသောင်း၏ မိတ်ဆွေတစ်ယောက် ရောက်လာသည်။ ထိုမိတ်ဆွေက သ... ကို အစောင့်ထားရန် အကြံပြုသည်... ကိုသောင်းတို့ လင်မယားနှစ်ယောက် လည်း လွယ်လွယ်ပင် ခေါင်းညိတ်... လိုက်သည်။ ရေနစ်နေသူမို့ ကောက်... တစ်မျှင်ကို အားထားမိခြင်း ဖြစ်... လိမ့်မည်။ သရဲကို အစောင့်ထား... အစီအရင်အားလုံးကို အဆိုပါ မိတ်ဆွေ... ကပင် ပြုလုပ်ပေးသွားသည်။

'ဟော...ကို ဘာတွေစဉ်းစား... တာလဲ၊ မောင်သန်းဦး မေးနေတယ်... လေ'

မဆွေအသံကြားမှ ကျွန်ုပ်အတွေး... ပြတ်သွားသည်။

'ဩော်...အေး...အေး သိတာ... ကွာ၊ သိရုံတင် ဘယ်ကမလဲ၊ မိုးဦး... တိုင်း ခြံထောင့်က ကုက္ကိုပင်... အောက်မှာ အမဲသားအစိမ်း... ကျွေးရတာကို အစ်ကို မကြ... ကြုံတယ်လေ'

'အင်း ဟုတ်ပြီ အဲဒီကုက္ကိုပင်... ကို မနေ့က သူရင်းငှားတွေခေါ်...





www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုစိုးကြီး လဲ့တယ် အစ်ကို'

'ဖြစ်မှ ဖြစ်ရလေကွာ၊ ဒီအပင်ကြီး ကို သူ့မှီလှဲ့တယ်။ ခြံထဲမှာ ကုက္ကိုပင် အသွ အများကြီး ရှိရဲ့သားနဲ့၊ ဒါနဲ့ ဦးလေးသောင်းတို့ ဒေါ်ဒေါ်မအေးငြိမ်း တို့ကလဲ မတားကြဘူးလား'

'တားပါပြီကောလားဗျာ၊ မတားတဲ့ ဘယ်ရှိ မလဲ၊ မအုန်းရီကလဲ တားတာပဲ၊ ကျွန်တော် ထောင် ဝင်တားသေးတယ်၊ အစ်ကိုသိတဲ့ အတိုင်း သူက ဖွတ်သမား သစ်ပင်ရင့်မှ အကောင်းတယ်တဲ့၊ အခြားအပင်တွေက သူ့လောက် မရင့်လို့တဲ့ဗျာ'

ဟု ပြောပြီး မောင်သန်းဦး ကော်ဖီ သောက်နေသည်။

ဦးသောင်း+ဒေါ်အေးငြိမ်းတို့မှ သား သမီး(၄)ယောက်မွေးဖွားသည်။ မအုန်း ရီ မောင်အောင်မင်း၊ မောင်အောင်မြင့် နှင့် မောင်တင့်ဆန်းတို့ဖြစ်သည်။ သား သမီး(၄)ယောက်စလုံး အသီးသီး အိမ်ထောင်ကျကြသည်။

အကြီးဆုံးသမီး မအုန်းရီသည် မိန်းကျော်ရွာမှ ကိုစိုးကြီးနှင့် အိမ် ထောင်ပြုပြီး မိဘများနှင့် မခွဲမခွာ အတူ လုပ်ကိုင်စားသောက်သည်။ ကိုစိုးကြီး+မအုန်းရီတို့သည် အောင် ကျော်သူနှင့် တင်တင်ဝင်းဟူ၍ သား သမီးနှစ်ယောက် ဖွားမြင်သည်။

ကိုစိုးကြီးသည် တဖွတ်ထိုးလုပ်တတ် သည်မှလွဲ၍ အေးသည်၊ ရိုးသည်၊ သဘောကောင်းသည်။ အသောက် အစား အပျော်အပါးမရှိ၊ လုပ်ရည်ကိုင် ရည်ရှိသူဖြစ်သည်။

ယောက္ခမနှစ်ယောက်ကို မိဘ သဖွယ် သဘောထားသလို ယောက်ဖ များကိုလည်း ညီလေးအရင်းပမာ ချစ်ခင်သည်။

သို့ဖြစ်ပါ၍ ကိုစိုးကြီး၏ အလုပ် အကိုင် အကြံအစည် မှန်သမျှကို



မည်သူမှ အတင်းအကျပ် ကန့်ကွက် ခြင်း၊ ဆန့်ကျင်ခြင်းမရှိကြ။

"ဒီလိုနဲ့ မနက်ကတည်းက တစ်ယောက်ယော တစ်ယောက်လဲပြီး လှဲ့ခွဲကြတာ။ နေ့လယ် လောက်မှာ ပြတ်တယ်ဆိုပါတော့ အစ်ကို သစ်တစ်ပင်လုံး ပြတ်သွားပေမယ့် သစ်ပင် က လဲမသွားဘူး အစ်ကိုရေ၊ ဆိုင်းထားတဲ့ ကြိုးကနေ လူအင်အားနဲ့ဆွဲလဲ မလဲ၊ သတ်ရိုက်လဲ မယိုင်၊ ကုတ်နဲ့ကော်လဲ မရွေ့ဘူး အစ်ကို၊ အရမ်းဆန်းတယ်လို့ ပြောရမှာပဲဗျာ။

သစ်ပင်က လေးဖက်လေးတန် သစ်ကိုင်း တွေ အညီအမျှ ထွက်နေလို့ ဟန်ချက်ညီပြီး မလဲတာဆိုရင် မဆန်းပါဘူး၊ အခုဟာက ကိုင်းတွေက နေရောင်ရတဲ့ တစ်ဖက်တည်း မှာ စုပြုံနေတာ၊ အပင်ကလဲ အဲဒီဘက်ပဲ ယိုင်နေတာ၊ အဲဒါ မလဲဘူးဆိုတော့ စဉ်း စားကြည့်တော့ အစ်ကိုရေ'

ဟု ပြောပြီး ဆေးလိပ်တစ်လိပ်အား မီးညှိ၍ ဖွာရှိုက်နေသည်။

'အဲဒီတော့ ဘယ်လိုလုပ်ကြလဲ'

ဟု တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် မဆွေက ဝင်မေး သည်။

'ဘယ်လိုမှ မလဲတဲ့အခါဆုံး အစ်ကိုစိုး ကြီးက...

"ဘယ်အကောင်က မလဲအောင် လုပ်ထား တာလဲ၊ မနက်ဖြန်အထိ စောင့်မယ်၊ လဲရင် လဲ မလဲရင် မီးပုံရှို့မယ်"

လို့ကြိမ်းပြီး အိမ်ကိုပြန်ခဲ့ကြတယ်။ ညမှောင်ရီလဲသန်းရော သစ်ပင်လဲ သံ ကြားရတော့တာပဲ။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဝိုင်းဖွဲ့စကားပြောနေကြ တာ အိမ်တောင်တုန်သွားတယ်။ နို့ ကတည်းက ကြောက်စိတ်ဝင်နေလို့ လားတော့ မသိဘူး။ သစ်ပင်လဲသံကြီး က ကြောက်စရာကောင်းလိုက်တာ ဗျာ၊ အခု ပြောနေရင်းတောင် ကြက်သီး တွေ ထနေတယ်'

ဟု ပြောပြီး ဆေးလိပ်ဆက်သောက် နေသည်။

'ကဲ မဆွေရေ ကိုယ်တို့သွားဖို့ အတွက် အထုပ်အပိုးပြင်တော့။ လမ်း မှာ မိုးမချုပ်မှဖြစ်မှာ'

'ပြင်ထားပြီးပြီ ကို အဆင်သင့်ပဲ သွားချင်ရင် သွားလို့ရပြီ'

'ဒါနဲ့ ညကျရင် မင်းတို့သားအမိ နှစ်ယောက်တည်း တိမ်းတိမ်းဝေဝေ ဖြစ်နေမယ်။ မင်းတူမ မခင်မျိုးထွန်း ကို ခေါ်အိပ်ပေါ့'

'ကျွန်မတို့အတွက် နောက်ဆံတင်း မနေပါနဲ့ သွားသာသွားပါ။ မအုန်းရီ ကိုလဲ ပြောလိုက်ဦး ရက်လည်ဆွမ်း သွတ်မှ ညအိပ်လာခဲ့မယ်လို့'

သို့ဖြင့် ကျွန်ုပ်နှင့် မောင်သန်းဦး မိုးထဲရေထဲမှာပင် ခြေကျင်ခရီးနှင်ခဲ့ ကြသည်။ ညမှောင်ရီသန်းချိန်တွင် လှသောင်ရွာ ကိုစိုးကြီးအိမ်သို့ ရောက်သည်။

ကျွန်ုပ်ကို မြင်သည်နှင့် မအုန်းရီနှင့် သားသမီးများ အော်ဟစ်ငိုကြသည် မှာ တစ်အိမ်လုံး ဆူညံသွားသည်။

ကျွန်ုပ်လည်း လုံးဝ စိတ်မကောင်း။ မျက်ရည်မကျအောင် မနည်းကြိုးစား နေရသည်။ သေဆုံးနေသည့် ကိုစိုးကြီး (အိပ်နေသကဲ့သို့) မြင်ရပြန်တော့ ယူကျုံးမရ ဖြစ်မိသည်။

ည(၁၀)နာရီခန့်တွင် ဧည့်သည်များ ရှင်းသွားသည်။ ဆွေမျိုးရင်းချာများ

www.burmeseclassic.com

သာ ကျန်တော့သည်။ သည့်တော့မှ အသုဘချရေး၊ နေရာထိုင်ခင်းပြုလုပ်ရေး၊ မြို့သို့အဝယ်အခြမ်းထွက်ရေး၊ ညှိခံကျွေးမွေးရေး အစီအစဉ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြသည်။

အလုံးစုံ ညှိနှိုင်းတိုင်ပင်ပြီးချိန်တွင် သန်းခေါင်ကြက်ပင် တွန်နေလေပြီ။ မိုးသည် သဲသဲမဲမဲ ရွာနေဆဲဖြစ်သည်။

**ကိုစိုးကြီးရုပ်အလောင်းအား ကြည့်လိုက်ရာ လွန်စွာ အံ့ဩသွားမိသည်။ ကျွန်ုပ်သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ (၂)ရက်နေ့မှစ၍ သက်သတ်လွတ် မြင်းမျှတခဲ့ပြီး သုသာန်တကာကလည်း ၎င်း အသုဘကျမှုထွန်း စီးပြွန်နေသူ ဖြစ်သည်။ သို့ပါ၍ လူ့အသေအလောင်း ထပ်းမျှားစွာကို ကြုံတွေ့ဖူးပါသည်။**

သည်ကဲ့သို့ ရာသီဥတု အေးစိမ့်နေချိန်တွင် လူသေအလောင်းများမှာ အလျှင်အမြန် ဖူးရောင်ပုပ်ပွခြင်းမရှိ။ ပုပ်ပွသည့်တိုင်အောင် သည်ကဲ့သို့ ဖူးရောင်ပုပ်ပွခြင်း ပုံစံမျိုးကို တစ်ခါမှ မကြုံဘူး။

မျက်နှာ၊ ရင်အုပ်နှင့် လက်မောင်းတို့မှာ ဖူးရောင်နေပြီး ခန္ဓာကိုယ်၏ အခြားနေရာများမှာ လူကောင်းပကတိအတိုင်းပင်ဖြစ်သည်။ အမှန်မှာ လူသေအလောင်းများသည် ဝမ်းဗိုက်မှ စတင် ဖူးရောင်ပုပ်ပွသည်သာ ဖြစ်သည်။

ကိုစိုးကြီး၏ အလောင်းမှာ (၃)ရက်ထား၍ မြေမြှုပ်သည့်တိုင် ဝမ်းဗိုက်နှင့် ဝမ်းဗိုက်အောက်ပိုင်းမှာ ဖူးရောင်ပုပ်ပွခြင်းမရှိ။ တံတောင်ဆစ်အောက်ပိုင်းမှာလည်း လူကောင်းအတိုင်းပင်ဖြစ်သည်။

ရင်မှာ မို့မောက်နေသည်။ မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင် ဖူးရောင်နေသည်။ မျက်စိနှစ်လုံး ပြူးထွက်နေသည်။ နှုတ်ခမ်းမှာ ရောင်၍လန်နေပြီး လျှာမှာ နှုတ်ခမ်းအပြင်သို့ (၃)လက်မခန့် ရှည်ထွက်နေသည်။

အသုဘပို့သူများကတော့ "ပရလောကသားသတ်လို့ သေတာကြောင့် အခုလို ထူးထူးဆန်းဆန်း ဖြစ်နေတာ" ဟု ပြောနေကြပါသည်။

ဟုတ်သည်၊ မဟုတ်သည်၊ မှန်သည်၊ မှားသည်တော့ ကျွန်ုပ် ဉာဏ်မမီပါ။ ထူးဆန်းနေသည်မှာတော့ အမှန်ဖြစ်ပါတော့သည်။

***ရွှင်လန်းချမ်းမြေ့နိုင်ပါစေ။***

**ဘဘမှူ–ဖျာပုံ–ဇရာပို(၆)**

စာရှုသူ...သုတေသီ...ပညာရှင်တို့ခင်ဗျာ...

ဤဆောင်းပါးပါ အဖြစ်အပျက်မျိုးများ မိမိပတ်ဝန်းကျင်နှင့် မိမိကိုယ်တိုင် ကြုံတွေ့ဖူးပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

***ဦးကျော်မိုးသိန်း***

***စာတည်းချုပ်***

***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

**စာမျက်နှာ (၂၅၆)မှ အဆက်**

ငါ့သားအဖြစ် ပြန်ရောက်နေတဲ့ ...
တစ်သက်လုံး ကျန်းမာအောင် ချမ်း...
အောင်၊ ပျော်ရွှင်အောင်၊ ပညာရေးအောင်...
အစွမ်းကုန်ဆောင်ရွက်ပေးဖို့ ကတိ...
တယ်။

ကတိအတိုင်း တည်ရပါစေမယ်။ ...
မတည်ရင် မင်းကို ဘဝအဆက်ဆက် ...
အကြွေးပြန်ဆပ်ပါမယ်။ ကတိတည်မှ...
ယုံကြည်ပြီး ခုအချိန်ကစပြီး အရပ်တ...
လို ငါ့ကို ဖေ့ကောင်လို့ မခေါ်ဘဲ ...
လို့ခေါ်။

ကြွေးဆပ်တာကို ကျေနပ်တယ်လို့ ...
လို့ ပြောလိုက်မှ မောင်ရွှေတွန်း...
အဘကြီးကိုငွေသောင်းကို ဖေဖေလို့...
ကျေနပ်တယ်လို့ပြောမှ ကိစ္စအားလုံး အ...
ပြေမယ် အဘကြီး'

လို့ ပြည့်ပြည့်စုံစုံ ပြောပြလို...
တော့တာပါပဲ။

* * *

တနင်္ဂနွေနေ့ ရောက်တယ်ဆိုတာ...
ငွေသောင်းက ဆရာတော့်ဩ...
အတိုင်း တိတိကျကျ လိုက်နာဆော...
ရွက်လိုက်ပါတယ်။ အဲဒီလိုနဲ့ ငွေ...
ကို လက်ခံပြီးတဲ့ ငွေသောင်းပြော...
ကတိစကားကို ကြားပြီးတဲ့ မောင်...
ထွန်းလေးက...

'ကျေနပ်ပါတယ် ဖေဖေ'

လို့လဲ ပြောလိုက်ရော ငွေသော...
ရော၊ မောင်ကြိုင်ရော ဆရာတော်...
အပါအဝင် အားလုံးသော ညှိသူ...
တွေက ဝမ်းသာကြည်နူးသွား...
သလို...

'ကျေးဇူးတင်လိုက်တာ သား...
ဆိုပြီး သားကို ပွေ့ဖက်လိုက်...
ငွေသောင်းကိုကြည့်ပြီး မနှီးသီနဲ့...
အားလုံး ပြုံးပျော်ခဲ့ကြဖူးပါတ...

**ပန်းတခေနာ့် ခေ...သတ်**



www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော် နောင်လတ်

# ကြွေးတောင်းတဲ့ ရုပ်စင်စား

ကျေးလက်တောရွာတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကိုကြည့်ရင် ဟိုးအရင်တုန်းက လှေနဲ့လှည်းနဲ့၊ နောက်တော့ စက်လှေတွေ၊ သင်္ဘောတွေနဲ့ စက်ဘီးနဲ့။ ဒီနေ့ခေတ်မှာတော့ ရေလမ်းထက် ကုန်းလမ်းကို သုံးတာများလာတယ်။

အများအားဖြင့် သုံးတာက ကားလမ်း။ ကိုယ်ပိုင်ကားတွေ၊ ကုန်တင်ကားတွေ၊ အဝေးပြေးကားတွေ အသွားအပြန်လုပ်တဲ့လမ်း။

ကားတွေနဲ့ အပြိုင် ခရီးသည်တင်တဲ့ ယာဉ်တွေထဲမှာ ဒိန်းဒေါင်းဆိုတဲ့ ဂွန်ဒေါင်းတွေနဲ့ ဆိုင်ကယ်တွေလဲ ပါတယ်။ ဆိုင်ကယ်ကယ်ရီဆွဲ သူတွေထဲမှာ စံငွေး၊ ငွေသောင်းနဲ့ မောင်ကြိုင် လဲပါတယ်။

သူတို့သုံးယောက်က သိပ်ပြီး ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေ အေးမြရွာမှာနေတယ်။

* * *

ညနေခြောက်နာရီ ထိုးပြီးပြီ။ ကျောင်းကုန်းကို ကယ်ရီပို့ပြီး ပြန်လာတဲ့ မောင်ကြိုင်၊ သူ့ဆိုင်ကယ်မှာ ထိုင်လိုက်လာတဲ့လူက ကိုကျော်ဇော။

ကိုကျော်ဇောက တံခွန်တိုင်ရွာမှာ နေတာ။ ကိစ္စရှိလို့ လိုင်းကားနဲ့ ကျောင်းကုန်းမြို့ကို နေ့လယ်ကတည်းက သွားခဲ့တာ။ ကိစ္စမပြီးဘဲ ကြာနေတုန်း ကယ်ရီလာပို့တဲ့ မောင်ကြိုင်နဲ့ တွေ့လို့ ပြန်လိုက်လာတာ။

တံခွန်တိုင်ရွာနဲ့ အေးမြရွာက နီးနီးလေး။ ဆိုင်ကယ်က ဆီးပင်ကြီးနား အရောက် မျက်နှာချင်းဆိုင်လျှောက်လာတဲ့ လူတစ်ယောက်ကို မြင်တယ်။ သူက ခေါင်းငိုက်စိုက်ချလို့။

အဲဒီ ခေါင်းငိုက်စိုက်ချ လမ်းလျှောက်လာတဲ့လူ ဘယ်သူဆိုတာ မောင်ကြိုင် သိတယ်။ သိလို့ စက်ရှိန်လျှော့ပြီး ရပ်လိုက်ရင်း မေးလိုက်တယ်။

'ဟေ့ကောင် စံကြီး ဘယ်လိုဖြစ်လာတာလဲ၊ မင်းဆိုင်ကယ်ရော'

စံကြီးလို့ မောင်ကြိုင် တရင်းတနှီး ခေါ်တာ ခံရတဲ့လူက စံငွေး။ စံငွေးက ခေါင်းမော့ပြီး ပြောတယ်။

'ဦးမြအေး ပြန်သိမ်းသွားပြီ'

ဦးမြအေးဆိုတာ အေးမြရွာသား၊ တောသူဌေးဆိုပါတော့။ သူ့အိမ်ရှေ့မှာ ဝပ်ရှော့တစ်ခု ထောင်ထားတယ်။ ကားတွေ၊ ဆိုင်ကယ်တွေပြင်တယ်။

အိမ်ကလဲ အိမ်ဆိုင်။ ဆိုင်ကယ်ပစ္စည်းတွေ၊ ကားပစ္စည်းတွေ ရောင်းတယ်။ မောင်ကြိုင်တို့ ဆိုင်ကယ်အုံနာ၊ ဆိုင်ကယ်ပိုင်ရှင်။

မျက်နှာမှာ ဒဏ်ရာတွေ ရထားတဲ့ စံငွေးကိုကြည့်ရင်း မောင်ကြိုင်က...

'မင်း ဆိုင်ကယ်တိုက်တာလား'

'မတိုက်ဘူး။ မှောက်တာ လမ်း[illegible] ရှေ့ဆက်မသွားဘဲ နောက်[illegible] ကလေးကို မတိုက်မိအောင် [illegible] မှောက်တာ'

www.burmeseclassic.com



'မင်း တော်တော်နာနေလား'

'ရတယ်'

'ငါ လိုက်ပို့ပေးရမလား'

'လမ်းထိပ်တောင် ရောက်တော့မယ်၊ ရတယ်'

စံမြေ့နဲ့ ငွေသောင်းနေတာက ဆီးပင်ကြီးရှိတဲ့ရွာ၊ မောင်ကြိုင်ကသာ အေးမြရွာမှာနေတာ၊ မောင်ကြိုင်က စံမြေ့ကို စိတ်မချဘူး။

'မင်း အိမ်အထိ လျှောက်နိုင်ပါ့မလား'

'ငါ အိမ်ကိုမပြန်သေးဘူး။ ငွေသောင်းတို့အိမ်ကို အရင်ဝင်မယ်'

ရွာလယ်မှာနေတဲ့ စံမြေ့တို့အိမ်နဲ့စာရင် ငွေသောင်းတို့အိမ်က ပိုနီး တယ်။ ရွာဝင်ပြီးတာနဲ့ ငွေသောင်းတို့ အိမ်ရောက်မယ်။ ဒီတော့မှ စံမြေ့က ငွေသောင်းတို့အိမ်ထဲ ဝင်နားမယ်။

ပြီးမှ ငွေသောင်းက သူ့အိမ်အထိ လိုက်ပို့ပေးမယ်။ အဲဒီလို မောင်ကြိုင် ထင်ခဲ့တာ။

သူတို့ သူငယ်ချင်းနှစ်ယောက် စကားပြောတာကို ကြည့်ပြီးနားထောင်နေတာက မောင်ကြိုင်ရဲ့ ဆိုင်ကယ်မှာ ပါလာတဲ့ ကိုကျော်ဇော။

ဆိုင်ကယ်ကို စက်ပြန်အနှိုးမှာ ကိုကျော်ဇောက မောင်ကြိုင်ရဲ့ခြေထောက်ကို လက်နဲ့ပုတ်ပြီး...

'ဟော့ကောင်...ဟော့ကောင်'

ဆိုင်ကယ်မောင်းရင်း မောင်ကြိုင်က...

'ဘာလဲ ကိုကျော်ဇော'

'စံမြေ့ မရှိတော့ဘူး'

'ရွာလမ်းထဲ ဝင်သွားလို့ ဖြစ်မှာပေါ့'

ဆီးပင်ကြီးရွာအဝင်မှာ ဆီးပင်ကြီး တစ်ပင်ရှိတယ်။ ပြီးတော့ ထန်းပင်တွေရှိတယ်။ ကုက္ကိုပင်တွေလဲ ရှိတာပဲ'

'မဟုတ်ဘူး ဒီလမ်းပေါ်မှာတင် ပျောက်သွားတာ'

ထိုအခါ မောင်ကြိုင်က...

'ဟား...ဟား...ဟား... ကျွန်တော့်သူငယ်ချင်း စံကြီးက ကိုယ်ဖျောက်မပျောက်တတ်ပါဘူးဗျ'

ဆိုပြီး ရယ်ရယ်မောမော ပြောခဲ့ဖူးပါတယ်။

ထိုစဉ် နေဝင်သွားပြီး အမှောင်ဖုံးလာသောကြောင့် ဆိုင်ကယ်မီးကို မောင်ကြိုင် ဖွင့်မောင်းရတယ်။

* * *

'အူဝဲ...အူဝဲ...အူဝဲ'

'ယောကျ်ားလေးတော့'

'ငွေသောင်းရေ... မင်းတော့ ရှင်တစ်ဆူ ရပြီဟေ့'

ငွေသောင်းရဲ့မိန်းမ မနို့ဆီ ဒုတိယသားရတနာမွေးဖွားတဲ့နေ့။ ပထမကလေးက မိန်းကလေး၊ သုံးနှစ်သမီးရှိပြီ။ နာမည်က မွှေးမွှေးလေး။

'ညာဘက်ခြေချင်းဝတ်မှာ အမည်းရောင်အမှတ်ကြီးက ထင်းထင်းကြီးဆိုတော့ ဒီကောင် တော်တော်ခြေမြန်မှာ သေချာတယ်'

မွေးလာသော ကလေးရဲ့ ခြေချင်းဝတ်ရှိ အမှတ်ကြီးကိုကြည့်ပြီး ဦးပန်းဖူးဆိုသော လူကြီးတစ်ဦးက မှတ်ချက်ပေးခဲ့တယ်။ ထို့ကြောင့် မောင်ကြိုင်က...

'ငါ စံမြေ့ကို သိပ်သတိရတာပဲ ငွေသောင်း'

ဆိုတော့ ငွေသောင်းက...

'အေးကွာ ဘာဖြစ်လို့လဲမသိဘူး။ ငါက စံမြေ့ကို ခဏခဏ သတိရနေတယ်။ ဒီကောင့်ညာဘက်ခြေချင်းဝတ်မှာလဲ ငါ့သားလို အမည်းအမှတ်ကြီးရှိတယ်။ မင်း သတိရလား မောင်ကြိုင်'

'သတိရတာပေါ့ကွာ၊ တို့သုံးယောက်က ငယ်သူငယ်ချင်းတွေပဲဟာ၊ အင်း... ဆိုင်ကယ်မှောက်ပြီးသေတဲ့နေ့ ညနေစောင်းမှာ ငါ တံခွန်တိုင်က ကိုကျော်ဇောကိုတင်ပြီး ကျောင်းကုန်းက ပြန်လာတယ်။

ဆီးပင်ကြီးနားရောက်တော့ ရှေ့က ခေါင်း ခေါင်းစိုက်စိုက်ချ လျှောက်လာတဲ့ စံကြီးကို မြင်လို့ ဆိုင်ကယ်ရပ်တယ်။ တို့နှစ်ယောက် စကားတွေပြောကြတယ်။

ငါ သူ့ကို လိုက်ပို့မလို့ လုပ်တာကို ရပါတယ်ဆိုပြီး ဆက်လျှောက်သွားတာ၊ ဆိုင်ကယ် ပြန်မောင်းအထွက် လမ်းလျှောက်နေတဲ့စံကြီး ရုတ်တရက် ပျောက်သွားတာ နောက်ပြန်လှည့်ကြည့်နေတဲ့ ကိုကျော်ဇောက မြင်လို့ ငါ့ကိုပြောခဲ့တယ်။

ငါက သစ်ပင်တွေနဲ့ အရွယ်ကို စံကြီးရောက်သွားလို့ မမြင်တော့တာ

www.burmeseclassic.com

www.burmeseclassic.com

လို့တွေးပြီး ကိုကျော်ဇောကို ကျွန်တော့် သူငယ်ချင်း စံကြီး ကိုယ်ယောင် မဖျောက်တတ်ပါဘူးဗျလို့တောင် ရယ်ပြီး ပြောခဲ့သေးတာကနေ စံကြီးကို မြေချတဲ့နေ့အထိ မှတ်မိနေပါတယ်ကွာ'

လို့ ငိုသံပါကြီးနဲ့ ပြောတော့ ကလေးနှစ်ယောက်အဖေ ငွေသောင်းကလဲ မျက်ရည်တွေဝဲလို့...

သြော်... ညီရင်းအစ်ကိုတွေလို ချစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေဆိုတော့လဲ သံယောဇဉ်တွေက အမျှင်တန်းနေမှာပေါ့လေ။

* * *

ရွာဦးကျောင်းဆရာတော် ဦးစက္ကိန္ဒက ငွေမောင်းရဲ့သားကို မောင်ရွှေထွန်းလို့ နာမည်ပေးခဲ့တယ်။

မောင်ရွှေထွန်းလေး စကားမပီကလာ ပီကလာ ပြောတတ်တဲ့အရွယ်ရောက်တာနဲ့ သူ့အဖေ ငွေသောင်းကို **"အေ့တောင် နာ့ပတ်ချန်ပေး"**လို့ ကြွေးတောင်းတာ။

မောင်ရွှေထွန်းလေး စကား ပီပီသသ ပြောတတ်တော့လဲ ငွေသောင်းကို တစ်ခါမှ "ဖေဖေ"လို့ "အဖေ"လို့ မခေါ်ဘူး။ သူခေါ်တာက...

**"ဟော့ကောင်"**တဲ့။

**"ငွေသောင်း"**တဲ့။

အပ်ကြောင်းထပ်တဲ့ သူ့စကားကတော့...

**"ဟော့ကောင် ငါ့ပိုက်ဆံပေး"**တဲ့။

သူ့အမေ မနှီးဆီက...

'သားက ဖေဖေ့ဆီက မုန့်ဖိုးတောင်းတာလား'

ဆိုတော့...

'မဟုတ်ဘူး ကြွေးတောင်းတာ'

တဲ့။

'ဘာကြွေးလဲကွ'



လို့ ငွေသောင်းကမေးတော့ မောင်ရွှေထွန်းလေးက ငွေသောင်းကို မျက်မှောင်ကျုံ့ကြည့်ပြီး...

'ဟော့ကောင် မင်းက ယူတုန်းယူပြီး ပြန်ပေးဖို့တော့မေ့တယ်'

တဲ့။

ငွေသောင်းက ခေါင်းကုတ်ရင်း...

'ဘာကြွေးလဲ ငါ မသိဘူး'

လို့ ပြောတော့...

'မောင်ကြိုင်ကိုမေးကြည့်'

တဲ့။ မောင်ကြိုင်ဆိုတဲ့ လူက သူ့အဖေ ငွေသောင်းနဲ့ သက်တူရွယ်တူ၊ လပိုင်းရက်ပိုင်းသာ ကြီးတာ ငယ်တာတွေ ကွာမယ်။ သူ့ဦးလေးအရွယ်။

'မင်းထက် အသက်အများကြီးကြီးတယ်။ မောင်ကြိုင်လို့မခေါ်နဲ့။ ဦးမောင်ကြိုင်လို့ခေါ်'

ဆိုပြီး ငွေသောင်းက ဆူတယ်။

ဆူပေမယ့် မောင်ရွှေထွန်းက မခိုး။ မခန့်ပုံစံနဲ့...

'မောင်ကြိုင်လို့ပဲခေါ်မယ်။ တစ်သက်လုံး ဒီလိုပဲခေါ်တာ'

တဲ့။

* * *

'မောင်ကြိုင်ရေ သားက ငါ့ကို သူ့ပိုက်ဆံပြန်ပေးဆိုပြီး ကြွေးတောင်းတယ်ကွာ၊ ဘာကြွေးလဲဆိုတော့ မင်းကိုမေးကြည့်တဲ့။ အဲဒါ ဘာကြွေးလဲ မင်း သိလား'

ငွေမောင်းရဲ့ မေးတဲ့စကားကို မောင်ကြိုင်က ဘယ်လိုဖြေတတ်မလဲ။

'ငါ ဘယ်သိမလဲကွ'

'မင်းသိတယ်တဲ့၊ မောင်ကြိုင်သိတယ်တဲ့၊ မင်းကို ဦးမောင်ကြိုင်လို့ ခေါ်ခိုင်းတာ မခေါ်ဘူး၊ တစ်သက်လုံး ဒီလိုပဲ ခေါ်ခဲ့တာတဲ့'

အဲဒီစကားကြားတော့မှ မောင်ကြိုင်က တစ်စုံတစ်ခုလုပ်ဖို့ သတိရတယ်။ အဲဒါ ရွာဦးကျောင်းဆရာတော် ဦးစက္ကိန္ဒဆီ သွားပြီးမေးလျှောက်ကြည့်ဖို့။ ဒါကြောင့်...

'ငွေမောင်း လာ ငါတို့ ဆရာတော်ဆီသွားမယ်'

လို့ ခေါ်ပြီး သူငယ်ချင်းနှစ်ယောက် ရွာဦးကျောင်းကို သွားခဲ့ကြတယ်လေ။

ကျောင်းရောက်တော့ ဘုရားခန်းထဲမှာ တရားရှုမှတ်နေတဲ့ ဆရာတော်ကို အဆင်သင့် တွေ့ရတာပါပဲ။ သူတို့က ဘုရားရှိခိုး၊ ဆရာတော့်ကို ကန်တော့ပြီး ငြိမ်ငြိမ်လေးနေခဲ့ကြတာ။

ဆရာတော် ဦးစက္ကိန္ဒက ဘယ်အချိန်ကတည်းက ဘုရားဝတ်ပြုပြီး တရားရှုမှတ်နေတာလဲ မသိဘူး။ သူတို့နှစ်ယောက် ရောက်သွားပြီး ဆယ့်ငါးမိနစ်လောက်ကြာမှ မေတ္တာပို့ အမျှဝေလို့ပြီးတယ်။ ပြီးမှ သူတို့ကိုတွေ့တော့...

'ဒကာကြီးတို့ ကိစ္စရှိလို့လား'

ဆိုတော့ ငွေသောင်းက "ဒီလိုပါဘုရား..."ဆိုပြီး သူ့သား မောင်ရွှေထွန်း သူ့ကို အဖေလို့၊ ဖေဖေလို့ မခေါ်ဘဲ ဟော့ကောင်လို့ ခေါ်တာကနေ သူ့ကို ကြွေးတောင်းတဲ့အထိ၊ ကြွေးကို မောင်ကြိုင်သိတယ် ဆိုတာပါမကျန် စုံစုံလင်လင် တင်ပြပြီး...

'အဲဒါ တပည့်တော် ဘာလုပ်ရမှန်း မသိလို့ ဆရာတော့်ကို အားကိုးပြီး လာရောက်လျှောက်ထား မေးမြန်းတာပါဘုရား'

ဆိုမှ ဆရာတော်က ကလေးရဲ့ ခုနစ်သက္ကရာဇ်၊ မွေးနေ့တွေကိုမေး၊



www.burmeseclassic.com

www.burmeseclassic.com

စာရွက်ပေါ်မှာ တွက်ချက်လို့...

'အင်း ဒကာကြီးရဲ့သား မောင်ရွှေထွန်းက လူဝင်စားပဲကွ၊ လူဝင်စားတော်မှ အဝေးကြီးက မဟုတ်ဘူး။ ဟောဒီ ဒကာကြီး ကိုငွေသောင်းနဲ့ တရင်းတနှီး ရှိခဲ့တဲ့လူ'

လို့ ပြောရာက မောင်ကြိုင်ကိုကြည့်ပြီး...

'ဒကာကြီး ကိုငွေသောင်းနဲ့သာ တရင်းတနှီး ရှိတာမဟုတ်ဘူး။ ဟောဒီ ဒကာကြီး ကိုမောင်ကြိုင်နဲ့လဲ တရင်းတနှီး ရှိခဲ့တဲ့လူ'

လို့လဲ ဆိုရော မောင်ကြိုင်က ဝမ်းသာအားရနဲ့...

'တပည့်တော် သိပြီ ဘုရား သိပြီ။ ဟော့ကောင် ငွေသောင်း ငါသိပြီ'

လို့လဲ ပြောလိုက်ရော ငွေသောင်းက မောင်ကြိုင်ကိုကြည့်ရင်း...

'ဘာလဲ အကြွေးကိစ္စလား'

ဆိုတော့ မောင်ကြိုင်က...

'ဟုတ်တယ် အဲဒါလဲ ပါတယ်'

လို့ ပြောအပြီးမှာ ဆရာတော် ဦးစက္ကိန္ဒက...

'ဘာတွေကို သိတာလဲ ဒကာကြီးရဲ့ ပြောစမ်းပါဦး'

ဆိုပြီး မေးတော့တာပါပဲ။ ဒီတော့မှ မောင်ကြိုင်က...

'ငွေသောင်းရဲ့သား မောင်ရွှေထွန်းက စံရွှေ ဝင်စားတာ သေချာပါတယ်ဘုရား'

'ဒကာကြီးက ဘာလို့ သေသေချာချာ ပြောနိုင်ရတာလဲ'

'စံရွှေ ဆိုင်ကယ်မှောက်ပြီး သေတဲ့ညမှာပဲ ငွေသောင်းရဲ့ မိန်းမ မနို့ဆီ ဒုတိယကလေး မွေးပါတယ်ဘုရား။ စံရွှေ ဆိုင်ကယ်မှောက်ပြီးသေတာ တပည့်တော် မသိသေးခင် တပည့်တော် ကျောင်းကုန်းက ဆိုင်ကယ်နဲ့ ပြန်အလာ စံရွှေက ကိုယ်ထပ်ပြု စကားတွေ ပြောတာ...



သူ့အိမ်ကို မပြန်သေးဘဲ ငွေသောင်းတို့ အိမ်ကို ဝင်မယ်လို့ ပြောသွားတာ တပည့် တစ်ယောက်တည်း မြင်တာကြားတာ မဟုတ်ပါဘူး။ တပည့်တော်ဆိုင်ကယ်နဲ့ ပြန်လိုက်လာတဲ့ တံခွန်တိုင်က ကိုကျော်ဇော လဲ သိပါတယ်၊ မြင်ပါတယ်ဘုရား။

မနို့ဆီ ကလေးမွေးတော့လဲ မွေးလာလို့ ဆရာတော် နာမည်ပေးထားတဲ့ မောင်ရွှေထွန်းလေးရဲ့ ညာဘက်ခြေထောက် ခြေချင်းဝတ်က အမှတ်မည်းမည်းကြီးကလဲ စံရွှေရဲ့ ညာဘက်ခြေထောက် ခြေချင်းဝတ်က အမှတ်မည်းမည်းကြီးနဲ့ အတူတူပါပဲဘုရား'

မောင်ကြိုင်ရဲ့ စကား အဆုံးမသတ်သေးပါဘူး။ ဒါပေမယ့် ငွေသောင်းက ဖြတ်မေးပါတယ်။

'အကြွေးက...'

'မင်းရယ်၊ ငါရယ်၊ စံကြီးရယ် ကျောင်းကုန်းကို တစ်ပြိုင်တည်း ကယ်ရီပို့ရတာ မင်း မှတ်မိလား'

ငွေသောင်းက စဉ်းစားပြီး...

'မှတ်မိတယ်'

'အဲဒီတုန်းက မင်း ကက်ဆက် တစ်လုံး ဝယ်ခဲ့တာကိုရော မှတ်မိလား'

ဆိုမှ ငွေသောင်းက...

'ဟာ... ငါ မှတ်မိပြီ၊ အဲဒီတုန်းက ကက်ဆက်ဖိုး ပိုက်ဆံလိုလို့ မင်းဆီမှာ ချေးတာ၊ မင်းကလဲ မင်းရဲ့သမီး အတွက် ခေါက်ထီးတစ်လက်ဝယ်လို့ ပိုက်ဆံမကျန်တော့ဘူး။ ဒီတော့ စံကြီး ဆီက ငွေငါးရာ ငါ ချေးရတာ မှတ်မိပြီ'

လို့လဲ ဆိုလိုက်ရော မောင်ကြိုင်က...

'မင်း အိမ်ပြန်ရောက်တာနဲ့ မောင်ရွှေထွန်းကို ရော့ မင်းကို ငါပေးရမယ့် မင်းဆီက ချေးထားတဲ့ ပိုက်ဆံ ဆိုပြီး ငွေငါးရာ ပြန်ပေးလိုက်ပေါ့ကွ'

လို့ အကြံပေးတော့ ငွေသောင်းက လဲ...

'ကောင်းတယ်ကွာ'

လို့လဲ ပြောရော ဆရာတော်က ခေါင်းခါရင်း...

'မကောင်းဘူး အဲဒီလို ငွေငါးရာ ပြန်ပေးရုံနဲ့ အကြွေး မကျေဘူး။ ဒကာကြီးကိုငွေသောင်းက ငွေငါးရာ ချေးယူတုန်းက မောင်ရွှေထွန်းဆီက မဟုတ်ဘူး။ မောင်ရွှေထွန်းဘဝ မရောက်ခင် ဒကာကြီးကိုစံရွှေဘဝတုန်းက'

မောင်ကြိုင်ရော၊ ငွေသောင်းပါ ဘာပြောရမှန်းမသိတော့။

'ဒါဆို ဒီအကြွေးကျေအောင် တပည့်တော် ဘယ်လိုလုပ်ရမှာလဲ ဘုရား'

လို့ ငွေသောင်းက မေးတော့မှ ဆရာတော်က...

'ဒကာကြီး ကိုငွေသောင်း လုပ်ရမှာက နေ့ကောင်းရက်သာ နေ့ကောင်းရက်သာဆို တော့ အင်း...လာမယ့် တနင်္ဂနွေနေ့ မနက် (၉)နာရီအရောက် အိမ်နီးချင်းတွေနဲ့ ရပ်ရွာ ကလူကြီးတွေကိုဖိတ်၊ ကျုပ်လဲ ကြွလာခဲ့မယ်။

အားလုံးရှေ့မှာ အားလုံးကို သက်သေထားပြီး မောင်ရွှေထွန်းကို... သား မောင်ရွှေထွန်း မင်း ဟိုဘဝတုန်းက ဖိုးသူငယ်ချင်း မောင်စံရွှေ ဘဝတုန်းက မင်းဆီက ငါ ချေးယူထားတဲ့ ငွေငါးရာကို ဆရာတော်နဲ့ လူကြီးတွေကို အသိသက်သေထားပြီး ငါ ပြန်ပေးတယ် ယူပါလို့ပြောပြီး ငွေငါးရာ ပြန်ပေးလိုက်။ ပြီးတော့ အတိုးအဖြစ် အခု လူ့ဘဝမှာ

(စာမျက်နှာ (၂၈၂) သို့)



www.burmeseclassic.com

www.burmeseclassic.com



အဘိုးတာလမွန်နှင့်

# မိန်ဘာဏာစောင့် ရထားနာသိုက် (၃)

ဝသုန်သက်လွင်

ယခင်လမှအဆက်

တစ်နေ့...

ထိုမှတ်တမ်းများကို ပြန်လည်စိစစ်ဖတ်ရှုရန် မြို့လယ်ပန်းခြံတွင်းသို့ ရောက်ရှိခဲ့ချိန် ကျွန်ုပ်သည် ထိုပန်းခြံသို့ ရောက်လျှင် နာရီစင်နှင့် ဇရပ်ဘက် ညောင်ခြေထောက် အပင်ကြီးနှစ်ပင်ရှိရာ အုတ်ခုံတွင် ထိုင်နေကျဖြစ်သည်။

ထိုင်နေကျနေရာသို့ ရောက်ရှိသွားသောအခါ ကျွန်ုပ်အမည်ပါ စာတစ်အိတ်ကို တွေ့ရသဖြင့် မည်သူထားခဲ့မှန်း မသိသဖြင့် ကောက်ယူဖတ်လိုက်သောအခါ...

"လူလေး မောင်မိုးကျော်"

www.burmeseclassic.com

ဒီနေရာလေးကို မနက်ဖြန်မနက်(၉)နာရီ အရောက်လာပြီး ထိုင်မြဲထိုင်နေပါ။

အမျိုးသမီးတစ်ဦး ရောက်လာလိမ့်မယ်။ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုအတွက် ညစောင့်အလုပ်သမားအဖြစ် လူလေးကို လာပြောရင် လက်ခံလိုက်ပါ။

ဒီလို လက်ခံလိုက်တဲ့အတွက် လူလေးနဲ့ အဘိုး ပိုပြီး နီးကပ်သွားပြီလို့ ယုံကြည်လိုက်ပါ။



**"အဘိုး နိုင်တလမွန်"**

ကျွန်ုပ်သည် အဘိုးတလမွန်နှင့် ပတ်သက်၍ အံ့ဩရင်း အံ့ဩခဲ့ရပါသည်။ အဘိုးတလမွန်သည် ဘယ်က ဘယ်လို ပေါ်ပေါ်လာနေမှန်း မသိပါ။

ထိုမသိမှုမှ သိနေခြင်း တစ်ခုသည်ကား အဘိုးသည် ကျွန်ုပ်ကို ထာဝစဉ်စောင့်ကြည့်၍ ကျွန်ုပ်၏ အနားတွင် ရှိနေသည်ကား သေချာသော အမှန်တရားပင် ဖြစ်သည်။

မှန်ပါသည်။

အဘိုးတလမွန်သည် မိန်ဘလာ တောင်ရတနာသိုက်အကြောင်း ကျွန်ုပ်ကို လေ့လာစုံစမ်းခိုင်းပြီးနောက် ကျေနပ်အားရ ဖြစ်သွားဟန်တူ၏။ ယခုတစ်ဖန် ညစောင့်အလုပ်ကို လုပ်ရန် စေခိုင်းပြန်သဖြင့် ကြည်ဖြူစွာပင် လုပ်ရန် ဆုံးဖြတ်ထားလိုက်၏။

ထို့ကြောင့် နောက်နေ့ နံနက် (၉) နာရီ မတိုင်မီ ကျွန်ုပ် မြို့လယ်ပန်းခြံသို့ သွားရောက်ကာ ထိုင်နေကျနေရာတွင် ထိုင်လျက် ကွမ်းတစ်ယာ ဝါးနေလိုက်သည်။

ကွမ်းတစ်ယာညက်မတိုင်မီ ကျွန်ုပ် အနီးသို့ သားသားနားနား ဝတ်ဆင်ထားသော အသက်(၃၀)ကျော်အရွယ် အမျိုးသမီးတစ်ဦး ရောက်ရှိလာပါသည်။

ထိုအမျိုးသမီးသည် ကျွန်ုပ်ထိုင်လျက်ရှိသော အုတ်ခုံတန်း တစ်ဖက်တွင် ရဲရဲတင်းတင်း ဝင်ထိုင်ပြီးနောက် ကျွန်ုပ်၏ လက်ထဲမှ စာအုပ်နှင့် ဘောလ်ပင်ကို ကြည့်လျက်...

**အမျိုးသမီး**။ ။'ဦးက စာရေးဆရာလား'

**ကျွန်ုပ်** ။ ။'စာရေးဆရာ မဟုတ်ပါဘူး။ စာဖတ်သမား တစ်ဦးပါ'

**အမျိုးသမီး**။ ။'ဦးနာမည်က'

**ကျွန်ုပ်** ။ ။'မိုးကျော်'

**အမျိုးသမီး**။ ။'ဘာ အလုပ်အကိုင် လုပ်ပါသလဲ'

**ကျွန်ုပ်** ။ ။'စစ်ပြန် အငြိမ်းစားပါ၊ လောလောဆယ်တော့ အလုပ် မရှိသေးပါဘူး'

**အမျိုးသမီး**။ ။'ဦးအတွက် အလုပ်တစ်ခု ရမယ်ဆိုရင် လုပ်နိုင်ပါ့မလား'

**ကျွန်ုပ်** ။ ။'ဘာအလုပ်လဲ'

**အမျိုးသမီး**။ ။'ညစောင့်လုံခြုံရေး'

**ကျွန်ုပ်** ။ ။'ဘယ်မှာ လုပ်ရမှာလဲ'

**အမျိုးသမီး**။ ။'တလမွန် ဆောက်လုပ်ရေးမှာ'

**ကျွန်ုပ်** ။ ။'ဗျာ...တလမွန်မှာ'

**အမျိုးသမီး**။ ။'ဟုတ်တယ်လေ သံဖြူဇရပ် – ပင်သွားလမ်းမှာ သေမင်းတမန် မီးရထားလမ်း... ပထမဆုံးပြေးဆွဲခဲ့တဲ့ မီးရထား... စက်ခေါင်းအမှတ် "C-0522"ကို သံဖြူ... ဇရပ်မြို့နယ် စည်ပင်သာယာရေး... မီးရထားပို့ဆောင်ရေးတို့ ပူးပေါင်းပြီး... ပြသထားတယ်လေ၊

ကမ္ဘာလှည့်ခရီးသည်တွေ၊ ပြည်... တွင်း ဘုရားဖူးတွေ နေ့စဉ်နေ့တိုင်း... လာကြည့်ကြတဲ့ နေရာမှာ အ... **တလမွန်ကုမ္ပဏီ**(TALAMON co:Ltd...) က **မီးရထားပြတိုက်**(Museum...) **အရောင်းဆိုင်ခန်းတွေ**(Shop house...) **မြို့တော်ခန်းမ**(City Hall) တွေ... ဆောက်တော့မှာ ဦးက ဒီမှာ ညစောင့်... လုပ်ရမယ်'

အမျိုးသမီးက ကျွန်ုပ်ကို ရှင်းပြ... စဉ်အတွင်း ကျွန်ုပ်စိတ်က တလမွန်... ကုမ္ပဏီဟု ကြားလိုက်ရသည့်အတွက်... တအံ့တဩ ဖြစ်ခဲ့ရသည်။

ကျွန်ုပ်သိရသော အဘိုးတလမွန်... သည် ဘယ်သို့သော ပုဂ္ဂိုလ်... ပုဂ္ဂိုလ်မြတ်ကြီးပါနည်း၊ လူထူးလူ... ကြီး (သို့မဟုတ်) ဝိဇ္ဇာကြီး... သူတော်စင်ဘိုးတော်ကြီးလား။


အဘိုးတလမွန် အမည်ပါ...





www.burmeseclassic.com

www.burmeseclassic.com



တလမွန်ကုမ္ပဏီသည် ဘယ်ပုံဘယ်နည်း ဆက်စပ်နေပါသနည်း။

သာမန် တိုက်ဆိုင်မှုတစ်ခုပင်လော၊ ကျွန်ုပ် တွေးတောစဉ်းစား၍ မရနိုင်ပါ။

ပသို့ပင်ဖြစ်စေ ညစောင့်အလုပ်ကို ကျွန်ုပ် လက်ခံလိုက်ပါသည်။ ကျွန်ုပ် အလုပ် လက်ခံလိုက်သည့်အတွက် ထိုအမျိုးသမီးက အနက်ရောင် ကော်ဘူးလေးတစ်လုံးကို အတင်းပေးခဲ့ပြီး ပန်းခြံတွင်းမှ ထွက်သွားပါသည်။

**[မှတ်ချက် ။ ။ ထိုအမျိုးသမီး ဘယ်သူဘယ်ဝါမှန်း ကျွန်ုပ် မသိရပါ။ ယနေ့တိုင် ပြန်လည်ဆုံတွေ့ရခြင်း မရှိသော်လည်း၊ သူမ လက်ဆောင်အဖြစ် ပေးခဲ့သည့် အနက်ရောင်ကော်ဘူးလေးကို ဖွင့်ကြည့်သောအခါ(TLM တီအယ်လ်အမ်) စာတန်းနှင့် အနက်ရောင်နာရီလေးတစ်လုံးကို တွေ့ရသည်။**

**အလွန်လှပသည့် ထိုနာရီလေး၏ ထူးခြားချက်မှာ ကိုက်နှစ်ရာထိ ကောင်းစွာမြင်နိုင်သော မီးပွင့်လေး တစ်ခုပါရှိသည်။ ကျွန်ုပ် မြတ်နိုးစွာ ပတ်ထားဆဲဖြစ်သည်။]**

နောက်နေ့တွင် အလုပ်ရှိရာသို့ ကျွန်ုပ် သွားရောက်ပြီး တာဝန်စတင်ထမ်းဆောင်ရပါသည်။ ထိုနေရာသည် ကျွန်ုပ်အတွက် နေရာဟောင်း ဖြစ်နေ၏။ အဘိုးတလမွန် ပြောသလို စစ်ပြန်ကြီး တစ်ကျော့ပြန် မိုးကျော် ကျင်လည်ခဲ့ရာ ဖြစ်နေသည်။

တစ်ချိန်က အုန်းစိမ်ကိန်းနေရာ၊ ဂျပန်တို့ စခန်းချခဲ့သည့်နေရာ၊ မြို့နယ်စည်ပင်သာယာမှ ပန်းခြံနှင့် နားခိုရာ စခန်းဖြစ်ခဲ့သည့်နေရာ၊ သားသတ်လုပ်ငန်းဖြစ်ခဲ့သည့်နေရာ ယခု ထိုအရာအားလုံး ပျက်စီးချုပ်ငြိမ်းသွားခဲ့ပါပြီ။

(၆)ကေကျော် ကျယ်ဝန်းသည့် နေရာတွင် မလေးရှားပိတောက် (အော်ရေးရှား)ပင်များနှင့် လှပသော တောအုပ်ကလေးပမာ အဝါအဖြူ ပိတောက်ပန်းများပွင့်လျက် တစ်မျိုးကြည့်ကောင်းနေသည်။

မြေကွက်လပ်တစ်ခု၌ ယာယီရုံးအဆောက်အအုံတစ်လုံးနှင့် ပစ္စည်းဂိုဒေါင်တစ်လုံးသာရှိသည်။ **ယိုးဒယား (ထိုင်း)–မြန်မာ မီးရထားလမ်း** (သေမင်းတမန်လမ်းဟု တွင်ခဲ့သော THE RAILWAY OF DEATH တွင် ပထမဦးဆုံး စတင်ပြေးဆွဲခဲ့သော မီးရထားစက်ခေါင်းအမှတ် C-0522 ကိုလည်း ရထားသံလမ်းပေါ်တွင် ပြသထားသည်ကို တစ်ဖက်တွင် လှမ်းမြင်နေရသည်။

နေဝင်သွားခဲ့ပြီ။ ညသည် တစ်စတစ်စ မှောင်မိုက်လာသည်။

ထိုဝင်းအတွင်းမှာ ဆင်မည်းကြီး တစ်ကောင်အလား မလှုပ်မယှက် ဆန့်ဆန့်ကြီး ရှိနေသော မီးရထား စက်ခေါင်းကြီးနှင့် ကျွန်ုပ်တစ်ယောက်တည်းရှိသည်။

ကျွန်ုပ်သည် ပြုနေကျ ဝတ်အတိုင်း ဘုရားရှိခိုးပြီး ပရိတ်တော်များကို အသံကျယ်ကျယ် ရွတ်ဖတ်ပူဇော်ပြီး ည(၁၁)နာရီခန့်တွင် ကျောခင်းရန် ကွပ်ပျစ်ပေါ်သို့ လှဲချလိုက်သည်။

ကျွန်ုပ်လက်ထဲမှာ အဘိုးတလမွန် ပေးထားသော ပုတီးကိုင်လျက် ဂုဏ်တော်ကွန်ချာစိပ်နေစဉ် ကျွန်ုပ်နှင့် မဝေးလှသော မလေးရှားပိတောက် ပင်များရှိရာဘက်တွင် အဖြူရောင် ဝတ်စုံနှင့် လူရိပ်သဏ္ဌာန်တစ်ခုကို လျှပ်တစ်ပြက် မြင်လိုက်ရသည်။

ဘယ်သူမှန်းမသိ၍ လက်နှိပ် ဓာတ်မီးနှင့်ထိုးကြည့်ရာ ဘာမျှ မမြင်ရပါ။ ကြက်သီးများ ထသွားသည်။

တိတ်ဆိတ်သောည၊ မှောင်မိုက်နေချိန် တစ်ယောက်တည်းဖြစ်၍ အနည်းငယ်ကြောက်သလိုလို ဖြစ်လာသည်။ စိတ်ကိုတင်း၍ ပုတီးစိပ်မြဲ စိပ်နေစဉ်...

'လူလေး မောင်မိုးကျော် မကြောက်ပါနဲ့ အဘိုး မင်းအနားမှာ ရှိနေတယ်။ ည(၁၂) နာရီတိတိမှာ စက်ခေါင်းအမှတ် C-0522 ဘက်ကိုသွားပါ။ စက်ခေါင်းထိပ်မှာ စစ်ဝတ်စုံ အပြည့်ဝတ်ထားတဲ့ ဂျပန်စစ်သားတစ်ယောက်ကိုတွေ့ရင် "ဂုဒ်နရယ်တိုကျို"လို့ ခေါ်ပြီး နှုတ်ဆက်လိုက်ပါ။

သူက "ဆာကူဝိမိုးကျော်"လို့ ပြန်ပြောပြီး ပျောက်သွားလိမ့်မယ်။ သူ ပျောက်ကွယ်သွားတာနဲ့ စက်ခေါင်းပေါ်က ဂျပန်စစ်ဝတ်စုံနဲ့ ဂျပန်ဓားရှည်ကြီးတစ်လက်ကို ယူပြီး လူလေး ပြန်လာခဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com

ယူလာခဲ့တဲ့ ပစ္စည်းတွေကို လူလေး လုံခြုံအောင် သိမ်းဆည်းထားရမယ်။ သား အခုလုပ်နေတဲ့ တလမွန်ဆောက် လုပ်ရေးကုမ္ပဏီက မီးရထားစက် ခေါင်းရဲ့ ကိုက်တစ်ရာလောက်မှာ **သေမင်းတမန် မီးရထားလမ်း ပြတိုက်**(Museum)ကို တည်ဆောက် ပြီး ပြတိုက်ဖွင့်ပွဲနေ့မှာ ဒီပစ္စည်းတွေကို ပြတိုက် တာဝန်ခံလက်ထဲ စာရင်း အတိအကျနဲ့ ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လိုက်ပါ။

အရေးကြီးတဲ့ အချက်က ဓားအိမ် ထဲမှာ မြေပုံတစ်ချပ် လိပ်ထည့်ထား တယ်၊ ဒီမြေပုံကို လူလေး ထုတ်ယူပြီး လျှို့ဝှက်သိမ်းဆည်းထားပါ။

ဒီမြေပုံက နိုင်ငံတော်အတွက် အဖိုးတန်တဲ့ "မိန်ဘလာတောင် ရတနာသိုက်"ရဲ့ လမ်းပြမြေပုံ(Road Map)ပဲ။ ရှေ့ဆက် ဘာလုပ်ရမယ်ဆို တာ အဘိုး ထပ်ပြောမယ်။

အခု လူလေး လုံခြုံရေးတာဝန်ကျ တဲ့နေရာကို ပြန်သွားပြီး ပရိတ်ပဌာန်း တွေထပ်ပြီး ရွတ်ဖတ်ပူဇော်ပါ။ ဓမ္မပူဇာ ကုသိုလ်တွေကို အမျှအတန်းပေးစေ ပါ။

အထူးသဖြင့် လူလေးနဲ့ တဒင်္ဂတွေ့ လိုက်ရတဲ့ "ဂျင်နရယ်တိုကျို"ကို ပရလောကသားဘဝက ကျွတ်လွတ် အောင် ဆောင်ရွက်ပေးပါ။ ကဲ သွားပေ တော့ လူလေး'

ကျွန်ုပ်၏ အနီးတွင် ရုပ်သဏ္ဌာန် မမြင်ရဘဲ အနားကပ် ပြောလိုက်သော အဘိုးတလမွန်၏ အသံကို ကြားရပြီး နောက် နာရီကို ကြည့်လိုက်ရာ (၁၂) နာရီထိုးရန် (၁၀)မိနစ်ခန့်လိုတော့ သည်ဖြစ်၍ လက်နှိပ်ဓာတ်မီးကြီးကို ပခုံးသိုင်းလွယ်ကာ စက်ခေါင်းအမှတ် C-0522ရှိရာသို့ ကျွန်ုပ် လျှောက်သွား လိုက်ပါတော့သည်။



ထိုအချိန်တွင် စက်ခေါင်းရှိရာဘက် မှ ခွေးတစ်ကောင်၏ စူးစူးဝါးဝါးအူသံ ကြောင့် အနည်းငယ် ကြောက်ရွံ့သွား မိသော်လည်း ငါယောက်ျားပဲ၊ စစ်သား ဟောင်းတစ်ယောက်ပဲ၊ တစ်ကျော့ပြန် မီးကျော်ပဲဆိုသည့် သတ္တိစိတ်ကို မွေးကာ သွားရပေဦးမည်။

စစ်ခေါင်းအနီးသို့ ရောက်ရှိသွား သောအခါ မှုန်ဝါးဝါးလရောင်ဖြင့် လူအရိပ်တစ်ခုကို မြင်လိုက်ရသည်။ အဘိုးတလမွန် မှာကြားသည့်အတိုင်း တစ်သဝေမတိမ်း ဆောက်ရွက်ခဲ့ပြီး နောက် ကျွန်ုပ် နေရာသို့ ပြန်လာခဲ့ သည်။

**(မှတ်ချက်။ ။ ကျွန်ုပ်နှင့် တွေ့ဆုံ ခဲ့သော ဂျပန်စစ်သားမှာ သာမန် စစ်သည်မဟုတ်ဘဲ** ဂျပန်ဘုရင် တပ်မတော်မှ စစ်ဝန်ကြီး "ဂျနရယ် တိုကျို" ဖြစ်သည်။

၁၉၄၂ ခုနှစ် ဇွန်လတွင် ယိုးဒယား (ထိုင်း)–မြန်မာမီးရထားလမ်း ဖောက် လုပ်ရန် စီမံကိန်းရေးဆွဲ အမိန့်ထုတ် ပြန်ခဲ့သော ဂျပန်ထိပ်တန်း အရာရှိကြီး တစ်ဦးဖြစ်ကြောင်း သိရသည်။)

* * *

TALAMON co;Ltdမှ သေမင်း တမန်မီးရထားလမ်း ပြတိုက်ကို (၃–၄–၂၀၁၅)ရက်နေ့တွင် ကန်တော့ ပွဲပေးကာ စတင် ဆောင်ရွက်နေပါပြီ။

ကန်တော့ပွဲပေးသည့် ထိုည(၁) နာရီခန့်တွင် ပြတိုက်နေရာ၏ တစ်ဖက် တွင်ရှိသော မီးရထားစက်ခေါင်း အမှတ် "C-0522"တွင် အချင်း(၁) ခွဲမျှရှိသော မီးလုံးဝိုင်းကြီး ငါးလုံးသည် မီးရထားခေါင်းကို လှည့်ပတ်နေကြ

တစ်ခါတစ်ရံ ထိုမီးလုံးများသည် မီးရထားစက်ခေါင်းထိပ်တွင် ပေါ် ၍လည်းကောင်း၊ ကောင်းကင်ပေါ် တက်လိုက်ဆင်းလိုက်နှင့် ထိုမီးလုံး ထိပ်တွင် မုတ်ဆိတ်ကျင်စွယ် ဖြူဖြူ အဖြူရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းပေါင်းစဖြူ တလွင့်လွင့် အဘိုးအိုတစ်ဦးကိုလည်း မြင်ရသည်

**(မြင်တွေ့ရသည့်နေ့ကား ရော တန်ခူးလပြည့်နေ့ဖြစ်၍ လ အောက်မှ မြင်ကွင်းမှာကျွန်ုပ်အ တစ်သက်မမေ့နိုင်စရာ ဖြစ် သည်။)**

အဘိုးတလမွန်မှလွဲ၍ အခြား သူ ဖြစ်နိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ဟိုယခင် အတိတ်ကာလ ကျွန်ုပ် စစ်မှုထမ်းနေစဉ် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ရောင်းဒေါင်းတပ်စခန်း၌ တွေ့ခဲ့ရသည့် အဘိုးတလမွန်ကို ယခု တစ်ဖန် ထင်ထင်ရှားရှား သဲသဲကွဲကွဲ မြင်လိုက်ရသည့်အတွက် ကျေနပ် ဝမ်းသာမဆုံး ဖြစ်ခဲ့ရပါသည်။

'အဘိုး...အဘိုး...အဘိုးတလမွန်'

ကျွန်ုပ် ဝမ်းသာပီတိစိတ်ကို ထိန်းချုပ်မရဘဲ လှမ်းခေါ်လိုက်စဉ်မှာပင် အဘိုးတလမွန်နှင့် ဆန်းကြယ်သော မီးလုံးကြီးများ ရုတ်တရက် ပျောက်ကွယ်သွားကြသည်။

လရောင်ခြည်အောက်၌ စက်ခေါင်းကြီးက ထီးထီးမားမား။

စင်စစ် အဘိုးတလမွန်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုကို စောင့်ရှောက်ပေးခဲ့သည့် ကျေးဇူးရှင်။ အဘိုး၏ကျေးဇူး များစွာရှိသောကြောင့် မှန်းဆစိတ်နှင့် ရှိသေစွာ ကျွန်ုပ် ကန်တော့လိုက်ပါသည်။

ထိုပြတိုက်ကို ၂၀၁၅ ခုနှစ် အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထား၏။

ကျွန်ုပ်သည် ဂျင်နရယ်တိုကျိုထံမှ ရရှိထားသည့် ပစ္စည်းများကို မကြာမကြာ သေတ္တာထဲမှ တိတ်တဆိတ် ထုတ်ယူကြည့်ရင်း ဂျပန်ဓားရှည်ကြီး၏ ဓားအိမ်အတွင်းမှ ရတနာသိုက်မြေပုံကို ကြည့်ကာ...

မိန်ဘလာတောင်၏ လျှို့ဝှက်ရတနာသိုက်အညွှန်းနှင့် ပတ်သက်၍ အဘိုးတလမွန်မှ ဘယ်နေ့ဘယ်အချိန်တွင် ကျွန်ုပ် ဘာဆက်လုပ်ရမည်ကို ညွှန်ကြားမည့် စကားသံများ ပေါ်ထွက်လာချိန်ကို စောင့်မျှော်ရင်း...

ပြတိုက်ဖွင့်လှစ်ပွဲနေ့၌ အဘိုးတလမွန်သည် အသွင်သဏ္ဍာန် တစ်မျိုးမျိုးနှင့် ရောက်ရှိလာမည်ဟု ယုံကြည်လျက် "ဂျင်နရယ်တိုကျို" နှင့် ဆုံတွေ့ခဲ့ရသည့် မီးရထားစက်ခေါင်း အမှတ်"C-0522" ရှိရာသို့ မကြောက်မရွံ့စိတ်နှင့် ညစဉ် သွားရောက်ခဲ့ပါသည်။

ထို့အတူ ကျွန်ုပ်နှင့် အဘိုးတလမွန် စတင် ဆုံစည်းခဲ့သည်မှစ၍ ယနေ့ထိ ကြုံဆုံရသော ဆန်းကြယ်မှုများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာရှုသူများ စိတ်ဝင်တစားဖတ်ရှုရန် ဂမ္ဘီရဝတ္ထုများ ရေးသားနေသည့် ဆရာဘသက်နှင့် စာရေးဆက်သွယ်လိုက်ပါသည်။

ကျွန်ုပ်နှင့် အဘိုးတလမွန်၏ တွေ့ဆုံ ဆန်းကြယ်မှုများကို ဆရာဘသက် စိတ်ဝင်စားမှုရှိ၍ ရေးဖြစ်ခဲ့လျှင် "**အဘိုးတလမွန်နှင့် မိန်ဘလာတောင်ရတနာသိုက်**"ဝတ္ထုတစ်ပုဒ်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ပါလာနိုင်ဖွယ် ရှိပေသည်။

ထိုနေ့ထိုရက်ကို စောင့်မျှော်လျက် ကျွန်ုပ်တာဝန်ကျရာ တလမွန် ဆောက်လုပ်ရေး ပြတိုက်မျှော်စင်ပေါ်မှ ရတနာသိုက်ရှိရာ မိန်ဘလာတောင်ကို လှမ်းမျှော်ကြည့်ရင်း တစ်ချိန်က ကြည့်ခဲ့ဖူးသည့် "THE BRIDGE ON THE RIVER KWAI ကွေးမြစ်ပေါ်က တံတား" ရုပ်ရှင်ဇာတ်ကားမှ အော်စကာဆုရ ဗြိတိသျှမင်းသားကြီး "ALECGUINNES"၏ သရုပ်ဆောင်မှုများကို မြင်ယောင်နေမိပါတော့သည်။ (**မှတ်ချက်။ ။ စာရှုသူများထံတွင် ဂျပန်ခေတ် စစ်အသုံးအဆောင် ပစ္စည်းများ ရှိပါက ပြတိုက်အတွက် ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။**)

**ဇေသုန်သက်လွင်**

**စာမျက်နှာ (၂၆၄)မှ အဆက်**

ပြောဆိုနှုတ်ဆက်ကာ ပြန်သွားကြလေသည်။

* * *

ထို့နောက် တစ်ပတ်ခန့်အကြာ ကျွန်တော်တို့ မိသားစု သားကြီးရှိရာ တောင်ငူမြို့သို့ အလည်အပတ်သွားရာ နှစ်လကျော်ကြာသွားသည်။

ထိုမှ မိမိတို့ နေထိုင်ရာ မင်းလှမြို့သို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ဆရာတော်ကြီးထံ ရောက်သွားခဲ့၏။

ကျွန်တော်အား မြင်လျှင်မြင်ချင်း ဆရာတော်ကြီးသည် ပြုံးပြနှုတ်ဆက်ရင်း ကျောက်သရေခန်းထဲသို့ ဝင်သွားပြီး ချက်ချင်းဆိုသလို စာအုပ်ထူကြီးနှစ်အုပ်ကိုင်ကာ ပြန်ထွက်လာသည်။

'ကိုင်း...ရော့ ဒကာကြီးအတွက် ဒကာကြီးဦးမြသိန်း ပို့လိုက်တာ'

ဟု ဆိုပါသည်။ စာအုပ်နှစ်အုပ်လုံးမှာ ဖတ်ရှုပြီးဖြစ်သည့် ဘာသာရေး စာအုပ်များ ဖြစ်သော်လည်း ကိုယ်ပိုင်မရှိသေး၍ များစွာဝမ်းသာရပါသည်။ စာအုပ်ဖုံးအား လှန်လိုက်ရာ ပထမဆုံး စာရွက်လွတ်ပေါ်၌...

'မိတ်ဆွေကြီး ဦးသန်းဝင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ခြင်း အထိမ်းအမှတ်လက်ဆောင်'

ဟု ရေးထားသော စာတန်းကို တွေ့လိုက်ရသည်။ ထို့ပြင် ဆရာတော်ကြီးမှ...

'အလှူလုပ်ဖို့ မကြာခင် သူတို့မိသားစု အစုံအလင် ရောက်လာလိမ့်မယ်ဗျ'

ဆိုသဖြင့် အခြေအနေ အရပ်ရပ်အားလုံးကို နားလည်လိုက်ရပါတော့သည်။

**ကိုစနေ**



www.burmeseclassic.com

www.burmeseclassic.com

# အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ





ကိုစနေ

ရပ်ရေးရွာရေး လူမှုရေးကိစ္စများကြောင့် မရောက်သည်မှာ ကြာပြီဖြစ်သည့် **သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော်ကြီး ဦးဂုဏဝဏ္ဏ** ထံသို့ တတ်အားသမျှ လှူဖွယ်ကလေးများ ယူဆောင်၍ ထွက်လာခဲ့ပါသည်။

ရောက်လျှင် ပါလာသည့် လှူဖွယ်မုန့်ပဲများအား- ဆရာတော်ကြီးထံ လာရောက်လှူဒါန်းပြီး ကျန်းမာရေး အခြေအနေများ အပြန်အလှန် မေးမြန်းကြပါသည်။

ထို့နောက် စာပေဝါသနာတူချင်းဖြစ်သည့်အလျောက် ထုံးစံအတိုင်း ဖတ်မိမှတ်မိသမျှ ကလေးထဲမှ အကြောင်းအရာအချို့ကို အတန်ကြာအောင် ဆွေးနွေးဖြစ်ကြပါ၏။

ထိုအခိုက် အသက်ခြောက်ဆယ်ကျော်ခန့် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ကျောင်းပေါ်သို့ တက်လာသည်ကို တွေ့ရပါသည်။

သူတို့မှာ ဇနီးမောင်နှံဖြစ်ဟန်ရှိပြီး ကြွယ်ဝချမ်းသာသူများ ဖြစ်ကြောင်း မြင်ရုံဖြင့် သိသာလှပါသည်။

တစ်ဆက်တည်းဆိုသလို နှစ်ဦးလုံး၏ မျက်နှာများပေါ်တွင် သောကရိပ်များ လွှမ်းခြုံနေသည်ကိုလည်း အကဲခတ်လိုက်မိ၏။

သူတို့နှစ်ဦးသည် ဆရာတော်ကြီးရှေ့အရောက်တွင် အလွန်ရိုကျိုးသော အမူအရာဖြင့် ဝတ်ဖြည့်ပြီး လှူဖွယ်များအား လှူဒါန်းကြသည်။ ဆရာတော်ကြီးမှလည်း ဆုတောင်းမေတ္တာများ ပို့သပါသည်။

'ဆရာတော် ကျန်းမာပါရဲ့လား ဘုရား'

'အိမ်း... အလွယ်ပြောရရင်တော့ ကျန်းမာတယ်ပဲ ဆိုပါစို့။ ဒကာကြီးတို့ရော ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ပြည့်စုံကြရဲ့လားဗျ'

ဆရာတော်ကြီး၏ အမေးစကားအား နှစ်ဦးစလုံး ချက်ချင်းပြန်လည်ဖြေကြားခြင်းမရှိဘဲ တုံ့ဆိုင်းနေကြ၏။

**"ဘယ်ကစလျှင် ကောင်းမည်လဲ"**

ဟု စကားစ ရှာနေခြင်း ဖြစ်ဟန်တူပါသည်။ အတန်ကြာမှ သက်ပြင်းရှည်ကြီးချပြီး အမျိုးသားကြီးမှ...

'အဲဒီကိစ္စတွေကြောင့် ဆရာတော်ကြီးဆီ ရောက်လာတာပါ ဘုရား'

ဆိုကာ ကျွန်တော့်ဘက်သို့ မသိမသာ လှည့်ကြည့်လိုက်ပါသည်။

မျက်နှာစိမ်းတစ်ဦးရှေ့တွင် အတွင်းရေးကိစ္စများ ဖွင့်ဟလိုဟန်မရှိ။ အကဲခတ်မိဟန်ရှိသော ဆရာတော်ကြီးမှ...

'ကိစ္စမရှိပါဘူး ဒကာကြီးရဲ့ ဒီဒကာကြီးက လဲ ဘုန်းကြီးနဲ့ ရင်းနှီးသူပါ။ လိုအပ်ရင် ခင်ဗျားတို့အတွက် အကြံဉာဏ်ကောင်းကောင်း ပေးနိုင်မယ့်သူပါ။ ပြောစရာရှိတာသာ ပြောပါ'

ဆို၍ ငြိမ်သည်နှစ်ဦးနှင့် မိတ်ဆက်ပေးသဖြင့် အင်းစိန်မြို့တွင် နေထိုင်သည့် ဦးမြသိန်း၊ ဒေါ်ခင်ခင်ဆိုသူတို့ ဖြစ်ကြောင်း ဆရာတော်၏ ရဟန်းဒကာများဖြစ်ကြောင်း သိရပါသည်။

ဆရာတော်ကြီး စကားအဆုံးတွင် ဦးမြသိန်း အနည်းငယ် နေရာပြင်ထိုင်လိုက်ပြီး...

'တပည့်တော်တို့ မိသားစု အခုတလော အခက်အခဲတွေ ဆက်တိုက်ဆိုသလို တွေ့နေရပါတယ်ဘုရား။ လုပ်သမျှ ကိုင်သမျှ အစစအရာရာ အလွဲလွဲ အချော်ချော်ချည်း ပါပဲ။

အတိုက်အခိုက်တွေများ ရှိလားလို့တောင် သံသယဝင်မိပါတယ် ဘုရား'

'အင်း...ပြောပါဦး'

'တပည့်တော် လှိုင်သာယာမှာ တည်ထားတဲ့ အသားဘူးစက်ရုံ နှစ်ရုံလုံး အရင်က အောင်မြင်ခဲ့သလောက်



www.burmeseclassic.com

www.burmeseclassic.com

အခု ကုန်ကြမ်းပြဿနာကြောင့် တစ်လတို့ ဆယ်ရက်လောက်ပဲ လည်နိုင်တော့တယ် ဘုရား၊

အလုပ်သမားတွေရဲ့ စားစရိတ်နဲ့ လစာအတွက်တောင် မရလို့ အိတ်ထဲက စိုက်နေရတာ လေးလရှိသွားပြီ။ ပြောရင် အရှုံးပေါ်နေပြီပေါ့။ အဲဒီလို ဖြစ်တာ သမီးကြီး ဦးစီးတဲ့ စက်ရုံတင်မဟုတ်ဘူး။ တပည့်တော်ကိုင်တဲ့ စက်ရုံပါ ကြုံနေရတာပါ'

'တခြားစက်ရုံတွေရော ဒီလိုပဲလား'

'တခြားစက်ရုံတွေပါ ဒီအတိုင်းဆို ဘယ်ပြောမလဲ ဘုရား၊ အများနဲ့မို့ ဖြေသာသပေါ့။ အခုဟာက တပည့်တော် စက်ရုံတွေသာ ဖြစ်နေတာ ဘုရား။

နောက်ပြီး အခြားစက်ရုံတွေကို ပို့နေတဲ့ ကုန်ကြမ်းဖောက်သည်တွေက အရင်က တပည့်တော်လူတွေပါ။ လူပုဂ္ဂိုလ်ချင်းလဲ အတော်လေးရင်းနှီးပါတယ်။

ငွေရေးကြေးရေး လူမှုရေး ဘာပြဿနာမှ မရှိဘဲ တပည့်တော်နဲ့ အဆက်အသွယ်ဖြတ်ပြီး တခြားကို ရောက်သွားလို့ တအံ့တဩနဲ့ အတိုက်အခိုက် ရှိလေသလားလို့ သံသယဝင်မိတာပါ'


'အင်း... ထင်လောက်စရာပေါ့လေ'

'နောက်ပြီး...'

ဦးမြသိန်းသည် စကားကို မဆက်ဘဲ တွေတွေကြီးစဉ်းစားနေ၏။ ပြောရကောင်းနိုး မကောင်းနိုး ချိန်ဆနေပုံရပါသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်...

'ပြောရမှာ ရှက်စရာတောင်ကောင်းပါတယ်ဘုရား'

'ပြောစရာရှိတာ ပြောမှပေါ့ ဒကာကြီးရဲ့ လူရင်းတွေပဲ'



'မြေးအကြီးကောင်ပေါ့ ဘုရား၊ မိန်းကလေးတစ်ယောက်ကို သဘောမတူဘဲ အတင်းခိုးပြေးလို့ အမှုနဲ့ ရင်ဆိုင်နေရတယ်ဘုရား။

တပည့်တော်တို့ မိသားစုမှာ အရှုံးမီးဝိုင်းသလိုပါပဲ။ တပည့်တော်တို့ကို ကူညီပါဘုရား၊ ပစ်မထားပါနဲ့'

ဆရာတော်ကြီးသည် မသိမသာ သက်ပြင်းချပြီး...

'ကိစ္စများမြောင် လူတို့ဘောင်လို့ဆို မဟုတ်လား။ ကိုင်း...ကိုင်း အရမ်းလဲ စိတ်ပူမနေကြနဲ့ အားထားရာ ကိုးကွယ်ရာ ရှိပါသေးတယ် ဟုတ်လား၊

ဘုန်းကြီးကတော့ **ဒကာကြီးတို့ အခက်အခဲတွေကို ဘာသာရေးနည်းနဲ့ ဖြေရှင်းဖို့အကြံ** ပေးလိုက်မယ်'

'မိန့်ပါ ဘုရား'

ဆရာတော်ကြီးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက်...

'တခြား ဟုတ်ပါ့မလား၊ အခက်အခဲမျိုးစုံကို ကျော်လွှားပြီး အထွတ်အထိပ်ကို ရောက်ခဲ့တဲ့ မောင်သစ္စာရဲ့ လက်စွဲဂါထာတော်ကြီးကို ပေးလိုက်မယ်။

ယုံယုံကြည်ကြည်နဲ့ စွဲစွဲမြဲမြဲသာ ရွတ်ပေတော့၊ အံ့သြစရာ ကောင်းလောက်အောင် ထူးခြားမှုတွေ တွေ့ရလိမ့်မယ် ဒကာကြီးရေ'

'မိန့်ပါ ဘုရား'

'မောင်သစ္စာဆိုတာ သိရဲ့မဟုတ်လား'

ဦးမြသိန်း ဟိုကြည့် ဒီကြည့်လုပ်ရင်း...

'မိန့်ပါ ဘုရား'

'မောင်သစ္စာဆိုတာ ဘုရင့်နောင်မင်းတရားကြီးရဲ့ သားအငယ် ဖင်းရဲနန္ဒမိတ်လို့ခေါ်တဲ့ ညောင်ရမ်းမြို့စားပေါ့'

'မှန်ပါ့'

'ဘုရင့်နောင် မင်းတရားကြီးရဲ့ သားကြီး ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်ခေါ် ငါးဆူဒါယကာမင်းကြီးဟာ ဝိဇ္ဇာယာန လောကီပညာရပ်များဖြစ်တဲ့ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ ယတြာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင်ဘက်မှာ တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်တဲ့ ဗားမဲ့ဆရာတော်ကို စိတ်အလိုမကျလို့ ညောင်ရမ်းမြို့ကို ပို့လိုက်သတဲ့'

'ဘာကြောင့်ပါလဲ ဘုရား'

'အတိအကျ မသိရပေမယ့် ဖြစ်နိုင်ခြေရှိတာက ဝိဇ္ဇာယာနလောကီပညာ အစွမ်းကြောင့် ထီးနန်းနဲ့ ရာဇပလ္လင်ကို ထိပါးလာနိုင်သလို သာသနာတော်ကြီး မှေးမှိန်သွားနိုင်တဲ့ အလားအလာကြောင့်လို့ ယူဆရတယ်။ အဲဒီအချိန်က လောကီပညာဘက်ကို လိုက်စားတဲ့သူတွေ ပေါများလွန်းလို့ ဆိုပဲဗျ'

'ဩော်...'

'ဗားမဲ့ဆရာတော်ကြီး ညောင်ရမ်းကို ရောက်သွားချိန်မှာ ညောင်ရမ်းမြို့စားဖြစ်တဲ့ မောင်သစ္စာက ဆရာတော်ကြီးကို ဆက်လက်ကိုးကွယ်တယ်ဗျ။

ဒါဟာ မောင်သစ္စာ ဘုရင်ဖြစ်ဖို့ အကြောင်း ဖန်လာတာလို့တောင် ပြောနိုင်တယ်'

'ဘာကြောင့်လဲ ဘုရား'

'အကြောင်းက ဒကာတော်ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ညောင်ရမ်းမြို့စား မောင်သစ္စာကို ဆရာတော်ကြီးက "အောင်ခြင်းရှစ်ပါးအချုပ်မန္တန်" တော်ကြီးကို စီရင်ပေးခဲ့တယ်။ ညောင်ရမ်းမင်းသားကလဲ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့တယ်။ အကျိုးတရားကတော့ သက္ကရာဇ် ၉၅၉ ခုနှစ်မှာ မောင်သစ္စာ မင်းအဖြစ် ရရှိခဲ့တယ်။

အင်းဝပြည်ကြီးကို အသစ်တစ်ဖန် ပြန်လည်တည်ထောင်ပြီး ညောင်ရမ်းမင်းတရားကြီးအမည်နဲ့ ညောင်ရမ်းခေတ် ညောင်ရမ်းမင်းဆက်ကို တည်ထောင်နိုင်ခဲ့တယ်ဗျ'

ဆရာတော်ကြီးသည် စကားပြောနေရာမှ ခေတ္တရပ်နားပြီး အနီးရှိ ရေဘူးအတွင်းမှ ရေတစ်ခွက်သောက်ပြီး ဆက်ပြန်၏။

'ပထမဆုံး လုပ်ရမှာက ဒကာကြီးစက်ရုံကို အလိုလိုနေရင်း အဆက်အသွယ်ဖြတ်သွားတဲ့ ကုန်ကြမ်းဝိုလူတွေနဲ့ ဒကာကြီးမြေးကို တရားစွဲအမှုဖွင့်ထားသူတွေကို စုရုံးစိုက်စိုက် မေတ္တာပို့ပါ။

နောက်ပြီး ကျုပ်ပေးလိုက်တဲ့ ဂါထာတော်ကို ဝတ်မပျက်ရွတ်ပါ။ ကဲ...ဒကာကြီး ဦးသန်းဝင်းက ကျုပ်ပြောတဲ့ ဂါထာနှစ်ပိုဒ်ကို ရေးပေးလိုက်ပါ'

ဆိုသဖြင့် အောက်ပါအတိုင်း ရေးပေးလိုက်လေသည်။

၁။ ယာရံ ယက္ခံ ဂဇံ စောရံ၊
စိဠုမာနုဠ သစ္စကံ။
နာဂံ ဗကံ ဇိနိ ဇိနော၊
ဟောတု မေ ဇယမင်္ဂလံ။

၂။ မာရံ အာဠာဝကံ ဟတ္ထိံ
အင်္ဂုလိမာလ စိဠုမာ။
ကုဒန္တံ နာဂ ရာဇဋ္ဌ၊
ဗကံ အဇိနိ တေဇသာ။

ခက်ခဲသော ပါဠိအသံထွက်

၁။ **ယက္ခံ** =ယက်ခံ
**စိဠုမာနုဠ** =စိန်စမာနင်စ
**သစ္စကံ** =သစ်စက်





၂။ **အာဠာဝကံ** =အာလာဝက်
**ဟတ္ထိံ** =ဟတ်ထိန်
**အင်္ဂုလိမာလ** =အင်ဂုလိမာလ
**စိဠုမာ** =စိန်စမာ
**ကုဒန္တံ** =ကုဒန်တံ
**ရာဇဋ္ဌ** =ရာဇင်စ

အနက်

၁။ **မာရံ** – မာရ်နတ်သားကိုလည်းကောင်း။ **ယက္ခံ**–အာဠာဝက ဘီလူးကိုလည်းကောင်း၊ **ဂဇံ**–နာဠာဂီရိဆင်ကို လည်းကောင်း၊ **စောရံ**–အင်္ဂုလိမာလခေါ်ကြ သူခိုး လူဆိုးဓားပြကိုလည်းကောင်း၊ **စိဠုမာနုဠ**–စိဥ္စမာန ခေါ်ဆိုရသော မိန်းမယုတ်ကိုလည်းကောင်း၊ **သစ္စကံ**–သစ္စက ပရဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**–နန္ဒောပနန္ဒခေါ်ကြ ထင်ရှားနဂါးမင်းကို လည်းကောင်း၊ **ဗကံ**–ဗက ဗြဟ္မာမင်းကိုလည်းကောင်း၊ **ဇိနော**–မြတ်စွာဘုရားသည်၊ **ဇိနိ**–အောင်မြင်တော်မူခဲ့လေပြီ၊ (**တဿ တေဇန** – ထိုအောင်တော်မူပြား မြတ်စွာဘုရား တန်ခိုးတော်အား ဖြင့်)၊ **မေ**–အကျွန်ုပ်အား၊ **ဇယ မင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

၁။ **မာရံ** – မာရ်နတ်သားကိုလည်းကောင်း။ **အာဠာဝကံ**–အာဠာဝက ဘီလူးကိုလည်းကောင်း၊ **ဟတ္ထိံ**–နာဠာဂီရိဆင်မင်းကို လည်းကောင်း၊ **အင်္ဂုလိမာလ စိဠုမာ**–လူဆိုးခေါ်ရ အင်္ဂုလိမာလ, မိန်းမယုတ်ခေါ်ကြ စိဥ္စမာနကိုလည်းကောင်း၊ **ကုဒန္တံ**–ကုဒန္တဟု ခေါ်ကြသမိုက် သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂရာဇဋ္ဌ**–နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း၊ **ဗကံ**–ဗကာဗြဟ္မာကိုလည်းကောင်း၊ **တေဇသာ**–တန်ခိုးတော်ဖြင့်၊ **အဇိနိ**–အောင်မြင်တော်မူခဲ့လေပြီ။

*[ဤဂါထာတော် ပါဠိအနက်ထို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒီဗြန်ဆ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]*

ဦးမြသိန်းသည် ကျွန်တော်ရေးသား ပေးသည့် ဂါထာစာရွက်အား ယူ ပြီးနောက်...

'ပထမအပိုဒ်က တိပ်ခွေထဲမှာ ကြာနီကန်ဆရာတော်ကြီး ရွတ် မကြားခဲဖူး ကြားရလို့ အလွတ်ရ ပါပြီ ဘုရား။ ဒုတိယအပိုဒ်ကိုပဲ ကျ မှာပါ'

'ဟုတ်တာပေါ့ ဒကာကြီးရဲ့ ကြာနီ ကန်ဆရာတော်ရဲ့ ဘွဲ့အမည်နဲ့ တ သူ့ရဲ့ တရားတိပ်ခွေတွေ အနှော နိုင်ငံအသီးသီးကို ရောက်နေတဲ့ မြန် လူမျိုးတွေဆီ ပျံ့နှံ့သွားခဲ့ရတာ သာဓကတစ်ခုပေါ့ဗျ'

'ကျေးဇူးပါ ဘုရား။ တပည့်တော် တစ်အိမ်သားလုံး ကြိုးစားရွတ်ပါ ဘုရား'

ဆိုကာ ဆရာတော်အား ဝတ်ပြု ပြီး ကျွန်တော့်ကိုပါ ကျေးဇူးတင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# အာစရိ နမာမိ (၄)

ဒေါ်သုမနဝိစိတ္တ
(B.Sc, H.G.P, Dip.Ed)



ယခင်လမှ အဆက်

ဆရာတော်၏ဆန္ဒက "အဆင့်အတန်းမြင့်မြင့်၊ အထက်တန်းကျကျ၊ ယုံယုံကြည်ကြည်၊ လေးလေးစားစား သတိမြဲမြဲ၊ ဝီရိယထက်ထက်၊ စည်းကမ်းရှိရှိ တာန်ဝန်ကျေကျေ" နာယူကျင့်ကြံအားထုတ်စေချင်သည်။ ယောဂီများကို တရားပြသရာတွင် ဆရာတော်က မာတန်လျှင်မာ၊ ပျော့တန်လျှင်ပျော့၊ ချော့တန်လျှင်ချော့၊ လျှော့တန်လျှင်လျှော့၏။

ဆရာတော် တရားဟောသောအခါ ရှင်းလင်း ပြတ်သား၏။ ပါဠိကို ရွတ်ပြ၏။ ဘာသာပြန် ရှင်းပြ၏။ ဗုဒ္ဓဟောခဲ့သော စက်မသုတ္တန်တရားတော် ဟောသည်ဆိုလျှင် အင်္ဂုတ္တရနိကာယ်၊ ပဥ္စအင်္ဂုတ္တိုရ်ပါ သုတ်တော်ကို ဟော၏။ ရှင်းပြ၏။ သီတံထိုး၍ ချပေး၏။

'ခရီးသွားနိုင် လွန်ကြံ့ခိုင်၏။ ကမ္ဘာ့နာန်အတော်ကြုံကြုံခံ၏။ ရောဂါကင်းပျောက်၊ ကျန်းမာရောက်၏။ စားသည့်အစာ ကြေကျက်ပါ၏။ လမ်းလျှောက်သမာဓိကြာ အာရှည်၏။ စကြံ အကျိုး ငါးမျိုးတည်း'

'ဗုဒ္ဓက စင်္ကြံလျှောက်နည်းကို တမ္ဘာမှာ ဦးဆုံး စခဲ့သူဖြစ်ကြောင်း၊ ကျန်းမာရေးကို အားပေးကြောင်း၊ ကျန်းမာရေးအတွက် လမ်းလျှောက်ရန် လိုကြောင်း'

ဟောပြပါသည်။

ဆရာတော်က ကျန်းမာစေသောနည်း(လက်ဘသံပေါက်ကို ချပေးသည်။ အဓိပ္ပါယ်ကို ရှင်းလင်းပေး၏။)

'မင်းကြီး ယာဂု၊ စကုကြစ၊ မဥသာစည် ပြင်သည်ဒုတ္တန်း ယပ်တန်းဒါနှ၊ အဒေါ်သ မေတ္တာဘုံကျော်မှာ'

မင်းတုန်းမင်းကြီး ယာဂု(ဆန်ပြုတ်) သုံးဆောင်၍ ကျန်းမာ၏။ စကုဆရာတော်(ကြစု)သီး သုံးဆောင်၍ ကျန်းမာသည်။ သာစည်ဆရာတော် (စတုမဓု) သုံးဆောင်၍ ကျန်းမာသည်၊ ဒုတ္တန်း (ဒုတ်လန်း)ဆရာတော် ဘုရားပြင်၊ ကျောင်းပြင်၊ တံတားပြင်၊ လမ်းပြင်၍ ကျန်းမာသည်။

ယပ်တန်းဆရာတော် သူတစ်ပါးက လှူသော ပစ္စည်းမှန်သမျှ အကုန်လှူ၍ ကျန်းမာသည်။ **(ယပ်တန်းဆရာတော်ကြီး၏နည်းကို ဆရာတော် အလွန်မတန် နှစ်သက်သည်ပဲ ဖြစ်ပါမည်။ ယနေ့ထိ လှူနေဆဲပါ။)** မဟာဘုံကျော်ဆရာတော်ကြီးကတော့ မေတ္တာဖြင့်နေလေ့ရှိ၏။ (ဒေါသဖြစ်သည့်အချိန်မရှိ)။ ထို့ကြောင့် ကျန်းမာ၏။

ဆရာတော်ထံ လာရောက် တရားအားထုတ်ကြသော ယောဂီများ ကြိုးစားပြီး တရားမှတ်လျှင် ချီးကျူး၏။ လျော့လျော့ပေါ့ပေါ့ တရားမှတ်လျှင် မထောက်မညှာ ပြောပါသည်။ နှိပ်ကွပ်သင့်သူကို နှိပ်ကွပ်ခြင်း၊ ချီးမြှောက်သင့်သူကို ချီးမြှောက်ခြင်းသည် ဘုရားရှင်၏ လမ်းစဉ်ပါ။

တရား လာအားထုတ်ကြသော သံဃာများရှိခဲ့ပါ၏။ မထောက်မညှာ ပြောခံရသော သံဃာရှိခဲ့ပါ၏။ ထိုသံဃာက(ဆရာတော်၏ တရားပြသမှု)ကို ပြဿနာ လုပ်ခဲ့ပါ၏။ ပြဿနာက အလွန်မတန် ကြီးမားလာ၏။ လောကဓံမုန်တိုင်းကြီး တိုက်ခိုက်ခြင်းကို၊ ဆရာတော်(အသက် ၆၀ကျော်)၌ ခံခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် သည်းခံခဲ့ပါသည်။ "သည်းခံမှ မြတ်သည်" ဆိုသော ဘုရားစကားတော်ကို နှလုံးသွင်းခဲ့ပါသည်။ "ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်သော်မှ လောကဓံမုန်တိုင်းကြီးများ တိုက်ခိုက်ခံရသည်ပဲလေ" ဟု ဆရာတော်က ပြောကြားခဲ့ပါသည်။

ရှာဘုန်းကြီးလေးဘဝက (ငယ်ရွယ်နုပျိုစဉ်က) ရောဂါမျိုးစုံ ရှိခဲ့၏။ ဆွမ်း မဘုဉ်းပေးနိုင်။ ဒကာများက နွားနို့(မလိုင်အပြည့်) ဖန်ခွက်တစ်ခွက် ကပ်လိုပါသည်။ ကိုရင်ငယ်ငယ် (ဝဝတုတ်တုတ်)လေးက ကိုယ်တိုင် ကပ်ချင်သည်။ နွားနို့ဖန်ခွက်တင်ထားသော ပန်းကန်ပြားကို ယူဆောင်လာသည်။

ဘုန်းကြီးလေးရှေ့နား ဖျာစွန်းကို ခလုတ်တိုက်မိ၍ နွားနို့ဖန်ခွက် ကွဲသွားသည်။ ဘုန်းကြီးလေး မဘုဉ်းခဲ့ရပါ။ ဝဋ်ကြွေးကြောင့်ဟု ရှာဘုန်းကြီးလေး သတ်မှတ်ပါသည်။

ရှာဘုန်းကြီးလေးဘဝ ရောဂါများ ခံစားရသည်ကို ဝဋ်ကြွေးဟု သတ်မှတ်ပါသည်။ တောင်ဘုန်းကြီးလေးဘဝက တောင်ခြေရွာသားများ တိုက်ခိုက်သည့်-လောကဓံကို ဝဋ်ကြွေးဟု သတ်မှတ်ပါသည်။

ဆရာတော် (အသက် ၆၀)ကျော် သံဃာတစ်ပါး၏ ထိုးနှက်သည့် လောကဓံကို ဝဋ်ကြွေးဟု သတ်မှတ်ပါသည်။ အခါတစ်ပါး ရွာ(၉)ကျောင်း၌ ကထိန်အလှူ ရှိပါသည်။ ဆရာတော် တရားဟောပြီးပါပြီ။ ကျောင်းအောက်၌ အလှူရှင်များ၊ ဧည့်သည်များ၊ ရွာသားများ စားသောက်ကြ၏။

ကျောင်းပေါ်မှ ဆရာတော်ကို ဆွမ်းကပ်ဖို့ မေ့နေ၏။ (၁၂း၀၀)နာရီကျော်မှ သတိရကြ၏။ ဆရာတော် ဆွမ်းမဘုဉ်းရပါ။ ဆရာတော်က ဝဋ်ကြွေးဟု သတ်မှတ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဆရာတော် ပြင်းထန်စွာ နာမကျန်းဖြစ်ခဲ့ရပါသည်။ ဝဋ်ကြွေးဟု ဆရာတော်က သတ်မှတ်ပါသည်။ ဆရာတော်က သည်းခံနိုင်ခဲ့ပါသည်။ ဗုဒ္ဓ၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးခဲ့၏။

သာသနာပြုရာတွင် မတွန့်ဆုတ်ပါ။ စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ဆရာတော်မြတ် ကြိုးစားခဲ့ပါသည်။ ပြည်တွင်း၊ ပြည်ပ ဌာနအားလုံးအတွက် အစဉ်တိုးတက်စေရန် လှုံ့လစိုက်ပါသည်။

အမေရိကန်၊ လော့စ်အိမ်ဂျလိမ်မြို့ (...)ရာမကျောင်းကြီး ဆောက်လုပ်နိုင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံ (...)ကျောင်း ဆောက်လုပ်နေဆဲပါ။ ဆရာတော် သာသနာပြုခြင်း အရာထင် အောင်မြင်သည်ဟု ဆိုရပါမည်။

အဓိကကျလှသော သူတော်ကောင်း လက္ခဏာများတွင် ကျေးဇူးဆပ်သည်။ ကျေးဇူးသိသည်တို့ ပါဝင်ပါသည်။ မန္တလေးမြို့ (...)တိုက် (ဆရာတော်မြတ်ကို မအပ်နှံမီ) မူလသီတင်းသုံးခဲ့သော ဆရာတော်ကြီး (အိုမင်းပြီး မျက်စိအလင်းမရရှာ)နှင့် ပြုစုစောင့်ရှောက်ခဲ့သော ဆရာတော်ထို(၂)ပါးကို အစစ ပြည့်စုံအောင် ဆရာတော်မြတ်က စောင့်ရှောက်ခဲ့ပါသည်။

ပျံလွန်တော်မူသောအခါ ပြုဖွယ်ရာများ ဆောင်ရွက်ခဲ့ပါသည်။ အရိုးစေတီ တည်ထားပေးပါသည်။

ဆရာတော်မြတ်၏ ငယ်ဆရာတော်သည် သက်တော်ရှည်၏။ သက်တော်ကြီးရင့်လာသောအခါ မန္တလေးမြို့ (...)တိုက်သို့ ဆရာတော်မြတ်က ပင့်ဆောင်ခဲ့၏။ အစစ ပြည့်စုံအောင် ဆရာတော်မြတ်က ပြုစု ကျေးဇူးဆပ်ခဲ့ပါသည်။ ပျံလွန်တော်မူသောအခါ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ခဲ့ပါသည်။ အရိုးစေတီ တည်ထားခဲ့ပါသည်။

ဆွမ်းအမကြီး အသက်ကြီးလာသောအခါ သီလရှင်ဘဝသို့ ကူးပြောင်းခဲ့၏။ မန္တလေးမြို့ (...)တိုက်၌ သီလရှင်အိုကြီးကို ဆရာတော် စောင့်ရှောက်ထားပါသည်။ လွန်သည်အထိ စောင့်ရှောက်ထား၏။

မန္တလေးမြို့ (...)တိုက်တွင် (...) ကျောင်းတော်ကြီး ဆောက်လုပ်ရန် ဆရာတော်မြတ် စီစဉ် ညွှန်ကြားခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် (၁၀ကျပ်၊ ၁ပဲ၊ ၄ ရွေး) ရွှေချောင်း (၅၂၈)ချောင်းဖြင့် ဆရာတော်မြတ်ကိုယ်တိုင် (မြေကြီး၌) ပန္နက်ရိုက်ခဲ့ပါသည်။

ထိုရွှေချောင်း (၅၂၈)ချောင်းကို ငွေသားအဖြစ် ဂေါပကများက ပြောင်းလဲပါသည်။ ထိုငွေဖြင့် ကျောင်းတော်ကြီး ဆောက်ပါသည်။ အလှူရှင်(၁)ဦး လျှင် ရွှေ(၁)ချောင်းနှုန်းပါ။ အချို့ ရွှေ(၂)ချောင်း၊ (၃)ချောင်း လှူကြပါသည်။ ရွှေချောင်း(၆၀၀)ကျော်၊ အလှူငွေ မြောက်မြားစွာဖြင့် ကျောင်းတော်ကြီး၏ မြေညီထပ်ကို ဆောက်ခဲ့ပါသည်။

ထုထည် ကြီးမားလှသော ကြီးမားလှသော ကျောင်းတော်ကြီး၏ ပထမထပ်ကို ဇနီးမောင်နှံ(ဥပဒေပညာရှင်ကြီးများဖြစ်ပြီး လူမှုထူးချွန်ဘွဲ့ရ)က လှူခဲ့ပါသည်။

ထိုကျောင်းတော်ကြီး ဆောက်လုပ်ရန် (သာသနာပြုရန်) ဆေးတစ်မျိုး ဆရာတော်မြတ်က တီထွင်ခဲ့ပါသည်။ ဆရာတော်မြတ် အမြဲမှီဝဲသော (...) ဆေးတော်ကြီးပါ။ တရားလာ အားထုတ်ကြသော ယောဂီများကို အစဉ်

www.burmeseclassic.com

အမြဲ ဆေးအလှူပေးပါသည်။

မြန်မာနိုင်ငံအထက်ပိုင်း ယောဂီများ၊ မြန်မာနိုင်ငံအောက်ပိုင်း ယောဂီများကလည်း (သာသနာပြုရန်) အလှူငွေ ထည့်ဝင်၍ ဆေးထုပ်များကို(အိမ်သို့ယူဆောင်၍) သုံးစွဲအားပေးကြသည်။ ဆရာတော်မြတ်၏ ဉာဏ်စွမ်းဖြင့် တီထွင်ထားသော ဆေးမှာ လူတိုင်းအတွက် အသုံးတည့်ပါ၏။

ဆရာတော်မြတ် အမြဲမှီဝဲသုံးစွဲသော ဆေးများ ရှိပါသည်။

၁။ ဘုရားဆေး၊ နွားသေး (နွားသေးတွင် ဆီးဖြူသီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ ဆားတို့ဖြင့် စိမ်ထား၏။ (အမေရိကန်၊ စင်ကာပူသို့ ဆရာတော်မြတ်ကြွရာတွင် ပုလင်းကို ချိုင်းကြားညှပ်ပြီး ယူသွားပါသည်။)

၂။ နဂါးခေါင်းနှင့်ပန်းပေါင်း (ထန်းပင်အမြစ်အမှုန့်နှင့် ဖျားရည်) (အပူဓာတ်ရရှိအောင် သုံးဆောင်ပါသည်။)

၃။ (...)ဆေးတော်ကြီး (သာသနာပြုရန်အတွက် ဖော်စပ်သော ဆေးတော်ကြီး)

၄။ တမာလက်ဖက် (တမာရွက်ပြုတ်၊ ချင်း၊ နှမ်းဆီဖြင့် ပြုလုပ်ထားသော လက်ဖက်)

ဗိုက်ထဲမှ ပါစကဝမ်းမီး (အစာခြေရည်၊ အက်ဆစ်ရည်) အေးသူ (အက်ဆစ်ရည်နည်းသူ)များ အစာမကြေ ရောဂါရှိ၏။ ခန္ဓာတစ်ခုလုံး အပူဓာတ်နည်းသည်။ ခန္ဓာကိုယ်မှ ညှီစိုစိုနံ၏။ အစာအိမ်ခြေရည်၊ အက်ဆစ်ဓာတ်နည်းသည်(ပါစက ဝမ်းမီးနဲ့သည်။) (မန္ဒဝမ်းမီး)ဟု ခေါ်ကြသည်။

ပါစကဝမ်းမီး အလွန်မတန် ပူသူများ မကြာမကြာ အစားပေးရသည်။ အစာကြေလွန်းသူဖြစ်၏။ ခန္ဓာအိမ်



တစ်ခုလုံး အပူ(တေဇော) များသည်။

အစာမစားရလျှင် လူက နုံးချည့်၏။ တုန်တုန်ချည့်ချည့် ဖြစ်လာသည်။ အားမရှိ။ မကျန်းမာ။ အစာအိမ်ခြေရည် အက်ဆစ်ဓာတ် များသည်။ (ပါစက ဝမ်းမီးတောက်သည်) (တိက္ခဝမ်းမီး)ဟု ခေါ်ကြသည်။

သမဝမ်းမီးရှိသူများ အစားအစာကို ကောင်းစွာ ကြေစေနိုင်သည်။ သမဝမ်းမီးရှိသူက အချိန်ကျမှ စား၏။ စားသောအစာ ကောင်းစွာ ကြေ၏။ ဝမ်းတွင်း၌ ကျက်၏။ ကျန်းမာရေး ကောင်း၏။ အပူအအေး မျှတ၏။

"ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ" ဆိုသည်မှာ ဗိုက်အတွင်း ဝမ်းမီး ကောင်းခြင်းကို ပြောပါသည်။ အစာအိမ် ကောင်းသည်။ အစာအိမ်ရောဂါ မရှိမှ ကျန်းမာသည်။

တရားအားထုတ်သူသည် အစာအိမ်ရောဂါ မရှိမှ တရားကို အားထုတ်နိုင်သည်။ တရားရနိုင်သည်။ (အရေးကြီးသော)ဗိုက်တွင်းမှ ဝမ်းမီးအကြောင်း ဆရာတော် ဟောပါသည်။ အလွန်မတန် စိတ်ဝင်စားဖွယ်ပါ။

ကျန်းမာရေးအတွက် ရှောင်ရန်၊ ဆောင်ရန်များလည်း ဆရာတော်မြတ်က ဟောပါသည်။ လျှာက ကြိုက်ပြီး ဗိုက်က လက်မခံသော စားစရာများ (ရေခဲသေတ္တာမှ ရေ၊ ရေခဲ၊ ရေခဲမုန့်)ကို ရှောင်ရပါမည်။ ပါစကဝမ်းမီး ပျက်စီးစေသော စားစရာများပါ။

ကြေခဲသော အစားအစာများ (ကောက်ညှင်း၊ ပြောင်းဖူး၊ မြေပဲဆန်၊ လူများ လုပ်ထားသော ဘီစကွတ်မုန့်ထုပ် စသည်) ရှောင်ရပါမည်။ မကြေနိုင်၊ မကျက်နိုင်သော အစားအစာများကြောင့် ဝမ်းချုပ်လာပါသည်။ ရောဂါအမျိုးမျိုး ရနိုင်ပါသည်။

ရာသီဥတုကို မဆန့်ကျင်ရန် ဆရာတော်မြတ်က ဟောပြပါသည်။ ပူသောရာသီဥတုတွင် ချွေးတစိုစိုဖြင့် နေနိုင်ရပါမည်။ အပူကို သည်းခံနိုင်ရပါမည်။ လေအေးစက်ခံခြင်း၊ လေတိုက်ခံခြင်း၊ ယပ်လေခပ်ခြင်း မပြုရန် သတိပေး၏။

ချွေးသိပ်ပြီး (အေးသွားသောအခါ) ရောဂါမျိုးမျိုး ဖြစ်စေနိုင်၏။ အေးသောရာသီဥတုတွင် အအေးဒဏ် သည်းခံနိုင်ရပါမည်။ အနွေးစက်ဖွင့်၍ နေခြင်း၊ မီးပူပူလှုံခြင်း၊ အလွန်ပူသော၊ စပ်သော အစားအစာစားခြင်း မပြုရန် သတိပေး၏။

ကိုယ်ခန္ဓာတွင် အပူဓာတ်များ စုလာလျှင် ရောဂါအမျိုးမျိုး ဖြစ်စေနိုင်၏။ ဆရာတော်မြတ် ဟောကြားသော တရားများသည် ဗုဒ္ဓက ဟောခဲ့သော တရားများပါ။

ဆရာတော်မြတ် အစားအသောက်များကို (ဗိုက်က လက်မခံသော အစားအစာများ) ရှောင်ပါသည်။ နို့နှင့်ပတ်သက်သောအစာများ ရှောင်ပါသည်။ ဆီများများ မစားပါ။ (ယောဂီများကိုလည်း ဆီရွှဲရွှဲ မကျွေးစေပါ။) ဟင်းချိုမှုန့် လုံးဝ မစားပါ။ (ယောဂီများကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ဟင်းချိုမှုန့် မစားစေပါ။ မကျွေးစေပါ။)

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်၊ ညနေ(၅း၀၀)နာရီ ဓမ္မာရုံပေါ်တွင် ဆရာတော်၊ ကျောင်းဒကာ၊ ကျောင်းဒကာ၏မိခင်၊ ကျောင်းဒကာ၏အဒေါ်၊ တရားကြပ် သီလရှင်လေး ဒေါ်(...)တို့ ရှိနေသည်။ ဆရာတော်က...

'ဒကာကြီး (တတိယပတ် စဖို့) မနက်ဖြန်မနက် တရားဝင်ကြမယ့်လူ စုံပြီလား'

ဒကာက...

'ဆရာတော်ဘုရား (၂)ယောက် လိုနေပါတယ်ဘုရား။ မရောက်ကြသေးပါဘုရား။ မကွေးကောလိပ်က ဆရာမနဲ့(...)မြို့က အထက်တန်းပြဆရာမပါ။ (...)မြို့က ဆရာမက ၁၉၉၂ ခုနှစ်ကတည်းက သူ ကြိုပြီး စာရေးခဲ့ပါတယ်။ ဒီဇင်ဘာ (တတိယပတ်) သူ (ကျောင်းပိတ်ချိန်) တရားလာဝင်ဖို့ တပည့်တော် အကြောင်းကြားပေးထားပါတယ် ဘုရား။

ပုဂံမြို့နဲ့ ဆရာမမြို့က အလွန် မတန်ဝေးတာပါ ဘုရား၊ ခရီးရှည်ကြီးပါဘုရား'

ဆရာတော်က...

'မကွေးကောလိပ်က ဆရာမ မလာဘူး။ (...)မြို့က အထက်တန်းပြဆရာမက ညောင်ဦးမှာ ရောက်နေပြီ၊ ဗင်ကားငှားနေတယ်။ ပုဂံမြို့ (...)ကျောင်းကို ဗင်ကားနဲ့ လာလိမ့်မယ်၊ မကြာခင် ရောက်လာမယ်။ အဲဒီကလေးက(နာမည်ကို ပြောပါသည်။) လား သူက (...)မြို့ကမဟုတ်ဘူး(ဇာတိမြို့ကို ပြောပါသည်)က ကလေးပါ'

ဆရာတော်က ပြောသည်။ သူတို့ နားမလည်ကြပါ။ ကျောင်းဝင်းအတွင်း ဗင်ကားဝင်လာသောအခါ ဆရာတော်က...

'(ဇာတိမြို့ကို ပြောပါသည်။)က ကလေး လာပြီ'

ဟု ပြောပါသည်။ ကျောင်းဒကာနှင့် လူစုက ဆရာမကို ကြိုဆိုကြပါသည်။ နေရာချပေးကြပါသည်။ ဓမ္မာရုံနှင့် အလွန်နီးသော (...)ဆောင် (အဆောင်-၁)တွင် ထိပ်ဆုံးခန်း၌ နေရာပေးကြပါသည်။

ဆရာတော်ပြောသော မြို့အမည် (ဇာတိမြို့အမည်)အကြောင်း မေးကြပါသည်။ ဆရာမက (ဇာတိမြို့အမည်) ထိုမြို့သည် မွေးဇာတိမြို့ဖြစ်ကြောင်း ပြောပါသည်။ ကျောင်းဒကာအဖွဲ့ ဘဝင်ကျသွားကြပါသည်။

ကျောင်းဒကာနှင့်အဖွဲ့က ဆရာမကို ဓမ္မာရုံခေါ်သွားပါသည်။ ဆရာတော်အား လှူဖွယ်အစုစုနှင့် ဆရာမ ကန်တော့ပါသည်။ (ဆရာတော်ကို မမော်ဖူးသေးပါ။) (ဦးနှိမ်ချနေ၍ ဖြစ်ပါသည်။) ဆရာတော်က...

'(နာမည်ကိုခေါ်ပါသည်။) (ဇာတိမြို့အမည်) ကလေးပါနော်'

ဆရာမက ဝမ်းသာအားရနှင့်...

"ဟုတ်ပါတယ်ဘုရား" (ဆရာတော်ကို မော်၍ဖူးသောအခါ မိမိ တက္ကသိုလ်ကျောင်းသူဘဝက အဒေါ်နှင့်အတူ ဖူး,ဖူးသော ဆရာတော်ဟု ချက်ချင်းမှတ်မိ၏။

အဒေါ်က မန္တလေးမြို့ (...)ရပ်၊ ကျောင်းအမ၊ ဘုရားအမပါ။ အဒေါ်က သက်လွတ် ဆွမ်းလောင်းလှူ၏။ မိမိက သကြားသီး လှူပါ၏။ နှစ်ပေါင်းများစွာ ကြာသောအခါ တရားပြဆရာအဖြစ် ပြန်၍ ဖူးမြင်ရပါပြီ။ ဝမ်းသာလှ၏။ အံ့သြလှ၏။ ထူးဆန်းပါပေစွ။

ဤ ပုဂံ(...)ကျောင်း၌ ဆရာတော် သီတင်းသုံး တရားပြနေသည်မှာ ၁၉၉၁ ခုနှစ် ကတည်းကပါတဲ့။)

(အဆက်အသွယ်မရှိ၍ ထူးဆန်းမှုကို အံ့သြရခြင်းပါ။) ဆရာတော်က...

'ကလေး မနက်ဖြန်(၁၇)ရက်နေ့က (၂၄) ရက်ထိ တရားအားထုတ်ရမယ်။ စကားမပြောရဘူး။ စည်းကမ်းချက်တွေ ဖတ်ကြည့်။ လိုက်နာရမယ်။ ကြိုးစားအားထုတ်ရ မယ်။ ဖြစ်သလား'

ဆရာမက "စကားမပြောဘဲ နေနိုင်ပါတယ်ဘုရား၊ စည်းကမ်းများ လိုက်နာနိုင်ပါတယ်ဘုရား၊ ကြိုးစား အားထုတ်နိုင်ပါတယ်ဘုရား၊ ကတိပေးပါတယ်ဘုရား"(တိတိကျကျ လုပ်တတ်သောဆရာမက အလွန်မတန် နှစ်သက်ပါသည်။) ဆရာတော်က...

'ကလေးကို ဂရုစိုက်ပါ။ သူက ကတိပေးတဲ့အတိုင်း လိုက်နာမယ့်သူပါ။ အခု ယောဂီကလေး ဖြစ်သွားပြီ'

ကျောင်းဒကာအဖွဲ့ ဝမ်းမြောက်လှပါ၏။ ယောဂီကလေးဟု နှစ်ပေါင်းများစွာ ဆရာတော်က ခေါ်ပါသည်။

မြစ်ကြီးမြို့မှ ယောဂီဟောင်းတစ်စု ဆရာတော်ကို ကန်တော့ရန် လာပါသည်။ ထိုယောဂီတစ်စု မိန်းမပျိုရွယ်လေး ပါလာပါသည်။ ဆရာတော်ကို ကန်တော့ကြ၏။ ဆရာတော်က ဆုပေးသည်။ ဆရာတော်က...

'ဒါ နတ်သမီးလေးလား'

(မိန်းမပျိုရွယ်ကို လက်ညှိုးထိုးပြီး ပြောပါသည်။) ယောဂီတစ်ဦးက...

'ဟုတ်ပါတယ် ဘုရား'

ထိုကလေးမ(မိန်းမပျိုရွယ်) (၅)နှစ်သမီးက နတ်သမီးရုပ်ပုံများကို အလွန်နှစ်ခြိုက်၏။ ဆရာတော်က "နတ်သမီးလေး"ဟု ခေါ်ခဲ့၏။ နှစ်ပေါင်းများစွာကြာပြီး(မိန်းမပျိုရွယ်)မှ ဆရာတော်က မှတ်မိနေသေးသည်။

ယောဂီဟောင်း၏ အမည်၊ မြို့ကို ဆရာတော် တမ်းပြောနိုင်သည်မှာ မှား



www.burmeseclassic.com

www.burmeseclassic.com

ပါ။ သတိကောင်းလှ(ယခု သက်တော်ကြီးရင့်နေပြီ ဖြစ်သော်လည်း မှန်ကန်စွာ၊ သိမှတ်စွာ သတိရရ ပြောနိုင်ပါသည်။)

ရိုးသားသူ၊ သစ္စာရှိသူများ အကြောင်း ဆရာတော် ချီးမွမ်း ဂုဏ်တင်လေ့ ရှိပါသည်။ ၂၀၀၆ ခုနှစ်တွင် တောင်တော်မြတ်၌ ဆရာတော် ဝါကပ်တော်မူစဉ်ကပါ။ သီတင်းကျွတ် လဆန်း(၁)ရက်တွင် လူအိုရုံဖွင့်ပွဲ အခမ်းအနား ရှိပါသည်။

တောင်ခြေကျေးရွာများမှ ကလေးများကို ဖိတ်ခေါ်ပြီး ထမင်း၊ ဟင်း၊ အဖျော်ယမကာမျိုးစုံ၊ မုန့်မျိုးစုံ ကျွေးမွေးပါသည်။ ဧည့်သည်များကိုလည်း ကျွေးမွေးပါသည်။ လူအိုရုံ ဒကာ,ဒကာမများ၊ ဧည့်သည်များကို တရားဟောပါသည်။ **(ဆရာတော်၏ မွေးနေ့လည်း ဖြစ်ပါသဖြင့် အဝေးမှ ဧည့်သည်များ ရှိပါသည်။)**

ဆရာတော်၏ မွေးနေ့တိုင်း (နှစ်စဉ် အလှူဒကာမ မိသားစုမှာ ညောင်ဦးမြို့ ခွဲရှုက်ပါ။ ယနေ့ထိ လှူဆဲ ဒကာမပါ။) (လူအိုရုံမှ အဘိုး၊ အဘွားများကို တန်းစီထိုင်စေပါသည်။) တရားဟောပြီးသောအခါ လှူဖွယ်အစုစုနှင့် အဘိုး၊ အဘွားများကို ပရိသတ်များက လှူကြပါသည်။) လူအိုရုံ ဖွင့်ပေးသော ရည်ရွယ်ချက်ကို ဟောပါသည်။

လူအိုရုံမှ အဘွား ဒေါ်ပြား(ဝေယျာဝစ္စကုသိုလ်ရှင် ပြုခဲ့သူပါ။ နှစ်ပေါင်းများစွာ တောင်တော်မြတ်တွင် ဝေယျာဝစ္စ လုပ်ခဲ့သူပါ။)အကြောင်း ဟောကြားပါသည်။

လွန်ခဲ့သော နှစ်များစွာကပါ။ ဆရာတော် တောင်တော်မြတ်၌ ဝါကပ်ခဲ့ပါသည်။ ဝါကျွတ်သောအခါ မန္တလေးမြို့ (...)တိုက်၏ ကထိန်သို့ ကြွပါသည်။



ပြီးလျှင် ရန်ကုန်မြို့ (...)ဝိပဿနာ ရိပ်သာ၊ အခြားအခြားသော ဆရာတော့် ဌာနများသို့ ကြွပါသည်။

တရားဌာနများတွင် အခြားသော မြို့ကြီး၊ မြို့ငယ်များတွင် တရားပြသ (တရားအဲလှူ) ပေးနေခဲ့ပါသည်။ တစ်နှစ်ပတ်လုံးပါ။ နောက်နှစ် တောင်တော်မြတ်၌ ဝါဆိုပြန်ပါသည်။ ဝေယျာဝစ္စ ဒေါ်ပြားက ဆရာတော့် ပစ္စည်းများကို ဆရာတော်အား ပြန်ကပ်ပါသည်။ လွယ်အိတ်တစ်လုံးလည်း ပါရှိသည်။ ထိုလွယ်အိတ်ထဲတွင် ရွှေနာရီ(ရွှေစစ်စစ်ဖြင့် ပြုလုပ်ထားပါသည်။ အမေရိကန်နိုင်ငံမှ လှူခဲ့ခြင်းပါ။)က ရှိနေပါသည်။

တစ်နှစ်ကြာ ဆရာတော်၏ ပစ္စည်းများ မပျောက်အောင် ဒေါ်ပြား သိမ်းဆည်းထား၏။ အလွန်ရိုးသားသော သစ္စာရှိသော ဝေယျာဝစ္စကြီးပါ။

လူအိုရုံတွင် ဒေါ်ပြား ချမ်းသာစွာ နေခွင့်ရပါသည်။ (လူအိုရုံတွင် ကွယ်လွန်ခဲ့ပါပြီ။) အသက်(၈၀)နီးနီး ဂေါပကကြီး(ဟောင်း) ဦးခင်(အဘိုးခင်)၏ တောင်တော်မြတ်တွင် လုပ်ကိုင်ခဲ့သော စွမ်းဆောင်မှုကို ချီးကျူး၏။ ရိုးသားမှုကို ချီးကျူး၏။ သစ္စာရှိမှုကို ချီးကျူး၏။ (ဂေါပကဟောင်းကြီး ဦးခင် ကွယ်လွန်သွားပါပြီ။)

၁၉၈၈ ခုနှစ် အမေရိကန်နိုင်ငံသို့ ကြွစဉ် ဆရာတော်မြတ် အင်္ဂလိပ်စကား မပြောတတ်ပါ။ ကပ္ပိယမှာ စိုက်ပျိုးရေး တက္ကသိုလ်(မန္တလေး)မှ ဆရာဖြစ်ပါသည်။ ဆရာတော်ထံ ရောက်လာသော ပင့်စာ(အင်္ဂလိပ်)ကို ဘာသာပြန်ပြီး ဆရာတော်ကို လျှောက်ကြားပါသည်။

ပြန်စာကို ကပ္ပိယကြီး ရေးသားပါသည်။ အမေရိကန်နိုင်ငံသို့ လိုက်ပါသွားပြီး စကားပြန်အဖြစ် ဆောင်ရွက်ပါသည်။

အမေရိကန်နိုင်ငံတွင် ဆရာတော် တရားဟော(မြန်မာလို)လျှင်၊ တရားပြလျှင် Dr.(...)(မြန်မာနိုင်ငံပေါက်၊ အမေရိကန်တွင်နေထိုင်သူ)က စကားပြန်ပါသည်။ အမေရိကန်နိုင်ငံသို့ ဒုတိယအကြိမ်၊ တတိယအကြိမ်များတွင် ဆရာတော်မြတ် အင်္ဂလိပ်စကားလုံးများကို သုံးစွဲပြောကြားနိုင်ပါသည်။

ဆရာတော် ချိုင်းကြားညှပ်ပြီး ယူဆောင်သွားသော **"ဘုရားဆေး၊ ရွှေဘုရားဆေး"**ပုလင်းကို စစ်ဆေးနေသူက မေးလျှင် "Buddha medicine" ဟု ဆရာတော်က ဖြေကြား၏။ **(စစ်ဆေးသူက "OK"ဆို ပြီးသွားပါသတဲ့။)**

ဆရာတော်မြတ် မြန်မာနိုင်ငံ၌ တရားဟောရာတွင် အမေရိကန် အသုံးအနှုန်းများကို အင်္ဂလိပ်လို (ပီပီသသကြီး)ပြောနိုင်ပါသည်။ ယောဂီများ (ဆရာတော်မြတ်၏ ဉာဏ်ထက်မှုကို) အံ့ဩကြရပါသည်။

(ယခု သက်တော် ကြီးရင့်နေပြီဖြစ်သော်လည်း အင်္ဂလိပ်စကားလုံးကို ပီပီသသ ပြောနိုင်ပါသည်။ သွားတစ်ချောင်းမှ မရှိသော်လည်း မြန်မာစကား၊ အင်္ဂလိပ်စကား ပီသပါသည်။ လေထွက်သော အသံဖြင့် မပီမသ

www.burmeseclassic.com

မပြောပါ။)

တပည့်ယောဂီများက ဆရာတော်မြတ်အား လှူကြသော ပစ္စည်းများက များလှစွာပါ။ မြို့ကြီး၊ မြို့ငယ်များသို့ တရားပြသ ကြွတော်မူပါသည်။ (ဥပမာ – မြန်မာနိုင်ငံအထက်ပိုင်း ဗန်းမော်မြို့မှ လှူခဲ့သော လှူဖွယ်များကို မန္တလေးမြို့(...)တိုက် သံဃာများ(စာသင်သားများ)အား ပြန်လှူပါသည်။)

သွားတိုက်ဆေး၊ သွားတိုက်တံလိုသူ သံဃာကို သွားတိုက်ဆေး၊သွားတိုက်တံ လှူပါသည်။ ဆပ်ပြာလိုသူ သံဃာကို ဆပ်ပြာလှူပါသည်။ တဘက်လိုသူကို တဘက်လှူပါသည်။ တရုတ်မုန့်ထုပ် စက္ကူဖာများစွာ၊ ပန်းသီးဖာများစွာ၊ လိမ္မော်သီးဖာများစွာကိုလည်း (သံဃာတော်များအတွက်ပါ) လှူသည်။

ကိုရင်လေးများ(ဆရာတော် ပြန်လာလျှင်) အလွန်မတန် ဝမ်းသာကြပါသည်။ (ဥပမာ–မြန်မာနိုင်ငံအောက်ပိုင်း ဖျာပုံမြို့မှ လှူခဲ့သော အလှူပစ္စည်းများကို ရန်ကုန်မြို့ (...) ဝိပဿနာရိပ်သာမှ သံဃာများကို ပြန်လှူပါသည်။

ယောဂီများက ဆရာတော်မြတ်အား အဖိုးတန် အသုံးအဆောင်များ လှူလေ့ ရှိပါသည်။ ဆရာတော်မြတ်က လှူသောဌာနမှာပဲ ထားခဲ့ပါသည်။ ဌာန(၁၂)ဌာနတွင် ဆရာတော်မြတ်၏ အသုံးအဆောင်များ ရှိပါသည်။ တစ်နှစ်လျှင်တစ်ခါ ထိုဌာနများက ဂေါပကတို့က ရောင်းချပါသည်။ ဆရာတော်မြတ်က ခွင့်ပြုရောင်းချစေပါသည်။

ယောဂီများက ပြန်လည်ဝယ်ယူကြပါသည်။ (မြတ်မြတ်နိုးနိုး သိမ်းထားရန်ပါ။) ရရှိသော ငွေများသည် ထိုဌာနများတွင် (အသုံးလိုသောနေရာများတွင်) အသုံးချစေပါသည်။ ဆရာတော်မြတ်ကတော့ ဘာပစ္စည်းမှမရှိပါ။ (ဘာမှ မသိမ်းထားလို့ရှိပါ။) ရသမျှ အလှူကို သာသနာပြုရန်အတွက် သုံးပါသည်။

ဆရာတော်မြတ်က ရှေးရာယဉ်ကျေးမှုအမွေအနှစ်တို့ကို (နောင်လူများအတွက်) တန်ဖိုးထား၊ ထိန်းသိမ်းထားပါသည်။ ပုဂံမြို့ (...)ကျောင်း ဓမ္မာရုံတွင် နှစ်ပေါင်းရာချီ ကြာခဲ့ပြီဖြစ်သော ရှေးခေတ်လှည်းယာဉ် (၁၉၉၁ ခုနှစ်က ကားတန်ဖိုးနှင့် ညီသောငွေဖြင့် ဝယ်ပြီး)ကို (ပုဂံမြို့ (...)ကျောင်း၊ ဓမ္မာရုံ၌ ယနေ့ထိ ရှိနေပါသေးသည်။) ထိန်းသိမ်း ပြသထားပါသည်။

ပုဂံမြို့ (...)ကျောင်းတွင် ဆရာတော်မြတ် သီတင်းသုံးသော တစ်ထပ်တိုက်ကျောင်း ရှိပါသည်။ (တစ်ပါးတည်း) သီတင်းသုံးပါသည်။(ရွာဘုန်းကြီးလေး ဘဝမှ ယခု သက်တော်ကြီးရင့်လာသော်လည်း တစ်ပါးတည်း သီတင်းသုံးပါသည်။)

ထို တစ်ထပ်တိုက်ကျောင်းဘေး မန်ကျည်းပင်ကြီးအောက်၌ ပျူစောထီးမင်း၊ သေည်လည်ကြောင်မင်း၊ ကျန်စစ်မင်းတို့၏ ရုပ်တုများ ရှိပါသည်။

ရှင်အရဟံမထေရ်၏ ပုံတော်ကိုတော့ ၁၉၉၄ ခုနှစ်၊ ပုဂံမြို့ (...)ကျောင်း ဓမ္မာရုံအနီး ရုပ်တုအဖြစ် ကိုးကွယ်ထားပါသည်။ (ပုဂံခေတ် ထွန်းကားစဉ်က အထင်ကရ ပုဂ္ဂိုလ်ကြီးများကို မှတ်တမ်းတင်၏။)

ရန်ကုန်မြို့ (...)ဝိပဿနာရိပ်သာ၌ ကျေးဇူးသိသူက ကျေးဇူးဆပ်ထားသော စက်ဘီးအိုကလေး ရှိပါသည်။ ကြာမြင့်ခဲ့သော ကာလတုန်းကပါ။ တောင်တော်မြတ်၌ ဆရာတော်မြတ် ဝါဝင်စဉ် အချိန်ကပါ။ ရန်ကုန်မြို့ လူတစ်စု တရားအားထုတ်ရန် လာကြပါသည်။

ထိုလူစုတွင် လမ်းကောင်းစွာ မလျှောက်နိုင်သော လူတစ်ဦး ပါခဲ့သည်။ ခြေထောက်နှစ်ချောင်း ပြိုင်တူ မထောက်နိုင်ပါ။ ခါးက မဆန့်နိုင်၊ ကျောက ကုန်းနေ၏။ ထိုင်လျှင်လည်း ပုံစံမကျပါ။ ကိုးရိုးကားရားကြီး... ဘုရားကို ကောင်းစွာ ဝတ်မချနိုင်၊ ဆရာတော်ကို ဝတ်မချနိုင်ပါ။

အသက် (၁၈)နှစ်သားဘဝက (၃)... တင်းဝင် ဆန်(၃)အိတ်ကို ကျောပေါ်မှာ ထမ်း၏။ လှေကား(၃)ထစ် တက်သည်။ ခါးတွင် မျက်ခနဲ ဖြစ်သွားသည်။ ဆန်အိတ်တွေ ပစ်ချပြီး အော်နေခဲ့ရ၏။ နာလွန်းသဖြင့် လိမ့်နေခဲ့၏။ အရိုးကြားထဲ အကြောဝင်သွား၏။ (၃၉)နှစ်ကြာသည်အထိ မည်သည့် အနှိပ်သည်ကမှ ပျောက်အောင် မကုနိုင်ကြပါ။

အသက်(၅၇)နှစ် ရှိလာပြီး ဆရာတော်မြတ်ထံ ရောက်လာ၏။ ဆရာတော်က တရားပြသ၏။ ထိုင်၍ အားထုတ်လို့မရ။ ရပ်ကမ္မဋ္ဌာန်းဖြင့် အားထုတ်စေ၏။

ခြေထောက်တစ်ဖက်က ရပ်လျှင် တစ်ဖက် ဖနောင့်ကြွထားရ၏။ အရိုးကြားထဲ အကြောက ညပ်နေသဖြင့် ခြေထောက်နှစ်ဖက် ပြိုင်တူ မရပ်နိုင်ပါ။ အလွန်မတန် နာကျင်၏။ သို့သော် အားထုတ်ရာ၏။ အားမလျှော့ခဲ့ပါ။

ရှေ့လ ဆက်ဖတ်ပါရန်

**ဒေါ်သုမနပိစိတ္တ**
*(B.Sc, H.G.P, Dip.Ed)*



www.burmeseclassic.com

www.burmeseclassic.com

# သားသမီးရရန်

ယတြာ

နိုင်ဖေအောင်
(ရွှေကျွန်း)



တစ်နေ့သ၌ ကျွန်ုပ်သည် မင်းဆရာ ...ကျော်ပညာရှိကြီး၏ မြေးဖြစ်သူ ဆရာဒေါ်အိမ်တွင် ရှေးဟောင်း ဗေဒင် ...ညာများအကြောင်းကို ဆရာဒေါ်နှင့် ဆွေးနွေးနေကြစဉ်...

'ဆရာဒေါ် ရှိပါသလားရှင်'

'ရှိတယ် ရှိတယ် လာ တက်ခဲ့ဟေ့'

ဧည့်ခန်းအတွင်းသို့ သားသား နားနား ရိုးကျကျ ဝတ်ဆင်ထားကြသော အမျိုးသမီးနှစ်ယောက်တွင် ...ကြပါသည်။ ဆရာဒေါ်က...

'ဘာကိစ္စများ ရှိကြပါသလဲ'

'ဆရာနဲ့ဆွေးနွေးပြီး အကူအညီ တောင်းချင်လို့ပါ'

'ဆရာ ကူညီနိုင်တာဆိုရင် ကူညီပါမယ်။ ကဲ ပြော'

'ဒီလိုပါ ဆရာ၊ ကျွန်မနဲ့ ကိုတင်တို့ အကြောင်းပါကြတာ သုံးနှစ်ကျော်ပါပြီ။ ကျွန်မတို့ နှစ်ဦးလုံးက သားသမီး အလိုရှိနေကြတယ်။ အမျိုးမျိုးကြိုးစားကြတယ်။ ဒါပေမယ့် မရဘူး။

သားသမီးရဖို့ ဆုတောင်းပြည့် ဘယ်ဆိုတဲ့ နေရာတွေလဲ သွားပြီး ဆုတောင်းပြီးပါပြီ။ ဆရာဝန်နဲ့လဲ နှီးမောင်နှံနှစ်ဦးလုံး ဆေးစစ်ခံပြီးပါပြီ။

ဆရာဝန်က ပြောတော့ ဘယ်သူ့မှာမှ ချွတ်ယွင်းချက် မရှိဘူးတဲ့။ ကျွန်မတို့လဲ စဉ်းစားရ ခက်နေတယ်ဆရာ။

အခု ကိုတင်က ဆရာ့ဆီကို လွှတ်လိုက်တာပါ။ ဆရာတို့ရဲ့ လောကီပညာအရ ယတြာလုပ်သင့်တာ ရှိရင်လဲ လုပ်ရအောင်လို့ပါ။ ကျွန်မတို့ကို ကူညီပါဦးဆရာ'

'ရပါတယ်ကွယ့်၊ ဆရာ ညွှန်ကြားတဲ့အတိုင်း ယတြာကို အတိအကျ လုပ်လိုက်ပါ။ ကဲ မင်းမွေးနေ့ကို ပြော'

'ကျွန်မ တနင်္လာသမီးပါ ဆရာ'

ဆရာဒေါ်သည် စာရွက်တစ်ရွက်တွင် အောက်ပါ အင်းကွက်လေး တစ်ကွက်ကို ရေးသားလိုက်သည်။ ပြီးနောက် အကူအညီတောင်းသူ အမျိုးသမီးကို ပေးလိုက်သည်။

| | | |
|---|---|---|
| ၂ | ၇ | ၆ |
| ၁ | (၂) | ၃ |
| ၄ | ၆ | ၈ |

'ဆရာ ဒီစာရွက်လေးကို ဘာလုပ်ရမှာလဲဟင်'

'ရှင်းပြမယ်လေ၊ သေချာနား ထောင်ပြီး မှတ်ထားပါ။ ပထမဆုံး **ကျောက်ဖရုံသီးတစ်လုံးကို** ရှာပါ။ **ရေဆေးလိုက်ပါ။ သံချောင်းနဲ့ ဒီစာရွက်ထဲက အင်းကို ကျောက်ဖရုံသီးပေါ်မှာရေးပါ'**

'ကျွန်မ ရေးရမှာလား။ ကျွန်မယောကျ်ား ရေးရမှာလား ဆရာ'

'ဘယ်သူရေးရေး ရပါတယ်။ ကျောက်ဖရုံသီးပေါ်မှာ အင်းချပြီးနောက် ရုပ်ပန်းထည့်နဲ့ အလုံပတ်ပြီး မင်းတို့လင်မယားအိပ်တဲ့ ခေါင်းရင်းမှာ သုံးည ထားအိပ်ပါ။

အဲဒီအချိန်အတွင်းမှာ ကလေးရယူဖို့ မင်းတို့ ကြိုးစားရမယ်။ သားကောင်းရတနာ ရချင်ရင်တော့ မင်းတို့နှစ်ယောက်စလုံး အသက်သတ်လွတ်စား၊ ငါးပါးသီလမြဲ၊ အနန္တောအနန္တငါးပါး ဦးထိပ်ထားပါ'

'ဆရာ ခေါင်းရင်းမှာ ဘယ်နှရက် ထားရမလဲ'

'သုံးည အိပ်ထားပါ။ ပြီးနောက် ရေမှာ မျှောလိုက်ပါ'

'ချောင်းမှာ သွားပြီးမျှောလို့ ရပါ သလား ဆရာ'

www.burmeseclassic.com

'မရဘူးကွယ်၊ **ရေသေမှာ မမျှောရဘူး။ ရေရှင်မှာသာ မျှောရမယ်။** ရေစီးနေတဲ့ မြစ်ဆိပ်မှာတို့၊ ချောင်းတို့မှာ မျှောရမယ်'

'ဘယ်အချိန်မှာ မျှောရမလဲ ဆရာ'

'မနက်စောစော ကျီးမနိုးမီ မျှောပါ။ ငါးနာရီ အချိန်ဆိုရင် ကောင်းပါတယ်'

'ဒီအတိုင်း ဆောင်ရွက်ရင် ဘယ်လို အကျိုးထူးများ ရနိုင်ပါသလဲ ဆရာ'

'ဒီယတြာကို တိတိကျကျ ဆရာမှာတဲ့ အတိုင်းသာလုပ်ပါ။ မကောင်းမှု မှန်သမျှ ပြေပျောက်သွားမယ်။ အမှန်တကယ် သားသမီးရမယ်။ အမှတ်မထင်သူတွေအတွက်လဲ ပူစရာမလို၊ သားသမီး အဖတ်တင်မယ်။ မင်္ဂလာလဲ ရှိမယ်'

'ကျေးဇူးပါပဲဆရာ၊ ဆရာမှာတဲ့အတိုင်း ဆရာပေးတဲ့ ယတြာကို တိတိကျကျ လုပ်ဆောင်ပါမယ်။ ဆရာ့ကိုလဲ ကန်တော့ပါတယ်'

အမျိုးသမီးသည် စာအိတ် တစ်အိတ်ကို စားပွဲပေါ်တင်ပြီး ဆရာဒေါ်ကို ထိုင်၍ ကန်တော့ပါသည်။

'သာဓုကွယ်...သာဓု...သာဓု မင်းတို့ မိသားစု ကျန်းမာချမ်းသာကြ၍ လိုအင်ဆန္ဒနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။ သားကောင်းရတနာများလဲ အမြန်ဆုံး ထွန်းကားလာပါစေကွယ်'

'ဆရာ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး'

အမျိုးသမီးနှစ်ဦး ဆရာဒေါ်အိမ်မှ ဆင်းသွားကြပြီးနောက် ကျွန်ုပ် သိလိုသည်များကို ဆရာဒေါ်ကို မေးမိပါသည်။

'ဆရာဒေါ်ပေးတဲ့ ယတြာက အမှန်တကယ် သားသမီးရတနာ ရနိုင်သလား'

'ရနိုင်တယ် ဆရာအောင်ရေ့ ဒါ ကျွန်တော်တို့ ဘိုးဘွားများ လက်ထက်က သုံးခဲ့တဲ့ယတြာပါ။ ရှေးခေတ် မင်းမိဖုရားများ သားသမီးရတနာ မထွန်းကားရင် ဒီယတြာကို ပေးခဲ့တယ်'

'အချိန်ဘယ်လောက်ကြာရင် ရနိုင်သလဲ ဆရာဒေါ်'

'အမြန်ဆုံး ကိုးလ၊ အကြာဆုံး တစ်ဆယ့်ရှစ်လအတွင်းမှာ သားသမီး ရနိုင်ပါတယ်'

'စောစောက မိန်းကလေးက တနင်္လာသမီးနော်၊ ဒါဆို တခြား နေ့နံ သမီးတွေအတွက် ဘယ်လို အင်းမျိုး ချရမလဲ'

'ဆရာအောင် သိချင်ရင် ပြောပြမယ်၊ နေ့နံ(၇)နေ့အတွက် ရေးချရမယ့်အင်းတွေကို အစီအစဉ်အတိုင်းသာ မှတ်ပေတော့ဗျို့'

* * * ———→

'နေ့နံ (၇)နေ့အတွက် အင်းတွေတော့ ရပါပြီ။ အဲဒီအင်းတွေကို ဟိုအမျိုးသမီးကို ပြောလိုက်တဲ့အတိုင်း ကျောက်ဖရုံသီးပေါ်မှာပဲ ရေးရမှာလား ဆရာဒေါ်'

'ဟုတ်တယ် ဆရာအောင်ရေ၊ သံချောင်းနဲ့ အင်းကို ရေးရမယ်။ လုပ်ဆောင်ရမှာကတော့ စောစောကမှာလိုက်တဲ့ အတိုင်းပါပဲ။

မိမိမွေးနေ့နံအလိုက် ကျောက်ဖရုံသီးပေါ်မှာ ရေးရတာသာ ကွာခြားမှု ရှိတယ်။ တိတိကျကျတော့ လိုက်နာဆောင်ရွက်ရမယ်နော်'

'ကျေးဇူးပဲ ဆရာ ဒေါ်ရေ၊ ခုလို ရှေးဟောင်းပညာတွေကို မထိန်ဝှက်ဘဲ ပြောပြတဲ့အတွက် နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်လဲ ပညာဗဟုသုတရတာပေါ့ဗျာ'

'ကျွန်တော်ကတော့ ဒီလို ကိုယ်သိတဲ့ ပညာတွေကို ပြန်လည် ပေးဝေရတာ ကုသိုလ်ရတယ်လို့ ထင်တယ်။

ဒီယတြာတွေကို လုပ်ဆောင်ကြလို့ တစ်ဦးတစ်ယောက် လိုအင်ဆန္ဒ ပြည့်ဝ အောင်မြင်သွားတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ဝမ်းမြောက် ပီတိ ဖြစ်ရပါတယ်။ နောက် ကြုံရင်လဲ ပညာလေးတွေ ထပ်မံ ဝေမျှပါဦးမယ်'

***အားလုံး လိုအင်ဆန္ဒ ပြည့်ဝကြပါစေ***

**နိုင်ဇော်အောင်(ရွှေကျွန်း)**

၁။ တနင်္ဂနွေသမီးအတွက်

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၈ | (၁) | ၂ |
| ၃ | ၅ | ၇ |

၂။ တနင်္လာသမီးအတွက်

| | | |
|---|---|---|
| ၂ | ၇ | [illegible] |
| ၁ | (၂) | [illegible] |
| ၄ | ၆ | [illegible] |

၃။ အင်္ဂါသမီးအတွက်

| | | |
|---|---|---|
| ၃ | ၈ | ၆ |
| ၂ | (၃) | ၄ |
| ၅ | ၇ | ၁ |

၄။ ဗုဒ္ဓဟူးသမီးအတွက်

| | | |
|---|---|---|
| ၄ | ၁ | [illegible] |
| ၃ | (၄) | [illegible] |
| ၆ | ၈ | [illegible] |

၅။ ကြာသပတေး သမီးအတွက်

| | | |
|---|---|---|
| ၅ | ၂ | ၈ |
| ၄ | (၅) | ၆ |
| ၇ | ၁ | ၃ |

၆။ သောကြာသမီးအတွက်

| | | |
|---|---|---|
| ၆ | ၃ | [illegible] |
| ၅ | (၆) | [illegible] |
| ၈ | ၂ | [illegible] |

၇။ စနေသမီးအတွက်

| | | |
|---|---|---|
| ၇ | ၄ | ၂ |
| ၆ | (၇) | ၈ |
| ၁ | ၃ | ၅ |

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူ

ကြွေရည်သုတ်

# ဒံပေါက်မြီးကာနီပြားတစ်ချပ်

[၁]

စင်စစ်အားဖြင့် ကျွန်ုပ်သည် ဝိဇ္ဇာ အကြောင်း ကောင်းကောင်းသိရှိသူ တစ်ဦး မဟုတ်ပါ။ ဝိဇ္ဇာဟူသော စာလုံး ကို အထက်တန်းကျောင်းသို့ စတင်၍ ပညာသင်ကြားစဉ်က စတင် သိရှိခဲ့ လေ၏။

မိမိဇာတိချက်ကြွေ မွေးရပ်မြေဖြစ် သော နေပြည်တော် လယ်ဝေးမြို့တွင် ထိုစဉ်က အထက်တန်းကျောင်း တစ်ကျောင်းသာရှိပြီး ဝိဇ္ဇာနှင့် သိပ္ပံ အထက်တန်းကျောင်းဟု ဆိုင်းဘုတ် တင်စဉ်က "**ဝိဇ္ဇာ**"ဟူသော စာလုံးကို စတင် ရင်းနှီးခဲ့ခြင်းဖြစ်လေ၏။

ထိုကာလက **ဝိဇ္ဇာ+သိပ္ပံ** ပညာရပ် ဟူ၍ ခွဲခြားပြီး ဝိဇ္ဇာပညာရပ်အဖြစ် ပထဝီ၊ သမိုင်း၊ စီးပွားရေး၊ မြန်မာစာ၊ အင်္ဂလိပ် စာစသည်ဖြင့် အဓိက သင်ယူ ပြီး ဘီအေ(B.A)ဘွဲ့ကို ဝိဇ္ဇာဘွဲ့ဟူ၍ ပေးခြင်းဟုသာ သိရှိ နားလည်ခြင်း ဖြစ်၏။

အသက်အရွယ် အတန်ရလာ၍ ဘာသာရေးစာပေများ ဖတ်ရှုလေ့လာ သောအခါ **ဝိဇ္ဇာ**ဆိုသည်မှာ သိခြင်း၊ **အဝိဇ္ဇာ**ဆိုသည်မှာ မသိခြင်းဟု နားလည်ရပြန်၏။

ယင်းနောက် ဂမ္ဘီရစာပေဟု ခေါ်ကြ သော ပရလောက၊ လောကီပညာများ ကို ဖော်ပြသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေါ်လာသည့်အခါတွင် ဝိဇ္ဇာဆိုသည်မှာ လောကီသားများအား ကယ်တင်ရန်၊ ဘာသာရေးကျင့်စဉ်များ အားထုတ်နေသူ၊ မိမိသက်တမ်းကို ဆွဲဆန့်၍ တန်ခိုးသိဒ္ဓိအမျိုးမျိုးရှိသူ စသည်ဖြင့် လည်းကောင်း၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ စသည်ဖြင့် အစွမ်းထက်ရာ ပညာကို လိုက်၍ တန်ခိုးပြသူ စသည် ဖြင့်လည်းကောင်း အမျိုးမျိုး ဖတ်ရှုရ လေ၏။

ထိုသို့ ဖတ်ရှုရာ၌ ဝိဇ္ဇာဟူသည် ပုံစံအမျိုးမျိုး၊ နေရာအမျိုးမျိုးမှ အခြေအနေ သဏ္ဌာန်အမျိုးမျိုးဖြင့် နေထိုင် ကျက်စားပေါ် လာသည်ဟုလည်း ဖတ်ရှုဖူးလေ၏။

www.burmeseclassic.com

သို့သော် ကျွန်ုပ်အနေဖြင့် ဝိဇ္ဇာကို လည်းကောင်း၊ ဝိဇ္ဇာဟု ယူဆရသူ ပုဂ္ဂိုလ်တစ်ဦးဦးကို လည်းကောင်း တွေ့ရှိဖူးခြင်း မရှိခဲ့ပါ။

သို့သော်လည်း **စိတ်သာချ အတည်၊ ဝိဇ္ဇာမ,မည်**ဟု ယုံကြည်၍ ငယ်စဉ်ကပင် ဝိဇ္ဇာကို စိတ်ဝင်စားသော သူငယ်ချင်းတစ်ဦး ရှိခဲ့ဖူးပါသည်။

ထိုစဉ်ကာလက ကျွန်ုပ်သည် အများသူငါ လူငယ်များနည်းတူ ခေတ်မီသော၊ တိုးတက်သော၊ လက်တွေ့ကျသော၊ အသုံးပြုနိုင်သော၊ သိပ္ပံနည်းကျသော စသည့် စကားလုံးများနှင့်သာ သဘောကျ လုံးထွေးနေချိန်လည်းဖြစ်၏။

သူငယ်ချင်း၏ နာမည်မှာ ထင်အောင်ကျော်ဖြစ်ပြီး ငယ်စဉ်ကာလကပင် ခင်မင်သော သူငယ်ချင်းကောင်း ဖြစ်လေ၏။ ပညာရေးတွင် မတော်လွန်း မညံ့လွန်း အလယ်အလတ်ရှိပြီး အမြဲတစေ ပြုံးနေတတ်သူဖြစ်၏။

လက်တွေ့၊ စိုက်ပျိုးရေးချိန်၊ စစ်ပညာအချိန်၊ အားကစားအချိန် စသော ပင်ပန်းရသည့်အခါတွင်လည်း သူငယ်ချင်းများကို ကူညီတတ်သူ ဖြစ်၏။ သူ၏ အစ်ကိုမှာ မူလတန်းဆရာဖြစ်ပြီး ဖခင်မှာ မြန်မာဆေးဆရာဖြစ်၏။

ဗိန္ဓောဆရာဖြစ်ပြီး ဆရာစိန်ဟု ခေါ်ဝေါ်လေ၏။ အတန်ငယ် ချို့ငဲ့သူဖြစ်ပြီး နေအိမ်ပိုင်းကွက် မပိုင်သူဖြစ်၍ ဓမ္မာရုံဝင်းကြီးထဲတွင် အိမ်ငယ်လေးတစ်လုံး ဆောက်၍ နေရလေ၏။ သူ၏ ဖခင်ကြီးမှာလည်း အမြဲ ပြုံးရွှင် သဘောကောင်းပြီး သျှောင်ထုံးနှင့်ဖြစ်လေ၏။

ကျွန်ုပ်တို့က ကွယ်ရာတွင် ဆရာကြီးသျှောင်စိန်ဟု နောက်ပြောင် ခေါ်ဝေါ်တတ်လေ၏။ ထိုသို့ခေါ်သော်လည်း ထင်အောင်ကျော်မှာ စိတ်ဆိုးတတ်သူ မဟုတ်ပေ။

ထို့ကြောင့် သူငယ်ချင်းများက ခင်မင်ကြခြင်းဖြစ်လေ၏။ သူ၏ ပါးစပ်မှလည်း အငြိမ်မနေ၊ တတွတ်တွတ်ရွတ်နေတတ်၏။ ကြားရသမျှ **"ဗုဒ္ဓေါ၊ ဗုဒ္ဓေါ"**ဟုသာ များသောအားဖြင့် ရွတ်နေတတ်၏။ သူ၏ ဖခင်ကြီးမှာ ဗိုထိုးတတ်သဖြင့် ဘိုးတော်သျှောင်စိန်ဟုလည်း နောက်ပြောင်ကြ၏။

ယင်းတို့အိမ်မှာ ဆင်းရဲသော်လည်း မနက်ပိုင်းတွင် အရူးတစ်ယောက် ရောက်လာတတ်၏။ အရူးမှာ မည်သည့်အရပ်မှ လာ၍ မည်သူဟု မသိရသော်လည်း ဓမ္မာရုံကြီး၏ ဝရန်တာတွင် အိပ်စက်၍ ထင်အောင်ကျော်တို့အိမ်သို့ လာတတ်၏။

ထိုအခါ ဘိုးတော်သျှောင်စိန်က ခိုင်းသဖြင့် ထင်အောင်ကျော်က ထမင်းကျွေးရ၏။ အရူးမှာ အိမ်ထဲသို့ မဝင်။ အိမ်အောက်က စောင့်နေ၏။

အိမ်အောက်ဟု ဆိုရခြင်းမှာ ထင်အောင်ကျော်တို့နေအိမ်မှာ (၃)ပေခန့်မြင့်သော ဝါးကြမ်းခင်း ခင်းထားသောကြောင့် ဖြစ်၏။ ထင်အောင်ကျော်က ကြွေရည်သုတ် သံပန်းကန်ပြားတွင် ဟင်းများပုံ၍ ကွပ်ပျစ်မှာ ချပေး၏။

အရူးက ယူသွားပြီး အိမ်ရှေ့ သစ်ပင်အောက်တွင် သွား၍ စား၏။ ယင်းနောက် ပန်းကန်ပြားကို စားသောက်ပြီး ပြန်ထားပေး၏။ နေ့စဉ်ကျွေးလေ့ရှိ၏။

အရူးမှာ အသားဖြူဖြူ ဆံပင်ရှည်ရှည်ဖြစ်ပြီး တရုတ်နှင့် တူသောကြောင့် တရုတ်အရူးဟု အလွယ်ခေါ်ကြ၏။ ကျွန်ုပ်မှာလည်း နေ့စဉ်မြင်တွေ့နေရ၍...

'ဟေ့ကောင်... နေ့တိုင်း အရူးကို ကျွေးနေရတာ အလုပ်မရှုပ်ဘူးလား'

ဟု မေးလေ၏။ ထိုအခါ ...

'အရူးလို့ မခေါ်ပါနဲ့ကွာ'

ဟု ထင်အောင်ကျော်က ပြောလေ၏။ ကျွန်ုပ်က...

'အရူးမဟုတ်ရင် စိတ်မနှံ့တဲ့သူပေါ့'

ဟု ထပ်ကွန့်လေ၏။ ဇော်အခါ ထင်အောင်ကျော်က...

'ဝိဇ္ဇာမှာ လိပ်စာမရှိဘူးဆိုတာ ကြားဖူးလားကွ'

ဟု မေး၏။ ကျွန်ုပ်လည်း ထပ်မံ၍...

'မကြားဖူးဘူး။ လိပ်စာမရှိရင် သန်းခေါင်စာရင်းလုပ်ပေါ့ကွာ၊ ဟား... ဟား'

နောက်ပြောင်ပြန်၏။ ထင်အောင်ကျော်က ပြုံး၍သာ နေလေ၏။

မကြာမီ ထင်အောင်ကျော်၏ အစ်ကိုမှာ အလယ်တန်းပြဆရာအဖြစ် ရာထူးတိုးသွားပြီး ကျောင်းဝင်းအနီးတွင် သပ်ရပ်သော တိုက်အိမ်ကလေး တစ်လုံး ဆောက်၍ နေထိုင်နိုင်လေ၏။ ထင်အောင်ကျော်မှာ (၁၀)တန်းအောင်ပြီး သစ်တောတက္ကသိုလ်သို့ တက်ရောက်သွားလေ၏။

ကျွန်ုပ်နှင့် ထင်အောင်ကျော်မှာ ငယ်သူငယ်ချင်းများဖြစ်၍ ထင်အောင်ကျော် တက္ကသိုလ် တက်ရောက်သောအခါ ယင်းနေထိုင်ရာ အဆောင်သို့ သွားရောက် လည်ပတ်လေ၏။ ယင်းနေထိုင်သော သထုံဆောင်မှ ညပိုင်းတွင် အဆောင်မှူးထံ ခွင့်ပန်၍ လှည်းတန်းသို့ လက်ဖက်ရည်သောက် ထွက်တတ်၏။

တစ်နေ့သ၌ ထင်အောင်ကျော်နှင့် လက်ဖက်ရည်သောက်ပြီး ပြန်လာ[illegible]တွင် ထင်အောင်ကျော်က [illegible] အတွင်းမှ လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာမှ ချွေးများကို သုတ်၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ယင်းအိတ်အတွင်းမှ ပစ္စည်းတစ်ခုသည် ကတ္တရာလမ်းပေါ်သို့ ''ထောက်''ခနဲ မြည်၍ ကျသွားလေ၏။ ကျွန်ုပ်တို့ သူငယ်ချင်းတစ်စုလည်း မလင်းတလင်း မီးရောင်အောက်တွင် ကျသွားသော ပစ္စည်းကို ဝိုင်း၍ ရှာပေးကြလေ၏။

ထိုအခါ ကတ္တရာလမ်းချိုင့်ခွက်ကြီးအတွင်း ကျနေသော ပြောင်ပြောင်လက်လက် လောက်စာလုံးငယ်ငယ်၊ ဇနဂေါ်လီလုံးအရွယ် ဘောလုံးကလေးကို တွေ့လေ၏။ ထင်အောင်ကျော်က ယူပြီး လက်ကိုင်ပဝါဖြင့် ထုတ်ပြီး အိတ်ထဲ ထည့်သဖြင့် ကျွန်ုပ်လည်း...

'အဲဒါ ဘာလဲကွ'

ဟု မနေနိုင်မထိုင်နိုင် မေးလေ၏။ ထင်အောင်ကျော်က ပြုံးနေပြီး ပြန်မဖြေသဖြင့်...

'ဟေ့ကောင်... အဲဒါ ဓာတ်လုံးဆိုတဲ့ဟာလား'

ဟု မေးရလေ၏။ ထင်အောင်ကျော်က...

'အေး...ဟုတ်တယ်၊ ဝိဇ္ဇာကပေးတာကွ'

ဟု ဖြေ၏။ ကျွန်ုပ်လည်း...

'ဒါကြောင့်ထင်တယ်၊ မင်းဓာတ်လုံးက တော်တော်စွမ်းပုံရတယ်၊ ကတ္တရာလမ်းကို အပေါက်ကြီးတောင် ဖြစ်သွားတယ်'

ဟု နောက်ပြောင်လေ၏။ စင်စစ်သူ၏ ဓာတ်လုံးဆိုသောအရာမှာ ကတ္တရာလမ်းပေါက်ကြီးထဲ ကျသွားခြင်းသာ ဖြစ်လေ၏။ ထင်အောင်ကျော်က ကျွန်ုပ်၏ လှောင်ပြောင်စကားကို အမှုမထားဟန်ဖြင့် ပြုံး၍သာ နေလေ၏။

[၂]

တစ်နေ့သည်၌ ကျွန်ုပ်၏ ဗေဒင်



လက္ခဏာ ဟောပြောခန်းသို့ လူငယ်တစ်ယောက် ရောက်ရှိလာလေ၏။ ကျွန်ုပ်လည်း နေရာထိုင်ခင်းပေး၍ ဟောပြောရန် ပြင်ဆင်ရလေ၏။ ယင်းလူငယ်ကိုလည်း တွေ့ဖူးမြင်ဖူးသလိုရှိသော်လည်း ကောင်းစွာ မှတ်မိခြင်းမရှိ။

ဗေဒင်မေးမြန်းသူများမှာ အမြဲတစေ တွေ့နေရသူများ မဟုတ်သဖြင့် အလွန်ရင်းနှီးသူများမှအပ ကျန်ဧည့်သည်များကို ကောင်းစွာ မှတ်မိရန် လွယ်ကူသော အလုပ်မဟုတ်ပေ။

တစ်ခါတစ်ရံ လူပုဂ္ဂိုလ်ကို သိနေသလို ထင်ရသော်လည်း နာမည်ကောင်းစွာ မမှတ်မိသည်လည်း ရှိ၏။ ထိုအခါ များစွာ အားနာစရာ ကောင်းလေ၏။ ယခုလည်း ထိုလူငယ်လေးကို...

'စိတ်တော့မရှိနဲ့နော် မြင်ဖူးသလိုလိုတော့ရှိတယ်'

ဟု ပြောရလေ၏။ ထိုအခါ လူငယ်လေးက...

'မြင်ဖူးသလို ရှိတာ ဖြစ်နိုင်ပါတယ် ခင်ဗျာ'

ဟု ဖြေလေ၏။ ထို့ကြောင့်...

'သြော်... ဗေဒင်မေးဖူးတာကိုး ဘယ်သူများလဲ'

ဟု မေးမြန်းရလေ၏။ ထိုအခါ...

'မမေးဖူးပါဘူး၊ တစ်ခါမှ မတွေ့ဖူးပါဘူး'

ဟု ဖြေလေ၏။ သို့ကြောင့် ကျွန်ုပ်က...

'မတွေ့ဘူးဆဲ မြင်ဖူးသလို ထင်နေမိတာလား'

ပြန်လည် မေးမြန်းရလေ၏။

'ကျွန်တော်က ဦးရဲ့သူငယ်ချင်း ဦးထင်အောင်ကျော်ရဲ့ သားပါခင်ဗျာ'

ဟု ပြောလေ၏။

ထိုအခါမှ ကျွန်ုပ်လည်း သူငယ်ချင်း ထင်အောင်ကျော်ငယ်စဉ်က ပုံနှင့် အလွန်တူနေကြောင်း ရိပ်မိလာပြီး...

'သြော်... ဒါကြောင့်ကိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာ ထင်အောင်ကျော်ကော နေကောင်းရဲ့လား'

'ဟုတ်ကဲ့ပါခင်ဗျာ၊ နေကောင်းပါတယ်။ အဖေက ဦးရဲ့နေရာကို ညွှန်ပြီး သွားဖြစ်အောင် သွားဖို့နဲ့ စာတစ်စောင်လဲ ပေးလိုက်လို့ပါ။ ကျွန်တော်က ဆရာဝန်ပါ ခင်ဗျာ။ ထင်လင်းဇော်လို့ ခေါ်ပါတယ်။ ပုဂံဘုရားဖူးလာရင်း ဝင်လာတာပါ'

ထင်လင်းဇော်က ကျွန်ုပ်အား စာတစ်စောင် ထုတ်ပေး၏။ ကျွန်ုပ်လည်း ထင်လင်းဇော်အား မြသလွန်စေတီတော်ကြီးသို့ လိုက်လံ ပို့ဆောင်ပေးလေ၏။ သူပြန်သွားသောအခါတွင် ကျွန်ုပ်လည်း သူငယ်ချင်း ထင်အောင်ကျော်၏ စာကို ဖောက်၍ ဖတ်လေ၏။ စာပါ အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်လေ၏။

**သူငယ်ချင်း...**

ငါ... ထင်အောင်ကျော်ပါ။ ငါလဲ ကျောင်းပြီးတော့ သစ်တောဌာနမှာ အလုပ်ဝင်ပါတယ်။ အလုပ်လုပ်တဲ့အခါ ဝါသနာပါရာ သုတေသနဌာနမှာ ဝင်

www.burmeseclassic.com

လိုက်ပါတယ်။ ခုတော့ ငါလဲ အငြိမ်းစား ယူပါပြီ။ မင်းလဲ စာရေးပြီး ဗေဒင် လက္ခဏာ ဟောပြောနေတယ်လို့ သိပါ တယ်။ ဘာသာရေးလဲ အတော်အတန် လိုက်စားတယ်လို့ ကြားရပါတယ်။ ဝမ်းသာပါတယ်။

မင်း ငယ်စဉ်က Progressive ဖြစ် တာကို အားသန်တယ်မဟုတ်လား၊ ခုလို အင်ဂျင်နီယာတစ်ယောက်က သိပ္ပံဘာသာရပ်တွေအပြင် စိတ်ပိုင်း ဆိုင်ရာ အလုပ်တွေပါ စိတ်ပြန်ရောက် လာတာကို ကြိုဆိုပါတယ်။ မင်း ငယ်စဉ်က ဝိဇ္ဇာပညာရပ်ဆိုတာကို အထင်မကြီးခဲ့ဘူး မဟုတ်လား။

အထူးသဖြင့် လောကီဆိုင်ရာပညာ တွေ၊ ဖြစ်ရပ်တွေကို အမြင်မကြည်ဘူး မဟုတ်လား။ တကယ်တော့ ငါ့အဖေ က ဆေးကု၊ အဂ္ဂိရတ်ထိုးတတ်ပြီး သမထဘာဝနာ အားသန်တယ်။ ငါတို့ မိသားစု ဆင်းရဲတာကို မင်းလဲ အမြင်ပါ ပဲ။ နောက်တော့ ငါ့အစ်ကို ရာထူး အဆင့်ဆင့်တက်တယ်။

အိမ်ဝိုင်းကလေးဝယ်၊ အိမ်ကလေး ဆောက်၊ နောက် တိုက်ကလေးဆောက်၊ ငါလဲ တက္ကသိုလ်တက်ခဲ့တယ်။ ငါ့အဖေ ရဲ့ မြန်မာဆေးကိုလဲ သဘောကျလို့ ဆေးထုတ်လုပ်ရေးလုပ်တာ ဆေး ငါးမျိုးကို ရန်ကုန်ထိ ပို့ရတယ်။ အဲဒါ ကြောင့် ပိုပြည့်စုံလာတယ်။

နောက် ငါ့ညီမလေးက ဘွဲ့ရပြီး အဲဒီဆေးကို ဦးဆောင်လုပ်ရင်း ဆေး တိုက်ကြီး ဖြစ်လာတယ်။ ငါလဲ သစ်တောတက္ကသိုလ်တက်ပြီး အလုပ် ရတယ်။ အလုပ်ထဲမှာ သမ္မာအာဇီဝ မဟုတ်တာ မလုပ်ဘူး။ ပြည့်ပခရီးစဉ် သွားရတယ်။

ဆိုလိုတာကတော့ ငါတို့အားလုံး ချမ်းသာလာကြတယ်။ ချမ်းသာတာနဲ့



အမျှ ကုသိုလ်အမှုလုပ်ရတယ်။ အဖေ က အမေနဲ့အတူ ဘုရားတွေပြင်တယ်။ ကျောင်း၊ သိမ်၊ ဇရပ်တွေ ပြင်တယ်။ ရဟန်းခံ ရှင်ပြုပေးတယ်။ တရား ရိပ်သာတွေ လှူတယ်။ ရိပ်သာမှာ တရားပတ်လဲ ဝင်တယ်။ ဘုရားထီး တင်တယ်။ ပဋ္ဌာန်းပွဲ ကျင်းပပေးတယ်။

ငါတို့ညီအစ်ကိုမောင်နှမ အားလုံး အတူ ဒါနကုသိုလ် ပါဝင်ကြတယ်။ ပုံမှန် ပုတီးစိပ် တရားထိုင်တယ်။ ပြော ချင်တာက ဥစ္စာရှာပြီး ရတာကိုလဲ ကောင်းမှုနဲ့ပဲ ပျော်မွေ့တယ်။ အဲဒီငွေ တွေ ဘယ်လို တိုးပွားလာရတယ် ဆို တာ ပြောပြချင်တာပါ။ မင်းကိုပြောရင် မင်း လက်ခံနိုင်လောက်တဲ့ စိတ်ရှိနေပြီ ထင်လို့ပါ။

ငါ ငယ်ငယ်က တရုတ်အရူးလို့ မင်းခေါ်တဲ့ ဒုက္ခသည်တစ်ယောက်ကို ထမင်းကျွေးတတ်တယ် မဟုတ်လား။ မင်းကတောင် ငါ့ကို လှောင်ပြောင်ခဲ့ သေးတယ်။ တကယ်တော့ ဒါတွေက အဖေနိုင်းတာပါ။ အဖေက...

"ငါတို့တောင် ဆင်းရဲလှပြီ၊ ငါတို့ထက် ဆင်းရဲသူကိုတော့ ရှိတာ မျှပေးကြတာပေါ့ သားရယ်"

ဆိုပြီး ကျွေးခဲ့တာပါ။ ကျွေးတဲ့အခါ လဲ အဖေက...

"သားရယ် သူလဲ လူတစ်ယောက်ပဲ။ ရိုင်းရိုင်းပြောရင် ခွေးကလေး ကြောင် ကလေးတွေတောင် အဖေတို့က မေတ္တာနဲ့ ကျွေးတတ်ပါသေးတယ်။ တို့ရှာနိုင်တာ တော့ လူက အများကြီး မြင့်မြတ်ပါတယ်။ ဆင်းရဲသားဖြစ်ပါစေ၊ တောင်းရမ်းသူဖြစ်ပါစေ သဒ္ဓါနဲ့ပဲ ပေးပါ၊ ကျွေးပါ"

လို့ ပြောတယ်။

ငါကလဲ အဖေပြောသလို စေတနာ နဲ့ ကောင်းကောင်းမွန်မွန် ကျွေးခဲ့တာ ပါ။ အိမ်မှာ သမဝါယမက ပေးတဲ့ ကြွေရည်သုတ် သံပန်းကန်ပြား အပြ တစ်ချပ်ရှိတယ်။ အသစ်ပေါ့ကွာ၊ အဲဒါ နဲ့ပဲ ကျွေးခဲ့တာပါ။

နေ့စဉ်မပျက် တစ်နေ့ (၂)နပ်ပေါ့ ကွာ။ မနက်, နေ့လယ်ပေါ့။ ညစာတော့ လာမစားဘူးကွ။ မနက်ကတော့ ငါတို့ စားသလို ပဲပြုတ်၊ ထမင်းကြမ်း၊ ငါးပိ ဖုတ်ပေါ့ကွာ။ ဒီလိုနဲ့ (၆)လတိတိ ကျွေးခဲ့ပါတယ်။ တစ်နေ့တော့ နေ့လယ် စာ စားပြီး အဲဒီ ကိုတရုတ်က...

"ကောင်လေး... မနက်ဖြန်ကစပြီး ငါ လာမစားတော့ဘူး။ ခရီးထွက်တော့မယ်"

လို့ ပြောတယ်။ အဲဒီ ကိုတရုတ်က တစ်ခါမှ စကားမပြောဖူးဘူး။ များသော အားဖြင့် ဓမ္မာရုံဝရန်တာမှာ အဝတ် ထုပ်တစ်ထုပ်နဲ့ ထိုင်ပြီး ဘာမှန်းမသိ တာတွေ ပါးစပ်က တိုးတိုးတိုးတိုး ရွတ်နေ, ပြောနေတတ်တာပါ။ ငါလဲ အမှုမဲ့အမှတ်မဲ့ပါပဲ... ဒါနဲ့...

"လာစားလဲ ရပါတယ် ကိုတရုတ် ရဲ့"

လို့ ပြောလိုက်တယ်။ သူက ပြုံးပြီး ဘာမှ မပြောဘဲ ပန်းကန်ကို အောက် က စဉ့်အိုးမှာ သွားဆေးတယ်။ တကယ်တော့ သူက တစ်ခါမှ ပန်းကန် ဆေးတယ်မရှိဘူး။ စားပြီး ရေကြမ်း ပြင်မှာ တင်ခဲ့တာပါပဲ။

ဆေးပြီးတော့ သူ့ပုဆိုးနဲ့ ခြောက် အောင် သုတ်တယ်။ နောက်တော့ သစ်ပင်အောက်ကို ယူသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ လက်ညှိုးနဲ့ ပန်းကန်ပြားမှာ ထောင်ခြစ်မြောက်ခြစ် လုပ်တယ်။ နောက်တော့ ငါ့ကို လာပေးတယ်။

"သိမ်းထား ကောင်လေး မပျောက်စေနဲ့" လို့ ပြောတယ်။ ငါလဲ "ဟုတ်ကဲ့ ကိုတရုတ်" လို့ သူ ကျေနပ်အောင် ပြောလိုက်တယ်။

တကယ်တော့ သံပန်းကန်ပြားမှာ လက်ညှိုးနဲ့ လျှောက်ရေးနေတာ ဘာမှ မထင်ပါဘူး။ ဘာမှလဲ မရှိပါဘူး။ ငါလဲ ပန်းကန်ပြားကို သိမ်းထားဆို တော့ ခေါင်းရင်းဘက်က စင်ကလေး ပေါ် တင် ထား လို က် တယ်။ ဒီ လို နဲ့ တစ်ပတ်လောက် ကြာသွားတယ်။ ကိုတရုတ်လဲ အဲဒီနောက် မတွေ့ရတော့ဘူး။

တစ်နေ့တော့ ငါလဲ အိမ်မှာ ကျောင်းပိတ်တုန်း သန့်ရှင်းရေးလုပ်တယ်။ ဒါနဲ့ စင်ပေါ်တင်ထားတဲ့ ပန်းကန်ပြားလေးလဲ ပန်းကန်စင်ပေါ် ပြန်တင်ဖို့ ယူလိုက်တဲ့အခါ ပန်းကန်ပြားပေါ်မှာ အနီရောင်နဲ့ ရေးထားတာတွေ တွေ့ရတာပဲ။ ငါက ဒါဟာ အိမ်သားတစ်ယောက် ရေးထားတယ် ထင်ခဲ့တယ်။ ဒါပေမယ့် ဘယ်သူမှ မရေးခဲ့ဘူး။ အဖေ့ကို နောက်ဆုံးနေ့မှာ ကိုတရုတ်က ပန်းကန်ဆေးပြီး လက်ညှိုးနဲ့ ရေးသွားခဲ့တယ်လို့ ပြောလိုက်တော့မှ

"သားရေ... ဝိဇ္ဇာမှာ လိပ်စာမရှိဘူး ဆိုတာ ဒါပဲကွ"

လို့ ပြောတယ်။ အဖေ ဘာဆိုလိုတယ်ဆိုတာ အဲဒီအရွယ်မှာပဲ ငါသိလိုက်တယ်။

ဒါနဲ့ အဖေက အဲဒီပန်းကန်ပြားကို ရွှေရောင်ဖဲစက္ကလေးနဲ့ပတ်ပြီး ခေါင်းရင်းဘက်က စင်ကလေးတစ်ခုပေါ် တင်ထားတော့တာပဲ။ အဲဒါ ရလာပြီး ကြောခင် အစ်ကိုက ရာထူးတိုးတယ်။

ပြီးတော့ ငါတို့ လျှို့ဝှက်ချက်တစ်ခု ပြောရရင် အဖေ ထိုးနေတဲ့ အင်္ဂါရုတ် က ရွှေဖြစ်လာတယ်ကွ။ တစ်လကို တစ်ဆယ်ကျပ်သားနှုန်းနဲ့ တစ်နှစ် တိတိ ရတယ်။ နောက်တော့ မရပါဘူး။

အဲဒါကို ဆေးဆိုင်ဖွင့်၊ အိမ်ဆောက် အရင်းအနှီးလုပ်ရင်း ငါလဲ တက္ကသိုလ် တက်နိုင်လာတယ်။ အဖေလဲ ဆေးဆိုင်ကို ညီမကိုလွှဲပေးပြီး သာသနာပြု လုပ်ငန်းတွေ လုပ်လာနိုင်တယ်။ အဲဒီ ပန်းကန်ပြားပေါ်မှာ ရေးထားတာက ဟောဒီလိုကွ။ ငါ ရေးပြမယ်။

* * *

ကို မပြတ်ရွတ်၊

၂။ အင်းပေါင်ပြတ်၍ ဆက်တဲ့အခါ **"ဦး ဗုဒ္ဓ မာစေသော"** ကို မပြတ်ရွတ်၊

၃။ အင်းဆန်အက္ခရာ ရေးသွင်းတဲ့အခါ **"အဋ္ဌ မဂ္ဂင်္ဂါနို၊ ထီဝိဋ္ဌကဏ္ဍယ်၊ သုညံစေဝ၊ ဘဝိဿတိ"** ကို မပြတ်ရွတ်၊

၄။ အင်းဆန်ဂဏန်း ရေးသွင်းတဲ့အခါ **"ဦး မဏ္ဍ ရဏ္ဍ ဝိနိစ္ဆေသ"** ကို မပြတ်ရွတ်...

ဒါလဲ မင်း လောကီပညာလိုက်စား

| | | | |
|---|---|---|---|
| ဒု | မ | မ | မ |
| သ | နိ | သ | သ |
| နိ | နိ | ဒု | ဒု |

ဒုသနိမ၊ သနိမဒု၊ နိမဒုသ

| | | | |
|---|---|---|---|
| ဒု ၁ | မ ၄ | မ ၇ | မ ၁၀ |
| သ ၁၂ | နိ ၉ | သ ၂ | သ ၅ |
| နိ ၃ | နိ ၆ | ဒု ၁၁ | ဒု ၈ |

အဖေကတော့ နားလည်မှာပေါ့။ အောက်က ရေးထားတာက အင်းဆန် လို့ပြောတယ်။ ဒု...ကနေ မြင်းသွားချရ တယ်လို့ ဆိုတယ်။

နောက်တော့ အဖေက ရွှေပြား၊ ငွေပြား (၄)ခုနဲ့ ပွားပြီး သားသမီးတွေ ကိုပေးပြီး အဆောင်အဖြစ် ထားခိုင်းတယ်။

အဖေကတော့ အဲဒါကို နက္ခတ်နဲ့ တွက်တယ်။ မင်းတို့ဗေဒင်ဆရာတွေ က ကိုယ့်မွေးနေ့ မနက်(၀၉း၄၅)နာရီမှာ လုပ်တတ်တယ်လို့ ပြောတယ်။ ကြုံ တုန်း အဖေပြောတဲ့ အင်းချနည်းကို ပြောလိုက်မယ်။

၁။ အင်းပေါင်(ဘောင်) သားတဲ့အခါ **"ပဥ္စ ကွ ဥ နာ မ သော ဓေ ဝိ နံ"**

နေတော့ မြင်မယ်ထင်ပါတယ်။ ငါက တော့ အဖေပြောပြလို့ မှတ်စုစာအုပ်ထဲ မှတ်ထားလိုက်တာပါ။ အဲဒီနောက် ငါတို့မိသားစုအားလုံး ဘယ်လို ပြည့်စုံလာပြီး ကောင်းမှုတွေ လုပ်လာနိုင်တယ် ဆိုတာ ထပ်ပြောဖို့ မလိုတော့ဘူးထင်ပါတယ်။

ရွှေပြားငွေပြားပေါ် ချတဲ့အခါ အဲဒီ အင်းဆန်ဂါထာနဲ့ တစ်ထောင်ရွတ်ဖတ် မွမ်းပေးရတယ်။ အဲဒီနေ့မှာ ငါးပါး သီလခံ၊ ဘုရားမှာ ဆွမ်း၊ ရေချမ်း၊ ပန်းတင်၊ ဂုဏ်တော်၊ ပရိတ်တော်ပွား များရတယ်။

အိမ်မှာ ဆိုင်မှာ ထားရင်လဲ စီးပွား တက်တယ်လို့ အဖေက ပြောတယ်။ ရွှေပြားငွေပြား မဟုတ်ပေမယ့် ကတ်


စာမျက်နှာ (၂၇၉) သို့
www.burmeseclassic.com

www.burmeseclassic.com

မနေသင့်သော၊ မနေအပ်သော

# အိမ်နီး ညှပ်များ

ကိုဝင်းတင် (လယ်လှ)
(အထက်မြင်းလှ)







ကျွန်တော်သည် ၂၀၁၅ ခုနှစ်၊ **နိုဝင်ဘာလထုတ် အမှတ်(၃၅၂)၊ တချက်နှာ(၂၄၆) နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၌ ဆောင်းပါးရှင် အေးချမ်းမော်(မင်းလှ) ရေးသားသည့် "မိဘ ခေါင်းရင်း သားသမီး နေသင့်၊ မနေသင့်" ဆောင်းပါး**ကို ဖတ်ရှုပြီး ကျွန်တော်တို့ရွာတွင် မြင်တွေ့နေရသော အိမ်နီးညှပ်များနှင့် ရင်ဆိုင်တွေ့ကြုံရသော အခက်အခဲများကို ဖြတ်ကျော်သွားခဲ့ကြသော မိသားစုများ အကြောင်းကို ရေးသား ဖော်ပြပါမည်။

ပထမဦးစွာ အိမ်နီးညှပ်၏ အကြောင်းကို ရှင်းပြပေးချင်ပါသည်။ **အိမ်နီးညှပ်ဆိုသည်မှာ ညီအစ်ကို မောင်နှမအရင်းတို့၏ အိမ်နှစ်အိမ်ကြားတွင် တခြားမိသားစုဝင် တစ်ဦးဦးမှ ဆောက်လုပ်နေထိုင်သော အိမ်ကို အိမ်နီးညှပ်ဟု ခေါ်ပါသည်။**

ထိုသို့ နေထိုင်ကြရသော မိသားစုများ များစွာပင် ရှိနေပါသည်။ ထိုမိသားစုအားလုံးလိုလိုပင် စီးပွားရေး၊ ကျန်းမာရေး ဆုတ်ယုတ်သည့် ဒုက္ခမျိုးစုံ ကြုံတွေ့နေကြရသည်က များပါသည်။

ထိုမိသားစု အများထဲမှ ပထမဦးစွာ "ဦးမောင်"၏ မိသားစုအကြောင်းကို တင်ပြလိုပါသည်။

မူလက ဦးမောင်၏ အိမ်နေရာသည် ဦးလှကြိုင်၊ ဒေါ်မအုံးတို့အိမ်နှင့် ဦးသန်း၏ အိမ်ကြားတွင် တည်ရှိနေပါသည်။

နောင်တွင် ဦးလှကြိုင်၊ ဒေါ်မအုံးတို့၏သမီး မလှရီမှာ ဦးသန်း၏ တစ်ဦးတည်းသောသား ကိုတင်ပိုင်နှင့် အိမ်ထောင်ကျရာ မလှရီသည် ကိုတင်ပိုင်၏အိမ်တွင် လိုက်နေရပါသည်။

နှစ်များမကြာမီ နှစ်ဖက်မိဘများ ဆုံးပါးသွားကြသောအခါ ဦးလှကြိုင်၊ ဒေါ်မအုံးတို့၏ အိမ်နေရာတွင် ယင်းတို့သားဖြစ်သူ ကိုထွန်းလှက နေထိုင်ပြီး ဦးသန်း၏ အိမ်နေရာကို ယင်းတို့သား ကိုတင်ပိုင်၊ မလှရီတို့က အမွေရရှိကာ နေထိုင်ကြသောအခါ ဦးမောင်၏ အိမ်သည် ကိုထွန်းလှနှင့် မလှရီတို့၏ မောင်နှမနှစ်ယောက်၏ အိမ်နှစ်အိမ်ကြားတွင် အိမ်နီးညှပ်ဖြစ်သွားပါတော့သည်။

အစပိုင်းနှစ်များတွင် ဦးမောင်တို့ မိသားစု၏ စီးပွားရေးနှင့် ကျန်းမာရေးမှာ မသိသာသေးသော်လည်း တစ်နှစ်ထက် တစ်နှစ် စီးပွားရေး ကျဆင်းလာပြီး မိသားစုဝင်တို့၏ ကျန်းမာရေးမှာလည်း ချို့ယွင်းလာပါတော့သည်။

ဦးမောင်၏အိမ်တွင် လူမမာ မပြတ်သလောက်ဖြစ်လာပြီး စီးပွားရေးမှာလည်း လှည်းရောင်း၊ နွားရောင်းမှ ယာမြေများပါ ရောင်းချရသည်အထိ ဖြစ်လာပါတော့သည်။

ရွာမှ သက်ကြီးရွယ်အိုများက ဦးမောင်အား ယင်း၏ အိမ်နေရာမှာ အိမ်နီးညှပ်ဖြစ်နေ၍ အိမ်ပိုင်းမှ ခိုက်နေခြင်းဖြစ်ကြောင်း၊ ကြာလာလျှင် စီးပွားရေးသာမက လူတို့၏ အသက်ကိုပင် ထိခိုက်နိုင်ကြောင်း ပြောကြရာ ဦးမောင်သည် ယင်း၏ အိမ်ပိုင်း တစ်ခြမ်းကို တစ်ခြားမိသားစုတစ်ဦးအား ရောင်းချ နေထိုင်စေခဲ့ပါသည်။

ထိုအချိန်ကြမှသာ ဦးမောင်၏ မိသားစုမှာ ကျန်းမာရေးများ ပြန်လည်ကောင်းမွန်လာပြီး စီးပွားရေးလည်း ပြန်လည် အဆင်ပြေလာသည်ကို တွေ့ရပါသည်။

**ဒုတိယမိသားစုမှာ** ဦးတင်အောင်၊ ဒေါ်ငွေပိုင်တို့မိသားစု ဖြစ်ပါသည်။ အစပိုင်းတွင် ဦးထွန်းအေးနှင့် ဒေါ်ပြုံ့တို့၏ မောင်နှမနှစ်ယောက်၏ အိမ်နှစ်အိမ်ကြားတွင် တည်ရှိနေသော်လည်း ဒေါ်ပြုံ့၏ အိမ်ခေါင်းရင်း၌ ယင်းတို့၏ မိခင် ဒေါ်အေးမှာ သီးခြား သူ့အိမ်သူ့ပိုင်းလေးနှင့် ဖြစ်နေသည်။

သို့ဖြစ်၍ ဦးတင်အောင်၊ ဒေါ်ငွေပိုင်တို့၏အိမ်မှာ အိမ်နီးညှပ် မဖြစ်သေးသော်လည်း ဒေါ်အေး ကွယ်လွန်သွားသောအခါ ယင်းအိမ်နေရာကို ဒေါ်ပြုံ့က အမွေရလိုက်သဖြင့် ဦးတင်အောင်၏ နေအိမ်မှာ အလိုလို ဦးထွန်းအေးနှင့် ဒေါ်ပြုံ့ မောင်နှမနှစ်ယောက်တို့၏ အိမ်နှစ်အိမ်ကြားတွင် အိမ်နီးညှပ် ဖြစ်သွားပါသည်။

နှစ်အနည်းငယ် အကြာတွင်မှာ ဦးတင်အောင်၊ ဒေါ်ငွေပိုင်တို့၏မိသား



www.burmeseclassic.com

www.burmeseclassic.com

များမှာ ကျန်းမာရေးချို့တဲ့လာပြီး စီးပွားရေးများ ကျဆင်းတို့ ဖြစ်လာပါတော့သည်။

အသက်ကြီးသူများက ဦးတင်အောင်အား ယင်း၏ နေအိမ်မှာ အိမ်နို့ညှပ်ဖြစ်နေ၍ အိမ်ပိုင်းကို ရောင်းချ၍ ရွှေ့ပြောင်းနေထိုင်ကြရန် အကြံပေးသော်လည်း ဦးတင်အောင်မှာ မိမွေဖမွေဖြစ်နေ၍ နှမြောသည်က တစ်ကြောင်း...

အိမ်နို့ညှပ်ဖြစ်နေ၍ ဝယ်မည့်သူ မရှိသည်က တစ်ကြောင်း၊ သို့နှင့် ထိုအိမ်မှာပင် ဆက်လက် နေထိုင်လာခဲ့ရာ ဒုက္ခမျိုးစုံနှင့်ပင် အသက်ငယ်ငယ်နှင့် လူ့လောကမှ ထွက်ခွာသွားခဲ့ရပါသည်။

ကျန်ရစ်သူ ဒေါ်ငွေပိုင်မှာလည်း ဆင်ယောင်ကျားဖြစ်သူ ခေါင်းချသွားသည့် ထိုအိမ်ပိုင်းကို ရောင်းရမှာလည်း နှမြော၊ ဆက်လက်နေထိုင်၊ နေထိုင်ရမှာလည်း ကျန်မိသားစုဝင်များ၏ ကျန်းမာရေးထိခိုက်မှာလည်း စိုးရိမ်ဖြစ်နေပါသည်။

တစ်နေ့တွင် ဒေါ်ငွေပိုင်၏တူမဖြစ်သူ မချိုက အဒေါ်ဖြစ်သူ ဒေါ်ငွေပိုင်၏ အိမ်ခြေရင်းဘက်၌ ဈေးဆိုင်တည်ကာ ဈေးရောင်းချင်ကြောင်း၊ သို့သော် အိမ်ပိုင်းဝယ်ရန် သူမမှာ အခက်အခဲဖြစ်နေကြောင်း လာရောက် တိုင်ပင်သည်။

ထိုအခါ ဒေါ်ငွေပိုင်သည် မချိုအား ဈေးရောင်းရန် လက်ခံလိုက်ပြီး သူမ၏ အိမ်ခြေရင်းဘက်တွင် ဈေးဆိုင်ဆောက်စေကာ ထိုဈေးဆိုင်လေးကို ညှိနှိုးခြား၍ သီးခြားပိုင်းလေး အဖြစ်ခွဲပေးလိုက်ပါသည်။

ထိုအိမ်နေရာကို အငှားသဘောသည်းမဟုတ်၊ ကာလပေါက်ဈေးဖြင့် ရောင်းချခြင်းလည်း မဟုတ်ဘဲ အိမ်ပိုင်းတန်ဖိုးကို စတိသဘောမျိုး(ဥပမာ-ကျပ် ၅၀၀- ၁၀၀၀)ဖြင့် ရောင်းချ၍ နောင်တစ်ချိန် ဒေါ်ငွေပိုင်၏ သားသမီးများ ကြီးပြင်းလာသောအခါတွင် ထိုအိမ်ပိုင်းလေးကို ထိုဈေးဖြင့်ပင် ပြန်လည် ဝယ်ယူမည့်အကြောင်း ပြောဆိုသဘောတူကာ မချိုအား ဈေးရောင်းစေခဲ့ပါသည်။

မကြာမီ နှစ်များမှာပင် ဒေါ်ငွေပိုင်၏ မိသားစုမှာ ကျန်းမာရေးနှင့်တကွ စီးပွားရေးပါ ပြန်လည် အဆင်လာသည်မှာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

ယနေ့အချိန်ထိ အကြောင်းအမျိုးမျိုးကြောင့် မပြောင်းမရွှေ့နိုင်သေးဘဲ ဒုက္ခရောက်နေကြရသော အိမ်နို့ညှပ်ဖြစ်နေသူများသည် အဘဦးမောင်နှင့် အမေဒေါ်ငွေပိုင်တို့၏ နည်းလမ်းမျိုးဖြင့် ဖြေရှင်းကြည့်ကြစေလိုပါသည်။

သည့်ထက် ကောင်းမွန်သောနည်းလမ်းကောင်းများလည်း ရှိကောင်း ရှိပါလိမ့်မည်။ ကျွန်တော် သိရှိသမျှကိုသာ ရေးသားရခြင်းဖြစ်ပါသည်။

ဤဆောင်းပါးသည် ကျွန်တော်၏ ပတ်ဝန်းကျင်မှ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်များ ဖြစ်သော်လည်း ကာယကံရှင်များ၏ အရှက်နှင့် သိက္ခာကို ထောက်ရှု၍ အမည်များကိုသာ လွှဲပြောင်း ရေးသားထားခြင်းဖြစ်ပါသည်။

***သဗ္ဗေသတ္တာအများ ကျန်းမာ ချမ်းသာကြပါစေ။***

**ကိုဝင်းတင်(လယ်လှ)**
**(အထက်မင်းလှ)**

စာမျက်နှာ (၂၇၇)မှ အဆက်

ပြားပေါ်မှာ အဲဒီအတိုင်း ရေးခွဲပြီးစီရင်ပေးတာလဲအဖေက လုပ်ပေးတာတဲ့တယ်။

အဲဒီ ပန်းကန်ပြားလေးကိုတော့ အဖေက မှန်ဘီရို အသေးလေးလုပ်ပြီး ဘုရားစင်အောက်မှာ အခုထိ ထားခဲ့တယ်။ အဖေက (၈၅)နှစ်ရှိတော့ အမေနဲ့ တရားရိပ်သာမှာပဲ နေတယ်။

အစ်ကိုကြီးကတော့ ရွှေဘုံ ဘုရားမှာ ဂေါပကလုပ်နေပါပြီ။ ညီမလေးကတော့ သူ့အိမ်ထောင်နဲ့ စီးပွားရေးလုပ် သာသာနာပြုနေပါတယ်။

ငါ့သားကတော့ ဆရာဝန်ဖြစ်ပြီး အလုပ်လုပ်နေတယ်။ ငါ့ဇနီးကတော့ များသောအားဖြင့် တရားပတ်ဝင်နေတယ်။ငါကတော့မကြာခင်မှာဦးတေဇနိယဘွဲ့နဲ့ ရဟန်းဘောင် ဝင်တော့မယ်။

တောရ ကျောင်းကလေးလဲ ဆောက်ပြီးပါပြီ။ လောကီချမ်းသာကို မလိုတော့ဘူး။ လောကုတ္တရာ ချမ်းသာ၊ ဝိပဿနာနဲ့ နေတော့မယ်။ ဝိဇ္ဇာအစစ်ဖြစ်တဲ့ ဘုရားရှင်ရဲ့ လမ်းစဉ်အတိုင်း သွားမယ်။

မင်းကတော့ လောကီနယ်ထဲမှာရှိပြီး အလုပ်လုပ်နေခဲ့ဖို့ သူငယ်ချင်းကို လောကီလက်ဆောင်ပေးရင်း နှုတ်ဆက်ချင်လို့ ငါ့သား ထင်လင်းဇော် ပုံကံသွား ဘုရားဖူးရင်း ဒီစာကို ပေးလိုက်တာပါ။

ကျန်းမာပျော်ရွှင် အောင်မြင်ချမ်းသာပြီး တရားထူးတရားမြတ်များ ရလွှယ်,သိလွယ်ပါစေ။

သူငယ်ချင်း...

**ထင်အောင်ကျော်**

ကျွန်ုပ်လည်း ထင်အောင်ကျော်၏ စာကို ဖတ်ပြီး သူငယ်ချင်းကို များစွာ သတိရ အောက်မေ့နေမိ၏။ ငယ်ရွယ်စဉ်က သူငယ်ချင်းကို အမျိုးမျိုး လှောင်ပြောင်ခဲ့သည်ကိုလည်း စိတ်တွင်းမှ တောင်းပန်လိုက်ပါ၏။ ဝိပဿနာလမ်းသို့ တက်လှမ်းမည့် သူငယ်ချင်းအားလည်း တရားထူး ရရှိနိုင်စေရန် ဆုတောင်းနေမိပါတော့သည်။

**ကောင်းသုခ**

www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင် ရာထူး

# အရွှေ့အပြောင်းများအတွက်

ဂမ္ဘီရနည်းလေးတစ်ခု



စာရေးသူအနေနှင့် စာရှုသူ ဝါသနာရှင်များအတွက် အကျိုးထူးစေသော အစီအရင်၊ ပုတီးစိပ်အဓိဋ္ဌာန်ကျင့်စဉ်များကို အစဉ်သဖြင့် လေ့လာရှာဖွေ တင်ပြနေပါသည်။

ယခုတွင်လည်း ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း စသည်ဖြင့် ဝန်ထမ်းမိတ်ဆွေများ အားလုံးအတွက် အလုပ်အကိုင်၊ ရာထူး အပြောင်းအရွှေ့ ကျိန်းသေရစေသော ဂမ္ဘီရနည်းလေးတစ်ခုကို ရေးသားတင်ပြပါရ စေခင်ဗျာ။

ဝန်ထမ်းများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ချထားသော နေရာများတွင် တာဝန်ထမ်းဆောင်ကြရသည်။

အချို့မှာ မိဝေး၊ဖဝေး၊ မိမိဇာတိရပ်ရွာနှင့် ဝေးကွာသော နေရာများတွင် တာဝန်ထမ်းဆောင်ကြရသည်။

ထိုသို့သောအခါ၌ မိမိတို့၏ ဇာတိရပ်ရွာနှင့်နီးသော နေရာသို့ ပြန်ပြောင်းရန် အပြောင်းအရွှေ့ လျှောက်လွှာများ တင်ကြသည်။ အချို့လည်း ရာထူးတိုးနှင့် အပြောင်းအရွှေ့လျှောက်ကြသည်။ သို့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အပြောင်းအရွှေ့မရကြ။

အဆင်မပြေ ဖြစ်ကြရသောအခါမျိုး၌ အောက်ပါ ဂမ္ဘီရအစီအရင်ကို လုပ်ဆောင်ခြင်းအားဖြင့် အပြောင်းအရွှေ့များ အဆင်ပြေစေပါလိမ့်မည်။

အစီအရင်မှာ

မိမိအပြောင်းအရွှေ့ လျှောက်လွှာတင်ပြီးသွားသည်နှင့် မိမိလုပ်ကိုင်ရာ ကျောင်း၊ ရုံး စသည်များ၏ ခြံဝင်း
ငှက်ပျောပင်တစ်ပင်ကိုယူပါ။

ငှက်ပျောပင် မရှိက အခြားအပင်တစ်ပင်ကို ယူပါ။ အပင်ကို ယူသော အခါ၌ ရုက္ခစိုး၊ ဘုမ္မစိုးများကို မေတ္တာပို့သပြီးမှ
**"အပြောင်းအရွှေ့ရအောင် ဝိုင်းဝန်းစောင့်ရှောက်ပါ"**ဟု ဆုတောင်းပါ။

ထို နုတ်ယူလာသော ငှက်ပျောပင် (သို့မဟုတ်) အပင်တစ်ပင်ကို မိမိနေထိုင်ရာ အိမ်ခြံဝင်းထဲ၌ ရှင်အောင် စိုက်

ထိုအပင်ကို မေတ္တာသုတ်နှင့် ဓာရဏ ပရိတ်တော်တို့နှင့် ရွတ်ဖွားမန်းမှုတ်ထားသော ပရိတ်ရေနှင့် နေ့စဉ်လောင်း
ပါ။ ထိုအပင်ရှင်ပါက မိမိပြောင်းရွှေ့လိုရာသို့ ကျိန်းသေပြောင်းရပါသည်။

ထိုအပင်သည် အကြောင်းအမျိုးမျိုးကြောင့်**(ဥပမာ–ပိုးကျ၍ဖြစ်စေ၊ ဆိတ်, နွား စသည်တို့ကဲ့သို့ သတ္တဝါများ**
**သောက်၍ဖြစ်စေ)** အပင်သေသွားပါက မိမိတင်ထားသော အပြောင်းအရွှေ့ကိစ္စ မအောင်မြင်တတ်ပါ။

**အပင်စိုက်ရင်း အကျိုးထူးပါစေ။**

**(ကိုယ်တွေ့ ဂမ္ဘီရနည်းကလေးကို ပြောပြပေးပါသော အ.လ.က(ခွဲ) လက်ပံကုန်းကျောင်းမှ ဆရာမဒေါ်စန်း**
**အား ကျေးဇူးတင် ဂါရဝပြုလျက်...)**

*သင်္ဂြိုဟ် ဗုဒ္ဓါ ချမ်း*

**မောင်အောင်ကျော်(အိမ်မဲ)**

www.burmeseclassic.com

www.burmeseclassic.com

နဂါးတွေ့စ်ရှာ တွေ့သော မြွေကြီးဆည့်

# နဂါးပေပေား

ကောင်းခန့် (သခွတ်မြေ)
ဝက်လက်



ကမ္ဘာ့အသိအမှတ်ပြု **"ဟံလင်းမြို့ဟောင်း၊"**သည် ဝက်လက်နယ်အတွင်းတွင် ပါဝင်၍ ရွှေဘိုမြို့မှ ခန့်မှန်းချေ ဆယ်မိုင်ခန့်မျှ ဝေးပြီး ဝက်လက်မြို့၏ မြောက်ဘက် ခြောက်မိုင်ကျော်ကျော်၊ ခုနစ်မိုင်ခန့်တွင် တည်ရှိပါသည်။

**"စံရှစ်ရာ တစ်ယောက်ကြွင်း ဟံလင်းစံတဲ့မင်း၊"**ဟု ဆိုသော စကားနှင့်အညီ ဟံလင်းပျူမြို့ဟောင်း၌ ဆက်ပေါင်း(၇၉၉)ဆက် စိုးစံ မင်းလုပ် အုပ်ချုပ်ခဲ့သည့် ပျူလူမျိုးတို့၏ ရှေးမြို့တော်ဟောင်း ဖြစ်သည်ဟု အရပ်စကားအရ ပြောဆိုခဲ့ကြ၏။

ရှေးဟောင်း သုတေသနဌာနမှ တူးဖော်ထားသော **ကုန်းအမှတ် ၂၅–၂၆** ရှိ ရုပ်ကြွင်းတို့နှင့် အသုံးအဆောင် ပစ္စည်းတို့သည် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ခန့်မှဟု သမိုင်းပညာရှင်တို့ ခန့်မှန်းထားကြလေရာ အထက်ပါ ပါးစပ်ရာဇဝင်နှင့် နီးစပ်မှုရှိသည်ဟု စာရေးသူ ယူဆမိပါသည်။

**"ဟံသာနဂရ"**ခေါ် ဟံလင်းမြို့ဟောင်းသည် တစ်ချိန်က နဂါးတို့နှင့် ဆက်နွယ်မှုရှိသောမြို့ဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟံလင်းကို စတင်ထူထောင်သော **“နဂါးပေါ်(ကရဘော်)**မင်းမှ စတင်ပြီး နောက်ဆုံး မင်းဆက်ဖြစ်သော **“ပျူမင်း–ပြုံးမင်း”**ညီနောင် လက်ထက်အထိ နဂါးတို့ လာရောက် ခစားရသည်ဟု ရှေးလူကြီးသူမတို့၏ ပြောစကားအရ လည်းကောင်း...

အထင်အရှားရှိသော **“နဂါးရှုန်းကန်”**နှင့် **“မောင်ဘီလား–မောင်စကား”** နဂါးညီနောင်တို့၏ တွင်းနေရာတို့ကို ယခုထက်တိုင် တွေ့မြင်နိုင်သည့် အထောက်အထားအရ လည်းကောင်း ထိုအထက်ပါ ပါးစပ်ရာဇဝင်သည် ဟုတ်သလိုလို ကျွန်ုပ်ယူဆမိ၏။

နောက်ဆုံးမင်းဆက် ဖြစ်သော ပျူမင်းလက်ထက်တွင် နောင်တော် ပျူမင်းသည် ညီတော်ကို သူခိုးစေသော အလိုဆန္ဒအား လိုက်နာ လုပ်ဆောင်မှု မရှိသဖြင့် ကွပ်မျက်ရာမှ ပြည်တွင်း စစ်မီးကြီးလောင်ပြီး ပျူတို့၏ မြို့တော် ပျက်စီးကွယ်ပျောက်ခဲ့ရသည်ဟု ဆိုကြ၏။

ထိုအခါတွင် လာရောက် ခစားနေကြသော နဂါးတို့သည်လည်း လွတ်ရာသို့ ထွက်ပြေးကြလေသည်။

ထိုသို့ မြေကို လျှိုး၍ ပြေးကြရာမှ နောက်သို့ လှည့်လှည့်ပြီး ဦးခေါင်းမော်ပြီးကြည့်ရာမှ ယခု ဟံလင်း၏ တောင်ဘက်အတန်းတွင် နဂါးကြည့်ခေါ် **“နဂါးကျစ်”**တို့ ဖြစ်ပေါ်၍ လာခဲ့သည်ဟု ရှေးလူကြီးတို့၏ ပုံပြင်လိုလို ပြောစကားအရ သိခဲ့ရပါသည်။

စာရေးသူတို့၏ **“သခွတ္တောရွာ”**သည် ဟံလင်း၏ အနောက်တောင်ဘက် ယွန်းယွန်း(၄)မိုင်ခန့်အကွာတွင် တည်ရှိ၍ သခွတ္တော၏ အရှေ့ဘက် တစ်မိုင်ကျော်အကွာတွင် **“ကုန်းကြီး”** ကျေးရွာ တည်ရှိပါသည်။

ထိုကုန်းကြီးရွာ၏ အနောက်ဘက် မလှမ်းမကမ်းတွင် နဂါးကျစ်တို့ တည်ရှိပါသည်။

**ထိုနဂါးကျစ်တို့၏ ပုံသဏ္ဌာန်မှာ အညာဘုရားပွဲတို့တွင် မြှလုပ်ရောင်းချလေ့ရှိသော ထော်ကြွက်မုန့်ပေါက်စကြော်ကဲ့သို့ အလယ်ခေါက်ရို့ ဆောင်ကြွကာ အောက်မှာတော့ နံ့ပျော့တို့ရှိပြီး တစ်ခါ တစ်ရံ၌ မှက်ထွက် ဖီးထောင်လေ့ရှိ၏ အကျယ်အဝန်းမှာ အသမ အစိတ်၊ ငါးဆယ် တချို့ကြီးသော နဂါးကျစ်တို့မှာ တဧက၊ နှစ်ဧကခန့် ကျယ်ဝန်းသည်။**

ထိုနဂါးကျစ်ပေါ်မှာတော့ ကျူပင် ကိုင်းပင်နှင့် ပိတ်ပင်များ ပေါက်ရောက်၏။ နံဘေးနှုတ်ခမ်းတို့မှာတော့ မြေသားတင်းတင်းအောက်တွင် နွံပျော့ နှင့် တက်နင်းလျှင် အိပဲ့အိပဲ့နှင့် စာရေးသူတို့ ကလေးအရွယ်က ထိုအပေါ် တက်ခုန်ကာ ဆော့ကစားတတ်ကြသည်။

ကျူပင်ကိုင်းပင်တို့အကြား၌ မြွေ များ အောင်းတတ်သဖြင့် လူကြီးမိဘတို့က ကျွန်ုပ်တို့ ကလေးတစ်သိုက်ကို နဂါးကျစ်အလယ်အထိ ဝင်မဆော့ရန် အမြဲတမ်း သတိပေးပြောဆိုလေ့ ရှိသည်။

* * *

ညတိုင် မြင်တွေ့ရသော

မီးအလင်းတန်းများ

ကျွန်ုပ်၏ ဘိုးဘွားများ ပိုင်ဆိုင်သော လယ်ကွက်များသည် ကုန်းကြီးရွာ၏ အနောက်ဘက်တွင်ဖြစ်၍ ကုန်းကြီးရွာ၏ အနောက်တောင်ယွန်းယွန်းတွင် နှစ်ဧကခန့်ကျယ်သော **“ခေါင်းကြီးအမည်ရှိ နဂါးကျစ်ကြီး”** တစ်ခု ရှိပါသည်။

**(နဂါးကျစ်စာငယ်များ ... တစေး စုပြုံနေရာ ကျယ်ပြန့်သော နဂါးကျစ်ကြီးအဖြစ် တွေ့မြင်ရ သည်။)** ဘယ်အတွက်ကြောင့် ခေါင်းကြီး နဂါးကျစ်အမည်တွင်သည် တော့ မသိပါ။

ထိုနဂါးကျစ်ကြီး၏ အနောက် မြောက်ဘက် ခပ်လှမ်းလှမ်းတွင် ... ငါးဆယ်ခန့် နဂါးကျစ်တ... စာရေးသူတို့ ဘိုးဘွားပိုင် လယ်... သည် ထိုနဂါးကျစ်နှစ်ခု၏ အကြား...





www.burmeseclassic.com

www.burmeseclassic.com

ည်ရှိပါသည်။

ကျွန်ုပ်တို့ရွာနှင့် နည်းနည်းအလှမ်း ဝေးပြီး လမ်းအခက်အခဲရှိသဖြင့် ကောက်ကြီးစပါးရိတ်သည်နှင့် တော တက်ကာ(တောသို့ ပြောင်းရွှေ့ပြီး) တလင်းကိုင်လေ့ရှိပါသည်။ ကျွန်ုပ် သည်လည်း ကလေးအရွယ် ဖြစ်သဖြင့် ကြီးမိဖတို့နှင့် အတူလိုက်ပါ ပြောင်း ရွှေ့နေထိုင်ရပါသည်။

လသာသောတစ်ည စာရေးသူ၏ အဖေ လှည်းနှင့် စပါးနယ်နေစဉ် ကျွန်ုပ် သည်လည်း လှည်းတက်စီးကာ လှည်း နောက်မြီးမှ ကောက်ပြန့် ကောက်ရိုး များပေါ်သို့ ခုန်ချလိုက်၊ လှည်းပေါ်ပြန် ပြီး တက်လိုက်နှင့် ကလေးတို့ ဘာဝ ဆော့ကစားနေသည်။

ခဏကြာသော် ခန္ဓာကိုယ်၌ ကောက်ရိုးမှုန့်တို့ ကပ်ကာ ယားယံ သောကြောင့် လှည်းပေါ်သို့ ပြန် တက်ကာ ပက်လက်လှန်အိပ်ရင်း လမင်းကြီးနှင့် ကြယ်လေးတွေကို ကြည့်ပြီး လှည်းစီးနေစဉ်...

'ဗိုး...ဗိုး...ဗိုး...ဗိုး...ဗိုး...ဗိုး'

မြေပြင်မှ အထက် ဝါးနှစ်ရိုက်ခန့် အမြင့်တွင် မီးတန်းကြီးတစ်ခုသည် ကျယ်လောင်သော အသံနှင့် ဝါးရင်း တုတ်ကို လွှင့်ပစ်လိုက်သကဲ့သို့ ဒေါင် လိုက်စိုင်းပြီး ခေါင်းကြီးနဂါးကျစ်မှ ပျံတက် လာကာ ကျွန်ုပ်တို့ အနောက်မြောက် ဘက်ရှိ နဂါးကျစ်ထဲသို့ ဆင်းသက်ကျ ရောက်သွားသည်။

'ဟာ...ဟာ...အဲဒါဘာကြီးလဲ အဖေ' ကျွန်ုပ် မေးရာ အဖေက...

'အဲဒါ မြွေပျံတို့ နဂါးပျံတို့ပေါ့ သားရာ၊ ဒါကြောင့် နဂါးကျစ်ထဲ ဝင်မဆော့ဖို့ အဖေ တို့သားကို ပြောတာပေါ့'

ထိုညက နဂါးကျစ်တစ်ခုမှ တစ်ခု သို့ နဂါးအမျိုးအနွယ်ဝင် မြွေပျံတို့



ခေါက်တုံ့လူးလာ ပျံသန်းနေသည်ကို သုံး၊ လေးကြိမ်မျှ မြင်ရ၏။

ထိုအခြင်းအရာကို တောတက် တလင်းကိုင်နေကြသော အခြားတဲတို့ မှလည်း ညတိုင်း မြင်ကြရသည်ဟု သိရသည်။

'ဪ...နဂါးဆိုတဲ့ သတ္တဝါတွေ ဟာ ရုပ်ပုံတွေထဲမှာ ကျွန်ုပ်မြင်ဖူး သကဲ့သို့ ဦးခေါင်းပေါ်မှာ အချွန် အတက် အမောက်ကြီးတွေနှင့် မြေလျှိုးမိုးပျံနိုင်သကဲ့သို့ ကဏ္ဍိပါဒ် တန်ခိုးရှင်တွေများလား...

* * *

## နဂါးညံလော...နွားညံလော

စာရေးသူ ဆယ့်သုံးနှစ်သားအရွယ် တစ်ဝမ်းကွဲအစ်ကိုများ ဖြစ်သော ကိုညွန့်သောင်း၊ ကိုဉာဏ်လှိုင်၊ ကိုကြည် သောင်း ညီအစ်ကိုသုံးယောက်နှင့် စာရေးသူတို့သည် ကြွက်ပစ်ရန် ခေါင်းကြီးနဂါးကျစ်သို့ ရောက်ခဲ့ကြ သည်။

ထိုခေါင်းကြီးနဂါးကျစ်သည် ကြွက် နှင့် မိန်ငှက်တို့ ကျက်စားရာတစ်ခုဖြစ်၍ ကြွက်သတ္တဝါတို့သည် တွင်းဖောက် နိုအောင်းစရာမလို ကျူပင် ကိုင်းပင် ပိတ်ပင်တို့၏အကြား၌ အသိုက်အအုံ အဖြစ် တည်ဆောက်ကာ နိုအောင်း နေထိုင်လေ့ ရှိကြသည်။

ညီအစ်ကို သုံးယောက်ထဲတွင် အငယ်ဆုံး ကျွန်ုပ်နှင့် အသက်အရွယ် မတိမ်းမယိမ်းဖြစ်သူ အစ်ကိုကြည် သောင်းနှင့် ကျွန်ုပ်တို့က တစ်လံ လောက်ရှည်သည့် တုတ်တို့ကို ကိုင် ကာ နဂါးကျစ်အတွင်းဝင်ပြီး ပိတ်ပင်၊ ကျူပင်တို့ကို တုတ်နှင့်ရိုက်ပြီး ကြွက် ခြောက်ရသည်။

ကွက်လပ်ဘက်သို့ ပြေးထွက်လာ သော ကြွက်တို့ကို အစ်ကိုနှစ်ယောက် က လေးခွနှင့်ပစ်သည်။ တုတ်နှင့်ရိုက် သည်။ တစ်ခါတစ်ရံ၌ မိန်ငှက်တို့ ထွက်လာလျှင်လည်း လေးခွနှင့် ရအောင်ပစ်ကြ၏။

နှစ်ကေခန့်ကျယ်သော နဂါးကျစ် အစုအစုထဲတွင် တော်တော်နှံ့စပ် အောင် ရိုက်ခြောက်အပြီးမှာတော့ ကြွက် အကောင်နှစ်ဆယ်ခန့်နှင့် မိန်သုံးကောင်ရ၏။

ထိုမျှနှင့် အားမရကြသေးပေ၊ ကိုင်း ပင်ဒိုက်သရောတို့နှင့် အလွန်ရှုပ်ထွေး သော အရှေ့မြောက်ဘက်အစပ် နဂါး ကျစ်မကြီးတစ်ခု ဥသာကျန်သော ကြောင့် ထိုနဂါးကျစ် အနားအရောက် မှာတော့...

'ဖလူး...ရှူး...ရှူး...ရှူး...ဖလူး...ရှူး... ရှူး...ရှူး...'

ကျွဲ၊ နွားသတ္တဝါတို့၏ နှာမှုတ်သံကဲ့ သို့ ကျယ်လောင်သော အသံကိုကြား ရာ ကြောက်ရွံ့တုန်လှုပ်စွာနှင့် ညီအစ်ကိုလေးယောက်လုံး ထိုနေရာမှ ဖနောင့်နှင့်တင်ပါး တသားတည်းကျ အောင် ထွက်ပြေးခဲ့ကြရတော့သည်။

'ဪ...နဂါးဆိုတဲ့ သတ္တဝါသည် ကျွဲများ၊ နွားများကဲ့သို့ တရှူးရှူးနဲ့ နှာမှုတ်တတ်ပါသလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

**နဂါးဟု ယူဆသောသတ္တဝါကို ကိုယ်တိုင်တွေ့သူ**

သူ့နာမည် **ကိုဖိုးသစ်...**

ကိုဖိုးသစ်ဆိုလျှင် ဟိုတစ်ချိန်က ကုန်းကြီးရွာပေါ်တွင်မက အနီးတစ်လျှောက်ရွာတွေမှ မသိသူ မရှိလောက်ပေ။ အဘယ်ကြောင့်ဆိုသော်...

ကိုဖိုးသစ်သည် အရက်ပုန်းချက်၏။ ထို့ကြောင့် အရက်စွဲသော အရက်သမားတို့ ဖနီးမယား သမီးသားနှင့် မိဘဆွေမျိုးများပါ တစ်နွယ်ငင် တစ်စင်ဆိုသလို မကြည်မသာ ငြိုငြင်စိတ်တို့နှင့် သိကြ၏။

ထိုခေတ်ကာလက ယခုကဲ့သို့ အရက်ဆိုကို ရေနှင့်စပ်ရောင်းသော "ဘီအီး" အရက်များ မပေါ်သေးသဖြင့် ထနောင်းခေါက်နှင့်ထန်းလျက်ကို စိမ်၍ ချက်သော တောအရက်များသာ တောအရက်သမားတို့ သောက်သုံးကြရသည်။

အရက်ချက် ရောင်းသူများကလည်း တစ်ရွာတွင် တစ်ဦးဆိုသလိုရှိ၏။ ယစ်မျိုးက ခွင့်မပြုသောကြောင့်သာ တိတ်တဆိတ်ပုန်း ချက်ရောင်းကြရသည်။

ယနေ့လည်း ယစ်မျိုးမှ လာရောက်ရှာဖွေမည်ဟု ကြိုတင် သတင်းရထားသောကြောင့် ကိုဖိုးသစ်တစ်ယောက် အကာအကွယ်ကောင်းသော ခေါင်းကြီးနဂါးကျစ်ထဲသို့ အရက်သွားချက်ရန် အရင်နေ့ကတည်းက စိမ်ရည်အိုး၊ ပေါင်းအိုး ဖိုခုံလောက်ကအစ ထင်းတို့ကိုပါ ကြိုတင်၍ ပို့ထားနှင့်ပြီးဖြစ်၏။

ယခု ပုလင်းခွံတို့ ထည့်ထားသော ဂုန်နီအိတ်ကို ကျောပိုးကာ ခေါင်းကြီးနဂါးကျစ်ရှိရာ ရွာ၏ အနောက်တောင်ဘက်သို့ ထွက်ခဲ့သည်။

ခေါင်းကြီးနဂါးကျစ်ထဲကို ရွာနှင့်



နီးရာ အရှေ့ဘက်မှ ဝင်၍ မရပေ။ အနောက်ဘက်မှလှည့်ပြီး ဝင်ရ၏။

ခေါင်းကြီးနဂါးကျစ်သည် အပြင်မှ ကြည့်လျှင် တစ်ခုတည်းသော နဂါးကျစ်ဟု ထင်ရသော်လည်း အတွင်းဝင်သွားမှ နဂါးကျစ်အသေးများ စုပြုံဆက်စပ်နေသည်ကို တွေ့ရသည်။

ထိုနဂါးကျစ်တို့၏ အရှေ့မြောက်ထောင့်ရှိ နဂါးကျစ်တစ်ခုမှာ တခြားနဂါးကျစ်တို့ထက် ပိုကျယ်၍ ကျူကိုင်းနှင့်ပိတ်ပင် ဒိုက်သရေတို့ ပို၍ထူထပ်ပြီး မြေသားမှာလည်း အခြားတို့ထက် မြင့်မောက်နေသည့် ခေါင်းကြီးနဂါးကျစ်တစ်ခုလုံး၏ ပင်မနဂါးကျစ်ဖြစ်ဟန်တူ၏။

ထိုနဂါးကျစ်၏ အနောက်ဘက်အခြေတွင် ဖျာသုံး,လေးချပ်စာခန့် မြေပြောင်ရှိ၍ ထိုကွက်လပ်တွင် ဖိုတည်ပြီး အရက်ချက်ရန် ကိုဖိုးသစ်စီစဉ်တော့သည်။

နံဘေးပတ်လည်မှ နဂါးကျစ်များဝန်းရံနေသည့်အတွက် ထိုနေရာကို မည်သူမှ မမြင်နိုင်ပေ။

နောက်နေ့တွေ၌လည်း ဒီနေရာသို့သာ အမြဲချက်တော့မည်ဟု စိတ်ကူးပြီး စတင် ချက်လုပ်ရန် ဖိုခွင်တည် ၍ပြီး မီးမွှေးနေစဉ်၌...

'ရှဲ...ရှဲ...ရှဲ...ရှဲ...'

ပင်မနဂါးကျစ်ကြီးထဲမှ ကိုင်းပင် ဒိုက်သရေတို့ကို တစ်ခုခုနှင့် ပွတ်တိုက်တရွတ်ဆွဲသံ ပေါ်လာပြီး ထိုအသံသည် နဂါးကျစ်အစပ်ထဲသို့ ရော[က်]လာသဖြင့် ကိုဖိုးသစ် ဦးခေါင်း [မော့]ကြည့်မိသည်။

'အမယ်လေး'

နဂါးကျစ်ထဲမှ ထွက်လာသော အကောင်ကိုမြင်၍ ထိတ်လန့်ပြီး ဖ[ိုခွင်] ထိုင်လျက် နောက်သို့ လက်ထောက်ကာ ပက်လက်လန်သွားသည်။

နောက်မှ သတိဝင်လာ[သ]ဖြင့် တရွတ်ဆွဲ၍ တရွေ့ရွေ့ နောက်သို့ဆုတ်လျက် ခပ်လှမ်းလှမ်းရော[က်]မှ ထကာ ပြေးခဲ့လေတော့သည်။

ထိုအချိန်မှစပြီး ကိုမိုးသစ် တစ်ယောက် ခေါင်းကြီးနဂါးကျစ်ဘက်သို့ ယောင်၍မျှ ခြေဦးမလှည့်တော့ပေ။

သူ မျက်ဝါးထင်ထင် မြင်ရသည့် အကောင်ကြီးသည်ကား...

လယ်ထွန်သည့် ထွန်တုံးအ... အစားခန့်ရှိပြီး နှစ်လံမျှရှည်... အရောင်ခါးစပ်စပ်နှင့် ဦးခေါင်းထိပ်၌ ... အဖုပါသည့် အလွန်ကြီးမားသော ... ကြီးပင်တည်း။

* * *

နောက်ဆက်တွဲ ဖော်ပြချက်

**[ယခုအခါတွင် ထိုခေါင်းကြီး... ကျစ်ဝန်းကျင်၌ ရေလျှံတွင်း နှစ်... ခန့်ပေါက်ပြီး ကြက်သွန်စိုက်... အဖြစ် သုံးစွဲကြသဖြင့် ခေါင်း... နဂါးကျစ်နှင့်တကွ နဂါးကျစ်... လုံး ကန်ကြီးများသဖွယ် ရေချို... များဖြစ်ကာ နဂါးကျစ်တို့ ... ကွယ်သွား၍ ထိုရေကန်တို့တွင် ... လှတ်ပြီး မွေးမြူရေး လုပ်နေ... ဖြစ်ပါသည်။]**

*ကျန်းမာ ချမ်းသာကြပါစေ...*

**ခေါင်းခန့် (သခွတ်...)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com



# ဆေးရုံပေါ်မှ

## အတွေ့အကြုံများ

စောမိသွင် (ရန်ကုန်)

### မျက်စိဆေးရုံကြီးဝယ်

အဘွား အတွင်းတိမ်ဖြစ်၍ မျက်စိခွဲရမည်ဆိုတော့ ဆေးရုံတက်ခဲ့ရသည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံတွင် တက်ရပြီး ဆေးရုံက အလံပြဘုရားလမ်းတွင် တည်ရှိပါသည်။

**လွန်ခဲ့သောနှစ်ပေါင်းအစိတ်လောက်က ဖြစ်ပါသည်။** ယခု ထိုနေရာတွင် မျက်စိဆေးရုံ ရှိ၊မရှိ မသိတော့ပါ။ အမေက အလုပ်နှင့်မို့ နယ်ရောက်နေကြပြီး အဘွားဆေးရုံတက်ရ၍ အမေ့ကိုယ်စား အဘွားကို လာစောင့်ပေးရခြင်း ဖြစ်ပါသည်။

အဘွားတို့အိမ်သည်လည်း ယခုအခါ ဆေးရုံနောက်ဘက်လမ်း ဖြစ်သည့် ဆင်းဒဝစ်လမ်း(ယခုအခေါ် ဗိုလ်ရာညွန့်လမ်း)မှနေ၍ အနော်ရထာလမ်းသို့ ပြောင်းသွားသည်မှာ ကြာပြီ ဖြစ်ပါသည်။

ထိုစဉ်က အိမ်နှင့် ဆေးရုံနီး၍ တော်သေးသည်။ ဆေးရုံနောက်ပေါက်မှ ထွက်လာလျှင် ဆင်းဒဝစ်လမ်းထဲသို့ ရောက်သည်။ ဆေးရုံတက်လျှင် လိုအပ်သောပစ္စည်းများကို သယ်ဆောင်ခဲ့ရပြီး ခွဲပြီးသည့်ညမှစ၍ ညဘက် စောင့်အိပ်ပေးရသည်။

တက်ခါစက အခန်းမဟုတ်ဘဲ မျက်စိခွဲပြီး လူနာများကို တစ်ခန်းစုထားသည်။ အခန်းက သုံးယောက်ခန်း ဖြစ်ပါသည်။ ပထမညတွေမှာ လူသုံးယောက် အပြည့်ရှိသော်လည်း တစ်ရက်၊ နှစ်ရက်ကြတော့ ကျန်နှစ်ယောက်က ဆေးရုံက ဆင်းသွားကြပြီ။

အဘွားကတော့ သောက်ထားသော ဆေးအရှိန်တွေနှင့်လား မသိ ညဘက်တွင် နှစ်မြိုက်စွာ အိပ်ပျော်နေတတ်သည်။ ကိုယ့်အိပ်ရာမဟုတ်၊ ကိုယ့်အိမ်မဟုတ်တော့ ခုတင်ဘေးအောက်မှာ ဖျာခင်းပြီး အိပ်စောင့်ရသော်လည်း ကောင်းစွာ အိပ်မပျော်ပါပေ။

ညကိုးနာရီမထိုးမီ သူနာပြုများ ညဆေးသောက်ရန် လာတိုက်ပြီးကတည်းက အခန်းကို ပိတ်ထားပြီး အခန်းထဲသို့ လူဝင်လူထွက်မရှိတော့ပါပေ။ ညနေခြောက်နာရီကတည်းက လူနာကြည့်ချိန် ကုန်လွန်ပြီ ဖြစ်ပါသည်။ အိပ်မရ၍ စားစရာများထည့်ရန် ပေးထားသည့် သံဗီရိုလေးပေါ် တင်ထားသည့် နာရီကိုကြည့်လိုက်တော့ ည ဆယ့်တစ်နာရီကျော်ပြီဖြစ်သည်။

ထိုအချိန်တွင် ကော်ရစ်တာမှ လမ်းလျှောက်သံကြားရပြီး ကိုယ့်အခန်းဝတွင် ခြေသံရပ်သွားသည်။ အခန်းတံခါးသည်လည်း အပြင်မှ တွန်းဖွင့်ခြင်းကြောင့် ဟလာပေသည်။

www.burmeseclassic.com

သည့်အချိန်ကြီးမှ ဘယ်သူများလည်းဟု ထရန်ပြင်လိုက်သည့် အချိန်တွင် ခေါင်းတစ်လုံးက တံခါးကြားမှ ပေါ်လာသည်။ ယောက်ျားတစ်ယောက်၏ ခေါင်း။

ထားထားက လန့်ပြီး ဘယ်သူလဲဟု မေးလိုက်သည့်အချိန်တွင် ထိုခေါင်းက အခန်းဝမှ ချက်ချင်း ရုပ်သွားပြီး တံခါးလည်း ပြန်စေ့သွားပါသည်။

အဘွားက အိပ်ပျော်နေ၍ ထွက်ပြီး မကြည့်ဖြစ်တော့ပါ။ နောက်တစ်နေ့ ညရောက်လာတော့ ထိုအချိန်လောက်မှာပဲ တံခါးက ပွင့်လာပြန်ပါသည်။ ထိုသူပါပဲ။

ဆံပင်စုတ်ဖွား မျက်နှာအမ်းအမ်းနှင့် အသက်ကတော့ လေးဆယ်ကျော်လောက်ထင်ပါသည်။ အခန်းတံခါးဖွင့်ကာ လူတစ်ကိုယ်လုံးနီးပါး ဝင်လာဖို့ဟန်ပြင်ပါတော့သည်။


'သူခိုးလား...သူများအခန်းကို ဘာလို့လာဖွင့်တာလဲ၊ ဆရာမ... ဆရာမ လာကြပါဦး'

ထားထားက အခန်းထဲကနေ အော်ခေါ်နေ၍ ပြေးလာသော ခြေသံနှင့်အတူ အပြာဝတ်ဆရာမတစ်ယောက် ရောက်လာပါသည်။

'ဘာဖြစ်လို့လဲ ညီမ၊ လူနာ ဘာဖြစ်လို့လဲ'

'လူနာ ဘာမှမဖြစ်ပါဘူး။ အခန်းတံခါးကို ယောက်ျားတစ်ယောက် လာ...လာ ဖွင့်နေတာ နှစ်ညရှိပြီ။ ဆရာမလာတော့ အပြင်မှာ လူတစ်ယောက်ကို မမြင်ဘူးလား။ သူခိုးလားမသိဘူး။ ထားထားကတော့ သူခိုးလို့ ထင်တာပဲ ဆရာမရယ်'

'မဖြစ်နိုင်တာ ဆေးရုံတံခါးက လူနာကြည့်ချိန် ကုန်ကတည်းက ပိတ်ထားတာ၊ အစောင့်လဲ ရှိတာပဲ၊ အစောင့်က ယောက်ျားလေးဆိုပေမယ့် မိန်းမဆောင်ဘက်ကို ဘယ်တော့မှ မလာဘူး။ သူတာဝန်ကျတဲ့နေရာမှာပဲ နေတာ၊



မိန်းမဆောင်ဆိုတော့ ဘယ်ယောက်ျားမှ ညဘက်ဝင်လို့လဲ မရဘူး။ သူခိုးလဲ ဝင်လို့မရပါဘူး။ အခန်းတံခါးကို ခုံနဲ့ ခုအိပ်ပေါ့။ ဆရာမတို့လာရင် တံခါးခေါက်လိုက်မယ်နော်၊ မကြောက်ပါနဲ့'

ထားထားက မကြောက်တတ်ပါ။ နှစ်ညတိုင်တိုင် အခန်းတံခါး လာလာဖွင့်နေသောသူကို နောက်နေ့ညတော့ အမိဖမ်းမည်ဟု ဆုံးဖြတ်ထားပါသည်။

လိုလိုမည်မည် တစ်တောင်ကျော်တုတ်တစ်ချောင်းကို အနားတွင် ဆောင်ထားကာ မအိပ်ချင်အောင် လက်ဖက်ရည်သောက်၊ လက်ဖက်စားပြီး အဘွားဘေးက ခုံတန်းလေးတွင် ထိုင်နေမိသည်။ ခုတင်က နံရံနှင့်ကပ်ထားပြီး အခန်းထဲသို့ ဝင်သော တံခါးပေါက်နှင့် အနီးဆုံးဖြစ်နေသည်။

ခုံတစ်ခုံနှင့် အခန်းဝကိုလည်း ပိတ်ထားကာ အလွယ်တကူ တွန်းလျှင် မပွင့်နိုင်အောင် ပစ္စည်းများ ထည့်ထားသော ခြင်းတောင်းတစ်တောင်းကိုလည်း တင်ထားပါသေးသည်။ ဘယ်လိုတင်တင် ခုံနှင့် ခုထားထား အချိန်တန်တော့ တံခါးကို လာတွန်းပါတော့သည်။

ခုံခံနေ၍ တံခါးချက်ချင်း မပွင့်ခင်ကတည်း အခန်းတံခါး နည်းနည်းဟလာသည်နှင့် ခုံကို ဖယ်ကာ တံခါးကို ဆောင့်ဖွင့်လိုက်ပါသည်။ လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့သောအခါ...

'ဘာ လာလာလုပ်နေတာလဲ၊ ဘာဖြစ်လို့ တံခါးကို ညတိုင်း လာလာဖွင့်နေတာလဲ၊ ရှင် သူခိုးလား။ ရဲတိုင်လိုက်မှာနော်၊ မိန်းမဆောင်အခန်းတံခါးကိုမှ ဘာလို့လာလာဖွင့်နေတာလဲ'

ပါးစပ်ကလည်းပြော လက်ထဲကတုတ်တိုနှင့်လည်း ဆောင့်တွန်းလိုက်မိသည်။ လေကို တွန်းရသလိုပါပဲ၊ သူ့ဗိုက်နှင့်တုတ်ကို ထိနေတာကို သေချာမြင်ရပေမယ့် ထိသည်ဟု မထင်။ ထိုသူ ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွား၍ အနောက်မှ လိုက်ရန် ပြင်စဉ်မှာပင် မျက်စိရှေ့က ပျောက်သွားတော့သည်။

အခန်းက လှေကားနှင့်လည်းမနီး တခြားအခန်းတွေကလည်း ပိတ်ထားကြ၍ ဘယ်ကိုမှ ဝင်သွားသည်ကို မတွေ့။ ဒီတော့မှပဲ သံရဲဟု ရေရွတ်လိုက်မိပြီး အခန်းထဲ အမြန်ဝင်ကာ တံခါးကို ပိတ်ထားလိုက်မိသည်။

နောက်နေ့တွင်တော့ ဆေးရုံနှင့် အိမ်နီး၍ နေ့စဉ် အိမ်ကနေ လာပြခွင့်၊ ကုသခွင့်ပြုပါရန် အကျိုးအကြောင်းပြောပြကာ ဆေးရုံမှ ဆင်းခွင့်တောင်းခဲ့ပါသည်။

'ဆေးရုံဆိုတာတော့ ရှိတယ် မရှိဘူးပြောမရဘူးလေ၊ မျက်စိခွဲထားတဲ့ လူနာက သိပ်လှုပ်ရှားလို့ မရဘူး။ ညှော်မိခံလို့ မရဘူး။ ဖြစ်နိုင်ရင် ဆေးရုံက မဆင်းစေချင်သေးဘူး အခန်းပြောင်းပေးမယ်၊ ပတ်တီးဖြေပြီးမှ ဆင်းစေချင်တယ်'

ဆရာဝန်ကြီးစကား နားထောင်ကာ အခန်းပြောင်းခဲ့ပြီး လူလည်း အပြည့်ရှိ၍ မလန့်တော့ပါ။ ဒါကတော့ မျက်စိဆေးရုံတွင် ကြုံခဲ့ရသည့်ကိစ္စပါပဲ။

အဘွားဆေးရုံကဆင်းပြီး တစ်ပတ်ကြာတော့ ထားထားလည်း နယ်ပြန်ပြင်ရပါတော့သည်။

'သမီးလဲ နေချင်ပါတယ် အဘွားရယ်၊ ကျောင်းစာမေးပွဲကနီးနေပြီ ကျောင်းပျက်ရက်များလို့ မဖြစ်လို့ အန်တီလီလီလဲ အဘွားကို လာစောင့်



www.burmeseclassic.com

www.burmeseclassic.com

ပေးမယ်ပြောတာ မေမေခွင့်ရတော့လဲ တစ်လှည့်လွှတ်လိုက်ပါ့မယ်၊ ခွင့်ယူပြီး ရန်ကုန်ပြန်ထားတာ မကြာသေးတော့ မေမေက လာဖို့ ခွင့်မရလို့ပါ'

အဘွားကို ထားခဲ့ရသည်မှာ စိတ်မချသော်လည်း မတတ်နိုင်ပါပေ။ အဘွားမွေးစားသမီး အန့်တီလီလီက လာစောင့်ပေး၍ တော်သေးသည်။ ကိုယ့်အိမ်ကိုယ် ပြန်ရောက်တော့ အဘွားကိုစိတ်မချကြောင်းပြောမိသည်။

'ဘယ်တတ်နိုင်မလဲ သမီးရယ်၊ သမီးဦးလေးအလုပ်က ရန်ကုန်မှာပဲဆိုတော့ သူ့သားအငယ်ကို တစ်ယောက်တည်း ဘယ်ထားခဲ့ချင်ပါ့မလဲ · သမီးဦးလေး ဖုန်းဆက်ပြောတုန်းက သမီးတို့ ဆေးရုံမှာ လန့်ကြလို့ဆို'

'ဟုတ်တယ် မေမေရယ်၊ လူတစ်ယောက် နေ့တိုင်း လာလာပြီး အခန်းတံခါးဖွင့်တာလေ နောက်တော့ မျက်စိရှေ့တွင် ပျောက်သွားမှ သရဲမှန်း သိရတာ၊ သမီးက သိပ်မကြောက်တတ်ပါဘူး၊ သမ္မုဒ္ဒေလဲ၍တ်၊ အခန်းလဲ ပြောင်းပေးလိုက်လို့ တော်သေးတာ အဘွားကတော့ အိပ်ပျော်နေတော့ မသိဘူးပေါ့'

'သမီးအဘွား နိုးနေလဲ ကြောက်မှာမဟုတ်ဘူး။ အဘွားက သိပ်သတ္တိကောင်းတာ မေမေ့ကို မွေးတုန်းက ဂျင်မခါနာဆေးရုံကြီးမှာပေါ့ အဘွားကြုံခဲ့ရတဲ့ အဲဒီတုန်းက အဖြစ်အပျက်က မေမေပြောပြမယ်'

## ဂျင်မခါနာဆေးရုံကြီးဝယ်

မခင်နှင်းက သားဦးမို့ နှစ်ယောက်ခန်းကိုသာ ယူလိုက်သည်။ မကြောက်တတ်သော်လည်း တစ်ယောက်ခန်းတွင် ညဘက် တစ်ယောက်တည်း နေရမှာကိုတော့ မနေချင်ပါပေ။ မွေးပြီးမှ လူနာစောင့် ငှားမည်ဟု စိတ်ကူးထား၍ နှစ်ယောက်ခန်းဆိုတော့ အဖော်လည်း ရပေမည်။

ထိုစဉ်က တစ်ယောက်ခန်းဆို



ပိုက်ဆံပိုပေးရသည်။ သူတို့အခေါ်တော့ အထူးခန်းပေါ့။ ဟောလ်ခန်းထဲတွင် မွေးလူနာခုတင်များ တန်းစီထားကာ ပိုက်ဆံမပေးရဘဲ မွေးလို့ရသော ရိုးရိုးအခန်းများလည်း ရှိပါသည်။

မခင်နှင်း မမွေးခင်က အဝင်တံခါးပေါက်အနီး အစွန်ဆုံးခုတင်တွင် နေရသည်၊ ဘေးခုတင်တွင် မခင်နှင်းထက် အသက်လေးငါးနှစ် ပိုကြီးပုံရသော အမျိုးသမီးတစ်ယောက်။ သူကလည်း မမွေးသေးပါပေ။

ဘေးခုတင်မှ အစ်မကြီးသည် ညဘက် သိပ်အိပ်ပုံမရပါ။ ဆေးလိပ်ထထ ဖွာနေသည်ကို မခင်နှင်း နိုးလာတိုင်း တွေ့ရ၍ မအိပ်ဘူးလားဟု လှမ်းနှုတ်ဆက်စကားတော့ ပြောမိကြသည်၊ အစ်မကြီးမွေးပြီးတော့ တစ်ရက်ပဲနေကာ ဆေးရုံက ဆင်းသွားသည်။ ချုပ်ရိုးပင် မဖြေရသေးဘဲ ဆင်းသွားသော အစ်မကြီးကို နားမလည်။

အိမ်ရောက်မှ ဆရာဝန်ခေါ်ဖြေမယ်လို့တော့ ပြောသွားခဲ့ပါသည်၊ အစ်မကြီး ဆေးရုံက ဆင်းသွားတော့ ထိုခုတင်သို့ မခင်နှင်းကို ပြောင်းပေးလိုက်သည်။ မခင်နှင်းနေရာတွင် မွေးလူနာသစ်တစ်ယောက် ရောက်လာသည်။ ထိုအချိန်တွင်မခင်နှင်းက မွေးပြီးပြီဖြစ်သည်။

အိမ်မှယူလာသော ကြက်သားကြော်တို့ စားစရာတို့ကို ခုတင်ဘေးရှိ သံဗီရိုအသေးလေးပေါ်တွင် ပလတ်စတစ် အုပ်ဆောင်းအသေးလေးနှင့်

အုပ်ထားသည်။ ကလေးမွေးပြီး သွေးမလန့်စေရန် သောက်ဖို့အတွက် အိုးဘရန်ဒီ အရက်ပုလင်း အသေးပြားလေးကိုလည်း တင်ထားသေးသည်။

ဗီရိုလေးထဲတွင်တော့ စားစရာမုန့်တို့ ထည့်ထားသည်။ ပြဿနာက ထိုခုတင်သို့ ပြောင်းသော ညတွင်ပင် စပါတော့သည်။ ဆာရီအဖြူအရှည်ကို ဝတ်ထားသော ကုလားမတစ်ယောက် သူက မခင်နှင်း၏ ခုတင်ဘေးတွင် လာရပ်ကာ ကြည့်နေသည်။

မခင်နှင်းက ဘယ်သူလဲလို့မေးတော့...

'နင့်ကို ငါစားမယ်၊ နင့်ကို ငါစားမယ်'

ဟု ပြောကာ လက်ကိုချုပ်ထားသည်။ သူလက်ကလည်း ရေခဲလို အေးစက်နေသည်၊

မခင်နှင်းက နင့်ကို ငါစားမည်လို့ ဆိုကတည်းက ရိုးရိုးလူတော့မဟုတ်ဟု ထင်ကာ ဘုရားစာတွေ ရွတ်ပြီး အတင်းရုန်းသည့်အခါ လက်ကိုလွှတ်ပြီး အခန်းပြင်သို့ ဆာရီဖြူ တလွင့်လွင့်ဖြစ် ထွက်ပြေးသွားတော့သည်။

မခင်နှင်းလည်း စားပွဲပေါ်ရှိ အိုးဘရန်ဒီ အရက်ပုလင်းထဲမှ အရက်အနည်းငယ် မော့သောက်ကာ အခန်းပြင်သို့ ထွက်ပြီး ဆရာမတွေကို နားနေခန်းအထိ လိုက်ရှာမိသည်။

'ဆရာမ... ကုလားမတစ်ယောက် ကျွန်မကို လက်လာချုပ်ပြီး နင့်ကိုငါစားမယ်လို့ ပြောတာ၊ အခု ရုန်းလို့ ထွက်ပြေးသွားပြီ သရဲခြောက်တာထင်တယ် တစ်ယောက်လောက် လာစောင့်ပေးပါလား'

'ညီမကလဲ ကုလားမ သူ့ယောကျ်ားပျောက်လို့ လိုက်ရှာနေတာ နေမှာပါ မကြောက်ပါနဲ့၊ ဟဲ့...ဘေတီ သူ့ကို သွားစောင့်ပေးလိုက်ပါ။ နင် အခန်းရှင်းတာ ထားခဲ့တော့ ဆရာမတို့ လုပ်လိုက်မယ်'

လက်သုတ်ပဝါတွေ လျှော်နေသော မဘေတီက မခင်နှင်းနောက်ကို လိုက်

www.burmeseclassic.com

လာခဲ့ပြီး စောင့်ပေးခဲ့သည်၊

'အစ်မ ညစောင့် ဘာလို့ မငှားတာလဲ၊ ကျွန်မကိုငှားပါလား ကျွန်မစောင့်ပေးမယ်လေ'

'နေလဲကောင်းနေတော့ မငှားဘူးလို့ ပြောလိုက်မိတာ မဘောတီ အခုစောင့်ပေးတဲ့ ညတွက်ခကို ကျွန်မပေးမှာပါ။ မနက်ဖြန်ဆေးရုံက ဆင်းတော့မှာ မနေတော့ဘူး။ မဘောတီတို့က ဒီဆေးရုံမှာ အလုပ်လုပ်နေတော့ သိမှာပါ။ ကျွန်မကို အမှန်အတိုင်း ပြောပြ အစ်မ လက်ကို လာချုပ်တဲ့ ကုလားမက သရဲမဟုတ်လား'

'အစ်မ ဆရာမတွေကို ပြန်မပြောရဘူးနော်၊ ဘောတီကို ဆေးရုံက နှင်ထုတ်လိမ့်မယ်။ အဲဒီကုလားမက နာနတ်တောကတဲ့၊ အစ်မအိပ်တဲ့ ခုတင်မှာ ဆေးရုံတက်တာ၊ ကလေးမွေးပြီးပြီးချင်း မသေဘူး။ အဲဒီခုတင်မှာ နေရင်း သူ့ကလေးက အရင်ဆုံးသွားပြီးမှ သူလဲ စိတ်ထိခိုက်ပြီး သွေးတက်ပြီး ဆုံးတယ်ဆိုလားပဲ။

ဒီခုတင်ကို စိတ်စွဲနေတာ ဆေးရုံတက်တဲ့ လူတိုင်းကို အဲဒီလိုပဲ ခြောက်တတ်တယ်။ နောက်ပြီး အစ်မတို့က စားစရာတွေကို ခုတင်ဘေးထားတော့ စားချင်လို့လဲ လာတာနေမှာပေါ့။ ဒီခုတင်မှာတက်တဲ့ မီးနေသည်တိုင်း တစ်ညအိပ်ပဲ နောက်နေ့ဆို ဆေးရုံက ဆင်းပြေးတော့တာပဲ'

'ဒါများဟယ် အဲဒီခုတင်ကို ဖယ်လိုက်တာ မဟုတ်ဘူး။ သူ စိတ်စွဲလန်းတဲ့ ခုတင်မရှိတော့ရင် သူဘယ်လာပါတော့မလဲ၊ မဘောတီတို့ဆေးရုံ က သိသိနဲ့ ထားတာလား။ တခြားလူနာလဲ မဟုတ်ဘူး။ မီးနေသည်တွေ သွေးလန့် သေ ကုန်မှ ခက်နေမယ်။

ဒါပေမယ့် သရဲလာဆိုတယ် လက်ကို ချုပ်ထားနိုင်တာ သူချုပ်ထားတဲ့လက်ကို မနည်းရုန်းရတာ သရဲတစ္ဆေတွေက သူတို့ကို ကိုင်လို့မရဘူးဆို လေကို ဖမ်းရသလိုပဲလို့ ကြား

ဖူးခဲ့တာ။

မဖြစ်ဘူး မနက်ဖြန်တော့ အိမ်ကိုပြန်တော့မယ်။ ဒါကြောင့်ထင်တယ် ဒီခုတင်မှာ ပထမ ရှိတဲ့ အစ်မကြီး မအိပ်ဘဲ ထထိုင်နေပြီး ဆေးရုံက မြန်မြန်ဆင်းသွားတာ'

အိမ်ပြန်ရောက်ပြီး နောက်တစ်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားနာပြီး အိမ်ကို ပရိတ်ရေတို့ဖြင့် ပက်ဖျန်းလိုက်သည်၊ ဒါကတော့ ဂျင်မခါနာဆေးရုံကြီး **(လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ကအခေါ်အဝေါ်)**တွင် မေမေ ကြုံခဲ့ရသောအကြောင်းကို ပြန်ပြောပြခြင်းပါပဲ။

တိုက်တိုက်ဆိုင်ဆိုင်ပင် မေမေ နှစ်တန်းအရွယ်တွင် မေမေတို့ အိမ်ရှေ့ သုံးထပ်တိုက်ကြီးကို သူဌေးတစ်ဦးက တစ်တိုက်လုံးဝယ်ကာ အိမ်ပြောင်းလာကြသည်၊ ထိုအိမ်ရှင်၏ဇနီး အစ်မကြီးမှာ မေမေ့အမေနှင့် ဆေးရုံတွင် တစ်ခန်းတည်းနေခဲ့ရသော အစ်မကြီးပင် ဖြစ်သည်။ သူတို့ အိမ်တက်လုပ်တော့ ဖိတ်၍ သွားခဲ့ရာမှ သူကလည်း မှတ်မိကြောင်း ပြောဖြစ်ကြသည်။

'ငါ့ညီမကို ခြောက်တာကတစ်မျိုး အစ်မကိုတော့ အိပ်လို့ကို မရအောင် နှိုးတာ ညီမပြောတဲ့အတိုင်း ဆာရီအဖြူနဲ့ပဲ ငါ့ကလေးပြန်ပေးနဲ့ ကလေးကို ကလေးခန်း သပ်သပ်ထားရလို့ တော်သေးတယ်။ အတူတူရှိနေရင် လုမှား လုမလားပဲ။

အစ်မလဲ စဉ်းစားနေတာ ညီမပြောသလို သရဲက လူကို တို့ထိလို့ ရလို့လား သူက လာနှိုးတော့ သူ့လက်က အေးစက်နေတာပဲ။ ဒါကြောင့်မို့လို့ အိပ်ကို မအိပ်ရဲတော့ပဲ၊ ထထိုင်နေတာ ဒါဆို သူသေခဲ့တဲ့ ခုတင်ကို ရောက်တဲ့ မီးနေသည်တိုင်းကို ခြောက်တယ် ထင်တယ်နော်'

မေမေ ပြန်ပြောပြ၍ မေမေ့ကို မွေးစဉ် မေမေ့အမေ သမီးတို့အဘွား ကြုံခဲ့ရတဲ့ ဂျင်မခါနာဆေးရုံကြီးပေါ်မှ အဖြစ်အပျက်ပါပဲ။

## ကူးစက်ဆေးရုံကြီးဝယ်

ထားထား ရန်ကုန်ခွင့်နှင့်ပြန်စဉ် ထားထားအစ်မဝမ်းကွဲ ဝမ်းကိုက်၍ ကန်တော်ကလေးမှ ကူးစက်ဆေးရုံကို သွားပြရာ ဝမ်းကိုက်ပိုးတွေ့၍ ဆေးရုံတက်ရသည်။ သူတို့အိမ်တွင်လည်း ကိုယ်ခွဲမရှိ၍ ပထမနေ့မှ ညစောင့်လည်း မငှားဖြစ်သေးပါ။

ထိုညတွင် အစ်မကို စောင့်ပေးဖို့ တာဝန်ယူရသည်၊ အခန်းကျယ်ကြီးထဲတွင် လူနာက အစ်မတစ်ယောက်တည်း ရှိသည်။ အဝတ်အငှားလျှော်သည့် အမျိုးသမီးက နောက်နေ့ညတွင်တော့ သူ အငှားစောင့်ပေးမည်ဆို၍ အဆင်ပြေသွားသည်။

ညအိပ်ခါနီး အိပ်ရာမဝင်ခင် ညီအစ်မနှစ်ယောက် အိမ်သာသွားကြသည်။ အိမ်သာရောက်ရန် အခန်းကျယ် တစ်ခန်းကို ကျော်ဖြတ်ရသေးသည်။ ထိုအခန်းက မီးမထွန်းထားပါပေ၊ ဆေးရုံဝင်းမှ ထွန်းထားသော ခပ်မှိန်မှိန် အလင်းရောင်ကသာ အခန်းထဲကို အနည်းငယ် ရောက်ပါသည်။

အိမ်သာမှ အပြန်တွင် အခန်းထောင့်ဘက်ကို မျက်စိရောက်သွားတော့ လူတစ်ယောက် မတ်တတ်ရပ်နေသည့် အနေအထားမျိုး အရာတစ်ခုကို တွေ့လိုက်ရသည်။

ကြည့်နေစဉ်မှာ လှုပ်ရှားသွားသည်ကို မြင်လိုက်ရသည်။ စိတ်ထင်လို့ပဲလား။ လူနာကို မမြင်စေလို၍ ဖက်ခေါ်ခဲ့ပြီး အခန်းထဲရောက်တော့ သက်ပြင်းချနိုင်ခဲ့သည်။ ဘုရားစာတွေကို မအိပ်မချင်း ရွတ်နေမိသည်။

'ဘယ်လိုလုပ်ရမလဲ၊ နံရံတစ်ချပ်ခြား အခန်းထောင့်မှာ မတ်တတ်ကြီး သွား... မလား၊ မကြည့်ရဲပါဘူး၊ သရဲဆို ... ခြောက်နေဦးမယ်'

ကြည့်မယ် မကြည့်ဘူး ... လွန်ဆွဲနေရာမှ တကယ့်သရဲဆို ...

www.burmeseclassic.com

www.burmeseclassic.com



# ငှက်ပျောပင်တောင် နတ်သမီး

မျိုးတင့်
(ညောင်လေးပင်)

ကျွန်တော်ငယ်စဉ်က ငှက်ပျောပင်တို့နှင့် ဆက်နွယ်နေခဲ့သော ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့သည်။ ဂမ္ဘီရဆန်သော ဖြစ်ရပ်မို့ ယနေ့တိုင် မမေ့နိုင်သေးဘဲ ရှိသည်။

ကျွန်တော်၏ မွေးဇာတိ ရွာကလေးသည် စစ်တောင်းမြစ်ကြီး၏ ကမ်းပါးတစ်နေရာ၌ တည်ရှိသော ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ မင်္ဂလာကုန်းရွာကလေး ဖြစ်သည်။

ရှေးအခါက တစ်ရွာလုံး မီးလောင်၍ တက်တက် ပြောင်ခဲ့ဖူးသောကြောင့် မီးလောင်ကုန်းဟု ခေါ်ခဲ့ဖူးသည်။

နောင်တွင် လူကြီးများက ပညာရှိသူ ရဟန်းတော်မြတ်များ၏ ဩဝါဒကို ခံယူကာ မင်္ဂလာရှိသော မင်္ဂလာကုန်းရွာဟု မှည့်ခေါ်ခဲ့ကြသည်။

စစ်တောင်းမြစ်ကြီးသည် ကျွန်တော်

www.burmeseclassic.com

၏ ငယ်ပေါင်းချစ်ဆွေကြီးဖြစ်သည်။ မြစ်နားကမ်းနား၌ ကြီးပြင်းမွေးဖွားခဲ့ရသော ကျွန်တော်သည် စစ်တောင်းမြစ်ကြီးကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ကျွန်တော်၏ ကလေးဘဝအိပ်မက်များတွင် စစ်တောင်းမြစ်ကြီးသည် လွှမ်းမိုးနေခဲ့သည်။

ကျွန်တော်တို့ ကလေးဘဝတွင် စစ်တောင်းမြစ်ထဲ၌ ရေကူးကြသည်၊ လှေစီးကြသည်၊ ငါးမျှားကြသည်၊ ရေထဲ၌ ပျော်ရွှင်စွာ ရေငုပ်ပြိုင်ခဲ့ကြသည်။

ထို့ကြောင့်ပင် စစ်တောင်းမြစ်၏ ရေစီးသံတို့ ကျွန်တော်၏ နှလုံးသွေးလှည့်ပတ်သံအလား သံယောဇဉ် ကြီးမားခဲ့သည်။

ခက်သည်က စစ်တောင်းမြစ်ကြီးသည် သာယာလှပလွန်းသော နွေဦးရာသီများတွင် ခင်မင်ရင်းနှီးဖို့ ကောင်းသလောက် မိုးကာလများတွင် သူ၏ ဗီဇဆိုးကို ထုတ်ပြတတ်ခြင်းဖြစ်သည်။ စစ်တောင်းမြစ်သည် မိုးရောက်သည်နှင့် ဆိုင်းမဆင့်ပုံမဆင့် အခိုးတံခွန်လွှင့်တော့သည်။

မြွေကြီးတစ်ကောင် ပါးပျဉ်းထောင်သလို တဟဲဟဲ၊ တဟီးဟီး ညည်းညူအော်ဟစ်ကြိမ်းဝါးလျက် တွေ့ကရာဝါးမျိုတိုက်စားရင် ဝရုန်းသုန်းကားစီးဆင်းတော့သည်။

ကျွန်တော်တို့ကမူ ကလေးဘဝအရွယ်တွင် စစ်တောင်းမြစ်ကြီးကို အပြစ်မပြင် အချစ်အခင်မပျက်ပါသော်လည်း ကျွန်တော့်အဖေနှင့် အမေတို့မှာ စိုးတထိတ်ထိတ်နှင့် မျက်စိမျက်နှာပျက်နေကြသည်။ ဘယ်တော့များကမ်းပါးပြိုလေမလဲဟု စိုးရွံ့ ကြောက်လန့်နေသည်။

စစ်တောင်းမြစ်၊ မြစ်ရေတိုက်စား၍ ကမ်းနားတွင် နေထိုင်ကြသော ကျွန်တော့်ဖေဖေနှင့် ဆွေမျိုးများသည် အကြိမ်ကြိမ် ရွှေ့ပြောင်းခဲ့ကြရသည် မဟုတ်ပါလား။

သည်နှစ်တော့ ကျွန်တော်တို့ ကံကောင်းကြသည်။ ကျွန်တော်တို့ တဲစုကလေးသည် ကမ်းပါးပြိုသောနေရာထဲတွင် မပါသွားခဲ့၊ ဘုရားတရင်း ဆုတောင်းခဲ့သော အမေသည် "တော်ပါသေးရဲ့တော်"ဟု သက်ပြင်းရှိုက်ရင်း ရေရွတ်ရှာသည်။

မုတ်သုံရာသီအဆုတ်တွင် စစ်တောင်းမြစ်ပျိုသည် သူမဟုတ်တော့သလို ရေလှိုင်းအိကလေးတွေနှင့် ငြိမ့်ငြိမ့်ကလေး သရုပ်ဆောင်ပြန်သည်။

ဒီလိုတော့လည်း စစ်တောင်းမြစ်သည် ချစ်ခင်တွယ်တာဖွယ်ကောင်းသည်။ မိုးကာလတွင် လယ်ယာဦးကြီးတို့အတွက် အဖိုးတန်သော နုံးမြေနုများကို သယ်ယူပို့ချပေးခဲ့သည်။

စစ်တောင်းမြစ်ကမ်းနေ ကျွန်တော်တို့ တဲအိမ်ကလေးတစ်ဝိုက်တွင် ဝင်းဝါစိုအိ၍ မှို့မှို့ဝင်းဝင်း မြေဆီမြေနှစ်များကို သယ်ဆောင်ပေးခဲ့သည်။

မိန်းမပျိုကလေး၏ သွေးထားသော သနပ်ခါးနှစ်ကဲ့သို့ တွယ်တာစွဲမက်ဖွယ်ကောင်းလှသည်။ သည်တော့မှ ကျွန်တော်တို့ အဖေ ပြုံးဖော်ရသည်။

တစ်မိုးတွင်းလုံးလိုလို ခ ပ်တည်တည်ကြီး စစ်တောင်းမြစ်ကို စိန်းစိန်းကြီးကြည့်နေတတ်သော ' စစ်ပြန်ရဲဘော်ဟောင်းကြီးတစ်ဦး ဖြစ်သည့် ကျွန်တော့်အဖေ၏ အပြုံးကို ရှားပါးစွာ မြင်ရခြင်းဖြစ်သည်။

နုန်းမြေတို့ပေါ်တွင် အဖေသည် ဆောင်းသီးနှံတို့ကို စိုက်ပျိုးသည်။ မြေပဲ၊ ပဲကြီး၊ ပဲနောက်၊ မတ်ပဲစသည်များ တစ်ဖက်ကလည်း ကျယ်ဝန်း ပြန့်ပြူးသော မြေဆီမြေနှစ်ပေါ်တွင် ငှက်ပျောပင်များကို စိုက်ပျိုးသည်။

ငှက်ပျောပင်တို့သည် မြေဆီမြေသားကောင်း၍ စိမ်းရောင်စိုလွင် အောင်မြင်ဖြစ်ထွန်းနေသည်။ တစ်ပင်မှ နှစ်ပင်၊ သုံးပင်ခန့် လပိုင်းအတွင်း သားတက်များ ထွက်လာသည်။ ငှက်ပျောအုံ၊ ငှက်ပျောရုံကြီးများ ဟီး... လာသည်။

ဖီးကြမ်း၊ နံ့သာပု၊ သီးမွှေးနှင့် ... ငှက်ပျောမျိုးများသည် သူ့ထက်... အလုချင်းပြိုင်ကြသည်။ စစ်တောင်းမြစ်ပြင်မှ လေနုအေးတွင် ဟန်... တပြုပြု ယိမ်းကနေကြသည်။

သည်ငှက်ပျောခြံမှ ထွက်သော ငှက်ပျောခိုင်၊ ငှက်ပျောဖီးများကို လှည်းနှင့်တိုက်၍ ညောင်လေးပင်မြို့... ကွက်သို့ အဖေပို့ရတော့မည်။

တစ်ဖက်က ကိုင်းသီးနှံ၊ တစ်ဖက်က ခြံသီးနှံတို့နှင့် ကျွန်တော်တို့ ... အစ်ကို(၃)ယောက်၏ ပညာရေး... မိသားစုဝမ်းရေး စိတ်အေးကြ... တော့မည်။

ကျွန်တော်တို့ ညီအစ်ကို... ယောက်သည် ကြီးစဉ်ငယ်လိုက်... သည်။ အဖေ့ငှက်ပျောပင်က ထွက်... သော သားတက်များသဖွယ် အပြိုင်... အရိုင်း အားသစ်မွေးစ လူငယ်ဘ... သည်။ "ရွှေခိုင်၊ စိန်ခိုင်၊ မြခိုင်" ... ကျွန်တော်တို့အဖေ ဦးဘခိုင်က ... ခေါ်ထားသည်။

မျောက်ရှုံးအောင် ဆော့ကစား... သောကြောင့် ရွာသားမျ... ကျွန်တော်တို့ကို မျောက်(၃)ကောင်... ဟု ခေါ်ကြ၊ ပြောကြသည်။

ထိုအခေါ်အပြောကို ကျွန်... လက်မခံလိုပါ။ လူကြီးများက ...





www.burmeseclassic.com

www.burmeseclassic.com

ခေါ်ခြင်းဖြစ်၍ အောင့်သက်သက်နှင့် သည်းခံကြရသည်။

ကျွန်တော်တို့ ညီအစ်ကိုများကို အဖိုးကြီးက ရဲစိတ်၊ ရဲမာန်သွင်းပေးထားရာ ကိုယ့်ကိုယ်ကိုယ် **"ရဲသုံးဘော်"** ဟု ခံယူထားကြသည်။

လာကြစမ်း… ဘယ်တဲ့စုနှင့် ရန်ဖြစ်ရမလဲ နပန်းချရမလား၊ လက်ဝှေ့ထိုးမလား၊ ဘောလုံးကန်မလား စမ်းချင်ရာ စမ်းနိုင်သည်။ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်တို့အဖွဲ့ ဖြစ်သည်။

* * *

ထိုညက လသာနေသည်။ အဖေ အမေပါ ခရီးထွက်သွားကြသည်။ ကျွန်တော်တို့(၃)ယောက်အတွက် ချက်ပြုတ်ထားခဲ့သည်။ ကျွန်တော်တို့ ရွာတွင် မူလတန်းကျောင်းမရှိပါ။ ကျွန်တော်တို့ရွာနှင့် (၄)မိုင်ခန့် ကွာဝေးသော ပုစွန်မြောင်းရွာကြီးတွင် အလယ်တန်းကျောင်းရှိသည်။

ကျွန်တော်တို့ ညီအစ်ကို(၃)ယောက်သည် နေ့စဉ် ပုစွန်မြောင်းရွာသို့ ကျောင်းသွားခဲ့ကြသည်။

ကျောင်းမှ အိမ်သို့ ပြန်ရောက်သောအခါ ညနေ(၅)နာရီခန့်ရှိပါပြီ။ အမေ ချက်ပြုတ်ထားသော ငါးဟင်းနှင့် ထမင်းကို အားရပါးရ ညီအစ်ကို(၃)ယောက်စားကြသည်။ စားရင်းသောက်ရင်း ညနေ(၆)နာရီအချိန် ရောက်လာသည်။

ဆောင်းအကုန် နွေအကူးမို့ ကြည်နူးဖွယ်ရာသီ ဖြစ်သည်။ ဘောပန်းစံပယ်တို့ လယ်ခရီးနှင့် လယ်ထောင်စပ်ဝိုက် တသင်းသင်း ပျံ့လှိုင်သည်။ မိုးမျှော်၍ ပွင့်နေသော ကန်စွန်းပွင့်ကလေးများသည် ညရောင်တွင် ဖူးငုံ့ကြသည်။

စစ်တောင်းမြစ်တွင် အေးမြသော မြစ်ပြင်ကို နမ်းရှုံ့ရင်း ရောက်လာသော လေနုအေးသည် ကျွန်တော်တို့ကို အပူသက်သာစေသည်။

စစ်တောင်းမြစ်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ဆောင်း၏လက်ကျန် နှင်းပွင့် မြူတို့နှင့် မြစ်ပြင်မှ အငွေ့ပျံ့နေသော ရေခိုးရေငွေ့တို့ ပေါင်းဖက်ယှက်လိမ်၍နေသည်။

လရောင်က ရက်ဖောက်ဖျန်းပက်လိုက်သောအခါ စစ်တောင်းမြစ်ပျိုမသည် မြူငွေ့နှင်း ပဝါပါး ခြုံထားသကဲ့သို့ ဖြစ်သွားသည်။

စစ်တောင်းမြစ်တွင်းမှ ကိုဘိုးမောင်တို့ ရေလုပ်သား(တံငါသည်များ) သီဆိုလိုက်သော တေးသံသည် မြစ်ရိုးကို လျှောက်၍ ကျွန်တော်တို့ထံ ရောက်လာသည်။ သာယာပါဘိခြင်း။

ကျွန်တော်တို့ ညီအစ်ကို(၃)ယောက်အတွက် ဒီညသည် လွတ်လပ်ရေးရသောည ဖြစ်သည်။ အလင်းရောင်အတွက် မီးခွက်မထွန်းတော့ပါ။ စာကျက်ဖို့ လုံးဝ စိတ်ကူးမရှိကြပါ။ ညီအစ်ကို(၃)ယောက်သား တက်ညီလက်ညီ ဆွေးနွေးညှိနှိုင်းရန် မလိုဘဲ ငှက်ပျောပင်များကြား ပျော်ပါးစွာ ဆော့ကစားခဲ့ကြသည်။



လရောင်က မလင်းတလင်း အမှောင်ရိပ် ကွက်တိကွက်ကျားတွင် (၃)ယောက်သား ပြောက်ကျား စစ်ဆေးရေးအဖြစ် အလစ်အငိုက်တွင် ထိုးနှက် တိုက်ခိုက် လုံးထွေး သတ်ပုတ်ရင်း ပျော်နေကြသည်။

အတန်ကြာသော် ငှက်ပျောရှိ ငှက်ပျောခိုင်မှ ငှက်ပျောသီးများကို ဖြုတ်၍ အမောပြေစားကြသည်။ သည်အရသာမျိုး မြို့ကြီးသားများ ခံစားနိုင်အံ့မထင်ပါ။

ဆေးတို့ထားသော နွမ်းရှိ အိပျော်နေသော အန္တရာယ် ငှက်ပျောသီးစားကြရရှာသည့် မြို့ကြီးသားများကို သနားနေမိသေးသည်။

ကျွန်တော်တို့ သုံးယောက်သည် ပြေးရင်းလွှားရင်း တိုက်ခိုက် ကစားကြရသည်ကို မောပန်းလာသောကြောင့် ခဏအပန်းဖြေခဲ့ကြသည်။ ညီငယ်လေး မြခိုင်က ကစားနည်းပြောင်းလဲရန် ပြောလာသည်။

'ငါတို့ စစ်တိုက်တမ်းကစားရတာ မောပြီကွာ၊ တူတူပုန်းတမ်းကစားကြရအောင်'

'အေး ကောင်းတယ်'

ညီလတ်စိန်ခိုင်က သဘောတူသည်။ အကြီးဆုံးဖြစ်သော ကျွန်တော် ရွှေခိုင်က ခေါင်းညိတ်ပြလိုက်သည်။

တူတူပုန်းရာတွင် ကျွန်တော်က အစ်ကိုကြီးဖြစ်၍ သူတို့နှစ်ယောက် ပုန်းသည်ကို လိုက်ရှာခဲ့ရသည်။

နှစ်ယောက်လုံးကို- ရှာလို့တွေ့မှ စတင် တွေ့ခြင်းခံရသူက နောက်တစ်ပွဲအတွက် ခွေးရှူးလုပ်ရသည်။ တူတူပုန်းတမ်းကစားရခြင်းမှာ ငှက်ပျောခြံထဲတွင် အလွန်သဘာဝကျသည်။

ငှက်ပျောပင်နှင့် ငှက်ပျောအုံ ငှက်ပျောရွက်ဖားဖားကြီးများ ကြား



www.burmeseclassic.com

www.burmeseclassic.com

တွင် ဝင်ပုန်းနေလျှင် တစ်ကိုယ်လုံး ပျောက်သွားသည်။ တော်တော်နှင့် ရှာဖို့ မလွယ်။

ကျွန်တော့်ညီငယ်များက လျှင်သည်။ တူသံပေးပြီး နေရာပြောင်းသည်။ လှစ်ခနဲ၊ လှစ်ခနဲ လှုပ်ရှားကြရာ အမှောင်တစ်ဝက် အလင်းရိပ် ပြောက်တိပြောက်ကျားတွင် လူရိပ်နှင့် ငှက်ပျောပင်ရိပ်တို့ ဝေဝေဝါးဝါး မျက်စိမှားစရာ။

သည့်တော့ တစ်ယောက်ကို တွေ့ရဖို့ ခွေးအီးဒီးကျရသည်။ ရှာရင်းဖွေရင်း ညီလတ်စိန်နိုင်ကို အရင်တွေ့သည်။

'ဟောဒီမှာ စိန်နိုင် မင်းထွက်ခဲ့'

စိန်နိုင်သည် ငှက်ပျောဖုတ်ကြားက ခုန်၍ ထွက်လာသည်။ နောက်တစ်ယောက် ကျန်သေး၍ ဆက်ရှာရသည်။

သည်ကောင်က အတော်လည်သည်၊ ဘယ်နေရာမှာ ခြေရာဖျောက်၍ ပုန်းနေသည် မသိ။ နှစ်ခါ၊ သုံးခါခန့် တူသံပေးပြီး အသံပျောက်သွားသည်။ ''ရော်...ခက်လာပြီ'' သည့်ကောင် ငှက်ပျောဖုတ်တွေကြားမှာ အိပ်များ ပျော်နေပြီလား။

'မြနိုင်ရေ... ဟေ့မြနိုင် တူသံပေးဦးလေ'

ကျွန်တော်က အထပ်ထပ်အော်ရင်း တူသံပေးဖို့ ပြောခဲ့သည်။ ဘာမှမတုံ့ပြန်ခဲ့ (၁၀)မိနစ်ခန့်သည် (၁၀)နာရီမက ကြာမြင့်သွားပြီဟု ကျွန်တော် ခံစားရသည်။ စိုးရိမ်စိတ်သည် ကျွန်တော့်ကို လွှမ်းမိုးလာသည်။

ထိုစဉ်က ကျွန်တော်က(၇)တန်း ကျောင်းသား၊ ညီလတ်က (၅)တန်း၊ အငယ်ဆုံးကောင် မြနိုင်က (၄)တန်း ကျောင်းသားမို့ ကျွန်တော်တို့ အစ်ကိုကြီး(၂)ယောက်က ညီအငယ်ကောင်ကို ဝိုင်းချစ်ခဲ့ကြသည်။

အခုတော့ သူ့ကိုရှာရင်း မောနေပြီ။



ခွေးများ ဒီးဒီးကျလာသည်။ အစ်ကိုကြီးဖြစ်၍ ညီငယ်တစ်စုံတစ်ရာ ဖြစ်သော် ကျွန်တော် တာဝန်မကင်းသည်ကို တွေးမိပြီး အထိတ်တလန့် ဖြစ်မိသည်။

ညီလတ်စိန်နိုင်ကို ကျွန်တော်က ကူရှာပေးဖို့ ပြောပြသည်။

'ဟေ့ကောင် စိန်နိုင်... မင်းကူရှာဦးကွ ဒီကောင် ဘာဖြစ်နေမှန်းမသိဘူး။ တစ်ခုခု ဖြစ်ရင် ငါတို့ မှသက်သာဘူး။ အဖေ့ ကြိမ်လုံးနဲ့ ကျောကော့တော့မယ်'

'အေး ဟုတ်တယ်၊ ဒီကောင် ဘာများဖြစ်နေလဲ မသိဘူး'

'ဟေ့မြနိုင်...မြနိုင်ရေ၊ ဟေ့မြနိုင်'

စိုးရိမ်တုန်လှုပ်စွာ ကျွန်တော်တို့ ညီအစ်ကို ပြိုင်တူအော်ခေါ်ကြသည်။ အော်ခေါ်ရင်း ငိုသံပါလာသည်။

'ညီလေးရေ... တို့ကို မနောက်ပါနဲ့ကွာ။ ထွက်ခဲ့ပါတော့၊ မင်းကို တို့ အရှုံးပေးပါတယ်'

မြနိုင်ကို မတွေ့၊ မတွေ့။ အသံကို လုံးဝ မကြားရ မကြားခဲ့ကြရ။ ကိုယ့်အသံများကသာ စစ်တောင်းမြစ်ယံကို လွှမ်းမိုးပဲ့တင်ထပ်စေခဲ့သည်။ ကင်းသံချောင်းခေါက်သံ (၉)ချက်တီတီ ထွက်လာသည်။

အချိန်ကြာလေ စိုးရိမ်စိတ်များက လွှမ်းမိုးလာလေဖြစ်သည်။ သည့်ကောင် သေလား၊ ရှင်လား ဘာဖြစ်နေ ပြီလဲဟု တွေးရင်း အဆက်မပြတ် ငှက်ပျောတစ်ဖုတ်ချင်း ရှာကြသည်။

နွေလေတိုက်၍ ငှက်ပျောရွက်များ အခက်အလက်များ တဖျပ်ဖျပ် လှုပ်ရှား ယိမ်းထိုးနေကြသည်။ လရောင်ကြား တွင် အရိပ်မည်းမည်းများကို တွေ့ရသည်။ ဘာတွေလဲ တစ္ဆေဖမ်းစားထား တာလား။ နတ်ပဲ ဖက်ထားတာလား ဖွဟဲ့ လွဲပါစေ၊ မြွေများကိုက်လေရော့ သလား။

ကျွန်တော်ပါးပြင်ပေါ်တွင် မျက်ရည် တို့ အိုင်ထွန်း ကျဆင်းလာကြသည်။ ဆို့နစ်ဝမ်းနည်းစွာနှင့် ညီငယ်ကို နှစ်ယောက်သား ဆက်ရှာနေကြ သည်။ ညီလတ်စိန်နိုင်လည်း မျက် ရည်ယိုကျ၍ ပါးတစ်ပြင်လုံး စိုရွှဲနေ သည်။

ငှက်ပျော တစ်ဖုတ်ပြီးတစ်ဖုတ် ပိုက်စိပ်တိုက် ရှာကြသည်။

ဟော... တွေ့ပြီ၊ လရောင်ပြောက် များနှင့် ဝင်းဝါးလှပသော ညီငယ် ဖြူဖွေး စိမ်းလန်းနေသော မျက်နှာ လေး။

အို...ဘယ်လိုလဲ၊ ဘာလဲ မြနိုင် မြနိုင်မှ ဟုတ်ပါလေ့စ။ မြနိုင်ပေ မြနိုင်ပါပဲ။ ဒါပေသိ မြနိုင်က ကျွန်တော် တို့ကို ဘာမှ စကားမဆို၊ ပြုံး ပြီတီတီမျက်နှာထားနှင့် ကြည့် သည်။

သူ့မျက်ဝန်းသည် ဝိုင်းစက်ရှိ သည်။ ပါးပြင်ကလေးမှာ ဖြူဖွေး မဟုတ် ပန်းသီးမှည့်ကလေးလို မို နီမြန်းလျက် လရောင်က ဆ သည်။

ပါးနီနီလေးပေါ်တွင် လစ ပက်ဖျန်းထားရာ ပီဘီသား ကလေးတစ်ဦးအလား။ သူ့ရ

www.burmeseclassic.com

www.burmeseclassic.com

ကလည်း မခို့တရို့နှင့် နွဲ့နွဲ့ကလေး။

"ဟာ... ကြားသားမိုးကြိုး ငါ့ညီလေး မိန်းမဖြစ်သွားလေရော့သလား" ကျွန်တော့် လှုပ်ရှားစွာ တွေးမိသည်။ ညီငယ်ကလေး၏ ပင်ကိုရုပ်သည် ပျောက်ခြင်းမလှ ပျောက်သွားပြီ။ အလွန်လှပသော မိန်းမပျိုကလေး တစ်ဦးသဖွယ် ပြောင်းလဲနေသည်။

ကျွန်တော်သည် ထူးဆန်းသော မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်စွာ ညီငယ်၏ ပခုံးနှစ်ဖက်ကို ကိုင်ရင်း **"ဟော့ကောင် မြနိုင်"**ဟု ကျယ်လောင်စွာ ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

အိမ်ခေါင်းရင်းဘက် သရက်ပင်ကြီး၌ အိပ်တန်းတက်နေသော ကျီးတစ်အုပ်ပင် လှုပ်လှုပ်ရှားရှား ဖြစ်ပြီး ကျီးပြိုသလို တအားအား အော်ဟစ်ကြသည်။ ချောက်ချားစရာ ကောင်းလှသည်။

ကံကောင်းပါသည်။ ကျွန်တော့် အသံကြောင့် မြနိုင်"ဟီးခနဲ" သက်ပြင်းရှည်ကြီးကို ရှူချလိုက်ရင်း သတိပြန်ဝင်လာသည်။

'အစ်ကိုကြီး ဘာဖြစ်တာလဲဟင်'

သူ့ကိုယ်သူပင် ဘာမှန်းမသိနိုင်ဘဲ ရှိသည်။ ကျွန်တော်တို့ ညီအစ်ကိုလည်း ညီငယ်၏လက်ကို တစ်ယောက်တစ်ဖက်ဆွဲရင်း တဲအိမ်ကလေးဆီသို့ အပြေးအလွှားခေါ်ခဲ့ကြသည်။ တဲထဲ၌ ရေနံဆီမီးခွက်ကို ညှိထွန်းလိုက်သည်။

ကျွန်တော်တို့ သုံးယောက်သား ဘာစကားမှ မပြောဖြစ်ကြတော့ဘဲ ကြောင်တောင်တောင်နှင့် ငြိမ်သက်နေမိသည်။ ကစားထားသောကြောင့် ကိုယ်လက်များ လေးလံလာသည်။

မီးခွက်ကို မှုတ်လိုက်ရင်း စောင်ကိုခေါင်းမြီးခြုံလျက် အိပ်ပျော်ခြင်းသို့



ရောက်ခဲ့ကြပါသည်။

*　*　*

ထိုဖြစ်စဉ်သည် တကယ်ကိုယ်တွေ့ကြုံခဲ့ရသော ကျွန်တော်၏ ငယ်စဉ်ဘဝ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။

ထိုဖြစ်စဉ်ကို ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။ အဖြေရှာမရသော ငှက်ပျောပင်တို့နှင့် ဆက်နွှယ်နေသော ဂမ္ဘီရဖြစ်ရပ်ဆန်းဟူ၍သာ တွေးတောမိခဲ့သည်။

ကျွန်တော်သည် မူလတန်းပြဆရာကလေးဘဝနှင့် တာဝန်ထမ်းဆောင်ရင်း အိမ်ထောင်ကျခဲ့သည်။ ညောင်သာယာရွာကလေးတွင် မူလတန်းပြ ကျောင်းအုပ်ဆရာကြီးအဖြစ် ရာထူးတိုးခန့်ထားခြင်း ခံခဲ့ရသည်။

ညီလတ်မောင်စိန်နိုင်မှာ မိဘတို့နှင့်အတူနေထိုင်လျက် အပူမရှာဘဲ ဘူတာလေးလုပ်၍နေတော့သည်။

မိဘများလည်း စစ်တောင်းမြစ်ကမ်းနဖူး မင်္ဂလာကုန်းရွာကလေးမှ ညောင်လေးပင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ညီငယ်လေး မြနိုင်တစ်ယောက်ကမူ ထူးထူးခြားခြား စစ်သားဘဝသို့ ရောက်ခဲ့သည်။ အဖေ့မျိုးဆက်ထွန်းကားလာခြင်းဖြစ်၍ ဖခင်ကြီးဦးဘခိုင်မှာ မျှားစွာ ကျေနပ်နေခဲ့သည်။

မြနိုင်သည် စစ်သားဘဝမှ အဆင့်ဆင့် ရာထူးတိုးခဲ့ရာ ယခုအခါ ဗိုလ်ကြီးဘဝပင် ရောက်ခဲ့လေပြီ။

တစ်နေ့သ၌တွင် ကျွန်တော် တာဝန်ကျရာ ညောင်သာယာရွာတွင် စကားဝိုင်းတစ်ခု ကြုံခဲ့သည်။ ထိုရွာ ဘကြီးမှုံဆိုသော သက်ရွယ်ကြီးရင့်နေပြီဖြစ်သည့် ဂမ္ဘီရပညာများကို လေ့လာလိုက်စားသူ အဘိုးအိုတစ်ဦးနှင့် စကားလက်ဆုံကျခဲ့သည်။

ကျွန်တော်တို့ ညီအစ်ကို(၃)ယောက် ကြုံတွေ့ခဲ့ဖူးသော ငှက်ပျောပင်တို့နှင့် ဆက်နွှယ်နေသည့် ဂမ္ဘီရဇာတ်လမ်းကလေးကို ပြန်လည်ပြောပြ၍ စူးစမ်းလေ့လာကြည့်မိသည်။ ဘကြီးမှုံက...

'ဆရာကြီးတို့ ငှက်ပျောပင်စောင့်နတ်သမီးကလေးကို တွေ့ခဲ့တာပါ'

ဟု အဖြေထုတ်ခဲ့သည်။ ကျွန်တော်က နားမလည်နိုင်သောကြောင့်...

'ဟာ ဘယ်လိုလဲ ဘကြီးမှုံရယ်၊ ကျွန်တော်တော့ နားမရှင်းတော့ဘူးခင်ဗျ'

ဟု ပြောမိသည်။

'ဒီလိုလေ ဆရာကြီးရဲ့၊ ကျွန်တော်တို့ တောရွာတွေမှာ အယူအဆရှိတယ်။ ရှေ့အစဉ်အဆက်က လူကြီးတွေ ပြောခဲ့ကြတာပါ'

ဘကြီးမှုံသည် ရေနွေးကြမ်းတစ်ငုံကို ငုံသောက်ရင်း စကားကို ဆက်ပြောပါသည်။

'ငှက်ပျောပင်ပျိုတစ်ပင် အသီးလုံးဝ မသီးသေးတဲ့ ငှက်ပျောရုံအသစ်က ငှက်ပျောပင်ရဲ့အရွက်တစ်ရွက်ကို လက်နဲ့ကိုင်ပြီး လသာ

www.burmeseclassic.com

တဲ့ လဆန်းညတွေမှာ (၇)ရက်တိတိ ရည်စားစကားကို ညတိုင်း မပျက်မကွက် ပြောရတယ်'

'ဘယ်လို ပြောရမှာလဲ ဘကြီးမှုံရဲ့ ငှက်ပျောပင်က သိပ့်ါမလားဗျ'

ဘကြီးမှုံက သူ၏ ကျယ်ပြောသော နှုတ်ခမ်းထူကြီး ဖြဲ၍ "ဟဲ...ဟဲ"ဟု ရယ်မောလိုက်ရာ ကွမ်းစားထားသော ဝါကြန့်ကြန့်သွားကြီးများကို လှစ်ပြလိုက်သကဲ့သို့ရှိသည်။

'အဟမ်း... အသင် ငှက်ပျောပင်စောင့်တဲ့ နတ်သမီးလေးရယ်၊ သင်ဟာ သိပ်ကိုလှပလွန်းပါတယ်၊ သင့်ကို ကျွန်ုပ်အလွန်ပဲ တွေ့ချင်မြင်ချင်မိတယ်လေ၊ ချစ်တတ်တဲ့ ကျွန်ုပ်ရဲ့ နှလုံးသားကို ငဲ့သနားတဲ့အနေနဲ့ ပေါ့လေ၊ ကိုယ်ယောင် ထင်ရှားပြပါလား ကွယ်၊ ဘာညာသာရကာပေါ့ဗျာ၊

ဖွဲ့ဖွဲ့နွဲ့နွဲ့လေး (၄,၅)ညလောက် ပြောပေးရတယ်။ အဲဒီလို ပြောလိုက်ရင် (၇)ရက်အတွင်း တစ်ညညမှာတော့ ငှက်ပျောပင်ထဲက နတ်သမီးလေးထွက်လာတတ်တယ်။

နတ်သမီးကလေးဟာ ငှက်ပျောပင်ကဖြစ်တဲ့ နတ်သမီးမို့ ငှက်ပျောညွန့်ရောင်ဝမ်းဆက်နဲ့ မြစိမ်းရောင်ပဝါလေးကို ခြုံထားသတဲ့။

အဲဒီအခါမှာတော့ ပဝါပါးကို ဖျတ်ခနဲလုပြီး ထွက်ပြေးရတယ်။ ဒီတော့မှ နတ်သမီးလေးက ငှက်ပျောပင်ကြားက ထွက်လာပြီး သူမရဲ့ ပဝါလေးကို အပြေးအလွှား လိုက်တောင်းတာပေါ့'

'ဘာဖြစ်လို့ ပဝါကို လုပြေးရတာလဲ ဘကြီးမှုံရဲ့'

'ဩော်...ဒါလား ဒီပဝါကဆန်းတယ်ဗျ၊ မှော်ဝင်ပဝါလေ၊ ဒီပဝါကိုရရင် လိုတရနိုင်သတဲ့၊ မျက်စိကို စည်းပြီးကြည့်ရင် နာဂလောကသားတွေကိုပါ မြင်နိုင်တယ်၊ ဂန္ဓာရီ ဆရာကြီးတွေအကြိုက် မှော်ဝင်ဂုဏ်ရှိသည့်ယ ပဝါ ဆိုပါတော့...

အေး... ပဝါကို လုပြေးရင်တော့ ခလုတ်မတိုက် ချော်မလဲဖို့ သတိထားရတယ်။ ချော်လဲသွားရင်တော့ မလွယ်ဘူး။ ရှုးတတ်သတဲ့။ ဒီပဝါကို အိမ်တံစက်မြိတ်ရောက်အောင် ယူပြေးဖို့ကလဲ တော်တော့် မလွယ်ဘူး။ အနှောင့်အယှက်တွေ များသတဲ့။

တံစက်မြိတ်ရောက်အောင် ယူနိုင်ခဲ့ရင်တော့ နတ်သမီးလေးက မတောင်းတော့ဘဲ ပျောက်ကွယ်သွားပါလေရော'

'ဘကြီးမှုံရယ် ဖြစ်နိုင်ပါ့မလားဗျာ'

'ဆရာကြီး လောကထဲမှာ ဆန်းကြယ်မှုတွေက အန္တန္တပါပဲ၊ ဆရာကြီးပဲ စဉ်းစားကြည့်လေ၊ ဆရာကြီးရဲ့ညီတော်မောင် အနုစစ်ပိုလ်ကြီးဖြစ်နေတဲ့ မြခိုင်ကို ငှက်ပျောပင်စောင့် နတ်သမီးဝင်ပူးကပ်လိုက်တော့ ယောကျ်ားစင်စစ်က မိန်းကလေးကို မျက်နှာမှုပြောင်းသွားခဲ့တယ် မဟုတ်လားကွယ့် ဟဲ...ဟဲ'

ဘကြီးမှုံသည် ကျွန်တော် ပြောပြထားသော ဇာတ်လမ်းနှင့်ပင် သူ၏ အယူအဆကို အခိုင်အမာပြု၍ သက်သေထူလိုက်သည်။ ကျွန်တော့်ကြီးနှင့် ကျွန်တော့်ကို ပြန်တုတ်မိနေသည်မို့...

'ကျွန်တော် ယုံပါတယ် ဘကြီးမှုံရယ်'

ဟု၍ အာမဘာန္တေ ခံလိုက်ရပါတော့သည်။

**[ကျေးလက်နေ ယယ်ဘဝ ဖြစ်ရပ်မှန်ကို ပြန်လည်တင်ပြပါသည်။]**

***မေတ္တာရည်လျက်...***

**မျိုးတင့်(ညောင်လေးပင်)**

**စာမျက်နှာ (၂၈၈)မှ အဆက်**

မှာစိုး၍ သွားမကြည့်ဖြစ်တော့ပါ။နံနက်ခြောက်နာရီခန့် နိုးတော့ အိမ်သာသွားကြရင်း ထိုနေရာသို့ မျက်စိရောက်သွားသည်။ ထိုနေရာတွင် ဖျာလိပ်ကြီးတစ်လိပ် ထောင်ထားသည်ကို တွေ့လိုက်ရပါသည်။

'တစ်ညလုံး လန့်နေတာ ဖြော့်အောင်တောင် မအိပ်မိဘူး။ ညကတွေ့တာ ဖျာလိပ်ကြီးကို'

ညစောင့်လုပ်ပေးမည့် အစ်မကတံမြက်စည်း လာလှည်း၍ လူနာမကြားအောင် ရယ်စရာလို ပြောပြမိတော့ သူက အံ့ဩနေသည်။

'ဒီနေ့ည လူနာစောင့်ရမယ်ဆိုလို ဖျာကိုကြိုယူလာတာ နေ့လယ်တစ်ခေါက် အိမ်ဘက် ပြန်ယူချင်လို့လေ ဒီနေ့မနက်မှ လာထားတာပါ'

မကြာက်ပါနဲ့ အနု ညဘက် ကျွန်မရှိမှာပဲ လူနာကို စိတ်ချပါ၊ လူနာနည်းနေလို့ ဆွေးလန့်တာ နေမှာပါ၊ ကျွန်မတို့တော့ မလန့်ဘူးပါဘူး၊ အဲဒီအခန်းထဲက ကျွန်မနေတာနေမှာ ညဘက်ကျ တပ်ပေးဖို့ပြောပေးပါ့မယ်'

နောက်နေ့တွေမှာ မီးယပ်ဝမ်းသွားနေသော အမျိုးသမီးတစ်ယောက်ကလေးမိုက်ခွဲမွေးပြီးမှ မှန်ပြင်ခါးစားနှာနေသောကြောင့် ပေါက်စီ စား၍ ဝမ်းသွားသဖြင့် ဆေးရုံလာတက်ရသော လူနာတစ်ယောက်နှင့်မို့ အခန်းက လူနာလာမေးသူ လာစောင့်သူများနှင့် စည်စည်ကားကား ဖြစ်သွားပါသည်။

တစ်ယောက်နှင့် တစ်ယောက် ထွေးစကားပြောကြနှင့် ကြောက်စရာမကောင်းတော့ပါ။ ဆေးရုံရောက်သည်နှင့် လန့်ဖျပ်ခြင်းမရှိအောင်၊ ပရလောကသားများနှင့် တွေ့ကြုံရခြင်း မရှိအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘုရား တို့ကို အမျှဝေကာ မေတ္တာပို့သမှုအနွေဂါထာတော်ကြီးတို့ကို ရွတ်ဆို ပါသည်။

**စောမီသွင် (ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



မောင်ကံ
(တံတားဦး)

# [illegible]

ပြောချင်ဖြူချင်

## ရဟန္တာကို ဖူးခဲ့ဖူးသော်လည်း မည်သည့်ဆုမျှ မတောင်းခဲ့မိ

မြတ်စွာဘုရားရှင် ဟောကြားညွှန်ကြားခဲ့သည့် တရားတော်များအတိုင်း ကျင့်ကြံအားထုတ်သဖြင့် ရဟန်းကိစ္စပြီးမြောက်၍ ရဟန္တာဖြစ်သွားသည့် သံဃာတော်များ ရှိသော်လည်း၊ ရဟန္တာတို့သည် တရားဘာဝနာ ကျင့်ကြံအားထုတ်ရန်အတွက် ဆိတ်ငြိမ်ရာ တောကြီး၊ တောင်ကြီး၊ ကျောက်ဂူတို့တွင်သာ သီတင်းသုံးကြသည်ဖြစ်ရာ ဖူးတွေ့ရန်မှာ မလွယ်ကူလှပေ။

တစ်ခါတစ်ရံတွင်မူ ကောင်းကင်ယံ၌ ရဟန္တာများ စီတန်း၍ ဈာန်ဖြင့် ကြွသွားသည်ကို ဖူးမြော်ရသူများ ရှိသလို၊ ပိုင်းလော့(လေယာဉ်မှူး)အချို့သည် လေယာဉ်မောင်းနေရင်းနှင့် ကောင်းကင်ယံ၌ ရဟန်းတော်(၁)ပါး (သို့မဟုတ်) (၁)ပါးထက်ပို၍ ဈာန်ဖြင့် ကြွသွားသည်ကို ဖူးမြော်ရသည်များလည်း ရှိပါသည်။

ထိုသို့ ဖူးမြော်ရသည်မှာ လွန်စွာ ကံကောင်းမှ ဖြစ်နိုင်သလို ဖူးထိုက်မှလည်း ဖူးရပါသည်။

**၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ တပ်မတော်အစိုးရသစ် လက်ထက်**တွင် ဌာနဆိုင်ရာအရာရှိငယ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်စေရန်အတွက် ပဲခူးတိုင်းဒေသကြီးရုံးတွင် (၅)ရက်ကြာ သင်တန်းပေးရာ ကျွန်တော်သည် ကဝမြို့မှ လာရောက်သင်တန်းတက်ပါသည်။

ညနေပိုင်း သင်တန်းချိန်ပြီးဆုံးပြီးနောက် အားလပ်ချိန်များကို အကျိုးမဲ့ မကုန်စေရန်အတွက် ပဲခူးမြို့ရှိ ရှေးဟောင်းဘုရားစေတီများကို တစ်ဆူပြီးတစ်ဆူနှံ့အောင် သွားနေပါသည်။

ထိုအချိန်က ပဲခူးမြို့သည် ယခုကဲ့သို့ ဥသာမြို့သစ်ကြီးလည်း မပေါ်သေး၊ ဆိုင်ကယ်များလည်းမရှိသေး၊ စည်ကားခြင်းလည်း မရှိသေးသဖြင့် မည်သည့်နေရာသို့မဆို ခြေကျင်ဖြင့် လွယ်ကူစွာ သွား၍ရပါသည်။ ညနေတိုင်း လမ်းလျှောက်ထွက်ရင်း ဘုရားများသို့ ရောက်ခဲ့ပါသည်။

တစ်ညနေတွင် ဘုရင့်နောင်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည့် မဟာစေတီကြီး ဘုရားရင်ပြင်တော်ပေါ်၌ စေတီတော်ကြီးကို လှည့်ပတ်ကြည့်ရှုနေပါသည်။ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူး (၄/၅)ဦးသာ တွေ့ရပါသည်။

ထိုအချိန်က စေတီတော်ကြီးပေါ်သို့ တက်သည့် စောင်းတန်းများမှာ ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ရန်အတွက် အချို့စောင်းတန်းများရှိ ကွန်ကရစ်များကို ဖြိုချနေချိန် ဖြစ်ပါသည်။

စောင်းတန်းများမှာ ပြိုတာပြို၊ ဖျက်တာဖျက်နှင့် စေတီတော်ကြီးပေါ်သို့ စောင်းတန်းများမှ တက်၍မရနိုင်ပါ။

ကျွန်တော်သည် စေတီတော်ကြီးကို ကြည့်ရှုပြီးနောက် မြို့တွင်းတည်းခိုရာ

www.burmeseclassic.com

သို့ ပြန်ရန်အတွက် ရွှေသာလျှောင်း ဘုရားလမ်းမှ လမ်းလျှောက်ပြန်ပါက လမ်းရှည်မည် ဖြစ်သောကြောင့် ထိုအချိန်က ဥသျှောင်မြို့သစ်လည်း မရှိသေးသဖြင့် ယခု နောင်တော်ကြီး ဘုရားနောက်ပိုင်း လယ်ကွင်းပြင် ဖြတ်လမ်းမှ ပြန်ရန် မဟာစေတီကြီး ရင်ပြင်မှဆင်းပြီး ကွင်းပြင်ကို ဖြတ်လျှောက်လာပါသည်။

လျှောက်လာရင်း ယခု ဆိုင်ခန်း အသစ်များ ဆောက်ထားသည့်နေရာ (ထိုအချိန်က ကွက်လပ်)အရောက်တွင် စေတီတော်ကြီးကိုလှည့်ကြည့်ချင်သော စိတ်မှာ အလိုလို ပေါ်လာသဖြင့် ပြန်လည် လှည့်ကြည့်လိုက်ပါသည်။

လှည့်ကြည့်လိုက်သည့် အချိန်တွင် စေတီတော်ကြီး၏ ခေါင်းလောင်း မှောက်အောက်ပိုင်း ကော့ကော့ကြီး (ကျွန်တော်ခေါ်တတ်သလိုသာ ရေးပါမည်)အပေါ်၌ ရဟန်းတော်(၁)ပါး သည် လေတဖိုးဖိုး တိုက်နေသဖြင့် သင်္ကန်းကို ဒူးအထက်လောက်က လက်(၂)ဖက်ဖြင့် စုကိုင်ရင်း ပဲခူးမြို့ ကြီးဘက်သို့ ကြည့်နေသည်ကို တွေ့ရ ပါသည်။

စေတီတော်ကြီးပေါ်တွင် လေပြင်း သည်ဟု ထင်ပါသည်။ ရဟန်းတော် ၏ ခြေသလုံးနားမှ သင်္ကန်းများသည် လေတွင် တဖျပ်ဖျပ် လှုပ်ခါနေသည် ကို သေချာမြင်ရပါသည်။

ကျွန်တော် စဉ်းစားကြည့်ပါသည်။ စေတီတော်ကြီး၏ စောင်းတန်းများမှာ အောက်ခြေမှစပြီး ပျက်စီးနေ၍ စောင်းတန်းမှတစ်ဆင့် တက်သွား သည်မှာ မဖြစ်နိုင်ပါ။

ဗိုလ်မဖြစ်နိုင်သည်မှာ စေတီတော် ကြီး၏ ခေါင်းလောင်းမှောက်ကြီးသည် လွန်စွာကြီးမားပြီး မြင့်လည်းမြင့် ပြောင်ချောလည်းဖြစ်ရာ သာမန် လူများမဆိုထားနှင့် ပန်းရန်ဆရာ၊ ရွှေဆိုင်းဆရာတို့ပင်လျှင် ငြမ်းမရှိဘဲ နှင့် မတက်နိုင်ပါ။

ယခု ရဟန်းတော်သည် ဤမျှမြင့်မား ခက်ခဲလှသော ခေါင်းလောင်းမှောက် ကြီးပေါ်သို့ ရှာန်ပုံပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်ထူး (သို့မဟုတ်) ရဟန္တာမျှ မဟုတ်လျှင် ရောက်နိုင်မည် မဟုတ်ဟု ကျွန်တော် တွေးမိလိုက်ပါသည်။

ရဟန်းတော်သည် တောင်ငူ၊ တုတ် စသည့် မည်သည့်တစ်စုံတစ်ရာ ကိုမျှ ကိုင်ဆောင်ထားခြင်း မရှိဘဲ မိမိသင်္ကန်းကိုသာ လေမလွင့်စေရန် အတွက် ဒူး(၂)ဖက်လောက်က ကိုင် တွယ်ထားရာ ကြည့်ရသည်မှာ လွန်စွာ အံ့သြဖွယ် ဖြစ်ပါသည်။

ကျွန်တော်သည် ထိုရဟန်းတော်ကို အခြားသူများလည်းဖူးစေရန်အတွက် ပြသရန် ကွင်းပြင်တွင် လှည့်ကြည့် ရာ လူသွားလူလာတစ်ဦးမျှ မရှိပါ။ မြို့သစ်,ပင် မတည်ရသေးသဖြင့် လူသွားလူလာ ပြတ်လွန်းလှပါသည်။

နောက်တစ်မျိုး ကျွန်တော်စဉ်းစား မိသည်မှာ စေတီတော်ကြီး၏ ရင်ပြင် သို့ ပြန်သွားပြီး ရဟန်းတော်ကို အနီး ကပ်ကြည့်လိုသော်လည်း ဆောင်း ရာသီ နေဝင်စအချိန် မကြာမီ အမှောင်ရောက်တော့မည် ဖြစ်ရာ ကျွန်တော်ပြန်ရမည့် ခရီးကလည်း ခြေကျင်ဖြစ်ပြီး မြို့ထဲအရောက်ခရီးမှာ အတန်ဝေးပြီး လယ်ကွင်းပြင်တွင် မှောင်သွားပါက သွားလာရန်မသင့် သဖြင့် အချိန်မပေးနိုင်တော့ပါ။

ရဟန်းတော်ကို အနီးကပ်ဖူးမြော် ရန် အချိန်မပေးနိုင်တော့သဖြင့် "ထို ရဟန်းတော်သည် ရဟန္တာဖြစ်သည်" ဟု စိတ်ထဲက သတ်မှတ်ပြီး မတ်တတ် ရပ်လျက်ပင် ဖိနပ်ကိုချွတ်ကာ လက်အုပ်ချီလျက်"ရဟန္တာအရှင်မြတ် အား ရှိခိုးပါ၏"ဟု နှုတ်က အကြိမ် ကြိမ် ရွတ်ဆိုပြီး အကြိမ်ကြိမ် ဦးညွှတ် ရှိခိုးခဲ့ပါသည်။ "အကြိမ်ကြိမ်ရှိခိုးသော် လည်းမည်သည့်ဆုကိုမျှမတောင်းခဲ့ပါ" ဆုတောင်းရန်လည်း သတိမရခဲ့ပါ။

စိတ်ကျေနပ်အောင် ရှိခိုးပြီး ကျွန်တော် ပြန်ချိန်ထိ ရဟန်းတော်မှာ ခေါင်းလောင်းမှောက်ကြီး ပေါ်၌ပင် မတ်တတ်ရပ်လျက် ပဲခူးမြို့နှင့် ရွှေမော် ဓောစေတီတော်မြတ်တို့အား အာရုံပြု ကြည့်ရှုနေသည်ဟု ထင်ပါသည်။

ထိုအချိန်က ကျွန်တော်သည် စာလည်းမရေးသေး၊ ကင်မရာလည်း မကိုင်နိုင်သေးသဖြင့် မည်သည့်မှတ် တမ်းမျှ မတင်နိုင်ခဲ့ပါ။

နောက်ပိုင်း ကျွန်တော် ပဲခူးမြို့တွင် တာဝန် ထမ်းဆောင်ရသည့်အခါ **မဟာစေတီတော်ကြီးသို့** သွားပြီး စောင်းတန်းပေါ်တက်ကာစောင်းတန်း ထိပ်မှတစ်ဆင့် ခေါင်းလောင်းမှောက် ကြီးကိုမော့ကြည့်ရာ လွန်စွာ ကြီးမား လှသဖြင့် အသည်းယားစရာ အကြိမ်ကြိမ် ကြုံခဲ့ရပါသည်။

လူသာမန်တို့ ငြမ်းမရှိဘဲ မည်သို့ မျှမတက်နိုင်သော၊ တက်ရန် စိတ်ပင် မကူးရဲသောကြောင့် မိမိဖူးမြော်ခဲ့ သည်မှာ ရဟန္တာဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ခဲ့ပါသည်။

ရဟန္တာအား အကြိမ်ကြိမ် ဦးခိုက် ရှိခိုးစဉ်က ဘာကြောင့် မည်သည့်ဆုမျှ မတောင်းခဲ့သည်ကို ယနေ့တိုင် ကျွန်တော်စဉ်းစား၍ မရပါ။

ယခုမှ ရဟန္တာများအား အကြိမ် ကြိမ် ဖူးတွေ့ရပါလို၏ဟုသာ ဆုတောင်း လိုပါတော့သည်။

**မောင်ကံ (ထံတော)**

www.burmeseclassic.com

# ဆရာပင့်မှားသော

ပရလောကသား

နေဇော် (နုဋ္ဌဟ)



ပရလောကနွယ်ဝင် ပြိတ္တာဘုံသခုုး တို့သည် လူနှင့်ဝေးသော တောတောင် သျှိမြောင်၊ ကျောင်းပေါင်း၊ ဇရပ် ပေါင်း၊ အိမ်အိုပေါင်း၊ ဘုရားစေတီ၊ ပုတ်တိုများကို မှီတင်း၍ နေထိုင်ကြ သည်ဟု ကျမ်းဂန်များ၌ ဆိုပါသည်။

သူတို့သည် အတိတ်ဘဝက ပြုခဲ့ သော ကုသိုလ်၊ အကုသိုလ်၊ မစ္ဆရိယ များလွန်ခဲ့သော အကုသိုလ်ကံတို့၏ အကျိုးကြောင့် မကျွတ်မလွတ်နိုင်ဘဲ အစွဝဋ်ကြွေးကို ခံနေကြရသည်။

အချို့သော ပရလောကသားတို့ သည် လူတို့ကဲ့သို့ ရွာတည်ကာ နေထိုင်ကြသည်။ ထိုပြိတ္တာမျိုးကား သမာနိကပြိတ္တာ ခေါ် နေ့ခံ, ညစံ၊ နေ့စံ,ညခံ အသူရကာယ်ဘုံသားများ ဖြစ်ကြသည်။

သူတို့နေရာသို့ အကြောင်းအမျိုးမျိုး ကြောင့် မျက်စိလည်လမ်းမှားကာ ရောက်ဖူးသူများ ရှိကြသည်။ အချို့ ကလည်း လူသားဟန်ဆောင်၍ လှည့် ပတ်ဖြားယောင်း ခေါ်ငင်၍ ရောက်ဖူး သူများလည်း ရှိကြသည်။

ကျွန်တော် ယခုကဲ့သို့ ရှင်းပြနေရ သည်မှာ ကျွန်တော်ကိုယ်တိုင်ပင် ကံကြီးလွန်း၍ ထိုအဖြစ်ဆိုးမှ သီသီ လေး လွတ်ခဲ့ရသောကြောင့်ဖြစ်၏။

* * *

ကျွန်တော် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် မြောက်တာဝန်ကျသော နေရာကား **နတ်တွင်း**ဟူသော ကျေးရွာဖြစ်လေ ၏။ အိမ်ခြေ လေးရာကျော်ရှိပြီး မြို့နှင့် လည်း အလှမ်းကွာဝေးလှပေသည်။ တောတောင်ပတ်လည် ဝိုင်းနေပြီး ရွာသူရွာသားများမှာ တောင်ယာ လုပ်ငန်း၊ သစ်ဝါးခုတ်သောလုပ်ငန်းနှင့် အသက်မွေးကြသည်။

ရွာထိပ်တွင် ရွာဦးစေတီနှင့် ဘုန်းတော်ကြီးကျောင်း တည်ရှိပါ သည်။ ဆရာတော်ကြီးမှာ သီလ သမာဓိနှင့် ပြည့်စုံပြီး အချိန်ရှိသရွေ့ သမထ၊ ဝိပဿနာဘာဝနာကို ကျင့်ကြံအားထုတ်နေလေ့ ရှိပါသည်။

ဆရာတော်၏ ပရိတ်တရားများဖြင့် ထုံမွမ်းထားသော ပရိတ်ရေ၊ ပရိတ် ချည်၊ ပရိတ်သဲ၊ ပရိတ်ဆန်တို့သည် အလွန်တရာမှ အစွမ်းထက်လှပြီး သရဲ တစ္ဆေ၊ နာနာဘာဝများကို နိုင်နင်း ကြောင်း ရွာသားများမှ ပြောကြပါ

www.burmeseclassic.com



သည်။

မူလတန်းကျောင်းမှာ ရွာလယ်တွင် တည်ရှိပြီး ကျောင်းအုပ်ဆရာကြီး တစ်ဦးနှင့် လက်ထောက် မူလတန်းပြဆရာတစ်ဦး ရှိပါသည်။ လက်ထောက် ဆရာကိုထိန်ဝင်းမှာ မြစ်ဝကျွန်းပေါ်သား တစ်ဦးဖြစ်ပြီး ပျော်ရွှင်စွာ နေထိုင်တတ်သူလည်း ဖြစ်ပါ၏။

ဝန်ထမ်းများအတွက် ရွာလယ်တွင် အိမ်တစ်လုံး ဆောက်ထားပေးပြီး ကိုထိန်ဝင်းမှာ ထိုအိမ်တွင် တစ်ဦးတည်း နေထိုင်ပါ၏။ ကျွန်တော်မှာလည်း လူပျိုလူလွတ်တစ်ဦးဖြစ်၍ ရွာလူကြီးများမှာ ထိုအိမ်တွင် တွဲဖက်နေရာချထားပေးပါ၏။

သူနှင့် ကျွန်တော်နှစ်ဦးစလုံးမှာ ယမကာလုလင်များ ဖြစ်ကြသဖြင့် ဝါသနာတူများဖြစ်ကြလေရာ ရောက်ရောက်ချင်း ပိုင်းဖွဲ့ နှုတ်ဆက်ရင်း မကြာမီ ညီအစ်ကိုရင်းချာပမာ ခင်မင်သွားကြလေ၏။

ကာလ ကြာလာသည်နှင့်အမျှ နေသားကျလာပြီး ရွာနှင့် တစ်သားတည်းဖြစ်လာကြသည်။ ရွာမှ ကလေးလူကြီးအားလုံးနှင့် ရင်းနှီးလာပြီး နေထိုင်ရသည်မှာလည်း ပို၍ ပျော်ရွှင်လာ၏။

ကျွန်တော်တို့ လူပျိုဂေဟာနှင့် ကပ်လျက်နေအိမ်တွင် တိုင်းရင်းဆေးဆရာကြီး ဦးညွန့်နေထိုင်၏။

ဆရာကြီးမှာ ဇနီးသည် မကြာသေးမီကမှ ဆုံးပါးသွားသော တစ်ကျော့ပြန်လူပျိုကြီးဖြစ်၏။ အိမ်ထောင်ခွဲ သားသမီးများက အတူနေရန် ခေါ်ကြသော်လည်း ဇနီးသည် ခေါင်းချသွားသောနေရာမှ မခွာလိုဟု ဆိုကာ တပည့်လူပျိုကြီးဖြစ်သူ ဖစုကို အဖော်ပြု နေထိုင်သူလည်း ဖြစ်၏။

လူလွတ်ချင်း အတူတူ မတူညီသည့် အချက်မှာ စာရေးသူတို့နှစ်ဦးက ယမကာကို နှစ်သက်သလောက် သူတို့နှစ်ဦးကတော့ ငါးပါးသီလလုံခြုံ၍ သာသာရေး ကိုင်းရှိုင်းသူများဖြစ်၏။

ကျွန်တော်တို့ မလိမ်မိုးမလိမ်မွှာ လူဆိုးနှစ်ဦးကို သားသမီးရင်းချာသဖွယ် စောင့်ရှောက်ပေးကြပါသည်။

နတ်တွင်းရွာနှင့် အနီးဆုံးကျေးရွာမှာ သပြေစမ်းကျေးရွာဖြစ်ပြီး ငါးမိုင်ခန့်ကွာဝေးပါသည်။ ရွာနှစ်ရွာကြားတွင် ရွာဟောင်းကုန်းခေါ်သော တောင်ပူစာတစ်ခုက ခြားနေပါသည်။

ရွာဟောင်းကုန်းကို ဒေသခံများက ကျတ်ကုန်းဟုလည်း ခေါ်ပြီး ထိုနေရာတစ်ပိုက်တွင် သစ်ခုတ်၊ ဝါးခုတ်၊ နွားကျောင်းခြင်းကိုပင် ရှောင်ကြဉ်ကြပါသည်။

ညနေ နေဝင်ရီတရောအချိန် ရောက်သည်နှင့် ထိုနေရာတစ်ပိုက်ကို သွားလာခြင်းမရှိဘဲ ရှောင်ကြဉ်ကြပါသည်။ ကိစ္စ အရေးတကြီးရှိ၍ မလွှဲမရှောင်သာ သွားရလျှင် အုပ်စုဖွဲ့၍ သွားလာကြပါသည်။

ဆရာဦးညွန့်မှာ ဆေးဆရာတစ်ဦး ဖြစ်သော်လည်း အသပြာဆရာ မဟုတ်၊ စေတနာဆရာသာ ဖြစ်ပါသည်။ ဆေးကုသရာတွင် ငွေကြေးတောင်းခံခြင်းမရှိဘဲ စေတနာဖြင့် ကန်တော့သမျှသာ လက်ခံပါ၏။

ထို့ကြောင့်ပင်လျှင် နတ်တွင်း ကျေးရွာနှင့် ပတ်ဝန်းကျင်ရွာများကပါ ဆရာကြီးကို လေးစားကြည်ညိုကြ၏။

ဆရာကြီးမှာ ရွာဦးကျောင်း ဆရာတော်၏ တပည့်ရင်းပီပီ သမထ ဝိပဿနာဘာဝနာကို အချိန်ရသရွေ့ ကျင့်ကြံအားထုတ်နေသူလည်း ဖြစ်၏။

ဆရာတော်ကို လေးစားကြည်ညို၍ ဆရာတော်ကြီးမှ စွန့်ထားသော **သိမ်ဝင်အပ်၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ဆန်၊ ပရိတ်ရေများ**ကို ဆေးကုသသွားလေရာသို့ ယူဆောင်သွားလေ့ ရှိပါ၏။

တစ်နေ့သ၌ ကျွန်တော်နှင့် ကိုထိန်ဝင်းတို့နှစ်ဦးမှာ သူငယ်ချင်း ကိုထွန်းမြင့်တို့တဲတွင် ဝက်ပေါ်၍ သွားရောက် အားပေးရင်း ရေချိန်လွန် သွားကြပါသည်။

အိမ်ပြန်ရောက်တော့ နှစ်ဦးစလုံး အော့အန်ကာ ဝမ်းသွားကြပါတော့၏။ ကိုယ်တိုင် ကျန်းမာရေးဝန်ထမ်းဖြစ်၍ ကိုယ့်ဆေးကိုယ် စပ်သောက်ကြပါသော်လည်း ဝေဒနာက ပိုဆိုးလာ၍ တစ်ဖက်အိမ်မှ ဆရာကြီးတို့ ဆရာတပည့်နှစ်ဦးကို အော်ဟစ်အကူအညီ တောင်းရပါတော့၏။

ဆရာကြီးတို့နှစ်ဦးစလုံး မနေနိုင်တော့၍ ကျွန်တော်တို့အိမ်ဘက် ကူးလာပြီး တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးမှ သက်သာရာရပါတော့၏။

ကျွန်တော်တို့နှစ်ဦး ဝေဒနာမှ သက်သာလာပေမယ့် ဆရာကြီးတို့က စိတ်မချရသေးဟုဆိုကာ တစ်ဖက်အိမ် ပြန်မကူးတော့ဘဲ စောင့်အိပ်ပေးကြ သည်။

ဝေဒနာကလည်း အတော်

www.burmeseclassic.com

သက်သာသွားပြီမို့ ကျွန်တော်လည်း မေးခနဲ အိပ်ပျော်သွားပါသည်။

'ဆရာ ရှိပါသလား ခင်ဗျား... ကျွန်တော်တို့ ဆရာလာပင့်တာပါ'

အိမ်ရှေ့မှ ခေါ်သံကြားသဖြင့် ဖျတ်ခနဲ လန့်နိုးသွားပါသည်။ ထို့နောက် အသံမပေးသေးဘဲ အိပ်ရာထဲအသာ မှိန်းရင်း နားစွင့်နေမိ၏။

မီးအိမ်မှ အလင်းရောင်ဖြင့် လက်ထဲမှ နာရီကိုကြည့်လိုက်တော့ နံနက်သုံးနာရီ ဆယ်မိနစ်ကို ညွှန်ပြနေ၏။

'ဘယ်သူလဲ'

ဆရာကြီးဦးညွှန့်ထံမှ ထူးသံ ထွက်လာသဖြင့် အိပ်နေရာမှ ထထိုင်လိုက်၏။

'ကျွန်တော်တို့ သပြေစမ်းရွာကပါ။ လူနာအသည်းအသန် ဖြစ်နေလို့ ဆေးမှူးလာပင့်တာပေါ့'

'ဆေးမှူးက သိပ်နေမကောင်းတော့ လိုက်နိုင်မယ်မထင်ဘူး'

'လူနာက အရမ်းကို အသည်းအသန် ဖြစ်နေလို့ပါ။ တောင်းပန်ပါတယ်'

'ဘယ်လိုလဲဆရာ၊ လိုက်မလို့မလား'

ဆရာကြီးက ကျွန်တော်ထံ လျှောက်လာပြီး အသံတိုးတိုးဖြင့် မေးလိုက်၏။

'ကျွန်တော်တော့ မသွားနိုင်ဘူး။ ဆရာကြီးပဲ လိုက်သွားပေးလိုက်ပါ'

ကျွန်တော့်စကားကြောင့် ဆရာကြီးက တံခါးဖွင့်၍ လှမ်းပြောလိုက်သည်။

'ဆေးမှူးတော့ မလိုက်နိုင်ဘူး။ ငါပဲ လိုက်ကြည့်ပေးမယ်လေ။ ဖြစ်တယ် မဟုတ်လား'

'ဖြစ်ပါတယ်... ဆရာကြီး တစ်ယောက်ယောက်ပါရင် ပြီးတာပါပဲ'

ဆရာကြီးနှင့် ဦးလေးဖစုတို့နှစ်ဦး ဆေးအိတ်ပြင်ကာ လူနာရှင်ဆိုသူများနှင့် လိုက်သွားလေသည်။

ကျွန်တော်တို့နှစ်ဦးလည်း တံခါးပြန်ပိတ်လိုက်ပြီး အိပ်ရာထဲ လှဲချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပါတော့သည်။

* * *

'ဆရာ... ဆရာ ထစမ်းပါဦး၊ တံခါးဖွင့်ပါဦး'

အိမ်ရှေ့မှ ခေါ်သံနှင့်အတူ တံခါးကို အရေးတကြီး ထုသံကြောင့် ကျွန်တော်တို့နှစ်ဦး လန့်နိုးလာကြပါသည်။

နာရီကြည့်လိုက်တော့ နံနက်ငါးနာရီကို ညွှန်ပြနေ၏။ ကိုထိန်ဝင်းက အိပ်ရာမှ ကမန်းကတန်း လူးလဲထလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသည်နှင့် ဆရာကြီးဦးညွှန့်နှင့် ဖစုတို့နှစ်ဦး ပြူးပြူးပျာပျာနှင့် အိမ်ထဲဝင်လာကြ၏။ နှစ်ဦးစလုံး ချွေးတွေရွှဲ၍ မောပန်းနေကြပြီး တစ်ကိုယ်လုံးလည်း ဆူးခြစ်ရာတွေ ပြည့်နေပြီး ဒဏ်ရာများမှာ သွေးများ စို့နေ၏။

'ဟာ... ဘယ်လိုဖြစ်လာရတာလဲ၊ လူနာကြည့်လိုက်သွားတယ်ဆိုပြီး ဘယ် တောတိုးလာကြတာတုံး'

ကျွန်တော်မှ မေးလိုက်ရာ ဖစုမှ ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်ပြီးနောက်...

'ဖြစ်ပုံကတော့ မပြောပါနဲ့ ဆရာရယ်၊ လူနာလိုက်ကြည့်တာ ကံကောင်းလို့ ကျတ်စာမဖြစ်တာ ခုတော့ ဒီကောင်တွေ မှတ်သွားလောက်ပါပြီ'

'ဘယ်လို ကျတ်စာဟုတ်လား'

ကျွန်တော်မှ အံ့သြတကြီး မေးမြန်းလိုက်ရာ ဖစုမှ...

'ဟုတ်တယ် ဆရာရေ... လူနာလာပင့်တာ လူတွေမဟုတ်ဘူး။ ကျတ်နာနာဘာဝတွေက လူယောင်ဆောင်ပြီး လာပင့်တာ ကျွန်တော်တို့ပို့လို့ပေါ့။ ဆရာတို့နှစ်ယောက်ဆို ကိစ္စပြတ်နေလောက်ပြီ'

ဟု ဒေါနှင့်မောနှင့် ပြောလိုက်ရာ ကျွန်တော်ဦးခေါင်းမှာ ပုတ်လောက်ကြီးသွားပြီး ကျောရိုးတစ်လျှောက် အေးစိမ့်သွားသလို ခံစားလိုက်ရ၏။

ဆရာကြီးဦးညွှန့်မှ "အဖြစ်က ဒီလိုဆရာရေ..." ဟု အစချီကာ သူတို့နှစ်ဦး ကြုံတွေ့ခဲ့ရသော လွန်စွာ ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော အဖြစ်အပျက်ကို ဇာတ်ကြောင်း ပြန်ပြောပြလေ၏။

ထိုအဖြစ်အပျက်တို့ကို နားထောင်ရင်း ကျွန်တော်တို့နှစ်ဦးမှာ ကြက်သီးဖြန်းဖြန်း ထလာရလေတော့၏။

* * *

ဆရာကြီးဦးညွှန့်နှင့် ဖစုတို့ ဆရာတပည့်နှစ်ဦး ဆရာလာပင့်သူများနှင့် အတူလိုက်ပါလာကြပါသည်။

ဆရာလာပင့်သူများမှာ သုံးဦးဖြစ်ပြီး လဆုတ်ရက် ကြယ်ရောင်နှင့်မို့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ကြရပါ။ ရွာမှထွက်သည်နှင့် ရွာဟောင်းကုန်းဘက်ကို ဦးတည်နေသည်မို့ စိတ်ထဲက တစ်မျိုး ဖြစ်သွားပါသည်။

'ဒါ...သပြေစမ်းသွားတဲ့လမ်း မဟုတ်ဘူးလေ၊ ဘယ်ကို သွားကြမလို့လဲ'

ဆရာဦးညွှန့်၏ အမေးကို လူနာပင့်သူတစ်ဦးမှ ပြန်ဖြေပါသည်။

'လူနာအရေးကြီးနေလို့ ဖြတ်လမ်းက သွားမလို့ပါ'

ဆရာကြီးလဲ ဘာမှ ပြန်မပြောတော့ဘဲ ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်ရန် ပါးစပ်ပြင်လိုက်သည်နှင့်...

'တောက်'

ကျယ်လောင် နက်ကျောသော တက်ခေါက်သံကြီးက ဆရာ လာပင့်

www.burmeseclassic.com

သူသုံးဦးစလုံး၏ နှုတ်မှ ထွက်ပေါ်လာသည်မို့ ရုတ်တရက် လန့်ဖျပ်သွားရသည်။

ဘေးမှ အဖော်လိုက်လာသူဖစုမှာလည်း အံ့သြတိတ်လန့်ပြီး ဆရာကြီးအား တံတောင်ဖြင့်တွက်၍ သတိပေးလိုက်သည်။ ဆရာကြီးလဲ ဘာမှမဆိုတော့ဘဲ တိတ်ဆိတ်စွာဖြင့် လိုက်ပါလာသည်။



နာရီဝက်ခန့် လျှောက်မိသောအခါ မီးမှိန်မှိန်လင်းနေသော တဲအိမ်ငါးအိမ်ခန့် အိမ်စုလေးကို တွေ့လိုက်ရသည်။

ရွာပတ်ဝန်းကျင်တွင် ယခုလို အိမ်စုမျိုးရှိသည်ကို ယခင်က လုံးဝ မကြားဘူးထား၍ ဆရာတပည့်နှစ်ဦး စလုံး အံ့အားသင့်သွားသည်

တဲအိမ်ကြီးကြီးတစ်လုံးရှေ့ မြေကွက်လပ်တွင် ကလေးလူကြီး နှစ်ဆယ်ခန့် ထိုင်နေသည်ကို လရောင်ဖြင့် တွေ့နေရသည်။ သူတို့နှစ်ဦးကို စူးစိုက်ကြည့်နေသော မျက်လုံးများမှာ ဝင်းတောက်နေသည်ကိုလည်း သတိထားလိုက်မိသည်၊

ဆရာလာပင့်သူတစ်ဦးက ဦးဆောင်၍ ဆရာညွန့်ဟို့ ဆရာတပည့်ကို တဲပေါ်ခေါ်သွားသည်။ တဲအတွင်းတွင် ကညင်ဆီမီးတိုင် တစ်ခုကို ထွန်းညှိထား၍ လင်းလင်းချင်း ရှိနေသည်။

ကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ် ခင်းထားပြီး လူနာဟု ယူဆရသည် အမျိုးသားတစ်ဦး လဲလျောင်းနေပြီး အမျိုးသား၊ အမျိုးသမီးငါးယောက်ခန့်က သူ့နံဘေးတွင် ဝန်းရံ၍ ထိုင်နေသည်။

ဆရာညွန့်တို့နှစ်ဦးကို ကြည့်နေသော သူတို့၏ မျက်လုံးများမှာ နီရဲတောက်ပလျက် ရှိသည်ကို တွေ့မြင်လိုက်ရ၍ ဆရာတပည့်နှစ်ဦးလုံး ကြက်သီးဖျန်းဖျန်း ထသွားသည်။

ဆရာညွန့်က လူနာ၏ ညာဘက်နံဘေးတွင် ကူခြေမပျက် ဝင်ထိုင်လိုက်ပြီး တပည့်ဖြစ်သူကိုလည်း သူ့အနားမှာပင် ထိုင်စေသည်။

ထို့နောက် လူနာ၏ လက်ကောက်ဝတ်ကိုကိုင်၍ စမ်းသပ်လိုက်ရာ ထူးဆန်းသော အထိအတွေ့ကြောင့် တုန်လှုပ်သွားရသလို လူနာမှ ဆရာညွန့်၏လက်ကို ဆုပ်ကိုင်လိုက်ရာ ကြက်သီးဖျန်းဖျန်း ထသွားရသည်။

အကြောင်းမှာ လက်မွေးများမှာ ရှည်လျားကြမ်းတမ်း၍ လက်သည်းများမှာလည်း ရှည်လျားချွန်ထက်နေ၍ ဖြစ်သည်။

မီးရောင်အောက်တွင် လူနာ၏ မျက်နှာမှာ တဖြည်းဖြည်း ပြောင်းလဲလာသည်။ နားရွက်များ ရှည်ထွက်လာပြီး မျက်လုံးမှာလည်း လက်ဖက်ရည်ပန်းကန်လုံးခန့် ပြူးကျယ်လာသည်ကို သတိထားမိလိုက်သည်။

ဆရာညွန့်လည်း စိတ်ကို ထိန်းရင်း ဆေးရှာသလိုလိုနှင့် အိတ်ထဲမှ ဆရာတော်ကြီး၏ ပရိတ်ဆန်ထုပ်ကိုယူ၍ တပည့်ဖြစ်သူအား လှမ်းပေးရင်း ခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။

တပည့် ဖစုကလည်း သဘောပေါက်ဟန်ဖြင့် တုံ့ပြန်ခေါင်းညိတ်ပြသည်။ ထို့နောက် ဆေးအိတ်ထဲမှ သိမ်ဝင်အပ်ဘူးကိုဖွင့်၍ အထဲမှ သိမ်ဝင်အပ်ကို လှမ်းနိုက်လိုက်ပြီး လူနာ၏ ပေါင်ကို ရုတ်တရက် ထိုးစိုက်လိုက်သည်။

'အား'

အသံနက်ကြီးက လူနာထံမှ ထွက်ပေါ်လာ၏။ တစ်ချိန်တည်းမှာပင် တပည့်ဖြစ်သူ ဖစုကလည်း အိတ်ထဲမှ ပရိတ်ဆန်မန်းများကို တဲအနှံ့ ကျဲပက်ပစ်လိုက်သည်။

ရုတ်တရက် လေပြင်းများ တိုက်ခတ်လာပြီး လေတိုက်သလိုလို တော်လည်းသံလိုလို အသံကြီး ပြင်းပြင်းဟည်းလာပြီး ပတ်ဝန်းကျင် တစ်ခုလုံး မီးခိုလိုလို၊ မြူခိုးငွေ့လိုလို အငွေ့များ ဖုံးလွှမ်းသွားကာ ပြေးလွှားသံ၊ ငိုယိုသံများကို ဆရာတပည့်နှစ်ဦးလုံး ကြားနေရ၏။

အသံများ တိတ်ဆိတ်၍ အငွေ့များ ပြယ်သွားချိန်တွင် တဲအိမ်အားလုံး ပျောက်ကွယ်သွားပြီး ဆရာတပည့်နှစ်ဦးမှာ ရွာဟောင်းကုန်း ကြခတ်ဝါးတောကြီးအလယ် ရောက်နေသည်ကို အံ့အားသင့်စဖွယ် တွေ့လိုက်ရ၏။

ဘေး ပတ်ဝန်းကျင်တွင် အုတ်ဂူပျက် လေး,ငါးလုံးကို လရောင်မှိန်မှိန်ဖြင့် တွေ့နေရ၏။

* * *

'အဖြစ်ကတော့ အဲဒါပါပဲ ...ရေ'

ဆရာကြီးဦးညွန့်က ... အဆုံးသတ်လိုက်ပြီး မောသွား... ဖြင့် ရေနွေးတစ်ခွက်ငှဲ့က... သောက်လိုက်ပါသည်။ ပါးစော...



www.burmeseclassic.com

www.burmeseclassic.com

တိုးထွက် လာခဲ့ရ၍ ဆူးခြစ်ရာများကို တစ်ကိုယ်လုံးပွကာ သွေးများ စို့နေပါသည်။

'အမှန်က အဲဒီ ဆရာတို့နှစ်ယောက် လိုက်သွားရမှာ၊ မဆီမဆိုင် ကျွန်တော်တို့နှစ်ယောက်က ဓားခုတ်ရာ လက်ဝင်လျှိုတာ၊ ခုတော့ ဒီကောင်တွေ မှတ်သွားပြီး နောက်ဆို စည်းကျော်ရဲမှာ မဟုတ်တော့ဘူး'

ဖစု၏ ခပ်ငေါ့ငေါ့ စကားအဆုံးမှာ ငိုအားထက် ရယ်အားသန်သွားသော ကျွန်တော်တို့နှစ်ဦး ရေနွေးတည်၍ ဒဏ်ရာများကို ဆေးကြောပေးခြင်း၊ ဆေးထည့်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆရာညွန့်တို့ ကျေနပ်အောင် မျက်နှာချိုသွေးရပါတော့သည်။

ထိုသတင်းမှာ တစ်ရွာလုံး ပြန့်သွားပြီး ထိုနေ့ တစ်နေ့လုံး မေးသူများဖြင့် ဆရာကြီးတို့အိမ်မှာ စည်ကားနေပါသည်။ ရွာဦးကျောင်း ဆရာတော်မှလည်း ကျွန်တော်တို့နှစ်ဦးအား ခေါ်ယူ၍ နောက်နောင် အရက်သေစာ သောက်စားခြင်းမပြုရန်၊ အနေအထိုင် အသွားအလာ အပြောအဆို ဆင်ခြင်ရန် ဩဝါဒပေး ဆုံးမ၏။

နံနက်,ညရွတ်ဆိုရန် ရတနသုတ်ပရိတ်တော်ကို နှုတ်တိုက်ချပေးပါသည်။ ထိုနေ့မှစ၍ ကျွန်တော်တို့နှစ်ဦးလုံး ယမကာလုလင်ဘဝမှ ပင်စင်ယူလိုက်ရပါတော့သည်။

အသက်တစ်ချောင်း ကယ်ကောင်းပါသည်။ သို့သော် သူ့အသက် ကယ်လို၍သွားကာမှ ကံကောင်းထောက်မ၍ ကိုယ့်အသက် မပေးခဲ့ရသော ဆရာညွန့်တို့ ဆရာတပည့်နှစ်ဦးမှာ ထိုနေ့မှစ၍ ညပိုင်း လူနာလာပင့်ပါက အသိမဟုတ်လျှင် မလိုက်တော့ပါချေ။

ဘုရားဖက်တော့ အသက်ရှည်၊ ဘုရားရှင်၏ ပရိတ်တန်ခိုးတော်ကြောင့် အသက်ဘေးမှ ကင်းဝေးရပါသည်။

ထို့ကြောင့် တောတောင်နှင့် ပတ်သက်၍ သွားလာနေထိုင် လုပ်ကိုင်နေရသူများ၊ ညပိုင်းအလုပ် လုပ်ကိုင်နေရသူများအနေဖြင့် မည်သည့်အချိန်တွင် မဆို ဘုရားဂုဏ်တော်များ၊ ပရိတ်တရားတော်များကို ရွတ်ဖတ်၍ မေတ္တာပို့ အမျှဝေကာ သွားလာလုပ်ကိုင်သင့်ပါသည်။


လူ့စည်း,ဘီလူးစည်းဟူသော စည်းကိုကျော်၍ လူသားများကို ဆရာပင့်ဟန်ဆောင်ကာ လှည့်ပတ်ဖြားယောင်း ခေါ်ယူ၍ ဒုက္ခပေးရန် ကြံခဲ့သော ပရလောကသားများမှာလည်း ဆရာအပင့်မှား၍ အတော်လေး ခံလိုက်ရဟန် တူသည်။

ကျွန်တော် ပြောင်းရွှေ့သည့်အချိန်ထိ ရွာပဟောင်းကုန်းမှ ထပ်မံ ခြောက်လှန့်ခံရသောသတင်းကို မကြားရတော့ပါချေ။

ထို့ကြောင့် ပရလောကသားတို့သည် တောတောင်၊ လျှိုမြောင်၊ ဖုန်းဆိုးမြေ ရွာပျက်၊ ဘုရားအို၊ ဘုရားပျက်တို့ကြားတွင် လှည့်ပတ်သွားလာနေ၍ ကံနိမ့်ပါးသူတို့ကို လှည့်ပတ်ဖြားယောင်း၍ ဒုက္ခပေးတတ်ကြောင်းကို အများသူငါတို့ သတိထားနိုင်ကြစေရန် စေတနာကောင်းဖြင့် အသိပေး ရေးသား တင်ပြလိုက်ရပါတော့သည်။

**[မှတ်ချက် ။ ။ ထိုအဖြစ်အပျက်ကို အစအဆုံး၊ အသေးစိတ် ပြောပြခဲ့သော နောင်တော်ကြီး ကိုအုန်းလှအား ကျေးဇူး အထူးတင်ရှိပါသည်။]**

**နေဇော်(နဂွဟာ)**




မိတ်ပေါက်သူများ

# မိတ်ပျောက်ဆေး

ဥသျှစ်သီးခွံ ထိမ်းကြမ်း

စာရေးသူတို့ ရွှေညာမြေအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် ဥသျှစ်သီးများ ပေါများလှပါသည်။ ဥသျှစ်သီးမှည့်ကို ထန်းလျက်ဖြင့် ပေါက်စားကြပါသည်။

ဥသျှစ်သီးခွံများကို အခြောက်လှန်း၍ နွေရာသီတွင် ချွေးကိုယ်၌ ပေါက်နေသော မိတ်ဖုများကို သနပ်ခါးလိမ်းသလို သွေးလိမ်းသောအခါ အပွဖုများ မိတ်များပေါက်ခြင်းမှ ပျောက်ကင်းသက်သာပါသည်။

မိတ်ပေါက်သူများ အမြန်ဆုံး သက်သာပျောက်ကင်းပါစေ။

# သွားကိုက်သွားနာ

ပျောက်စေဖို့ ဆူးပလေ့ရွက်ဖြုတ်ရည် ငုံထွေးကြပါစို့

စာရေးသူတို့ မကွေးတိုင်းဒေသကြီးတွင် အရွက်ပြားပြား၊ ဆူးချွန်ချွန်လေးများနှင့် အပွင့်ဝါဝါ အပင်ပုလေးဖြစ်သည့် ဆူးပလေ့ပင်များ ရှိပါသည်။ သွားကိုက်ခြင်း၊ သွားနာခြင်း၊ သွားဖုံးနာခြင်းတို့အတွက် ဆူးပလေ့ရွက်များကို ပြုတ်၍ အခါတွင်းမှာ အငွေ့အငံ ထားသည့် ဆူးပလေ့ပြုတ်ရည်ကို ငုံထွေးခြင်းအားဖြင့် သွားဝိုးများသေ၍ သွားကိုက်၊ သွားနာ ပျောက်ကင်းကြောင်း လက်တွေ့သိရှိရပါသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသား ပေးပို့လိုက်ရပါသည်။ သွားကိုက် သွားနာခြင်းမှ ကင်းဝေးကြပါစေ။

ဆရာမ ဒေါ်ခင်သန်းဦး(မကွေး)




www.burmeseclassic.com

www.burmeseclassic.com

# နှစ်(၄၀)က ညတစ်ည

ပင်စင်စား–မောင်စံလှ



ရခဲလှသော လူ့ဘဝ။ လူ့ဘဝ ရပြန်တော့လဲ အဝိဇ္ဇာ အမှောင်နဲ့နေတော့ ပင်ပန်းဆင်းရဲရတယ်။ မျက်မှောက် အသက်ရှင်စဉ်ကာလ အတွက် လုပ်လိုက်ရတဲ့ အလုပ်တွေက များမှများ။.

ဒီအထဲ နောက်ဘဝအတွက် ပါသွားမယ့် အကုသိုလ်အလုပ်တွေက မလိုချင်ပေမယ့် အများဆုံးပါနေတယ်။ သိတော့ သိတယ်။ ရှန်းမထွက်နိုင်။

တွေ့ကြုံရတဲ့ အဖြစ်အပျက် အကြောင်းအရာများကလဲ အမျိုးစုံ။ ရယ်စရာ၊ ရွှင်စရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ ကြောက်စရာ၊ လန့်စရာ၊ သံဝေဂယူစရာ စသည် စသည်ဖြင့် မြင်တော့မြင်တယ်။ သံဝေဂ မယူနိုင်။ တွေ့တော့တွေ့တယ်။ သံဝေဂ မရနိုင်။

ဟော...အခုလဲ တွေ့ရပြန်ပြီ။

**လွန်ခဲ့တဲ့ နှစ်(၄၀)ခန့်က ဖြစ်ပါတယ်။** မိုးဦးကာလ ညတစ်ညမှာ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ဖားရိုက် ထွက်ခဲ့ပါတယ်။

ဖားရိုက်ထွက်တယ်ဆိုတာ ပလိုင်းတစ်ယောက်တစ်လုံး။ လက်နှိပ်ဓာတ်မီးကိုယ်စီ၊ ဖားရိုက်တုတ် တစ်ယောက်တစ်ချောင်း...

ဘုံပိုင်ဘုံဆိုင် ပစ္စည်းကတော့ တောအရက် တစ်လုံး တစ်ပိုင်း ထည့်ထားတဲ့ စစ်သားသုံး ရေဘူးတစ်ဘူးပါ။ ရေဘူးကိုတော့ ကျွန်တော်ပဲ တာဝန်ယူ ထိန်းသိမ်းရပါတယ်။

ညနေစာ စားသောက်ပြီး (၈)နာရီ ခန့်လောက်မှာ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် **ကျောက်တော်မြို့ မြို့သစ် ဘုန်းတော်ကြီးကျောင်း နောက်ရှိ သချိုင်းကုန်းသို့ ထွက်ခဲ့ပါတော့တယ်။**

ကျွန်တော်တို့သွားနေတဲ့ နေရာမှာ လွန်ခဲ့တဲ့ နှစ်(၄၀)က မြို့စွန်မြို့ဖျားဖြစ်ပြီး လယ်ကွင်းပြင်ကြီးများနဲ့ တစ်ဆက်တစ်စပ်တည်းပါ။ ယခုတော့ နေအိမ်များ ပြည့်နေပါပြီ။ သချိုင်းကိုလဲ တခြားနေရာသို့ ရွှေ့ပေးခဲ့ပါပြီ။

ကျွန်တော်တို့သုံးယောက် တစ်ယောက်နဲ့တစ်ယောက် ဝါးတစ်ပြန် နှစ်ပြန်စီ ဘေးချင်းယှဉ် နေရာယူပြီး အလုပ်စခဲ့ကြပါတယ်။ မိုးက တဖြောက်ဖြောက် ရွာနေပါတယ်။ ကျွန်တော်တို့ သုံးဦးမှာလဲ "ဘွတ်ခ" "ဘွတ်ခ" ဖားအော်သံပြုကာ လျှောက်နေကြပါတယ်။

ဖားများရဲ့ တုံ့ပြန်အော်သံကို ကြားရမယ်ဆိုရင်တော့ ဖားရှိနိုင်မယ့် နေရာကို မီးထိုးကာ ရှာလိုက်ပါတယ်။ ဖားတွေ့ရင် ပါလာတဲ့ တုတ်နဲ့ရိုက်ပြီး ပလိုင်းထဲ ကောက်ထည့်ရုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရာသီအလိုက် ငွေရလွယ်တဲ့ အလုပ်ဖြစ်နေတော့ ကျွန်တော်တို့ မက်မောရတာပေါ့။

ပင်ပန်းလာမယ်၊ အအေးများလာမယ်ဆိုရင် မီးနဲ့ အချက်ပြပြီး သုံးယောက်သား ပြန်စုကာ အမောပြေ၊ အအေးပြေ၊ တစ်မော့စီ မော့ကြတယ်။ ကျွန်တော်တို့ သုံးယောက်အတွက် ချမ်းမြေ့သာယာတဲ့ ညပိုင်းအလုပ်ခွင်တစ်ခုပါ။

အရက်ရှိန်ကလဲတက်၊ ဖားကလဲ ရိုက်ရတော့ သွားမှန်းမသိ သွားလိုက်တာ လေး,ငါးမိုင်ခရီး ရောက်ခဲ့သလို ညလဲ သန်းခေါင်ကျော်ခဲ့ပါပြီ။

ခဏတဖြုတ် နားနေမယ့်နေရာ ရှာကြည့်ကြတယ်။ မီးရောင်တစ်ခုကို မလှမ်းမကမ်းမှာ တွေ့လိုက်ရပါတယ်။ သုံးဦးသား မီးရောင်ရှိရာကို ဦးတည်လျှောက်ခဲ့ကြတယ်။

ခရီးဆုံးမှာတော့ တဲငယ်တစ်လုံး၊ မီးဖိုတစ်ခု၊ အဘိုးအိုတစ်ယောက်ကို တွေ့ရတယ်။

BURMESE CLASSIC

ကျွန်တော်တို့သုံးဦးမှာ ပင်ပန်းတာရယ်၊ အရက်ရှိန်ရလာတာတို့ကြောင့် ရိုတီတီဝါးတားတား မျက်လုံးတွေနဲ့ အဘိုးအိုကို နှုတ်ဆက် ခွင့်တောင်းပြီး မီးဖိုဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။

ပလိုင်းနဲ့ ဖားရိုက်တုတ်ချောင်းများကိုလဲ မီးဖိုဘေးမှာပဲ စုပြီးထားလိုက်ပါတယ်။ အဘိုးအိုမှာ စကားတစ်ခွန်းမှ တုံ့ပြန်ခြင်းမရှိပါ။ မျက်နှာကိုလဲ နောက်ကျောဘက်ကို စောင်းငဲ့ထားပါတယ်။

ကျွန်တော်က အရက်တစ်ခွက် ငှဲ့သောက်ထည့်ပြီး အဘိုးအိုကို ရှေ့လို့ပေးလိုက်ပါတယ်။ အဘိုးအိုမှာ လှမ်းယူပြီး မော့သောက်လိုက်တယ်။ အရက်ခွက်ကို မီးဖိုဘေးမှာ ချထားလိုက်တယ်။

ဒီနောက်တော့ ကျွန်တော်တို့သုံးဦးမှာ အလှည့်ကျ တစ်ယောက် တစ်ခွက်စီ ငှဲ့သောက်ကြတယ်။ ကျွန်တော်တို့ သောက်နေစဉ် အဘိုးအိုမှာ ပလိုင်းထဲက ဖားတစ်ကောင် နှိုက်ယူပြီး ထင်းတုံးပေါ် ဖက်ခနဲရိုက်ကာ မီးဖိုထဲ ပစ်သွင်းလိုက်တယ်။

ခဏကြာတော့ ဖားကို ဆွဲယူကာ ပြာမှုန့်များကို ခါထုတ်ပြီး ပေါင်ဖွဲ့ လက်ဖွဲ့ စားနေတယ်။ တစ်ကောင်ကုန်တော့ နောက်တစ်ကောင် နှိုက်ယူပြီး ပထမနည်းအတိုင်း မီးဖုတ်ကာ စားပြန်တယ်။

ဒီလိုနဲ့ သုံး,လေးကောင်စားပြီးချိန်မှာတော့ ကျွန်တော်တို့သုံးဦးမှာ ဘယ်လိုလဲဆိုတဲ့ အတွေးများ ဝင်လာသလို ခေါင်းနားပန်းကြီးလာသလို ခံစားရပြီး အရက်ရှိန်လဲ ကျစပြုလာတယ်။

တစ်ဦးကိုတစ်ဦး လက်တို့အသိပေးရင်း အဘိုးအိုကို အကဲခတ်ကြည့်ကြတယ်။ နောက်ဆုံးတော့ ဆက်နေလို့ မဟန်တော့ဘူးဆိုတဲ့ အသိကြောင့် သုံးဦးသား ထွက်ပြေးလာကြတာ မိုးမလင်းတလင်းအချိန်မှာ အိမ်ကို ပြန်ရောက်ခဲ့ကြတယ်။

မနက်မိုးလင်းလို့ ထုံးစံအတိုင်း ဝိုင်းဖွဲ့ကြတဲ့အချိန်မှာတော့ ညက ဖားရိုက်ရတဲ့ အကြောင်းက ပြောစရာ ဆိုစရာ ငြင်းခုံစရာ ဖြစ်နေပါတော့တယ်။

ဒီလိုမျိုးလဲ ရှိပါ့မလားဆိုတဲ့ ဝိုင်းတော်သားအချို့ရဲ့ အပြောကြောင့် ညအချိန်က ရောက်ခဲ့တဲ့ **ဝီချောင်းနံ့ဘေးက တဲကလေးရှိရာကို** ဒုတိယအကြိမ် သွားဖြစ်ကြတယ်။

ဒီတစ်ခါမှာတော့ လူအများလဲဖြစ်၊ နေ့လယ်ချိန်လဲ ဖြစ်နေတော့ ခရီးက ဝေးနေသလိုပါပဲ။

ကျွန်တော်တို့ ရောက်ခဲ့တဲ့ နေရာမှာ ဖားတစ်ကောင်မှ မရှိတော့သော ပလိုင်းသုံးလုံးနဲ့ ဖားရိုက်တုတ်ချောင်းများမှာ ခြေရာလက်ရာမပျက် ရှိနေတာမှအပ ကျွန်တော်တို့ ဝင်ခိုခဲ့တဲ့ **"တဲငယ်"**၊ အဘိုးအို အသုံးပြုခဲ့တဲ့ **မီးဖို**၊ အဘိုးအို ဖားရိုက်တဲ့ **ထင်းတုံးနဲ့** ကျွန်တော်တို့ အရက်တိုက်ကျွေးခဲ့တဲ့ အဘိုးအိုမှာ သဲလွန်စ ချန်မထားဘဲ ပျောက်ချင်းမလှ ပျောက်နေတာ တွေ့ရတယ်။

ဒီတော့မှ ကျွန်တော်တို့ လူ့ငရဲသားသုံးဦးမှ **ပရလောကသားတစ်ဦးကို "ဖားသား" နဲ့ ဧည့်ခံပြုစုလိုက်ရတဲ့ ညတစ်ညအဖြစ် အမှတ်သညာပြုရင်း** ဒီချောင်းနံ့ဘေးက ပြန်ခဲ့ပါတော့တယ်။

**ပင်စင်စား–မောင်စံလှ**

**[ပင်စင်စားကြီးတစ်ဦး ပြောပြသော ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ခံစားရေးသားခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။]**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပြာသတ္တိ ခုခံစွမ်းအားမြှင့် ဖောင်ဒေးရှင်း

**Gold Ash's Property for Reinforcing Foundation(GPRF) (Shwe Pyar Thatti)**

gaprffoundation@gmail.com

**အမှတ်(၅၂၄)၊ မေဓာဝီလမ်းဆုံ၊ (၈)ရပ်ကွက်၊ မ/ဥက္ကလာပမြို့။**

**ဖုန်း–၀၉ ၉၇၆၅ ၃၉၈၄၊ ၀၉ ၅၁၂ ၄၃၅၀၊ ၀၉ ၄၂၀ ၂၈၇၄၈၂၊ ၀၉ ၃၁၀ ၂၁၈၄၀။**

**၄။ နဝင်းရွှေပြာသတ္တိ သကာပ်စွမ်းရည်**

နာ၊ ဘင်၊ ဘော်၊ ဂွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ဟူသော ဓာတ်(၉)ပါးကို ပြာချ၍ ရရှိလာသော နဝင်းရွှေပြာကို ကြေးတွင် ကွမ်းရိုးတစ်တို့ တို့ပြီး တစ်လုံး၊ တစ်မီး၊ တစ်ပျော်ဖြင့် မီးပေးကာ ရရှိလာသော ဓာတ်စင် ဘော်သား ယင်းဘော်သားကို ဖြဲပစ္စည်းအနေအားဖြင့် ဆေးဝါးအဖြစ် တိုက်ရိုက်အသုံးမပြုဘဲ သကာပ်စွမ်းရည်(အငွေ့)ကို ရယူကာ တိုင်းရင်းဆေးဖုံများတွင် အစွယ်တပ်သုံးခြင်းဖြစ်သည်။

**၅။ နဝင်းရွှေပြာသတ္တိ၊ သကာပ်စွမ်းရည်နှင့် ဥသ္မာကိုယ်ငွေ့**

ဆေးတွင် သစ်ပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တွင်းထွက်ဓာတ်ပစ္စည်းဟူ၍ရှိရာ တွင်းထွက်ပစ္စည်းသည် အညစ်အကြေးဒေါသ ဘေးထွက်ဆိုးကျိုးများရှိနေရာမှ သန့်ရှင်းသော ဓာတ်စင်ဘော်အဖြစ် ပြောင်းလဲပေးသော တေဇောသည်သာ ပါစကတေဇောဖြစ်သည်။ ထမင်းကိုချက်သည့် မီးနှင့် ဓာတ်ကိုချက်သည့် မီးသည် မတူညီနိုင်။ ဓာတ်ကို ချက်ရာတွင်လည်း ဓာတ်စင်ဘော်အဖြစ် ရွှေအဖြစ် ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်သော မီးဖြစ်ရန် အလွန်ခဲယဉ်းသည်။

မီးနားလည်ရင် စီရင်လော့ဟု အဆိုရှိပါသည်။ သို့ပြောင်းလဲပေးသော တေဇောသည် ပါစကတေဇောဖြစ်သည်။ ယင်း ပါစကတေဇော အရှိန်သည် ဥသ္မာတေဇောဖြစ်သည်။ ထိုဥသ္မာတေဇောသည် လူ၏ကျန်းမာရေးကို စောင့်ရှောက်သော အထိန်းဓာတ်ဖြစ်သည်။ ဥသ္မာတေဇောနွေးထွေးနေသော အငွေ့ရှိမှသာ ကျန်းမာနိုင်ပါသည်။

**၆။ ခုခံအား**

ခုခံအားဆိုသည်မှာ ကိုယ်ငွေ့ဖြစ်သည်။ ကိုယ်ငွေ့ကောင်းလျှင် တစ်ကိုယ်လုံးနွေးထွေးနေသဖြင့် ကျန်းမာသည်ဟု ဆိုလိုပါသည်။ ကိုယ်ငွေ့အားနည်းနေ၍ ရောဂါခြင်းမှတစ်ဆင့် ကိုယ်ငွေ့ချို့ယွင်းနေခြင်းကို ခုခံအားကျသည်ဟု ဆုံးဖြတ်ပေးရာ ခုခံအားသည် HIVတွင်သာ ခုခံအားကျ နေသည်မဟုတ် ကိုယ်ငွေ့ချို့ယွင်းနေသော အခြေအနေဟူသ၍ ခုခံအားကျသော အခြေအနေရောက်နိုင်ပါသည်။ အလားတူ ငှက်ဖျား၊ အဆုတ်ရောဂါများ ဖြစ်နေရာမှ ခုခံအားကျဆင်းသော အခြေအနေသို့ ရောက်နိုင်ပါသည်။

ခုခံအားကျဆင်းသော အခြေအနေများမှာ လက်ဖဝါး ၃ လမှ ၆ လအထ... ဖြံမ်ခြင်း၊ ချွေးစေးထွက်ခြင်း၊ လျှာအပြာရောင်သန်းခြင်း၊ ရေယုန်၊ မကွဲရပေါက်ခြင်း၊ အနာပေါက်ခြင်း၊ အဖျားဝမ်းပျက် တ... ချောင်းဆိုးခြင်း၊ ပိန်လာခြင်း၊ ကိုယ်အလေးချိန် လျော့ကျလာခြင်း၊ အသည်းအဆုတ်ရောဂါနှင့်ယှဉ်ခြင်း စသည့် လက္ခဏာများဖြစ်သည်။

ခုခံအားကောင်းသောလက္ခဏာများမှာ သွေးအားပြည့်ခြင်း(လက်သည်းရှိ သွေးအရောင်သည် သန့်ရှင်းကြည်လင်ခြင်း၊ အပြစ်ကင်းခြင်း အပြည့်ရှိခြင်း) အသားအရေ စိုပြည်ကြည်လင် သန့်ရှင်းတင့်တယ်ပြေပြစ်ခြင်း၊ လက်ဖဝါးနူးညံ့ခြင်း၊ တစ်ကိုယ်လုံး နွေးထွေးနေခြင်း၊ အထူးအားဖြင့် ပြင်ပဥတုအေးပါက လက်အေးခြင်း၊ ပြင်ပဥတုပူပါက လက်ဖဝါးပူခြင်းမဖြစ်ပေ။ နှုတ်ခမ်း၊ မျက်ခမ်း၊ လျှာပုံမှန်အသွေးအရောင်ရှိခြင်းများဖြစ်သည်။ သို့ဖြစ်၍ ခုခံအား ကျန်းမာမှုသည် ဥသ္မာကိုယ်ငွေ့ဖြစ်သည်။

**၇။ ရွှေပြာသတ္တိရသာယနအားဆေး၏ အကျိုးထူးများ**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(HIV)ရောဂါနှင့် အနီးစပ်ဆုံးသော တိုင်းရင်းဆေးရောဂါအမည်မှာ ဓာတုကွယဓာတ်အား ကုန်ခန်းရောဂါဖြစ်ပါသည်။

ဖြစ်တည်းဟူသော အလွန်ကြေခဲသည့်ရွှေကို ပြာပြု၍ အမှုန့်ပြုပြီး ကျွေးနေသည်မဟုတ်ပါ။ ဦးထွန်းလင်း(သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ)ထံတွင် ၁၉၈၄ ခုနှစ်တွင် တပည့်အဖြစ် ဆေးပညာတစ်နှစ် သင်ကြားနေချိန် သင်ကြားပေးသည့် အပြစ်ကင်းသော သကာပ်စွမ်းရည်အဆင့်မြင့် ဝိဇ္ဇာရေနည်းပညာဖြင့် နဝင်းရွှေပြာ၏ သတ္တိသကာပ်စွမ်းရည်ကို တိုင်းရင်းဆေးဖုံများတွင် အစွယ်တပ်သုံးစွဲခြင်းဖြစ်သည်။

၁၀နှစ်ကျော် သုတေသနပြုမှုအရ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ HIVများအတွက် CD4 count စစ်ဆေးရာ ခုခံအား(၁၀)ဦးတွင်(၉)ဦး တိုးတက်ခဲ့ပါသည်။

ရွှေပြာသတ္တိ ရသာယနဆေးများသည် ဘေးထွက်ဆိုးကျိုးကင်းသည်။ ဆေးစားပြီး ပြန်လည်စားသုံးနိုင်သည်။ ခုခံအား CD4 count တိုးတက်သည်။ ဈေးနှုန်းသက်သာသည်။

HIVပိုးရှိနေသော်လည်း ခုခံအားတိုးတက်သဖြင့် ပြည်သူအများနည်းတူ မိမိအကျိုး၊ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးကို ကျန်းမာစွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်လိုသူတိုင်း ဆေးကိုနေ့စဉ်မှန်မှန်စားသုံးပါက တစ်နေ့တခြား ကိုယ်ငွေ့ကောင်းလာပြီး ခံနိုင်ရည် ရှိလာမည်ဖြစ်သည်။ သွေးအားပြည့်ပါက ဆေးစားရပ်နိုင်ပါသည်။ သွေးအားခံနိုင်ရည်အားကို သိလိုပါက Blood for CP ဖြင့်စစ်ဆေးနိုင်ပါသည်။

ARTဆေးနှင့် တွဲဖက်စားသုံးမှုကို (၃)ဦး သုတေသနပြု ကုသရာ (၃)ဦးလုံး တိုးတက်ခဲ့သည်။ တစ်ဦးမှာ (၆)လအကြာ HIV Negativeဖြစ်သွားပါသည်။

**လူတိုင်း ကျန်းမာ ဥသ္မာ**



www.burmeseclassic.com